# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
## ဆဋ္ဌမပုံမှန်အစည်းအဝေး

# မှတ်တမ်း

၂၀၁၇ ခုနှစ်၊ ဧပြီလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# မှတ်တမ်း
## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | | **အစည်းအဝေးပထမနေ့ မှတ်တမ်း(၂၀. ၃. ၂၀၁၇)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၃ |
| | (ဆ) | တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း။ | ၄ |
| | (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇)ဦးက မေးမြန်းသည့် မေးခွန်း(၇)ခုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈ |
| | (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားခြင်း။ | ၂၉ |
| | (ည) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၃၀ |
| | (ဋ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၃၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဌ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၃၁ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၃၁ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေမေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီး ဥပဒေချုပ်က ဖြေကြားခြင်း။ | ၃၁ |
| (ဏ) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခြင်း။ | ၃၆ |
| (တ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ ငွေစာရင်းကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း။ | ၃၉ |
| (ထ) | ပဲခူးတိုင်းဒေသကြီး၏ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခြင်း။ | ၄၁ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး မေးမြန်းသည့် မေးမြန်းအား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၃ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၆)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၅ |
| (န) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဦး နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၅၆ |

ya 3

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ပ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးအောင်အောင်မင်းလှ မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၅၉ |
| (ဖ) | ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း” အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။** | ၆၁ |
| (ဗ) | အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၆၃ |
| (ဘ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၆၄ |
| ၂။ | **အစည်းအဝေးဒုတိယနေ့ မှတ်တမ်း(၂၁. ၃. ၂၀၁၇)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၆၅ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၆၅ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၆၆ |

ya 4

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၆၆ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၆၇ |
| (စ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၆၇ |
| (ဆ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၇၂ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၇၉ |
| (စျ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၇ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၂ |
| (ဋ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၉၉ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၀၀ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၀၀ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၀၀ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၀ |
| (တ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၅ |
| (ထ) | ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၁၂၀ |


ya 5

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ဒ) | ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း။ | ၁၂၅ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၅ |
| (န) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၉ |
| (ပ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်း အစီရင်ခံစာအား ဥပဒေပြုရေးကော်မတီအဖွဲ့ဝင် ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၄၅ |
| (ဖ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၄၉ |
| (ဗ) | ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ် ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ် ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေ စိုးမိုးရေးအတွက် စံပြအဖွဲ့အစည်း တစ်ခုအနေနှင့် ရပ်တည်ရန် ကွပ်ကဲမှု လျော့ရဲနေခြင်း၊ ကျင့်ဝတ်စည်းကမ်းနှင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံမှန်အကောင်အထည် ဖော်ရန် ပျက်ကွက်ခြင်း စသည့်ကိစ္စအခြေအနေ အရပ်ရပ်တို့ အတွက် ပဲခူးတိုင်း ဒေသကြီး အတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ် ထိန်းကျောင်းနိုင်ရေး တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၁၅၂ |
| (ဘ) | အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကြေညာခြင်း။ | ၁၅၄ |


ya 6

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။

(မ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ ၁၅၄

၃။ **အစည်းအဝေးတတိယနေ့ မှတ်တမ်း(၂၂. ၃. ၂၀၁၇)ရက်နေ့**

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၅၅

(ခ) တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၁၅၅

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၅၆

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၅၆

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၅၇

(စ) ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က ကွယ်လွန်အနိစ္စရောက်သွားသော ဦးမြင့်ဦး၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)အတွက် ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။ ၁၅၇

(ဆ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၁၅၉

(ဇ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ ၁၆၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် မေးမြန်းသည့် မေးခွန်း(၅)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၅ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၁ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၃ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၅)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၈ |
| (ဍ) | ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း။ | ၁၈၂ |
| (ဎ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၈၂ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၈၃ |
| (တ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၈၃ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၈၃ |
| (ဒ) | ပဲခူးတိုင်းဒေသကြီး၏ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)အပေါ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၏ သုံးသပ်ချက် အစီရင်ခံစာအား ဖတ်ကြားတင်ပြခြင်း။ | ၁၈၃ |
| (ဓ) | ပဲခူးတိုင်းဒေသကြီး၏ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးကော်မတီ၏ သုံးသပ်ချက် အစီရင်ခံစာအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ | ၁၈၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (န) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူ လယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၊ ကတိကဝတ်အာမခံချက်များ စိစစ်ရေး ကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့အား ပြင်ဆင် ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း။ | ၁၈၉ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၉၂ |
| (ဖ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းသည့် မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးကဖြေကြားခြင်း။ | ၂၀၁ |
| (ဗ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ အဖွဲ့ဝင် ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၂၀၄ |
| (ဘ) | ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ စသည်ဖြင့် အဂတိ လိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်း ဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၂၀၇ |
| (မ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၂၂၀ |


ya 9

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | **အစည်းအဝေးစတုတ္ထနေ့ မှတ်တမ်း(၂၃. ၃. ၂၀၁၇)ရက်နေ့** | |
| | (က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၂၂ |
| | (ခ) တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၂၂ |
| | (ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၂၃ |
| | (ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၂၃ |
| | (င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၂၄ |
| | (စ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်း(၅)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၄ |
| | (ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၅)ဦးမေးမြန်းသည့် မေးခွန်း(၅)ခုအား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးကဖြေကြားခြင်း။ | ၂၃၃ |
| | (ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်း (၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၃ |
| | (ဈ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ပပဟာန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၂၄၈ |
| | (ည) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၂၄၉ |
| | (ဋ) အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၅၆ |
| | (ဌ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၅၆ |
| | (ဍ) တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၅၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ပ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၅၇ |
| (ဏ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း။ | ၂၅၇ |
| (တ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီအစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၂၆၀ |
| (ထ) | ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ်ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် စံပြအဖွဲ့အစည်းတစ်ခုအနေနှင့် ရပ်တည်ရန် ကွပ်ကဲမှု လျော့ရဲနေခြင်း၊ ကျင့်ဝတ်စည်းကမ်းနှင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံမှန်အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း စသည့်ကိစ္စအခြေအနေ အရပ်ရပ်တို့အတွက် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ်ထိန်းကျောင်းနိုင်ရေး တိုက်တွန်းကြောင်း"** အဆိုအား လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၂၆၃ |


ya 11

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | (ဒ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဥ္စမနေ့)ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ထပ်မံအသိပေး အကြောင်းကြားပေးမည်ဖြစ်ကြောင်း ကြေညာခြင်း။ | ၂၆၉ |
| ၅။ | | **အစည်းအဝေးပဥ္စမနေ့ မှတ်တမ်း(၂၅. ၄. ၂၀၁၇)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၇၀ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဥ္စမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၇၀ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၇၁ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၇၁ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၇၂ |
| | (စ) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ရန်အချက်များအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော်၏ သဘောထားရယူခြင်း။ | ၂၇၂ |
| | (ဆ) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း) တစ်ရပ်လုံးအား အတည်ပြုရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။ | ၂၇၄ |
| | (ဇ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၇၆ |
| | (ဈ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၇၇ |
| | (ည) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၇၇ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | (ꩻ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၇၇ |
| | (၄) | ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခြင်း။ | ၂၇၈ |
| | (၃) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ပဥ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၂၈၁ |

**၆။ အစည်းအဝေးဆဋ္ဌမနေ့ မှတ်တမ်း(၂၆. ၄. ၂၀၁၇)ရက်နေ့**

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၈၂ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၈၂ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၈၃ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၈၃ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၈၄ |
| | (စ) | ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း။ | ၂၈၄ |
| | (ဆ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၉၆ |

ya 13

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၉၆ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၉၇ |
| (ည) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၉၇ |
| (ဋ) | ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် များက ဆက်လက်ဆွေးနွေးခြင်း။ | ၂၉၇ |
| (ဌ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာ စိစစ်ရေးနှင့် စီမံရေးရာကော်မတီအား အမည်ပြောင်းလဲ၍ ကော်မတီ၏ တာဝန်များကို ပြင်ဆင်သတ်မှတ်ခြင်းအား လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက် ရယူခြင်း။ | ၃၁၁ |
| (ဍ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီက ၂၀၁၇-၂၀၁၈ခုနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာအား တင်သွင်းခြင်း။ | ၃၁၄ |
| (ဎ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့အား ပြင်ဆင် ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း။ | ၃၁၉ |
| (ဏ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၃၂၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | **အစည်းအဝေးသတ္တမနေ့ မှတ်တမ်း(၂၇. ၄. ၂၀၁၇)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၃၂၂ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၃၂၂ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၃၂၃ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၃၂၃ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃၂၄ |
| (စ) | ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၆)ဦး၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်း။ | ၃၂၄ |
| (ဆ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၃၂၈ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၃၂၈ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၃၂၈ |
| (ည) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၃၂၈ |
| (ဋ) | ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၄)ဦး၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်း။ | ၃၂၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ဌ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၏ ၂၀၁၇-၂၀၁၈ခုနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း။ | ၃၃၆ |
| (ဍ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(သတ္တမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(အဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၃၃၇ |
| ၈။ | **အစည်းအဝေးအဋ္ဌမနေ့ မှတ်တမ်း(၂၈. ၄. ၂၀၁၇)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၃၃၈ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၃၃၈ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၃၃၉ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၃၃၉ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃၄၀ |
| (စ) | တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း လေ ၂၈၅၅ ဗိုလ်မှူးကျော်သူရ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၃၄၀ |
| (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီက ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာအား တင်သွင်းခြင်း။ | ၃၄၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဇ) | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုပေးပါရန် တင်ပြခြင်းနှင့် တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ | ၃၄၂ |
| (ဈ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၃၅၁ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၃၅၁ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၃၅၂ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၃၅၂ |
| (ဍ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၃၅၂ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း။ | ၃၅၆ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(အဋ္ဌမနေ့)ရပ်နားကြောင်းနှင့် ဆဋ္ဌမပုံမှန် အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း။ | ၃၅၈ |

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးခင်မောင်ဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဒေါ်နော်ပွယ်စေး | တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်<br>တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| ၇။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင်<br>စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)<br>စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး |
| ၁၀။ | ဦးညွန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၁၁။ | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၂။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၁၄။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၃။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၈။ | ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၉။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဦးမြင့်ဦး | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးဌေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးဌေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၅။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

ya 20

| | | |
|---|---|---|
| ၄၂။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၃။ | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၄။ | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၅။ | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၆။ | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၇။ | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၈။ | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၉။ | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၀။ | ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၁။ | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၂။ | ဦးဉာဏ်ဝင်း | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၃။ | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၄။ | ဦးမောင်မောင်ဦး | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၅။ | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

ya 21

| | | |
|---|---|---|
| ၅၆။ | ဦးအေးဝင်း | မိုးညှိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ | ဦးဝင်းကို | မိုးညှိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၈။ | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၉။ | ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ | ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ | ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ | ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ | ဗိုလ်မှူးသိန်းလွင်ဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ | ဗိုလ်မှူးဇော်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ | ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ | ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ | ဗိုလ်မှူးစောစိန်ကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ | ဗိုလ်မှူးနိုင်ဝင်းဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ | ဗိုလ်မှူးသိန်းထူး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ | ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ | ဗိုလ်မှူးကျော်သူရ | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၇။ | ဗိုလ်ကြီးနိုင်အောင်ခင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
# [ ၂၀၁၇ခုနှစ် ၊ မတ်လ ၂၀ ရက် ]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၄. ၆၅ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထူးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၀-၃-၂၀၁၇) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၄)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ မိန့်ခွန်းနှင့် သဝဏ်လွှာ များအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈(က)၊ (ခ)တို့ အရ နိုင်ငံတော်သမ္မတဦးထင်ကျော်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၅-၁၂-၂၀၁၆ ရက်တွင် (၄၂)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊ ၄-၁-၂၀၁၇ ရက်တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊ ၁၀-၁-၂၀၁၇ ရက်တွင် (၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊ ၁၅-၁-၂၀၁၇ ရက်တွင် (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊ ၁၈-၁-၂၀၁၇ ရက်တွင် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ ပေးပို့သည့် သဝဏ်လွှာ၊ ၇-၂-၂၀၁၇ ရက်တွင် နှစ်(၇၀)မြောက်ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊ ၁၂-၂-၂၀၁၇ ရက်တွင်နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊ ၂၀-၂-၂၀၁၇ ရက်တွင်(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၊ ၂-၃-၂၀၁၇ရက်တွင် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာတို့အား တိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း အစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပေးရန် ဖြစ်ပါတယ်။

**ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)သို့ တက်ရောက်လာကြတဲ့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။

ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ်မြောက် တိုင်းဒေသကြီးလွှတ်တော်ရဲ့ ဆဋ္ဌမပုံမှန်အစည်းအဝေးဟာ လွှတ်တော်သက်တမ်း(၁)နှစ်ပြည့်ကာလ အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ဘတ်ဂျက်လ ကုန်ဆုံးသည့်ကာလဖြစ်လို့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ကဏ္ဍ(၃)ရပ်ရဲ့ တစ်နှစ်တာဆောင်ရွက်ခဲ့မှုများကို ပြန်လည် သုံးသပ်ပြီး အားနည်းချက်များကို အားဖြည့်၊ အားသာချက်များကို ထပ်လောင်းအားထည့်ရမည့် အချိန်အခါလည်း ဖြစ်ပါတယ်။

ဒီကနေ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်မှုပေးနေတဲ့ အလွန်မတန် ရတောင့်ရခဲ တန်ဖိုးရှိလှတဲ့ အချိန်ကာလ အပိုင်းအခြားလည်းဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ လူထုကအာဏာ(၃)ရပ်ကို အသီးသီးခွဲဝေပေးထားတဲ့ ကဏ္ဍများအနေနဲ့ မခွင်းမချန်သော ဖွံ့ လုံ့လ၊ သတိ နိုင်ငံသားများအပေါ် ထားရှိရမည့် ပြည်သူသာအမိ၊ ပြည်သူသာအဖဆိုသည်နှင့် အညီ ပြည်သူလိုလားတောင့်တ နေသော တိုင်းပြည်တိုးတက်ပြောင်းလဲမှုကို အကောင်အထည်ဖော်ဆောင်ပေးရမယ့် အချိန်ကာလလည်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၆-၂၀၁၇ခုနှစ် ဘဏ္ဍာရေးနှစ်ရဲ့ ဖြတ်သန်းမှုကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်များရဲ့ အခန်းကဏ္ဍသည် အပြောင်းအလဲအတွက် အလွန် မတန်မှ အရေးပါလှပါတယ်။ ပထမအကြိမ်လွှတ်တော်မှ ၂၀၁၂ခုနှစ်တွင် ဥပဒေ(၁)ခု၊ ၂၀၁၃ခုနှစ်တွင် ဥပဒေ (၂)ခု၊ ၂၀၁၄ခုနှစ်တွင် ဥပဒေ(၁၀)ခု၊ ၂၀၁၅ခုနှစ်တွင် ဥပဒေ(၉)ခု စုစုပေါင်း(၂၂)ခုကို ပြုစုခဲ့ကြောင်း အကြမ်းဖျင်း အားဖြင့် တွေ့ရှိရပါတယ်။ ၎င်းပြုစုခဲ့တဲ့ ဥပဒေများကိုလည်း ဒီမိုကရေစီစံနှုန်း၊ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ခေတ်ကာလညီညွတ်မှု ရှိ မရှိကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်သုံးသပ်စေလိုပါတယ်။ ဒီနေ့ ဒုတိယအကြိမ်လွှတ်တော်မှ ယခင်ပြုစုခဲ့တဲ့ စည်ပင်သာယာရေးဥပဒေကို ပြန်လည်ပြင်ဆင်ပေးခဲ့တာလည်း ဒီနေ့လွှတ်တော်ရဲ့ ဥပဒေပြုရေးလုပ်ဆောင်ချက်တစ်ရပ်အဖြစ် ဝမ်းသာဂုဏ်ယူပါတယ်။ ဒီလိုဘဲ လူ့အဖွဲ့အစည်း များကြားမှာ ဆောင်ရွက်ရန် ကျန်ရှိနေသေးတဲ့ ဥပဒေများစွာ ရှိနေတာကိုလည်း အနည်းငယ် တင်ပြလိုပါတယ်-

- လယ်ယာစိုက်ပျိုးရေးကဏ္ဍဥပဒေ

(ဥပမာ-အကျိုးတူလယ်ယာဖော်ဆောင်ရေးဥပဒေ)

- ဓာတ်ပုံပန်းချီပန်းပုဆိုင်ရာဥပဒေ
- မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကဏ္ဍမှ ဆောက်လုပ်ရေးဆိုင်ရာကြီးကြပ်မှုဥပဒေ
- စက်မှုလုပ်ငန်းဥပဒေ
- ဆည်မြောင်းဥပဒေ
- သမဝါယမ ကိစ္စရပ်ဆိုင်ရာဥပဒေ
- ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်ဆိုင်ရာဥပဒေ
- စိုက်ပျိုးရေး ငွေစုငွေချေးဥပဒေ
- အသေးစားငွေချေးဥပဒေ
- ဒေသန္တရစီမံကိန်းဥပဒေ (ဥပမာ-အထူးစီးပွားရေးဇုံဥပဒေ)
- အပန်းဖြေစခန်းများဆိုင်ရာဥပဒေစတဲ့ ဥပဒေပေါင်း(၂၀)ကျော်ပြုစုရန် ကျန်ရှိနေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဒါတွေကိုလည်း ဒီကနေ့လွှတ်တော်က လူထုအတွက် ဒီမိုကရေစီစံနှုန်း၊ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ရှေ့ဆက်မည့်ကာလများမှာ မျှော်မှန်းချက်ထား ပြုစုပေးနိုင်ဖို့လည်း တိုက်တွန်းလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။ ဆက်လက်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက် အကျဉ်းချုပ်ကို တင်ပြလိုပါတယ်။

အုပ်ချုပ်ရေးမဏ္ဍိုင်၏ ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံကျသော ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများအား စွမ်းဆောင်ရည်မြှင့်သင်တန်းများကို မြို့နယ်အသီးသီး ပို့ချနိုင်ခဲ့ပါသည်။ ဒီမိုကရေစီနှင့် ပတ်သက်သော အလေ့အကျင့်များနှင့် ပတ်သက်၍ ဒေသဖွံ့ဖြိုးရေးခရီးစဉ်များတွင်လည်းကောင်း၊ ဌာနဆိုင်ရာ အစည်းအဝေးများတွင်လည်းကောင်း လိုက်နာကျင့်သုံးရေး ဆွေးနွေးပြောကြားနိုင်ခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ၂၀၁၆ခုနှစ်၊ ဇွန်လ(၂၃)ရက်နေ့ ဝေါမြို့နယ်၊ သရဲသမိန်ကျေးရွာတွင် ဖြစ်ပေါ်ခဲ့သော ဘာသာရေးပဋိပက္ခအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စနစ်တကျဖြေရှင်းပေးနိုင်ခဲ့သည်။ ၂၀၁၆ခုနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်(ခ) အရည်ပျော်အခဲစိတ်ကြွရူးသွပ်ဆေးနှင့် ဘိန်းမဲများစသည့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံ စုစုပေါင်း (၁၇၃)ဦးအား ဖမ်းဆီးအရေးယူ နိုင်ခဲ့ပါသည်။

ဥပဒေပြုရေးနှင့် ပတ်သက်၍ ကိုယ်စားလှယ်တော်ကြီးများနဲ့ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပဲခူးတိုင်းဒေသကြီး၏ စည်ပင်သာယာရေးဥပဒေကို လွှတ်တော်ဥပဒေအမှတ်(၄)ဖြင့် ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး နည်းဥပဒေထုတ်ပြန်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း အားလုံးသိရှိပြီးဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)ကို တိုင်းဒေသကြီးလွှတ်တော်တွင် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း လမ်း/တံတား၊ အဆောက်အဦများ စနစ်တကျရှိစေရေးအတွက် ပဲခူးတိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းများကြီးကြပ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း နိုင်ငံတကာပညာရှင်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ညှိနှိုင်းရေးဆွဲလျက်ရှိပါသည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ**

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ လမ်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် အမာခံ/ကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်း၊ ၁၂ပေ အကျယ်မှ ၁၈ပေအကျယ် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း၊ ၁၂ပေအကျယ် ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နိုင်ခဲ့ပြီး၊ သံကူကွန်ကရစ်တံတား(၄၉)စင်း၊ ပိုက်ရေပြွန်တံတား(၅၄)စင်း တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဌာနဆိုင်ရာ ဝန်ထမ်းများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် တိုက်ခန်း(၂၄၀)ခန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကမ္ဘာ့ဘဏ်၊ UNDP/ UKAID တို့နှင့် ပူးပေါင်းပြီး အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှာ ပြည်သူ့အစိုးရဆက်သွယ်ပေါင်းကူးနိုင်သည့် စနစ်များ၊ ဘဏ္ဍာငွေသုံးစွဲနိုင်မှုစနစ်များကို နိုင်ငံတကာစံချိန်မီ ဖြစ်စေရေး စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

လုပ်ကွက်ငယ်တောင်သူများအား နိုင်ငံတကာအဖွဲ့အစည်းများမှ စိုက်ပျိုးရေးနည်းစနစ်၊ ဘဏ္ဍာငွေနှင့် ဈေးကွက်ခိုင်မာရေးကိစ္စများ စတင်ဆက်သွယ်ဆောင်ရွက်နေပြီဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအနေဖြင့် အသုံးစရိတ်များကို စနစ်တကျစိစစ်ဆောင်ရွက် နိုင်ခဲ့သောကြောင့် ပိုလျှံငွေကျပ်(၃၃၁၃. ၁၃၉)သန်းအား လုပ်ငန်း(၉၀)ခုအတွက် ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် လူထုဗဟိုပြုလေ့လာရေးဌာနများကို (၁)မြို့နယ်လျှင် (၁)ခုစီနှင့် စုစုပေါင်း(၂၈)ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။ တောင်သူလယ်သမားကြီးများ၏ မျိုးလိုအပ်ချက်ကို ဖြေရှင်းပေးနိုင်မည့် မျိုးစေ့ထုတ်စိုက်ကွက်များကို တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဆင့်ဖော်ထုတ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ အဆင့်မြှင့်လယ်ယာကေကွက်(၃၅၀)ကေအား ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေး ဖော်ထုတ်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော်အတွက် ထိရောက်မှုမရှိသော လျှပ်စစ်မြစ်ရေတင်စီမံကိန်း (၃၈)ခုအား ဖျက်သိမ်းနိုင်ခဲ့ပါသည်။

လျှပ်စစ်ကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း တင်ဒါပိုလျှံငွေ (၂. ၉)ဘီလီယံကျပ်အား ဒေသအတွင်းလိုအပ်သည့် ဓာတ်အားလိုင်းအဆင့်မြှင့်တင်ခြင်း၊ အသစ်သွယ်တန်း တပ်ဆင်ခြင်းများနှင့် ကျေးရွာမီးလင်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ် တန်ချောက်ထောင်နီးပါးဖမ်းဆီးရရှိခဲ့ရပြီး၊ ၎င်းသစ်များအား ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော စာသင်ကျောင်း၊ ဆေးရုံ၊ လမ်းတံတား၊ ဌာနဆိုင်ရာအဆောက်အဦနှင့် ပြည်သူများသုံးစွဲရန်အတွက် စနစ်တကျစီမံခန့်ခွဲ ပေးနိုင်ခဲ့ပါသည်။ နိုင်ငံတော်မှ သစ်ထုတ်လုပ်ခြင်းကို (၁၀)နှစ်ရပ်ဆိုင်းထားသည့်အတွက် သစ်ထုတ်လုပ်ငန်းမှဆင်များအား ဆင်စခန်း(၄)ခု ဖွင့်လှစ်၍ ပြည်သူများ အပန်းဖြေနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။

တောဆင်ရိုင်းများ ဖမ်းဆီးသတ်ဖြတ်ခြင်းမှ ကာကွယ်ခြင်းအစီအစဉ်အရ ဆင်မုဆိုးအဖွဲ့(၂)ဖွဲ့အား ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း တိုးပွားနိုင်ရေးအတွက် ခရိုင်မြို့ကြီးဖြစ်သည့် ပဲခူး၊ ပြည်ခရိုင်တို့အတွင်းရှိ စက်မှုဇုန်များတွင် ပြည်တွင်းနှင့် နိုင်ငံတကာမှ လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများလည်ပတ်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပူးပေါင်း၍ စနစ်တကျစီမံခန့်ခွဲလျက်ရှိပြီး လုပ်ငန်းများ စတင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းလေဆိပ်ကြီးပြီးစီးပါက ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်သည်။

**ပြည်သူအကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုများ**

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် မြို့နယ်(၂၈)မြို့နယ်မှ ကျေးရွာ(၂၈)ရွာကို မြေငှား(၁၈၀၄)ခု ထုတ်ပေးနိုင်ခဲ့ပါသည်။

လူအများသောက်သုံးနေသော ပဲခူးမြို့၊ ကန်တော်ကြီးရေကန်ကြီးအား စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ကန်တော်ကြီးကန်နှင့် အနီးတဝိုက်ရေဝေရေလဲ ဒေသအား အစိုးရ၏ စီမံခန့်ခွဲမှုအောက်သို့ ရောက်ရှိစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိုးယွန်းကြီး သဘာဝထိန်းသိမ်းရေးနယ်မြေ (ရေတိမ်ဒေသ)အား အခြေခံ၍ သဘာဝ အခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပဲခူးမြစ်ဝှမ်းဒေသနှင့် စစ်တောင်းမြစ်ဝှမ်းဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် ယာဉ်မောင်း သင်တန်းကျောင်း(၅)ကျောင်းအား ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး၊ ခရိုင်/ မြို့နယ်များအတွင်းရှိ ပြည်သူလူထုနှင့် အခြေခံ ပညာကျောင်းသူ၊ ကျောင်းသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း အကြိမ်ပေါင်း (၄၃၈)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် မီးသတ်စခန်း(၇)ခု၊ မီးသတ်ယာဉ်(၁၆)စီး ဖြည့်တင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မီးလောင်လွယ် အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်ရေး အစီအမံများကို စီမံထားရှိပြီးဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အစားအသောက်နှင့် ဆေးဝါးကြီးကြပ် စစ်ဆေးရေးဌာနမှ ပြည်သူများ သက်ရှည်ကျန်းမာစွာ နေထိုင်အလုပ်လုပ်နိုင်ရေးအတွက် အစားအစာ၊ ဆေးဝါးများကို ခရိုင်/ မြို့နယ်များအလိုက် ဈေးများ၊ အခြေခံပညာကျောင်းများသို့ (၃၂)ကြိမ် ကွင်းဆင်းစစ်ဆေးခြင်း၊ အစားအသောက်များနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**သဘာဝဘေးအန္တရာယ်အတွက် ဆောင်ရွက်ပေးခဲ့မှုများ**

ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သော မြို့နယ်များအတွက် ဆန်၊ ဆီ၊ ဆား စသည့် ထောက်ပံ့ပစ္စည်းတန်ဖိုး ကျပ်သိန်း(၁၀၀၀)ထောက်ပံ့ပေးနိုင်ခဲ့ပြီး၊ သဘာဝဘေးသင့် နေအိမ်များပြင်ဆင် ဆောက်လုပ်ပေးနိုင်ရေး ငွေကျပ်(၇၂၈၇)သိန်း ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ခုနှစ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားခဲ့သည့် လယ်/ယာမြေ များအတွက် ကျပ်သန်း(၁၀၁၆. ၀၆၅)သန်းနှင့် အရံမျိုးစပါး (၁၆၀၀၀)တင်းအား ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

**လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း ဆောင်ရွက်ချက်များ**

ပဲခူးတိုင်းဒေသကြီးအတွင်း ကျပ်သိန်း(၃၀၀)နှင့်အောက် လေလံ လမ်း-တံတားဂိတ်(၉)ဂိတ်အား လမ်း-တံတားအသုံးပြုခ ကောက်ခံခွင့် ရုပ်သိမ်းခြင်းများကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါသည်။

ငြိမ်းချမ်းရေးကဏ္ဍအနေဖြင့် ဒုတိယအကြိမ်(၂၁)ရာစု ပင်လုံညီလာခံအကြို ဒေသအလိုက်အမျိုးသား

အဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီ(၂၆)ရက်နေ့မှ (၂၈)ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ပညာရေးကောလိပ်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

အချုပ်အားဖြင့် ပြောရရင်လူထုက ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်တော်ကြီးများ ပါဝင်တဲ့ ဥပဒေပြုရေးကဏ္ဍ အစိုးရအဖွဲ့ဝင်များပါဝင်သော အုပ်ချုပ်ရေးကဏ္ဍနှင့် တရားသူကြီးများဖြင့် ဖွဲ့စည်းထားသော တရားရေးကဏ္ဍစတဲ့ မဏ္ဍိုင်(၃)ရပ်လုံး အပြန်အလှန် ဟန်ချက်ညီညီ အပြိုင်တိုးတက်ဖို့ လိုအပ်ပါတယ်။ လွှတ်တော်မှ ပြုစုပေးထားသော ဥပဒေများကို အုပ်ချုပ်ရေး၊ တရားစီရင်ရေးများတွင် ဥပဒေဘောင်အတွင်း ကျင့်သုံးလိုက်နာမှု ရှိ/ မရှိ ဥပဒေကျော်လွန်ဆောင်ရွက်ခြင်း ရှိ မရှိကိုလည်း လွှတ်တော်မှစောင့်ကြည့်ခြင်း၊ စိစစ်ထိန်းညှိခြင်း (Check and Balance) ဖြင့် မဏ္ဍိုင်(၃)ရပ် သဟဇာတမျှတစွာ အားပြိုင်ရင်း မြန်မာနိုင်ငံသူ နိုင်ငံသားများလိုလား တောင့်တနေတဲ့ တိုးတက်ပြောင်းလဲမှုကို အပြုသဘောဖြင့် ပြည်သူလူထုရဲ့ စေတနာ၊ မေတ္တာ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဂုဏ်ကျေးဇူးများကို ဦးထိပ်ပန်ဆင်ရင်း ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ထွန်းရေးကို ရည်မျှော်လျက် ဟန်ချက်ညီညီကြိုးစား ဆောင်ရွက်ကြပါစို့လို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၇)ဦးကမေးမြန်းသည့် မေးခွန်း(၉)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ပြည်မြို့နယ်အတွင်းရှိ သစ်ချိုတင် ကျေးရွာအုပ်စု၊ ထမ္မကောက် ကျေးရွာအုပ်စုနှင့် အနောက်လက်ခုပ်ပင် ကျေးရွာအုပ်စုတို့၏ စားကျက်မြေများတွင် ဝင်ရောက်လုပ်ကိုင်နေသော ကုမ္ပဏီအား မည်သူက မည်သည့်အချိန်တွင် ခွင့်ပြုခဲ့သည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ပြည်မြို့နယ်တွင် ဖြစ်ပွားနေသော ယာဉ်ကြောရှုပ်ထွေးမှုများ၊ စည်းကမ်းမဲ့ မောင်းနှင်နေသော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို ပြည်ခရိုင် ယာဉ်ကြီးကြပ်မှု ကော်မတီအနေဖြင့် မည်သို့ စီစဉ်အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်အတွင်းရှိ သစ်ချိုတင်ကျေးရွာအုပ်စု၊ ထမ္မကောက်ကျေးရွာအုပ်စုနှင့် အနောက်လက်ခုပ်ပင်ကျေးရွာအုပ်စုတို့၏ စားကျက်မြေများတွင် ဝင်ရောက်လုပ်ကိုင်နေသောကုမ္ပဏီအား မည်သူက မည်သည့်အချိန်တွင် ခွင့်ပြုခဲ့ သည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင်ဖြစ်ပွားနေသော ယာဉ်ကြောရှုပ်ထွေးမှုများ၊ စည်းကမ်းမဲ့မောင်းနှင်နေသော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို ပြည်ခရိုင်ယာဉ် ကြီးကြပ်မှုကော်မတီအနေဖြင့် မည်သို့စီစဉ်အရေးယူ ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“အစိုးရသစ်၏ တရားဥပဒေ စိုးမိုးရေး ဆောင်ရွက်မှုများကို ပြည်မြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် လိုက်ပါဆောင်ရွက်မှုများ အားနည်းနေခြင်းအပေါ် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ကြပ်မတ်အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် လောင်းကစားလုပ်ငန်းများကို လူနေ ထူထပ်သည့် နေရာများအပါအဝင် နေရာအနှံ့အပြား၌ ပေါ်ပေါ်ထင်ထင် ကျူးလွန်နေကြသော်လည်း ဖမ်းဆီးအရေးယူမှုမရှိခြင်း၊ သတင်းပေးတိုင်ကြားသူများမှာလည်း ခြိမ်းခြောက် ခံနေရခြင်း၊ အဆိုပါလောင်းကစားဒိုင်များနှင့် ပတ်သက်နေသော လူမိုက်များ၏ မိုက်ကြေးခွဲ ရမ်းကားနေမှုများကိုလည်းထိရောက်စွာ ဖမ်းဆီးအရေးယူမှုမရှိခြင်းစသဖြင့် အစိုးရသစ်၏ တရားဥပဒေ စိုးမိုးရေး ဆောင်ရွက်မှုများကို ပြည်မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် လိုက်ပါဆောင်ရွက်မှုများ အားနည်းနေခြင်း အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ကြပ်မတ် အရေးယူဆောင်ရွက်သွားမည် သိရှိလိုပါ ကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“သဲကုန်း မြို့နယ်၊ ပုတီးကုန်းမြို့ မီးသတ်စခန်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့သည် ၂၀၁၃ ခုနှစ်တွင် ယခင်ကျေးရွာအုပ်စုအဆင့်မှ မြို့အဖြစ်အဆင့်တိုးမြှင့် သတ်မှတ်ခြင်းအား ပြည်ထဲရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြု ပြန်တမ်းထွက်ခဲ့ပါသည်။

ပုတီးကုန်းမြို့အဖြစ်မသတ်မှတ်မီ ၁၉၅၃ခုနှစ်ကတည်းက အရန်မီးသတ်တပ်ဖွဲ့စတင် ဖွဲ့စည်းခဲ့ပြီး ယနေ့အထိ အရန်မီးသတ်အင်အား(၁၂၅)ဦး ရှိပါသည်။ မီးသတ်ယာဉ်၊ အရန်ယာဉ်(၅)စီးရှိပြီး တစ်စီးမှာ ဟောင်းနွမ်းပျက်စီးနေ၍ ဌာနသို့ ပြန်လည်အပ်နှံရန်ရှိပြီး သန္ဓေမီးသတ်ယာဉ်တစ်စီးရှိပါသည်။

သန္ဓေမီးသတ်အနေဖြင့် (၄. ၆. ၂၀၁၆)တွင်(၁)ဦး၊ (၁. ၁၀. ၂၀၁၅)တွင်(၁)ဦး (၂၉. ၃. ၂၀၁၆)တွင် (၁)ဦးနှင့် ယနေ့အထိဆိုလျှင် မီးသတ်ဝန်ထမ်းအရာရှိ(၁)ဦးနှင့် အခြားအဆင့်(၅)ဦးခန့်ထားပေးပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပုတီးကုန်းမြို့ မီးသတ်စခန်းတစ်ခုအား မြို့အင်္ဂါရပ်နှင့် လျော်ညီစေရန် မီးဘေးလုံခြုံမှုနှင့် ဝန်ထမ်းများစီမံအုပ်ချုပ်မှု၊ ကွပ်ကဲကြီးကြပ်မှုအစဉ်ပြေစေရန် ၎င်းမီးသတ်စခန်းအဆောက်အဦ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုပါကြောင်းနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ယစ်မျိုးလိုင်စင်များ ချထားခြင်းတွင် ပတ်ဝန်းကျင်နေထိုင်သူများထံမှ ခွင့်ပြုချက် ထောက်ခံစာပါမှသာ လိုင်စင်ချထား၍ ရောင်းချဖွင့်လှစ်ခွင့်ပြုရန် စီမံ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် လက်ရှိလိုင်စင်ရရှိပြီး ဖွင့်လှစ်ရောင်းချ နေသောဆိုင်များကို ပတ်ဝန်းကျင် ထောက်ခံစာဖြင့် ရောင်းချဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းစေခြင်းတို့ကို စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ”** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ယစ်မျိုးရောင်းချခွင့်လိုင်စင်များ ချထားခြင်းကိစ္စတွင် ပတ်ဝန်းကျင်နေထိုင်သူများထံမှ ခွင့်ပြုချက်ထောက်ခံစာပါမှသာ လိုင်စင်ချထား၍ ရောင်းချဖွင့်လှစ်ခွင့်ပြုပါရန် စီမံဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

လက်ရှိလိုင်စင်ရရှိပြီးဖြစ်ပါ၍ ဖွင့်လှစ်ရောင်းချနေသော ဆိုင်များကိုလည်း ပတ်ဝန်းကျင် ထောက်ခံစာဖြင့် ရောင်းချဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းစေခြင်းတို့ကို စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိ လိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် လူမျိုးအမည်ကွဲလွဲနေသည်ကို သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင်သာ ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် တိုင်းရင်းသားလူမျိုးစုကြီး (၈)မျိုးရှိပြီး လူမျိုးစုကြီးတစ်ခုစီအလိုက် လူမျိုးစုငယ်များရှိပါသည်။ ကချင်လူမျိုးတွင်(၁၂)မျိုး၊ ကယားလူမျိုးစုတွင်(၉)မျိုး၊ ကရင်လူမျိုးစုတွင် (၁၁)မျိုး၊ ချင်းလူမျိုးစုတွင်(၅၃)မျိုး၊ ဗမာလူမျိုးစုတွင်(၉)မျိုး၊

မွန်လူမျိုးစုတွင် (၁)မျိုး၊ ရခိုင်လူမျိုးစုတွင်(၇)မျိုး၊ ရှမ်းတိုင်းရင်းသားလူမျိုးစုတွင်(၃၃)မျိုး စုစုပေါင်း(၁၃၅)မျိုး စုပေါင်းနေထိုင်ကြပါသည်။

ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည့်အလျောက် တိုင်းရင်းသားလူမျိုးစုများသည် မိမိတို့ လူမျိုးဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ အနုသုခုမ တို့ကို လွန်စွာတန်ဖိုးထားကြပါသည်။ ယခုအစိုးရသစ်လက်ထက်တွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ကြိုးစားနေပါသည်။ (၂၁)ရာစု ပင်လုံပေါ်ထွန်းနိုင်ရေး အတွက် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနေသည်ကို အားလုံး သိရှိပြီးဖြစ်ပါသည်။ တိုင်းရင်းသား ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နေဆဲ ကာလဖြစ်၍ တိုင်းရင်းသားတို့၏ ယုံကြည်မှုကို တည်ဆောက်နေဆဲကာလဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တိုင်းရင်းသားတို့သည် မိမိလူမျိုးများကို လွန်စွာချစ်ကြည့်အလျောက် လူမျိုးပျောက်မည်ကို လွန်စွာစိုးကြောက်လှပါသည်။

ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးတွင် ကယား၊ ကရင်၊ ချင်း၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးစုကြီး (၇)စုနေထိုင်ကြပါသည်။ အချို့သောတိုင်းရင်းသားများသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာ ဝန်ကြီး တစ်ဦးရသင့်ပါသော်လည်း နိုင်ငံသားစိစစ်ရေးကဒ်တွင် လူမျိုးအမည်မှားယွင်းစွာ ဖော်ပြခံရသည့်အတွက် လူဦးရေမပြည့်မီတာကလည်း အကြောင်းအရာတစ်ခုအဖြစ် ပါဝင်နေပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားစိစစ်ရေးကဒ်ပြောင်းလဲချိန်တွင် အများဆုံး ဖြစ်ပွားခဲ့သည်ဟု ယူဆမိပါသည်။ အကြောင်းကတော့ ထိုအချိန်တွင် စီမံကိန်းနှင့် အလုံးအရင်း ဆောင်ရွက်ရသည့်အတွက် ဝန်ထမ်းအင်အား မလုံလောက်၍ လုပ်ငန်းမကျွမ်းကျင်သော လုပ်အားပေး ဝန်ထမ်းများနှင့် ဆောင်ရသည့်အတွက်ဟု ယူဆမိပါသည်။ နိုင်(၂)ခေါ် နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်းတွင် လူမျိုးအမည်မှားယွင်း စွာဖော်ပြခဲ့သည့်အတွက် နိုင်(၄)ခေါ် နိုင်ငံသားစိစစ်ရေးကဒ်ပြား ထုတ်ပေးသည့် စာအုပ်တွင် မှတ်တမ်းအဖြစ် ဝင်ရောက်သွားခဲ့ပါသည်။

တိုင်းရင်းသားလူမျိုးများသည် လွန်စွာရိုးသားကြသူများဖြစ်သည့်အတွက် နိုင်ငံသားစိစစ်ရေးကဒ် အလွယ်တကူရသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်၍ မိမိတို့၏ကိုယ်ရေးအချက်များ မှန် မမှန်ကို ပြန်လည်စိစစ်ရကောင်းမှန်းမရှိခဲ့သည်မှာ ရိုးသားစွာဝန်ခံရမည်ဖြစ်ပါသည်။ နောင်တစ်ချိန်ပြန်လည်သိရှိသည့်အခါမှ အချက်အလက်များ မှားယွင်းနေသည်ကို ပြင်ဆင်သည့်အခါ အထက်ရုံးတော်များသို့ အဆင့်ဆင့်တင်ပြရသည့်အတွက် အချိန်ကုန်လူပန်းဖြစ်ခဲ့ ရပါသည်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးများ၏ ရိုးသားမှုကို သနားငဲ့ညှာသည့်အနေဖြင့်သော်လည်းကောင်း၊ တိုင်းရင်းသားတို့၏ နိုင်ငံတော်အပေါ် ယုံကြည်အားကိုးမှု ရယူလိုသည့် အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်၏စာရင်းအင်းအချက်အလက်များ မှန်ကန်မှုကို ရှေးရှု၍သော်လည်းကောင်း နိုင်ငံသားစိစစ်ရေးကဒ်ပြားတွင် လူမျိုးအမည်ကွဲလွဲနေသည်ကို သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင်သာ ပြောင်းလဲ ပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မြို့နယ်များတွင် စုံခုံအဖွဲ့များ စစ်ဆေးသောအခါ ဘက်လိုက်မှုကင်းပြီး တရားမျှတသော စုံခုံအဖွဲ့များ ပေါ်ပေါက်လာစေရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မြို့နယ်များတွင် တိုင်စာများ စစ်ဆေးသောအခါ ဌာနဆိုင်ရာများမှ စုံခုံဖွဲ့ပြီး စစ်ဆေးရာ ဘက်လိုက်မှုများရှိနေ၍ တွေ့မြင်နေရကြောင်း ဒေသခံပြည်သူများမှ တင်ပြလာပါသည်။ ထို့ကြောင့် ဘက်လိုက်မှုကင်းပြီး တရားမျှတသော စုံခုံအဖွဲ့များ ပေါ်ပေါက်လာစေရန် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်ရှိ မီးသတ်စခန်းအတွက် လုံလောက်သော မြေနေရာ အကျယ်အဝန်းရှိသည့် မီးသတ်စခန်း မြေနေရာတစ်ခု သတ်မှတ်ချထားပေးရန်နှင့် ယိုယွင်းပျက်စီး လျက်ရှိသော ဝန်ထမ်းအိမ်ရာအား အလျား ပေ(၉၀)×အနံ ပေ(၃၀)ရှိ (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာသစ်တစ်ခုကို တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၂) **"သနပ်ပင်မြို့နယ်၊ အနောက်ဖက်ခြမ်းရှိ ကျေးရွာနှင့် ရပ်ကွက် အုပ်စု (၁၉)အုပ်စုအတွက် ရဲကင်း (သို့မဟုတ်) နယ်မြေအပိုင် ရဲစခန်းတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်ရှိ မီးသတ်စခန်းမြေနေရာမှာ (၀. ၂၂၉၈)ဧကသာ ကျယ်ဝန်းပြီး မီးသတ်ကား(၅)စီးထားရှိရန်အတွက် အလျား ၄၅ပေ × အနံ ၃၅ပေရှိ မီးသတ်စခန်းတစ်ခုသာ ရှိပါသည်။ သို့ပါ၍ မီးသတ်စခန်းအတွင်း၌ ရုံးခန်း၊ မီးသတ်ကား(၅)စီး၊ မီးသတ်စက်(၄)ခုနှင့် ဝန်ထမ်းအိမ်ရာများ ပြည့်ကျပ်လျက် ရှိနေပါသဖြင့် ယခုမြေနေရာအား မီးသတ်စခန်းအဖြစ်သာ ထားရှိပြီး ယိုယွင်းပျက်စီး လျက်ရှိသော ဝန်ထမ်း အိမ်ရာအား အလျား ၉၀ပေ × အနံ ၃၀ပေရှိ (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာသစ် တစ်ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အား ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင် လမ်းမကြီး အဖြစ် ပိုင်းခြားလိုက်မည်ဆိုပါက အရှေ့ဘက်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၄၇)အုပ်စုနှင့် အနောက်ဘက်တွင် ရပ်ကွက်၊ ကျေးရွာ အုပ်စု(၁၉)အုပ်စု ရှိပါသည်။ အရှေ့ဘက်ရပ်ကွက်၊ ကျေးရွာ(၄၇)အုပ်စုတွင် လူဦးရေ(၁၂၁၁၉၄)ဦးရှိပြီး အနောက်ဘက်ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၉)အုပ်စုတွင် လူဦးရေ(၄၁၉၀၇)ဦး နေထိုင်လျက်ရှိပါသည်။

သနပ်ပင်မြို့မရဲစခန်းကို ဗဟိုထား တွက်ချက်ရမည်ဆိုလျှင် အရှေ့ဘက်ရပ်ကွက်၊ ကျေးရွာ(၄၇) အုပ်စုတွင် အပိုင်စခန်းများအဖြစ် မင်းရွာစခန်း၊ ရစ်ကန်လေးစခန်း။ ကုလားချောင်ကြီးစခန်းဟူ၍ အပိုင်ရဲစခန်း(၃)ခုရှိနေပြီး အနောက်ဘက်ရပ်ကွက်၊ ကျေးရွာ(၁၉)အုပ်စုတွင် တော့အပိုင်ရဲစခန်း မရှိရုံမက ပြည်သူများအတွက် တရားဥပဒေစိုးမိုးရေးကို အစဉ် ဆောင်ရွက်ပေးနိုင်မည့် နယ်မြေရဲကင်းပင် မရှိကြောင်း တွေ့ရှိရပါသည်။

မြို့နယ်အတွင်း၌ ၂၀၁၆ခုနှစ်တွင် ဖြစ်ပွားခဲ့သော အမှုကြီးဖြစ်သည့် လူသတ်မှု(၄)မှုတွင် အနောက်ဘက် နယ်မြေများ၌ ဖြစ်ပွားမှု(၁)မှု တွေ့ရှိရပြီး၊ ကျန်အမှုပေါင်း (၁၂)မှုလည်း ဖြစ် ပွားခဲ့ကြောင်း တွေ့ရှိရပါသဖြင့် အများပြည်သူ အကျိုးအလို့ငှာ တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက် နယ်မြေရဲကင်း သို့မဟုတ် ရဲစခန်းဖွင့်လှစ် ပေးနိုင်ပါရန် အစီအစဉ်ရှိ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၇)ဦး မေးမြန်းသည့် မေးခွန်း(၇)ခုနှင့်ပတ်သက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ပြည်မြို့နယ်အတွင်းရှိ သစ်ချီတင် ကျေးရွာအုပ်စု၊ ထမ္မကောက် ကျေးရွာအုပ်စုနှင့် အနောက်လက်ခုပ်ပင်ကျေးရွာအုပ်စုတို့၏ စားကျက်မြေများတွင် ဝင်ရောက်လုပ်ကိုင် နေသော ကုမ္ပဏီအား မည်သူကမည်သည့်အချိန်တွင် ခွင့်ပြုခဲ့သည်ကို သိရှိလိုပါကြောင်း "**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်အတွင်းရှိ သစ်ချီတင်ကျေးရွာအုပ်စု၊ ထမ္မကောက် ကျေးရွာအုပ်စုနှင့် အနောက်လက်ခုပ်ပင်ကျေးရွာအုပ်စုများရှိ မြေလွတ်မြေရိုင်း (၅၂၉၀. ၈၄)ဧကကို ဗဟိုမြေလွတ်မြေလပ် မြေရိုင်းများစီမံခန့်ခွဲမှုကော်မတီမှ မြန်မာ့ကြံလုပ်ငန်းသို့ ကြံသီးနှံစိုက်ပျိုးရန်အတွက် (၃. ၆. ၁၉၉၇) ရက်စွဲပါစာအမှတ်၊ ၈၁၃၀/မယ(ဖ) (၁၁)၉၇ဖြင့် ချထားပေးခဲ့ပါသည်။ အဆိုပါ လုပ်ပိုင်ခွင့် ရရှိသော မြေဧရိယာများအား ၂၀၁၆ခုနှစ်တွင် မြန်မာ့ကြံလုပ်ငန်းမှ စူးတက်ကုမ္ပဏီသို့လည်းကောင်း၊ ၂၀၁၆ခုနှစ်တွင် Delicious Foods ကုမ္ပဏီသို့ လည်းကောင်း ထပ်ဆင့်လွှဲပြောင်းပေးခဲ့ရာ တစ်ဆက်တည်းဖြစ်သော သစ်ချီတင်ကျေးရွာအုပ်စု၊ ထမ္မကောက်ကျေးရွာအုပ်စုနှင့် အနောက်လက်ခုပ်ပင် ကျေးရွာအုပ်စုများရှိ စားကျက်မြေ(၁၅၅)ဧကအား လုပ်ပိုင်ခွင့်ရရှိသော မြေဧရိယာများအတွင်း ပါဝင်သည်ဟု ယူဆကာ မျိုးပွားခြံအဖြစ် ဆောင်ရွက်ခဲ့ပြီး သီးနှံများစိုက်ပျိုးခဲ့ ပါသည်။

အဆိုပါမျိုးပွားခြံအဖြစ်ဆောင်ရွက်သော မြေဧရိယာ(၂၀၇)ဧကမှာ စားကျက်မြေ(၁၅၅)ဧကနှင့် လုပ်ပိုင်ခွင့်ရမြေဧရိယာ(၅၂)ဧကသာရှိကြောင်း တွေ့ရှိရပါသည်။ ယခုအခါတွင် ဒေသခံတောင်သူများမှာ တိုင်ကြားမှုများရှိသဖြင့် စိစစ်ဆောင်ရွက်ရာတွင် စားကျက်မြေ(၁၅၅)ဧကအား Delicious Foods ကုမ္ပဏီမှ (၁၂၆)ဧက ကျူးကျော် ဝင်ရောက်စိုက်ပျိုးထားကြောင်း တွေ့ရှိရပြီး တောင်သူများမှလည်း (၂၉)ဧက ကျူးကျော် ဝင်ရောက်စိုက်ပျိုးထားကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ စားကျက်မြေ(၁၅၅)ဧကအား ဆောင်းသီးနှံများ ရိတ်သိမ်းပြီးပါက ထပ်မံစိုက်ပျိုးခြင်းမပြုစေရေး တားမြစ်ဆောင်ရွက် ထားရှိပြီးဖြစ်ပါကြောင်းနှင့်သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှလည်း စားကျက်မြေ မကျူးကျော်ရဆိုင်းဘုတ်များစိုက်ထူ၍ တားမြစ်

ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ စားကျက်မြေများတွင် ပယ်ဖျက်ရန် ကုမ္ပဏီအား ခွင့်ပြုခဲ့ခြင်း မရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့နယ်တွင် ဖြစ်ပွားနေသော ယာဉ်ကြောရှုပ်ထွေးမှုများ၊ စည်းကမ်းမဲ့ မောင်းနှင်နေသော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို ပြည်ခရိုင် ယာဉ်ကြီးကြပ်မှု ကော်မတီအနေဖြင့် မည်သို့စီစဉ်အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ပြည်ခရိုင် ယာဉ်ကြီးကြပ်မှုကော်မတီအနေဖြင့် ပြည်မြို့ပေါ်တွင် ယာဉ်ရှုပ်ထွေးမှုအား ရှင်းလင်းနိုင်ရန်အတွက် ပြည်မြို့နယ် ရဲတပ်ဖွဲ့မှ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်(၁×၁၀)ဦး၊ အမှတ်(၁၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပြည်)မှ ယာဉ်ထိန်းတပ်ဖွဲ့ဝင် (၄×၂၅)ပေါင်း(၅×၃၅)ဦးဖြင့် နေ့စဉ် လမ်းကြောရှင်းလင်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်မြို့ပေါ်ရှိ ယာဉ်ကြော ရှုပ်ထွေးမှုရှိသည့် နေရာများဖြစ်သော ဗိုလ်ချုပ်လမ်း၊ လမ်းမတော်လမ်း၊ မြို့မဈေးကြီး စသည့်နေရာများတွင် နှစ်ထပ်ရပ်ယာဉ်များ/ စည်းကမ်းမဲ့မောင်းနှင်/ ရပ်တန့်ယာဉ်များအား နေ့စဉ် ယာဉ်ကြော ရှုပ်ထွေးချိန် နံနက်(၀၈၀၀)အချိန်မှ (၁၂၀၀)ထိ နယ်မြေခံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ပို့/ဆက် ဌာန၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ ပညာပေးခြင်း၊ စစ်ဆေးအရေးယူခြင်းများကို နေ့စဉ်ဆောင်ရွက် လျက်ရှိပါသည်။

ပြည်မြို့နယ်တွင် စည်းကမ်းမဲ့မောင်းနှင်နေသော မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များကို ပြည်ခရိုင် ယာဉ်ကြီးကြပ်မှုကော်မတီအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့မှ ကြာသပတေးနေ့အထိ နေ့စဉ်စစ်ဆေး အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်မြို့နယ် အနေဖြင့် စည်းကမ်းပျက်မောင်းနှင်နေသော မော်တော်ယာဉ်များ ဆိုင်ကယ်များနှင့် သုံးဘီးဆိုင်ကယ်များအား ၂၀၁၆ ခုနှစ်တွင် (၅၄၇၀)မှု၊ ၂၀၁၇ ခုနှစ် မတ်လ (၁၀)ရက်နေ့ အထိ (၁၁၄၁)မှု အရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်မြို့နယ်အတွင်း ယာဉ်ကြောရှုပ်ထွေးမှုများနှင့် စည်းကမ်းပျက် မောင်းနှင်နေသော မော်တော်ယာဉ်နှင့်ဆိုင်ကယ်များကို ပြည်ခရိုင်ယာဉ်ကြီးကြပ်မှု ကော်မတီအနေဖြင့် ယာဉ်စည်းကမ်း/လမ်း စည်းကမ်းများ စနစ်တကျလိုက်နာမှုရှိစေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းများအား ကျယ်ကျယ်ပြန့်ပြန့်တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ယာဉ်/လမ်းစည်းကမ်း လိုက်နာမှုမရှိသော မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား အရှိန်အဟုန်တိုးမြှင့်စစ်ဆေးအရေးယူ ဆောင်ရွက် လျက်ရှိပြီးဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးခွန်းနံပါတ်(၁)နှင့် (၂)တို့အား ဆက်စပ် မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ကြယ်ပွင့်ပြမေးခွန်း အမှတ်စဉ်(၁)နှင့် ပတ်သက်၍ စားကျက်မြေအတွင်း ဝင်ရောက်လုပ်ကိုင်နေသည့် ကုမ္ပဏီကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၂)ကြိမ်ခေါ်ယူ တွေ့ဆုံသည့်အခါ ကုမ္ပဏီက ယင်းမြေကို စားကျက်မြေအဖြစ် သိရှိသည်ဟု ဖြေဆိုထားပါကြောင်း ယခုအချိန်တွင် ထပ်မံပြီး တစ်သီးစားစိုက်ပျိုးရန်အတွက် ရေတွင်းတူးခြင်းလုပ်ငန်း လုပ်ကိုင်နေပြီး အဲဒီ ပတ်ဝန်းကျင်မှာရှိသည့် တောင်သူများလည်း မလိုအပ်ဘဲ ထိုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေပါကြောင်း၊ တောင်သူများလည်း သပိတ်စခန်းဖွင့်ခြင်း ဆန္ဒပြခြင်းများ ပြုလုပ်နေပါကြောင်း၊ ယင်းစားကျက်မြေအတွင်း ဝင်ရောက်လုပ်ကိုင်နေသည့် ကုမ္ပဏီကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အရေးယူရန် ရှိ/ မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ကြယ်ပွင့်ပြမေးခွန်း အမှတ်စဉ်(၂) ပြည်မြို့နယ်တွင် ဖြစ်ပွားနေသည့် ယာဉ်ကြောရှုပ်ထွေးမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဖြေကြားမှုထဲတွင် ပြည်မြို့နယ်မှ နယ်မြေတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၃)ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ပြည်မြို့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များဖြင့် နေ့စဉ်လမ်းကြောရှင်းလင်းရေးဆောင်ရွက်လျက်ရှိသည်ဟု ဖြေကြားထားပါကြောင်း၊ မိမိမေးမြန်းလိုသည်က မည်သည့်နေ့ သို့မဟုတ် မည်သည့်အချိန် ဖြေကြားချက်ထဲတွင် ပါဝင်သည့် ဖမ်းဆီးအရေးယူခြင်းဆိုသည်က ဆိုင်ကယ်စီး ဦးထုပ်မဆောင်းမှုမျိုးကို ဖမ်းဆီးအရေးယူခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ကိုယ်စားလှယ်ကြီးများအနေဖြင့် ပြည်မြို့နယ် ယာဉ်ကြောရှုပ်ထွေးမှုများကို အစည်းအဝေးတွင် အချိန်မီ ဆွေးနွေးခဲ့ပါကြောင်း၊ ယာဉ်ကြောရှုပ်ထွေးမှုအပေါ် ယာဉ်လမ်းကြောင်းပြောင်း သတ်မှတ်မှုမျိုး၊ ပညာပေးဆိုင်းဘုတ်၊ တားမြစ်ချက်ပါဆိုင်းဘုတ်များကို ကျကျနန စိုက်ထူပေးရန်နှင့် လိုအပ်ပါက ပရဟိတအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ရန် သို့သော်လည်း ကော်မတီအနေဖြင့် တင်းကြပ်စွာအရေးယူခဲ့ခြင်းမရှိပါကြောင်း၊ ယာဉ်ကြောရှုပ်ထွေးမှုဖြစ်ပေါ်နေသည့် လမ်းမတော်၊ လမ်းရှည်၊ လမ်းတိုများတွင် ယာဉ်ထိန်းရဲ(၂)ဦး၊ (၃)ဦးခန့်နေ့စဉ် လှည့်ကင်းအနေဖြင့် ဆောင်ရွက်ပေးလိုခြင်း ရှိ/ မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၏ မေးခွန်းအမှတ်စဉ်(၁၊၂)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးမှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ဆက်စပ်မေးခွန်းအမှတ်စဉ်(၁) အနေဖြင့် တရားဝင်ပုံစံ(၇)ထုတ်ပေးထားခြင်း မရှိပါကြောင်း၊ ယခုလက်ရှိဆောင်ရွက်ချက်များကို တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး ထွေ/အုပ် လုပ်ဆောင်ချက်များကို စာဖြင့်ဖြေကြားသွားမည်ဖြစ်ကြောင်း၊ ဆက်စပ်မေးခွန်းအမှတ်စဉ်(၂) အနေဖြင့် ယာဉ်ကြောရှုပ်ထွေးချိန် နံနက်(၀၈း၀၀)နာရီမှ နေ့လယ်(၁၂း၀၀)အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

ဆိုင်ကယ်စီးပြီး ဦးထုပ်မဆောင်းတာကို အရေးယူသည်က ဒါပညာပေးပြီး ဆောင်ရွက်တာဖြစ်ကြောင်း၊ ဆိုင်ကယ် လိုင်စင်ကို ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ(၃)လ သတ်မှတ်ထား၍ ဆက်လက်ပြီး ပညာပေးရင်း အရေးယူပ့ါမယ်။ နောင်တစ်ချိန်မှာ ဆိုင်ကယ်ဦးထုပ်မဆောင်းဘူး၊ သတ်မှတ်ထားသည်ထက် လူပိုမတင်ရဘူး။ ဒါတွေကိုလည်း အရေးယူသွားမည်ဖြစ်ကြောင်း၊ စစ်သည့်အခါ ဆိုင်ကယ်လိုင်စင်၊ ယာဉ်မောင်း လိုင်စင်၊ ဦးထုပ်ဆောင်း မဆောင်းစစ်ပြီး အရေးယူသွားမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့ Cabinet ထိုင်ပြီး ဆုံးဖြတ်ချက်အရ ဧပြီလထပ်တိုးပြီး (၅)လပိုင်းမှ မလုပ်လျှင် ကိုယ်စားလှယ်ကြီးပြောသလို အရေးယူပ့ါမယ်။ ဆိုင်ကယ်လည်းဖမ်း လူလည်းဖမ်းပြီး သွင်းကုန်ထုတ်ကုန်ဥပဒေအရ ထောင်လည်းချမယ် ဆိုင်ကယ်လည်း သိမ်းမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပညာပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်အရေးယူထောင်ချ စသည်တို့ကို ဧပြီလကုန်မှစ၍ ဆက်တိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယာဉ်ကြောရှုပ်ထွေးမှုနှင့် ပတ်သက်၍ ပဲခူးမြို့တွင် စတင် လုပ်ဆောင်နေပြီး အထူးသဖြင့် တရားရုံးရှေ့မှာ ရပ်နေသည့်ကားများကို နေ့တိုင်းတွေ့ရ၍ ယာဉ်မရပ် ရဘူးဟု၍လည်း ပြောထားပါကြောင်း၊ ယခုအပတ်ပညာပေးကာလဖြစ်ပြီး နောက်အပတ်မှစ၍ ကရိန်းကားနှင့် ဆွဲပြီး ဒဏ်ငွေများပေးဆောင်ရန် ချမှတ်ထားပါကြောင်း၊ မိမိတို့ ပဲခူးတိုင်းတွင် ဘေးမှာတုံးကလေး များချပြီး ဆိုင်ကယ်လမ်းသတ်မှတ်ပ့ါမယ်။ အစပိုင်းတော့အသိပေးမည်ဖြစ်ပြီး အဲဒီဆိုင်ကယ်လမ်းက မမောင်းပါက ဆိုင်ကယ်ကိုဖမ်းပါမယ်။ ဆိုင်ကယ်လမ်းမှာ ကားနှင့် ဆိုင်ကယ်တိုက်လျှင် ယာဉ်ကိုအရေးယူပါမယ်။ ယာဉ်လမ်းမှာ ယာဉ်နှင့် ဆိုင်ကယ်တိုက်လျှင် ဆိုင်ကယ်ကို အရေးယူမည်ဖြစ်ကြောင်း၊ ၎င်းနည်းဖြင့် တဖြည်းဖြည်းသွားမှာ ဖြစ်ကြောင်း၊ ပဲခူးမြို့မှာ စတင်နေပါပြီ။ တိုင်း၊ ခရိုင်အလိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိုင်းဒေသကြီး အစိုးရ ကိုယ်တိုင်ကြီးကြပ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဦးသက်ဝင်းလှိုင်၊ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အစိုးရသစ်၏ တရားဥပဒေ စိုးမိုးရေး ဆောင်ရွက်မှု များကို ပြည်မြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် လိုက်ပါဆောင်ရွက်မှုများ အားနည်းနေခြင်းအပေါ် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ကြပ်မတ်အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် လောင်းကစားပြုလုပ်လေ့ရှိသူများ၊ လောင်းကစားဖြင့် ကျော်ဇော သတင်းရှိသူများ၊ လောင်းကစားမှုဖြင့် ထောင်မှ လွတ်မြောက်လာသူ (ပြစ်ချက်ဟောင်းရှိသူ)များအား ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ အပိုင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ အမာခံသတင်းပေးများနှင့် စောင့်ကြည့်သတင်းရယူခြင်း၊ ဖမ်းဆီး အရေးယူခြင်းများအား သက်ဆိုင်ရာခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့များအလိုက် ညွှန်ကြားကြပ်မတ် ဆောင်ရွက် လျက်ရှိပါသည်။

ပြည်မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လောင်းကစား မှုများ ပြုလုပ်နေကြောင်း တိုင်ကြားလာပါက ချက်ခြင်းသွားရောက် အတည်ပြုဖမ်းဆီးစေပါသည်။ အဆိုပါ သတင်းပေး တိုင်ကြားမှုများအပြင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် အထက်ဌာနသို့ တိုင်ကြားစာများအရ ဖြစ်စေ၊ ဖုန်းတိုင်ကြားချက်များ အရဖြစ်စေ သတင်းရရှိပါက တိုင်းရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များကို

တာဝန်ပေးအပ်၍ ခရိုင်ကျော်/မြို့နယ်ကျော် ဖမ်းဆီးအရေးယူစေလျက်ရှိပါသည်။ ခရိုင်ကျော်/ မြို့နယ်ကျော် ဖမ်းဆီးရမိပါက သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်တို့အား ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေ အရ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

မည်သူမဆို လောင်းကစားပြုလုပ်နေကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ သတင်းရရှိလျှင်ဖြစ်စေ ဆက်သွယ်တိုင်ကြား နိုင်ရန် သက်ဆိုင်ရာအပိုင်ရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ တိုင်းရဲတပ်ဖွဲ့မှူးရုံးများ၏ ဖုန်းနံပါတ်များကိုလည်း အများပြည်သူများသိရှိအောင် ကြော်ငြာထားရှိပြီး ဖြစ်ပါသည်။ သတင်းပေးတိုင်ကြားသူများမှာ မည်သူဖြစ်သည်ကို ရဲတပ်ဖွဲ့ဝင်များမှ ပြစ်မှုကျူးလွန်သူများအား ထုတ်ဖော်ပြောဆိုနေမှုများကြောင့် သတင်းပေးတိုင်ကြားသူများမှာ ခြိမ်းခြောက်ခံရခြင်းအခြေနေများ ဖြစ်ပေါ်နေရခြင်းနှင့် ပတ်သက်၍ အချို့သတင်းပေးသူများမှာ ၄င်းတို့ကိုယ်တိုင် မည်သည့်ဌာနသို့ သတင်းပေးတိုင်ကြား ထားကြောင်း ပြောဆိုလေ့ရှိပါသည်။ မြန်မာနိုင်ငံလျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ-၅ တွင် သတင်းတစ်ခုခုကို လက်ဝယ်ထားရှိသူ၊ ကြီးကြပ်ရသူမည်သူမဆို တာဝန်အရ အသိပေးရမည့်သူမှအပ အခြားသူတစ်ဦးဦးအား ဆက်သွယ်ကြားသိစေလျှင် ကျူးလွန်သူကို ထောင်ဒဏ်(၂)နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ချမှတ်နိုင်ပါသည်။ ပြည်သူလူထုမှ သတင်းပေါက်ကြားမှုပြုလုပ်သူကို မြန်မာနိုင်ငံလျှို့ဝှက်ချက် အက်ဥပဒေပုဒ်မ- ၅ အရ အရေးယူဆောင်ရွက်နိုင်ပြီး သတင်းပေးသူနှင့် သတင်းအားရဲတပ်ဖွဲ့ဝင်များထံမှ ပေါက်ကြားမှုရှိပါက မြန်မာနိုင်ငံလျှို့ဝှက်ချက် အက်ဥပဒေပုဒ်မ- ၅ အပြင် ရဲစည်းကမ်းဥပဒေပုဒ်မ-၂၂ အရလည်း အရေးယူဆောင်ရွက်ခြင်း ခံရမည်ဖြစ်ပါသည်။

ပြည်မြို့နယ်အနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း လောင်းကစားဖမ်းဆီးရမိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **အမှု** | **တရားခံ** | **လောင်းကြေးငွေ** |
|---|---|---|
| ၂၈ | ၅၇ | ၁၁၃၁၁၇၅၀/- |

၂၀၁၆ ခုနှစ်အတွင်း ပြည်မြို့နယ်အတွင်း နှစ်လုံးထီ(၂၀)မှု၊ ချဲထီ(၄)မှု၊ အခြားလောင်းကစား(၄)မှု၊ စုစုပေါင်း လောင်းကစားဖမ်းဆီးအရေးယူမှု (၂၈) မှုဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ လောင်းကစားဖမ်းဆီးအရေးယူမှုမှာ အမှု(၇)မှု၊ တရားခံ(၁၉)ဦး၊ လောင်းကြေးငွေ (၃၂၉၄၅၀) ကျပ်ဖြစ်ပါသည်။ လောင်းကစားဒိုင်များနှင့် ပတ်သက်နေသော လူမိုက်များ၏ မိုက်ကြေးခွဲ ရမ်းကားနေမှု ဖြစ်စဉ်များ ပြည်မြို့နယ်တွင်မရှိခဲ့ဘဲ အရက်သေစာသောက်စားပြီး လူငယ်များအချင်းချင်း အုပ်စုဖွဲ့ခိုက်ရန် ဖြစ်ပွားခဲ့ခြင်းမျိုးသာ ဖြစ်ပွားခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ပြည်မြို့နယ်အတွင်း လောင်းကစားမှု ပြုလုပ်လေ့ရှိသည့် နေရာများအား နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ အမာခံ သတင်းပေးများဖြင့် ပေါင်းစပ်၍ စောင့်ကြည့်သတင်းရယူစေပြီး သတင်းရရှိပါက အချိန်နှင့်တစ်ပြေးညီဖမ်းဆီး ဆောင်ရွက်ကာ လောင်းကစားမှုများအား အရှိန်ဟုန်မြင့် အရေးယူဆောင်ရွက်သွားရန် ညွှန်ကြားကြပ်မတ် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ဖုန်းအမှတ် ၀၆၇-၄၁၂၂၂၂၊ ၀၆၇-၄၁၂၄၄၄၊ ပဲခူတိုင်းဒေသကြီး

ရဲတပ်ဖွဲ့မှူးရုံး ဖုန်းအမှတ် ၀၅၂-၂၂၂၃၉၉၉၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဖုန်းအမှတ် ၀၅၂-၂၂၂၂၄၆၈၊ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဖုန်းအမှတ် ၀၅၄-၂၃၀၃၀၊ သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဖုန်းအမှတ် ၀၅၅-၃၀၀၀၇၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဖုန်းအမှတ် ၀၅၃-၂၄၆၆၃ စသည့်ဖုန်းနံပါတ်များသို့ လောင်းကစားပြုလုပ်နေကြောင်း သတင်းပေးတိုင်ကြားလာပါက ချက်ချင်းစောင့်ကြည့်ပြီး လောင်းကစားပြုလုပ်ကြောင်း သတင်း အတည်ဖြစ်ပါက ချက်ချင်းဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်မြို့နယ်အတွင်း လူစည်းကားရာနေရာများတွင် ပေါ်ပေါ်ထင်ထင်လောင်းကစား ပြုလုပ်နေကြကြောင်း သတင်းရရှိပါက လည်းကောင်း၊ တွေ့ရှိပါကလည်းကောင်း အထက်ပါ ဖုန်းနံပါတ်များသို့ သတင်းပေးဆက်သွယ်နိုင်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားသည့်အခါ ယခုလက်ရှိဆောင်ရွက်ချက်များဖြစ်ပြီး ယင်းဆောင်ရွက်ချက်များသည် ထိရောက်မှုမရှိသည့်အတွက် မေးခွန်းအဖြစ် လွှတ်တော်ထဲရောက်လာရခြင်းဖြစ်ပါကြောင်း၊ တိုင်း/ခရိုင် ရဲတပ်ဖွဲ့များကို တိုင်ကြားသည့်အခါ မြို့ကျော်/ နယ်ကျော်စစ်ဆေးတာရှိပြီး သွားရောက်ဖမ်းဆီးတာလည်း တွေ့ရှိရပါကြောင်း၊ ပြည်မြို့ မြို့သစ်ရပ်ကွက် လူမိုက်တစ်ဦးမှ ခေါင်းဆောင်၍ လောင်းကစားဝိုင်းပြုလုပ်နေသည်ကို မိမိကိုယ်တိုင် ရပ်မိရပ်ဖများနှင့် (၃)ကြိမ်တိုင် တိုင်ကြားခဲ့သော်လည်း တစ်ကြိမ် တစ်ခါမှ မိအောင်ဖမ်းဆီးနိုင်ခဲ့ခြင်းမရှိပါဘူး၊ ရုံးဝန်ထမ်းဟောင်းတစ်ဦးလုပ်ကိုင်နေသည်ကို တစ်မြို့လုံးက ရဲဒိုင်လို့ သိရှိသည့်အတွက် ရဲတပ်ဖွဲ့အနေဖြင့် အင်မတန်ရှက်စရာကောင်းလှပါကြောင်း၊ ဒါဟာ မိမိတို့မြို့နယ်၏ လက်ရှိ အနေအထားဖြစ်ကြောင်း၊ မိမိတို့ကို ဖုန်းနံပါတ်ပေးမယ်၊ ပြည်သူကိုတိုင်ခိုင်းမယ်ဆိုရာတွင် ပြည်သူကတိုင်မည့်သူ ရှိလို့ လာရောက်ဖမ်းဆီးသည့်အခါ ကြိုတင်သတင်းရထားသည့်အတွက် ဘယ်သောအခါမှ ဖမ်းမမိပါကြောင်း၊ လောင်းကစားဒိုင်အသေးအဖွဲ့များသာ ဖမ်းမိတတ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီး ဖြေကြားမှုထဲတွင် လောင်းကစားမှု (၁၈)မှုတွင် ဖမ်းမိသည့် ငွေကြေးပမာဏသည် မိမိတို့မြို့နယ်မှာ ဖြစ်ပျက်နေသည့် လောင်းကစား အသိုင်းအဝိုင်းမှာ ရယ်စရာကောင်းသည့် ငွေကြေးပမာဏဖြစ်ကြောင်း၊ ဒါကြောင့် ဒိုင်အသေးအမွှားတွေဘဲ မိနေသည့်အတွက် နောက်ဒီလိုမျိုးမဖြစ်အောင် မည်သို့တင်းကျပ်ပြီး ကြပ်မတ်ဆောင်ရွက်မည်ကို သိရှိလိုသည့် အတွက် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ကိုယ်စားလှယ်ကြီး ပြောသည့်နေရာများကို မှတ်တမ်းတင်ထားပြီး ကိုယ်စားလှယ်ကြီး၏ မြို့နယ်ကိုလည်း ဆက်လက် ဆောင်ရွက် သွားပါ့မယ်။ မည်သို့ကြီးကြပ်ဆောင်ရွက်မလဲဆိုသည်က ပဲခူးအရှေ့ခြမ်း ရွှေကျင်၊ တောင်ငူ၊ ထန်းတပင်မြို့များတွင် လောင်းကစားဝိုင်းနှင့် ပတ်သက်၍ မိမိထံတိုင်ကြားသည့်အခါ ချက်ချင်းတိုင်းရဲတပ်ဖွဲ့မှူးကို ဖုန်းဆက်ပြီး ယင်းလောင်းကစားဝိုင်းကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ကြက်ဝိုင်းနှင့် မူးယစ်ဆေးဝါးကိုလည်း ယင်းဒေသတွင် ဖုန်းဆက်၍ ဖမ်းဆီးနှိမ်နင်းမှုကို လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ မိမိထံသို့ တိုက်ရိုက်ဝင်သည့် ဖုန်းနံပါတ် ၀၉-၄၃၀၁၃၀၀၄၁၊ ၀၉-၅၆၀၇၁၂၊ ၀၉-၇၄၅၃၀၁၃၀၀၄ဖြစ်ပြီး မိမိကိုယ်တိုင်ကြပ်မတ် ကွပ်ကဲပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါကြောင်းနှင့် မိမိတို့ တပ်မတော်သား ရဲတပ်ဖွဲ့များဟာ (၂၄)နာရီ တာဝန်ရှိသည့်အတွက် အချိန်မရွေးဖုန်းဆက်တိုင်ကြားပါက တိုင်းရဲတပ်ဖွဲ့မှူးကို တိုက်ရိုက်ခိုင်းပြီး အချိန်မီ ပြန်လည်တင်ပြနိုင်ပြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံ အချိန်မီပြန်လည်တင်ပြနိုင်ရန် စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးကျော်ဇေယျမေးခွန်းသည် ပဲခူးတိုင်းဒေသကြီး အတွက် အထူးလိုအပ်သောမေးခွန်း ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးကို စိန်ခေါ်နေသည့် လောင်းကစားမေးခွန်းဖြစ်ပြီး (၂၈)မြို့နယ်ကို ဒုက္ခပေးနေသည့် လောင်းကစားဝိုင်း၊ ၂လုံးထီ၊ ၃လုံးထီ၊ အာဝါဒေး၊ ဘောလုံးပွဲများသည် တရားမဝင် အရပ်ဘက်မှ ခွင့်ပြုထားသည့် အခြေအနေရှိကြောင်း၊ ကိုယ်စားလှယ်များ အနေဖြင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဖုန်းနံပါတ်ကို မှတ်သားထားပြီး တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေး၊ ပြည်သူဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အချို့နယ်များတွင် ဆိုးဆိုးဝါးဝါး ထင်ထင်ပေါ်ပေါ် အာဝါဒေး၊ ဂျင်ဝိုင်း၊ ကြက်ဝိုင်းများ ပြုလုပ်နေသည်ကို သိရှိရပါကြောင်း၊ မိမိမဲဆန္ဒနယ်များရှိသည့် အခြေအနေကို အကြောင်းကြားပါမယ်။ တရားဥပဒေစိုးမိုးရေးအတွက် အတတ်နိုင်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လောင်းကစားကျော်ဇောသတင်းရှိသူကို ဥပဒေအရ တစ်ကြိမ် ဆိုလျှင် (၃)နှစ် ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားပါကြောင်း၊ လောင်းကစားနှင့် ပတ်သက်သည့် လောင်းကစားသမားများအား ထိရောက်စွာအရေးယူရန်နှင့် ဆိုးသွမ်းသည့် လူဆိုးလူမိုက်များကို ရာဇဝတ်မှု မကျူးလွန်အောင် ကြိုတင်ကာကွယ်သည့် ပညာပေးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ပြီး ထိရောက်စွာအရေးယူသင့်ကြောင်း ပြောကြားပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးဇော်နိုင်ဦး၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့ မီးသတ်စခန်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်း၍ ပုတီးကုန်းမြို့ မီးသတ်စခန်းတစ်ခုအား မြို့အင်္ဂါရပ်နှင့် လျော်ညီစေရန် လည်းကောင်း၊ မီးဘေးလုံခြုံမှုနှင့် ဝန်ထမ်းများ စီမံအုပ်ချုပ်မှုကွပ်ကဲကြီးကြပ်မှုအဆင်ပြေစေရန်လည်းကောင်း၊ မီးသတ်စခန်းအဆောက်အဦ တည်ဆောက် ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံသွား မည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိပါက ဆောက်လုပ်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ယစ်မျိုးလိုင်စင်များ ချထားခြင်းတွင် ပတ်ဝန်းကျင်နေထိုင်သူများထံမှ ခွင့်ပြုချက် ထောက်ခံစာပါမှသာ လိုင်စင်ချထား၍ ရောင်းချဖွင့်လှစ်ခွင့်ပြုရန်နှင့် လက်ရှိလိုင်စင်ရရှိပြီး ဖွင့်လှစ်ရောင်းချနေသောဆိုင်များကို ပတ်ဝန်းကျင် ထောက်ခံစာဖြင့် ရောင်းချဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းစေခြင်းတို့ကို စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** တို့နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ၁၉၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း၊ ၁၉၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ယစ်မျိုးအမိန့် ဆင့်ဆိုချက်အရလည်းကောင်း၊ ၁၉၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ယစ်မျိုးလက်စွဲဥပဒေများ အရလည်းကောင်း၊ သီးခြားပြဋ္ဌာန်းထားသော အမိန့်ညွှန်ကြားချက်များအရ လည်းကောင်း၊ ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲမှုကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက် ရှိပါသည်။

ယစ်မျိုးဆိုင်ရာ ချက်လုပ်မှု၊ လက်ဝယ်ထားရှိမှု၊ ရောင်းချမှုများနှင့်ပတ်သက်၍ ယစ်မျိုးဥပဒေ၊ နည်းဥပဒေ(၁၄)အရ ကန့်ကွက်လွှာခေါ်ယူခြင်း၊ နည်းဥပဒေ(၁၅)အရ ယစ်မျိုးအကြံပေးအဖွဲ့၏ သဘောထားရယူခြင်း၊ နည်းဥပဒေ(၁၆)အရ ယစ်မျိုးအစီအမံများ ရေးဆွဲခြင်းစသည်တို့ကို ဆောင်ရွက်ရပြီး ယစ်မျိုးဆိုင်များ၏ တည်နေရာများနှင့်ပတ်သက်၍ နည်းဥပဒေ(၂၂၊၂၃)တို့အရ စိစစ်ခြင်း၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၊ ရဲစခန်းနှင့်ပတ်ဝန်းကျင် နေထိုင်သူများ၏ သဘောထားထွက်ဆိုချက်၊ ယစ်မျိုးခွန်အပြေအကြေပေးသွင်းမည်ဖြစ်ကြောင်း ကာယကံရှင်၏ ဝန်ခံချက်စသည့် ထောက်ခံချက်များ ပြည့်စုံစွာပါရှိမှသာလျှင် ယစ်မျိုးလိုင်စင်များ ခွင့်ပြုချထားပေးခြင်းဖြစ်ပါသည်။ ပတ်ဝန်းကျင်မှ ကန့်ကွက်မှုတစ်စုံတစ်ရာရှိခဲ့ပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်၍ ယစ်မျိုးဥပဒေပါ ညွှန်ကြားချက်များအတိုင်း စီမံဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ယစ်မျိုးနည်းဥပဒေ ၁၈၊၁၉၊၂၀ အရ ပဲခူးတိုင်းဒေသကြီးအတွင်း အတည်ပြုဖွင့်လှစ်ခွင့်ပြုသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် နှစ်စဉ်ယစ်မျိုးအစီအစဉ်မှာ ပဲခူးခရိုင်အနေဖြင့် (၁၁၅၃)ဆိုင်၊ တောင်ငူခရိုင်အနေဖြင့်(၈၈၇)ဆိုင်၊ ပြည်ခရိုင်အနေဖြင့် (၁၂၇၉)ဆိုင်၊ သာယာဝတီခရိုင်အနေဖြင့် (၁၅၀၇)ဆိုင်ရှိပြီး စုစုပေါင်းယစ်မျိုးဆိုင်(၄၈၂၆)ဆိုင်ဖြစ်ပါသည်။ အဆိုပါယစ်မျိုးဆိုင်များအား အသစ်ထပ်မံခွင့်ပြုခြင်းမရှိဘဲ ၎င်းဆိုင်အရေအတွက်အတွင်း ယစ်မျိုးလိုင်စင်စီအမည်/လိပ်စာ/လိုင်စင်ပြောင်းလဲလိုကြောင်း တင်ပြလျှောက်ထားလာပါက အမှုတွဲဖွင့်လှစ်၍ မြို့နယ်/ခရိုင်/တိုင်းအဆင့်စိစစ်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်လျက်ရှိပါသည်။

ယစ်မျိုးလိုင်စင်ပယ်ဖျက်မှုနှင့်ပတ်သက်၍ ယစ်မျိုးလိုင်စင်ပါ စည်းကမ်းချက်များဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ယစ်မျိုးဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို ဖောက်ဖျက်လျင်သော် လည်းကောင်း၊ ယစ်မျိုးခွန်ပြေကြေစွာ ပေးသွင်းမှုမရှိလျင် သော်လည်းကောင်း၊ ယစ်မျိုးအက်ဥပဒေ (၂၈၊၂၉) အရ လည်းကောင်း ပယ်ဖျက်နိုင် ကြောင်းပြဋ္ဌာန်းထားရှိပါသည်။

အရည်အသွေးမမီသော အရက်၊ ဘီယာများကို စိစစ်ပိတ်ပင်ရေးနှင့်ပတ်သက်၍ ယစ်မျိုး လုပ်ငန်းများ

ကြီးကြပ်ရာတွင် ယစ်မျိုးဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းပေါင်းစပ် ကြပ်မတ်သွားရန်၊ ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့၊ တိုင်းဒေသကြီး / ခရိုင်/ မြို့နယ် Task Force အဖွဲ့များဖြင့် အောက်ပါအတိုင်းဖွဲ့စည်း၍ အဆင့်ဆင့် ကြပ်မတ် ဆောင်ရွက်လျက် ရှိပါသည်-

- တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
  ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- ရဲမှူးကြီး — ဒုဥက္ကဋ္ဌ
  တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး
- ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
  တိုင်းဒေသကြီးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
- ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
  တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
- ကျန်းမာရေးဦးစီးမှူး — အဖွဲ့ဝင်
  တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
- လက်ထောက်ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
  ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- တိုင်းရဲမှူးဦးစီး — တွဲဖက်အတွင်းရေးမှူး
  တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

ယစ်မျိုးလိုင်စင်များအား စနစ်တကျရှိစေရေးအတွက် မိမိကွပ်ကဲမှုအောက် မြို့နယ်များတွင်းရှိ ယစ်မျိုးနှိမ်နင်းရေးအဖွဲ့ဖြင့် ရှောင်တခင်လိုက်လံစစ်ဆေးမှုများ ဆောင်ရွက်လျက် ရှိပါကြောင်း ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် တရားမဝင်ယစ်မျိုးဆိုင်များ ပပျောက်ရေးအတွက် ပညာပေး ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ယစ်မျိုးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ ပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ သဘောထား ထွက်ဆိုချက် ရယူပြီးမှသာလျှင် လုပ်ငန်းလိုင်စင်ခွင့်ပြု ဆောင်ရွက် ပေးလျက်ရှိပါကြောင်းနှင့် လက်ရှိလိုင်စင်ရရှိပြီး ဖွင့်လှစ်ရောင်းချနေသော ဆိုင်များအား ပတ်ဝန်းကျင်မှ ကျေနပ်မှုမရှိဘဲ တိုင်ကြားမှုများရှိလာပါက စိစစ်၍ ခိုင်လုံမှုရှိပါက ယစ်မျိုးအကြံပေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လိုင်စင်ပိတ်သိမ်း ခွင့်ပြုနိုင်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ မိမိမေးခွန်းနှင့် ပတ်သက်ပြီး ဝန်ကြီးဖြေကြားထားသည့်အချက် (၃)ချက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်သဘောထား၊ ပညာပေးလုပ်ငန်း၊ တိုင်ကြားစာကို စိစစ်မှုတိုင်းမှာ လိုင်စင်ပိတ်သိမ်းသည်ကို အဓိကထား ဖြေကြားထားပါကြောင်း၊ မူဝါဒစီမံချက် အကောင်အထည်ဖော်ရေး၊ ဘဏ္ဍာငွေတောင်းခံသည့် မေးခွန်းတွင် ဘဏ္ဍာငွေမလောက်၍ မပေးနိုင်ဟု ဖြေကြားလျှင် မိမိတို့အနေဖြင့် ဆက်စပ်မေးခွန်း မေးမြန်းစရာမရှိပါကြောင်း၊ စီမံချက်တောင်းရာတွင် လက်ရှိ ဖြေကြားထားသည့် ယခင်စီမံချက်များသည် လက်တွေ့မြေပြင်မှာ ထိထိရောက်ရောက် အကောင်အထည် မပေါ်သည့်အတွက် ပိုမိုကောင်းမွန်သည့် နည်းလမ်းများကို တောင်းဆိုပြီး မေးမြန်းရခြင်းဖြစ်ကြောင်း၊ ဝန်ကြီး ဖြေကြားထားသည့် နည်းဥပဒေ ၂၂၊ ၂၃ ဆိုင်၏တည်နေရာ၊ ယစ်မျိုးဆိုင်များ၏ တည်နေရာကို မိမိတို့အားလုံး လေ့လာသိရှိပြီးဖြစ်၍ ဒီမေးခွန်းမေးကတည်းက ဒါတွေအားလုံးပြည့်စုံအောင် မေးမြန်းရခြင်းဖြစ်ကြောင်း၊ နည်းဥပဒေ ၂၄ သောက်သုံးနိုင်သည့် အရက်လက်လီရောင်းချသည့်ဆိုင်၊ ထိုအရက်ကို ဝယ်ယူလိုသူတို့ ဝင်ထွက်သွားနိုင်သည့်နေရာ၊ သို့ရာတွင် အများပြည်သူတို့ ရှုမြင်နိုင်သည့်နေရာ၊ ၎င်းဆိုင်တွင် စားသောက်နေသူများက ဖြတ်သန်းသွားလာသူများကို အနှောက်အယှက်ဖြစ်စေသည့် နေရာများတွင်လည်းကောင်း မရှိစေရ။ ထိုသို့ လက်လီရောင်းချသည့် ဆိုင်တစ်ရပ်ရပ်ကို တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးခွင့်ပြုချက်မရှိဘဲ ရန်ကုန်မြို့ဖြစ်ပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်း၊ စေတီပုထိုးစသော အများပြည်သူပိုင် စုဝေးဝတ်ပြုကိုးကွယ်သည့်နေရာများ စသည့်အများပြည်သူ ဝင်ထွက်သွားသည့်နေရာ အရပ်ဒေသတစ်ခုခု၏ အဝင်အဝတွင်ဖြစ်စေ ယင်းတို့၏ အနီးတဝိုက်တွင်ဖြစ်စေ ခွင့်ပြုချက်မပေးရဟု နည်းဥပဒေ ၂၂တွင် ဖော်ပြထားပါကြောင်း၊ ဒီမေးခွန်းကို မေးမြန်းသည့်အခါ ယင်းမေးခွန်းနှင့် ပတ်သက်၍ လေ့လာသိရှိပြီးသားဖြစ်ပြီး အများပြည်သူများမသိရှိသည့်အတွက် ယစ်မျိုးဆိုင်ရာ ပတ်ဝန်းကျင် သဘောထားထောက်ခံချက်ကို ဒေသခံပြည်သူများက ညွှန်ကြားချက်မသိရှိဘဲ ပတ်ဝန်းကျင်သဘောထားထောက်ခံချက် ပေးလိုက်ပါက အောက်ခြေအဆင့်ကနေပြီး အစိုးရအဖွဲ့ကို လုပ်ကြံနေသည်ဟု မိမိအနေဖြင့် ယူဆချင်ပါကြောင်း၊ ဒါတွေကိုမသိဘဲ ပညာပေးလုပ်ငန်းများလုပ်နေသည်ဆိုတာ ထိရောက်မှုမရှိဟု မိမိအနေဖြင့် သုံးသပ်မိပါကြောင်း၊ ပြည်ထဲရေးဝန်ထမ်းများက စာသင်ကျောင်းများတွင် ပညာပေးလုပ်ငန်းများကို တစ်နှစ်လျှင်တစ်ကြိမ် ပြုလုပ်ပေးသည်ကို လေ့လာသိရှိပါကြောင်း၊ တစ်ကယ့်ရပ်ကွက်တွင်း၊ ဒေသတွင်း၊ ရပ်ရွာတွင်း ပညာပေးလုပ်ငန်းများ လုပ်တာကို မတွေ့ရပါကြောင်း၊ တိုင်းကြားလာပါက စိစစ်ပြီး ခိုင်မာမှုရှိပါက လိုင်စင်ပိတ်သိမ်းမည်ဟု ဖြေကြားထားပါကြောင်း၊ မိမိတို့ သဲကုန်းမြို့နယ်တွင် လောင်းကစားကို ဆိုင်နှင့် ဝိုင်းနှင့် ကျင်းပနေသည်ကို သိရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးလုံးက သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးကို ဒါတွေတားမြစ်ပေးရန် တင်ပြပါကြောင်း၊ ညနေမှာ ချက်ချင်းလောင်းကစားဝိုင်းကျင်းပသည့် ပြည်သူများရောက်ရှိလာသည့်အတွက် မိမိတို့တောင် လုံခြုံမှုမရှိလျှင် တိုင်ကြားသည့် ပြည်သူများ လုံခြုံမှုမရှိသည့်အတွက် ကြပ်မတ်ပေးရန်ဖြစ်ကြောင်း၊ ဖြေကြားချက်ထဲတွင်လည်း ပဲခူးတိုင်းတစ်ခုလုံးတွင် Register shop (၄၈၂၆)ဆိုင်ရှိသည်ဟု ဝန်ကြီးအနေဖြင့် ဖြေကြားထားကြောင်း၊ Register shop ရှိနေတယ်ဆိုလျှင် ယင်းစာရင်းကို ကိုင်ပြီး ဒီမြို့နယ်မှ တရားဝင်လိုင်စင်ရဆိုင် ဒါတွေဖြစ်တယ် ဒါကြောင့်လိုင်စင်မရှိသည့်ဆိုင်ကို ပိတ်သိမ်းရန် မည်သို့စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း

ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။ လိုင်စင်ရပြီးသားဆိုင် ဖြစ်ရင်တောင် တစ်ကယ်ပတ်ဝန်းကျင် သဘောထားကို တိတိကျကျရယူပြီး ဥပဒေအရ ပိတ်သိမ်းသင့်သည့်ဆိုင်ဆိုလျှင် ပိတ်သိမ်းမည်ဖြစ်ကြောင်းနှင့် မိမိအနေဖြင့် ပိတ်သိမ်းပိုင်ခွင့်ရှိပါသလား ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဒီမေးခွန်းအားလုံးကို မှတ်သားထားရှိပြီး စာဖြင့် ပြန်လည်၍ ပေးပို့ဖြေကြား ပေးပါမည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နိုင်ငံသားစိစစ်ရေးကတ်ပြား တွင် လူမျိုးအမည်ကွဲလွဲနေသည်ကို သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတွင်သာ ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ နိုင်ငံသား စိစစ်ရေးကတ်ပြား လျှောက်ထားမှုများနှင့်ပတ်သက်၍ နိုင်ငံသားကိုယ်ရေး မှတ်တမ်းနိုင်-၂အပါအဝင် ရုံးမှတ်ပုံတင်စာရင်းများတွင် ရေးသွင်းရသည့် အချက်အလက်များသည် နိုင်ငံသားအရည်အချင်းရှိ/မရှိ ဆုံးဖြတ်ရာတွင် အလွန်အရေးကြီးသဖြင့် အချက်အလက်များ မှန်ကန်တိကျမှုနှင့် အငြင်းပွားဖွယ်ရာ မဖြစ်စေရန်အတွက် ကာယကံရှင်၏ တရားဝင်ပြောဆို တင်ပြချက်များကို အခိုင်အမာရယူကာ မှတ်တမ်းအထောက်အထားများဖြင့် တိုက်ဆိုင်စိစစ်၍ မိမိတို့ဝန်ထမ်းပိုင်းက ရေးသွင်းနည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးသွင်းပေးရခြင်းသာဖြစ်ပြီး ကာယကံရှင်မှ လျှောက်ထားချက်များ မှန်ကန်ကြောင်း တာဝန်ယူ လက်မှတ်ရေးထိုးရပါသည်။

ထို့ကြောင့် လူမျိုးအမည် ရေးသွင်းခြင်းသည် ရေးသွင်းသူက မိမိသဘောဖြင့် စတင်ရေးသွင်း ရခြင်းမျိုး မဟုတ်ဘဲ မိဘအထောက်အထားများနှင့် ရှေ့နောက်ညီညွတ်မှန်ကန်သည့် ကာယကံရှင်တို့၏ ပြောဆိုချက်အတိုင်းသာ ရေးသွင်းပေးရခြင်းဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ကိုယ်ရေးမှတ်တမ်းပုံစံ နိုင်-၂ပါအတိုင်း ဖော်ပြရေးသား ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် လူမျိုးအမည် မှားယွင်းမှုများ ရှိပါက လူမျိုးအမှန်ပြင်ဆင်ပေးနိုင်ရေးအတွက် မိမိဝန်ကြီးဌာနတွင် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များရှိပြီး ဖြစ်သည့်အပြင် လက်ရှိတွင်လည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကာယကံရှင်များ၏ ပုဂ္ဂိုလ်ရေး အချက်အလက်များဖြစ်သဖြင့် ကာယကံရှင်များကိုယ်တိုင် ခိုင်လုံသော အထောက်အထားများဖြင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးတွင် လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပြီး၊ မြို့နယ်ဦးစီးမှူးရုံးမှ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူ တစ်ဦးချင်းအလိုက် စိစစ်၍ အမှုတွဲတည်ဆောက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးမှ တစ်ဆင့် သဘောထားမှတ်ချက်များနှင့်အတူ ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် လူမျိုးအမည်ဖော်ပြချက်သည် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ခွင့်ပြုခြင်း လုပ်ငန်းစဉ်တွင် အရေးကြီးသော မူဝါဒဆိုင်ရာလုပ်ငန်းတစ်ရပ်အဖြစ် အကျုံးဝင်နေခြင်းကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကိုယ်ရေးမှတ်တမ်းများပါ လူမျိုးအမည်ပြင်ဆင်ခွင့်အား ဦးစီးဌာန(ရုံးချုပ်)သို့ စိစစ်တင်ပြ၍ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး အထောက်အထားပြည့်စုံစွာဖြင့် တင်ပြလျှောက်ထားလာပါက ကြန့်ကြာမှုမရှိစေရန် အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးလျှက်ရှိပါကြောင်းနှင့် မြို့နယ်ဦးစီးမှူးရုံးတွင်သာ ဆောင်ရွက်ပေးရန် မိမိဌာနမှ အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မြို့နယ်များတွင် စုံခုံအဖွဲ့များ စစ်ဆေးသောအခါ ဘက်လိုက်မှုကင်းပြီး တရားမျှတသော စုံခုံအဖွဲ့များ ပေါ်ပေါက်လာစေရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်း၍ မြို့နယ်များတွင် တိုင်စာများ စစ်ဆေးဆောင်ရွက်သည့်အခါ ဘက်လိုက်မှုများ မရှိစေရေးအတွက် ဌာနဆိုင်ရာတစ်ခု (သို့မဟုတ်) တစ်ဦးတစ်ယောက်အား တာဝန်ပေးအပ်ခြင်းမပြုဘဲ သက်ဆိုင်ရာ ဆက်စပ်ဌာနများပါဝင်သော ပူးပေါင်းအဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ မြေပြင်ကွင်းဆင်းခြင်း၊ ပတ်သက် ဆက်နွယ်သူများအား စစ်ဆေးချက်များရယူခြင်း၊ အဖွဲ့ဝင်အားလုံး၏ အကြံဉာဏ်ရယူ၍ အဆုံးအဖြတ် ရယူခြင်း၊ လိုအပ်ပါက ဒေသခံရပ်မိရပ်ဖများ၏ အကြံဉာဏ်ရယူဆောင်ရွက်ခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ခိုင်လုံသော အကြောင်းပြချက်၊ အထောက်အထားများအပေါ် အခြေခံ၍ စစ်ဆေးဆုံးဖြတ်ခြင်းတို့ဖြင့် ဘက်လိုက်မှုကင်းပြီး တရားမျှတသော စုံခုံအဖွဲ့များ ပေါ်ပေါက်လာစေရေး အလေးအနက်ထား စီမံဆောင်ရွက်လျက်ရှိပါသည်။ စုံခုံအဖွဲ့တွင် တာဝန်ပေးအပ်ခြင်းခံရသည့် ဌာနဆိုင်ရာ အကြီးအကဲသည် မိမိတို့၏ မူလလုပ်ငန်းတာဝန်များအပြင် အစိုးရအဖွဲ့ လုပ်ငန်းတာဝန်များအား ထမ်းဆောင် သည်ဟု မှတ်ယူစေပြီး တာဝန်ပေးအပ်ရပါသည်။ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲသည် သက်ဆိုင်ရာဌာန၏ မြို့နယ်အဆင့် တာဝန်ခံများဖြစ်ပြီး စုံစမ်းစစ်ဆေးရေး အတွက် အထူးလေ့ကျင့်ပေးထား သူများမဟုတ်ပါ။ သို့ရာတွင် မျှတမှန်ကန်ပြီး စုပေါင်းခေါင်းဆောင်မှု၊ ကိုယ်စီ တာဝန်ယူမှုများဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် အချင်းချင်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများဖြင့် အမှားအယွင်းကင်းအောင် စီမံဆောင်ရွက် လျှက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝန်ကြီးဖြေကြားရာတွင် မိမိတို့မြေပြင်တွင် ဖြစ်နေသည်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နစ်နာသူများ တိုင်ကြားမှုအပေါ် တစ်ချို့တိုင်ကြားစာများမှားတာရှိသလို တစ်ချို့မှန်တာတွေလည်း ရှိကြောင်း၊ မှားလျှင် မှားသည့်အတိုင်း စုံခုံအဖွဲ့မှ စစ်ဆေးမေးမြန်းပြီး၊ မှန်လျှင်လည်း မှန်သည့်အတိုင်း ဘက်လိုက်မှုကင်းပြီး သမာသမတ်ကျသည့် ပုံစံမျိုးဖြစ်စေချင်ကြောင်း၊ မြို့နယ်တိုင်းစုံခုံက အမတန်အရေးကြီးသည့်အတွက် ဒေသခံပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြသည့်အခါ သူတို့၏ နစ်နာချက်များကို စုံခုံအဖွဲ့မှ မဆိုင်သည့်ကိစ္စများကိုသာ မေးပြီးသူတို့လည်း ရေးချင်သလိုရေးပြီး လူကြီးမင်းတို့ကို မေးမြန်းတာ ဒါတွေပါဆိုပြီး လက်မှတ်ထိုးခိုင်းတယ်။ ပွင့်လင်းမြင်သာမှုရှိအောင် ပြန်မပြဘဲ လွဲမှားမှုတွေဖြစ်နေပါကြောင်း၊ ဥပမာ ပုဂံကျေးရွာအနီး လယ်ပတောရိုးနှင့် ဖွံ့ဖြိုးရေးတူးမြောင်းသည်၊ T ပုံစံတူးထားပါကြောင်း၊ ၂၀၁၄-၂၀၁၅ခုနှစ်တွင် တိုင်းဒေသကြီးဘတ်ဂျက်နှင့် ဆည်မြောင်းက တူးပေးသည့်အခါ ဆည်မြောင်းဥပဒေအတိုင်း ဆိုင်းဘုတ်တွေစိုက်ထူပါကြောင်း၊ သို့သော်တူးသွားသည့် ၂၀၁၄ခုနှစ်အကုန်မိုးရာသီမှာ ကယ်ဂျတ်တွေနဲ့လုပ်ပြီး အချိန်အခါမဟုတ် မိုးရွာသည့်အခါ ဒီကယ်ဂျတ်က မြေအိတ်တွေကိုဖို့ ပြီးရေစိမ့်စေဖို့ အသေပိတ်ပြီးကာထားသည့်အတွက် ဒေသခံများအခက်အခဲရှိသည်ကို အချိန်နှင့် တပြေးညီတင်ပြခြင်းဖြစ်ကြောင်း၊ ၂၀၁၄ခုနှစ်ဆည်မြောင်းဦးစီးမှူးက ဒီနှစ်တစ်နှစ်တည်းပါဟု ပြောကြားသော်လည်း ၂၀၁၅ခုနှစ်မှာလည်း ဒီလိုဘဲဖြစ်လာပြီး T ပုံစံ ပတောရိုးတူးမြောင်းထပ်ကောသည့်အတွက် ပွင့်လင်းမြင်သာမှုမရှိကြောင်း၊ ၂၀၁၆ခုနှစ် ကာလရောက်မှ ပြည်သူတင်သည့် အစိုးရဖြစ်လာသည့်အခါ ဥပဒေများ၊ စည်းကမ်းများ ရှိရဲ့သားနဲ့ ယင်းကိစ္စကို ကွင်းဆင်းကြည့်သည့်အခါ တိုင်းဒေသကြီးညွှန်ကြားရေးမှူးက တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့နှင့် အဖွဲ့ဖွဲ့ပြီး ပြန်စစ်သည့်အခါ တလွဲစီဖြစ်နေကြောင်း၊ ဒေသခံပြည်သူများ၏ တင်ပြချက်များ၊ စည်းမျဉ်းစည်းကမ်းအတိုင်းတစ်ခုမှ မပါဘဲ ဝန်ကြီးချုပ်ကိုယ်စားဝန်ကြီးတစ်ဦးမှ လက်မှတ်ထိုးပြီး စာထွက်ထားပါကြောင်း၊ အဲဒီကယ်ဂျက်ကို တစ်ချိန်တည်းမှာ ကျေးရွာအုပ်ချုပ်ရေးမှူးသဘောထားမှတ်ချက်၊ လယ်သမား(၁၂)ဦးမှ ယင်းကိစ္စကို လက်ခံထားသည့်အတွက် ခွင့်ပြုထားပါကြောင်း၊ ပြည်သူတင်ပြချက်ကို သူတို့ဘဲ ပြန်စစ်ပြီး သူတို့ဘဲဆုံးဖြတ်ချက်ချတယ်။ ပြည်သူများ၏ သဘောဆန္ဒဘာမှ မပါဝင်ဘဲ စာရွက်ပေါ်မှာသာ ဖြေရှင်းချက်များကောင်းမွန်ပြီး မြေပြင်မှာ ဒါမျိုးမဟုတ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ပြည်သူ့ကိုယ်စားပြုဖြစ်သည့်အတွက် ယင်းအုပ်ချုပ်ရေးမှူးထဲက လူကိုစစ်သည့်အခါ သူတို့လုပ်တာမဟုတ်ဖူးပြောရဲ့သားနဲ့ စုံခုံအဖွဲ့ကဘက်လိုက်သည်ကို မည်သို့အရေးယူမလဲ။ စုံခုံစစ်ဆေးပြီးလျှင် မြို့နယ်အုပ်ချုပ်ရေးမှူးက ယင်းစုံခုံသုံးသပ်ချက်သဘောထားမှတ်ချက် ရေးသားစစ်ဆေးပြီး ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးကို တင်ပြပြီးပါက တိုင်းဒေသကြီးထံ တင်ပြရပါကြောင်း၊ ဒီလိုဖွဲ့ပေးလိုက်သည့်စုံခုံက အင်မတန်အရေးကြီးပါကြောင်း၊ လိုရင်လိုသလို၊ မလိုရင်မလိုသလို အမြင်ကတ်ပုဒ်မနှင့် လုပ်နေသည့်ပုံစံပေါက်နေကြောင်း၊ ခင်တန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဘဏ်ချေးငွေ ၁၅၀ဝိ/- တောင်သူများထံမှ ဖြတ်သည်ကို စစ်သည့်အခါ ပထမ အုပ်ချုပ်ရေးမှူးဦးသန်းအောင်လက်ထက်က စစ်တယ်မပေါ်ဘူး၊ ယခုပြောင်းလာသည့် အုပ်ချုပ်ရေးမှူးက စီမံခန့်ခွဲမှုအားကောင်းပြီး လုပ်ထုံးလုပ်နည်းကျွမ်းကျင်သည့်အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးကို ခေါင်းဆောင်ထားပြီး ပြန်စစ်သည့်အခါ ခင်တန်းကြီးအုပ်ချုပ်ရေးမှူး ဘဏ်ချေးငွေ ၁၅၀ဝိ/- ကောက်တာပြန်ပေါ်ကြောင်း၊ မိမိတို့မြို့နယ်များတွင် ဒီလို အခက်အခဲတွေရှိနေသည်ကို သိရှိအောင် တိုင်ကြားထားသည့် အုပ်ချုပ်ရေးမှူးကို ထိထိရောက်ရောက်နှင့်

ပွင့်လင်းမြင်သာမှုရှိအောင် သမာသမတ်ကျကျ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဒီမေးခွန်း အကြောင်းအရာထဲတွင် ရောထွေးနေပြီး ဆည်မြောင်း၊ လယ်ဆည်၊ ထွေအုပ်ပါဝင်နေကြောင်း၊ မိမိတင်ပြချင် သည်က စုံခုံကိစ္စဖြစ်ကြောင်း၊ စုံခုံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စွပ်စွဲခံ တရားခံ၏ရှေ့မှာ သက်သေခေါ်ရပါတယ်။ ဘာကြောင့် သက်သေခေါ်ရသလဲဆိုတော့ မဟုတ်မမှန်တာတွေကို သူတို့ထွက်ဆိုချက်ပေးသည့် အချိန်မှာ စွပ်စွဲခံ ရသူ တရားခံက ပြန်လည်မေးခွန်းထုတ်၍ ရပါကြောင်း၊ စုံခုံကို စွပ်စွဲခံရသူရှေ့မှာ သက်သေအများကြီးခေါ်ယူ စစ်ဆေးပြီး သက်သေကို အစွပ်အစွဲခံရသူရှေ့မှာ စစ်သည့်အခါသက်သေက ဘာပြောတယ်ညာပြောတယ် သူတော့ပြောသည့်အတိုင်း ရေးပြီးတာနဲ့ စွပ်စွဲခံရသူ ဦး-----------က ဒီကိစ္စနှင့် ပတ်သက်ပြီး ခင်ဗျားဘက်က ဘာမေးချင်သလဲ၊ တရားရုံးမှာ မေးလို့ရပါကြောင်း၊ စွပ်စွဲခံရသူကို မေးဆိုလျှင် သက်သေက ဖြေရပါကြောင်း၊ မိမိတို့က တရားခံရှေ့မှောက်မှာမေးပြီး ထွက်ဆိုချက်ယူသည့်ပုံစံနှင့် သွားပါကြောင်း၊ ဘက်လိုက်သည့်ပုံစံမျိုး မဖြစ်အောင် ဒီနည်းလမ်းဖြင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လူ(၅၀)စစ်လိုက်တယ်၊ စုံခုံဥက္ကဋ္ဌက ဘက်လိုက်တာဖြစ်လျှင် ကျန်အဖွဲ့ဝင်(၃)ဦးက သူတို့ကိုယ်တိုင် မေးလို့ရပါကြောင်း၊ စွပ်စွဲခံရသူကလည်း မေးလို့ရကြောင်း၊ စုံစမ်းစစ်ဆေးရေး အဖွဲ့ကလည်း မေးလို့ရပါကြောင်း၊ အဲဒီမေးခွန်းတွေ မေးမြန်းပြီးမှသာ ထွက်ဆိုချက်တစ်ခုဆိုတာဖြစ်လာပြီး ယင်းထွက်ဆိုချက်များ ပူးပေါင်းပြီးမှ ထွက်ဆိုချက်သက်သေအမှတ်(၁)၊ ထွက်ဆိုချက်(၂)၊ ထွက်ဆိုချက်(၃)များကို စုပြီးမှ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ထင်မြင်ယူဆချက်ဖြစ်ပေါ်လာတယ်။ ယင်းထင်မြင်ယူဆချက်ပေါ်လာမှ ဥက္ကဋ္ဌ ကိုယ်တိုင်လက်မှတ်ထိုးပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် စီစဉ်ခိုင်းသည့်ဝန်ကြီးဌာနပို့ရမှာဖြစ်ပြီး ၄င်းဝန်ကြီးဌာနမှ ဒါဟာမဖြစ်နိုင်ဘူး သူကိုယ်တိုင်သိရှိသည်ဆိုပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ပယ်ဖျက်ပြီး နောက်ထပ်အဖွဲ့တစ်ဖွဲ့ ဖွဲ့လို့ရကြောင်း၊ နောက်တစ်ဖွဲ့ ဖွဲ့ပြီးမှပေါ်လျှင် အရင်တစ်ခုကို အရေးယူနိုင်ကြောင်း၊ ဒီပုံစံနဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သေချာစွာဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက်သွား မှာ ဖြစ်ကြောင်းလေးစားစွာ ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**“သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်ရှိ မီးသတ်စခန်းအတွက် လုံလောက်သော မြေနေရာအကျယ်အဝန်းရှိသည့် မီးသတ်စခန်းမြေနေရာတစ်ခု သတ်မှတ် ချထားပေးရန်နှင့် ယိုယွင်းပျက်စီးလျက်ရှိသော ဝန်ထမ်းအိမ်ရာအား အလျား ပေ(၉၀)×အနံ ပေ(၃၀)ရှိ (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာသစ် တစ်ခုကို တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ”** တို့နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းအတွင်း မီးသတ်စခန်း

(၉)ခု၊ ဝန်ထမ်းအိမ်ရာ(၈)ခုအား တင်ပြတောင်းခံခဲ့သော်လည်း ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်တွင် မီးသတ်စခန်း (၆)ခုနှင့် ဝန်ထမ်းအိမ်ရာ (၃)ခုသာ ခွင့်ပြုခဲ့ပါသည်။ သနပ်ပင်မြို့နယ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြတောင်းခံ၍ ခွင့်ပြုရန်ပုံငွေရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]။ ။** ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သနပ်ပင်မြို့နယ်၊ အနောက်ဖက်ခြမ်းရှိ ကျေးရွာနှင့် ရပ်ကွက်အုပ်စု (၁၉)အုပ်စုအတွက် ရဲကင်း (သို့မဟုတ်) နယ်မြေအပိုင် ရဲစခန်းတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ သနပ်ပင်မြို့နယ်၊ အနောက်ဘက်ခြမ်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၁၉)အုပ်စုမှာ သနပ်ပင်မြို့မရဲစခန်းအပိုင်နယ်မြေအတွင်း တည်ရှိပါသည်။ ၎င်းကျေးရွာအုပ်စုများအနက် သနပ်ပင်မြို့မ ရဲစခန်းနှင့် အလှမ်းကွာဝေးသော ကျေးရွာများမှာ ကမာစဲကျေးရွာ၊ ခလပ်ကျေးရွာ၊ လှာပကစ်ကျေးရွာအနီး ကိုက်ကျေးရွာ၊ ထပ်ခနိမ်ကျေးရွာ၊ ဇီးပင်ကျေးရွာ၊ တာဝရေတံခါး ကျေးရွာ၊ စဉ့်အိုးဘိုကျေးရွာ၊ အနောက်တံခွန်တိုင်ကျေးရွာ၊ မိုးခိုင်ကြီးကျေးရွာ၊ မိုးခိုင်လေးကျေးရွာ၊ ကျိုက်မဲကျေးရွာ၊ ကျိုက်ပဒိုင်ကြီးကျေးရွာနှင့် ကျိုက်ပဒိုင်လေး ကျေးရွာတို့ဖြစ်ပါသည်။

ကမာစဲကျေးရွာ၊ ခလပ်ကျေးရွာ၊ လှာပကစ်ကျေးရွာ၊ အနီးကိုက်ကျေးရွာ၊ ထပ်ခနိမ်ကျေးရွာနှင့်ဇီးပင် ကျေးရွာတို့သည် သနပ်ပင်မြို့မရဲစခန်း၏ အရှေ့တောင်ဘက် (၇)မိုင်ခန့်အကွာတွင်တည်ရှိပြီး လူနေသိပ်သည်း ခြင်းနှင့် မှုခင်းဖြစ်ပွားမှုမှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလာခြင်းတို့ကြောင့် ၂၄. ၁၁. ၂၀၁၅ ရက်နေ့တွင် သနပ်ပင်မြို့မရဲစခန်းမှ ထုတ်နုတ်အင်အား(၁+၅)ဦးဖြင့် ကမာစဲနယ်မြေရဲကင်းဖွင့်လှစ်၍ နယ်မြေလုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကျန်ရှိသော ကျေးရွာများဖြစ်သည့် တာဝရေတံခါးကျေးရွာ၊ စဉ့်အိုးဘိုကျေးရွာ၊ အနောက်တံခွန်တိုင် ကျေးရွာ၊ မိုးခိုင်ကြီးကျေးရွာ၊ မိုးခိုင်လေးကျေးရွာ၊ ကျိုက်မဲကျေးရွာ၊ ကျိုက်ပဒိုင်ကြီးကျေးရွာနှင့်ကျိုက်ပဒိုင်လေး ကျေးရွာတို့မှာ သနပ်ပင်မြို့မရဲစခန်း၏ အနောက်တောင်ဘက်(၇)မိုင်ခန့်ကွာဝေး၍ ပဲခူးမြို့နယ်၊ ကဝမြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။ အဆိုပါ ကျေးရွာများ၌ ၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပွားသော အမှုများမှာ လူသတ်မှု (၁)မှု၊ ခိုးမှု(၁)မှု၊ ကျန်အခြားမှု(၇)မှု၊ စုစုပေါင်း(၉)မှု ဖြစ်ပွားခဲ့ပြီး ကြိုတင်ကာကွယ်မှု အနေဖြင့် ခြေချုပ်(၁)မှု၊ ယစ်မျိုး(၃)မှု၊ စုစုပေါင်း(၄)မှု အရေးယူဆောင်ရွက်နိုင်ခဲ့သည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အနောက်ဘက်ကျေးရွာရပ်ကွက်(၁၉)အုပ်စုတွင် ပွင့်လင်းရာသီ၌ ကုန်းလမ်းခရီးဖြင့် အသုံးပြုနိုင်သော်လည်း မိုးရာသီတွင် ရေလမ်းအသုံးပြုရသော ကျေးရွာများဖြစ်၍ လမ်းပန်းဆက်သွယ်မှု အခက်အခဲ၊ ရာသီဥတုအခြေအနေများကြောင့် မှုခင်းဖြစ်ပွားမှု တိုးလာနိုင်ဖွယ်ရာရှိသဖြင့် အဆိုပါကျေးရွာရှိ ပြည်သူများအတွက် နယ်မြေလုံခြုံရေး တရားဥပဒေစိုးမိုးရေး ဖြစ်ပွားလာမည့် မှုခင်းများကို အချိန်နှင့် တစ်ပြေးညီ ဖော်ထုတ်နိုင်ရေးအတွက် ရွာစင်ကျယ်လှည့်ကင်းများဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

နယ်မြေအနေအထားအရ နယ်မြေရဲကင်းဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်ပါက ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုမိန့်တောင်းခံ ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းနံပါတ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။**"ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အနောက်ဘက်ခြမ်းရှိ ကျေးရွာနှင့် ရပ်ကွက်အုပ်စု (၁၉)အုပ်စုအတွက် ရဲကင်း သို့မဟုတ် နယ်မြေအပိုင်ရဲစခန်းတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/ မရှိ"** စပ်လျဉ်းသည့်မေးခွန်း ဖြေကြားထားသည့် အချက်မှာ ပြည်သူများအတွက် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဖြစ်ပွားမည့် မှုခင်းများကို အချိန်နှင့် တပြေးညီ ဖော်ထုတ်နိုင်ရေးအတွက် ရှာစဉ်လှည့်ကင်းများဖြင့် ဆောင်ရွက်ပေးသွားမည်ဟု ဖြေကြားထားပါကြောင်း "ပေးသွားမယ်" ဆိုသည့်စကားက မလုပ်သေးဘူး လုပ်သွားမည်ဟု ဆိုလိုပြီး "ပေးလျက်ရှိပါတယ်"ဆိုသည့် စကားက လုပ်နေသည်ဟု ဆိုလိုပါကြောင်း၊ လက်ရှိမြေပြင်အခြေအနေမှာ မလုပ်ပေးသည့်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရန် တောင်းဆိုခြင်းဖြစ်ကြောင်း၊ နယ်မြေအနေအထားအရ နယ်မြေပိုင် ရဲကင်းဖွင့်လှစ်ရန်လိုအပ်ပါကဆိုတာ ပြည်သူအတွက် တကယ်လိုအပ်လို့ တကယ်အကျိုးရှိအောင် မေးမြန်းခြင်းဖြစ်ကြောင်း၊ လိုအပ်ပါက တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနကို တင်ပြ၍ ခွင့်ပြုမိန့်တောင်းခံရန်ဆိုတာက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်ပေးရမည့်ကိစ္စ ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် လိုအပ်၍ တောင်းဆိုတာဖြစ်ပါကြောင်း တင်ပြရင်း လက်ရှိဆောင်ရွက်ပေးလျက်ရှိသည်ကို ဆောင်ရွက်ပေးရန်ရှိသည်ကို ဖြေကြားချက်အတိုင်း ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစောညိုဝင်း ဆက်စပ်မေးခွန်းအမှတ်စဉ်(၂)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ မိမိအနေဖြင့် စာရေးတာနဲ့ ဖတ်တာမှားသွားတာဖြစ်ပါကြောင်း၊ လှည့်ကင်းများဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါကြောင်း၊ ဆောင်ရွက်ပေးသွားမှာဖြစ်သည့်အတွက် မကြာခင်နယ်မြေလှည့်ကင်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါကဆိုတာ မိမိတို့က ယင်းကိစ္စကို ဆုံးဖြတ်၍မရပါကြောင်း၊ အမှုဘယ်နှစ်ခုဖြစ်နေတယ်၊ ဆိုင်ကယ်နဲ့သွားလျှင် ဘယ်လောက်ကြာနိုင်သည်ဆိုတာကို ရွာအလိုက် သွားရေးလာရေးတွက်ချက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို သုံးသပ်ခိုင်းပြီး သူတို့၏ သုံးသပ်ပြီး အမှန်လိုအပ်လျှင် လွှတ်တော်ကိုယ်စားလှယ်ကြီးကလည်းလိုအပ်တယ် မိမိတို့ရဲဌာနအဖွဲ့အစည်းကလည်း အင်အားမပြည့်သည့်အတွက် လိုအပ်ပါကဟု သုံးနှုန်းထားခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူအများနှင့် ရဲတပ်ဖွဲ့တို့က လိုအပ်လျှင် မိမိတို့အစိုးရအဖွဲ့ဝန်ကြီးက တိုင်းဒေသကြီး Cabinet မှာ ဝန်ကြီးချုပ်ထံ တင်ပြပြီးပါက ပြည်ထဲရေးဝန်ကြီးဌာနက ခွင့်ပြုရန် တင်ပြ၍ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်မှ ပြန်လည်ဖြေကြားရမည့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က **"မြို့နယ်တရားရုံးတွင် အမှုတွဲများ တင်ပြခြင်းနှင့် အာမခံလုပ်ဆောင်လျှင် ငွေကြေးများမြောက်များစွာ ပေးနေရခြင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝေါမြို့နယ်တရားရုံးတွင် အမှုတွဲများ တင်လျှင်နှင့် အာမခံပေးရာ၌ ငွေကြေးများ မြောက်များစွာပေးနေရကြောင်း ဒေသခံပြည်သူများမှ တင်ပြလာပါသည်။ ထို့ကြောင့် တရားရုံးသို့ အမှုတွင်တင်လျှင်နှင့် အာမခံပေးရာ၌ နိုင်ငံတော်သို့ တရားဝင်ပေးဆောင်ရသော အခွန်နှုန်းထားများ သိရှိလိုပါ၍ ရှင်းပြပေးရန်နှင့် သတ်မှတ်ထားသော အခွန်နှုန်းထားများထက် ပိုမိုကောက်ခံလျှင် တာဝန်ရှိသူများမှ ထိရောက်စွာအရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်၏ မေးခွန်းနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ရွှေ(တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်)**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မြို့နယ်တရားရုံးတွင် အမှုတွဲများ တင်ပြခြင်းနှင့် အာမခံလုပ်ဆောင်လျှင် ငွေကြေးများ မြောက်များစွာ ပေးနေရခြင်း"** နှင့် စပ်လျဉ်း၍ တရားရုံးသို့ စွဲဆိုတင်ပို့သောအမှုများတွင် ရာဇဝတ်မှုနှင့်တရားမမှု ဟူ၍(၂)မျိုးရှိပါသည်။ ရာဇဝတ်မှုတွင်- သက်ဆိုင်ရာ ရဲစခန်း၌ အမှုဖွင့်တိုင်တန်းခြင်းဖြစ်၍ ရဲစခန်းမှတရားရုံးသို့ စွဲဆိုတင်ပို့မှုများတွင် ရုံးခွန်ထမ်းဆောင်ရန် မလိုအပ်ပါ။ တရားရုံးသို့ တိုက်ရိုက်ဦးတိုက်လျှောက်ထားစွဲဆိုသော ရာဇဝတ်မှုဖြစ်ပါက တရားရုံးများ လက်စွဲအပိုဒ် ၇၆ အရ ရဲအရေးပိုင်သည့်အမှုဖြစ်လျှင် လျှောက်လွှာ၌ ရုံးခွန်တံဆိပ်ခေါင်းကပ်ရန် မလိုသော်လည်း ရဲအရေးမပိုင်သည့် အမှုဖြစ်ပါက ရုံးခွန်အက်ဥပဒေ ဇယား(၂)၊ အမှတ်စဉ်(၁)အရ ထိုက်သင့်သည့် ပုံသေရုံးခွန်ထမ်းဆောင် ရပါသည်။ မြို့နယ်တရားရုံးသို့ တင်သွင်းသည့် ဦးတိုက်လျှောက်လွှာ၌ ရုံးခွန် တံဆိပ်ခေါင်း ၅၀/-ကျပ် ထမ်းဆောင်ရမည် ဖြစ်ပါသည်။

တရားမမှုများစွဲဆိုပါက စွဲဆိုသောအမှုအပေါ်မူတည်၍ တန်ဖိုးအလျှောက် ရုံးခွန် ထမ်းဆောင်ရခြင်းနှင့် ပုံသေရုံးခွန်ထမ်းဆောင်ရခြင်း ဟူ၍(၂)မျိုးရှိပါသည်။ တန်ဖိုးအလျှောက် ရုံးခွန် ထမ်းဆောင်ရာတွင် တည်ဆဲရုံးခွန်အက်ဥပဒေ ဇယား(၁)၊ အမှတ်စဉ်(၁)အရ တင်သွင်းလွှာပေါ်တွင် ဖော်ပြထားသည့်ငွေပမာဏသို့မဟုတ် တန်ဖိုး၏ ၀.၅% ထမ်းဆောင်ရမည်ဖြစ်ပြီး အများဆုံးရုံးခွန် မှာ ကျပ်(၅)သိန်းဖြစ်ပါသည်။ ပုံသေရုံးခွန်များကို ရုံးခွန်အက်ဥပဒေဇယား(၂)တွင် ပြဋ္ဌာန်းပါရှိသည့် အတိုင်း ထမ်းဆောင်ရပါသည်။

တရားရုံးသို့ စွဲဆိုတင်ပို့သောအမှုများကို တရားရုံးက ဖွင့်လှစ်လက်ခံပြီး ဆက်လက်အရေးယူဆောင်ရွက်ပါက ရဲအရေးမပိုင်သော ရာဇဝတ်မှုများနှင့် တရားမမှုများတွင်ဆင့်စာ/ ဝရမ်းစာအတွက် အမိန့်ဆင့်စာခ နည်းဥပဒေများနှင့်အညီ ရုံးခွန်တံဆိပ်ခေါင်း ထမ်းဆောင် ပေးသွင်းရပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၃ဖြင့် ထုတ်ပြန်ထားသော ခရိုင်တရားရုံးနှင့်မြို့နယ်တရားရုံးများဆိုင်ရာ အမိန့်ဆင့်စာခ နည်းဥပဒေများအရ တရားခံ/တရားပြိုင် (၁)ဦးလျှင် ဆင့်စာခ ၂၀၀/-ကျပ်၊ လူဖမ်းဝရမ်း ၅၀၀/-ကျပ်နှုန်း ရုံးခွန်တံဆိပ်ခေါင်း ပေးသွင်းရပါသည်။

စွပ်စွဲခံရသူ/တရားခံမှ တရားရုံးတွင် အာမခံလျှောက်ထားခြင်း၊ သက်သေခံပစ္စည်းကို အာမခံဖြင့် ပြန်လည်ထုတ်ယူထားခွင့်ပြုရန် လျှောက်ထားခြင်းတို့အတွက် လျှောက်လွှာ၌ ရုံးခွန်အက် ဥပဒေဇယား(၂)၊ အမှတ်စဉ်(၁)အရ ပုံသေရုံးခွန်ထမ်းဆောင် ရမည်ဖြစ်ပြီး၊ မြို့နယ်အဆင့်တရားရုံးတွင် ရုံးခွန် ၅၀/-ကျပ်၊ ခရိုင်အဆင့်တရားရုံးတွင် ရုံးခွန် ၁၀၀/-ကျပ် ထမ်းဆောင်ရပါသည်။

အချုပ်တရားခံက လျှောက်ထားသောလျှောက်လွှာဖြစ်လျှင် ရုံးခွန်အက်ဥပဒေ ပုဒ်မ ၁၉(၁၇)အရ ရုံးခွန်ကင်းလွတ်ခွင့်ပြုသဖြင့် ရုံးခွန်ထမ်းဆောင်ရန် မလိုအပ်ပါ။

သက်သေခံပစ္စည်းကို အာမခံဖြင့် ပြန်လည်ထုတ်ယူထားခွင့်ပြုပါရန် လျှောက်ထားခြင်းကို ခွင့်ပြုကြောင်း တရားရုံးမှအမိန့်ချမှတ်ပါက ခံဝန်ချုပ် ချုပ်ဆို ထုတ်ယူရာတွင် ခံဝန်ချုပ်၌ ရုံးခွန်အက် ဥပဒေ ဇယား(၂)၊ အမှတ်စဉ်(၆)အရ ရုံးခွန် ၂၀၀/-ကျပ် ထမ်းဆောင်ရပါသည်။

တရားရုံးသို့ အမှုစွဲဆိုတင်ပို့ခြင်း၊ အာမခံလျှောက်ထားခြင်းများအတွက် အထက်ဖော်ပြပါ ရုံးခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ကြရပါကြောင်း၊ အခြားငွေကြေးကောက်ခံ မှုမရှိပါကြောင်းနှင့် ဝေါမြို့နယ်တရားရုံးအပါအဝင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများမှ တရားရုံးဝန်ထမ်းများက ငွေကြေးကောက်ခံမှုပြုလျှင် ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့နံနက်ပိုင်းကို (၁၂း၀၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။
[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]
**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ယခုလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအား တိုင်းဒေသကြီးဥပဒေချုပ်မှ ပြန်လည်ဖြေကြားရမည့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေက **"ပဲခူးမြို့ မြို့ရှောင်လမ်းပိုင်း (၁၁)မိုင် (၃)ဖာလုံ ဖောက်လုပ်ခဲ့ရာတွင် စာချုပ်ချုပ်ဆိုရာ၌ အားနည်းချက်များတွေ့ရှိနေ၍ ဥပဒေကြောင်းအရ အထမြောက်ခြင်း ရှိ/မရှိနှင့် သန်းပေါင်းတစ်သောင်း လေးထောင်ခန့် အကုန်အကျခံသုံးစွဲထားသည့် လမ်းပိုင်း တစ်ခုအတွက် အာမခံသောသက်တမ်းမှာ (၃)လသာဟု ဖော်ပြထားခြင်း "**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီး ဥပဒေချုပ်က ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်း၊ (၁၁)မိုင် (၃)ဖာလုံ ဖောက်လုပ်ခဲ့ရာတွင် ပဲခူးတိုင်းအစိုးရ အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်သန်းနှင့် စိုးရတနာလင်းကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုရာတွင် အားနည်းချက်များတွေ့ရှိနေ၍ ပဲခူးတိုင်းဥပဒေချုပ်ထံ စာဖြင့်တင်ပြခဲ့သော်လည်း အကြောင်း ပြန်ကြားခြင်းမရှိသဖြင့် ၄င်းစာချုပ်သည် ဥပဒေကြောင်းအရ ထမြောက်ခြင်းရှိ/ မရှိလည်း

သိလိုပါသည်။ သန်းပေါင်းတစ်သောင်းလေးထောင်ခန့် အကုန်အကျခံ သုံးစွဲထားသည့် လမ်းပိုင်းတစ်ခု အတွက် အာမခံသောသက်တမ်းမှာ (၃)လသာဟု ဖော်ပြထားခြင်းသည် ဖြစ် သင့်ပါသလားဆိုတာ သိရှိလို ပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေ၏ မေးခွန်းနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးဥပဒေချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းမြင့်[တိုင်းဒေသကြီးဥပဒေချုပ်]**။ ။ ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်း (၁၁)မိုင် (၃)ဖာလုံ ဖောက်လုပ်ခဲ့ရာတွင် စာချုပ်ချုပ်ဆိုရာ၌ အားနည်းချက်များ တွေ့ရှိနေ၍ ဥပဒေကြောင်းအရ အထမြောက်ခြင်း ရှိ/မရှိနှင့် သန်းပေါင်းတစ်သောင်း လေးထောင်ခန့် အကုန်အကျခံ သုံးစွဲထားသည့် လမ်းပိုင်းတစ်ခုအတွက် အာမခံသောသက်တမ်းမှာ (၃)လသာဟု ဖော်ပြထားခြင်း "** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်အဆိုမှာ-

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်သန်းနှင့် စိုးရတနာလင်းကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုရာတွင် အားနည်းချက်များတွေ့ရှိ၍ ဥပဒေကြောင်းအရ အထမြောက်ခြင်း ရှိ/မရှိ၊
- သိန်းပေါင်းတစ်သောင်းလေးထောင်ခန့် အကုန်ကျခံသုံးစွဲထားသည့် လမ်းပိုင်းတစ်ခုအတွက် အာမခံသော သက်တမ်းမှာ (၃)လဟု ဖော်ပြထားခြင်းမှာ ဖြစ်သင့်ပါသလား စသည့် မေးခွန်း(၂)ခု မေးမြန်းထားသော အဆိုဖြစ်သည်ကို တွေ့ရပါသည်။

စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ စိစစ်အကြံပြုရာတွင် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(ဎ)(ဋ)တို့အရ ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများထံသို့ ဥပဒေ အကြံဉာဏ်ပေးရပြီး၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် ဒေသအတွင်းချုပ်ဆိုသည့် စာချုပ်စာတမ်းများ နှင့်စပ်လျဉ်း၍ စာချုပ်အား စိစစ်ပေးရန် အကြံဉာဏ်တောင်းခံလာပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြရပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လမ်းညွှန်ချက်အရ စိစစ်အကြံပြုပြန်ကြားရပါသည်။ ပြည်ထောင်စု ရှေ့နေချုပ် နည်းဥပဒေ ၄၉၊ ပုဒ်မခွဲ(ခ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေး အဖွဲ့နှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဥပဒေချုပ်ရုံးများက ဥပဒေအကြံဉာဏ်တောင်းခံ လာသည့်အခါ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် တစ်ဖက်စာချုပ်ဝင်တို့အကြား အပြီးသတ်နှစ်ဖက်ညှိနှိုင်းသဘောတူထားသော အောက်ဖော်ပြပါ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်း၊ မူကြမ်းများကို စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရေးဌာနက ပြန်ကြားရပါသည်-

- ဖက်စပ်စာချုပ်များ၊
- ကုမ္ပဏီသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊
- မြေငှားစာချုပ်များ၊ အဆောက်အအုံငှားရမ်းသည့် စာချုပ်များ၊
- တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်းသည့် စာချုပ်များ၊
- ပြည်ပမှ အတိုင်ပင်ခံ ငှားရမ်းရေးစာချုပ်များ၊

- ငွေချေးစာချုပ်များ၊
- ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် ဓါတ်သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးဆိုင်ရာစာချုပ်များ၊
- စီးပွားရေးဆိုင်ရာ စာချွန်လွှာများ၊ နားလည်မှုမှတ်တမ်းများ၊
- ပြည်ပမှ ပစ္စည်းဝယ်ယူရေး စာချုပ်များ၊
- ပြည်တွင်းရောင်းဝယ်ရေး စာချုပ်များ၊
- ဆောက်လုပ်ရေးစာချုပ်များ၊
- တင်ဒါခေါ်ယူရေး စာချုပ်များ၊
- မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ အစိုးရပါဝင်သည့် အစုရှယ်ယာများ၊ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာစာချုပ်များ၊
- စီးပွားရေးဆိုင်ရာ အခြားစာချုပ်စာတမ်းများ တို့ဖြစ်ပြီး စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများကို ချုပ်ဆိုပြီးနောက် စာချုပ်ပါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော ဥပဒေရေးရာ ကိစ္စရပ်များကို စိစစ်ခြင်း၊ တည်ဆဲဥပဒေများနှင့်ညီညွတ်မှုရှိ/ မရှိ စိစစ်ခြင်း၊ တရားမျှတမှု မရှိသည့် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များ ပါဝင်မှုရှိ/ မရှိ စိစစ်ရခြင်းတို့အပြင် စာချုပ်ပါကိစ္စရပ်များသည် နိုင်ငံတော်အတွက် ထိခိုက်နစ်နာနိုင်သည့်အချက် ရှိ/မရှိ၊ နိုင်ငံတော်နှင့်ပြည်သူပြည်သားများ၏ အကျိုးစီးပွားထိခိုက်နိုင်မှုရှိ/မရှိစသည့်ကိစ္စရပ်များ အပေါ်တွင် စိစစ်ပြန်ကြားရပါသည်။

ယခုတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာသည့် စာချုပ်ကိစ္စမှာ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးအနေဖြင့် စိစစ်ပြန်ကြားခဲ့ရသည့် မှတ်တမ်းမရှိပါကြောင်း တင်ပြအပ်ပါသည်။

မေးမြန်းခြင်းနှင့်အတူ ပေးပို့လာသည့် စာချုပ်မိတ္တူအား စိစစ်ကြည့်ရာတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်သန်းနှင့် စိုးရတနာလင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုးလင်းတို့အကြား ပဲခူးမြို့၊ မြို့ရှောင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာနှင့် ငွေကြေးဆိုင်ရာသဘောတူညီချက် စာချုပ်ဖြစ်ပြီး (၁၀. ၄. ၂၀၁၃)ရက်စွဲဖြင့် ချုပ်ဆိုထားသည်ကို တွေ့ရ ပါသည်။ အဆိုပါစာချုပ် အပိုဒ် ၃(ဆ) တွင် လုပ်ငန်းအပ်နှံသူဘက်မှ တိုင်းအင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း(ပဲခူး)၊ ဒေသအင်ဂျင်နီယာများ၏ ကြီးကြပ်မှုခံယူရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက် စဉ်ကာလအတွင်း အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းအကြံပြုချက်များကို လိုက်နာဆောင်ရွက် ရပါမည်ဖြစ်ကြောင်း၊ အပိုဒ် ၃(ဈ)တွင် ဖြည့်စွက်လုပ်ကိုင်ပေးရန် စိစစ်တွေ့ရှိပါက လုပ်ငန်းအပ်နှံသူ ကျေနပ်သည်အထိ လုပ်ငန်းဆောင်ရွက်သူ၏ ငွေ/ပစ္စည်း/လုပ်အားတို့ဖြင့် ပြန်လည် ဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း၊ အပိုဒ် ၃(ည)တွင် ဒေသအာဏာပိုင်များ၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ စာချုပ်အပိုဒ် ၉ တွင် ငွေပေးချေရာတွင် လုပ်ငန်းဆောင်ရွက်သူသည် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ကျွမ်းကျင်မှုဆိုင်ရာ ခွင့်ပြုမိန့်ချမှတ် ပြီးဖြစ်ရမည်။ သို့သော်လည်း လုပ်ငန်း အမှန်တကယ်ဆောင်ရွက်ခဲ့မှုအပေါ် စာရင်းစစ်ချုပ်ရုံးမှ စိစစ်အတည်ပြုသည့်တန်ဖိုးအတိုင်း ပေးချေရန် သဘောတူညီကြောင်း၊ စာချုပ်အပိုဒ်၁၁တွင် လုပ်ငန်းပြီးစီးမှုအား လုပ်ငန်းလက်ခံသူတင်ပြသည့်နေ့မှ

တစ်လအတွင်း လုပ်ငန်းအပ်နှံသူမှ စိစစ်အတည်ပြုပါမည်။ လုပ်ငန်းပြီးစီးပါက လုပ်ငန်းအပ်နှံသူ၏ စံချိန်စံညွှန်းများအတိုင်း ကြီးကြပ်အဖွဲ့များက စိစစ်လက်ခံအတည်ပြုပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသော လုပ်ငန်းတန်ဖိုးများအား ထုတ်ယူခွင့်ပြုသွားမည်ဖြစ်ကြောင်းစသည့် အချက်များစာချုပ်တွင် ပါဝင်လျှက်ရှိကြောင်းတွေ့ရှိရ၍ အဆိုပါလုပ်ငန်းအကောင်အထည်ဖော်သည့် ကာလအတွင်း စစ်ဆေးကြီးကြပ်ရေးအဖွဲ့များ၊ အင်ဂျင်နီယာများ၊ စာရင်းစစ်ချုပ်ရုံးနှင့် အာဏာပိုင်များက ၎င်းတို့သတ်မှတ်သည့် လမ်းအရည်အသွေးကို စာချုပ်အရ စိစစ်ရန် အခွင့်အရေးရှိခဲ့ကြောင်း တွေ့ရပါသည်။

စာချုပ်ပါအခွင့်အရေးအတိုင်း သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့များက အကောင်အထည်ဖော်စိစစ်ပေးခြင်းရှိ/မရှိမှာ အဆိုပါအဖွဲ့အစည်းများ၏ တာဝန်များသာဖြစ်ကြောင်း တွေ့ရ ပြီး စာချုပ်၏သဘောသဘာဝအရ စာချုပ်ဟူသည် ချုပ်ဆိုသူနှစ်ဦးနှစ်ဖက်အကြား သဘော တူညီချက် (Agreement or Contract) အမျိုးအစားများသာဖြစ်၍ ထိုစာချုပ်ချုပ်ဆိုပြီး အကောင်အထည်ဖော်ပြီးပါက အထမြောက်သည်ဟု ယူဆနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

ထို့အပြင် စာချုပ်မိတ္တူအား စိစစ်ရာတွင် လုပ်ငန်းပမာဏ၌ မြေသားတာဘောင်တင်ခြင်းတွင် (မိုင်-------)ဟု ပါရှိခြင်း စာချုပ်အပိုဒ် ၅ ၌ စီမံကိန်းကာလဖော်ပြချက်တွင် စာချုပ် ချုပ်ဆိုသည့်နေ့မှ မည်သည့်နေ့ရက်အထိ အပြီးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နေ့ရက်အတိအကျ သတ်မှတ်ထားသည်ကို မတွေ့ရခြင်း၊ စာချုပ်အပိုဒ် ၁၅ တွင် ရက်ကိုအတိအကျမပါဘဲ၊ ၂၀၁၃ခုနှစ်၊ ဧပြီလ (    )ရက်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၌ တစ်ဖက်ပါအသိသက်သေ များရှေ့မှောက်တွင် လက်မှတ်ရေးထိုးရပါသည်ဟု ပါရှိခြင်းတို့မှာ သင့်မြတ်လျော်ကန်မှုမရှိ ကြောင်း တွေ့ရပါသည်။

အဆိုပါ စာချုပ်မိတ္တူ အပိုဒ် ၉ တွင် လုပ်ငန်းများအပြီးသတ် ကျသင့်ငွေပေးချေရာတွင် ဌာနမှ ထုတ်ယူထားသော စက်သုံးဆီ၊ ကတ္တရာများ၏ သတ်မှတ်တန်ဖိုးအား ခုနှိမ်၍လည်းကောင်း၊ လုပ်ငန်းတန်ဖိုး၏ (၁၀)ရာခိုင်နှုန်းအား ချန်လုပ်၍လည်းကောင်း ပေးချေသွားပါမည် ဖြစ်ကြောင်း။ လုပ်ငန်းပြီးစီးသည့် ကာလ၏ နောက်(၃)လအတွင်း ပျက်စီးမှုများအတွက် ချန်လုပ်ငွေဖြင့် ပြင်ဆင်သွားရန်ဖြစ်ကြောင်း ပါရှိသည်ကို တွေ့ရပါသည်။

အဆိုပါ အထက်အပိုဒ် ၆၊ ၇ပါ တွေ့ရှိချက်များမှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသကဲ့သို့ လုံးဝသင့်လျော်မှုမရှိသည့် ကာလသတ်မှတ်ချက်နှင့် ကိစ္စရပ်များဖြစ်ကြောင်း တင်ပြအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ပြည်သူ့ဝန်ထမ်းအနေဖြင့်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအနေဖြင့် သော်လည်းကောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ သို့မဟုတ် ပြည်သူ့ဘဏ္ဍာငွေကို သုံးစွဲခွင့်ပြုသည့်အခါ လေလွင့်မှုမရှိစေရန် ချင့်ချိန်ဝေဖန်နိုင်သော သာမန်ပုဂ္ဂိုလ်တစ်ဦးက မိမိပိုင်ငွေများကို သုံးစွဲရာ၌ ချင့်ချိန်သကဲ့သို့ပင် ပြည်သူ့ဘဏ္ဍာငွေကို သုံးစွဲရာ၌ အလားတူချင့်ချိန်သုံးစွဲ ရမည်ဟုလည်းကောင်း၊ လုပ်ပိုင်ခွင့်ရှိသူတစ်ဦးသည် မိမိလုပ်ပိုင်ခွင့်ရ အမိန့်ချမှတ်ရာ၌ မိမိ အား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အကျိုးဖြစ်ထွန်းစေမည့် အမိန့်ကို မချမှတ်ရဟုလည်းကောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အထူးအခွင့်အရေးအနေဖြင့် အကျိုးကျေးဇူးဖြစ်စေရန် အသုံးမပြုရဟုလည်းကောင်း ဖော်ပြပါရှိသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေကို စီမံခန့်ခွဲသူများအနေဖြင့် ဖြောင့်မတ်

မှန်ကန်ရန်လိုအပ်ပြီး သဘောရိုးအတိုင်းမဟုတ်ဘဲ မရိုးမဖြောင့်သောသဘောဖြင့် မိမိကိုယ်ကျိုး အတွက်ဖြစ်စေ၊ သူတစ်ပါးအကျိုးဖြစ်ထွန်းစေရန်အတွက်ဖြစ်စေ အလွဲသုံးစား ပြုလုပ်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အရေးယူနိုင်ပါကြောင်း တင်ပြဖြေကြားအပ်ပါသည်။

**ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ စာချုပ်ပါသဘောတရားအရကြည့်လျှင် အလုပ်ရှင်နှင့် လုပ်ငန်းအပ်နှံသူက လမ်းဦးစီးဌာနဖြစ်ပြီး ငွေပေးချေသူကလည်း လမ်းဦးစီးဌာနပဲဖြစ် ကြောင်း၊ သို့ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင်သန်းနှင့် စာချုပ်ချုပ်ဆိုမှုနှင့် ပတ်သက်၍ ဥပဒေချုပ်ဖြေဆိုထားသည့် ဖြေကြားမှုထဲတွင် ရက်စွဲ အတိအကျသတ်မှတ်ထားခြင်းမရှိဘဲ စာချုပ် ချုပ်ဆိုထားသည်ကို တွေ့ရကြောင်း၊ ယင်းစာချုပ်သည် တိကျမှုမရှိပါကြောင်းနှင့် လုပ်ငန်းတန်ဖိုး အား ၁၀%ချန်လှပ်ပြီး လုပ်ငန်းပြီးစီးသည့်ကာလ နောက်(၃)လအတွင်း ပျက်စီးမှုတွေကိုသာ ပြင်ဆင်ဖို့ ကာလဆိုတာလည်း လုံးဝ ဝမ်းနည်းစရာဖြစ်ပါကြောင်း၊ ဒီအပြင်နိုင်ငံတော်၏ ပြည်သူ့ဘဏ္ဍာငွေကို လူတစ်ဦးတစ်ယောက် အတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခု၏ အကျိုးကျေးဇူးအတွက်သော်လည်းကောင်း၊ အသုံးမပြုရ ဟူသည့်အချက်ကို တွေ့ရပါကြောင်း၊ ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် ဝမ်းနည်းစရာကောင်းသည့်အချက်များ ပါဝင်နေသည့်အတွက် ဒီစာချုပ်အနေဖြင့် လူတစ်ဦးတစ်ယောက် ပုဂ္ဂိုလ်တစ်ခုတစ်ဖွဲ့၏ အကျိုးစီးပွားကို မျှော်ကိုး ထားသည်ဟု မိမိအနေဖြင့် မြင်တွေ့ရပါကြောင်း၊ ဥပဒေချုပ်ကြီးအနေဖြင့် မည်ကဲ့သို့ သဘောရသည်ကို သိရှိ လိုပါကြောင်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်စပ်မေးခွန်းအား တိုင်းဒေသကြီးဥပဒေချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းမြင့်[တိုင်းဒေသကြီးဥပဒေချုပ်]။** ။ လမ်းကိစ္စကို ဆောင်ရွက်သည့်အခါ သဘောတူစာချုပ် ချုပ်ပြီး ပြုလုပ်သည့်အခါ မိမိတို့ဥပဒေရုံး အနေဖြင့် မိမိတင်ပြထားသည့် စာချုပ်မျိုးချုပ်ဆိုပါက မိမိထံ တင်ပြပြီးပါက ရှေ့နေချုပ်ကို တင်ပြပေးပြီး ကျလာသည့် စာချုပ်အပေါ်မူတည်ပြီး စည်းကမ်းချက်နှင့်အညီ ချုပ်ဆိုမှာဖြစ်ကြောင်း၊ သူတို့တင်ပြသည့် စာချုပ်သည် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးကို တင်ပြထားခြင်း မရှိသည့် အတွက် ယင်းစာချုပ်သည် သူတို့ပုဂ္ဂိုလ် အချင်းချင်းချုပ်ဆိုထားသည့် စာချုပ်မျိုးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ယင်းစာချုပ်နှင့် ပတ်သက်ပြီး လမ်း၊ တံတားဆောင်ရွက်သည့်အခါ ငွေပေးသူ၊ ငွေယူသူ၊ လုပ်ငန်းအပ်နှံသူ၊ လုပ်ငန်းဆောင်ရွက်သူနဲ့ အသိသက်သေတွေလည်းပါဝင်ပြီး စာချုပ်အင်္ဂါရပ်ပိုင်း ပြည့်စုံသော်လည်း အသိ သက်သေနှင့် လုပ်ငန်းအပ်နှံသူအနေဖြင့် ချုပ်ဆိုသော်လည်းစာချုပ်မှာ လုပ်ငန်းဘယ်နေ့ပြီးဆုံးမယ်၊ ဘယ်နေ့မှာ

ဘယ်လိုငွေ ပေးချေထားသည့် အချက်အလက်များကို (Blank) လုပ်ထားသည့်အတွက် စာချုပ်နမူနာအရ မှန်သော်လည်း စာချုပ်မှာ တိကျသည့် ကိန်းဂဏန်းဖော်ပြ မထားသည်ကို တွေ့ရကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့် စာချုပ်ကို ကြည့်ခြင်းအားဖြင့် ဒီစာချုပ်အရ လမ်းတံတားကို ဘယ်လမ်းကို ကုန်ကျစရိတ် သိန်းပေါင်းများစွာ ကုန်ကျခံဆောင်ရွက်ခြင်း ရှိ / မရှိ ကိစ္စနှင့် ပတ်သက်ပြီး စာချုပ်မှာ ပါဝင်သည့်အချက်များသည် လုပ်ငန်းစိစစ်ရေးအပိုင်းကလည်း စစ်ဆေးရမယ်။ ဆောက်လုပ်ရေးကလည်း စစ်ဆေးရမယ်။ စာရင်းစစ်ချုပ်ကလည်း စစ်ဆေးရမယ်ဆိုတာကို စစ်ဆေးပြီးလို့ အဖွဲ့အစည်းက စစ်ဆေးပြီး တွေ့ရှိချက်အရ ခိုင်မာမှုမရှိဘဲ ဥပဒေနှင့် ငြိစွန်းနေတယ်ဆိုလျှင် စံနမူနာအရ ပဲခူးတိုင်းဒေသကြီးတွင် ဥပဒေနှင့်အညီ အရေးယူမည်ဆိုလျှင်လည်း မိမိတို့ထံ အကြံဉာဏ်တောင်းပါ။ မိမိတို့က ကူညီနိုင်မည့်ကိစ္စ အဝဝကို ကူညီမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်တဲ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ကျွန်တော် ဦးညွန့်ရွှေမှ တင်သွင်းမှာ ဖြစ်ပါတယ်။

" ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်"ဟူသော ပြဋ္ဌာန်းချက်အရ ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို တင်သွင်းမှာ ဖြစ်ပါတယ်။

ယခုတင်သွင်းသည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေသည် ပဲခူးတိုင်းဒေသကြီးတွင် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ချမှတ်ထားသော နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် တိုင်းဒေသကြီးအစိုးရ၏ မူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ရန် ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အနေဖြင့် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း(၇၅၁၅၇၂၄. ၅) (ကျပ်ဘီလီယံ ၇၅၁၅. ၇)ရရှိရန်နှင့် စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးအရ (၆. ၀)ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ် အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍ တစ်ခုချင်းအလိုက် ရည်မှန်းချက်များအနေဖြင့်

- လယ်ယာကဏ္ဍတွင် နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း(၁၄၉၁၀၄၀. ၇) (ကျပ်ဘီလီယံ ၁၄၉၁. ၀)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ တိုးတက်မှုနှုန်း(၂. ၂)ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါတယ်။
- သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၇၉၄၄၇၁. ၉) (ကျပ်ဘီလီယံ ၇၉၄. ၅)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ တိုးတက်မှုနှုန်း (၄. ၅)ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။
- သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၅၇၁၄. ၅) (ကျပ်ဘီလီယံ ၅. ၇)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)နှင့် နှိုင်းယှဉ်ပါက (၀. ၄)ရာခိုင်နှုန်း လျော့နည်းရည်မှန်းထားပါတယ်။
- စွမ်းအင်ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၉၅၆. ၃) (ကျပ်ဘီလီယံ ၀. ၉)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)နှင့် နှိုင်းယှဉ်ပါက (၆. ၃)ရာခိုင်နှုန်းလျော့နည်း ရည်မှန်းထားပါတယ်။
- သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၁၃၅၇၀. ၅) (ကျပ်ဘီလီယံ ၁၃. ၆)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်း များအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)နှင့် နှိုင်းယှဉ်ပါက (၂. ၈)ရာခိုင်နှုန်း လျော့နည်း ရည်မှန်းထားပါတယ်။
- စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၁၆၉၇၅၆၁. ၈) (ကျပ်ဘီလီယံ ၁၆၉၇. ၆)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ တိုးတက်မှုနှုန်း(၁၀. ၃)ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။
- လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၅၉၀၂၆. ၃) (ကျပ်ဘီလီယံ၅၉. ၀)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ တိုးတက်မှု နှုန်း(၃. ၈)ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။
- ဆောက်လုပ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၄၅၅၂၅၀. ၁) (ကျပ်ဘီလီယံ ၄၅၅. ၂)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ တိုးတက်မှုနှုန်း(၄. ၂)ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။
- ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သိန်းပေါင်း (၉၆၈၀၆၆. ၅) (ကျပ်ဘီလီယံ ၉၆၈. ၁)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ

တိုးတက်မှုနှုန်း(၇. ၆)ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။

- ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၁၄၉၁၄၅. ၇) (ကျပ်ဘီလီယံ ၁၄၉. ၁)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ တိုးတက်မှုနှုန်း (၄. ၂)ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါတယ်။
- ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၉၃၄၃. ၈) (ကျပ်ဘီလီယံ ၉. ၃)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ တိုးတက်မှုနှုန်း (၁၁. ၈)ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါတယ်။
- လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၁၇၅၉၁၉. ၂) (ကျပ်ဘီလီယံ ၁၇၅. ၉)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ တိုးတက်မှုနှုန်း(၃. ၈)ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။
- ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၂၁၀၁၀၉. ၅) (ကျပ်ဘီလီယံ ၂၁၀. ၁)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ တိုးတက်မှုနှုန်း (၆. ၃)ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါတယ်။
- ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၁၄၈၅၅၄၇. ၇) (ကျပ်ဘီလီယံ ၁၄၈၅. ၅)နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ တိုးတက်မှုနှုန်း(၇. ၀)ရာခိုင်နှုန်း ရရှိရန်ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစားကို ၂၀၁၆-၂၀၁၇နှစ်ကုန်ခန့်မှန်းခြေနှင့် နှိုင်းယှဉ်ပါက လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို နှစ်အလိုက်ဈေးနှုန်းအရ (၃၂. ၅)ရာခိုင်နှုန်းမှ (၃၀. ၅)ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးကို (၂၈. ၃)ရာခိုင်နှုန်းမှ (၂၉. ၆)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးကို (၃၉. ၂)ရာခိုင်နှုန်းမှ (၃၉. ၉)ရာခိုင်နှုန်းအသီးသီးပြောင်းလဲဖြစ်ပေါ်စေရန် ရည်မှန်းထားပါတယ်။

ဒါ့အပြင် ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၂. ၉)ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၈. ၉)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၆. ၇)ရာခိုင်နှုန်း အသီးသီး တိုးတက်စေရန် ရည်မှန်းထားပါတယ်။

ဖော်ပြပါ ကဏ္ဍတစ်ခုချင်းအလိုက် ရည်မှန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြင့် ပဲခူးတိုင်းဒေသကြီး၏ လူတစ်ဦးချင်းစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ (ကျပ် ၁၅ သိန်းကျော်) ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးသ ဒေသန္တရစီမံကိန်းတွင် ရည်မှန်းချက်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအပြင် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်းအသုံးစရိတ် ရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၈၉၈၁၈. ၂၁၀ (ကျပ်ဘီလီယံ ၈၉. ၈)လျာထားပါတယ်။

ဤစီမံကိန်း ရည်မှန်းချက်များသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များအပေါ် မူတည် ရေးဆွဲထားတာဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့ (၁၆း၀၀)နာရီထက် နောက်မကျဘဲ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်နိုင်မှု အပေါ်မူတည်၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် ပြောင်းလဲတာဝန်ပေးအပ်ရန် တင်ပြလာမှုအရလည်းကောင်း၊ ရေးရာကော်မတီဥက္ကဋ္ဌ(၁)ဦးသည် အခြားကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေခြင်းကြောင့်လည်းကောင်း၊ ကော်မတီ(၁)ခုတွင် မြို့နယ်တစ်ခုတည်းမှ ကိုယ်စားလှယ် (၂)ဦး ပါဝင်နေခြင်းကြောင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၂ အရလည်းကောင်း၊ (၁၀. ၃. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၆ ဖြင့် ဥပဒေပြုရေးကော်မတီကိုလည်းကောင်း၊ (၂၁. ၁၂. ၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ်၊ ၁၈/၂၀၁၆ ဖြင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီကို လည်းကောင်း၊ (၁၇. ၅. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၂၀၁၆ ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီကိုလည်းကောင်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်နိုင်မှုအပေါ်မူတည်၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် ပြောင်းလဲတာဝန်ပေးအပ်ရန် တင်ပြလာမှုအရလည်းကောင်း၊ ရေးရာကော်မတီဥက္ကဋ္ဌ(၁)ဦးသည် အခြားကော်မတီတွင် အဖွဲ့ဝင်အဖြစ်

ပါဝင်နေခြင်းကြောင့်လည်းကောင်း၊ ကော်မတီ(၁)ခုတွင် မြို့နယ်တစ်ခုတည်းမှ ကိုယ်စားလှယ် (၂)ဦး ပါဝင်နေခြင်းကြောင့်လည်းကောင်း၊ ရေးရာကော်မတီ(၃)ခုကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကျွန်တော် ဦးကြည်ဖင်မှ လွှတ်တော်သို့ တင်သွင်းအပ်ပါသည်-

**ဥပဒေပြုရေးကော်မတီ**

| | | | |
|---|---|---|---|
| - | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမြင့်ဦး | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

**တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ**

| | | | |
|---|---|---|---|
| - | ဦးဇော်မင်းဦး(ခ) | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဦးတင်ဆန်းဦး | | |
| - | ဦးငွေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးစောစိန်ကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

**လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ**

| | | | |
|---|---|---|---|
| - | ဦးဆန်းမြင့်(ခ) | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဦးစန်းမြင့် | | |
| - | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| - | ဦးဝင်းကို | မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးမြင့်ဦး | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ တင်ပြချက်အား တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။တင်ပြချက် အပေါ် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေး ကော်မတီ၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ ငွေစာရင်းကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီး၏ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၏ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်တဲ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ကျွန်တော် ဦးညွန့်ရွှေမှ တင်သွင်းမှာ ဖြစ်ပါတယ်။

"၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား-၂ပါအတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်" ဟူသော ပြဋ္ဌာန်းချက်အရ ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ (မူကြမ်း)ကို တင်သွင်းမှာဖြစ်ပါတယ်။

ယခုတင်သွင်းသည့် ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေသည် ပဲခူးတိုင်းဒေသကြီး အတွင်းတွင် လူမှုစီးပွားရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူကို ဗဟိုပြု၍အားလုံး ပါဝင်နိုင်သော စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန် ချမှတ်ထားသော နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ တိုင်းဒေသကြီးအစိုးရ၏ မူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေတွင် အခန်း ၁၁ခန်း၊ ပုဒ်မ ၂၄ခုရှိပါတယ်။

အခန်း(၁)တွင် အမည်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် ပါရှိပါတယ်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၏ အဓိပ္ပာယ်ဖော်ပြချက်မှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဆိုသည်မှာ မိသားစုဝင်များဖြင့် သော်လည်းကောင်း၊ အလုပ်သမား ငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ ကုန်ပစ္စည်း ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည်။ မြင်းကောင်ရေ ၀. ၂၅ နှင့်အထက်၊ ၅ကောင်အား နှင့်အောက် အသုံးပြုသည့် အလုပ်သမား ၉ဦးထက်မပိုသော အိမ်တွင်းစက်မှုလုပ်ငန်းနှင့် အလုပ်သမား ၃ဦးနှင့်အထက်ရှိသော အိမ်တွင်းလက်မှုလုပ်ငန်းများကို ဆိုပါတယ်။

အခန်း(၂)မှာ ရည်ရွယ်ချက်ဖြစ်ပြီး ပုဒ်မခွဲ(၁၁)ခုရှိပါတယ်။ ၄င်းတို့တွင် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်တို့ ဖော်ပြပါရှိပါတယ်။

အခန်း(၃)မှာ မှတ်ပုံတင်ခြင်းဖြစ်ပြီး ပုဒ်မ(၃)ခုပါရှိပါတယ်။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လုပ်ငန်းမှတ်ပုံတင်လျှောက်ထားရမှာ ဖြစ်ပါတယ်။

အခန်း(၄)တွင် လုပ်ငန်းရှင်၏ တာဝန်နှင့် ခံစားနိုင်ခွင့်များဖြစ်ပြီး ပုဒ်မခွဲ(၁၆)ခုရှိပါတယ်။ လုပ်ငန်းရှင်၏ ခံစားပိုင်ခွင့်မှာ ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ကုန်ပစ္စည်း အရည်အသွေးမြင့်မားရေးအတွက် ဦးစီးဌာနက သတ်မှတ်ချက်ဖြင့် လွှဲပြောင်းပေးသောနည်းပညာရပ်များကို ရယူခြင်း၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရတို့၏ သဘောတူညီချက်ဖြင့် ချေးငွေများ၊ အထောက်အပံ့များရယူခြင်းတို့ ပါရှိပါတယ်။

အခန်း(၅)မှာ တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဖြစ်ပြီး ပုဒ်မ(၂)ခု၊ ပုဒ်မခွဲ(၁၂)ခု ပါရှိပါတယ်။

အခန်း(၆)မှာ ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များဖြစ်ပြီး ပုဒ်မ(၃)ခု၊ ပုဒ်မခွဲ(၈)ခုပါရှိပါတယ်။ ပုဒ်မခွဲတွင်

ဝန်ကြီးသည် လုပ်ငန်းရှင်ကတင်သွင်းလာသော အယူခံမှုကို အဆုံးအဖြတ်ပေးရမည်။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု ပါရှိပါတယ်။

အခန်း(၇)မှာ မှတ်ပုံတင်ပျက်ပြယ်ခြင်းဖြစ်ပြီး ပုဒ်မ(၁)ခု ပုဒ်မခွဲ(၄)ခု ပါရှိပါတယ်။

အခန်း(၈)မှာ အယူခံဝင်ခြင်းဖြစ်ပါတယ်။ ပုဒ်မ(၂)ခု ပါရှိပါတယ်။ လုပ်ငန်းရှင်သည် တိုင်းဒေသကြီး ဦးစီးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀အတွင်း ဝန်ကြီးထံ အယူခံနိုင်ပါတယ်။

အခန်း(၉)မှာ စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းဖြစ်ပြီး ပုဒ်မ(၄)ခု၊ ပုဒ်မခွဲ(၆)ခုပါရှိပါတယ်။

အခန်း(၁၀)မှာ ပြစ်မှုနှင့် ပြစ်ဒဏ်များဖြစ်ပြီး ပုဒ်မ(၂)ခုပါရှိပါတယ်။ မည်သူမဆို ဤဥပဒေအရ မှတ်ပုံတင် ခြင်း မရှိဘဲ အသေးစားစက်မှုလက်မှုလုပ်ငန်းကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် ၂၀၀၀၀၀ိ/- အထိချမှတ်နိုင်တယ်ဟု ပါရှိပါတယ်။

အခန်း(၁၁)မှာ အထွေထွေဖြစ်ပြီး ပုဒ်မ(၂)ခု၊ ပုဒ်မခွဲ(၂)ခု ပါရှိပါတယ်။

ဖော်ပြပါ ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)သည် ဤတိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို မူတည်၍ ရေးဆွဲထားတာဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၏ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များသည် ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့(၁၆း၀၀) နာရီထက် နောက်မကျဘဲ လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးမေးမြန်းသည့် မေးမြန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေကြားရမည့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးက **“တိုင်းရင်းသားစာပေ ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနတို့ အမြန်ဆုံးဖွင့်လှစ် နိုင်ရေးအတွက် ရုံးခန်းများပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အတွက်ကြောင့် နှောင့်နှေး ကြန့်ကြာနေသည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ နိုင်ငံတော် အတွင်း ယခုအစိုးရလက်ထက်တွင် တိုင်းရင်းသားများ၏ အခန်းကဏ္ဍတစ် ရပ်အနေဖြင့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနအသစ် ဖွဲ့စည်းပြီး လုပ်ငန်းများလုပ်ဆောင်နေသလို ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၏ (၃၀. ၈. ၁၆) ရက်စွဲပါ စာအမှတ်-တရသ/ဦးစီး/၂၀၁၆(၁၈၅)အရ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရုံးစိုက်ရာမြို့များတွင် (၁) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် (၂) တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ရုံးများကို ညွှန်ကြားရေးမှူးအဆင့်ဦးဆောင်သည့် ဝန်ထမ်းဖွဲ့စည်းမှုဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါရုံးများတွင် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများ၏ ရုံးသဖွယ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြောင်းကြား ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

တစ်ခြားပြည်နယ်နှင့် တိုင်းများတွင် ရုံးများဖွင့်လှစ်ဆောင်ရွက်နေသည်ကို တွေ့ရှိရ ပါသည်။ ဥပမာ- မွန်ပြည်နယ်တွင် (၁. ၃. ၂၀၁၇)နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးအောက်မှ ဌာန(၂)ခု ဖွင့်လှစ်နေ ပါသည်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးမှာလည်း တိုင်းရင်းသားများ၏အရေးကိစ္စရပ်များကို နိုင်ငံတော်မှ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၏ လုပ်ငန်းအမြန်ဆုံး စီစဉ် ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေး များ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနတို့ ဖွင့်လှစ်နိုင်ရေးအတွက် ရုံးခန်းများ ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာနေသည်ကို သိရှိလိုကြောင်း မေးမြန်းအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၏ မေးခွန်းနှင့်ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နော်ပွယ်စေး[ဝန်ကြီး၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန]။** ။ ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“တိုင်းရင်းသားစာပေ ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနတို့ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး အတွက် ရုံးခန်းများပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာနေ သည်ကို သိရှိလိုပါကြောင်း ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနနှင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနတို့ဖွင့်လှစ်နိုင်ရေးအတွက် လုံလောက်သောရုံးခန်းစီစဉ် ပေးနိုင်ရန်အတွက် ရုံးခန်းစတင်ဖွင့်လှစ်ချိန်၌ စေလွှတ်မည့် ဝန်ထမ်းအင်အား စာရင်းကို သိရှိလိုပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှပြောကြားခဲ့ပါ၍ ရုံးခန်းစတင်ဖွင့်လှစ်ချိန်၌ စေလွှတ်မည့် ဝန်ထမ်းအင်အားစာရင်းကိုပြန်ကြားပေးပါရန် ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၊ နေပြည်တော်သို့တင်ပြခဲ့ခြင်းကြောင့် နှောင့်နှေးနေရခြင်းဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ နေပြည်တော်မှ (၈-၃-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁/၁-၆/၂၀၁၇(၃၃၈)ဖြင့်ပဲခူးတိုင်းဒေသကြီးတွင် အသစ်ဖွင့်လှစ်မည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဦးစီးဌာန(၂)ခုတွင် ရုံးလုပ်ငန်း များဆောင်ရွက်နိုင်ရန် ဦးစီးဌာနတစ်ခုစီအတွက် ဝန်ထမ်းအနည်းဆုံး(၅)ဦးမှ (၇)ဦးအထိ စေလွှတ်သွားရန်စီစဉ်ထားရှိပါကြောင်း ပြန်ကြားလာပါသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၁၆-၃-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၅/၁-၂၇/ဦး၁(၁၅၃၉)ဖြင့် အဆိုပါဦးစီးဌာန(၂)ခုအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအောက်ထပ်ရှိ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးအခန်းနှင့် ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးအခန်းကြားရှိ ဝန်ကြီးများအစည်းအဝေးခန်း (အောက်ထပ်)နှင့် ၄င်းအစည်းအဝေးခန်းနှင့် ကပ်လျက်အခန်း၊ စုစုပေါင်း ရုံးခန်း(၂)ခန်းတွင် ရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခွင့်ပြုကြောင်း အကြောင်းကြားခဲ့ပါသည်။

သို့ပါ၍ ရုံးခန်းရရှိပြီဖြစ်သောကြောင့်ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်မှစ၍တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့်တိုင်းရင်းသား အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့ကိုဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၃)ဦးက မေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မြေဂရန်လျှောက်ထားခြင်း၊ မြေစာရင်းမြေပုံများနှင့် မြေရာဇဝင်ပုံစံ (၁၀၅)(၁၀၆) ကူးယူခြင်းများတွင် ငွေကြေးတောင်းခံခြင်းများ ရည်ရွယ်ချက်ရှိရှိ ကြန့်ကြာအောင် ပြုလုပ်နေခြင်းများ ဖြစ်ပေါ်နေခြင်းတို့ကို မည်ကဲ့သို့ ကြပ်မတ်ထိန်းကျောင်းသွားရန် စီစဉ်ထားရှိသည်ကို သိရှိလိုပါကြောင်း" နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မြေဂရန်လျှောက်ထားခြင်း၊ မြေစာရင်းမြေပုံများနှင့် မြေရာဇဝင် ပုံစံ(၁၀၅)(၁၀၆) ကူးယူ ခြင်းများတွင် ငွေကြေးတောင်းခံခြင်းများ ရည်ရွယ်ချက်ရှိရှိ ကြန့်ကြာအောင်ပြုလုပ်နေခြင်းများ ဖြစ်ပေါ်နေခြင်းတို့ကို မည်ကဲ့သို့ ကြပ်မတ်ထိန်းကျောင်းသွားရန် စီစဉ်ထားရှိသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ကျောက်ကြီးမြို့နယ်၊ မီးတိုင်တောကျေးရွာအုပ်စုနှင့် မုန်းကျေးရွာ အုပ်စုကြားရှိ မုန်းချောင်းဖြတ်ကူးတံတား (မီးတိုင်တောတံတား) အား ၂၀၁၆ခုနှစ်၊ (၅)လပိုင်းခန့်တွင် Jonh Engineering ကုမ္ပဏီမှ လုပ်ငန်းစတင်လုပ်ကိုင်ခဲ့သော်လည်း (၁)လခန့် အကြာတွင် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပြီး ယခုအချိန်တွင် ဆက်လက် လုပ်ဆောင်ခြင်း မရှိသေးပါသဖြင့် မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ကျောက်ကြီးမြို့နယ်၊ မဲပုပ်ကျေးရွာအုပ်စု၊ တောင်ငူ-မုပ္ပလင် ကားလမ်းမှ ကြောင်ပြာကျေးရွာသို့သွားသည့်လမ်းပေါ်ရှိ ကျောက်ကြီးချောင်းဖြတ်ကျော် တံတားအား လာမည့်ဘဏ္ဍာနှစ်များတွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ကျောက်ကြီးမြို့နယ်၊ နောင်ဘိုကျေးရွာအုပ်စုရှိ ငရုဆင်မြောင်းအား ပြန်လည် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ အင်းဂရန်လေလံ များအား မည်သည့်အချိန်တွင် မည်ကဲ့သို့သော ပုံစံဖြင့် လေလံတင်ရောင်းချနေသည်နှင့် နိုင်ငံတော်အတွက် အခွန်ငွေနှစ်စဉ် မည်မျှရရှိ သည်တို့ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မီးတိုင်တောကျေးရွာအုပ်စုနှင့် မုန်းကျေးရွာကြားရှိ မုန်းဖြတ်ချောင်းကူးတံတား (မီးတိုင်တော တံတား)အား ၂၀၁၂ခုနှစ်တွင် ဂျပန်အစိုးရမှ လှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။ ၎င်းလုပ်ငန်းအား Jonh Engineering ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည်ဟု သိရှိရပါသည်။ ၂၀၁၆ခုနှစ်၊ (၅)လပိုင်းခန့်တွင် ယင်းကုမ္ပဏီမှ လုပ်ငန်းစတင်လာရောက်လုပ်ကိုင်ခဲ့သော်လည်း (၁)လခန့်အကြာတွင် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပါသည်။ ၎င်းရပ်ဆိုင်းပြီးချိန်မှစ၍ ယခုအချိန်ထိ လုပ်ငန်းများအား ဆက်လက် လုပ်ဆောင်ခြင်း မရှိသေးပါသဖြင့် ဒေသခံပြည်သူများမှ စိုးရိမ်ပူပန်လျှက်ရှိနေကြပါသဖြင့် မည်သည့် အတွက်ကြောင့် ကြန့်ကြာနေသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မဲပုပ်ကျေးရွာအုပ်စု၊ တောင်ငူ-မုပ္ပလင်ကားလမ်းမှ ကြောင်ပြာကျေးရွာသို့ သွားသည့်လမ်းပေါ်ရှိ ကျောက်ကြီးချောင်းဖြတ်ကျော်တံတားအား လာမည့်ဘဏ္ဍာနှစ်များတွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ နောင်ဘိုကျေးရွာအုပ်စုရှိ ငရုဆင်မြောင်းသည် တိမ်ကောနေပါသဖြင့် မိုးရာသီတွင် လယ်မြေဧက (၄၀၀၀)ကျော်ခန့် နှစ်စဉ်ရေကြီးနစ်မြုပ် လျှက်ရှိနေပါသည်။ ၎င်းမြောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ အင်းဂရန်လေလံများအား မည်သည့်အချိန်တွင် မည်ကဲ့သို့သောပုံစံဖြင့် လေလံတင်ရောင်းချနေသည်ကို သိရှိလိုပါကြောင်းနှင့် နိုင်ငံတော်အတွက် အခွန်ငွေနှစ်စဉ်မည်မျှရရှိသည်ကို သိရှိ လိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာ၊ နဂါးဖောက် ရေထိန်းတံခါးတည်ဆောက်ရာတွင် လယ်ယာမြေများ ဆုံးရှုံးနစ်နာခဲ့သည့်အတွက် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာအနီး နဂါးဖောက်ရေထိန်းတံခါးကို တည်ဆောက်ရေး (၆)မှ (၂၀၀၆)ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ ၎င်းစီမံကိန်းတွင် မြစ်ကျိုးကျေးရွာမှ တောင်သူ(၈)ဦး၏ လယ်ယာမြေ(၄၄. ၄၀)ဧက ဆုံးရှုံးနစ်နာခဲ့သည့်အတွက် နစ်နာကြေးပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မြေဂရန်လျှောက်ထားခြင်း၊ မြေစာရင်းမြေပုံများနှင့် မြေရာဇဝင်ပုံစံ (၁၀၅)(၁၀၆) ကူးယူခြင်းများတွင် ငွေကြေးတောင်းခံခြင်းများ ရည်ရွယ်ချက်ရှိရှိ ကြန့်ကြာအောင် ပြုလုပ်နေခြင်းများ ဖြစ်ပေါ်နေခြင်းတို့ကို မည်ကဲ့သို့ ကြပ်မတ်ထိန်းကျောင်းသွားရန် စီစဉ်ထားရှိ သည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ မြေဂရန် လျှောက်ထားခြင်း၊ မြေစာရင်းမြေပုံများနှင့် မြေရာဇဝင် ပုံစံ(၁၀၅)(၁၀၆) ကူးယူခြင်းများတွင် ငွေကြေးတောင်းခံခြင်းများ ရည်ရွယ်ချက်ရှိရှိ ကြန့်ကြာအောင်ပြုလုပ်နေခြင်းများ ဖြစ်ပေါ်နေခြင်းတို့ကို မည်ကဲ့သို့ ကြပ်မတ်ထိန်းကျောင်းသွားရန် စီစဉ်ထားရှိသည်ကို သိရှိလိုပါကြောင်း မေးမြန်းခြင်းနှင့် ပတ်သက်၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ (၃. ၃. ၁၉၉၄) ရက်စွဲပါ စာအမှတ်-၆၈၄၅/ ၂(ဖ)(အမြဲအမိန့်-၁/၉၄)အရ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနတွင်

ထိန်းသိမ်းထားရှိသည့် မှတ်ပုံတင်စာရင်းများနှင့် မြေပုံများမှမိတ္တူ သို့မဟုတ် ကောက်နုတ်ချက်များ ရေးကူးပေးခြင်းနှင့် စပ်လျဉ်း၍ မြေစာရင်းလက်စွဲဥပဒေအပိုဒ်-(၃၈၉)အရ ကာယကံရှင်မှ မြေစာရင်းပုံစံ (၁၀၃)ဖြင့် ရုံးခွန်တံဆိပ်ခေါင်းကပ်၍ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူးထံ လျှောက်ထားရမည်ဖြစ်ပါသည်။ မြေစာရင်းပုံစံ (၁၀၃)တွင် အပိုင်း(၁)၊ မြေစာရင်းမြေပုံနှင့် မှတ်တမ်းများ၊ မိတ္တူရေးကူးခွင့်လျှောက်ထားခြင်း၊ အပိုင်း(၂)၊ စစ်ဆေးခြင်း၊ ရေးကူးခွင့်ပြုခြင်းနှင့် စိစစ်အတည်ပြုခြင်း၊ အပိုင်း(၃)၊ ရေးကူးခနှင့် တံဆိပ်ခေါင်းတန်ဖိုးပေးဆောင်စေခြင်းနှင့် မိတ္တူရေးကူးထုတ်ပေးခြင်း၊ အပိုင်း(၄)၊ လျှောက်ထားသူလက်ဝယ်သို့ ထုတ်ပေးရန်ချိန်းဆိုခြင်းဟူ၍ အပိုင်း(၄)ပိုင်းဖြင့် အဆင့်ဆင့် စစ်ဆေးကွပ်ကဲကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးအနေဖြင့် လျှောက်လွှာ လက်ခံရရှိသည့် အချိန်မှစ၍ သက်ဆိုင်ရာလက်ထောက်ဦးစီးမှူးအား ဆိုင်ရာမြေတိုင်းစာရေးနှင့်အတူ လျှောက်ထားသည့် မြေကို ကွင်းဆင်းစစ်ဆေးပြီး လျှောက်ထားသည့်မြေကွက်သည် အမှန်ရေးကူးလိုသည့် မြေကွက် မှန်/မမှန်၊ မြေကွက်ပေါ်တွင် လက်ရှိအသုံးပြုမှုအခြေအနေ၊ မြေကြီး၊ မြေပုံကိုက်ညီမှုရှိ မရှိနှင့် ဘိုးဘွားပိုင်မြေနှင့် လယ်ယာမြေဖြစ်ပါက လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ-၃(ခ)အရ ကင်းလွတ်ခွင့်ရပြီး/မပြီး၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ-(၃၉)အရ သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးပြုရန် ဆင့်ဆိုသည့်အမိန့်ရပြီး/မပြီး၊ လိုင်စင်၊ ဂရန်မြေစသည့် အစိုးရမှ အငှားချထားပေးသောမြေများ ဖြစ်ပါက အမှုအမှတ်၊ နေ့စွဲနှင့်သက်တမ်းကာလတို့ကိုစိစစ်၍ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံ တင်ပြရမည်ဖြစ်ပြီး အဆိုပါကွင်းဆင်းစစ်ဆေး တွေ့ရှိချက်ကိုလေ့လာစိစစ်၍ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် ရေးကူးခွင့်ပြုမိန့်ချမှတ်ပေးရပါသည်။ မြေစာရင်းပုံစံ (၁၀၅)(၁၀၆)ရေးကူးပြီး၍ အဆင့်ဆင့်စစ်ဆေး အတည်ပြုလတ်မှတ်ရေးထိုးပြီးပါက ကာယကံရှင်ထံသို့ ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း အမြဲအမိန့်(၁၈၀)နှင့်အညီ မှတ်တမ်းရေးသွင်း၍ ထုတ်ပေးရပါမည်။

အငြင်းပွားမှုမရှိသည့်သာမန်ကိစ္စရပ်များတွင် ကွင်းဆင်းစိစစ်ခြင်း၊ မြေပုံနှင့် မြေရာဇဝင်များနှင့် တိုက်ဆိုင်စိစစ်ပြီး မြေပုံရေးကူးခြင်းကိစ္စရပ်အပါအဝင် လုပ်ငန်းများဆောင်ရွက်ရန်အတွက် လျှောက်လွှာ စတင်လက်ခံရရှိသည့်နေ့မှစ၍ မြေပုံမြေရာဇဝင်များ ပြန်လည်ထုတ်ပေးသည့်နေ့အထိ အချိန်ကာလအား အနည်းဆုံး(၁၅)ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်အတွက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်)မှ (၂၅. ၇. ၂၀၁၄)ရက်စွဲပါ စာအမှတ်- ၆၁၈၂/မ ပ (မြေတိုင်း)(ထွေ)(၁၄)ဖြင့် အကြောင်းကြား ထားရှိပြီး ဖြစ်ပါသည်။

မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆) ရေးကူးမှုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် လျှောက်ထားသူမှ ပူးတွဲတင်ပြရမည့် အထောက်အထားတစ်စုံတစ်ရာမပြည့်စုံမှုကြောင့်သော်လည်းကောင်း၊ လျှောက်ထားသူမှ ရုံးသို့လာရောက်ဆက်သွယ်ဆောင်ရွက်ရန် ကြန့်ကြာမှု/ပျက်ကွက်မှုကြောင့်သော်လည်းကောင်း၊ စိစစ်မှုအရ ပိုင်ဆိုင်မှုအထောက်အထား(သို့မဟုတ်) တစ်နည်းနည်းဖြင့် သက်ဆိုင်မှုအထောက်အထားခိုင်မာမှုမရှိ၍ ဆောင်ရွက်ပေးရန်မလိုသည့်ကိစ္စရပ်များကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာသည့် အခြေအနေ များပေါ်တွင် လျှောက်ထားသူ ကာယကံရှင်ထံသို့ ညွှန်ကြားချက်နှင့်အညီ မကိုက်ညီမှုများကို ရှင်းလင်းစွာ ဖော်ပြ၍ ရုံးစာဖြင့်

တရားဝင်ပေးပို့ အကြောင်းပြန်ကြားဆောင်ရွက်သွားရန် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)မှ (၃၁. ၃. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၂၃၅၉/မ ပ(စီမံ)-၀၆/(၁၆)ဖြင့် အကြောင်းကြားထားရှိပြီး ဖြစ်ပါသည်။

မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆) ရေးကူးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်တွင် လျှောက်ထားသူမှ မြေစာရင်းပုံစံ(၁၀၃)ဖြင့် စတင်လျှောက်ထားသည့်နေ့မှစ၍ အငြင်းပွားမှုမရှိသည့် သာမန် ကိစ္စရပ်များတွင် ကွင်းဆင်းစိစစ်ခြင်း၊ မြေပုံနှင့် မြေရာဇဝင်များနှင့် တိုက်ဆိုင်စိစစ်ပြီး မြေပုံရေးကူးခြင်းကိစ္စရပ် အပါအဝင် လုပ်ငန်းများဆောင်ရွက်ရန်အတွက် လျှောက်လွှာစတင်လက်ခံ ရရှိသည်မှစ၍ မြေပုံမြေရာဇဝင်များ ပြန်လည်ထုတ်ပေးသည့်နေ့အထိ အနည်းဆုံး(၁၅)ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လုပ်ငန်းကြန့်ကြာမှုများ မပေါ်ပေါက်စေရန်၊ မသမာမှုများ၊ အဂတိလိုက်စားမှုများမဖြစ်ပေါ်စေရန် အတွက် ညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်သွားရန်နှင့် တိုင်ကြားမှုများအရ စိစစ်ရာတွင် အဆိုပါအချက်အပေါ် လိုက်နာဆောင်ရွက်ထားမှုမရှိပါက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဌာနဆိုင်ရာစုံစမ်းစစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)မှ (၆. ၃. ၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၁၈၆၃/မ ပ(စီမံ)-၀၆/(၁၇)ဖြင့် အကြောင်းကြားထားရှိမှုအပေါ် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ငွေကြေးများတောင်းခံခြင်း၊ ရည်ရွယ်ချက်ရှိရှိ ကြန့်ကြာအောင် ပြုလုပ်နေခြင်းများ မဖြစ်ပေါ်စေရေး အတွက် ဝန်ခံကတိပြုလတ်မှတ်များ ရေးထိုးစေ၍လည်းကောင်း၊ ငွေကြေးများ တောင်းခံသည်ကို တွေ့ရှိရပါက နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းခံရမည်ကို သိရှိပါကြောင်း ဝန်ခံချက်လတ်မှတ် ရေးထိုးစေ၍ လည်းကောင်း၊ စီစဉ်ကြပ်မတ်ထိန်းကျောင်းလျက်ရှိပါကြောင်း ဝန်ကြီးအနေဖြင့်လည်း လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးရန်လမ်းညွှန်ထားပြီး ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ကျောက်ကြီးမြို့နယ်၊ မီးတိုင်တောကျေးရွာအုပ်စုနှင့် မုန်းကျေးရွာ အုပ်စုကြားရှိ မုန်းချောင်း ဖြတ်ကူးတံတား (မီးတိုင်တောတံတား)အား ၂၀၁၆ခုနှစ်၊ (၅)လပိုင်းခန့်တွင် Jonh Engineering ကုမ္ပဏီမှ လုပ်ငန်းစတင်လုပ်ကိုင်ခဲ့သော်လည်း (၁)လခန့်အကြာတွင် လုပ်ငန်းများ ရပ်ဆိုင်း သွားခဲ့ပြီး ယခုအချိန်တွင် ဆက်လက်လုပ်ဆောင်ခြင်းမရှိသေးပါသဖြင့် မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရသည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မီးတိုင်တောရွာ အုပ်စုနှင့် မုန်းကျေးရွာအုပ်စုကြားရှိ မုန်းချောင်းဖြတ်ကူးတံတား (မီးတိုင်တောတံတား) အားနှစ်စဉ် နွေရာသီနှင့် ဆောင်းရာသီကာလများတွင် ယာယီအသုံးပြုနိုင်ရန် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျှက်ရှိသည့် တံတားဖြစ်ပြီး အရှည်(၁၅၀ပေ)၊ အကျယ် (၆ပေ)ရှိ သစ်သားတံတား ဖြစ်ပါသည်။ အဆိုပါ တံတားမှာ ရေအိုးစင်-မီးတိုင်တောလမ်းပေါ်တွင် တည်ရှိပြီး ကျေးရွာအုပ်စု (၁)အုပ်စု၊ ကျေးရွာ (၃)ရွာ၊ အိမ်ခြေ (၆၃၇)အိမ် လူဦးရေ (၃၈၂၆)ဦး အသုံးပြုလျှက်ရှိပါသည်။

အဆိုပါတံတားအား ဂျပန်အစိုးရမှ လျှုဒါန်းသည့် အလှူငွေဖြင့် (၃၆၅'×၁၂'×၂၀')ရှိ အုတ်ခုံခံ သံဘောင်ယက်မ သစ်သားကြမ်းခင်းတံတားအဖြစ် John Engineering Co.,Ltd မှ ဆောင်ရွက်မည်ဟု သိရှိရပြီး ဂျပန်သံရုံးမှ သက်ဆိုင်ရာ ကျေးရွာများနှင့်သာ တိုက်ရိုက်ဆောင်ရွက်လျှက်ရှိပါသည်။ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလတွင် Soil Test လာရောက်စစ်ခဲ့ပြီး ၂၀၁၆ခုနှစ်၊ မေလတွင် Bore Pile တူးခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခဲ့ရာ Design နှင့် မြေပြင်အခြေအနေအရ ဆောင်ရွက်၍ မရပါသဖြင့် Design အသစ်ပြန်လည်ရေးဆွဲပြီးမှသာ ဆက်လက်ဆောင်ရွက်မည်ဟု သိရှိရပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောတံတားမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထား လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးခွန်းနံပါတ်(၁)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မိမိမေးခွန်းအမှတ်စဉ်(၁)ထဲမှာ လည်းပါဝင်ပါတယ်။ လုပ်ငန်းစတင်လုပ်ကိုင်ချိန်အစပိုင်းမှာ ရပ်ဆိုင်းသွားပြီး ယခုအချိန်ထိ ဆက်လက် လုပ်ကိုင်ခြင်းမရှိပါကြောင်းနှင့် မည်သည့်အတွက်ကြန့်ကြာနေသည်ကို သိရှိလိုပါကြောင်း၊ ယင်းလုပ်ငန်း မလုပ်ဘဲ ဘာကြောင့်ကြန့်ကြာနေသည်ကို မေးမြန်းခြင်းဖြစ်ကြောင်း၊ ယင်းတံတားသည် ဂျပန်အစိုးရ တာဝန်ယူထားတာဖြစ်ပြီး ဌာနဆိုင်ရာမှလည်း ဘာတစ်ခုမှ မေးမြန်း၍မရဘဲ စာချုပ်တောင်မပြသည့် အနေအထားရှိကြောင်း၊ တံတားနှင့် ပတ်သက်သည့်ကော်မတီဝင်တစ်ဦးကို မေးမြန်းသည့်အခါ တိုင်းဒေသကြီးအစိုးရအဖွဲ့က မသိပါဘူးဟု ဖြေကြားပါကြောင်း၊ ပဲခူးတိုင်းအတွင်းမှာ လုပ်နေသည့် သိန်းထောင်ချီတန်သည့်လုပ်ငန်းကို လုပ်ဆောင်နေသည်ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ မသိရှိဘူးဟုဆိုတာ ဘာအဓိပ္ပာယ်မှ မရှိကြောင်း၊ ဒီကိစ္စကို မိမိသိချင်သည်က ၄င်းတံတားနှင့် ပတ်သက်ပြီး. John Engineering ကုမ္ပဏီက ဘယ်အချိန် ဘယ်ကာလမှာပြီးမယ်ဆိုသည် စာချုပ်စာတမ်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကော်မတီက ယခုတံတားဖြစ်မြောက်ရေးကော်မတီမှာ လက်ရှိလုပ်ကိုင်သူအုပ်ချုပ်ရေးမှူးသစ်ကို အရင်အုပ်ချုပ်ရေးမှူးဟောင်းက ထွက်သွားပြီး လုပ်ငန်းနှင့် ပတ်သက်ပြီး လွှဲပြောင်းပေးခဲ့ခြင်းဘာမှ မရှိခဲ့ကြောင်း၊ ကော်မတီတွင် ယခုလက်ရှိလုပ်ကိုင်နေသည့် ယ. ရ. က စာရေးကလည်း ဒီတံတားနှင့် ပတ်သက်သည့် စာချုပ်စာတမ်းပေးပါဆိုလည်း မပေးပါကြောင်း၊ ဘယ်အချိန်မှာပြီးမယ် ဆိုတာလည်းမပြောဘူး၊ ဒီတံတားနှင့် ပတ်သက်ပြီးတစ်နှစ်ကျော်ကျော်ကြာနေပြီဖြစ်သည့်အတွက် ဒီနှစ်ဒီတံတားမရမှာကို စိုးရိမ်နေကြောင်း၊ တိုင်းဒေသကြီးဝန်ကြီး ဖြေကြားထားသည်က လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့် တံတားမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်

မူလလျာထားလုပ်ငန်း စာရင်းတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားထားပြီး တောင်းခံတာမဟုတ်ပါဘူး။ ရှိနေတာကို ဘာကြောင့်ကြန့်ကြာနေသည်ကို သိချင်သောကြောင့် ဝန်ကြီးအနေဖြင့် ရှင်းရှင်းလင်းလင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။ နောက်တစ်ချက်က အင်းလေလံကိစ္စနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မည်ဆိုလျှင် သတ်မှတ်ဈေးနှုန်းများနှင့် အရမ်းကွာဟနေစရာအကြောင်းမရှိပါဘူး။ ယခု မိမိတို့ဆီကို ချောင်း၊ အင်း ဂရန်ပိုင်းနှင့် ပတ်သက်ပြီး ရွာသားတွေကပြောပါတယ်။ ချောင်း၊ အင်းဂရန်ထဲမှာ အင်းပေါင်း (၇၃၀)ကျော်ထဲမှ မိမိတို့ လေလံတင် ရောင်းချသည့်အခါ ပွင့်လင်းမြင်သာမှုမရှိတဲ့ ရောင်းချနေခြင်းအား အရေးယူဖြေကြားချက်ထဲတွင် လေလံဂရန်များကို ပွင့်ပွင့်လင်းလင်းရောင်းချနေပါကြောင်း နိုင်ငံတော်အတွက် သတ်မှတ်ဈေးနှုန်းထက်များစွာရရှိပြီး နိုင်ငံတော်ဘတ်ဂျက်များစွာရနိုင်သည်ဟု ယုံကြည်ပါကြောင်း၊ နှစ်စဉ်အင်းလေလံမဖြစ်ခင်မှာ မည်သည့်ရက်မှာ အင်းလေလံပစ်မည်ကို မြို့နယ်အလိုက် တိတိကျကျ အစိုးရအဖွဲ့အနေဖြင့် စီစဉ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ မေးခွန်းနံပါတ်(၁)တွင် John Engineering Co.ltd မှ ဆောင်ရွက်မည်ဟု သိရှိရပြီး ဒီဇိုင်းသစ်ရေးဆွဲပြီးမှသာ ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရှိပါကြောင်း၊ စနစ်တကျစိစစ်ပြီးဖော်ထုတ်လျှင် ကျောက်ကြီးမြို့နယ်၊ မီးတိုင်တောကျေးရွာအုပ်စုနှင့် မုန်းကျေးရွာအုပ်စုကြားရှိ မုန်းချောင်းဖြတ်ကူးတံတား (မီးတိုင်တောတံတား)နှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၄) အင်းလေလံများ နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင် မေးမြန်းထားသည့် (မီးတိုင်တောတံတားနှင့် ပတ်သက်ပြီး ဒီတံတားသည် ဂျပန်ကနေပြီး လှူသည့်တံတားဖြစ်သည့်အတွက် ဂျပန်က ဘယ်လောက်လုပ်ငန်းသေးသေးမွှားမွှားဘဲဖြစ်ဖြစ် စနစ်တကျလုပ်ကိုင်သည့်အတွက် အချိန်ပေးရပါတယ်။ အစိုးရအနေဖြင့် ဘယ်အချိန်ပြီးချင်တယ်ဆိုပြီး comment သွားပေး၍ မရပါကြောင်း၊ ၂၀၁၅ခုနှစ်မှာ အရင်ဆုံးလာပြီး Soil Test လာပြီးစစ်ပါကြောင်း၊ ၂၀၁၅ခုနှစ်မှာ Soil Test လုပ်ပြီး ၂၀၁၆ခုနှစ်၊ မေလမှာ Bone Pile တူးခြင်းလုပ်ငန်း စတင်ပါကြောင်း သူတို့ဆွဲခဲ့သည့် Designနှင့် လက်ရှိမြေပြင် အခြေအနေအရ အဆင်မပြေဖြစ်နေကြောင်း၊ မိမိတို့က ဒီနေရာမှာ တံတားတစ်စင်းလိုလျှင်ကောက်ပြီး ဆောက်လိုက်တာဖြစ်ပြီး သူတို့က ရေမြေဒေသကအစ စစ်ဆေးပြီး သေသေချာချာ (Servey)တွေလုပ်ပြီးမှ ဂျပန်ကဆောင်ရွက်တာရှိကြောင်း၊ ဒါကတော့အမှန်တကယ် သူဆွဲထားတဲ့ Designနဲ့ အဆင်မပြေသည့်အတွက် ဒါကို ဒီဇိုင်းအသစ်ပြန်ဆွဲပြီး ဆောင်ရွက်ဆဲဖြစ်သည့်အတွက် မိမိအနေဖြင့် ဆောင်ရွက်ပေးနိုင်သည်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်တစ်ဆင့် ဒီတံတားကို ဆက်လက်ဆောင်ရွက်ရန် ဘယ်လို အခက်အခဲရှိသလဲဆိုတာကို ဂျပန်ကိုအရင်ဆောင်ရွက်ခဲ့သည့်၊ လှူခဲ့သည့်နေရာကို ပြန်လည်ဆောင်ရွက်ပေးရန် ကျေးလက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ပြီး သူတို့ဖြေကြားသည့်အဖြေအပေါ်မှာ စာဖြင့် ဖြေကြားပေးပါမည်။

ဒုတိယအချက်အနေဖြင့် ငါးကဏ္ဍနှင့် ပတ်သက်ပြီး မိမိတို့ဆီက အင်းတွေကို ယခင်၂၀၁၆-၂၀၁၇ အင်းလေလံရာသီချိန် မတ်လမှာအစိုးရအဖွဲ့ဖွဲ့ပြီး ဖေဖော်ဝါရီမှာ အင်းလေလံပွဲပေးသည်အခါ အစိုးရက ပွင့်လင်းမြင်သာစွာဆောင်ရွက်ခဲ့သော်လည်း အင်းလေလံပေးပြီး နောက်ပိုင်းမှာ အင်းပြဿနာအများကြီး ဖြေရှင်းရပါကြောင်း၊ အင်းလုပ်ငန်းရှင်များက မိမိ ရုံးခန်းကိုလာသည့်အခါ စိတ်ရှည်လက်ရှည် ရှင်းပြပြီး ဒီနှစ်တော့ အင်းလေလံကို ဈေးပြိုင်စနစ်နဲ့ အများရှေ့မှာ ပွင့်လင်းမြင်သာစွာရောင်းချ ရတာဖြစ်သည့်အတွက် ဒီနှစ်တော့သီးခံပေးပါ။ အစိုးရသစ်ကလည်း တက်ခါစဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပွင့်လင်းမြင်သာစွာ လုပ်ကိုင်သော်လည်း အဲဒီနောက်ပိုင်းမှာ နောက်ဆက်တွဲအဆင်မပြေမှုတွေကို ဆိုင်းငံ့ထားပြီးဖြစ်လာသည့် အင်းကိစ္စတိုင်စာနှင့် ပတ်သက်ပြီး အင်းတွေကို ငါးလုပ်ငန်းဦးစီးဌာနကို မှတ်တမ်းစာရင်းထည့်ခိုင်းထားပါတယ်။ ယခု အင်းလေလံမတိုင်ခင်မှာ ပြဿနာတက်နေသည့် အင်းတွေနှင့် ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲလုပ်ဖို့ ရွှေဝါထွန်းမှာလည်းလုပ်ဖို့ရှိပါကြောင်း ဌာနဆိုင်ရာထဲမှာ အင်းတွေနဲ့ ပတ်သက်၍ ကျေကျေလည်လည်ဖြစ်အောင် မည်သို့ပြုလုပ်မည်ကို လမ်းညွှန်ထားပြီး မိမိတို့ ဆုံးဖြတ်ချက်ချပြီး နောက်ပိုင်းမှာ ပြဿနာတက်တာမလိုချင်ဘူး။ မည်သို့အမြန်ဆုံးလုပ်ပေးနိုင်မလဲ။ အစည်းအဝေးထိုင်ပါ။ Work Shop လုပ်ပါ။ ဥပဒေနှင့်အညီ ငါးလုပ်ငန်းများရှိသည်ကို လွှတ်တော်တွင် ဒီမိုကရေစီလုပ်ပြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်နိုင်အောင် လုပ်ပါဟု လမ်းညွှန်ထားပါကြောင်း၊ ရွှေဝါထွန်းမှာ Work Shop တစ်ခါလုပ်ထားကြောင်း၊ သူတို့ဌာနဆိုင်ရာ (၂၈)မြို့နယ်မှာရှိသည့် ခရိုင်မြို့နယ်အဆင့် ငါးလုပ်ငန်းဦးစီးမှူးနှင့် ငါးလုပ်ငန်းအဖွဲ့များ အစည်းအဝေး (၂)ခါထိုင်ပြီးသော်လည်း ဒါနဲ့မပြီးသေးပါဘူး။ ပြဿနာတက်နေသည့် အင်းများကို မည်ကဲ့သို့ အကောင်းဆုံး ကျေကျေလည်လည် ဖြစ်အောင်ဆောင်ရွက်ပေးနိုင်မလဲ။ အားနည်းချက် အားသာချက်များကိုလည်း စီစဉ်ဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ မိမိတို့လက်ထက်မှာ ပွင့်လင်းမြင်သာအောင် အသိပေးရန်အတွက် အင်းမြေတည်နေရာပိုင်ဆိုင်မှုပြဿနာတက်သည့်အခါ အင်းနယ်နိမိတ်ကို ဆိုင်းဘုတ်စိုက်ထူပြီး ရှင်းပေးလိုက်သည့်အတွက် ပြဿနာတော်တော်များများဟာ ၉၀%လောက် ကျသွားသည်ဟု ငါးလုပ်ငန်းဦးစီးဌာနက အစီရင်ခံတင်ပြထားပါကြောင်း၊ အင်းလေလံပေးမည့်ကိစ္စတွင် ပြဿနာတက်သည့်အင်းနှင့် ပြဿနာမတက်သည့် အင်းများကို တိုင်းသိပြည်သိ တစ်တိုင်းလုံးသိအောင် ကြေညာပေးမှာပါ။ လိုအပ်လျှင် သက်ဆိုင်ရာကို အင်းနယ်နိမိတ်ပတ်ဝန်းကျင်မှာ ကြေညာခိုင်းပြီးမှ ငါးလုပ်ငန်းဦးစီးဌာနရုံးမှာ လေလံတင်ပွဲဆောင်ရွက်မှာ ဖြစ်ပါကြောင်း၊ မေးမြန်းသည့်မေးခွန်းအပေါ် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပါ့မယ်။ ဘဏ္ဍာငွေကို ငါးလုပ်ငန်းဦးစီးဌာနမှ လေလံတင်သည့် လုပ်ငန်းတိုင်းမှာ ပွဲစားတွေရှိသည့်အတွက် (ပန်းကြေးစား) အဖွဲ့ကို ဥပဒေထဲမှာ ဖမ်းဆီးအရေးယူရန် ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ပန်းကြေးစားများသည် စည်ပင်သာယာရေး ဌာနမှာလည်းရှိသလို ငါးလုပ်ငန်းဦးစီးဌာနမှာလည်းရှိကြောင်း၊ ပန်းကြေးစားများ ပေါ်မလာပါက စားပွဲဝိုင်းပေါ်မှာ တက်လာသည့်ပိုက်ဆံထုပ်သည် နိုင်ငံတော်အတွက်ဖြစ်သည်ဟု တင်ပြလိုပါကြောင်း၊ မိမိအနေဖြင့် အတက်နိုင်ဆုံးထိန်းသိမ်းပါ့မည်။ တစ်ခါတစ်ရံလုပ်ကိုင်သူဟု မသိရပါကြောင်း၊ လက်ရှိလုပ်နေသူက မလိုအပ်ဘဲဒေသတွင်း လေလံနှုန်းဖောင်းပွပြီး အကျိုးအမြတ်မရှိကြောင်း၊ အင်းလေလံပေးသည့်အခါ အချို့က

အင်းကွက်တွေကို လက်လီစိတ်ပြီးပြန်ရောင်းချသည်ကို စည်းမျဉ်းစည်းကမ်းနှင့်အညီ အစိုးရ အနေဖြင့် ဆောင်ရွက်လို့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကို လေလံပွဲနှင့် ပတ်သက်ပြီးရှင်းရှင်းလင်းလင်း ဂယနဏဖြစ်အောင် လေလံပွဲကို ဖိတ်ခေါ်ပါကြောင်း၊ ဒီအတောအတွင်း ရွှေဝါထွန်းမှာ Work Shop လုပ်ဖို့ စီစဉ်ဆောင်ရွက်ထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်၊ မဲပုပ်ကျေးရွာအုပ်စု၊ တောင်ငူ-မုပ္ပလင်ကားလမ်းမှ ကြောင်ပြာကျေးရွာသို့ သွားသည့်လမ်းပေါ်ရှိ ကျောက်ကြီးချောင်း ဖြတ်ကျော်တံတားအား လာမည့်ဘဏ္ဍာနှစ်များတွင် ထည့်သွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မဲပုတ်ကျေးရွာအုပ်စု၊ တောင်ငူ-မုပ္ပလင် ကားလမ်းမှ ကြောင်ပြာကျေးရွာသွား လမ်းပေါ်ရှိ ကျောက်ကြီး ချောင်းဖြတ်တံတားမှာ (၇၀'×၁၄'×၂၅')ရှိ သစ်သား တံတားဖြစ်ပြီး လွန်ခဲ့သော (၁၅)နှစ်ခန့်မှ ကိုယ်အားကိုယ်ကိုး တည်ဆောက် ခဲ့သော တံတားဖြစ်ပါသည်။ ၎င်းတံတားမှာ နှစ်ကာလ ကြာမြင့်လာသောကြောင့် တိုင်၊ ယက်မ၊ ဆင့်၊ ကြမ်းခင်းများ ပျက်စီးလျှက် ရှိပါသည်။ အဆိုပါတံတားအား ကွန်ကရစ်တံတား(၇၀'×၁၄'×၂၅') တည်ဆောက်မည် ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၇၀)သန်း ကုန်ကျမည် ဖြစ်ပြီး ကျေးရွာအုပ်စု (၁)စု၊ ကျေးရွာ (၁)ရွာ၊ အိမ်ခြေ (၂၂၂)အိမ်၊ လူဦးရေ (၁၁၂၃)ဦး အကျိုးပြုမည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောတံတားမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထား လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိပါသဖြင့် လက်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်၊ နောင်ဘိုကျေးရွာအုပ်စုရှိ ငရုဆင်မြောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ နောင်ဘိုကျေးရွာအုပ်စုရှိ ငရုဆင်(ခရုဆင်) ရေနုတ်မြောင်း တည်ရှိပါသည်။ အဆိုပါရေနုတ်မြောင်းသည် ယခင်က နောင်ဘိုကွင်း၊ ကျွန်းပင်ဆိပ်ကွင်းနှင့် မြောင်းရိုးကြီး ကွင်းများရှိ လယ်မြေဧက(၄၀၀၀)ခန့်အား ရေလွှမ်းမိုးမှုကင်းဝေးစေရန် ရေနုတ်ပေးပြီး ငါးဖယ်အင်းထဲသို့ စီးဆင်းစေသော ရေနုတ်မြောင်း ဖြစ်ပါသည်။

ငရုဆင်ရေနုတ်မြောင်းအား ပြန်လည်တူးဖော်ပေးမည်ဆိုပါက အလျား(၂. ၈၄)မိုင်၊ မြေကြီး(၁၃၅၀၀) ကျင်းတူးဖော်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ (အကြမ်းဖျင်း) ကျပ်(၁၆. ၅၀၀)သန်း ကုန်ကျ မည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ **(BE)**တင်ပြ တောင်းခံချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသ ကြီးလွှတ်တော်မှလည်း

**(BE)** ရန်ပုံငွေစာရင်းများ ရန်ပုံငွေစိစစ်သတ်မှတ်ပြီးဖြစ်ပါ၍ လက်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ အင်းဂရန်လေလံ များအား မည်သည့်အချိန်တွင် မည်ကဲ့သို့သော ပုံစံဖြင့် လေလံတင် ရောင်းချနေသည်နှင့် နိုင်ငံတော်အတွက် အခွန်ငွေနှစ်စဉ် မည်မျှရရှိ သည်တို့ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များမှ နှစ်ရှည်(၃)နှစ် ကြေးတိုင်အင်းအဖြစ် လုပ်ကိုင်ခွင့် ပြုထားသော ဂရန်အင်းများမှအပ ကျန်ဂရန်အင်းများအား ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေ၊ အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း အခန်း(၃)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)အရ လေလံရောင်းချရေးအဖွဲ့ကို ဖွဲ့စည်းပြီး ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာန၊ ဝန်ကြီး၏ အတည်ပြုချက်ရယူ၍ ပွင့်လင်းမြင်သာစွာဖြင့် ဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး၌ နှစ်စဉ်ဧပြီလ နှောင်းပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နှစ်အလိုက် အင်းအိုင်ခွန် ကောက်ခံရရှိမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

| PÛF | CÆÊF | T CÆÑ (ÛÜ ÝF |
|---|---|---|
| ၁ | ၂၀၁၂-၂၀၁၃ | ၁၀၀၆၉၈၃၀၈၇ |
| ၂ | ၂၀၁၃-၂၀၁၄ | ၁၀၉၆၇၇၃၁၃၂ |
| ၃ | ၂၀၁၄-၂၀၁၅ | ၁၂၆၈၃၉၄၉၀၇ |
| ၄ | ၂၀၁၅-၂၀၁၆ | ၁၃၇၉၅၃၈၀၅၁ |
| ၅ | ၂၀၁၆-၂၀၁၇ | ၁၄၈၈၄၁၈၂၆၄ |

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာ၊ နဂါးဖောက် ရေထိန်းတံခါး တည်ဆောက်ရာတွင် လယ်ယာမြေများဆုံးရှုံးနစ်နာ ခဲ့သည့်အတွက် နစ်နာကြေးပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာအနီးရှိ နဂါးပေါက်ရေထိန်း တံခါးကိုဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၆)မှ (၂၀၀၆)ခုနှစ်တွင် တည်ဆောက်ခဲ့ရာ စီမံကိန်း တွင်ပါဝင်သော လယ်မြေများအတွက် နစ်နာကြေးရရှိရန် မြစ်ကျိုးကျေးရွာအုပ်စုရှိ လယ်သမားများမှ တင်ပြလာခြင်းအပေါ် ပြည်ထောင်စုဝန်ကြီးမှ ယခင်အစိုးရအဆက်ဆက် ကာလ နောက်ကြောင်းပြန်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် များစွာအခက်အခဲရှိပါသည်ဟု အမိန့်မှတ်ချက်ပြု

ထားခြင်းအပေါ် ညွှန်ကြားရေးမှူးချုပ်မှ ဒေသခံတောင်သူလယ်သမားများအား ပြီးပြတ်အောင်ရှင်းလင်းပြောကြားရန် အမိန့်မှတ်ချက်ပြုခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်၏ အမိန့်မှတ်ချက်အပေါ် ဝေါမြို့နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒု-မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့သည် (၂၈. ၉. ၂၀၁၅)ရက်နေ့တွင် မြစ်ကျိုးကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ နစ်နာကြေး ရလိုကြောင်းတင်ပြခဲ့သည့် တောင်သူများအား ခေါ်ယူ၍ ပြည်ထောင်စုဝန်ကြီး၏ အမိန့်မှတ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါနဂါးပေါက်ရေထိန်းတံခါး စီမံကိန်းတွင်ပါဝင်သော လယ်မြေ(၄၄. ၄၀)ဧကအား လျော်ကြေးပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများတွင် လုပ်ငန်းမစတင်မီကပင် လျော်ကြေးပေးနိုင်ရန်အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝန်ကြီးဖြေကြားသွားသည့်အပေါ်မှာ ရှေ့ဆက်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများမှာ လုပ်ငန်းမစတင်မီကပင် လျော်ကြေးပေးထားပြီး ဆည်မြောင်းနဲ့ ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားထားသည့်အပိုင်းကို မေးမြန်းခွင့်ပြုပါရှင်။ မိမိတို့ ဝေါမြို့နယ်မှာ ပြည်ထောင်စုဘတ်ဂျက်နှင့် ၂၀၁၇ခုနှစ်၊ (၂)လပိုင်းတွင် စစ်တောင်းမြစ်ပြွန်တန်ဆာ လွှင်ပြင်စီမံကိန်း တည်ဆောက်တာ ပြီးတောင်ပြီးတော့မယ် လျော်ကြေးဟာ လုပ်ငန်းမတင်မီပေးရမှာဖြစ်ပြီး လုပ်ငန်းသာပြီးစီးတော့မယ် (၃)လပိုင်းဘတ်ဂျက်ပိတ်မှ လျော်ကြေးပေးရန် အစီအစဉ်ရှိသည့်အတွက် တာဝန်ရှိလူကြီးမင်းများက ဖြေကြားထားသည့်အပေါ်မှာ ညွှန်ကြားချက်များ ထုတ်ပေးရန်နှင့် မြို့နယ်အဆင့်တွေမှာ လုပ်ဆောင်ပေးရန်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးများကို နောက်နောင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်လျှင်အချိန်နှင့် တစ်ပြေးညီ ညွှန်ကြား ပေးစေလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ဝေါမြို့နယ်မှ ဒေါ်ရီရီထိုက် မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပေါ်ထွန်းပြီးနောက်ပိုင်း သက်ဆိုင်ရာဦးစီးဌာနများအနေဖြင့် လုပ်ငန်းများကို လွှဲပြောင်းဆောင်ရွက်ရာတွင် မြေကိစ္စများနှင့် ပတ်သက်တိုင်း သက်ဆိုင်ရာ မြေယာပိုင်ဆိုင်မှု အထောက်အထားများပေါ်မူတည်ပြီး ကာယကံရှင်များနှင့် ကျေလည်အောင် ဆောင်ရွက်ရပါကြောင်း၊ ဥပမာ ဖြူးချောင်းရေလှောင်တမံ တည်ဆောက်ရာတွင် ယခင် အစိုးရလက်ထက်က ဆောင်ရွက်တာဖြစ်ကြောင်း၊ ဖြူးဆည်ရေသောက်မြစ် လက်တံတိုပေးရန် ယနေ့ထိ ဘတ်ဂျက်မကျသေးဘဲ နိုင်ငံတကာချေးငွေကျဖို့ရှိပါကြောင်း၊ ယင်းကိစ္စကို ယနေ့ထိဒေသခံတောင်သူများနှင့် မြောင်းတူးဖော်ရန် အကျေအလည်ညှိနှိုင်း၍ မရသေးသည့်အတွက် ယနေ့ထိဆောင်ရွက်နိုင်မှု မရှိသေးပါကြောင်း၊ ယခုလက်ရှိ ကိုယ်စားလှယ်တင်ပြထားသည့် တမံလုပ်ငန်းမှာ ဒေသခံတောင်သူများက ကျေကျေလည်လည် ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ကျေကျေလည်လည်ဆောင်ရွက်ခြင်းမရှိလျှင် ဒေသခံတောင်သူများ ကိုလည်း ၂၀၁၂ လယ်ယာမြေဥပဒေအရ မိမိတို့အနေဖြင့် ခွင့်ပြုမည်မဟုတ်ပါကြောင်း၊ ဘဏ္ဍာငွေပေးချေသည်ဆိုတာက နိုင်ငံတော်က ချပေးထားသည့် ဘဏ္ဍာငွေအပေါ်မှာ မိမိတို့က ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ရခြင်းဖြစ်သည့်အတွက် ဘဏ္ဍာငွေထုတ်ယူရန် နှောင့်နှေးကြန့်ကြာတာမျိုးပဲဖြစ်မှာပါ။ လျော်ကြေး မပေးဘဲ ဆောင်ရွက်ထားခြင်းမျိုးလည်း မရှိပါကြောင်း၊ အဓိက ကတော့ မိမိလယ်ယာမြေပိုင်ဆိုင်မှု အထောက်အထားရှိဖို့ လိုအပ်ပါကြောင်း၊ အထောက်အထားရှိလျှင် မြေပိုင်ဆိုင်မှုအပေါ်မှာ သက်ဆိုင်ရာဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တောင်သူများနှင့် ကျေကျေလည်လည် ညှိမှဆောင်ရွက်ခွင့်ရှိပါတယ်။ ကျေကျေလည်လည် မညှိပါက ဆည်မြောင်းဦးစီးဌာနက ကာယကံရှင်ကို မေးမြန်းပြီး သဘောတူမှ ဆောင်ရွက်မှာဖြစ်ပြီး ဖြူးဆည်လုပ်ငန်းကို ဖြေရှင်းရန် တင်ပြပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဦး နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဦး နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏နှစ်အလိုက်အသုံးပြုသော ငွေလုံး၊ ငွေရင်းအသုံးစရိတ်နှင့် ပြုလုပ်သော လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၊ ကိုယ်ထူကိုယ်ထလျှပ်စစ်ဓါတ်အားရယူသုံးစွဲမှုလုပ်ငန်းများ NEP စီမံကိန်းနှင့် ပတ်သက်သော လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး

ကော်မတီမှ စောင့်ကြည့် ထိန်းကျောင်းခြင်းနှင့် လုပ်ငန်းစဉ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် တစ်ဖက်တစ်လမ်းမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အတတ်နိုင်ဆုံး ကူညီပံ့ပိုးနိုင်ရန် အရေးကြီးသော တာဝန်ဝတ္တရားများ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်ပြအစီရင်ခံအပ်ပါသည်။

## ရည်ရွယ်ချက်

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ ရောက်ရှိလာသည့် ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီနှင့် မီးသုံးစွဲမှုများအကြား ဖြစ်ပေါ်နေသော ပြဿနာများကို အကောင်းဆုံးနည်းဖြင့် ဖြေရှင်းပေးနိုင်ရန်နှင့် NEP တစ်နိုင်ငံလုံးမီးလင်းရေး စီမံကိန်းနှင့် ပတ်သက်၍ လုပ်ငန်းစဉ်ကို ပြည်သူများသိရှိနိုင်ပါရန် ရည်ရွယ်ပါသည်။

## လုပ်ငန်းစဉ်

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့တွင် ကျင်းပပြုလုပ်သော လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကျေးရွာမီးလင်းရေးကော်မတီနှင့် မီးသုံးစွဲ သူပြည်သူများ အကြား ဖြစ်ပေါ်နေသော အခက်အခဲများနှင့်ပတ်သက်၍ တိုင်ကြားစာများအား စိစစ်၍ လွှတ်တော်တွင် ခေါ်ယူကြားနာမှုပြုလုပ်ရန် လွှတ်တော်ဥက္ကဋ္ဌကြီးထံသို့ (၇-၁-၂၀၁၇)နေ့တွင် တင်ပြခဲ့ ပါသည်။

အဆိုပါတင်ပြချက်အပေါ် လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက်နေ့တွင် ဖြူးမြို့နယ်၊ တောင်ဒိုင်းတစ်ရာကျေးရွာနှင့် ကျော်လှကြီးကျေးရွာ မှ မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများအားလည်းကောင်း၊ (၁၇)ရက်နေ့တွင် ဝေါမြို့နယ်၊ အဗျားငှက်ချေးဝင်းကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာမှ မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများအား လည်းကောင်း၊ (၁၈)ရက်နေ့တွင် ရွှေကျင်မြို့နယ်၊ ကွင်းဆိပ်ကျေးရွာနှင့် ထန်းတပင်မြို့နယ် တပြေးကျေးရွာမှ မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများအားလည်းကောင်း၊(၁၉)ရက်နေ့တွင် ကျောက်တံခါးမြို့နယ်၊ မင်းတန်းကျေးရွာနှင့် ပဲခူးမြို့နယ် တာဝကျေးရွာမှ မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများအားလည်းကောင်း၊(၂၀)ရက်နေ့တွင် လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းတိုက်နယ် မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများအား လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကြားနာခဲ့ပါသည်။

အဆိုပါ ကျေးရွာ(၉)ရွာအား ကြားနာခဲ့ရာ (၂၅-၁-၂၀၁၇)ရက်နေ့တွင် ရွှေကျင်မြို့နယ်၊ ကွင်းဆိပ်စံပြကျေးရွာ မီးလင်းရေးကော်မတီ ငွေစာရင်းရှင်းလင်းခြင်းအား လွှတ်တော်လျှပ်စစ်ကော်မတီ အစည်းအဝေးခန်းမ၌လည်းကောင်း၊ (၃၀-၁-၂၀၁၇)ရက်နေ့တွင် ကျောက်တံခါးမြို့နယ်၊ မင်းတန်းကျေးရွာ မီးလင်းရေးကော်မတီငွေစာရင်းရှင်းလင်းပွဲအား မင်းတန်း ကျေးရွာ၌လည်းကောင်း၊ (၃၁-၁-၂၀၁၇) ရက်နေ့တွင် လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းတိုက်နယ် မီးလင်းရေးကော်မတီနှင့် တိုင်ကြားသူများအား လွှတ်တော်လျှပ်စစ်ကော်မတီအစည်းအဝေးခန်းမ၌ ကြားနာပွဲကျင်းပပြုလုပ်ခဲ့ပါသည်။

## ရှေ့လုပ်ငန်းစဉ်

ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီများနှင့် ပတ်သက်၍ နောင်လာမည့် NEP စီမံကိန်းတွင်လည်း မီးလင်းရေးကော်မတီများနှင့် ပြည်သူများအကြား ယခုကဲ့သို့သော ပြဿနာများ ဖြစ်ပေါ်လာမှု လျော့ပါး

စေရေးအတွက် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေးကော်မတီမှ အောက်ပါအတိုင်း အကြံပြုတိုက်တွန်းခဲ့ပါသည်-

- ဒီမိုကရေစီနည်းကျ အများသဘောတူ ရွေးကောက်ခံရသူများနှင့်သာ ကော်မတီဖွဲ့စည်းရန်၊
- ပေါ်ပေါက်လာသော ကော်မတီမှ ငွေကြေးကောက်ခံမှုများနှင့် ပတ်သက်၍ အများပြည်သူ သဘောတူလက်ခံသည်အထိ ချပြညှိနှိုင်းပြီး အတည်ပြုချက် ရယူရန်၊
- ငွေစာရင်းစာအုပ်ပြုလုပ်ထားရှိပြီး ကောက်ခံရရှိငွေအား လက်ဝယ်မထားဘဲ ဘဏ်၌ ငွေစုစာအုပ် ပြုလုပ်၍အပ်နှံထားရန်၊
- ငွေထုတ်ယူသုံးစွဲမည့်အခါတိုင်း မည်သည့်အတွက် ထုတ်ယူမည်ဖြစ်ကြောင်း အများပြည်သူအား အသိပေးပြီး နောက်သုံးစွဲပြီးသည့်အခါ မည်၍မည်မျှ ငွေပမာဏဖြင့် မည်သည့်လုပ်ငန်း များကို မည်သို့လုပ်ဆောင်ခဲ့ကြောင်းနှင့် အနည်းဆုံး(၆)လတစ်ကြိမ် အများပြည်သူသို့ ငွေစာရင်း ရှင်းတမ်းချပြရန်၊
- ကျေးရွာမီးလင်းရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်သည့်နောက်ပိုင်းတွင် မီးလင်းရေး ကော်မတီများ၏ သက်တမ်းကို (၃)နှစ်တစ်ကြိမ် အသစ်ရွေးချယ်ရန်၊
- ကော်မတီအဟောင်းနှင့် ကော်မတီအသစ်လွှဲပြောင်းပေးရာတွင် ငွေစာရင်းရှင်းတမ်းနှင့်တကွ ပစ္စည်းလက်ကျန်၊ ငွေသားလက်ကျန်၊ ဘဏ်လက်ကျန်များကို နှစ်ဖွဲ့သဘောတူ ပွင့်လင်းမြင်သာ လွှဲပြောင်းလက်ခံပြုလုပ်ရန်၊
- ကော်မတီအသစ်မှ မိမိစတင်တာဝန်ယူသည့်နောက်ပိုင်းတွင်လည်း ပြည်သူလူထုအား(၆)လ တစ်ကြိမ် ငွေစာရင်းရှင်းလင်းရန်၊

**နိဂုံး**

လျှပ်စစ်မီးလင်းရေးကော်မတီများနှင့် မီးသုံးစွဲသူပြည်သူများသည် ကော်မတီနှင့် ပြည်သူအကြား အပြန်အလှန်စေတနာထားမှု၊ ရိုးသားမှု၊ ပွင့်လင်းမြင်သာရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ကိုယ်ကျိုးမဖက်မှုနှင့် အများအကျိုးရှေးရှုသော ပရဟိတစိတ်များထားရှိပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မိမိတို့ရပ်ရွာအကျိုး၊ မိမိတို့ဒေသအကျိုး၊ မိမိတို့ တိုင်းပြည်အကျိုးကို ယခုလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေရသောကာလတွင် တာဝန်ကျေသောနိုင်ငံသားကောင်းများအနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုတည်ဆောက် ပေးရာရောက်မည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးအောင်အောင် မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ အဖွဲ့ဝင် ဦးအောင်အောင် မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီသည် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု၏ ရေးရာကောမတီ ကိစ္စရပ်များအား တင်ပြ တိုင်ကြားလာခြင်းနှင့် ပြည်သူလူထု၏ ရေးရာကော်တီနှင့် သက်ဆိုင်သော အကျိုးပြုဆောင်ရွက်ရမည့် လုပ်ငန်းများအား ထိန်းညှိပူးပေါင်း ကူညီ ဆောင်ရွက်မှုများကို ရေးရာကော်မတီ (၁/၂၀၁၇)အစီရင်ခံစာ အဖြစ် ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

**အစီရင်ခံစာ**

**အလုပ်သမားရေး**

- (၁၇. ၁. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ အစည်းအဝေး ခန်းမတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီသည် လူမှုဖူလုံရေးအဖွဲ့၊ ပဲခူးမြို့နယ်မှာရှိသော အထပ်သားစက်ရုံ၊ လိမ္မော်ရောင် စက်ရုံ၊ KM စက်ရုံ၊ ချင်းစုစက်ရုံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်ကြားထားသော အလုပ်သမားများနှင့် တွေ့ဆုံ ကြားနာပွဲပြုလုပ်ခဲ့ပါသည်။ ထိုကြားနာပွဲသို့ ဗဟိုခုံသမာဓိ အလုပ်သမား ဥက္ကဋ္ဌ ဦးရဲနိုင်ဝင်း၊ အတွင်းရေးမှူး ဦးထွန်းထွန်းနိုင်တို့အား ဖိတ်ကြားကူညီအကြံပြုစေခဲ့ပါသည်။

**သုံးသပ်စိစစ်တွေ့ရှိချက်**

တက်ရောက်လာသော စက်ရုံတာဝန်ရှိပုဂ္ဂိုလ်များမှ အောက်ပါအချက် အလက်များကို ပြုပြင်ပေးရန် သဘောတူပါကြောင်း ကတိပြုပါသည်။

- လူမှုဖူလုံရေးကြေးထည့်ဝင်ပြီးကြောင်း အလုပ်သမားကဒ်တွင် ဖော်ပြပေးရန်။
- လူမှုဖူလုံရေးကြေး ပေးသွင်းပြီးလူများစာရင်းကို စက်ရုံတွင် မြင်သာသည့်နေရာတွင် ဖော်ပြ ပေးမည်ဖြစ်ပါသည်။ အကယ်၍ အမည်စာရင်းမပါသဖြင့် အလုပ်သမားမှ တောင်းဆိုလာမှုကို ကျေနပ်စွာညှိနှိုင်းဖြည့်စွက်ပေးရန်။
- စက်ရုံတွင် ဆေးခန်းများထားရှိ၍ လိုအပ်လျှင် သူနာပြုခန့်ထားရန်။
- ထမင်းစားချိန်တွင် အစည်းအဝေးခေါ်ယူခြင်းမပြုရန်။ လုပ်အား၊ အဆိုင်း စံချိန်ကို သတ်မှတ်ဦးရေမှ

လျော့ချခိုင်းစေခြင်းမျိုး မပြုလုပ်ရန်။

- အလုပ်ချိန် သတ်မှတ်ချိန်ထက် ကြို၍ အလုပ်ဝင်ခိုင်းခြင်း၊ ထမင်းစားချိန် (၁)နာရီအပြည့် မပေးဘဲ အလုပ်ဝင်ခိုင်းခြင်း မပြုလုပ်ရန်။
- အဆိုင်း အလုပ်သမားဦးရေမပြည့်ဘဲ ထွက်သွားသော အလုပ်သမားအတွက် အစားမထိုးဘဲ စံချိန်ကို ယခင်အတိုင်း သတ်မှတ်ထားမှု မပြုလုပ်စေဘဲ အချိုးကျ လျော့ချစံချိန်ယူပေးရန်။
- အလုပ်သမား ကိုယ်စားလှယ်အဖွဲ့များ ဖွဲ့စည်းခြင်းကို စက်ရုံများမှ ကျေကျေနပ်နပ် လက်ခံပေးရန်။
- စက်ရုံများကို လွှတ်တော်ရေးရာ ကော်မတီများ အခါအားလျော်စွာ ဝင်ရောက်လေ့လာခွင့် ပြုရန်။

**ပညာရေး**

- (၁၈. ၁. ၂၀၁၇)ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရေးရာ ကော်မတီခန်းမတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် တိုင်းပညာရေးမှူးနှင့် ပညာရေးဌာနတာဝန်ရှိသူများ တွေ့ဆုံ၍ အုတ်ဖို အ. ထ. က (သံလွင်ဆောင်) ဆောက်လုပ်သော ရွှေလက်ယာ ကုမ္ပဏီဖိတ်ကြားထားခြင်းအပေါ် လာရောက်ခြင်းမရှိသည့်အတွက် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းခဲ့ပါသည်။ ထို့မှတစ်ဆင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အုတ်ဖို အ. ထ. ကကျောင်း (သံလွင်ဆောင်)အစား စာသင်ကြားမှု အခက်အခဲ မရှိစေရေးအတွက် ကျောင်းဆောင်သစ်(၁)ဆောင် ချထားပေးနိုင်ရန် တိုင်း၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးကြီးများနှင့် ကျောင်းအုပ်ကြီးများက ရေးရာကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ကြ မည်ဖြစ်ပါကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်။
- (၃၀. ၁. ၂၀၁၇)ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကော်မတီခန်းမတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် အုတ်ဖိုမြို့ အ. ထ. က ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ကိစ္စနှင့်ပတ်သက်၍ လည်းကောင်း၊ အုတ်ဖို အ. ထ. ကတွင် (သံလွင်ဆောင်)ဆောက်လုပ်ခဲ့သည့် ကုမ္ပဏီကို ခေါ်ယူ၍ ညှိနှိုင်းဆောင်ရွက် မည့်ကိစ္စများ ဆွေးနွေးကြပါသည်။

**မှတ်ချက်။** မိမိတို့သက်ဆိုင်ရာရေးရာကော်မတီသည် ထပ်မံဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများ အဖြစ် အုတ်ဖိုမြို့နယ်၊အ. ထ. က(သံလွင်ဆောင်) ဆောက်လုပ်သောကုမ္ပဏီအား ထပ်မံ ခေါ်ယူတွေ့ဆုံရန်နှင့် အုတ်ဖိုမြို့နယ် အ. ထ. ကတွင် ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ကျောင်းသားများချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဆောင်သစ်(၁)ဆောင် ရရှိရေးကိုဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**နိဂုံး**

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များကို လက်ရှိ အစိုးရအဖွဲ့၏ စီမံဆောင်ရွက်ထားမှုများနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်မှုများကို ပေါင်းစပ်၍ ပြည်သူလူထုအား နွေးနွေးထွေးထွေး ဆက်ဆံမှု ရရှိစေလိုခြင်း၊ ပြည့်ပြည့်ဝဝခံစားမှု ရရှိစေလိုခြင်း များကို ဆောင်ရွက်ညှိနှိုင်းပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံး ဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။နိုင်ငံတော်၏ အဓိကမဏ္ဍိုင်ကြီး (၃)ခုဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ရှိရာ မဏ္ဍိုင်ကြီး(၁)ခုနှင့် (၁)ခု အပြန်အလှန် ထိန်းကျောင်းရမည် ဖြစ်ပါသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်အား ဥပဒေပြုရေးမဏ္ဍိုင်မှ ဥပဒေများ၊ မေးခွန်းများ၊ အဆို များဖြင့် ထိန်းကျောင်းနေရပြီး၊ တရားစီရင်ရေးမဏ္ဍိုင်ကို အုပ်ချုပ်ရေးမဏ္ဍိုင်မှ ထိန်းကျောင်း နိုင်ရန် အစိုးရအဖွဲ့မှ လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်း တာဝန်ပေးနိုင်ရန် ယခုအဆိုအား တင်သွင်းရခြင်းဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်တိုင်းတွင် တရားစီရင်ရေးမဏ္ဍိုင်အတွက် အစချီရမည်မှာ ရဲဝန်ထမ်းများက စရမည်ဖြစ်ပါသည်။ အမှုတစ်ခုဖြစ်ပွား၍ တိုင်တန်းလျှင် ရဲစခန်းနှင့် တရားရုံးများ၌ တိုင်ကြားနိုင်သည်။ ထိုအချိန်မှစ၍ ပြည်သူများခံစားရသည်မှာ ရဲစခန်းမှ ချက်ချင်းအမှုဖွင့်မပေးခြင်း၊ အာမခံပေး၍ရသောအမှုကို လာဘ်ငွေယူ၍ အာမခံပေးခြင်း စသည်ဖြင့်လည်းကောင်း၊ ဥပဒေအရာရှိ၊ ဥပဒေရုံးဝန်ထမ်းများမှ ဥပဒေအကြံပေးရန် တင်ပြလာလျှင် အမှုပေါ့စေရန်လည်းကောင်း၊ အခြားသူအား အပြစ်ဒဏ်ရရန်စသည်ဖြင့် ဥပဒေအရာရှိ၊ ရုံးဝန်ထမ်းများမှတစ်ဆင့် လာဘ်ငွေပေးခြင်း အဂတိတရားများ မပေါ်ပေါက်ရန်၊ တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများမှလည်း ငွေပေးလျှင် ဝန်မလေးခြင်း၊ လာဘ်ပေးရန် ပြောဆိုခြင်း၊ ထိုကဲ့သို့ ပေးပြီးပါက ကိုယ်ကျိုးစီးပွားထိခိုက်မှုရှိ၍ နှုတ်ဆိတ်နေခြင်း စသည်ဖြင့် မဖြစ်ပေါ်စေရန် အဂတိတရားများကြောင့် တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းမှုမရှိစေရဘဲ တရားဥပဒေစိုးမိုးရေးအတွက် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့အစည်းများဖွဲ့၍ တာဝန်ပေးသင့်ပါသည်။

ထိုစောင့်ကြည့်ရေးအဖွဲ့များမှ တရားစီရင်ရေးမဏ္ဍိုင်ကို ဝင်ရောက်စွက်ဖက်ရန်မဟုတ်ဘဲ တွေ့ရှိချက်များ၊ သတင်းအချက်အလက်များကို စုစည်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အစီရင်ခံ တင်ပြခြင်း၊ အစိုးရအဖွဲ့မှ လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးဌာန၊ ဝန်ကြီးမှ အဆင့်ဆင့်သော ရဲဝန်ထမ်းများကို ၄င်းတစ်ဦးတည်းဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်မှ အဆင့်ဆင့်သော ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများအား ၄င်းတစ်ဦးတည်းဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့မှ အဆင့်ဆင့်သောတရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအား အနီးကပ်ကြီးကြပ်ရန် ခက်ခဲပြီး အလှမ်းကွာဝေးသောကြောင့် ယခုကဲ့သို့ စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းရန် လိုအပ်ရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေး အတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများစသည်ဖြင့် အဂတိ လိုက်စားမှုမရှိစေရေးနှင့် တရားရေးမဏ္ဍိုင်တိမ်းစောင်းနေမှုမဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်း ကြောင်းအဆိုကို တင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော့အနေဖြင့် ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် တင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးအတွက် တရားရေး မဏ္ဍိုင်တည့်မတ်မှန်ကန်ရေးအတွက် သက်ဆိုင်ရာ တရားဥပဒေချုပ်အနေနဲ့ ကြိုးစားဆောင်ရွက်နေသည်ဟု ယုံကြပါကြောင်း၊ လက်ရှိမြေပြင်အခြေအနေမှာတော့ တရားဥပဒေစိုးမိုးရေးလုပ်ငန်း၊ တရားစီရင်ရေးလုပ်ငန်းများသည် အများကြီးချွတ်ချော်တိမ်းစောင်းနေပါကြောင်း၊ အဲဒီအတွက်ကို လက်ရှိမြေပြင်အခြေအနေကို မှန်မှန်ကန်ကန်နှင့် လွှတ်တော်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ရန်အတွက် ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ဒေါ်ဇင်မိုးထိုက်တင်သွင်းသောအဆိုအား တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၏ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါသေးသလားခင်ဗျား။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံး

မင်္ဂလာပါ။ ကျွန်တော်ကတော့ ပေါင်းတည်(၁)မှ ဦးရဲလင်းနိုင်ဖြစ်ပါတယ်။ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ဇင်မိုးထိုက်၏ အဆိုကို လွှတ်တော်တွင် ဆွေးနွေးရန်သင့်/ မသင့် ဆုံးဖြတ်ရာတွင် ပဲခူးတိုင်းဒေသကြီး အတွင်း မြန်မာနိုင်ငံလုံးမှာ ရှိသည့် ရုံးဝန်ထမ်းတွေ ဥပဒေအရာရှိ ဥပဒေဝန်ထမ်း၊ တရားရုံးဝန်ထမ်းများအနေဖြင့် ဂျာနယ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနိုင်လောက်သည်အထိ ဒီလိုမျိုး တိမ်းစောင်းနေမှုများစွာ ရှိခဲ့ပါကြောင်း၊ ဒါကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် တည့်မတ်ပေးနိုင်ရန်အတွက် အဓိကလိုအပ်နေပါကြောင်း တိမ်းစောင်းနေမှုများကို မိမိတို့ကိုယ်တိုင်မြေပြင်မှာ မျက်မြင်တွေ့ခဲ့ရပါကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌကြီး ကိုယ်တိုင်တွေ့ခဲ့ရသည်များလည်း ရှိနိုင်ပါကြောင်း၊ ဒါကြောင့် ဒေါ်ဇင်မိုးထိုက်တင်သွင်းသည့် အဆိုနှင့် ပတ်သက်ပြီး တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှုမဖြစ်ပေါ်စေရန် ဒေါ်ဇင်မိုးထိုက်တင်သွင်းသည့်အဆိုကို တိုင်းဒေသကြီးလွှတ်တော်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားသင့်ကြောင်းထောက်ခံဆွေးနွေးပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၏အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် သဘောတူကြောင်းကြေညာပါတယ်။

## အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆း၀၀)နာရီထက် နောက်မကျဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၅း၀၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၇ခုနှစ် မတ်လ (၂၁)ရက် (အင်္ဂါနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ဆဋ္ဌမပုံမှန်အစည်းအဝေး

# ဒုတိယနေ့ မှတ်တမ်း

# ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

# [ ၂၀၁၇ခုနှစ် ၊ မတ်လ ၂၁ ရက် ]

# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၅ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၁.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးဌာန]၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထူးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် (၂၁-၃-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၁၄)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၈)ဦးကမေးမြန်းသည့် မေးခွန်း(၁၀)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“တောင်ငူ မြို့နယ် မဟာင်ကျေးရွာ အုပ်စု၊ မဟာင်၊ ကြို့ကုန်း၊ ဥသျှစ်ကုန်း၊ အိုင်ဇောက်၊ အိုင်သုံးဆင့်၊ ရွာတန်ရှည် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။တောင်ငူမြို့နယ် မဟင်ကျေးရွာအုပ်စု၊ မဟင်၊ ကြို့ကုန်း၊ ဥသျှစ်ကုန်း၊ အိုင်ဇောက်၊ အိုင်သုံးဆင့် ရွာတန်ရှည် ကျေးရွာချင်းဆက်မြေသားလမ်းတည်ရှိပြီး တင်ပြပါရွာများ၏ ကျန်းမာရေး၊ ပညာရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် သာရေးနာရေးတို့အတွက် အဓိကထား သွားလာလျက်ရှိပါသည်။ သို့ပါသော်လည်း အဆိုပါလမ်းမှာ ဆောင်းရာသီနှင့် နွေရာသီတို့တွင် ဖုန်တထောင်းထောင်းချိုင့်ခွက်၊ လှိုင်းတွန့်များအပြည့်ဖြင့် အချိန်ကြာမြင့်စွာ သွားလာရပြီး မိုးရာသီတွင် လမ်းကျွံဗွက်နစ် လမ်းချော်ခြင်းများကြောင့် သွားလာရမှုအခက် အခဲကြီးမားစွာ ဖြစ်ပေါ် လျှက်ရှိပါသည်။ လမ်းအားအသုံးပြုလျှက်ရှိသည့် ဒေသခံပြည်သူ(၆၀၀၀)ဦး၏ ကျန်းမာရေး၊ ပညာရေး၊ ကုန်စည်ပို့ဆောင်ရေးများ ချောမောလွယ်ကူစေရန် မျှော်လင့်စောင့်စားခဲ့ကြသည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့သော် မျှော်လင့်ချက်များသည် ယခုအချိန်ကာလတွင် ရောင်ခြည်သန်းလာခဲ့ပြီးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူလူထုမှ ယုံကြည်အားကိုးပြီး တစ်ခဲနက်ထောက်ခံ အားပေးခဲ့သည့် အစိုးရအဖွဲ့အစည်း တစ်ရပ်အဖြစ် မားမားမတ်မတ်ရပ်တည်လာနိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။

သို့ပါ၍ မဟင်၊ ကြို့ကုန်း၊ ဥသျှစ်ကုန်း၊ အိုင်ဇောက်၊ အိုင်သုံးဆင့် ရွာတန်ရှည် ကျေးရွာချင်းဆက် လမ်းအား ရာသီမရွေးသွားလာနိုင်သော ကျေးလက်ကျောက်ချောလမ်းအဖြစ် ယခုအစိုးရသက်တမ်း ကာလအတွင်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိနှင့် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်သည့်ငွေစာရင်းခေါင်းစဉ်ဖြင့် ဆောင်ရွက်ပေးနိုင် မည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"အုတ်တွင်းမြို့နယ်၊ ဂုံမင်းဒါကျေးရွာအုပ်စု၊ စည်ပင်သာ ကျေးရွာအပိုင် လယ်ယာမြေ ပေါ်တွင် ခွင့်ပြုမိန့်တစ်စုံတစ်ရာမရှိဘဲ ကြက်မွေးမြူရေးခြံ အသုံးပြုဆောင်ရွက်နေခြင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်း-ဇီးဖြူသောင်ကျေးရွာသို့ ဆက်သွယ်သော လမ်းပေါ်ရှိ အရှည် (၇၆')၊ အကျယ်(၁၂')ရှိ မအူဒိုင်းအုတ်ခုံသစ်သား တံတားမှာ ကျိုးကျပျက်စီး နေသောကြောင့် (အလျင်အမြန်) ပြန်လည် ဆောင်ရွက်ပေးရန်"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဂုံမင်းဒါကျေးရွာအုပ်စု၊ စည်ပင်သာကျေးရွာ အပိုင်လယ်ယာမြေပေါ်တွင် ခွင့်ပြုမိန့်တစ်စုံတစ်ရာမရှိဘဲ အခြားနည်းဖြင့် အသုံးပြုဆောင်ရွက်နေခြင်းကို ကျေးရွာရှိ ပြည်သူလူထုမှ ကျွန်တော်ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)သို့ (၁.၃.၂၀၁၇)ရက်နေ့တွင် နှုတ်ဖြင့် တင်ပြလာပါသည်။ ၎င်းတို့ တင်ပြသည်မှာ ထိုခွင့်ပြုချက်မရှိသော လယ်မြေများပေါ်တွင် အသားတိုးကြက်ခြံများ တည်ဆောက်မွေးမြူနေ သည်မှာ (၃)နှစ်ခန့်ရှိပြီး၊ ကြက်ခြံမှ ထွက်ရှိသော အနံ့ဆိုးများ၊ ယင်ကောင်ပေါက်ဖွားမှုများပြားခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်နိုင်ခြေရှိ၍ တင်ပြလာပါသည်။

ထို့ကြောင့် (၂. ၃. ၂၀၁၇)ရက်နေ့တွင် ကျွန်တော်နှင့်အတူတိုင်တန်းသူများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးနှင့် ကြက်ခြံပိုင်ရှင်များနှင့် တွေ့ဆုံကာ ကြက်ခြံများအား ကြည့်ရှုခဲ့ပါသည်။ တိုင်တန်းသူများဘက်မှ မှန်ကန်နေသည်ကို တွေ့ရှိရပါသည်။ ၎င်းအချိန်ကျမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးမှ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၏ စာအမှတ်၊ ၅၀/လယ်စီ-၀၄၊ ရက်စွဲ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်နေ့စာအရ ၎င်းလယ်ယာမြေအား ခွင့်ပြုချက်မရှိဘဲ ကျူးလွန်အသုံးပြုနေမှုကို (၃၁. ၁၀. ၂၀၁၆)ရက်နေ့မှ (၂၀. ၁၁. ၂၀၁၆) ရက်နေ့အတွင်း ဖျက်သိမ်းဖယ်ရှားပေးရန်၊ မလိုက်နာပါက လယ်ယာမြေ ဥပဒေပုဒ်မ(၂၀)အရ တရားစွဲဆိုမည်ဟု အကြောင်းကြားထားပါသည်။ သို့သော် ယနေ့အချိန်ထိ ဖယ်ရှား ထားခြင်း မရှိပါ။ သို့ပါ၍ မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါသည်။

**ဦးငွေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်း-ဇီးဖြူသောင်ကျေးရွာသို့ ဆက်သွယ်သော ကျောက်ချောလမ်းမှာ အရှည်(၂)မိုင်၊ အကျယ်(၁၂ပေ)ကို ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပါသည်။ ထိုလမ်းပေါ်ရှိ မအူဒိုင်း အုတ်ခုံသစ်သား တံတားမှာ အရှည်(၇၆ပေ)၊ အကျယ်(၁၂)ပေရှိပါသည်။ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာနှစ်တွင် အုတ်တွင်းမြို့နယ် စည်ပင်သာယာ မှ အရှည်(၃၀)ပေအားလည်းကောင်း၊ တဖန် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အရှည်(၃၆ပေ) သို့ တိုးမြှင့်ပြုပြင်ခဲ့ပါသည်။ သို့သော်လည်း ၂၀၁၆ ခုနှစ် ကုန်ခါနီး (ရက်စွဲမမှတ်မိ)တွင် တံတား၏ အနောက်ဘက်အစ(၉ပေ)ခန့်မှာ ကုန်တင်ကား(ကုန်ပါ)မှာ ဖြတ်မောင်းစဉ် ကျိုးကျပျက်စီးသွားပါသည်။ ထိုပျက်စီးမှုကို ယာဉ်ပိုင်ရှင်နှင့် ကျေးရွာများမှ အလှူရှင်များ ထည့်ဝင် ငွေဖြင့် ပြန်လည်ပြုပြင်ခဲ့ပါသည်။ ဆက်လက်အသုံးပြုစဉ် (၂၈. ၂. ၂၀၁၇)ရက်နေ့တွင် ကုန်တင်ယာဉ်ဖြတ်သန်းရာ တံတား၏အရှေ့ဘက်ခြမ်း (၁၂ပေ)ကျော် ထပ်မံကျိုးကျပြီး ကုန်တင်ယာဉ်မှာ အောက်သို့ပြုတ်ကျသွားခဲ့ပါသည်။ ပြန်လည်ပြုပြင်၍ လုံးဝမရနိုင်တော့ပါ။ ထိုတံတားသည် အဓိက ကုန်ထုတ်လမ်းတွင် ဖြစ်နေပါသည်။

၎င်းတံတားအား အဓိက အသုံးပြုနေသော ကျေးရွာများမှာ ဇီးဖြူသောင်ကျေးရွာအုပ်စု အတွင်းရှိ ဇီးဖြူသောင်(အထက်)၊ ဇီးဖြူသောင်(ရွာမ)၊ ကံသာ၊ အောင်သာ၊ ပဲကြီးခုံ၊ မအူပင်၊ တင်းကုတ္တန်း၊ ကျောင်းစုစသည့် ကျေးရွာများမှ ထွက်ကုန်ဖြစ်သည့် ဆန်စပါး၊ ပဲအမျိုးမျိုးတို့ ကို ထိုလမ်းတံတားမှတစ်ဆင့် အုတ်တွင်း၊ ကျွဲပွဲ စသည့် မြို့များသို့ကားများ၊ ထော်လာဂျီများဖြင့် ပို့ဆောင်ရသည့် အဓိကဆက်သွယ်ရေး လမ်းဖြစ်ပြီး ကျောင်းသား/သူပေါင်း(၈၀)ကျော်မှာ အ. လ. က ဘန့်ဘွေးကုန်း၊ အ. ထ. က ကျွဲပွဲ၊ အ. ထ. က အုတ်တွင်းမြို့များသို့ တက်ရောက်ပညာ သင်ယူနေကြပါသည်။ ထိုတံတား အသုံးပြု၍မရတော့သောကြောင့် များစွာ အခက်အခဲနှင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် (အလျင်အမြန်)ပြန်လည်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ငူမြို့နယ် မဟာင်ကျေးရွာ အုပ်စု၊ မဟာင်၊ ကြို့ကုန်း၊ ဥသျှစ်ကုန်း၊ အိုင်ဇောက်၊ အိုင်သုံးဆင့်၊ ရွာတန်ရှည် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချော လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ မဟာင်ကျေးရွာအုပ်စု၊ မဟာင်၊ ကြို့ကုန်း(ကွဲကူး)၊ ဥသျှစ်ကုန်း၊ အိုင်ဇောက်၊ အိုင်သုံးဆင့်၊ ရွာတန်းရှည် ကျေးရွာချင်းဆက်လမ်းသည် မဟာင်ကျေးရွာအုပ်စုနှင့် အနောက်ဆင်ကျေးရွာအုပ်စု ဆက်သွယ်သော လမ်းဖြစ်ပြီး အဆိုပါလမ်းတွင် မဟာင်-ကွဲကူး-ဥသျှစ်ကုန်း-အိုင်ဇောက်-အိုင်သုံးဆင့်လမ်းနှင့် အိုင်သုံးဆင့်-ရွာတန်းရှည်လမ်းဟူ၍ နှစ်ပိုင်းရှိပါသည်။ မဟာင်-ကွဲကူး-ဥသျှစ်ကုန်း-အိုင်ဇောက်-အိုင်သုံးဆင့်လမ်းမှာ အရှည်(၂/၃)မိုင်နှင့် အကျယ်(၁၈)ပေရှိသော မြေသားလမ်း ဖြစ်၍ အိုင်သုံးဆင့်-ရွာတန်းရှည်လမ်းမှာ (၂၀၀၉-၂၀၁၀) ခုနှစ်တွင် စည်ပင်သာယာရေးဦးစီးဌာနမှ အကျယ်(၁၂) ပေရှိ ကျောက်ချောလမ်း (၁/၁)မိုင် ဆောင်ရွက်ပေးခဲ့သော လမ်းဖြစ်ပါသည်။ လမ်းအရှည် စုစုပေါင်း (၃/၄)မိုင်ရှိပါသည်။

အိုင်သုံးဆင့်-ရွာတန်းရှည်လမ်း(၁/၁)မိုင်မှာ ကျောက်ချောလမ်း ဆောင်ရွက်ပြီးဖြစ်ပါ၍ ကျန်ရှိသော မဟာင်-ကွဲကူး-ဥသျှစ်ကုန်း-အိုင်ဇောက်-အိုင်သုံးဆင့်လမ်း (၂/၃မိုင်×၁၂'×၉")အား ကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ်(၁၉၄. ၈၄၅)သန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု (၂)စု၊ ကျေးရွာပေါင်း (၅)ရွာ၊ အိမ်ခြေပေါင်း (၅၉၆)နှင့် လူဦးရေပေါင်း(၄၇၈၉)အား အကျိုးပြုမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထား လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ဘတ်ဂျတ်မှာလည်း ရေးဆွဲပြီးဖြစ်၍ ဦးစားပေးအစီအစဉ်အရ စာရင်းပြုစုမှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ဖြေကြားအပ် ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်တွင်းမြို့နယ်၊ ဂုံမင်းဒါကျေးရွာအုပ်စု၊ စည်ပင်သာ ကျေးရွာအပိုင် လယ်ယာမြေပေါ်တွင် ခွင့်ပြုမိန့်တစ်စုံတစ်ရာမရှိဘဲ ကြက်မွေးမြူရေးခြံ အသုံးပြု ဆောင်ရွက်နေခြင်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသောကိစ္စနှင့်ပတ်သက်၍ လယ်ယာမြေ ဥပဒေပုဒ်မ(၁၂)၊ ပုဒ်မခွဲ(ဆ)တွင် လယ်ယာမြေလုပ်ပိုင်ခွင့်မရှိဘဲ အခြားနည်းသုံးစွဲခွင့်မပြုရန် ပြဌာန်းထားချက်အပေါ် ခွင့်ပြုချက်မရရှိဘဲ အခြားနည်းသုံးစွဲထားသည့်ကိစ္စရပ်များအတွက် လယ်ယာမြေ ဥပဒေပုဒ်မ(၁၉)တွင် လယ်ယာမြေဥပဒေပုဒ်မ-(၁၂)ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက် တစ်ခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ နှင့်အညီ စုံစမ်းစစ်ဆေး ပြီးနောက် အောက်ဖော်ပြပါအမိန့် တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

- သတ်မှတ်သည့်ဒဏ်ကြေး ပေးဆောင်စေခြင်း၊

- သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကိုဆောင်ရွက်စေခြင်း၊
- လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊
- လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ဖယ်ရှားခြင်း၊

လယ်ယာမြေဥပဒေပုဒ်မ-(၂၀)တွင် လယ်ယာမြေဥပဒေပုဒ်မ-(၁၉)ပါ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်သောအမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါသတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားရှိပါသည်။ ပုဒ်မ(၁၉)အရ ချမှတ် ထားသောအမိန့်ကိုဖြစ်စေ၊ ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် လယ်ယာမြေ ဥပဒေပုဒ်မ(၃၅)အရ အရေးယူဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်း-ဇီးဖြူသောင်ကျေးရွာသို့ ဆက်သွယ်သော လမ်းပေါ်ရှိ အရှည် (၇၆')၊ အကျယ်(၁၂')ရှိ မအူဒိုင်းအုတ်ခုံသစ်သား တံတားမှာ ကျိုးကျပျက်စီးနေသောကြောင့် (အလျင်အမြန်) ပြန်လည် ဆောင်ရွက်ပေးရန်"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်း-ဇီးဖြူသောင်လမ်း ပေါ်ရှိ မအူဒိုင်းတံတားမှာ အရှည်(၇၆)ပေ၊ အကျယ်(၁၂)ပေ သစ်သားတံတားဖြစ်ပါသည်။ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်တွင် အုတ်တွင်းမြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ အရှည်(၃၀)ပေအား လည်းကောင်း၊ ၂၀၁၁-၂၀၁၂ခု ဘဏ္ဍာရေးနှစ်တွင် အရှည်(၃၆)ပေကိုလည်းကောင်း တိုးမြှင့်တည်ဆောက်ခဲ့ပါသည်။ ၂၈-၂-၂၀၁၇ ရက်နေ့တွင် အုတ်များတင်ဆောင်လာသော မော်တော်ယာဉ်ဖြတ်မောင်းစဉ် ယက်မ၊ ကြမ်းခင်းနှင့် လက်ရန်း အချို့ ပျက်စီးခဲ့ပါသည်။ အဆိုပါပျက်စီးခဲ့မှုအပိုင်းအား မော်တော်ယာဉ်ပိုင်ရှင်မှ ပြန်လည်ပြုပြင်ခြင်းကို ဆောင်ရွက်လျှက်ရှိပါသည်။ မအူဒိုင်းတံတားမှာ ကြံ့ခိုင်မှုမရှိသဖြင့် လမ်းလွှဲမှ သွားလာနေကြပါသည်။ ဇီးဖြူသောင်အုပ်စုအတွင်းရှိ ကျေးရွာ(၈)ရွာမှ အဓိကအသုံးပြုသွားလာနေသော တံတားဖြစ်ပါသည်။ ဘန့်ဘွေးကုန်း-ဇီးဖြူသောင်လမ်း ပေါ်ရှိ မအူဒိုင်းတံတားအား (၈၀'×၁၄'×၁၄') ကွန်ကရစ် တံတားအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၈၀. ၀၀)သန်းကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါတံတား တည်ဆောက်ပြီးစီးပါက ဇီးဖြူသောင်ကျေးရွာအုပ်စုအတွင်းရှိ ဇီးဖြူသောင် (အထက်)၊ ဇီးဖြူသောင်(ရွာမ)၊ ကံသာ၊ အောင်သာ၊ ပဲကြီးခုံ၊ မအူပင်၊ တင်းကုပ်တန်း၊ ကျောင်းစု ကျေးရွာ (၈)ရွာမှ အိမ်ခြေ(၆၃၂)၊ လူဦးရေ(၂၈၄၉)တို့သည် ရန်ကုန်-မန္တလေးကားလမ်းမကြီးသို့ ရာသီမရွေး အလွယ်တကူ သွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောတံတားမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထား လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိပါသဖြင့် လက်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးငွေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၂)တွင်ပါရှိသည့် ခွင့်ပြုချက်မရှိဘဲ လယ်မြေများပေါ်တွင် အသားတိုးကြက်ခြံဆောက်လုပ် မွေးမြူထားသည့်ကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီး၏ ဖြေကြားချက်အရ ၂၀၁၂လယ်ယာမြေဥပဒေပုဒ်မ(၃၅)အရ ရပ်ကျေး အုပ်ချုပ်ရေးမှူးက တရားလိုပြုလုပ်ပြီး သက်ဆိုင်ရာမြို့နယ် တရားရုံးသို့ တရားစွဲဆိုနိုင်ပြီး ထောင်ဒဏ်(၆)လ ချမှတ်နိုင်သည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၇-၂၀၁၈ မိုးစပါး စိုက်ပျိုးစရိတ် ထုတ်ချေးရာတွင် တိုင်းပြည်ဘဏ္ဍာ အလေအလွင့်မရှိအောင် အထူးကြပ်မတ် စိစစ်ထုတ်ချေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်း မြို့နယ်တွင် ၂၀၁၆-၂၀၁၇ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် လယ်မြေဇကများကို ပုံစံ(၇)တွင် ပြင်၍ ထုတ်ချေးခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး မသိရှိဘဲ တစ်ဦးတစ်ယောက်မှ ထုတ်ချေးခြင်းများ တွေ့ရှိရပါသည်။ တစ်ဦးတစ်ယောက်မှ ထုတ်ချေး၍ တင်ပြတိုင်တန်းလာသော မိတ္တူကို ပူးတွဲတင်ပြပါသည်။

သို့ပါသောကြောင့် ၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ပျိုးစရိတ်ထုတ်ချေးရာတွင် တိုင်းပြည်ဘဏ္ဍာ အလေအလွင့်မရှိအောင် အထူးကြပ်မတ်၍ စိစစ်ထုတ်ချေးရန် အစီအစဉ်ရှိ/ မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" ပိုးသတ်ဆေး သုံးစွဲသူ သင်တန်းကို ခရိုင်အလိုက် ဖြစ်နိုင်လျှင် မြို့အလိုက် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရောင်းချသူများအပြင် သုံးစွဲသူများကိုလည်း သင်တန်းပို့ချပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနရှိ သီးနှံကာကွယ်ရေးဌာနခွဲမှ ဖွင့်လှစ်သော လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူသင်တန်း (CPA)ကို ယခင်က ခရိုင်အဆင့်အထိ ဖွင့်လှစ်ခဲ့သော်လည်း ယခုအခါ ပဲခူးမြို့တွင်သာ ဖွင့်လှစ်နေသည်ဟု သိရပါသည်။

အဆိုပါသင်တန်းကို တက်ရောက်၍ သင်တန်းဆင်းလက်မှတ်ရရှိသူများသာ သီးနှံကာကွယ်ဆေး၊ ပိုးသတ်ဆေးကိုင်တွယ်ရောင်းချခွင့်ရှိသည်ဟုလည်း သိရပါသည်။ ရောင်းချသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်သလို သုံးစွဲသည့် တောင်သူများအတွက်ပါ ဖွင့်လှစ်ပေးနိုင်လျှင် ပိုမိုအကျိုးများပါလိမ့်မည်။

သို့ဖြစ်ပါ၍ အဆိုပါ (CPA) သင်တန်းကို ခရိုင်အလိုက် ဖြစ်နိုင်လျှင် မြို့နယ်အလိုက် ဖွင့်လှစ်ရန် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် ရောင်းချသူများအပြင် သုံးစွဲသူများကိုလည်း သင်တန်းပို့ချပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

ဆောင်ရွက်ပေးပါက ခရိုင်နှင့် မြို့နယ်အဆင့် ဝန်ထမ်းများ ဝန်ပိုမသက်ရောက်စေရန် ဆောင်ရွက် သင့်ကြောင်းလည်း အကြံပြုအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ကြို့ပင်ကောက် မြို့နယ်၊ စစ်ကုန်း(၂)အုပ်စု စစ်ကုန်းရွာ (ဘိသလွန်)နှင့် ရွာသာယာသို့ ဆက်သွယ်ထားသော မြေသားတာအား ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း(၂)အုပ်စု၊ စစ်ကုန်းရွာ(ဘိသလွန်)သည် ကြို့ပင်ကောက်မြို့နှင့် မိုးညိုမြို့နယ်ထိစပ်ရာဒေသတွင်ရှိပြီး နှစ်စဉ်ရေနစ်မြုပ်သောရွာ ဖြစ်ပါသည်။ ရွားပင်တအုပ်စုအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသော ရွာသာယာ ရွာနှင့် မြေသားတမံလမ်းဖြင့် ဆက်သွယ်ထားပြီး (၄)မိုင်(၄)ဖာလုံခန့် ကွာဝေးပါသည်။

ကြို့ပင်ကောက်မြို့သို့ သွားရောက်ရန် စစ်ကုန်း(၂)အုပ်စုမှ ပြည်သူများသည် ထိုမြေသားလမ်းကို အသုံးပြုကြရသကဲ့သို့ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်း သားများမှာလည်း ထိုလမ်းကို အသုံးပြုပြီး ရွာသာယာကျောင်း၊ ရွားပင်တကျောင်းများသို့ သွားတက်ကြရပါသည်။

လွန်ခဲ့သောနှစ်များက ရေကြီးနစ်မြုပ်မှုကြောင့် ရွာသာယာနှင့် စစ်ကုန်း(၂)ဆက်သွယ် ထားသော မြေသားတာမှာ မျက်နှာပြင်များ ပျက်စီးခြင်း၊ တာများကျိုးပြတ်ခြင်းတို့ဖြစ်ပေါ်ပြီး ထိုတာမှာပျက်စီးခဲ့ ရပါသည်။ တာ၏အကျယ်မှာ (၁၂)ပေခန့်ရှိပြီး တာ၏အမြင့်မှာ ၄ပေခန့် ရှိပါသည်။ ယခုအခါတွင် လမ်းတာ ပျက်စီးနေ၍ နွေနှင့်ဆောင်းအခါတွင် လှည်းလမ်းမှ သွားလာနေရပြီး မိုးအခါတွင် လှေကို အသုံးပြုသွားလာ နေရပါသည်။

(၄)မိုင်(၄)ဖာလုံခန့်ရှည်လျားသော ရွာသာယာစစ်ကုန်း(၂)တာအား အမြင့်(၈)ပေ၊ အကျယ်(၁၅)ပေ အထိ တိုးမြှင့်ဆောင်ရွက်ပေးမည်ဆိုပါက နွေ၊ မိုး၊ ဆောင်း ရာသီ(၃)ပါးစလုံး တွင် ကျောင်းသူ/သားများနှင့် ဒေသခံပြည်သူများသွားလာရေးအဆင်ပြေစေမည့်အပြင် ဒေသ၏တိုးတက်ဖွံ့ဖြိုးရေးကိုများစွာ အထောက်အကူ ဖြစ်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ ရွာသာယာစစ်ကုန်း(၂)မြေသားတာ (၄)မိုင်(၄)ဖာလုံအား အမြင့်(၈)ပေ၊ အကျယ်(၁၅)ပေ ရှိသော မြေသားတာအဖြစ်ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၃)ဦးမေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“၂၀၁၇-၂၀၁၈ မိုးစပါး စိုက်ပျိုးစရိတ် ထုတ်ချေးရာတွင် တိုင်းပြည်ဘဏ္ဍာအလေအလွင့်မရှိအောင် အထူးကြပ်မတ် စိစစ်ထုတ်ချေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင်

တောင်သူများအား မြို့နယ်ဘဏ်ခွဲသို့ ကိုယ်တိုင်လာရောက်ထုတ်ယူစေခြင်းနှင့် ချေးငွေညှန်ကြားချက်နှင့်အညီ အထူးကြပ်မတ်၍ စိစစ်ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ တစ်ဆက်တည်း တင်ပြလိုသည်က လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားသည် သိန်းထောင်ချီထုတ်ချေးခြင်းတွင် မသက်ဆိုင်သူများ တွေ့ရှိပါကြောင်း၊ ပုံစံ(၇)မှာ ပြင်ဆင်ချက်များဖြင့် ထုတ်ချေးခြင်းများကို တွေ့ရှိလျှင် အထောက် အထား ခိုင်လုံစွာဖြင့် သတင်းပေးတင်ပြပါက အစိုးရအဖွဲ့အနေဖြင့် ချက်ချင်းစိစစ်၍ အရေးယူ ဆောင်ရွက် သွားမှာ ဖြစ်ကြောင်းလေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။နတ်တလင်းမြို့နယ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး မေးခွန်းနှင့် ပတ်သက်၍ ကတိကဝတ်အဖြစ် မှတ်တမ်းတင်ပါတယ်။

**ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးခင်ဗျာ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးမောင်မောင်ဦး မေးခွန်းသည် အထူးကြပ်မတ်စိစစ်ပြီးထုတ်ချေးသွားမှာဖြစ်သည့်အတွက် ကတိကဝတ်ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မိမိမေးမြန်းထားသည့် မေးခွန်းနှင့် ပတ်သက်၍ အတိအကျတိုင်ကြားလျှင် ထိရောက်စွာအရေးယူစေချင်တာဖြစ်ကြောင်း၊ နတ်တလင်းမြို့နယ် ကျေးရွာအုပ်စု(၃)အုပ်စုတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များမသိရှိဘဲ တခြားလူများကို ထုတ်ချေးခြင်းများ တွေ့ရှိရသည်ကို နိုဝင်ဘာလ(၄)ရက်နေ့တွင် တိုင်ကြားထားပါကြောင်း၊ စိုက်ဘဏ် ကလာရောက်စစ်ဆေးသည့် အခါ ယူပါတယ်ဆိုတာပေါ်ပြီး ယခုအချိန်ထိဘာမှဖြစ်ပေါ်မလာသည့်အတွက် မည်ကဲ့သို့အရေးယူမည်ကို ဆက်စပ် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်ဦး ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးက ရှင်းလင်းဖြေကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၏ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ မိမိအနေဖြင့် မှတ်သားထားပြီးအမှုနှင့် ပတ်သက်၍လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ဆက်သွယ်ပြီး ယခုဆောင်ရွက်ထားရှိမှု အခြေအနေကို စာဖြင့် အကြောင်းပြန်ပေးမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် မိမိထပ်မံတင်ပြချင်သည်က ပုံစံ(၇)အတု ပြုလုပ်ပြီးငွေထုတ်ချေးနေသည်ကို မိတ္တူကူး၍ ထိထိရောက်ရောက် တိုင်ကြားခြင်းမရှိဘဲပြောစကားအရသာ သိရှိနေတာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းကိစ္စကို ထိထိရောက်ရောက်ကိုင်တွယ်ဆောင်ရွက်ရန်အတွက်

မိမိထံတွင် ပုံစံ(၅)၊ စိုက်ဘဏ်(documentay)ကို မိမိမှာ (Software)နဲ့ ကွန်ပျူတာထဲတွင် သိမ်းဆည်းထားပါကြောင်း၊ ယခုတိုင်ကြားသည်နှင့် ကွန်ပျူတာချက်ချင်း ထုတ်စစ်ပြီး လုပ်လို့ရပါကြောင်း၊ မိမိထံသို့ ယင်းပြဿနာကို အမှန်တကယ် စာချုပ်အတိအကျနှင့် တိုင်ကြားသည်များ မရှိသလို မိမိအနေဖြင့် အရေးယူဆောင်ရွက်ရန် အဆင်သင့်ရှိပါကြောင်း၊ စာချုပ်ထဲတွင် (၁၀)ဧကရှိပြီး အောက်ကမျဉ်းစောင်းဆွဲ၍ ဧက(၃၀)ဆိုပြီး ပြုလုပ်တာနှင့် ပတ်သက်၍ စိစစ်လို့ရပါကြောင်း၊ ထိုကဲ့သို့မျိုး ဆောင်ရွက်မှုများရှိလျှင် မိမိထံသို့ ပုံစံ(၇) အထောက်အထားနှင့် တိတိကျကျ တိုင်ကြားပေးပါက မိမိအနေဖြင့် အရေးယူဆောင်ရွက်ရန်အသင့်ရှိပါကြောင်း ဖြေကြားပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။** ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" ပိုးသတ်ဆေးသုံးစွဲသူ သင်တန်းကို ခရိုင်အလိုက် ဖြစ်နိုင်လျှင် မြို့အလိုက် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရောင်းချသူများအပြင် သုံးစွဲသူများကိုလည်း သင်တန်းပို့ချပေးနိုင်ခြင်း ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူ သင်တန်း(CPA)ကိုပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရှိ သီးနှံကာကွယ်ရေး ဌာနခွဲမှဖွင့်လှစ်ခြင်း မဟုတ်ဘဲမြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ရုံး(PRB)မှလာရောက်ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရှိသီးနှံကာကွယ်ရေးဌာနခွဲမှသင်တန်း တက်ရောက်မည့်သင်တန်းသား စုဆောင်းပေး၍ရရှိလာသောသင်တန်းသားဦးရေကိုမြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ရုံး (PRB)သို့ တင်ပြပြီး မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ရုံး (PRB)လာရောက် ဖွင့်လှစ်ပေးခြင်းဖြစ်ပါသည်။

လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူသင်တန်း(CPA)ကို ယခင်ကတည်းကတိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ခွဲခြား ဖွင့်လှစ်ခဲ့ခြင်းမရှိပါ။ သင်တန်းတက်ရောက်သူများသည်ပဲခူးတိုင်းဒေသကြီး တစ်ခုတည်း မဟုတ်ဘဲ အခြားတိုင်းနှင့်ပြည်နယ်များမှသင်တန်းတက်ရောက်သူများ လည်းရှိပါသည်။ သင်တန်းတက်ရောက်သူများနှင့်သင်တန်းပို့ချသည့် ဆရာဆရာမများ၊ သင်တန်းစတင်ဖွင့်လှစ်သည်မှသင်တန်းအောင်မြင်စွာပြီးဆုံးသည်အထိ တာဝန်ယူဆောင်ရွက်ကြသည့် ဝန်ထမ်းများ၏ သွားလာနေထိုင်ရေး စားရေးသောက်ရေး အဆင်ပြေချောမွေ့စေသည့်ဒေသ၊ တက်ရောက်သည့်သင်တန်းသား/သူ ဦးရေအများစုနှင့် အနီးစပ်ဆုံး ရှိသောဒေသများကို ရွေးချယ်ဖွင့်လှစ်ခြင်းဖြစ်သကဲ့သို့ သင်တန်းကာလအတွင်း လိုအပ်သည့်လုပ်ငန်းများနှင့် သန့်ရှင်းရေးအတွက် နေ့စားလုပ်သားများ ရှားပါးမှု အခက်အခဲများကြောင့် အဆင်ပြေသည့် နေရာဒေသကို ရွေးချယ်ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူသင်တန်း(CPA)ကိုပိုးသတ်ဆေးရောင်းချသူများအတွက်သာ ရည်ရွယ်ဖွင့်လှစ်ခြင်း မဟုတ်သလိုသင်တန်းဖွင့်လှစ်ရန်သင်တန်းသားခေါ်ယူစဉ်ကပင်စိတ်ပါ ဝင်စားသည့် မည်သူမဆို တက်ရောက်နိုင်ခွင့်ရှိကြောင်း ကြေညာပြီးခေါ်ယူခဲ့ခြင်းဖြစ်ပါသည်။ သို့ပါ၍ လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူသင်တန်း(CPA)ကို စိတ်ပါဝင်စားသည့် မည်သူမဆိုတက်ရောက်နိုင်ခွင့်ရှိကြောင်း ဖြေကြားအပ်ပါသည်။

ပိုးသတ်ဆေးသုံးစွဲသည့်တောင်သူများကိုပိုးသတ်ဆေးများစနစ်တကျ၊ ထိရောက်စွာနှင့် အန္တရာယ်ကင်းရှင်းစွာကိုင်တွယ်သုံးစွဲတတ်စေရေး အသိပညာပေးမှုအား တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများမှ ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပညာပေးလျှက်ရှိပါသည်။

ဆက်လက်ပြီး တစ်ပါတည်းပြောကြားလိုသည်က တိုင်းအဆင့်အနေဖြင့် သုံးစွဲသူများအတွက် တိုင်းသီးသန့်ကာကွယ်ရေးဌာနကနေပြီး သင်တန်းပေးနိုင်အောင် မိမိတို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်သုံးသပ်ပြီး ဒေသခံများက ပိုးသတ်ဆေးသုံးစွဲသည့်နေရာတွင် ဥပဒေနှင့်အညီ ကိုင်တွယ်သုံးစွဲနိုင်ရေးအတွက် သင်တန်းပေးနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးဇော်လင်းထိုက်၏ မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဖြေကြားချက်ကို ကတိကဝတ်အဖြစ်မှတ်တမ်းတင်ရန်ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးက ကတိကဝတ်အဖြစ်မှတ်တမ်းတင်ရန် ဖြေကြားထားသော်လည်း ဖြေကြားချက်ထဲတွင် ခရိုင်အလိုက်ဖွင့်လှစ်ထားခြင်း ဘာမှမရှိပါဟူ၍ ဝန်ကြီးမှဖြေကြားထားပါကြောင်း၊ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူ သင်တန်း (CPA)သင်တန်းနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကောင်းမွန်သောအစီအမံဖြင့် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များမှ ပဲခူးသို့သင်တန်းတက်ရလျှင် သင်တန်းတက်သူများအတွက် ကုန်ကျစရိတ်အများအပြား ကုန်ကျမှာဖြစ်ကြောင်း၊ ပြည်ခရိုင်မှာလည်း သင်တန်းများဖွင့်လှစ်ခဲ့ဖူးကြောင်း၊ ခရိုင်အလိုက်သင်တန်း ဖွင့်လှစ်နိုင်ခြင်း ရှိ/ မရှိကို ဆောင်ရွက်ထားခြင်းမရှိဟု ဖြေကြားထားကြောင်း ဝန်ကြီးအနေဖြင့်ဖြေကြားထားခြင်း မရှိသည့်အတွက် ခရိုင်အလိုက်သင်တန်းဖွင့်လှစ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိကို တိတိကျကျဖြေကြားစေလို ပါကြောင်း ဆက်စပ်မေးခွန်းမေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်၏ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ (CPA) သင်တန်းကို ပထမဆုံးပြည်မြို့မှာ တိုင်းခွဲရုံးအနေဖြင့် ဖွင့်လှစ်ခဲ့ဖူးပါကြောင်း၊ ပဲခူးအရှေ့ခြမ်း၊ အနောက်ခြမ်းခွဲပြီး ပဲခူးတိုင်းနှင့် ဆက်သွယ်ဆောင်ရွက်သည့်အခါ အလှမ်းဝေးသည့်အတွက် ပြည်မြို့မှာ အနောက်ခြမ်းတိုင်းခွဲရုံးအနေဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ဖူးကြောင်း၊ CPA သင်တန်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးအဆင့်က ဆောင်ရွက်တာ မဟုတ်ပါဘူး PRC ပိုးသတ်ဆေးမှတ်ပုံတင်ရေးအဖွဲ့ ပြည်ထောင်အဆင့်က လာရောက်ဖွင့်လှစ်မည်ဆိုပါက မိမိတို့တိုင်းဒေသကြီးက ဖွင့်လှစ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိအနေဖြင့် တင်ပြလိုသည်က CPA သင်တန်းအတွက် ကုန်ကျစရိတ်များစွာရှိသည့်အတွက် အမှန်တကယ်ယင်းလုပ်ငန်းလုပ်စားမည့်သူတော်တော်များများ တက်ရောက်ပြီး ဥပဒေနှင့်အညီ လိုက်လံစစ်ဆေးတာဖြစ်သည့်အတွက် ကိုင်တွယ်အသုံးချသူမှာ ဥပဒေနှင့်အညီ CPA လက်မှတ်ရထားမှသာ ပိုးသတ်ဆေးလိုင်စင်ထုတ်ပေးခွင့်ပေးကြောင်း၊ နောက်ဆုံးလိုင်စင်သက်တမ်းအမြဲတိုးရပြီး မိမိတို့အစိုးရလက်ထက်တွင် လိုင်စင်သက်တမ်းတိုးရမည့်ကိစ္စကို တိတိကျကျကြပ်ကြပ်မတ်မတ်လုပ်ပါကြောင်း၊ လွှတ်တော်မှာလည်း ဖြေကြားခဲ့ပြီးဖြစ်၍ ပြည်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ပြီး ဖမ်းဆီးခဲ့သည့် သာဓက အထောက်အထားများလည်းရှိပါကြောင်း ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသည့် တောင်သူများအဆင်ပြေအောင် တောင်သူများကို CPA ပိုးသတ်ဆေး (Certificate)မဟုတ်ဘဲ လက်ရှိလောလောဆယ် ဌာနမှနေပြီး အသိပညာပေးမှုများစွာ လုပ်ပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအဆင့်အနေဖြင့် ပိုးသတ်ဆေး၊ သီးနှံကာကွယ်ရေးတာဝန်ခံများမှ တစ်ဆင့်တောင်သူများကို ပိုးသတ်ဆေး အသိအမှတ်ပြုပေးသည့် အထောက်အထားရအောင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တောင်သူများလည်း ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုအပေါ်မှာ အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်မည်ဖြစ်သည်ဟု သုံးသပ်မိပါကြောင်း မိမိအနေဖြင့်ဒေသအတွင်း အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း CPA လက်မှတ်ကို ပြည်ထောင်စုအဆင့် PRC ကနေ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် တိုင်းဒေသကြီးအဆင့်အနေဖြင့် ဆောင်ရွက်မပေးနိုင်ကြောင်း တောင်သူများ အသိပညာများ ရရှိအောင် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ကြို့ပင်ကောက် မြို့နယ်၊ စစ်ကုန်း(၂)အုပ်စု စစ်ကုန်းရွာ (ဘိသလွန်)နှင့် ရွာသာယာသို့ ဆက်သွယ် ထားသော မြေသားတာအား ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း(၂)ကျေးရွာနှင့် ရွာသာယာကျေးရွာသို့ ဆက်သွယ်ထားသော (၄/၄မိုင်×၁၅'×၈')ရှိ မြေသားတာလမ်းသည် ကျေးရွာ (၂)ရွာ၊ အိမ်ခြေ (၁၂၂)အိမ်၊ လူဦးရေ (၅၂၄)ဦး နေ့စဉ် အသုံးပြုသွားလာနေသော ကိုယ်ထူကိုယ်ထ မြေသားလမ်းဖြစ်ပြီး မိုးညိုမြို့နယ်နှင့် ကြို့ပင်ကောက်မြို့နယ်တို့ကို ပိုင်းခြားထားသော မြေသားတာလမ်း ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသော မြေသားလမ်း ပြုလုပ်ပေးပါရန် မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်မှစ၍

မြေသားလမ်းလျာထားမှု လုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ရရှိပါက ဆောင်ရွက်ပေးနိုင်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညှိနှိုင်းအကြောင်းကြားထားပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထားလုပ်ငန်းစာရင်းတွင် ပါဝင်ခြင်းမရှိပါသဖြင့် လက်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး တစ်ပါတည်းဖြေကြားလိုသည်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းအကြောင်းကြားထားချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြေသားလမ်းဖောက်လုပ်မှုကို အသေးစိတ်ဘတ်ဂျတ်တွက်ပြီး ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုကို ပြန်ကြားထားတာရှိကြောင်း မြေသားလမ်းကို တိုင်းဒေသကြီးအစိုးရအနေဖြင့် ကိုင်တွယ်ခြင်းမပြုလုပ်ဘဲ ငွေသိမ်းတမ်းအစီအစဉ်ဖြင့် ဆောင်ရွက်ရန် ပြန်ကြားထားရှိကြောင်း ဖြေကြားအပ်ပါသည်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဥက္ကဋ္ဌကြီးခင်ဗျာ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။ ဝန်ကြီးဖြေကြားချက်နှင့် ပတ်သက်၍ ဘာများကွဲလွဲတာရှိပါသလဲ။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဘိသလွန်ရွာသည် မိုးညိုမြို့နယ် စစ်ကုန်း(၂)ကျေးရွာနှင့် ရွာသာယာရွာကျေးရွာတို့သည် သွားလာရန်အခက်အခဲရှိသည့်အတွက် ယခုအချိန်တွင် အစိုးရမှ အာရုံစိုက်မှုအားနည်းသည့်အတွက် ဒေသခံပြည်သူရန်ပုံငွေထဲမှ ယင်းလမ်းအားပြင်ဆင်ရန်ဖြစ်ပြီး မိမိစုံစမ်းသိရှိချက်အရ တိုင်းဒေသကြီးအစိုးရမှ သဘာဝဘေးအန္တရာယ် ကျရောက်လျှင် ယင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ရန် ပြန်လည်ခွင့်ပြုပေးရန် ရန်ပုံငွေရှိသည်ဟု သိရှိထားပါကြောင်း၊ ရန်ပုံငွေရှိသေးသည့်အစိုးရ အနေဖြင့် ဒေသကလုပ်ဆောင်သည့် လုပ်ငန်းကို တာဝန်ယူပြီး ပူးပေါင်းဆောင်ရွက်လျှင်အားလုံးအဆင်ပြေ နိုင်မည်ဖြစ်ပြီး အစိုးရအဖွဲ့ကလည်း ပြည်သူများကို ကောင်းကျိုးပြုသလို လွှတ်တော်ကိုယ်စားလှယ်နှင့်ဒေသခံများ အတွက်လည်း ပြောင်းလဲဖွံ့ဖြိုးလာမှာ ဖြစ်သည့်အတွက် ယင်းကိစ္စကို ကူညီပါက တိုင်းဒေသကြီးအစိုးရ၊ လွှတ်တော်နှင့် ပြည်သူများအကျိုးရှိနိုင်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှဆောင်ရွက်ပေးသင့် ကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၏ အကြံပြုဆွေးနွေးချက်နှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် ဆက်စပ်မေးခွန်းသည် မိမိတို့အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ရန်ပုံငွေ ဘယ်လောက်ရှိသည်ကို မသိရှိပါကြောင်း၊ မိမိအနေဖြင့် ဖြေကြားလိုသည်က ဝန်ကြီးချုပ် ရန်ပုံငွေ သမ္မတရန်ပုံငွေသည် အရေးပေါ် သဘာဝဘေးအန္တရာယ်ဖြစ်သည့်အခါ အရေးပေါ်အသုံးပြုရန်ထားသည်ဟု မြင်ပါကြောင်း၊ ဒီလိုမျိုးဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ထားခြင်းမဟုတ်ပါကြောင်း၊ အရေးပေါ် အခြေအနေဖြစ်ပွားလျှင် သဘာဝဘေးအန္တရာယ်ရန်ပုံငွေကနေ တောင်းခံရမှာဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတွင် သဘာဝဘေးအန္တရာယ်အတွက် ရန်ပုံငွေထားတာရှိကြောင်း၊ ဒေသန္တရ ဖွံ့ဖြိုးရေးအတွက် သီးသန့်အနေဖြင့် ထားပြီးသီးသန့်ဆောင်ရွက်ပေးခြင်း မရှိပါကြောင်း၊ ဒါကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံသို့ တိုက်ရိုက်လိမ်မူပြီး ဆောင်ရွက်ပေးရန် တင်ပြတောင်းဆိုစေချင်ကြောင်း မိမိအနေဖြင့် ဘတ်ဂျက်မရှိသောကြောင့် ဆောင်ရွက်ပေးရန် မရှိပါကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"နတ်တလင်းမြို့နယ် ရေရှင်ရိုးရေမြောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်တွင် တောင်ညိုရေလှောင် တမံကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။ ၎င်းတောင်ညိုရေလှောင်တမံတည်ဆောက်မှု မပြုလုပ်ခင် အချိန်ကာလကတည်းက ကျောက်ခွက်၊ ချောင်းကမ်းကြီး၊ ပဲမခမ်း၊ သဲချောင်း၊ ကျွန်းကလေး၊ အနောက်စု၊ မြို့ခြံကျေးရွာအုပ်စုများမှ လယ်မြေများသည် မိုးစပါး စိုက်ပျိုးရာတွင် ရေရှင်ရိုးရေမြောင်းမှ ထွက်ရှိသောရေကို အမှီပြုအားထားရသောလယ်မြေများဖြစ်ပါသည်။

တောင်ညိုဆည်တည်ဆောက်ပြီးနောက် ဆည်ရေသောက်စနစ်ဖြစ်သော်လည်း ရေရှင်ရိုးရေသောက်သုံးဧရိယာမှ လယ်မြေများသည် ဆည်မြောင်းရေအပြည့်အဝမရရှိဘဲ ရေရှင်ရိုးရေကိုလည်း အမှီပြုအားထားနေရသော လယ်မြေများ ကျန်ရှိနေပါသည်။ ယခုအခါ ရေရှင်ရိုးရေမြောင်းသည် တချို့ကျေးရွာများတွင် ရွာလယ်၊ ရွာနောက်ဖေးဘက်များမှ ဖြတ်သန်းစီးဆင်းရသောကြောင့် ကျေးရွာသူ/ သားများမှ မြေသားများ၊ အမှိုက်များဖို့၍ တိုးချဲ့ထားခြင်းများ၊ တမံမြေအတွင်း လူနေအိမ်များ ကျူးကျော် ဝင်ရောက်ဆောက်လုပ်နေထိုင်ခြင်းများကြောင့် ရေရှင်ရိုးရေမြောင်းမှာ တိမ်ကောကျဉ်းမြောင်းပြီး ပျောက်ကွယ်လုနီးပါးဖြစ်နေပါသည်။ ထိုရေမြောင်း တိမ်ကောကျဉ်းမြောင်းမှုကြောင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ခြင်း၊ လယ်မြေများတွင်လည်း သောက်သုံးရေ လုံလောက်စွာမရရှိခြင်းတို့ ဖြစ်ပေါ်လျှက်ရှိသောကြောင့် ရေရှင်ရိုးရေ မြောင်းအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့်တရားဝင် ရရှိထားခြင်း မရှိသေးဘဲ လယ်ယာမြေကို အခြားနည်းအသုံးပြု နေမှုများအား အရေး ယူရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"Delicious Food ကုမ္ပဏီလီမိတက်အား မည်သည့် ကွင်းအမှတ်များတွင် ဧကမည်မျှ လုပ်ကိုင်ခွင့်ပြုထားသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့်တရားဝင်ရရှိထားခြင်းမရှိသေးဘဲ လယ် ယာမြေကို အခြားနည်းအသုံးပြုနေမှုများအား အရေးယူရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။Delicious Foodကုမ္ပဏီလီမိတက်အား မည်သည့်ကွင်းအမှတ်များတွင် ဧကမည်မျှ လုပ်ကိုင်ခွင့်ပြုထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ရာသီအလိုက် တိရစ္ဆာန်များတွင် ဖြစ်ပေါ်တတ်သော ကူးစက်ရောဂါများကို စီမံချက်များရေးဆွဲပြီး ရောဂါမဖြစ်မီ အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းပြီး အရည်အသွေးပြည့်ဝသော သက်မှတ်ရက် (Expired date) အတွင်း ကာကွယ်ဆေးထိုးပေးရန်"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှ ပဲခူး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရာသီအလိုက် တိရစ္ဆာန်များတွင် ဖြစ်ပေါ်တတ်သော ဒေါင့်သန်းရောဂါ၊ ခွာနာလျှာနာရောဂါစသော ၁၉၉၃ခုနှစ် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ-၂(ဃ)အရ ကြေညာထားသော ကူးစက်ရောဂါများကို စီမံချက်ရေးဆွဲပြီး ရောဂါမဖြစ်မီ အချိန်နှင့်တပြေးညီ ကွင်းဆင်းပြီး ဆေးအရည်အသွေးသတ်မှတ်ရက်လွန် (Expired date) ဆေးများဖြင့် ကာကွယ်ဆေးထိုးပေးခြင်းမဟုတ်ပဲ အရည်အသွေးပြည့်ဝသော သတ်မှတ်ရက် (Expired date)အတွင်း ကာကွယ်ဆေးများထိုးပေးနိုင်ရေးနှင့် စပ်လျဉ်း၍ သိရှိလိုပါကြောင်း မေးမြန်း အပ်ပါ သည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၃)ဦးမြန်းသည့် မေးခွန်း(၄)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ နတ်တလင်းမြို့နယ် ရေရှင်ရိုးရေမြောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်တွင် တောင်ညို ရေလှောင်တမံအား (၁၉၉၆)ခုနှစ်တွင် စတင်တည်ဆောက်ပြီးစီးခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်မှ တင်ပြလာသော ရေရှင်ရိုးအား တောင်ညိုတူးမြောင်းမကြီးမှ ဖြတ်သန်းသွားပြီး ရေရှင်ရိုးအတွင်းသို့ ရေကျပေးနိုင်သည့် ရေထုတ်ပေါက်အား ထည့်သွင်းတည်ဆောက်ထားခဲ့ပါသည်။ ရေရှင်ရိုးသည် ရှေးယခင်ဆည်မတည်ဆောက်မီ ကတည်းက သဘာဝရေသောက်စနစ်အဖြစ် တည်ရှိနေပြီး ကိုယ်ထူကိုယ်ထတမံငယ်များဖြင့် အဆင့်ဆင့်အသုံးပြုနိုင်သော နေရာဖြစ်ပါသည်။ ရေရှင်ရိုးသည် အလျား(၁၈)မိုင် ခန့်ရှည်းလျား၍ လက်ခွဲမြောင်းများလည်းတည်ရှိကာ စုစုပေါင်းအလျား (၂၅)မိုင်ခန့်ရှိကြောင်း လေ့လာတွေ့ရှိရပြီး စိုက်ဧက(၅၀၀၀)ကျော်မည်ဟု ခန့်မှန်းတွက်ချက် ရရှိပါသည်။

တောင်ညိုဆည်ရေသောက်ဧရိယာထဲတွင် တချို့တစ်ဝက်ပါဝင်နေပြီး အချို့နေရာများတွင် ကိုယ်ပိုင်တမံငယ်များသို့ ရေရှင်ရိုးရေဖြင့် စိုက်ပျိုးလျက်ရှိပါသည်။ ရေရှည်ရိုးသည် အချို့ကျေးရွာများတွင် ရွာလယ်၊ ရွာနောက်ဖေးဘက်များမှ ဖြတ်သန်းစီးဆင်းရသောကြောင့် ကျေးရွာသူ/ရွာသားများမှ မြေသားများ အမှိုက်များဖို့၍ တိုးချဲ့ထားခြင်းများ၊ တမံမြေအတွင်း လူနေအိမ်များ၊ ကျူးကျော်ဝင်ရောက်ခြင်းများကြောင့် ရေရှင်ရိုးရေမြောင်းမှာ တိမ်ကောကျဉ်းမြောင်းလာပြီး ရေစီးရေလာမကောင်းမွန်ခြင်းကြောင့် ရေလိုအပ်ချိန်တွင် ရေလုံလောက်စွာမရရှိခြင်း၊ မိုးကာလတွင် ရေကြီးမှုဖြစ်ပေါ်ခြင်းများကို တွေ့ရှိရသဖြင့် သတ်မှတ်ပုံစံကျ ပြန်လည်တူးဖော်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း မှတ်တမ်းတင်ပြောကြားပါသည်။

ကိုယ်ထူကိုယ်ထတည်ဆောက်ထားသည့်တမံငယ်များမှာ အောက်ဘက်သို့ ရေထုတ်လွှတ်ချပေးနိုင်သည့် ရေတံခါးများမပါရှိခြင်း၊ ရေပိုလွှဲမပါရှိခြင်းများကြောင့် ရေလိုအပ်ချိန်တွင် ရေချမပေးနိုင်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းသည့်အချိန်တွင် ဝင်ရောက်လာသော ကွင်းရေများ၊ အဆမတန်များပြားလာပြီး တမံကျိုးပေါက်ခြင်းစသည်တို့ ဖြစ်ပေါ်လျက်ရှိကြောင်း လေ့လာသိရှိပါသည်။

သို့ပါ၍ ရေရှင်ရိုးရေသောက်စနစ်အား အသေးစိတ်ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏများကို တိုင်းတာတွက်ချက်ပြီးမှ ခန့်မှန်းကုန်ကျငွေ တွက်ချက်ကာ ရန်ပုံငွေတင်ပြတောင်းခံ နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**“လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့် တရားဝင်ရရှိထားခြင်း မရှိသေးဘဲ လယ်ယာမြေကို အခြားနည်းအသုံးပြုနေမှုများအား အရေးယူရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၅. ၄. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊

၆/၃-၂/ဦး ၆ဖြင့် ၂၀၁၂ခုနှစ်၊ လယ်ယာ မြေဥပဒေပုဒ်မ(၃၀)အရ လယ်ယာမြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်၊ ခွင့်ပြုမိန့်မရရှိဘဲ အဆောက်အဦးဆောက်လုပ်နေမှုအား တားမြစ်ဆောင်ရွက်သွားစေရေး ဆက်လက်ညွှန်ကြားသွားရန် အကြောင်းကြားချက်အရ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ (၂၇. ၄. ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၁၄၆/လယ်-စီ/တိုင်းဒေသကြီး/ (၀၄)(ခ)ဖြင့် ခရိုင်/ မြို့နယ်များအတွင်း လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိခြင်းမပြုဘဲ ကြိုတင်၍ အဆောက်အဦဆောက်လုပ်ထားမှုများအား ဆက်လက်ဆောက်လုပ်မှုမရှိစေရေးကို ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ ဆက်လက်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေကို (၃၀. ၃. ၂၀၁၂)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၁၁)ဖြင့် နိုင်ငံတော်သမ္မတ ကိုယ်တိုင် လတ်မှတ်ထိုးထုတ်ပြန်ခဲ့ပြီး (၃၁. ၈. ၂၀၁၂) ရက်နေ့တွင် စတင်အာဏာတည်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ လယ်ယာမြေနည်းဥပဒေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက (၃၁. ၈. ၂၀၁၂)ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်သတ်မှတ်ခြင်းကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၆. ၁၀. ၂၀၁၂)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၂ဖြင့် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် အမိန့်ကြော်ငြာစာ အပိုဒ်(၂)(ဂ)(၁၇)တွင် လယ်ယာမြေဥပဒေပုဒ်မ(၁၂)ပါ စည်းကမ်းချက်များအားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ၊ လိုက်နာရန်ပျက်ကွက် သူအား ပုဒ်မ(၁၉)အရ အမိန့်ချမှတ်ခြင်း၊ အမိန့်လိုက်နာခြင်း မရှိသူအား ပုဒ်မ(၃၅)အရ အရေးယူနိုင်ရေးအတွက် တရားစွဲဆိုခြင်း၊ ထိုသို့တရားစွဲဆိုမှုကို ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်းများ ဆောင်ရွက်ရန် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။

လယ်ယာမြေဥပဒေပုဒ်မ(၁၂)၊ ပုဒ်မခွဲ(ဆ)တွင် လယ်ယာမြေကိုခွင့်ပြုမိန့်မရှိဘဲ အခြားနည်းသုံးစွဲခွင့်မပြုရန် ပြဋ္ဌာန်းထားချက်အပေါ် ခွင့်ပြုချက်မရရှိဘဲ အခြားနည်း သုံးစွဲထားသည့်ကိစ္စရပ်များအတွက် လယ်ယာမြေဥပဒေပုဒ်မ(၁၉)တွင် လယ်ယာမြေဥပဒေ ပုဒ်မ-(၁၂)ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စ အလို့ငှာခန့်အပ်သည့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါအမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

- သတ်မှတ်သည့်ဒဏ်ကြေး ပေးဆောင်စေခြင်း၊
- သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကိုဆောင်ရွက်စေခြင်း၊
- လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊
- လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲဆောက်လုပ်ထားသည့် အဆောက်အအုံများကို ဖယ်ရှားခြင်း

စသည့်ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး ချမှတ်သည့် အမိန့်ကို လိုက်နာခြင်းမရှိပါက လယ်ယာမြေဥပဒေပုဒ်မ ၃၅အရ သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ ခရိုင်များအတွင်းခွင့်ပြုချက်မရှိဘဲ လယ်ယာမြေ အခြားနည်း

အသုံးပြုထားမှုများနှင့်ပတ်သက်ပြီး ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေအရ တာဝန်နှင့် လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအား ညွှန်ကြားထားပြီးဖြစ်ရာ ၂၀၁၂ခုနှစ် နောက်ပိုင်း ခွင့်ပြုချက်မရရှိဘဲ လယ်ယာမြေကို အခြားနည်းအသုံးပြုထားမှုများအား သက်ဆိုင်ရာမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များမှ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“Delicious Food ကုမ္ပဏီလီမိတက်အား မည်သည့်ကွင်းအမှတ် များတွင် ဧကမည်မျှ လုပ်ကိုင်ခွင့်ပြုထားသည်ကို သိရှိလိုပါကြောင်း”**နှင့် စပ်လျဉ်း၍ Delicious Food ကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါမြေနေရာများတွင် လုပ်ပိုင်ခွင့် ရယူထားခြင်းနှင့် ဝင်ရောက်လုပ်ကိုင်နေခြင်းများရှိပါကြောင်း တင်ပြအပ်ပါသည်။

Delicious Food ကုမ္ပဏီ၏ မြေလွတ်၊ မြေရိုင်းလုပ်ပိုင်ခွင့်ရယူထားသောမြေမှာ ကံကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၂၇၀)တွင် ဧရိယာ(၇၇၈. ၀၂)ဧက၊ ကွင်းအမှတ်-(၂၇၁)၊ ဧရိယာ (၇၁၆. ၉၂)ဧက၊ ကွင်းအမှတ်-(၂၇၄)၊ ဧရိယာ(၃၂၇. ၃၀)ဧက၊ ကွင်းအမှတ်-(၂၇၅)၊ ဧရိယာ(၇၅၅. ၁၉)ဧက၊ ကွင်းအမှတ်-(၂၇၆)၊ ဧရိယာ(၉၅. ၆၇)ဧက၊ ကွင်းအမှတ်-(၂၇၇)၊ ဧရိယာ(၃၇၉. ၁၄)ဧက၊ ကွင်းအမှတ်-(၂၈၃)၊ ဧရိယာ(၁၇၈. ၉၈)ဧက၊ ကွင်းအမှတ်-(၂၈၄)၊ ဧရိယာ(၅၄၃. ၉၈)ဧက၊ ကွင်းအမှတ်-(၂၈၅)၊ ဧရိယာ(၄၉၃. ၇၇)ဧကနှင့် ဝါးရုံဆိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၂၈၂)၊ ဧရိယာ(၂၄၃. ၀၁)ဧက၊ ကွင်းအမှတ်-(၂၈၆)၊ ဧရိယာ(၃၈. ၄၂)ဧက၊ ကျေးရွာအုပ်စု (၂)အုပ်စု၊ ကွင်းပေါင်း (၁၁)ကွင်း၊ စုစုပေါင်းဧရိယာ (၄၅၄၀. ၄၀)ဧကဖြစ်ပြီး မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၂၉. ၇. ၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော (၈/၂၀၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်အရ Delicious Food ကုမ္ပဏီသို့ လုပ်ပိုင်ခွင့် ပြုထားခြင်းဖြစ်ပါ သည်။ လုပ်ပိုင်ခွင့်ပြုထားသည့် ဧရိယာ(၄၅၄၀. ၄၀)ဧကအနက်မှ လက်ရှိအစီရင်ခံ တင်ပြသည့် နေ့အထိ (၃၄၁၁. ၀၀)ဧကအား အကောင်အထည်ဖော်ထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

Delicious Food ကုမ္ပဏီ၏ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပိုင် လေးထပ်ပြင်ခြံအတွင်း ဝင်ရောက်လုပ်ကိုင်သည့်ဧရိယာမှာ တလုပ္ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၃၁၄)၊ ဧရိယာ (၇၇. ၁၆)ဧကနှင့် ကံကျိုးကျေးရွာအုပ်စု ကွင်းအမှတ်-(၃၁၅)၊ ဧရိယာ(၁၃၁. ၇၂)ဧက၊ ကွင်းအမှတ်-(၃၁၆)၊ ဧရိယာ(၁၄၉. ၅၀) ဧက၊ ကျေးရွာအုပ်စု(၂)အုပ်စု၊ ကွင်းပေါင်း(၃)ကွင်း၊ စုစုပေါင်းဧရိယာ(၃၅၈. ၃၈)ဧက ဖြစ်ပါသည်။

Delicious Food ကုမ္ပဏီသည် ငါးဆူစားကျက်မြေ၊ ဧရိယာ(၈၉)ဧက၊ ကြို့ပင်သာ အနောက်စားကျက်မြေ၊ ဧရိယာ(၃၃)ဧက၊ ကြို့ပင်သာအရှေ့စားကျက်မြေ၊ ဧရိယာ(၃၃)ဧက၊ စုစုပေါင်း(၁၅၅)ဧကရှိ စားကျက်မြေအတွင်း ဝင်ရောက်လုပ်ကိုင်နေသည်ကို သိရှိရပါကြောင်း ဖြေကြားအပ်ပါသည်။

(လေးထပ်ပြင်ခြံ၊ ပြည်မြို့နယ်တွင်-

| | | |
|---|---|---|
| ကံကျိုးကျေးရွာအုပ်စု- | ကွင်းအမှတ်(၃၁၅) | ၁၄၃. ၄၄ဧက |
| ကျောက်ဆင်းကွင်း- | ကွင်းအမှတ်(၃၁၆) | ၁၇၂. ၇၆ဧက |
| တလုပ္ပင်ကျေးရွာအုပ်စု ချောင်းကျိုးကွင်း | ကွင်းအမှတ်(၃၁၄) | ၄၂. ၁၈ဧက |
| စုစုပေါင်း | | ၃၅၈. ၃၈ဧက |

အမှတ်(၆)သကြားစက်(ရေတာရှည်)အား ရေတာရှည်မြို့နယ်တွင် ကွင်းအမှတ် ၆၄၀(က)၊ ၆၄၀(ခ)၊ ၆၃၉(ခ)၊ ၆၄၆(က)၊ ၆၄၇(က)၊ ၆၄၁(ခ)တို့တွင် မြေ(၂၃၅၀. ၉၅)ဧက အသီးသီးခွင့်ပြုထားပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းနံပါတ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။မေးမြန်းခွင့်ပြုပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။Delicious Food ကုမ္ပဏီနှင့် ပတ်သက်သည့် ဝန်ကြီးဖြေကြားမှုတွင် Delicious Food ကုမ္ပဏီကို ကျေးရွာအုပ်စု(၂)အုပ်စု၊ ကွင်းပေါင်း(၁၁)ကွင်း စုစုပေါင်းဧက(၄၅၄၀. ၄၀)ဧက လုပ်ကိုင်ခွင့်ပြုထားသည်ဟု ပါဝင်ပါကြောင်း၊ မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေမှာ သက်ဆိုင်ရာအစုအဖွဲ့က လျှောက်ထားခဲ့ပါက လျှောက်ထားသည့်နေရာတွင် ဒေသခံတောင်သူ ရှိ/ မရှိ စိစစ်ရမှာပြီး၊ မိမိတို့ကွင်းဆင်းသည့်အခါ တောင်သူများရှိနေသည်ကို တွေ့ရပါကြောင်း၊ အပုဒ်(၃)တွင် Delicious Food ကုမ္ပဏီသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပိုင် လေးထပ်ပြင်ခြံအတွင်း ဝင်ရောက်လုပ်ကိုင်နေကြောင်း၊ ၄င်းလေးထပ်ပြင်ခြံသည် ပဆလခေတ်ဝါသီးနှံ စိုက်ပျိုးရေးအတွက် သိမ်းဆည်းခဲ့သည့်မြေဖြစ်ပါကြောင်း၊ သိမ်းဆည်းခံတောင်သူများကို ပြန်မပေးဘဲ Delicious Food ကုမ္ပဏီကို လုပ်ကိုင်ခွင့်ချထားပေးသည်ကို မိမိအနေဖြင့် ဆက်စပ်မေးခွန်းမေးမြန်းလိုသည်က Delicious Food ကုမ္ပဏီ လုပ်ကိုင်နေသောကံကြီးကုန်း ကျေးရွာအုပ်စု၊ ဝါးရုံဆိပ်ကျေးရွာအုပ်စု၊ တလုပ္ပင်ကျေးရွာအုပ်စု၊ ကံကျိုးကျေးရွာအုပ်စု လုပ်ပိုင်ခွင့်ကျသည့် မြေများကို ပြန်လည်စိစစ်သွားရန် အစီအစဉ် ရှိ/ မရှိ ဆက်စပ်မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်၏ ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား Delicious Food ကုမ္ပဏီကို လုပ်ကိုင်ခွင့်ပြုခဲ့သည့် (၄၅၄၀. ၄၀)ဧက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း

များ စီမံခန့်ခွဲမှု ဗဟိုကော်မတီ၏ (၂၉. ၂. ၂၀၁၅)ရက်နေ့ ယခင်အစိုးရလက်ထက်တွင် ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဟုဆိုရာတွင် သက်ဆိုင်ရာအစိုးရဌာနမှာရှိသည့် မြေယာမှတ်ပုံတင်နှင့် မြေစာရင်းဌာနစာရင်းများကို (Official) အနေဖြင့် တရားဝင်အသိအမှတ်ပြုရမှာဖြစ်ပါကြောင်း၊ မြေစာရင်းမြေပုံထဲတွင် စားကျက်မြေ၊ သစ်တောမြေ၊ မြေလွတ်မြေလပ်၊ လယ်ယာမြေ ဖော်ပြထားသည့်စာရင်းထဲတွင် လယ်မြေစာရင်းမပေါက်ဘဲ မြေလွတ်မြေလပ်စာရင်းပေါက်လျှင် နိုင်ငံတော်က မြေလွတ်မြေလပ်အဖြစ် သတ်မှတ်မှာဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဒေသတွင် မြေလွတ်မြေလပ်လုပ်ကိုင်ခွင့် လျှောက်ထားပါက မြေလွတ်၊ မြေလပ်စီမံခန့်ခွဲမှုကော်မတီထံ လျှောက်ထားပြီး တိုင်းဒေသကြီးအဆင့်အနေဖြင့်(၁၀)ဧက (၅)ကြိမ်၊ ပြည်ထောင်စုအဆင့်အနေဖြင့် ဧက(၅၀)အထက်ချပေးခဲ့ပါကြောင်း၊ ဒီလိုလျှောက်ထားမှ (Official) ဖြစ်ပြီး တရားဝင်လုပ်ကိုင်ခွင့်ရရှိမှာဖြစ်ပါကြောင်း၊ ဒီလိုမျိုးဆောင်ရွက်ထားခြင်းမရှိသည့်အတွက် ခေတ်အဆက်ဆက် အားနည်းချက်ရှိပြီး မိမိတို့အစိုးရသစ်လက်ထက်တွင် ဒါတွေကို သိရှိအောင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းမှာလည်း ဖြေကြားထားပြီး မိမိတို့အစိုးရလက်ထက်တွင် မြေစာရင်းဌာနမြေယာလုပ်ထုံးလုပ်နည်းနှင့် ပတ်သက်၍ ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်လျှင် ယင်းမြေကိုမည်သို့လုပ်ဆောင်ရမည်ကို သိရှိမှာဖြစ်ပြီး လက်ရှိမိမိတင်ပြမှုတွင် ယခင်တောင်သူများရှိနေပြီး သူတို့ Registar မလုပ်ထားလျှင် ၎င်းမြေသည် မြေစာရင်းဌာနမှာ မြေလွတ်၊ မြေလပ်ပေါက်နေပြီး မြေစာရင်းဌာနမှာ မြေလွတ်၊ မြေလပ်ပေါက်နေလျှင် နိုင်ငံတော်မှ ယင်းမြေအတွက် လုပ်ပိုင်ခွင့်လျှောက်လျှင် လုပ်ပိုင်ခွင့်ချပေးမှာဖြစ်ကြောင်း၊ ယင်းမြေကို အပိုင်ပေးခြင်းမဟုတ်ပါဘူး။ မြေယာလုပ်ထုံးလုပ်နည်းအရ မြေအငှားချပြီး လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် မြေအငှားချပေးခြင်းဖြစ်ကြောင်း၊ ဥပဒေအရ(၄)နှစ်အတွင်း သတ်မှတ်ချထားပေးသည့် ဘယ်လောက်ရာခိုင်နှုန်း အကောင်အထည်ဖော်ရမည်ဆိုသည့် စည်းကမ်းချက်များပါဝင်ပါကြောင်း၊ ဒီလိုပုံစံမျိုးနှင့် ချထားပေးခြင်းဖြစ်ကြောင်း၊ လေးထပ်ပြင်ခြံနှင့် ပတ်သက်ပြီး မိမိအနေဖြင့် ပြည်ထောင်စုကို တင်ပြထားပြီးဖြစ်၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ ဒုတိယသမ္မတ ဦးဆောင်သည့်အဖွဲ့သည် ပြည်ထောင်စုအဆင့်က ဖြေရှင်းရမည့် လေးထပ်ပြင်ခြံ၊ နတ်တလင်းသစ်ချိုခြံ၊ ပဲခူးအရှေ့ခြမ်းမှ ခြံတစ်ခုခု စုစုပေါင်းခြံ(၃)ခု တင်ပြထားပါကြောင်း၊ လေးထပ်ခြံသည် ယခင်အစိုးရလက်ထက် (Delicious Food) ကုမ္ပဏီကို ချထားပေးသည့်ခြံဖြစ်ပါကြောင်း၊ ဒါ့ကြောင့် ပြန်လည်စိစစ်ရန်အတွက် ပြည်ထောင်စုက ဖွဲ့စည်းပုံဖွဲ့ထားပေးပြီးပါက တိုင်းဒေသကြီးကပူးပေါင်းဆောင်ရွက်ပြီး မိမိတို့တိုင်းဒေသကြီးက ဖြေရှင်းသည့်အခါ ကူညီဆောင်ရွက်ရန် နိုင်ငံတော် ဒုတိယသမ္မတက လမ်းညွှန်ထားပါကြောင်း ဖြေကြားပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ရာသီအလိုက် တိရစ္ဆာန်များတွင် ဖြစ်ပေါ်တတ်သော ကူးစက်ရောဂါများကို စီမံချက်များရေးဆွဲပြီး ရောဂါမဖြစ်မီ အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းပြီး အရည်အသွေးပြည့်ဝသော သတ်မှတ်ရက် (Expired date) အတွင်း ကာကွယ်ဆေးထိုးပေးရန်"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ

မြို့နယ်များတွင် တီရစ္ဆာန်ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ၁၉၉၃ ခုနှစ် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ-၂(ယ)အရ ကြေညာထားသော ကူးစက်ရောဂါများကို ကြိုတင်စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ ကျွဲနွားခွာနာ လျှာနာရောဂါကာကွယ်ဆေး (၁၅၃၉၀)ကောင်၊ ကျွဲနွားလည်ချောင်းကွဲရောဂါကာကွယ်ဆေး(၂၄၆၅၁၀) ကောင်၊ ကျွဲနွားဒေါင့်သန်းရောဂါကာကွယ်ဆေး(၂၄၈၅၀၀)ကောင်၊ ကျွဲနွားပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေး(၁၀၇၈၄၀)ကောင်၊ ဝက်ဝမ်းကျရောဂါကာကွယ်ဆေး(၄၀၄၂၀)ကောင်၊ ကြက်လည်လိမ် ကာကွယ်ဆေး(၇၅၆၅၅၈)ကောင်၊ ကြက်ဂန်ဘိုရိုရောဂါ ကာကွယ်ဆေး (၉၈၁၀၀)ကောင်နှင့် ခွေးရူးရောဂါ ကာကွယ်ဆေး(၄၄၄၆)ကောင်တို့ ထိုးနှံပေးပြီးဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ကြိုတင်ကာကွယ် ရေးစီမံချက်ရေးဆွဲထားရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါသည်။ ၎င်းအပြင် ကာကွယ်ဆေးများထိုးနှံရာတွင် ဆေးအရည်အသွေးသက်တမ်းမကုန်မှီ (Expired date)အတွင်း ကာကွယ်ဆေးများကိုသာ ထိုးနှံပေးလျှက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျာ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဝန်ကြီးဖြေကြားချက်ထဲတွင် မွေးမြူရေးနှင့် ကုသရေးတိုင်းဦးစီးမှူးနှင့် တွေ့ပြီးယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီးကာကွယ်ဆေးသည် (၆)လထိ ဘေးထွက်ဆိုးကျိုးမရှိဟု ဖြေကြားထားပါကြောင်း၊ ထန်းတပင်မြို့နယ် မြစ်ဝကျွန်းပေါ်ဒေသသို့ ကွင်းဆင်းသည့် အချိန်တွင် Date လွန်ဆေးတွေ့ရှိ၍ မေးမြန်းရာတွင် ကာကွယ်ဆေးသည်(၆)လထိ သုံးစွဲ၍ ရပြီးဘာမှ မဖြစ်ကြောင်းပြောပါကြောင်း၊ သက်ဆိုင်ရာကျွမ်းကျင်သူများဖြစ်သည့် မွေးမြူရေးနှင့် ကုသရေးကို မေးကြည့်သည့် အခါ ဘေးထွက်ဆိုးကျိုးရှိသည့် ဆေးရှိသလို၊ ဘေးထွက်ဆိုးကျိုးမရှိသည့် ဆေးများလည်းရှိပါကြောင်းနှင့် ဘေးထွက်ဆိုးကျိုးရှိသည့် Date လွန်ဆေးထိုးလိုက်ပါက ပြည်တည်တာ အစာမစားတာနှင့် အပြင်းဖျားတာ များဖြစ်လာ နိုင်သည့်အတွက် Date လွန်ဆေးများကို မထိုးလျှင် အကောင်းဆုံးဖြစ်သည်ဟု ပြောကြားပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်မှု မရှိစေရန် သက်ဆိုင်ရာ ဆရာဝန်ကြီးများအနေဖြင့် ဆေးဝါးတင်ဒါသွင်းသည့် အချိန်မှစ၍ Date ကောင်းသည့်ဆေးများတင်သွင်းရန်လိုအပ်ပြီး ဆေးသွင်းပြီးသည့်အခါ အချိန်မီ ကာကွယ်ဆေး ဖြန့်၍ အချိန်မီစီမံချက်များချပြီး ကာကွယ်ဆေးထိုးပေးရန် လိုအပ်ပါကြောင်း၊ ပြည်သူအနေဖြင့် နိုင်ငံတော်မှ ပံ့ပိုးသည့်ပြည်သူ့ ဘဏ္ဍာငွေကို အကျိုးရှိရှိ အသုံးပြုစေချင်သည့်အတွက် ဝန်ကြီးဖတ်ပြ သွားသည့်အတိုင်း ညွှန်ကြားရေးမှူးက ဒါတွေကို ဆက်ညွှန်ကြားပေးရန် လိုအပ်ပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဝင်း၏ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးမှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ မိမိအနေဖြင့် ဝန်ကြီးဌာနကတာဝန်ပေးထားသည့်လက်အောက်ရှိ ဦးစီးဌာနများ၏ မေးခွန်းဖြေကြားသည့်အခါ မိမိတို့ တိုင်းဒေသကြီး ဝန်ကြီးများထံသို့ ပေးပို့ရကြောင်း၊ ယင်းပေးပို့မှုအပေါ် မိမိတို့ဝန်ကြီးများမှ ပြန်လည်စိစစ်ပြီး သက်ဆိုင်ရာ(institution)က ဖြေကြားသည့်အဖြေကို ဖြေကြားခြင်းဖြစ်ပါကြောင်း၊ မဖြေခင်ကတည်းက မိမိတို့ဖတ်ကြား ထားပြီးဖြစ်သောကြောင့် မိမိတို့က တာဝန်ယူ၊ တာဝန်ခံပြီး လွှတ်တော်မှာ လာရောက် ဖြေကြားခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနက ပေးပို့ထားသည်ကို မိမိတို့က မကြည့်ဘဲ ထပြီးဖြေကြားခြင်းဟု မယူဆ စေချင်ကြောင်း၊ မိမိတို့မှာ တာဝန်ရှိသည်ကို တင်ပြခြင်းဖြစ်ပါကြောင်း၊ ဦးခင်မောင်ဝင်း တင်ပြသည့် မေးခွန်းများသည် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဦးစီးဌာန လက်အောက်ရှိသည့်ဌာနထဲမှ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကုသရေးလုပ်ငန်းကို အဓိကထားပြီး အများဆုံးလုပ်ဆောင်ပါကြောင်း၊ Expired Date ကျော်သည့်ဆေးမဖြစ်အောင် မိမိအနေဖြင့် ပထမဆုံး အမေးခံရသည့် မေးခွန်းဖြစ်သည့်အတွက် မိမိအနေဖြင့် စိစစ်ကြပ်မတ်၍ ညွှန်ကြားချက်အနေဖြင့် စာထုတ်ပြီးဆောင်ရွက် သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးကမေးမြန်းသည့် မေးခွန်း(၃)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို မေးမြန်းပြီးမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"တောင်ငူမြို့နယ် ကေတုမတီမြို့ အခြေခံပညာအထက်တန်း ကျောင်းတွင် နှစ်ထပ် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းစုပေါင်း ခန်းမတစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းသည် ၁၉၉၀ပြည့်နှစ်၊ ဇွန်လ(၆)ရက်နေ့တွင် အခြေခံပညာ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် အခြေခံပညာ အလယ်တန်း ကျောင်းအဖြစ်လည်းကောင်း၊ ၁၉၉၇ခုနှစ် မေလ(၂၈)ရက်နေ့တွင် အခြေခံပညာ အထက်တန်းကျောင်း အဖြစ်လည်းကောင်း ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။

ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာသင်ကြား လျှက်ရှိသော ကျောင်းသား/ကျောင်းသူများ၏ အင်အားစာရင်းမှာ မူလတန်း အဆင့်တွင် (၅၄၆)ဦး၊ အလယ်တန်းအဆင့်တွင်(၄၉၀)ဦးနှင့် အထက်တန်းဆင့်တွင် (၂၇၇)ဦး စုစုပေါင်း(၁၃၁၃)ဦးရှိပါသည်။

ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ကျောင်းဆောင်ပေါင်း (၅)ဆောင်ရှိကာ စာသင်ခန်း(၂၈)ခန်း၊ ကွန်ပျူတာခန်း(၁)ခန်း၊ အိမ်တွင်းမှုပန်းချီခန်း(၁)ခန်း၊ သိပ္ပံခန်း(၁)ခန်း၊ ရုံးခန်း(၁)ခန်း၊ စာကြည့်ခန်း(၁)ခန်းနှင့် ဆရာ/ဆရာမများနားနေခန်း(၁)ခန်း အဖြစ် ဖွဲ့စည်းအသုံးပြုလျှက်ရှိပါသည်။

ယခုအခါ ပညာသင်နှစ်အလိုက် ကျောင်းသား/ကျောင်းသူဦးရေမှာလည်း တိုးတက်များ ပြားလာပြီး ကျောင်းရှိစာသင်ခန်းများဖြင့် လုံလောက်မှုမရှိပါသဖြင့် ကျောင်းသား/ ကျောင်းသူများ ကျပ်ညှပ်စွာ ပညာသင်ကြားနေရကြောင်း တွေ့ရှိပါသည်။ ကေတုမတီမြို့ အခြေခံပညာ အထက်တန်းကျောင်းအနေဖြင့် ကျောင်းသား/ကျောင်းသူများ ပညာရည်တိုးတက်မြင့်မားရေးအတွက် သင်ကြားရေးအထောက်အကူပြု စာသင်ခန်းများကို အရည်အသွေးပြည့်မီရေးနှင့် ထိရောက်စွာအသုံးပြုနိုင်ရေး၊ အောင်ချက်မြင့်မား၍ ထူးချွန်ထက်မြက်သော ကျောင်းသား/ ကျောင်းသူများ ပေါ်ထွန်းလာရေးတို့ကို အလေးထားဆောင်ရွက် နေကြောင်းလည်း တွေ့မြင်နေရပါသည်။

ထို့ကြောင့် ကျောင်းသား/ကျောင်းသူများ စာပေသင်ကြားရာတွင် ကျောင်းစာသင် ခန်းမအလိုက် အဆင်ပြေစွာသင်ကြားနိုင်ရန်နှင့် ကျောင်းဥပဓိရုပ်တိုးတက်လာစေရေးအတွက် နှစ်ထပ်စာသင်ကျောင်းဆောင် တစ်ဆောင် ထပ်မံတည်ဆောက်ပေးရန် လိုအပ်လျှက်ရှိပါသည်။

သို့ပါ၍ ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လိုအပ်လျှက်ရှိသော နှစ်ထပ် စာသင်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းသည် ၁၉၉၀ပြည့်နှစ်၊ ဇွန်လ(၆)ရက်နေ့တွင် အခြေခံပညာ မူလတန်းကျောင်းအဖြစ် စတင်ဖွင့် လှစ်ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် အခြေခံပညာ အလယ်တန်း ကျောင်းအဖြစ် လည်းကောင်း၊ ၁၉၉၇ခုနှစ် မေလ(၂၈)ရက်နေ့တွင် အခြေခံပညာ အထက်တန်းကျောင်း အဖြစ် လည်းကောင်း ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။

ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ကျောင်းဆောင်ပေါင်း (၅)ဆောင်ရှိကာ စာသင်ခန်း(၂၈)ခန်း၊ ကွန်ပျူတာခန်း(၁)ခန်း၊ အိမ်တွင်းမှုပန်းချီခန်း(၁)ခန်း၊ သိပ္ပံခန်း(၁)ခန်း၊ ရုံးခန်း(၁)ခန်း၊

စာကြည့်ခန်း(၁)ခန်းနှင့် ဆရာ/ဆရာမများနားနေခန်း(၁)ခန်း ရှိပြီး ကျောင်းစုပေါင်းခန်းမ ဆောက်လုပ်ထားခြင်းမရှိသေးပါ။

ကျောင်းတွင် ပညာသင်နှစ်အလိုက်ဆောင်ရွက်လျှက်ရှိသော ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားများ၊ မိဘဆရာအသင်းတွေ့ဆုံပွဲအခမ်းအနားများ၊ အသိပညာပေးဟောပြောပွဲ အခမ်းအနားများနှင့် အခြားသော လူစုလူဝေးဖြင့် စုပေါင်းဆောင်ရွက်ရသော အခမ်းအနားများတွင် ကျောင်းစုပေါင်းခန်းမ မရှိသဖြင့် KG တန်းနှင့် ပထမတန်းစာသင်ခန်းများတွင် ယာယီအသုံးပြုဆောင်ရွက်နေရကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လူစုလူဝေးဖြင့် စုပေါင်းဆောင်ရွက်ရသောအခမ်းအနားများကို အဆင့်အတန်းမြင့်မြင့်ဖြင့် ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်လျှက်ရှိသော ကျောင်းစုပေါင်းခန်းမတစ်ခုလုံး တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ် (၁၆) ကုတင်ဆံ့ တိုင်းရင်းဆေးရုံသို့ ဆက်သွယ်သောလမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဖြူးမြို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းများအား စီမံချက်ဖြင့် ခွင့်ပြုဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဆက်စပ်လုပ်ငန်းများဖြစ်သော (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်း အိမ်ယာ၏ ဒုတိယ(၅၀)ရာခိုင်နှုန်းအား သွန်းရွှေစင်ကုမ္ပဏီ၊ မြေ(၄. ၀၀)ဧက၊ (၁၆၀၄)ပေ ခြံစည်းရိုးကာရံခြင်း၊ (၄ပေ) အဝီစိတွင်း(၂)တွင်း၊ ဂါလံ(၁၀၀၀၀)ဆံ့ မြေအောက် ရေကန်(၂)ကန် ဆောက်လုပ်ခြင်းများအား ထွန်းလင်း မြန်မာကုမ္ပဏီ၊ ၁၀၀ကေဗွီအေ ထရန် စဖော်မာနှင့် ပြင်ပလျှပ်စစ်ဓါတ်အားရရှိရေးလုပ်ငန်းများအား Million Best ကုမ္ပဏီတို့မှ ဆောက်လုပ်ဆောင်ရွက်နေပြီဖြစ်ပါသည်။

သို့ပါသော်လည်း ဖြူးမြို့နယ်အတွင်းမှ ဆေးရုံရှေ့အထိ ဆက်သွယ်သောလမ်းမှာ လယ်မြေဖြစ်ပြီး အဆိုပါလမ်းအား ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ရန် ညွှန်ကြားလာပါသည်။ ဒေသအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ခွင့်ပြုရန်ပုံငွေမရှိခြင်း၊ ဆေးရုံမှ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မပါရှိခြင်းတို့ကြောင့် အခက်အခဲများစွာရှိ ပါသည်။

သို့ဖြစ်ပါ၍ ယင်းဆေးရုံကို ဆောလျင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဖြူးမြို့အစွန်လမ်းထိပ်မှ ဆေးရုံရှေ့မြေတံခါးပေါက်အဆုံးထိ လမ်းအကျယ်(၂၄)ပေ၊ လမ်းအရှည်(၅၇၀)ပေရှိသောလမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တောင်ငူမြို့နယ် ကေတုမတီမြို့ အခြေခံပညာအထက်တန်း ကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် (၉၀× ၃၀)ပေ နှစ်ထပ်စာသင်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန်အတွက် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းစုပေါင်း ခန်းမတစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် (၉၀× ၃၀)ပေ နှစ်ထပ် စာသင်ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန်အတွက် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း လျာထားပေးသွားမည်ဖြစ်ပါသည်။

ကျောင်းစုပေါင်းခန်းမ တည်ဆောက်ပေးခြင်းများ ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံ ပညာကျောင်း များတွင် မရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းနံပါတ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ မိမိမေးခွန်း(၂)အား ဝန်ကြီးဖြေကြားမှုတွင် တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများတွင် ကျောင်း စုပေါင်းခန်းမ တည်ဆောက်ပေးခြင်း မရှိဟု ဖြေကြားထားပါကြောင်း၊ မိမိတို့တိုင်းအတွင်း ကျောင်းများတွင် စုပေါင်းခန်းမ မရှိသည့်အတွက် စုပေါင်းပြီး ပြုလုပ်သည့် အစည်းအဝေးမှအစ အာစရိယပူဇော်ပွဲများ ပညာရည်ချွန်ဆုပေးပွဲများ၊ ကျောင်းသားစုံညီပွဲများ ကျင်းပရာတွင် စုပေါင်းခန်းမမရှိသည့်အတွက် နီးစပ်ရာ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံများတွင် ပြုလုပ်နေရပြီး၊ မြို့ထဲက မင်္ဂလာခန်းမငှားပြီး ပြုလုပ်နေရပါကြောင်း၊ ကျောင်းဆရာ/ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများအတွက် အမှန်တကယ်လိုအပ်နေသည့်

ကိစ္စများကို ယခင်က မလုပ်ဆောင်ခဲ့ဘူးသော်လည်း ယခုထည့်သွင်း စဉ်းစားသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးအေးမင်းဝင်း၏ အကြံပြုဆွေးနွေးချက်ကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအေးမင်းဝင်း ဆွေးနွေးသွားတာကောင်းပါကြောင်းနှင့် ပြည်ထောင်စုက ကျောင်းများအတွက် တည်ဆောက်ရေးလုပ်ငန်းများ ချပေးသည့်အခါ မူခေါင်းစဉ်(၃)ခုနှင့် ချပေးပါကြောင်း၊ (၁) ဥပမိရုပ်မကောင်းသည့်ကျောင်း ဦးစားပေး(၂) အန္တရာယ်ရှိကျောင်းဆောင်များကို အသစ်ချပေးပြီး(၃)ကျောင်းသားနှင့် ကျောင်းဆောင် မမျှတသည့်ကိစ္စများတွင် ကျောင်းဆောင်သစ်ချပေးကြောင်း၊ ပြည်ထောင်စုက မူဝါဒချပေးသည်ကို ဆောင်ရွက်ရတာဖြစ်သည့်အတွက် မိမိ အနေဖြင့် ခေါင်းစဉ်မရှိသည့်စုပေါင်းခန်းမကို ပြည်ထောင်စု၏ သဘောထားမပါသည့်အတွက် ဆောင်ရွက်ပေး၍ မရပါကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ် (၁၆)ကုတင်ဆံ့ တိုင်းရင်းဆေးရုံသို့ ဆက်သွယ်သော လမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဖြူးမြို့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေး ဦးစီးဌာနမှ တိုင်းရင်းဆေးရုံနှင့်ဝန်ထမ်းအိမ်ယာ ဆောက်လုပ်လျှက်ရှိရာ ၎င်းဆေးရုံ တည်ရှိရာနေရာသည် မြို့နယ်နိမိတ်ပြင်ပတွင် တည်ရှိပြီး ဖောက်လုပ်မည့် လမ်းသည် စည်ပင်သာယာရေးအဖွဲ့ပိုင် ထန်းကုန်းကွက်သစ် အဝင်လမ်းအဆုံးမှ ဆေးရုံဝန်းအထိ (၅၇၀')ခန့် ရှည်လျားပြီး လယ်မြေများကို ဖြတ်သန်းဖောက်လုပ်ရမည့် လမ်းသစ် ဖြစ်ပါသည်။

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စည်ပင်သာယာရေးပိုင် နယ်နိမိတ်အတွင်း တည်ရှိသော လမ်းစာရင်းတွင် ပါရှိသည့် ထန်းကုန်းကွက်သစ် အဝင်လမ်းပိုင်းအတွင်း တည်ရှိသော လမ်းစာရင်းတွင် ပါရှိသည့် ထန်းကုန်းကွက်သစ် အဝင်လမ်းပိုင်း (၄၆၀'×၁၀')ကျောက်ချောလမ်းအား ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ကျန်ရှိသော အပိုင်း(၂၃၀'×၁၀')ကျောက်ချောလမ်းအား ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ဖောက်လုပ်ပေးခဲ့ပါသည်။

ယခု ဖောက်လုပ်မည့် လမ်းသစ်သည် စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းဖြစ်သော ထန်းကုန်းကွက်သစ် အဝင်လမ်းအဆုံးမှ ဆေးရုံဝန်းအထိ (၅၇၀')ခန့်ရှည်သော လယ်မြေများကို ဖြတ်သန်း ဖောက်လုပ်ရမည် ဖြစ်ပြီး အဆိုပါ လမ်းသည် စည်ပင်သာယာရေး နယ်နိမိတ် ပြင်ပရှိ စည်ပင်သာယာရေး အဖွဲ့ပိုင် လမ်းစာရင်းတွင် မပါရှိသည့် လမ်းသစ်တစ်ခု ဖြစ်ပါ၍ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဆောင်ရွက် ပေးနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျာ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မိမိမေးမြန်းသည့် အဆိုပါလမ်းသည် မြို့နယ်စည်ပင်သာယာရေးနယ်မြေတွင် မပါရှိသည်ကို မိမိ၏မေးခွန်းထဲတွင် ဖော်ပြထားပြီးဖြစ်ပါကြောင်း အခုလိုအပ်နေသည့် လမ်းသည် သက်ဆိုင်ရာ ကျန်းမာရေးဌာနမှနေပြီး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါက မည်သည့်နည်းဖြင့် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်စိန်၏ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးမှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ကျန်းမာရေးဌာန လမ်းဖောက်လုပ်ပေးရန်ဆိုသည့် ခေါင်းစဉ်ဘတ်ဂျက်ထဲတွင် မရှိပါကြောင်း၊ မိမိတို့ စည်ပင်သာယာရေးကလည်း စည်ပင်သာယာရေးနယ်နိမိတ်ဆိုလျှင် ဆောင်ရွက်ပေး၍ ရပါကြောင်း၊ ဒါကြောင့်ကျေးလက်လမ်းနှင့် ဆိုင်သည့်အတွက်ကျေးလက်လမ်းဖြစ်ကြောင်း၊ သို့သော်မိမိအနေဖြင့် စည်ပင်သာယာရေးနှင့် ညှိပြီးမည်ကဲ့သို့ ဆောင်ရွက်နိုင်မည်ကိုစာဖြင့် ဖြေကြားပေးမည် ဖြစ်ကြောင်းပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ်(၅)ဦးကမေးမြန်းသည့် မေးခွန်း(၆)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို မေးမြန်းပြီးမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"စီမံကိန်း လျာထားချက်များ၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်မှု ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။တိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စီမံကိန်းများ ဘတ်ဂျက်ငွေ၌ သုံးစွဲမှု သည် နှစ်စဉ်ဧပြီလ(၁)ရက်နေ့မှ စတင်ပြီး နောက်နှစ် မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးပါ သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိ မရှိဆိုသည်မှာလည်း စီမံကိန်းများကို လျာထားချက်ထက် (၁၀၀)ရာခိုင်နှုန်း ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်မှုရှိ မရှိအပေါ်၌ မူတည်ပါ သည်။ မိမိတို့ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်စီမံကိန်းများကို အစိုးရအနေ ဖြင့် အကောင်အထည်ဖော်ရာတွင် အချို့စီမံကိန်းများမှာ ဘဏ္ဍာနှစ်(၆)လကျော်သည့်အထိ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့အထိ စတင်ဆောင်ရွက်ခြင်းမရှိသေးကြောင်း မြေပြင်အခြေအနေများအရ လေ့လာသိရှိရပါသည်။ အချို့စီမံကိန်းများမှ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာ တိုင်သည်အထိ အကောင်အထည် မဖော်နိုင်ပါက သတ်မှတ်ဘဏ္ဍာငွေများကို ပြည်ထောင်စု ရန်ပုံငွေသို့ ပြန်လည်အပ်နှံရနိုင်ပါသည်။

- သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ခုနှစ် ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ငွေလုံး၊ ငွေရင်း စီမံကိန်းလျာထားချက်များ မည်မျှရှိပါ သနည်း၊
- ၄င်းစီမံကိန်းများအရ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း (၁၀၀)ရာခိုင်နှုန်းပြည့် အကောင် အထည်ဖော်နိုင်မှုရှိ မရှိ ယနေ့အချိန်အထိ ရာနှုန်းမည်မျှ အကောင်အထည်ဖော် ပြီးစီးမှု အခြေအနေမည်မျှရှိသနည်း၊ စတင်အကောင်အထည်ဖော်ခြင်း မပြုနိုင်သေးသည့် စီမံကိန်းများ မည်မျှကျန်ရှိသနည်း၊
- ပြီးစီးအောင် မဆောင်ရွက်နိုင်လျှင် ဘဏ္ဍာငွေပြန်လည်အပ်နှံရ စီမံကိန်းများ မည်မျှ ရှိနိုင်မည်နည်း၊ ဘာကြောင့် အကောင်အထည်မဖော်နိုင်ရသည်ကို သိရှိလိုပါသဖြင့် မေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အဆင့်ဆင့်သော စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည် ဖော်ရေး ကော်မတီများတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်း ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအသီးသီး၏ တင်ဒါ ပိုလျှံငွေ များကို မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို သိရှိလိုပြီး တင်ဒါပိုလျှံငွေများနှင့် လုပ်ဆောင်သော လုပ်ငန်းများကို လွှတ်တော်သို့ အသိပေးပေးပို့ရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အဆင့်ဆင့်သော စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီများတွင် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ် များကို ထည့်သွင်း ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ အသီးသီး၏ တင်ဒါပိုလျှံငွေများကို မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို သိရှိလိုပြီး တင်ဒါပိုလျှံငွေများနှင့် လုပ်ဆောင်သောလုပ်ငန်းများကို လွှတ်တော်သို့ အသိပေး ပေးပို့ရန် အစီအစဉ်ရှိ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမြန်းသည့် မေးခွန်း(၃)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဦးညဏ်ဝင်း၊ ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"စီမံကိန်းလျာထားချက်များ၊ သတ်မှတ် ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်မှု ရှိ/မရှိ "** နှင့်စပ်လျဉ်း၍ ယနေ့မေးမြန်းသည့် အတွေ့အကြုံရှိပြီးသား ဇီးကုန်း(၁) ဦးညဏ်ဝင်းမေးခွန်းသည် တိုင်းပြည်အတွက်ကော၊ တိုင်းဒေသကြီးအတွက်ကောအလွန်တရာမှ တန်ဖိုးရှိသည့် မေးခွန်းဖြစ်ပါကြောင်း၊ ယင်းမေးခွန်းနှင့် ပတ်သက်ပြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး သိသင့်သိထိုက်သည့် မေးခွန်းဖြစ်သည့် အတွက် ဒီနေရာမှာ ပြည့်ပြည့်စုံစုံ မဟုတ်သော်လည်း တက်နိုင်သမျှ ဖြေကြားသွားမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်ဆိုသည်က မိမိတို့တိုင်း၏ ဘတ်ဂျက်ရှိသမျှ ဘတ်ဂျက်ကို အကုန်သုံးရမည့်ဟု ပြောလိုက်တာမဟုတ်ဘဲ လျာထားချက်ကို အကုန်သုံးရမှာမဟုတ်ဘဲ တက်နိုင်သမျှချွေတာပြီး မိမိဌာန၊ မိမိတို့ဝန်ကြီးဌာနလက်အောက်မှာ ရှိသည့်လုပ်ငန်းများကို တက်နိုင်သမျှ ခြိုးခြံချွေတာပြီး အကြိုးရှိရှိလုပ်ရမည်ဟု မူလလျာထားပါကြောင်း၊ ခေတ် အဆက်ဆက် မကုန်ကုန်အောင်သုံးရမည်ဆိုသည့် ပြန်မအပ်ချင်သည့်စိတ်နှင့် သုံးနေကြတာများရှိကြောင်း၊ ဒါဟာအမှန်တရားပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် မေးခွန်းကို ပြန်ဖြေရမည်ဆိုလျှင် ဘတ်ဂျက် ပိုငွေကို (၂)ကြိမ်ပြန်အပ်ရမှာဖြစ်ပြီး ဒီဇင်ဘာလ(၃၁)ရက်နေ့ နောက်ဆုံး ပထမအကြိမ် မတ်လ(၃၁)ရက်နေ့မှာ တစ်လုံးတစ်စည်းတည်း ပိုလျှံသည့်ငွေကို ပြန်အပ်ရမှာဖြစ်ကြောင်း၊ နောက်ဆုံးအဲဒီလိုလုပ်ဖို့အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် မိမိတို့ဌာနများကို ဒီဇင်ဘာလမတိုင်မီ ပိုငွေအားလုံးကို စာရင်းနှင့်တကွ ပိုလျှင် တင်ပြပါ။ အချိန်မီ ပြန်အပ်ရန်ပြောကြားထားပါကြောင်း၊ ပြန်အပ်လျှင် မတ်လမတိုင်ခင်မှ ခေါင်းစဉ်ပြောင်းပြီး အခြားလိုအပ်သည့်နေရာများတွင် သုံးစွဲရမှာဖြစ်ပါကြောင်း၊ သို့သော်လည်း ဌာနဆိုင်ရာ အသီးသီးက တရားဝင် စာဖြင့် ဘတ်ဂျက်ငွေမပိုပါကြောင်း၊ အကြောင်းပြန်ကြားပါကြောင်း၊ မတ်လရောက်လာသည့်အခါ စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီများ မြို့နယ်အလိုက် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌအနေဖြင့် မိမိတို့မြို့နယ်မှာရှိသည့် ပြည်ထောင်စုလုပ်ငန်းများ၊ တိုင်းဒေသကြီးလုပ်ငန်းများ မည်သည့် အချိန်တွင် ဘယ်လောက်ရာခိုင်နှုန်းပြီးနေသည်ကို အကြောင်းပြန်ပါဟု ဆိုရာတွင် အကြောင်းပြန်ကြားသည့် မြို့နယ်မှ စာရောက်ရှိလာသည်ကို ကြည့်ခြင်းအားဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဆွဲရေးဦးစီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ သိသင့်သိထိုက်သည့်လုပ်ငန်း ဖြစ်သည့်ဖြစ်ထိုက်သည့်လုပ်ငန်းများကို လုပ်ဆောင် နေပါကြောင်း၊ ထို့အတူ ပြည်ထောင်စုကနေပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနဟူ၍ ဖွဲ့စည်းပြီး ခရိုင်အလိုက် သိန်း(၁၀၀)အထက်လုပ်ငန်းများကို လိုက်လံ

စစ်ဆေးပြီး မိမိတို့ထံ အစီရင်ခံစာပို့ထားပြီးသားဖြစ်ကြောင်း၊ မိမိတို့ဌာန၏ လုပ်ငန်းများအပေါ် လုပ်ကိုင်သည့် အခါ ပြည်ထောင်စုကနေပြီး ဒီစီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ခိုင်းသည့်စာ၊ သက်ဆိုင်ရာ မြို့နယ်များမှပေးသည့် လုပ်ငန်းများကို မိမိအနေဖြင့် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်တွင် ပထမ(၃)လပတ်၊ ဒုတိယ(၃)လပတ်၊ တတိယ(၃)လပတ်ဟူ၍ အကန့်အသတ်နှင့် လုပ်ဆောင်ရသည့်အခါ စီမံကိန်းဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရ အနေဖြင့်တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဗဟိုအဖွဲ့အစည်း(၄)ခုအပါအဝင် စုစုပေါင်း(၂၃)ဌာနမှငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်းကျပ် (၈၅၆၄၀. ၄၃၀)သန်းသုံးစွဲရန်လျာထားရာတွင် ဆောက်လုပ်ရေးအသုံးစရိတ် ကျပ်(၇၀၅၉၁. ၁၃၀)သန်း၊ ရှုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့်ယာဉ်များအတွက် အသုံးစရိတ်ကျပ် (၁၃၇၁၄. ၀၀၆)သန်းနှင့် အခြားအသုံးစရိတ်အတွက်ကျပ်သန်း(၁၃၃၅. ၂၉၄) သုံးစွဲရန်လျာထားပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် တတိယသုံးလပတ်ကုန်အထိငွေလုံးငွေရင်း အသုံးစရိတ် စုစုပေါင်းကျပ် (၄၈၇၆၁. ၇၄၀)သန်းသုံးစွဲပြီးဖြစ်၍(၅၆. ၉)ရာခိုင်နှုန်းအကောင်အထည်ဖော်ပြီးဖြစ်ပါသည်။ ဆောက်လုပ်ရေးအသုံးစရိတ်ကျပ်(၄၂၄၂၁. ၉၁၈)သန်းသုံးစွဲပြီးဖြစ်ပါ၍(၆၀. ၁)ရာခိုင်နှုန်း အကောင်အထည် ဖော်ပြီးဖြစ်ပါသည်။ ရှုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့် ယာဉ်များအတွက်ကျပ်(၆၃၀၈. ၄၇၈)သန်း သုံးစွဲပြီးဖြစ်ပါ၍(၄၆. ၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။အခြားအသုံးစရိတ်ကျပ်(၃၁. ၃၄၄)သန်း သုံးစွဲပြီးဖြစ်ပါ၍ (၂. ၃) ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါသည်။ ဗဟိုအဖွဲ့အစည်းများအနေဖြင့်(၁၀. ၈) ရာခိုင်နှုန်း၊ ဝန်ကြီးဌာနများအလိုက်ဆောင်ရွက်မှုမှာ ပြည်ထဲရေးဝန်ကြီးဌာန (၃၉. ၈)ရာခိုင်နှုန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (၃၂. ၇) ရာခိုင်နှုန်း၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (၃၆. ၅) ရာခိုင်နှုန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (၄. ၃) ရာခိုင်နှုန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (၇၀. ၆) ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန (၆၉. ၂) ရာခိုင်နှုန်း၊ စည်ပင်သာယာရေးအဖွဲ့အနေဖြင့်(၆၆. ၇)ရာခိုင်နှုန်း အသီးသီးအကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကျန်စတုတ္ထ(၃)လပတ်ကာလအတွင်း ကျန်ရှိသော လုပ်ငန်းများကိုသတ်မှတ်ထားသောဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်ပြလိုပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် တည်ဆောက်မှုလုပ်ငန်း ရာခိုင်နှုန်း ပြည့်နီးပါးပြီးစီးနေပြီးနောက်ဘဏ္ဍာရေးနှစ်ဇွန်လ (၂၄)ရက်မတိုင်မီအပြီးသတ် ပေးချေရမည့် လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်ကျော်လွန်၍သုံးစွဲရေးလိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားရှိပါကြောင်း ဖြေကြားအပ်ပါသည်။

စတုတ္ထ(၃)လပတ်တွင် ညွှန်ကြားချက်အနေဖြင့် ပြီးစီးမှုရာခိုင်နှုန်းမှာ (၉၀)ကျော် (၁၀၀)နီးပါးဖြစ်လျှင် လာမည့်ဇွန်လ (၂၄)ရက်နေ့ထိ ညွှန်ကြားထားသည့် ညွှန်ကြားချက်ရှိပါတယ်။ ဆိုလိုသည့်သဘောက အစိုးရသစ် တက်ခါစက ဘာပြဿနာရှိခဲ့သလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်များသိရှိသည့်အတိုင်း ဝန်ကြီးဌာန လျှော့ပါကြောင်းနှင့် ဝန်ကြီးဌာနချင်းပေါင်းလိုက်သည့်အခါ စာရင်းဇယားများနောက်ကျခဲ့ကြောင်း၊ ပြည်ထောင်စုမှ ငွေရေးကြေးရေးသုံးစွဲမှု ခဏနားထားပါအုံး။ ဆက်လက်ပြီးညွှန်ကြားပေးမည့်ဆိုသည့်အပေါ်မှာ မိမိတို့အနေဖြင့် လအတော်ကြာ နှောင့်နှေးခဲ့ပြီး နှောင့်နှေးမှုအပေါ် မတ်လ(၃၁)ရက်နေ့ကို ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီး

ဇွန်(၂၄)ရက်နေ့မတိုင်မီ အပြီးသတ်ဆောင်ရွက်ပါဟု ညွှန်ကြားချက်ထပ်မံထုတ်ထားသည့်အတွက် ဌာနများသည် ကြိုးစားပြီး ဆောင်ရွက်ပါကြောင်း၊ ဌာနများသူတို့ကိုယ်တိုင်တောင်းရမှာဖြစ်ပါကြောင်း၊ ဦးစီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီးမှာရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံချက်များနှင့် ပြီးစီးမည်ဆိုပါက ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယနေ့ဆောင်ရွက်သည့် လုပ်ငန်းများတွင် အားလုံးပြီးစီးအောင်ဆောင်ရွက်မည့် အခြေအနေမျိုးရှိပါကြောင်း၊ ထို့အတူ ပြီးစီးအောင် မဆောင်ရွက်နိုင်ဘဲ ဘဏ္ဍာငွေပြန်လည်အပ်နှံခြင်း၊ စီမံကိန်း မရှိသေးပါက ဌာနဆိုင်ရာအသီးသီးက ဘယ်လောက်ပြီးစီးသည်ကို ရာခိုင်နှုန်းအားဖြင့် မပြောနိုင်သည့်အတွက် မတ်လ(၃၁)ရက်နေ့မှာတော့ ငွေပြန်အပ်ရမှာဖြစ်ပြီး ဒီရာခိုင်နှုန်းကို ဖော်ပြပြီးဖြစ်ပါကြောင်း၊ ကျန်သည့်ဌာန များက မပြီးစီးဘူးဆိုပါက လုပ်ထုံးလုပ်နည်းအရ ပြန်အပ်ရမှာဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးညွှန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏**“ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အဆင့်ဆင့်သော စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီများတွင် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ ထည့်သွင်း ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၏ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ လူမှုစီးပွား အမှန်တကယ် အကျိုးစီးပွားဖြစ်ထွန်းစေရေးကို လုပ်ငန်းစီမံကိန်းများကို စိစစ်အတည်ပြု ရေးဆွဲတင်ပြနိုင်ရေး စီမံ ကိန်းအကောင်အထည်ဖော်မှုများကို ညှိနှိုင်းသုံးသပ်တင်ပြနိုင်ရေးနှင့် တိုင်းဒေသကြီး စီမံကိန်း ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရေးတို့အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၁၃. ၁၂. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၇/၄-၁/ဦး ၆ (၂၁၇)ညွှန်ကြားချက်ဖြင့် တိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ်အသီးသီးတွင် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည် ဖော်ရေးကော်မတီဖွဲ့စည်းရာတွင် ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးများမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပညာရေး၊ ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီး ဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ လိုင်စင်နှင့် သယ်ယူပို့ဆောင် ရေးကြီးကြပ်ညှိနှိုင်းရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်(၃)ဦး၊ ရပ်မိရပ်ဖကိုယ်စားလှယ်(၁)ဦးတို့က အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဖွဲ့စည်းရာတွင် လွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းခဲ့ခြင်းမရှိသော်လည်း ခရိုင်/ မြို့နယ်များအနေဖြင့် လစဉ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီအစည်းအဝေးများ ကျင်းပပြုလုပ်ရာတွင် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များအား ဖိတ်ကြား၍ စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားအခြေအနေအရပ်ရပ် တိုးတက်ကောင်းမွန်လာစေရေး အတွက် ထိရောက်သော စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ လိုအပ်ချက်ကို

အမှန်တကယ် ထင်ဟပ်ဖော်ဆောင်နိုင်ရန်အတွက် ပြည်သူတို့နှင့် ထိတွေ့နီးစပ်မှုပိုမိုရှိသော လွှတ်တော်ကိုယ်စားလှယ်များအား အစည်းအဝေးတက်ရောက်သင့်/ ဖိတ်ကြားသင့်သည်များ (ကိုယ်စားလှယ်/ အကြံပေးသူများ)အဖြစ် အစည်းအဝေးများတွင် တက်ရောက်ရန် ဖိတ်ကြားဆောင်ရွက်ခြင်းရှိပါသည်။ ကျင်းပပြီးစီးခဲ့သော စီမံကိန်း ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးများတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုနှင့် ဆွေးနွေးအကြံပြုချက်များကို အစည်းအဝေးမှတ်တမ်းများတွင် ထည့်သွင်းပြုစုတင်ပြလျှက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ အဆင့်ဆင့်သော စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော် ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို အစည်းအဝေး တက်ရောက်သင့်/ ဖိတ်ကြားသင့်သူများအဖြစ် ဖိတ်ကြားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကော်မတီဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်မှုကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းရာတွင် နိုင်ငံတော်သမ္မတရုံး အမိန့် ကြော်ငြာစာအမှတ်၊ ၁၃/၂၀၁၆အရ တိုင်းဒေသကြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီ၏ လုပ်ငန်းတာဝန် အပိုင်း(၂)၊ အပိုဒ်ခွဲ(ဠ)အရ “ခရိုင်နှင့် မြို့နယ်စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီများတွင် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ခရိုင်/ မြို့နယ်စီမံကိန်းမှူးများမှ အတွင်းရေးမှူး အဖြစ်လည်းကောင်း ထားရှိ၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်ပြီး လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန် ” ဆိုသော အချက်များ ပါဝင်ပါသည်။ စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီတွင် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း များမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများနှင့် ဖွဲ့စည်းထားပါသည်။

မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများတွင် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားခြင်းမရှိသော်လည်း မြို့နယ်အသီးသီးတွင်ဒေသ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အတွက်ဒေသန္တရစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊ လုပ်ငန်းများအား ဦးစားပေးအစီအစဉ်သတ်မှတ်၍ ရင်းနှီးမြုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်အဆိုပြုရေးဆွဲခြင်းတို့တွင်လည်း သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ် များမှအကြံပြုခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းတို့ကိုပူးပေါင်း ဆောင်ရွက်နိုင်သည့် အပြင်လွှတ်တော်များမှ အတည်ပြု ပြီးသောစီမံကိန်းများ၊ ဘတ်ဂျက်လျာထားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း စီမံခန့်ခွဲရေးကော်မတီ၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီနှင့်သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းခရိုင်/မြို့နယ်စီမံကိန်းရေးဆွဲအကောင် အထည်ဖော်ရေး ကော်မတီများ၏ လစဉ်ပုံမှန်အစည်းအဝေးများတွင်ပြည်သူများ၏ကိုယ်စားအဆိုပြုချက်၊ အကြံပြုချက်များကို လွှတ်တော် ကိုယ်စားလှယ်များကိုယ်တိုင် ပါဝင်ဆွေးနွေး၍ မြေပြင်တွင် အမှန်တကယ်လိုအပ်ချက်နှင့် စီမံကိန်းကိုက်ညီမှု ရှိစေရန်အတွက်လွှတ်တော်ကိုယ်စားလှယ်များ အားဖိတ်ကြား၍ဆွေးနွေးနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏**"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအသီးသီး၏ တင်ဒါပိုလျှံငွေ များကို မည်ကဲ့သို့ စီမံခန့်ခွဲနေသည်ကို သိရှိလိုပြီး တင်ဒါပိုလျှံငွေများနှင့် လုပ်ဆောင်သော လုပ်ငန်းများကို လွှတ်တော်သို့ အသိပေးပေးပို့ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော ဗဟိုအဖွဲ့အစည်း(၄)ခုအပါအဝင် စုစုပေါင်းဌာန(၂၃)ခု ၏ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြု ရန်ပုံငွေမှ တင်ဒါခေါ်ယူရန်လိုအပ်သည့်ပစ္စည်းဝယ်ယူခြင်းနှင့် တည်ဆောက်မှုလုပ်ငန်း များအတွက် တင်ဒါခေါ်ယူဆောင်ရွက်ရာတွင်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှခွင့်ပြုငွေ ထက်လျော့နည်းပြီးတင်သွင်း၍တင်ဒါအောင်မြင်ပါက ဖြစ်ပေါ်လာသော တင်ဒါပိုလျှံငွေ များကိုရန်ပုံငွေလွှဲပြောင်း သုံးစွဲခွင့်မပြုပါ။ တင်ဒါခေါ်ယူသည့်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ အတွက်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သုံးစွဲပါကြောင်းနှင့်သက်ဆိုင်ရာဌာနမှသုံးစွဲခြင်းမပြုသော တင်ဒါပိုလျှံငွေများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စီမံကိန်းတွင်ပါဝင်ပြီး မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများ အတွက်သုံးစွဲဆောင်ရွက်ပါ ကြောင်းဖြေကြားအပ်ပါသည်။

ဆိုလိုသည့်သဘောက မိမိပြောကြားထားသည့်အတိုင်း ဒီဇင်ဘာ(၃၁)မှာ တစ်ကြိမ် တစ်လုံးတစ်ခဲတည်း ပိုလျှံငွေအားလုံးကို အပ်နှံရမှာဖြစ်ကြောင်း၊ ထို့အတူ မတ်လ(၃၁)ရက်နေ့တွင် ပိုလျှံငွေအပ်နှံရမှာဖြစ်ပြီး တင်ဒါ ပိုလျှံငွေများကို ဥပဒေနှင့်အညီ ပြည်ထောင်စုကို ပြန်အပ်နှံရမှာဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအသီးသီး၏ တင်ဒါပိုလျှံငွေများရှိပါက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့၏ (၁၈၊ ၁၁၊ ၂၀၁၆)ရက်စွဲပါစာအမှတ်၊ (၁၉၀)၁-စီမံ/ ဘဏ္ဍာ ၂၀၁၆ဖြင့် တောင်းခံထားရာတွင် မည်သည့်ဌာနမှ တင်ဒါပိုလျှံမှုမရှိကြောင်း ပြန်လည် တင်ပြထားခြင်းမရှိပါ။ အကယ်၍ တင်ဒါပိုလျှံငွေရှိပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၁၅၊ ၉၊ ၂၀၁၅) ရက်စွဲပါစာအမှတ်၊ ၂၆၆၀/၃၄၉-ပိုလျှံငွေ ၁-ဝ၈(၃)/အဖရ (၂၀၁၅)အရ လည်း တင်ဒါပိုလျှံငွေအား ရန်ပုံငွေလွှဲပြောင်းသုံးစွဲခွင့်မရှိကြောင်း ဖြေကြားအပ်ပါသည်။

လွှတ်တော်သို့ အသိပေးရန် အစီအစဉ် ရှိ/ မရှိဆိုသည်က မတ်လ(၃)ရက်နေ့ နောက်ပိုင်းရောက်သည့် အခါ အပြီးသတ်တင်ဒါပိုလျှံငွေ ပေးအပ်ရမှာဖြစ်ကြောင်း၊ ထို့အတူ အချို့တင်ဒါပိုလျှံငွေများနှင့် ပတ်သက်ပြီး အကုန်တင်ပြထားခြင်းများရှိပါကြောင်း၊ ဆက်လက်ပြီးဘယ်လောက်ထိရှိသည်ကို မတင်ပြနိုင်စရာအကြောင်း မရှိပါကြောင်း၊ လွှတ်တော်သို့ အချိန်မီတင်ပြသွားမှာ ဖြစ်ကြောင်းလေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းနံပါတ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ တင်ဒါပိုလျှံငွေနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသည့်အခါ ၂၀၁၆-၂၀၁၇ဘတ်ဂျတ်မှာ (၃၁)ရက်နေ့ တင်ဒါပိုလျှံငွေအပ်နှံရပါကြောင်း၊ ထို့အတူ ၂၀၁၇-၂၀၁၈ဘတ်ဂျတ်မှာ ဌာနဆိုင်ရာအသီးသီး၏ တင်ဒါပိုလျှံငွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်ရန် ညွှန်ကြားချက် ထုတ်ပြန်ထားပါသလဲ၊ ယင်းထုတ်ပြန်ထားသည့် ညွှန်ကြားချက်တွင် ဌာနဆိုင်ရာပိုလျှံငွေကို မည်သည့်နေရာတွင် ပြန်လည်သုံးစွဲမည်ဆိုသည့် စာရင်းအတိအကျနှင့် လွှတ်တော်ကို ပို့ရန်အစီအစဉ် ရှိ/ မရှိ သိလိုပါကြောင်း ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးမှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ မိမိအနေဖြင့် တက်နိုင်သမျှ တိတိကျကျ ဒီဇင်ဘာလမတိုင်မီ ပေးပို့နိုင်ရန်အတွက် မိမိတို့ဆီမှာ ဝန်ကြီးဌာနလျှော့ချလိုက်သည့်အတွက် စာရင်းဇယားများ ပေါင်းစပ် ပြီးလုပ်ဆောင်ရသည့်အခါ တင်ဒါနောက်ကျရခြင်းရှိခဲ့ကြောင်း၊ တင်ဒါနှင့် ပတ်သက်ပြီး ပိုလျှံငွေ တောင်းခံသည့်အခါ ဒီဇင်ဘာလမတိုင်ခင် အချို့ဌာနများတွင် မပေးနိုင်တာများရှိသည့်အတွက် ဒီနှစ်မှာ အဖြေကွဲလွဲမှု၊ အားနည်းမှုရှိသော်လည်း လာမည့် ၂၀၁၇-၂၀၁၈နှစ်တွင် ဦးကျော်ဇေယျ တင်ပြသလို ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် တင်ဒါဘတ်ဂျတ်ကို ပြည်ထောင်စုကနေ အတည်ပြုပြီး တိုင်းဒေသကြီး လွှတ်တော်မှ ဘတ်ဂျတ်ဥပဒေကို ဆောင်ရွက်ပြီး ဧပြီလမှစတင်၍ တင်ဒါကြိုခေါ်ရမှာဖြစ်ကြောင်း၊ တင်ဒါပိုလျှံငွေကို ဒီဇင်ဘာလမရောက်ခင် တင်ဒါငွေပိုသည့်အခါ ၄င်းတင်ဒါငွေနှင့် ပတ်သက်ပြီး မည်သည့်နည်းဖြင့် မည်သည့် နေရာမျိုးတွင် သုံးစွဲမည်ကို အစိုးရအဖွဲ့မှ Cabinet ထိုင်ပြီး သုံးစွဲသည့်အခါ လွှတ်တော်သို့တင်ပြရန်ရှိပြီးသား ဖြစ်သည့်အတွက် လာမည့်နှစ်တွင် စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့နံနက်ပိုင်းကို (၁၂း၁၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ထန်းတပင်မြို့နယ်အား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနည်းတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံကိန်းများရေးဆွဲ၍ မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်သည် ခေတ်အဆက်ဆက်အစိုးရများမှ အမဲရောင်နယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရပြီး ယနေ့တိုင် KNU ကရင်တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ စခန်းချနေထိုင်ရာမြို့နယ်ဖြစ်ပါသည်။

ပြည်နယ်များနည်းတူ ထန်းတပင်မြို့နယ်သည် နယ်မြေလုံခြုံရေးအရ ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်ခဲ့ပြီး ကရင်တိုင်းရင်းသားကျေးရွာများမှာ ပိုမိုဘက်စုံဖွံ့ဖြိုးမှုနောက်ကျ ကျန်ခဲ့ပါသည်။ ယခုအခါ KNUဖြင့် အပစ်ခပ်ရပ်စဲထားပြီး ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ကရင်တိုင်းရင်းသားကျေးရွာများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးပြီး ယုံကြည်မှုတည်ဆောက်နိုင်ရန်နှင့် ထန်းတပင်မြို့နယ်အား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနည်းတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံကိန်းများရေးဆွဲ၍ မည်သို့အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိပါသဖြင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းဒေသကြီးအစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၅ ပါ အခွန်အခကို လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အခွန်များတိုးချဲ့ရရှိရေးအတွက် လက်တွေ့ကျကျ မည်ကဲ့သို့အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် တာဝန်ရှိသူများက အခွန်အခများ ကောက်ခံရန် ပျက်ကွက်နေမှုအား မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။တိုင်းဒေသကြီးအစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ပါ အခွန်အခကို လေလွင့် ဆုံးရှုံးမှုမရှိစေရေးနှင့် အခွန်အခများတိုးချဲ့ရရှိရေးအတွက် လက်တွေ့ကျကျမည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် အခွန်အခများကို ကောက်ခံရန် တာဝန်ရှိသူများက အခွန်အခများ ကောက်ခံရန်ပျက်ကွက်နေမှုအား မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်းနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှ တောင်းခံထားသောငွေများအပေါ် လုပ်ငန်းခွင့်ပြုချက်မရခဲ့ပါ။ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်အတွက်သာ သုံးစွဲရန်ခွင့်ပြုဘဏ္ဍာငွေများအား ဘဏ္ဍာရေးနှစ် မတိုင်မီအချိန်များစွာ ကြိုတင်၍ စာရင်းစစ်ဆေးရန် အခွင့်ရှိ/မရှိနှင့် ရှိပါကညွှန်ကြားချက်ဥပဒေများဖြင့် ကိုးကားဖြေကြားပေးပါရန် လုပ်ငန်းဆောင်ရွက်ခွင့်နှင့် ခွင့်ပြု ဘဏ္ဍာငွေကြေးမရရှိမီ ကြိုတင် စစ်ဆေးခဲ့ရခြင်းမှာ ဘာကြောင့်ပါလဲ၊ အကြောင်းပြချက်ခိုင်လုံခြင်း ရှိ/မရှိ သိရှိ လိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်းနှင့် ပတ်သက်ပါသည်။ (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွင်းမှ တောင်းခံထားသော ငွေများအပေါ် လုပ်ငန်း ခွင့်ပြုချက်မရခဲ့ပါ။ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်အတွက်သာ သုံးစွဲရန်ခွင့်ပြုဘဏ္ဍာငွေများအား ၄င်းခွင့်ပြုသော ဘဏ္ဍာရေးနှစ် မတိုင်မီ အချိန်များစွာ ကြိုတင်၍ စာရင်းစစ်ဆေးရန် အခွင့်ရှိ၊ မရှိနှင့် ရှိပါက ညွှန်ကြားချက်ဥပဒေများဖြင့် ကိုးကားဖြေကြားပေးပါရန် လုပ်ငန်း ဆောင်ရွက်ခွင့်နှင့် ခွင့်ပြုဘဏ္ဍာငွေကြေး မရရှိမီ ကြိုတင်စစ်ဆေး ခဲ့ရခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၃)ဦးမြန်းသည့် မေးခွန်း(၃)ခုအား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]**။ ။ ဦးခင်မောင်ဝင်း၊ ထန်းတပင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ထန်းတပင်မြို့နယ်အား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ် များနည်းတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့ စီမံကိန်းများ ရေးဆွဲ၍ မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်း၍ ထန်းတပင်မြို့နယ်(၁) ဦးခင်မောင်ဝင်း၏ မေးခွန်းသည် မိမိမြို့နယ်ရှိပြည်သူများ၏ နှစ်ပေါင်း များစွာ ဒုက္ခပေါင်းများစွာကို အစိုးရအသစ်အနေဖြင့် မည်သို့ဆောင်ရွက်မလဲ၊ ပဲခူးတိုင်းဒေသကြီးတွင် လိုငွေ ဘတ်ဂျတ်နှင့် သွားနေတာဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး၏ သာမန်အသုံးစရိတ်ဖြစ်သည့် ဝန်ထမ်းများကို လစာပေးခြင်း၊ စာရေးကိရိယာစရိတ်စသည့် အသုံးစရိတ်များသည် ဘီလီယံ(၆၀)ကျော်ရှိပါကြောင်း၊ ဒါကိုတွက်ကြည့်လျှင် မိမိ၏ဝင်ငွေသည် အသုံးစရိတ်ဘီလီယံ(၃၀)ရှိပြီး အခြားဖွံ့ဖြိုးရေးလုပ်ငန်းမလုပ်ဘဲ လစာတွေ အခြားစရိတ်များ ပေးရုံဖြင့် ဘီလီယံ(၆၀)ကျော်ရှိသည့်အတွက် ပြည်ထောင်စုကနေ မိမိတို့ တိုင်းဒေသကြီးကို (၁၂၇)ဘီလီယံ ထောက်ပံ့မှာဖြစ်ပါကြောင်း၊ တိုင်းအဆင့်ကို ပြည်ထောင်စုကနေပြီး ထောက်ပံ့သည်က အင်တီကေတာ အချက်အလက်များနှင့် ညှိနှိုင်း ပြီးလုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ ဥပမာ တိုင်းတစ်တိုင်းကဘယ်လောက်ကျယ်သလဲ၊ လူဦးရေဘယ်လောက်ရှိသလဲ၊ ဆင်းရဲနွမ်းပါးမှု ဘယ်လို အခြေအနေမျိုးရှိသလဲ၊ တစ်ဦးချင်းဝင်ငွေမည်မျှရှိသလဲစသည့် အချက်အလျက်များကို အင်တီကေတာနှင့် တိုင်းတာပြီး ပြည်ထောင်စုမှ ဘတ်ဂျတ်ဖြည့်ဆည်းချထားပေးခြင်းဖြစ်သည့်အတွက် မိမိတို့ဘတ်ဂျတ်သည် အကန့်အသတ်ဖြင့်သာ သုံးစွဲခွင့်ရှိသော ဘတ်ဂျတ်ဖြစ်ပါကြောင်း၊ ဦးခင်မောင်ဝင်းမှ စေတနာဖြင့် မေးမြန်း သော်လည်း တိုင်းဒေသကြီးအစိုးရအနေဖြင့် စီမံကိန်းရေးဆွဲသည့်အခါ တက်နိုင်သမျှ ရေးဆွဲထားသည့် အခြေ အနေများကို တင်ပြပေးမည်။

ပဲခူးတိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်နှစ်စဉ်စီမံကိန်းများရေးဆွဲ၍ ဆောင်ရွက်လျှက် နည်းတူ ငွေလုံးငွေရင်းအသုံးစရိတ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့်လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိရာ ထန်းတပင်မြို့နယ်၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင်ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် အခြေခံပညာဦးစီးဌာနမှ

အထက်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်းခွဲ၊ မူလတန်းကျောင်း၊ မူလတန်းလွန်ကျောင်း၊ စုစုပေါင်း(၂၂)ကျောင်းကျပ်(၇၂၅. ၄)သန်း၊ ကုသရေးဦးစီးဌာနမှ လှည်းလမ်းကူးတိုက်နယ်ဆေးရုံတွင် တိုးချဲ့လူနာဆောင်နှင့် ခါတ်မှန်ဆောင် ကျပ်(၁၅၂. ၀)သန်း၊ ပြည်တွင်း အခွန်များဦးစီးဌာနရုံးသစ်တွင် အုတ်ခြံစည်းရိုး ကာရံခြင်း ကျပ် (၄. ၅၄၃)သန်း၊ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လမ်းတံတားလုပ်ငန်းကျပ် (၄၈၀. ၂၂၅)သန်း၊ ကျေးလက်ရေပေးရေးလုပ်ငန်း ကျပ် (၆၂. ၇)သန်း၊ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ ဖြင့်လမ်းဦးစီးဌာနမှ ခပေါင်း - ထန်းတပင်လမ်းနှင့် ထန်းတပင်-တပြေးလမ်းတို့ အတွက်ကျပ်(၆၃၈. ၅၂)သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြလမ်းကျပ်(၁၃၆. ၇၂၀)သန်း၊ မြို့ပြတံတားကျပ် (၁၈. ၀၆၀)သန်းတို့ဖြင့်လျာထား ဆောင်ရွက်လျှက်ရှိပါသည်။

အလားတူစွာပင်၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်ထန်းတပင်မြို့နယ်အတွင်း တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ ဖြင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ထန်းတပင်မြို့၊ အောင်မင်္ဂလာရပ်ကွက်တွင်၁၁ကေဗွီ ဓါတ်အားလိုင်း (၄၅၀ပေ)၊ (၁၁/၀. ၄)ကေဗွီ(၂၀၀) ကေဗွီအေထရန်စဖော်မာ(၁)လုံးနှင့်(၄၀၀)ဗို့ ဓါတ်အားလိုင်း(၃)သွင် (၄)ကြိုး (၂၄၀၀ပေ) တိုးချဲ့ တည်ဆောက် ခြင်းနှင့် စက်ကိရိယာ တန်ဆာပလာများဝယ်ယူခြင်း၊အားကစားနှင့်ကာယပညာဦးစီးဌာနမှပွဲကြည့်စင် အသစ်တည်ဆောက်ခြင်း၊စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှထန်းတပင်မြို့နယ်ရုံး တည်ဆောက်ခြင်း၊ လမ်းဦးစီး ဌာနမှခပေါင်း-ထန်းတပင်လမ်းနှင့်ထန်းတပင်-တပြေးလမ်းတို့ဆောင်ရွက်ရန် လျာထားပါကြောင်း ဖြေကြားအပ် ပါသည်။

ဆက်လက်ပြီး မိမိအကြံဉာဏ်ပေးလိုသည်က ပဲခူးတိုင်းမှာ UNDPမှ စိတ်ဝင်စားသည့်အတိုင်း ဖြစ်လာ ပြီး UNDP နှင့် မိမိတို့တိုင်ပင်ပြီး ထန်းတပင်မြို့နယ် Data အချက်အလက်အသေးစိတ်များကို ကြိုတင်ဆောင်ရွက် ထားလျှင် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မပါဝင်သော်လည်း ၂၀၁၈-၂၀၁၉မှာ ပြန်လည်ပြီး ဦးစားပေးမြို့နယ်အဖြစ် ထန်းတပင်မြို့ကို ဆောင်ရွက်၍ ရအောင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ အထူးသဖြင့် မြို့နယ်တိုင်း ညီတူညီမျှ စီမံကိန်းရေးဆွဲသည့်အခါ တိုင်းဒေသကြီးရေးဆွဲသလို အကျယ်အဝန်း၊ လူဦးရေ အခွန် ကောက်မှု၊ ဆင်းရဲနွမ်းပါးမှုများ လူတစ်ဦးကျငွေစသည်များကို တိုင်းတာသည့် အင်ဒီကေတာမရှိဘဲ သင့်သလို စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ရေးဆွဲထားသည့် ဌာနဆိုင်ရာအသီးသီး၏ တင်ပြချက်များနှင့် ရေးဆွဲရသည့် အတွက် အချို့နေရာများတွင် လေလွင့်မှုရှိပါကြောင်း လာမည့် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်ရောက်လျှင် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီများသည် မိမိမြို့နယ်အတွင်းမှာရှိသည့် အခြေအနေကို ယခုအချိန်မှစ၍ ဘယ်အရာက ပထမ၊ ဒုတိယ၊ တတိယဆိုသည်များ ဦးစားပေး ဆောင်ရွက် ရမည့် အခြေအနေများ ယခုအချိန်မှစ၍ စီစဉ်ထားလျှင် ဒီမြို့နယ်များအနေဖြင့် အောင်မြင်သွားတာရှိပါကြောင်း၊ သာဓကအားဖြင့် UNDP ကနေပြီး မိမိတို့ကို ပဲခူးတိုင်းတွင် ကဝမြို့နယ်ရွေးချယ်ပြီး၊ မွန်ပြည်နယ်တွင် ဘီးလင်း ကိုရွေးလိုက်သည့်အခါ ကဝမြို့နယ် တက်ကြွမှုနှုန်းနှင့် ဆောင်ရွက်သည်ကို UNDP ကသဘောကျသည့်အတွက် ပဲခူးတိုင်းအား ပို၍ဆောင်ရွက်ရန်ရှိပါကြောင်း၊ UNDP ကဘတ်ဂျတ်ချထားမှုအပေါ် ကြိုတင်ပြီးသုံးသပ်ပါ ကြောင်း၊ မိမိတို့မြို့နယ်၊ တိုင်းအတွက် ပြည်ထောင်စုက မည်မျှလျာထားသတ်မှတ်ပေးဆိုပြီး ကြိုတင်မရပါကြောင်း

ဘယ်မြို့နယ်ကို ဘယ်လောက်ပေးပြီး ဘယ်မြို့နယ်ကို ဘယ်လိုလုပ် ဘယ်လိုဦးစားပေးရမည်ဆိုသည့် အဆင့်မျိုးကို ဆောင်ရွက်ရန်ခက်ခဲပါကြောင်း၊ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်ကြီးများအနေဖြင့် ယခု အချိန်မှစ၍ ဘယ်ဟာအရေးကြီးသည်ကို သေသေချာချာကျကျနန စီမံချက်ရေးဆွဲပြီး စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီနှင့် တိုင်ပင်ပြီးဆောင်ရွက်လျှင် တခြားမြို့နယ်များနည်းတူ ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

မြို့တစ်မြို့အနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည့်စုံကောင်းမွန်သော မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်း (Town Planning) ကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)သည် နိုင်ငံတဝှမ်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့များ၏ (Town Planning)များကို နှစ်အလိုက် ကွင်းဆင်းရေးဆွဲလျှက်ရှိရာ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း (Town Planning) ရေးဆွဲမည့်မြို့များကို သတ်မှတ်လျာထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ထန်းတပင်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် (Town Planning) ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (သို့မဟုတ်) ၎င်းနှစ်နောက်ပိုင်း ကာလများအတွင်း ဦးစားပေး၍ ကွင်းဆင်း ရေးဆွဲ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆောက်လုပ် ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)သို့ အမြန်ဆုံး တင်ပြပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"တိုင်းဒေသကြီးအစိုးရက ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား ၅ ပါ အခွန်အခကို လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အခွန်များ တိုးချဲ့ရရှိရေးအတွက် လက်တွေ့ကျကျ မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် တာဝန်ရှိသူများက အခွန်အခများ ကောက်ခံရန် ပျက်ကွက်နေမှုအား မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၅တွင်ဖော်ပြသော တိုင်းဒေသကြီးမှ ကောက်ခံရမည့် အခွန်အခများအနက် မိမိတို့စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်သောအခွန်အခ အကောက်များ လေလွင့် ဆုံးရှုံးမှုမရှိစေရေးနှင့် တိုးချဲ့ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ တည်ဆဲဥပဒေများအရ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့(၂၈)ဖွဲ့၏ အခွန်အခ ကောက်ခံခြင်းများအား ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့မှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက် ရှိပါသည်။ အခွန်ကောက်ခံရန်ပျက်ကွက်ပါက သက်ဆိုင်ရာ အခွန်ကောက်ဝန်ထမ်းအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းအရလည်းကောင်း၊ တည်ဆဲဥပဒေများအရ လည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၉၆ ကို ရည်ညွှန်းသည့် ဇယား (၁) အပိုဒ် ၃၊ အပိုဒ်ခွဲ (ဇ)အရ ဝင်ငွေခွန်၊ အပိုဒ်ခွဲ (ဈ)အရ ကုန်သွယ်လုပ်ငန်းခွန်၊ အပိုဒ်ခွဲ (ည)အရ တံဆိပ်ခေါင်းခွန်၊ အပိုဒ်ခွဲ (ဌ)အရ အောင်ဘာလေသိန်းဆုခွန်နှင့် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အထူး ကုန်စည်ခွန် (၁၆)မျိုးတို့ကို ပြည်ထောင်စု ဥပဒေပြု စာရင်းပါကိစ္စရပ်များအဖြစ် အခွန်ကောက်ခံလျက် ပြည်ထောင်စု ဘဏ္ဍာငွေစာရင်းသို့ နှစ်စဉ်ပေးသွင်းလျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် (၁. ၄. ၂၀၁၆)နေ့မှ (၁၀. ၃. ၂၀၁၇)နေ့ထိ အခွန်အရပ်ရပ် ကောက်ခံရရှိမှုမှာ ဝင်ငွေခွန် ပြုပြင်ပြီး လျာထား ကျပ်သန်း (၈၈၄၉. ၀၇၃)အပေါ် ကျပ်သန်း (၆၂၆၂. ၂၇၄) ကောက်ခံရရှိသဖြင့် ၇၁%၊ ကုန်သွယ် လုပ်ငန်းခွန် ပြုပြင်ပြီးလျာထား ကျပ်သန်း(၇၉၃၆. ၀၀၀)အပေါ် ကျပ်သန်း(၆၈၀၆. ၂၈၀) ကောက်ခံရရှိသဖြင့် ၈၆%၊ အထူးကုန်စည်ခွန် ပြုပြင်ပြီးလျာထား ကျပ်သန်း(၅၈၅. ၀၀၀)အပေါ် ကျပ်သန်း(၉၆၄. ၃၄၆) ကောက်ခံရရှိသဖြင့် ၁၆၅%၊ တံဆိပ်ခေါင်ခွန် ပြုပြင်ပြီးလျာထား ကျပ်သန်း (၁၁၀၀)အပေါ် ကျပ်သန်း (၁၂၄၀. ၁၈၁) ကောက်ခံရရှိသဖြင့် ၁၁၃%၊ အောင်ဘာလေသိန်းဆုခွန် ကျပ်သန်း (၈၄၆၈. ၆၉၅)အပေါ် ကျပ်သန်း(၈၆၅၄. ၉၇၈) ကောက်ခံရရှိသဖြင့် ၁၀၂% ကောက်ခံရရှိ ခဲ့ပြီး စုစုပေါင်း အခွန်အရပ်ရပ်ပြုပြင်ပြီး လျာထားချက် ကျပ်သန်း (၂၆၉၃၈. ၇၆၈)အပေါ် ကျပ်သန်း(၂၃၉၃၈. ၀၅၉) ကောက်ခံရရှိခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၈၉% ကောက်ခံရရှိပြီး ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ (၃၁) ပါပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ၊ ဒုတိယ၊ တတိယ သုံးလပတ်တို့အတွက် ကုန်သွယ် လုပ်ငန်းခွန် ကောက်ခံရငွေ၏ ၁၅% အခွန်ဝေစု ကျပ်သန်းပေါင်း (၅၄၁. ၈၅၄)၊ အထူးကုန်စည်ခွန် ဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ၊ ဒုတိယ၊ တတိယ သုံးလပတ်တို့အတွက် အထူးကုန်စည်ခွန် ကောက်ခံရငွေ၏ ၁၅% အခွန်ဝေစု ကျပ်သန်းပေါင်း(၅၂. ၄၉၉)၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၉ ပါပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒုတိယ၊ တတိယ သုံးလပတ်တို့ အတွက် ဝင်ငွေခွန်ကောက်ခံရငွေ၏ ၅% အခွန်ဝေစု ကျပ်သန်းပေါင်း (၈၈. ၃၃၅) ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ဝင်ငွေခွန်တို့အတွက် စုစုပေါင်း အခွန်ဝေစု ကျပ်သန်းပေါင်း (၆၈၂. ၆၈၈)ကို ပဲခူးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြအပ် ပါသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ချက်အနက် ပထမအချက်ဖြစ်သည့် ပွင့်လင်းမြင် သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်း အမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်ဟူသည့်အချက်၏ အပိုဒ်(၃)နှင့် (၄)တွင် ပါရှိသည့် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသော အခွန်အမျိုးအစားများ၊ အခွန်နှုန်းထား များ၊ အခွန်ကောက်ခံမှုစနစ်ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ ပိုမိုသိရှိ နားလည်ပြီး အခွန်ရငွေ တိုးတက်ရရှိရေး ဆောင်ရွက်ရမည်နှင့် အခွန်ကောက်ခံရာတွင် အခွန် ရုံးမှစည်းကြပ်သည့် (Official Assessment

System-OAS)မှ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် (Self Assessment System-SAS) သို့ကူးပြောင်းဆောင်ရွက်မှုကို ပီပြင်စွာဆောင်ရွက်သွားမည်ဟူသော အချက်များနှင့်အညီ ပြည်တွင်း အခွန်များဦးစီးဌာနသည် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် IMF, World Bank, ADB တို့အပြင် မိတ်ဖက်အဖွဲ့ အစည်းများဖြစ်သည့် UMFCCI၊ မြန်မာစာရင်းကိုင်ကောင်စီတို့နှင့် တွေ့ဆုံပြီး ၎င်းတို့၏ အကြံပြုချက်များအရ ခေတ်မမီတော့သည့် အခွန်ဆိုင်ရာမူဝါဒနှင့် အခွန်ဆိုင်ရာစီမံခန့်ခွဲမှု စနစ်တွေကို ၂၀၁၁မှစတင် ပြုပြင်ပြောင်းလဲခဲ့ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်စနစ် ပြုပြင်ပြောင်းလဲ ရာတွင် အခြေခံအချက်ဖြစ်သည့် (Self Assessment System-SAS) သို့ ဦးစွာပထမ ပြောင်းလဲခဲ့ပါသည်။ ၂၀၁၄ခုနှစ်တွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို ဖွင့်လှစ်ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ အခွန်ပေးဆောင်လျှက်ရှိသည့် အခွန်ထမ်းကြီး(၅၀၀)အား ကိုယ်တိုင်အခွန်စည်းကြပ်သည့် စနစ်ကို အသုံးပြုပြောင်းလဲခဲ့ပါသည်။ ထို့နောက် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး အမှတ်(၁)ကို ဆက်လက် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့နောက် အခြေခံကျသည့် မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများကိုလည်း အခွန်ရုံးမှ အခွန်စည်းကြပ်ကောက်ခံသည့် (Official Assessment System-OAS) စနစ်မှ နိုင်ငံတကာနည်းတူ အခွန်ထမ်းကိုယ်တိုင်အခွန် စည်းကြပ်စေသောစနစ် (Self Assessment System-SAS)သို့ တဖြည်းဖြည်းပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နှစ်စဉ် အခွန်အခများဆုံးထမ်းဆောင်သည့် တစ်နိုင်ငံလုံး အခွန်ထမ်းဦးရေ(၁၀၀၀) စာရင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းစာရင်းတို့အား မြို့နယ်အခွန်ဦးစီးမှူးရုံးများအလိုက် ကြော်ငြာသင်ပုန်း များတွင် ကြော်ငြာထားရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်း၌လည်း ဘဏ္ဍာနှစ်ကုန်ဆုံးသည်နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ အခွန်အများဆုံး ထမ်းဆောင်သူ(၅၀)ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းကို ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေတွင် ဥပဒေပုဒ်မ-၄၂(က) တွင် ဤဥပဒေအရ အပ်နှင်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးသော မည်သည့်ပြည်သူ့ဝန်ထမ်းမဆို အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

- ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူ အားအရေးမယူဘဲ ထိမ်ချန်ခြင်း။

- ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

  စသည်တို့ကို ပြုလုပ်ပါက ပုဒ်မ- ၄၉ အရ မည်သည့်ပြည်သူ့ဝန်ထမ်းမဆို ထောင်ဒဏ် (၇)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေတွင် ငါးမွေးကန်ယာယီလိုင်စင်ခွန်ပေးဆောင်ရန် ပျက်ကွက်ပါက ဥပဒေ-၂၉(က)(ခ)(ဂ)(ဃ)တို့ဖြင့် ငါးမွေးမြူသူအား တားမြစ်ချက်ထုတ်ပြန်ထားပြီး ဥပဒေပုဒ်မ-၃၁ အရ

ငွေဒဏ်ကျပ်(၁၀၀၀၀)၊ ထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေကျခံစေရမည်။ ထို့အပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများ၊ ငါးများနှင့် ငါးမွေးကန်များကိုလည်း ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းယူခြင်းခံရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း ခွင့်ပြုသက်မှတ်ကာလထက် ကျော်လွန် ပါက ငါးမွေးကန်ကြွေးကျန်အခွန်အခများအား ရက်လွန်ကြေး ပေးဆောင်စေပြီးမှသာ ငါးမွေးကန် ယာယီလိုင်စင်ခွန် ကောက်ခံခြင်းအား ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

လမ်းဦးစီးဌာနအနေဖြင့် လုပ်ငန်းသုံးပစ္စည်းများပေးသွင်းသော ကန်ထရိုက်တာများထံမှ ငွေပေးချေမှု အကြိမ်တိုင်းတွင် ပင်ရင်းမှနှုတ်ယူပေးသွင်းသည့်ကြိုတင်ဝင်ငွေခွန် (Witholding Tax 2%)အား ဖြတ်တောက်၍ သက်ဆိုင်ရာ အခွန်ဦးစီးရုံးသို့ ပေးဆောင်ပါသည်။

ကုန်သွယ်လုပ်ငန်းခွန်များအား တင်ဒါအောင်မြင်သော ကန်ထရိုက်တာများမှ ပေးဆောင်ရန်အတွက် နောက်ဆုံးအကြိမ် ငွေပေးချေမှုမပြုလုပ်ခင် စာချုပ်တန်ဖိုးအရ ပေးဆောင်ရမည့်ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax 5%) ကို အခွန်ဦးစီးရုံးသို့ ပေးဆောင်ပြီးကြောင်း ချလန်ရရှိမှသာ နောက်ဆုံးအကြိမ် ငွေပေးချေမှုပြုလုပ်ပါသည်။

တံဆိပ်ခေါင်းခွန်များအား တင်ဒါအောင်မြင်သော ကန်ထရိုက်တာများမှ ပေးဆောင်ရန် အတွက် စာချုပ်ချုပ်ဆိုသည့် တန်ဖိုးများအပေါ် မူတည်၍ ပေးဆောင်ရန်ရှိသည့် တံဆိပ်ခေါင်းခွန်များကို ပေးဆောင် စေပြီးမှသာ စာချုပ်ချုပ်ဆို ဆောင်ရွက်လျှက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေခွန်ကောက်ခံနေမှု အခြေအနေ

၁၉၈၉ခုနှစ်မှ စ၍ ရေခွန်နှင့်တာတမံခွန်၊ မြေခွန်၊ ယစ်မျိုးခွန်၊ ဓါတ်သတ္တုခွန်တို့ကို အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံခဲ့ပါသဖြင့် ကောက်ခံရရှိမှု တိုးမြင့် ခဲ့ပါသည်။

ရေခွန်ကောက်ခံရန် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စိုက်ဧကစာရင်းများ ကောက်ခံပြီး ပြေစာများထုတ်ပေးကာ ကျေးရွာအုပ်စုအလိုက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းများမှ တာဝန်ယူကောက်ခံ၍ နိုင်ငံတော်အခွန်ရငွေ စာရင်းသို့ ပေးသွင်းခဲ့ပါသည်။ (ရေခွန်နှုန်း (၁)ဧကလျှင်ငွေကျပ် ၁၀/-နှုန်း)

(၂၀၀၇)ခုနှစ်တွင် ရေခွန်ဥပဒေပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အဖွဲ့၊ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၇)အရ (၁)ဧကလျှင် ကျပ် ၁၉၅၀/-နှုန်း တိုးမြှင့်၍ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအစား၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ကောက်ခံရန် တာဝန်ပေးခဲ့ ပါသဖြင့် (၂၀၀၆-၂၀၀၇)ဘဏ္ဍာရေးနှစ်မှ စတင်တာဝန်ယူကောက်ခံခဲ့ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် မူလတာဝန်များ အပြင် ရေခွန်ကောက်ခံခြင်းပါ ပူးတွဲဆောင်ရွက်ရာတွင် အခဲအခက် များစွာကြုံတွေ့ရပါသည်။ ဝန်ထမ်းအင်အား မျှတလုံလောက်မှုမရှိခြင်း၊ အတွေ့အကြုံမရှိ၍ ကျွမ်းကျင်မှုဆိုင်ရာ အားနည်းခြင်းစသည့် အဆင်မပြေမှုများ ရင်ဆိုင်ကြရပါသည်။ လက်တွေ့ကွင်းဆင်းဆောင်ရွက်ရသည့် ဝန်ထမ်းများ၏ အခက်အခဲများ၊ အတွေ့အကြုံများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြခဲ့ကြပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)မှ ပြည်ထောင်စုဝန်ကြီး ထံတင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးမှလည်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခဲ့ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁၁. ၁၂. ၂၀၁၃)ရက်နေ့အစည်းအဝေးအမှတ်စဉ် ( ၃၃/၂၀၁၃) ဆုံးဖြတ်ချက်အရ ရေခွန်ကောက်ခံခြင်းကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ကောက်ခံရန်နှင့် ကောက်ခံရရှိငွေကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ ရငွေစာရင်းသို့ ထည့်သွင်းရန်တာဝန်ပေးအပ်ခဲ့ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်ဖြင့် (၂၂. ၅. ၂၀၁၄) ရက်နေ့တွင် ရေခွန်ကောက်ခံခြင်းလုပ်ငန်းများ လွှဲပြောင်းပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံ တင်ပြခဲ့ပါသည်။ ဝန်ကြီးချုပ်မှ (၂. ၄. ၂၀၁၅)ရက်နေ့တွင် ဦးစီးဌာန(၇)ခုဖြင့် မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ ရေခွန် စည်းကြပ်မှုအဖွဲ့များဖွဲ့စည်းကာ ရေခွန်ကောက်ခံခြင်းနှင့် ရေခွန်ရငွေပေးသွင်း ခြင်းတို့ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရငွေစာရင်းသို့ ပေးသွင်းရန် တာဝန်ပေးအပ်ခဲ့ပါသည်။

**အခွန်အခများလေ့လွှင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အခွန်အခများ တိုးချဲ့ရရှိရေးအတွက်** -

- ရေခွန်စည်းကြပ်မှုအဖွဲ့များကို တွန်းအားပေးကောက်ခံစေခြင်း။
- ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ အမှန်စိုက်လယ်မြေဧကအတွက် ရေခွန်ကျသင့်ငွေကို အမှန်လယ်ယာလုပ်ကိုင်နေသည့် တောင်သူမှ ပေးသွင်းစေရန်။
- ရေခွန်ကောက်ခံသည့်အဖွဲ့များနှင့် လယ်သမားများ (၁)လလျှင်(၁)ကြိမ်ထိတွေ့ပြီး စည်းရုံးဆွေးနွေးခြင်း၊ အသိပညာပေးခြင်း၊ ရနိုင်သမျှစုစည်းကောက်ခံခြင်း။
- ရေခွန်ကောက်ခံသည့်အဖွဲ့အစည်းသို့ ကောက်ခံသည့်နည်းစနစ်၊ နည်းလမ်းများ၊ ကျွမ်းကျင်စွာ စီမံခန့်ခွဲစေခြင်းနှင့် လုပ်ပိုင်ခွင့်များ(ခိုင်ကြေး)ခံစားခွင့်များကို တိကျစွာသတ်မှတ်ပေးခြင်း။
- ရေခွန်အမှန်တကယ်ရယူသုံးစွဲပြီး၊ အကျိုးခံစားရရှိပါလျှက် ရေခွန်ပေးဆောင်ရန် ပျက်ကွက်သူများအတွက် ပြစ်ဒဏ်ကိုတိကျစွာသတ်မှတ်ပေးခြင်းတို့ကိုဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဖြေကြား အပ်ပါသည်။

တိုင်းဒေသကြီးအစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၅ ပါ အခွန်အခများကို ရရှိရန်အတွက် တရားစီရင်ရေးကဏ္ဍအနေဖြင့် တရားရုံးအဆင့်ဆင့်က စစ်ဆေးစီရင်ဆုံးဖြတ်သော မှုခင်းများတွင် ငွေဒဏ်တပ်ရိုက်ရမည့်အမှုများ၌ ငွေဒဏ်ပေးဆောင်စေရန် ဥပဒေနှင့်အညီ အမိန့်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်မှ ၂၀၁၆ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ (၁၁)လတာ ကာလအတွင်း တပ်ရိုက်ခဲ့သော ဒဏ်ငွေပမာဏ စုစုပေါင်းမှာ ၉၈၅၇၀၄၅၄၅/ကျပ်(ကျပ် ကိုးထောင့်ရှစ်ရာငါးဆယ့်ခုနှစ်သိန်းလေးထောင် ငါးရာလေးဆယ့်ငါး) ဖြစ်ပါသည်။ ပေးဆောင်စေရန်အမိန့်ချမှတ်သည့် ဒဏ်ငွေအားလုံး ကြွေးကျန်မရှိ ကောက်ခံရရှိပြီး ယင်းဒဏ်ငွေများကို မြန်မာ့စီးပွားရေးဘဏ်သို့ နေ့ချင်းပေးသွင်းခဲ့ပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ တရားစီရင်ရေးလုပ်ငန်းသဘာဝအရ ဒဏ်ငွေများတိုးချဲ့ရရှိရေးအတွက် ဆောင်ရွက်၍လည်း ကောင်းသော သဘာဝမဟုတ်ပါကြောင်း တစ်ဆက်တည်း တင်ပြအပ်ပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၅)ပါ အခွန်အခကို လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အခွန်အခများတိုးချဲ့ရရှိရေးအတွက် လက်တွေ့ကျကျမည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-(၁၈၈)ပါ ပြဋ္ဌာန်းချက်နှင့် ဇယား(၂) တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ် ဥပဒေစာရင်း အပိုဒ်(၁)၊ အပိုဒ်ခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း မြေယာခွန်များ စနစ်တကျစည်းကြပ်နိုင်ရန်အတွက် မြေယာခွန်ဥပဒေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်တည်း ပြဋ္ဌာန်းကျင့်သုံး အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတရုံး၏ (၂၆. ၁. ၂၀၁၇) ရက်စွဲပါစာအမှတ်-၁၀၁(၁)/၈/သမ္မတရုံး၏ အကြောင်းကြားမှုအရ စီမံဆောင်ရွက်လျှက် ရှိပါသည်။

မြေယာခွန်ဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ရာတွင် ခေတ်ကာလစနစ်နှင့် သင့်လျော်သော မြေယာခွန်ဥပဒေအသစ်တစ်ခုပေါ်ထွန်းရန်၊ မြေယာခွန်ဥပဒေအသစ်ပါ ပြဋ္ဌာန်းချက်များအရ ကောက်ခံ ရရှိသောအခွန်ငွေများသည် နိုင်ငံတော်၏ ဘဏ္ဍာငွေအဖြစ်များစွာ ရရှိလာနိုင်သဖြင့် နိုင်ငံတော် တည်ဆောက်ရေးအခန်းကဏ္ဍများတွင် ပံ့ပိုးကူညီသွားနိုင်ရန်၊ မြေယာခွန်ဥပဒေအသစ်တစ်ရပ်ကြောင့် ဒေသခံတောင်သူလယ်သမားများအနေဖြင့် မြေခွန် ထမ်းဆောင်ရာတွင် များစွာဝန်ထုပ်ဝန်ပိုးမပိစေရေး ဂရုပြုဆောင်ရွက်သွားရန်၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်အခန်းကဏ္ဍတွင် အခွန်ထမ်းဆောင်ခြင်း သည်လည်း နိုင်ငံတော်အတွက် များစွာအကျိုးရှိစေပြီး တိုင်းရင်းသားပြည်သူများ အခွန်ထမ်းဆောင်လိုသော အလေ့အကျင့် တစ်ရပ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး မြေခွန်တော်နှုန်းထားတိုးမြှင့် ကောက်ခံနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အခွန်အခများကို ကောက်ခံရန်ပျက်ကွက်နေမှုအား မည်ကဲ့သို့အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်းမေးမြန်းမှုအပေါ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနအနေဖြင့် မြေခွန် စည်းကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရပြီး မြေခွန်တော်နှုန်း ထားများကို ကောက်ခံခြင်းနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဆောင်ရွက် လျှက်ရှိပြီး မြေယာခွန်ထမ်းဆောင်ရန် ပျက်ကွက်ပါက မြေခွန်မကျေကျန်ငွေများကို (၁၈၇၆)ခုနှစ် အောက်မြန်မာပြည်မြေနှင့်အခွန်အက်ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ဆင့်ဆိုချက်များတွင် ပြဋ္ဌာန်းပါရှိသည့် နည်းဥပဒေအပိုဒ်(၉၁၊၉၂၊၉၃၊၉၄၊၉၅၊၉၆၊၉၇၊၉၈)တို့နှင့်အညီ အရေးယူ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်သည် ဌာန၏ ပင်မလုပ်ငန်းတာဝန် တစ်ရပ်ဖြစ်သော အောက်ပါအခွန်(၄)မျိုးကောက်ခံခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါ သည်-

- ယစ်မျိုးခွန်
- မြေခွန်
- တာတမံခွန်
- ဓါတ်သတ္တုခွန်

အဆိုပါ အခွန်(၄)မျိုးအနက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)အရ ယစ် မျိုးခွန်၊ မြေခွန်နှင့်

တာတမံခွန်(၃)မျိုးမှာ တိုင်းဒေသကြီးရန်ပုံငွေသို့ ပေးသွင်းဆောင်ရွက်လျက် ရှိပါသည်။ တိုင်းဒေသကြီးသို့ ကောက်ခံပေးသွင်းလျက်ရှိသည့် ယစ်မျိုးခွန်နှင့်စပ်လျဉ်း၍ အခွန်ငွေတိုးမြှင့်ရရှိရေးအတွက် (၂၅. ၉. ၂၀၁၃) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃ ယစ်မျိုးခွန်ဥပဒေအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ အခွန်နှုန်းထားများ တိုးမြှင့်ကောက်ခံ ဆောင်ရွက် လျက်ရှိပါသည်။

မြေယာခွန်ကောက်ခံမှုနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (ရုံးချုပ်)၊ အထက်အဆင့်ရုံးဌာနတို့၏ မြေအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မြေယာအခွန်ငွေများအား ဇုန်အလိုက် နှစ်စဉ်ပြင်ဆင်သတ်မှတ်၍ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် သင့်တင့်မျှတသော နှုန်းထားဖြင့် တိုးမြှင့်ကောက်ခံလျှက်ရှိပါသည်။

နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းဆောင်ရွက်ရသည့် ဓါတ်သတ္တုခွန် ကောက်ခံရရှိမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံမြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၁၉၂၊ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အမိန့်ဆင့်ဆိုချက် ၆၃အရ တွင်းထွက်စက်မှုကုန်ကြမ်းအဆင့်နှင့် အလှဆင်ကျောက်အဆင့်တွင် ပါဝင်ခြင်း မရှိသည့် လမ်းခင်းရန်၊ တည်ဆောက်ရေးလုပ်ငန်းသုံးရန်၊ ဓါတ်သတ္တုများထုတ်ယူသုံးစွဲခြင်း၊ မြေစေးထုတ်ယူ သုံးစွဲခြင်းတို့နှင့်ပတ်သက်၍ ပြည်ထဲ ရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာ(၁၁၄/၂၀၁၅)ပါစာဖြင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်မှ စ၍ ဓါတ်သတ္တုခွန်နှုန်းထားများအား တိုးမြှင့်ကောက်ခံလျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဖေဖော်ဝါရီလကုန်အထိ ပဲခူးတိုင်းဒေသကြီးအနေဖြင့် (ယစ်မျိုးခွန်၊ မြေခွန်၊ တာတမံခွန်နှင့် ဓါတ်သတ္တုခွန်)များ လျာထားချက်ထက်ကျော်လွန်၍ ကောက်ခံရရှိပြီး ကောက်ခံရရှိငွေ များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အခွန်အမျိုးအစား | လျာထားချက် | ကောက်ခံရရှိမှု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ယစ်မျိုးခွန် | ၂၂၀၁၂၈၁၅၀၀ | ၂၄၂၀၄၈၁၅၀၀ | ၁၀၉. ၉၆ |
| ၂။ | မြေခွန် | ၆၆၂၈၃၅၀၀ | ၂၈၁၇၃၇၇၃၄၆ | ၄၂၅. ၀၅ |
| ၃။ | တာတမံခွန် | ၁၇၆၆၀၀၀ | ၁၇၈၇၄၈၇ | ၁၀၁. ၂၂ |
| ၄။ | ဓါတ်သတ္တုခွန် | ၁၅၈၃၈၅၇၀၀ | ၁၉၁၃၆၇၆၃၈ | ၁၂၀. ၈၂ |
| | စုစုပေါင်း | ၂၄၂၇၇၁၆၇၀၀ | ၂၈၉၅၃၇၇၉၇၁ | ၁၁၉. ၂၆ |

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူကောက်ခံ လျက်ရှိသည့် အခွန်(၄)မျိုးအနေဖြင့် လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အခွန်ငွေများတိုးချဲ့ရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အခွန်အခများကောက်ခံရန် ပျက်ကွက်မှုမရှိဘဲ နှစ်စဉ်အခွန်(၄)မျိုး လျာထားချက်ထက် ပြည့်မီကျော်လွန်စွာ ကောက်ခံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ် ညှိနှိုင်းမှုဌာနအနေဖြင့် ဌာနမှကောက်ခံလျက်ရှိသော လုပ်ငန်းလိုင်စင်ဆိုင်ရာ အခွန်အခများကို ပြည်ထောင်စု ၏ အခွန်အကောက်ဆိုင်ရာ ဥပဒေပါလျာထားချက်များနှင့် ရသုံးမှန်းခြေဆိုင်ရာ လျာထားချက်များအပေါ် နှစ်စဉ်ပြည့်မီကျော်လွန်စွာကောက်ခံ၍ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းဆောင်ရွက်လျက်ရှိ ပါသည်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် လျာထားချက်များအပေါ်တွင်လည်း ပြည့်မီကျော်လွန်စွာ ကောက်ခံ ရရှိပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၅)မှာ အခွန်အခများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အခွန်အခများတိုးချဲ့ရရှိရေးအတွက် လက်တွေ့ကျကျမည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သိလိုပါကြောင်းနှင့် အခွန်အခများကို ကောက်ခံရန်ပျက်ကွက်နေမှုအား မည်ကဲ့သို့အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိပါကြောင်း၊ မိမိမေးမြန်းထားတာရှိပါကြောင်း၊ ယင်းမေးမြန်းမှုအပေါ် မိမိတို့ တိုင်းဒေသကြီးအစိုးရ ဖြေကြားထားသည်က အပိုဒ်ပေါင်း(၁၉)ခုကို ရည်ညွှန်းပြီးဖြေကြားထားပါကြောင်း၊ ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၅ အရ ဖြည့်စွက်ထားသည့် အပိုဒ်အခု (၂၀)ရှိပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယင်းအပုဒ်(၂၀)နှင့် ပတ်သက်၍ ဖြေကြားမှုလိုအပ်ပါကြောင်း၊ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် မေးမြန်းလိုသည်က ဆည်မြောင်းကဏ္ဍနှင့် ပတ်သက်ပြီး မိမိတို့ တိုင်းဒေသကြီး ဘတ်ဂျတ်မှာလည်းကောင်း၊ ပြည်ထောင်စုဘတ်ဂျက်မှာလည်းကောင်း၊ ဆည်မြောင်းကဏ္ဍ၏ ဘတ်ဂျတ်သုံးစွဲမှုတွင် အင်မတန် များပြားလှပါကြောင်း၊ ဆည်မြောင်းမှ ဘတ်ဂျတ်မြောက်များစွာသုံးစွဲနေပြီးတော့ ကောက်ခံရမည့်အခွန်များကို စနစ်တကျမကောက်ခံခြင်းကလည်း ဥပဒေအရပျက်ကွက်မှုဟုသတ်မှတ်၍ရပါကြောင်း၊ ရာဇသတ်ကြီး ဥပဒေတွင် ပြုလုပ်မှုတစ်ခုကို အရေးယူနိုင်သလို ပျက်ကွက်မှုတစ်ခုကိုလည်း အရေးယူနိုင်ကြောင်း ဖော်ပြထားပါကြောင်း၊ ယင်းကဲ့သို့ ပျက်ကွက်မှုမရှိအောင် ဆက်လက်ပြီးစီမံဆောင်ရွက်ရန်နှင့် အခွန်တိုးချဲ့ ရရှိရန် ဆောင်ရွက်သင့်သည့်အကြောင်း ဆက်စပ်မေးမြန်းအပ်ပါကြောင်း၊ တရားစီရင်ရေးအပိုင်းအနေဖြင့် ဖြေကြားသွားသည်မှာ ငွေဒဏ်ပေးဆောင်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားစီရင်ရေးလုပ်ငန်းအရ ဒဏ်ငွေတိုးချဲ့ရရှိရေးအတွက် ဆောင်ရွက်ရန်လည်းကောင်းသော သဘာဝ မဟုတ်သည်ကို မိမိတို့အနေဖြင့် လက်ခံပါကြောင်း၊ သို့ပေမဲ့ ကောင်းသောသဘာဝမဟုတ်သည့်အပိုင်းကို ကျင့်သုံးနေသည်ကို တစ်ဆက်တည်းမေးမြန်းလိုပါကြောင်း၊ တရားမဝင် ပိတောက်သစ်များတန်နှင့်ချီပြီး တင်ဆောင်လာသည့်သစ်ကားများကို ဒဏ်ငွေတစ်သောင်းရိုက်ပြီး လူရောကားရောပြန်လွှတ်ပေးလိုက်သည့်အပိုင်းကို တရားစီရင်ရေးအပိုင်းမှာ တွေ့မြင်ရပါကြောင်း၊ ဒဏ်ငွေ ရိုက်သည့်အပိုင်းသည်ကောင်းခြင်းမဟုတ်သည့် အပိုင်းကို ဖော်ပြထားသော်လည်း ဘာကြောင့်ဒဏ်ငွေရိုက်ပြီး ပြန်လွှတ်လိုက်သလဲဆိုသည့်အပိုင်းကို မိမိတို့ အနေဖြင့် မေးခွန်းထုတ်စရာဖြစ်လာပါကြောင်း၊ တရားမဝင် ပိတောက်သစ်တို့နှင့်ပတ်သက်ပြီး ဒဏ်ငွေ တစ်သောင်းရိုက်ပြီး ပြန်လွှတ်လိုက်သည့်ကိစ္စနှင့် ပတ်သက်၍ သစ်တောဦးစီးဌာန၊ သစ်တောညွှန်ကြားရေးမှူးတို့နှင့် အလုပ်ရုံဆွေးနွေးပွဲမှာ သိရှိရပါကြောင်း၊ ဒီလိုမျိုးမဖြစ်သင့်သည့် အကြောင်းကို မိမိတို့အနေဖြင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။ ဝန်ထမ်းများ အခွန်အခကောက်ခံရန် ပျက်ကွက်နေသည့် အပိုင်းကို မည်သို့အရေးယူမည်ဆိုသည့် အပိုင်းတွင် ဝန်ထမ်းများအနေဖြင့် ပျက်ကွက်မှုမရှိပါကြောင်း ဖြေကြားထားပါကြောင်း၊ ဒီလိုမျိုး ဝန်ထမ်းများအခွန်ကောက်ခံရန် ပျက်ကွက်မှုများကို စနစ်တကျပြန်လည်ပြီး မပျက်ကွက်အောင် စနစ်တကျပြန်လည်ဖော်ဆောင်နိုင်ပါက မိမိတို့ တိုင်းဒေသကြီးအတွက် အခွန်ငွေတိုးချဲ့ရရှိပြီး

မိမိတို့ တိုင်းဒေသကြီး ကျန်းမာရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါ ကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးရဲလင်းနိုင် မေးမြန်းသည့်ဆက်စပ်မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဦးရဲလင်းနိုင် မေးမြန်းထားသည် မေးခွန်းများနှင့် ပတ်သက်၍ အခွန်အခများကောက်ခံရန် ပျက်ကွက်နေမှုအား မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် ပတ်သက်၍ အခွန်အခပျက်ကွက်သည့်နေရာမှာ နှစ်ဦးနှစ်ဖက်ရှိပါတယ်။ အခွန်ထမ်းသည့်ပုဂ္ဂိုလ်များနှင့် အခွန်ကောက်သည့်ပုဂ္ဂိုလ်တို့မှ ပျက်ကွက်မှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် ဖြေကြားသည့်နေရာတွင် အောင်မြင်မှု၊ မအောင်မြင်ဆိုတာကိုလုပ်သည့်အခါ အခြေခံနှစ်(၁)နှစ် သတ်မှတ်ရပါမယ်။ ဥပမာ နှစ်(၁)နှစ်မှာ အခွန်ဘယ်လောက်ရတယ်။ အဲဒီနှစ်မှာ ဘယ်လောက်အောင်မြင်တယ်ဆိုတာ သတ်မှတ်တာဖြစ်ပါကြောင်း၊ ထို့အတူ ဒီနှစ်မှာရည်မှန်းချက်ဘယ်လောက်ရှိတယ်။ ဘယ်လောက်ရလျှင် အောင်မြင်တယ်၊ မအောင်မြင်ဘူးဖြစ်ပါကြောင်း၊ အခွန်ထမ်းများကို မည်သို့အရေးယူမည်ဆိုသည့်အပိုင်းကို သီးသန့်သိချင်ပါက ဌာနဆိုင်ရာအသီးသီး၏ အခွန်ကောက်ခံနိုင်သည့် ဥပမာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခွန်ကောက်ခံတာ(၄)မျိုး ရှိပါတယ်။ ယစ်မျိုးခွန်၊ မြေခွန်၊ ဓာတ်သတ္တုခွန်နှင့် ရေတာတမံခွန်၊ ကျန်အခွန်အခများသည် ပြည်ထောင်စုကို တိုက်ရိုက်ပေးဆောင်ရတာဖြစ်ပြီး ယင်းအခွန်နှင့် ပတ်သက်၍ ဆောင်ရွက်ရသည့် ကိစ္စဖြစ်သည့်အတွက် ယင်းဌာနများ၏ အခွန်ကောက်ခံမှုများအပေါ် မည်သို့အရေးယူမှုရှိ/ မရှိဆိုသည်ကို ပြန်လည် ပြီးစာဖြင့် ဖြေကြားပေးရန်ရှိပါကြောင်း၊ အထူးသဖြင့် အခွန်နှင့် ပတ်သက်ပြီး တာဝန်မကျေသည့် ပုဂ္ဂိုလ်များကို သတင်းစာတွင် ကြေညာပြီး ခေါ်ယူဆွေးနွေးတာရှိပါကြောင်း၊ မိမိတို့ အခွန်စည်းကြပ်လို့ရသည့်စနစ်နှင့် သွားနေတာဖြစ်ပြီး အစိုးရကြီးကြပ်သည့်စနစ်နဲ့သွားနေတာဖြစ်ကြောင်း၊ ယင်းစနစ်နှင့် မရသည်များကို အခွန်ဦးစီးဌာနက ခေါ်ယူဆွေးနွေးတာရှိပါကြောင်း၊ သို့သော်လည်း အသေးစိတ်သိရှိရန်အတွက်လည်း ဖြေကြားမှုထဲတွင် ဒီနှစ်ဘယ်လောက်ရထားသလဲ၊ မူလလျာထားတာဘယ်လောက်၊ တကယ်ရတာဘယ်လောက်ရာခိုင်နှုန်း၊ ဘတ်ဂျက်တစ်နှစ်မှာ ဘယ်လောက်ရတယ်ဆိုပြီး တွက်ချက်ပြီးဖြေကြားတာဖြစ်ကြောင်း၊ အရေးယူမှုပိုင်းနှင့် ပတ်သက်၍ ဌာနတစ်ခုချင်း၏ အခွန်ကောက်ခံမှုတွင် ဥပဒေရှိပါကြောင်း၊ ဦးရဲလင်းနိုင်မှ မည်သည့်ဌာနကို သိချင်ပါသလဲ၊ အခွန်နှင့် ပတ်သက်၍ အချို့ဌာနတစ်ခုနှင့် တစ်ခု မတူညီပါဘူး အခွန်ကောက်ခံမှုတွင် မြေစာရင်းမှာ တစ်မျိုး၊ ငါးလုပ်ငန်းဦးစီးဌာနကတစ်မျိုး၊ လမ်းဦးစီးဌာနမှာတစ်မျိုးစသည်ဖြင့် ဥပဒေအမျိုးမျိုးရှိပါကြောင်း၊ တစ်ဦးချင်းသိချင်ပါက ဦးရဲလင်းနိုင်အနေဖြင့် မိမိနှင့် သီးသန့်ဆွေးနွေးပြီးမှသာ အဲဒီဌာနများ၏ ဥပဒေအခြေအနေကို ဘယ်လိုလုပ်ပြီး ဆောင်ရွက်လျှင်ကောင်းမလဲဆိုသည့်အခြေအနေကို မိမိအနေဖြင့် ဖြေကြားလိုပါကြောင်း၊ အထူးသဖြင့် အခွန်၏ ယဉ်ကျေးမှုအရ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ အခွန်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တိုင်ပင်ထားပြီးလည်း ဖြစ်ပါကြောင်း၊ ဥပဒေနှင့် ပတ်သက်ပြီးသီးသန့်တစ်ခုချင်းစီ ပေးလို့ရအောင် ဦးရဲလင်းနိုင်အနေဖြင့် မိမိထံသို့ အသေးစိတ်ဌာနတစ်ခုချင်း၏ အခြေအနေများကို ပြန်လည်မေးမြန်းတင်ပြပေးရန် မေတ္တာရပ်ခံပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်းနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အတွင်းမှ တောင်းခံထားသောငွေများအပေါ် လုပ်ငန်းခွင့်ပြုချက်မရခဲ့ပါ။ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်အတွက်သာ သုံးစွဲရန်ခွင့်ပြုဘဏ္ဍာငွေများအား ဘဏ္ဍာရေးနှစ် မတိုင်မီအချိန်များစွာ ကြိုတင်၍ စာရင်းစစ်ဆေးရန် အခွင့်ရှိ/မရှိနှင့် ရှိပါက ညွှန်ကြားချက် ဥပဒေများဖြင့် ကိုးကား ဖြေကြားပေးပါရန် လုပ်ငန်းဆောင်ရွက်ခွင့်နှင့် ခွင့်ပြုဘဏ္ဍာငွေကြေးမရရှိမီ ကြိုတင် စစ်ဆေးခဲ့ရ ခြင်းမှာ ဘာကြောင့်ပါလဲ၊ အကြောင်းပြချက်ခိုင်လုံခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးရာတွင် စာရင်းစစ်လုပ်ငန်းမှတ်တမ်း ပြုစုထိန်းသိမ်းမှုစနစ် လက်စွဲ အပိုဒ်-၇၄တွင် ပြဋ္ဌာန်းထားသည့် အောက်ပါစစ်ဆေးရေး ရည်မှန်းချက်များဖြင့် စစ်ဆေးရေး ဆောင်ရွက်နေပါသည်။

- သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ၊
  Compliance: CPL
- သက်ဆိုင်ရာရည်မှန်းချက်(သို့) လျာထားချက် ပြည့်မြောက် ပြည့်မီစေခြင်းရှိ /မရှိ
  Effectiveness: EFT
- ငွေ၊ ပစ္စည်း၊ လုပ်အား၊ အချိန်စသည်များ သက်သာစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ ခြင်းရှိ/မရှိ
  Economy: ECO 1
- လေလွင့်မှု၊ ဆုံးရှုံးမှု၊ နှောင့်နှေးကြန့်ကြာမှု စသည်တို့ ပေါ်ပေါက်ခြင်းရှိ/မရှိ၊
  Economy: ECO 2
- စွမ်းဆောင်ရည် ပြည့်ဝခြင်းရှိ/မရှိ၊
  Effciancy: EFC

ယင်းသို့ စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံတကာ၏ စစ်ဆေးရေးစံများ ဖြင့်သာ ISSAI ပါစံများနှင့်အညီ Performance audit guidelines များအရ လုပ်ငန်းဆောင် ရွက်နေစဉ်အတွင်း 3 E Audit ဖြင့် စစ်ဆေးနိုင်သော အခွင့်အာဏာရှိပါသည်။ ISSAI 1 The Lima Declaration လီမာကြေညာ စာတမ်း အပိုင်း(၂)အရ ကြိုတင်စစ်ဆေးခြင်း (Pre audit) နှင့် နှောင်းစာရင်းစစ်ဆေးခြင်း (Post audit) များကို ဆောင်ရွက်နိုင်သော အခွင့် အာဏာတည်ရှိပြီးဖြစ်ပါကြောင်းနှင့် ယင်းနိုင်ငံတကာ ကျင့်သုံးနေသော စံများအရ ဆက်စပ် စစ်ဆေးခဲ့ခြင်းသာ ဖြစ်ပါကြောင်းဖြေကြားပါသည်။

လမ်းဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လ လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးစဉ်တွင် ပဲခူးမြို့၊ မြို့ရှောင်လမ်းပေါ်ရှိ ဆောင်ရွက်ပြီးလုပ်ငန်းများအား တစ်ဆက်တစ်စပ်တည်းဖြစ်၍ ကြည့်ရှုခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများကို စစ်ဆေးခဲ့ခြင်းမရှိပါ။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပထမ(၆)လ လုပ်ငန်း နှင့် စာရင်းများအား ၂၆-၁-၂၀၁၇နေ့မှ ၁၀-၂-၂၀၁၇ နေ့ထိ စစ်ဆေးရာတွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၄၄. ၈၄ဖြင့် ဆောင်ရွက်သောလုပ်ငန်းများကို စာရင်းအရနှင့် ကွင်းဆင်းစစ်ဆေးခြင်းကို ၉-၃-၂၀၁၇ရက်နေ့တွင် ဆောင်ရွက်ခဲ့၍

အစီရင်ခံစာ ထုတ်ပြန်ရန် စီစဉ်ဆဲဖြစ်ပါသည်။ ကြိုတင်စစ်ဆေးခဲ့ခြင်း၊ ကြိုတင်ရေးသားဖော်ပြခဲ့ခြင်း မရှိပါကြောင်းနှင့် လိုက်နာကျင့်သုံးနေသော စာရင်းစစ်စံများနှင့်အညီ စစ်ဆေးခဲ့ခြင်းသာဖြစ်ပါကြောင်း ဖြေကြားပါသည်။

ပဲခူးမြို့ရှောင်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ယခင်အစိုးရလက်ထက်အတွင်း ဖွင့်ပွဲကျင်းပနိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအပြင် ဆောင်ရွက်ရန်လိုအပ်သည့် အပြီးသတ်လုပ်ငန်းများကို ဖွင့်ပွဲမတိုင်မီ ပြီးပြတ်အောင်ဆောင်ရွက်ရန် တွန်းအားပေးညွှန်ကြားခဲ့သဖြင့် စိုးရတနာလင်းကုမ္ပဏီမှ လုပ်ငန်းများကို စိုက်ထုတ်ငွေဖြင့် ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါသည်။ စိုက်ထုတ်ကုန်ကျခဲ့သည့် တန်ဘိုးငွေ ကျပ် (၆၄၄. ၈၄)သန်းအား ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံခဲ့သော်လည်း ယင်းဘဏ္ဍာရေးနှစ်တွင် ဌာနဆိုင်ရာအားလုံး ဖြည့်စွက်ရန်ပုံငွေ ခွဲဝေရရှိခြင်း မရှိခဲ့ပါသဖြင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးလုပ်ငန်းနှင့် ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများ (ပဲခူးမြစ်ကူးတံတား မြေထိန်းနံရံနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ) အတွက် လိုအပ်ရန်ပုံငွေကို ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံခဲ့ပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် စာရင်းစစ်ချုပ်ရုံးမှ စာရင်းများစစ်ဆေးရာတွင်လည်း ပဲခူးမြို့ရှောင်လမ်းတွင် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများမှ ခွင့်ပြုငွေရရှိသုံးစွဲခဲ့သော လုပ်ငန်းများကိုသာ (၉. ၃. ၂၀၁၆)ရက်နေ့တွင် ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအတွက် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေရရှိသည့် လုပ်ငန်းများကို (၂၆. ၁. ၂၀၁၇) ရက်နေ့မှသာ စတင်စစ်ဆေးခဲ့ခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ(၂၁)ရက် မြို့ရှောင်လမ်း (၁၂)မိုင်၊ ၃ဖာလုံလမ်းအား မြို့ရှောင်လမ်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေမှာ လမ်းဦးစီးဌာနက ထုတ်ပြန်ထားသော အစီရင်ခံစာတွင် ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ တောင်းခံခဲ့ရာရရှိခြင်း မရှိသဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် တင်ပြတောင်းခံပြီးလုပ်ငန်းပိုင်း ပြီးစီးဆောင်ရွက်မှု အခြေအနေကို မြေပြင်တွင် ကွင်းဆင်းစစ်ဆေးရာ ၁၀၀%ဆောင်ရွက်ထားခြင်းရှိသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းဒေသကြီး တည်ဆောက်ရေးနှင့် လုပ်ငန်းစိစစ်ရေးကော်မတီ၏ ၆. ၃. ၂၀၁၆ရက်စွဲပါ စာအမှတ်၊ လကဆ ၂၀၁၆-၂၀၁၇တွင် အတည်ပြုထားပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ရုံးမှ စစ်ဆေးပြီးဖြစ်ပါကြောင်း နောက်ဆက်တွဲ (ဆ)တွင် ယင်းလုပ်ငန်းသည် ဘဏ္ဍာရေးနှစ် မတိုင်ခင်ကတည်းက စစ်ဆေးပြီးဖြစ်သည့် အထောက်အထားဖြစ် ကြောင်း နောက်ဆက်တွဲ(ဆ)တွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရသည့်လုပ်ငန်းများ၏ ငွေကြေး ပမာဏဖြစ်နေပါကြောင်း၊ ဒီလုပ်ငန်းသည်

လုပ်ငန်းသဘော သဘာဝအရ ကြိုတင်စစ်ဆေးပြီးဖြစ်ကြောင်း အဖြေထွက်နေပါကြောင်း၊ ယခု စာရင်းစစ်ချုပ်ကြီး၏ တင်ပြချက်အရ ၉. ၃. ၂၀၁၇နေ့တွင် လုပ်ငန်းအတွက် ကွင်းဆင်း ကြည့်ရှုခဲ့သည့် အစီရင်ခံစာ ထုတ်ပြန်ရန် အတွက် ယနေ့အချိန်တွင် ဆောင်ရွက်ဆဲဖြစ်သည်ဟု လမ်းလုပ်ငန်း ကိစ္စကို စာရင်းစစ်ချုပ်ကြီး တင်ပြခဲ့မှု သည်များစွာ လွဲမှားနေသည့်အတွက် စာရင်းစစ်အဖွဲ့ နောက်တစ်ဖွဲ့များ ရှိနေသေးသလား မိမိအနေဖြင့် မည်သို့ယူဆရမလဲဆိုသည်ကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်း ပါသည်။

**ဥက္ကဋ္ဌ**။ ။ပဲခူးမြို့နယ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ မေးမြန်းသည့် ဆက်စပ်မေးခွန်းအား တိုင်းဒေသကြီး စာရင်းစစ်ချုပ်မှ ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်သန်းဝင်း[စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး]**။ ။ ဦးညွှန့်ရွှေပြောသွားသည့် လမ်းဦးစီးဌာန အစီရင်ခံစာထဲတွင် စစ်ဆေးပြီးသည်ဆိုတာ မိမိတို့ထံတွင် စစ်ဆေးပြီးရေးသားဖော်ပြထားသည့် အစီရင်ခံစာလည်းမရှိ၊ စစ်ဆေးခဲ့ခြင်းလည်း မရှိပါကြောင်း၊ မိမိတို့၏ ဖြေကြားချက်တွင် ပါဝင်သည့် ၂၀၁၅-၂၀၁၆လုပ်ငန်းများစစ်သည့်အခါ ယင်းလုပ်ငန်းများကို လုပ်ငန်းသဘောတရားအရသာ ကြည့်သည့် သဘောဘဲရှိပါကြောင်း၊ မိမိတို့ အနေဖြင့်မစစ်ဆေးခဲ့ခြင်း၊ ရေးသားဖော်ပြခြင်းလည်း မရှိခဲ့ပါဘူး၊ မိမိတို့မှာလည်း ညွှန်ကြားချက်ရှိပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတစ်ခုစစ်မည်ဆိုပါက ၄င်းလုပ်ငန်းက အပ်နှံပြီးဖြစ်ရမယ်၊ ငွေအပြီးပေးချေပြီး ဖြစ်ရမယ်။ တီကော်ကလည်း အတည်ပြုပြီးဖြစ်ရမယ်ဆိုသည့်အချက်(၃)ချက်နှင့် ပြည့်စုံမှသာ မိမိတို့အနေဖြင့် စစ်ဆေးရမည်ဟုရုံးချုပ်က ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် စစ်ဆေးချိန်တွင် ဒီလုပ်ငန်းအပ်နှံခြင်းမရှိသေးပါဘူး၊ ငွေလည်းပေးချေ ထားခြင်းမရှိသေးပါဘူး၊ အစီရင်ခံစာ ရေးသားထားခဲ့ခြင်းလည်း မရှိခဲ့ပါဘူး။ မိမိတို့မှလည်း ဒီလုပ်ငန်းကို စစ်ဆေးခဲ့ခြင်းမရှိခဲ့ပါကြောင်း ဆက်စပ် မေးခွန်းအား ပြန်လည် ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေကမေးမြန်းသည့် မေးခွန်း(၄)ခု သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်က သက်ဆိုင်ရာမေးခွန်းများကို မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည် ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွှန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“(၂၀. ၆. ၂၀၁၇) ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေမှ ပဲခူးမြို့ရှောင် လမ်းအတွက် လျာထားခွင့်ပြုခဲ့သော ရေထိန်းကျောက်စီနံရံ အရှေ့ (၆၄. ၄၄)သန်းနှင့် ရေထိန်းကျောက်စီ နံရံအနောက်အတွက် (၅၆. ၄)သန်း၊ စုစုပေါင်း (၁၂၀. ၈၄) သန်းအား ဘုရားကြီးလမ်းဆုံသို့ ခေါင်းစဉ်ပြောင်း၍ မည်သည့်အတွက် ရွှေ့ပြောင်း သုံးစွဲကြောင်းနှင့် မြို့ရှောင်လမ်းပိုင်း ရေထိန်းကျောက်စီနံရံများမှာ အမှန်တကယ် ပြီးပြည့်စုံမှု ရှိ/မရှိကို သိရှိ လိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်းနှင့်ပတ်သက်၍ စိုးရတနာလင်း ကုမ္ပဏီမှ စိုက်ထုတ်သုံးစွဲခဲ့သည်ဆိုသော လုပ်ငန်းတန်ဖိုး (၆၄၄. ၄၈)သန်းအား ၂၀၁၅-၂၀၁၆ BEတွင် တောင်းခံသော်လည်း မရရှိသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတွင် (၇၆၅. ၆၈)သန်း တင်ပြတောင်းခံခြင်းမှာ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့် ကိုက်ညီမှု ရှိ/မရှိနှင့် ရှိပါက ဥပဒေညွှန်ကြားချက်များနှင့်တကွ အဖြေကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်း၊ (၁၁)မိုင် (၃)ဖာလုံ လမ်းဖောက်လုပ်ခွင့်ကို စိုးရတနာလင်း ကုမ္ပဏီအား တင်ဒါခေါ်ယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ရသည့် အကြောင်းရင်းကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ပဲခူးမြို့၊ ဥဿာမြို့သစ် အမှတ်(၅) ရပ်ကွက်ကြီးအတွင်းရှိ သစ်သားမီးတိုင် (၄၇)တိုင်အား ကွန်ကရစ်တိုင် လဲလှယ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေမှ ပဲခူးမြို့ရှောင်လမ်းအတွက် လျာထားခွင့်ပြုခဲ့သောရေထိန်းကျောက်စီနံရံ အရှေ့(၆၄. ၄၄) သန်းနှင့် ရေထိန်းကျောက်စီနံရံအနောက်(၅၆. ၄) သန်းစုစုပေါင်း (၁၂၀. ၈၄) သန်းအား ဘုရားကြီးလမ်းဆုံသို့ ခေါင်းစဉ်ပြောင်း ဆောင်ရွက်ကြောင်း သိရှိရပါသည်။ ၎င်းဘုရားကြီးလမ်းပိုင်းမှာ ကောင်းမွန်နေပါလျက် မည်သည့်အတွက် ရွှေ့ပြောင်းသုံးစွဲကြောင်းနှင့် မြို့ရှောင်လမ်းပိုင်း ရေထိန်းကျောက်စီနံရံများမှာ အမှန်တကယ် ပြည့်စုံနေပြီလားဆို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်းနှင့် ပတ်သက်၍ (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွင်း စိုးရတနာလင်းကုမ္ပဏီမှ စိုက်ထုတ်သုံးစွဲခဲ့သည်ဆိုသော လုပ်ငန်းတန်ဖိုး (၆၄၄. ၄၈)သန်းအား (၂၀၁၅-၂၀၁၆) REတွင် တောင်းခံသော်လည်း မရရှိသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတွင်(၇၆၅. ၆၈)သန်း တောင်းခံထားကြောင်း တွေ့ရှိရပါသည်။ ယခင်နှစ်များက ဆောင်ရွက်ခဲ့သော လုပ်ငန်းများအား ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံထားခြင်းမှာ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်း၊ (၁၁)မိုင် (၃)ဖာလုံ အား ရန်ကုန်-မန္တလေးလမ်းပိုင်း၊ စာလေးကွင်းကျေးရွာမှ ခွဲထွက်၍ ကလိကျေးရွာအနီးတွင် ပြန်လည်တွေ့ဆုံ၍ ဖောက်လုပ် ထားကြောင်း တွေ့ရပါသည်။ ၎င်းလမ်းဖောက်လုပ်ခွင့်ကို စိုးရတနာလင်းကုမ္ပဏီအား ပေးအပ်ခဲ့ကြောင်း တွေ့ရပါသည်။ သို့သော် တင်ဒါခေါ်ယူ၍ ဆောင်ရွက်ခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။ တင်ဒါခေါ်ယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ရခြင်း အကြောင်းရင်းကို သိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်ကြီးအတွင်းရှိလမ်းများတွင် စိုက်ထူထားသော ဆွေးမြေ့သစ်သားတိုင် (၄၇)တိုင်အား လဲလှယ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လဲလှယ်ပေးမည်ဆိုလျှင် မည်သည့်ဘဏ္ဍာရေးနှစ်တွင် လဲလှယ်ပေးနိုင် မည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်း(၄)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"(၂၀. ၆. ၂၀၁၇) ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေမှ ပဲခူးမြို့ရှောင် လမ်းအတွက် လျာထားခွင့်ပြုခဲ့သော ရေထိန်းကျောက်စီနံရံ အရှေ့ (၆၄. ၄၄)သန်း နှင့် ရေထိန်းကျောက်စီနံရံအနောက်အတွက် (၅၆. ၄)သန်း၊ စုစုပေါင်း (၁၂၀. ၈၄) သန်းအား ဘုရားကြီး လမ်းဆုံသို့ ခေါင်းစဉ်ပြောင်း၍ မည်သည့်အတွက် ရွှေ့ပြောင်းသုံးစွဲကြောင်းနှင့် မြို့ရှောင်လမ်းပိုင်း ရေထိန်းကျောက်စီနံရံများမှာ အမှန်တကယ် ပြီးပြည့်စုံမှု ရှိ/မရှိကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ပဲခူးမြို့နယ် ဘုရားကြီးလမ်းဆုံ အပိုင်းဖြစ်သော ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်(၆၀/၅) နေရာသည် ရန်ကုန်-မော်လမြိုင်-မြိတ်လမ်းနှင့် ဘုရားကြီး-ဘောနတ်ကြီး-ဇောင်းတူ-တိုက်ကြီးလမ်းတို့ စတင်ခွဲထွက်ရာ လမ်းဆုံဖြစ်ပြီး ဘုရားကြီး-ဘောနတ်ကြီး-ဇောင်းတူ-တိုက်ကြီးလမ်းမှ တစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းအပိုင်းဖြစ်ပါသည်။ ဘုရားကြီး လမ်းဆုံတွင် ဘုရားကြီး-ဘောနတ်ကြီး-ဇောင်းတူလမ်းမှတစ်ဆင့် အမြန်လမ်းသို့ ဝင်ရောက်သွားလာသည့် ယာဉ်စီးရေ ပိုမိုတိုးတက် များပြားလာခြင်း၊ လမ်းဆုံအပိုင်းတွင် ယာဉ်သွားလာမှု များပြားခြင်းကြောင့် မူလလမ်းမျက်နှာပြင် ပျက်စီးပြီး လမ်းချိုင့်များဖြစ်ပေါ်လျှက် ရေဝပ်မှုများဖြစ်ပေါ်နေခြင်း၊ လမ်းဆုံတွင် မကြာခဏ ယာဉ်မတော်တဆ မှုများ ဖြစ်ပေါ်ခြင်း၊ နောင်တွင်ထပ်မံများပြား တိုးတက်လာမည့် ယာဉ်စီးရေကို မျှော်မှန်းလျှက် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဆောင်ရွက် ရခြင်းဖြစ်ပါသည်။

ပဲခူးမြို့ရှောင်လမ်းတွင် မူလလျာထားငွေသည် ပဲခူးမြစ်ကူးတံတားချဉ်းကပ်လမ်း၏ မြေထိန်းနံရံ ဆောင်ရွက်ရန်အတွက်ဖြစ်သော်လည်း ပဲခူးမြို့ရှောင်လမ်းကို (BOT ကုမ္ပဏီ)များသို့ တာဝန်ပေး စေခိုင်းထားပြီးဖြစ်သည့်အတွက် ပြုပြင်ရန်လိုအပ်ပါက (BOTကုမ္ပဏီ)များမှသာ ကျခံသုံးစွဲရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်း လမ်း(၃)လမ်းဆုံရာ ဘုရားကြီးလမ်းဆုံတွင် ယာဉ်အန္တရာယ် ကင်းရှင်း စေရန်၊ ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာမှု လွယ်ကူစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်အတွက် နိုင်ငံတော်၏ဘဏ္ဍာငွေကို လိုအပ်သည့် နေရာသို့ ရွှေ့ပြောင်းသုံးစွဲရခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးခွန်းနံပါတ်(၂)နှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ မြို့ရှောင်လမ်းပိုင်းနှင့် ပတ်သက်၍ စိုးရတနာလင်းကုမ္ပဏီမှ (၆၄၄. ၄၈)သန်းကို (၂၀၁၅-၂၀၁၆) BE မှာ တောင်းခံခဲ့သော်လည်းမရခဲ့ပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် (၇၆၅. ၆၈)တောင်းခံသုံးစွဲခဲ့ပြီး စိုးရတနာလင်းကုမ္ပဏီကို အကြွေးဆပ်မည်ဟူသည့်အပိုင်းမှာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီကြောင်းကို ဝန်ကြီးထံတင်ပြထားပြီးဖြစ်ကြောင်း၊ စာရင်းစစ်ချုပ်ကြီးမှ ယနေ့ချိန်ထိ စာရင်းစစ်ဆေးခြင်းမပြုရသေးဟု ဆိုသော်လည်း လမ်းဦးစီးဌာနမှ တိုင်းစာရင်းစစ်ရုံးကလည်း စစ်ဆေးပြီးပါပြီဟု အစီရင်ခံစာထုတ်ပြန်ထားတာတွေ့ရသည့်အတွက် ဒီလုပ်ရပ်(၂)ခုကို ချင့်ချိန်ကြည့်ခြင်းအားဖြင့် လမ်းဦးစီးဌာနအနေဖြင့် မြို့ရှောင်လမ်းပိုင်း ပါဝင်ပတ်သက်မှုတွင် ရိုးသားမှုမရှိသည်ကို မိမိအနေဖြင့် ထင်မြင်ယူဆပါကြောင်း၊ ဒါကြောင့်ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းဥပဒေနှင့်အညီ သေချာစွာ ဆောင်ရွက်ခြင်းမရှိသည်ကို မည်ကဲ့သို့အရေးယူ ဆောင်ရွက်မည်ကို ဆက်စပ်မေးခွန်းမေးမြန်းပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးမှ ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ မြို့ရှောင်လမ်းနှင့် ပတ်သက်သည့်မေးခွန်းအား ဖြေကြားရာတွင် ဘဏ္ဍာရေးနှစ် စည်းမျဉ်း၊ စည်းကမ်းနှင့် မညီပါဘူး။ အရေးယူဆောင်ရွက်မှုတွင် မိမိအနေဖြင့် အရေးယူဆောင်ရွက်ခြင်း သင့်/ မသင့်နှင့် အရေးယူဆောင်ရွက်ခြင်း ရှိ/ မရှိကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ တင်ပြပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်းနှင့်ပတ်သက်၍ စိုးရတနာလင်းကုမ္ပဏီမှ စိုက်ထုတ်သုံးစွဲခဲ့သည်ဆိုသော လုပ်ငန်းတန်ဖိုး (၆၄၄. ၄၈)သန်းအား ၂၀၁၅-၂၀၁၆ BE တွင် တောင်းခံသော်လည်း မရရှိသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းတွင် (၇၆၅. ၆၈)သန်း တင်ပြတောင်းခံ ခြင်းမှာ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့် ကိုက်ညီမှု ရှိ/မရှိနှင့် ရှိပါက ဥပဒေညွှန်ကြားချက်များနှင့်တကွ အဖြေကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးမြို့ရှောင်လမ်းအား ယခင်အစိုးရလက်ထက် တာဝန်ယူစဉ်ကာလအတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ခိုင်းစေချက်များအရ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် မကုန်မီ လမ်းဖွင့်ပွဲအချိန်မီ ကျင်းပနိုင်ရေးအတွက် စိုးရတနာလင်း

ကုမ္ပဏီမှ စိုက်ထုတ်ငွေ ကျပ်(၆၄၄. ၈၄)သန်းဖြင့် လုပ်ငန်းများ တစ်ဆက်တည်း စဉ်ဆက်မပြတ် ပြီးပြတ်စေရန် လုပ်ငန်းများအား ကြိုတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စိုက်ထုတ်လုပ်ငန်းတန်ဘိုးငွေကျပ် (၆၄၄. ၈၄)သန်းအား ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေ ခွင့်ပြုချက် မရရှိသဖြင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုငွေစာရင်းတွင် ထည့်သွင်းတောင်းခံခဲ့ရာ ရန်ပုံငွေ ခွင့်ပြုချက် ရရှိခဲ့ပါသည်။

စိုးရတနာလင်းကုမ္ပဏီအနေဖြင့် ဘတ်ဂျက်ငွေရရှိမှုပေါ်တွင် အခြေမပြုဘဲ လုပ်ငန်းပြီးစီးမှု အပေါ်တွင်သာ အခြေပြု၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်းအပြီးသတ်ဆောင်ရွက်ရန် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းဦးစီးဌာနအနေဖြင့်လည်း ကုမ္ပဏီ၏ လုပ်ငန်းပြီးစီးမှုအပေါ်တွင် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေရရှိမှုအရသာ ငွေပေးချေခဲ့ပါသည်။

သို့ပါ၍ ပဲခူးမြို့ရှောင်လမ်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စိုးရတနာလင်း ကုမ္ပဏီမှ စိုက်ထုတ်ငွေကျပ် (၆၄၄. ၈၄)သန်းဖြင့် ကြိုတင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများသည် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများအတွင်း သက်ရောက်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့၊ မြို့ရှောင်လမ်းပိုင်း၊ (၁၁)မိုင် (၃)ဖာလုံ လမ်းဖောက်လုပ်ခွင့်ကို စိုးရတနာလင်း ကုမ္ပဏီအား တင်ဒါခေါ်ယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ရသည့် အကြောင်းရင်းကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးမြို့နယ် ၊ရန်ကုန်-မန္တလေးလမ်း မိုင်(၄၅/၁ )မှ လက်ဝဲဘက်သို့ စတင်ခွဲထွက်ပြီး မိုင်(၅၄/၄) ကလိကျေးရွာတွင် ပြန်လည်တွေ့ဆုံသည့် ပဲခူးမြို့ရှောင်လမ်းကို ယခင်အစိုးရ လက်ထက်တွင် ပဲခူးမြို့တွင်း ယာဉ်ကြီး/ယာဉ်ငယ် နှင့် ဝန်လေးချိန်များသော ကားကြီးများအသွားအလာ အလွန် များပြားကြပ်တည်းခြင်း ၊ အခြေခံပညာ/ မူလတန်း/ အလယ်တန်း/ အထက်တန်းကျောင်းများ တည်ရှိခြင်း၊ ပဲခူးမြို့မဈေးကြီးတည်ရှိခြင်းတို့ကြောင့် လက်ရှိ မြို့ပြ၏ အနေအထားတွင် ပြည်သူလူထုအတွက် နေ့စဉ် ယာဉ်အန္တရာယ် ကြုံတွေ့နေရခြင်းတို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပဲခူးမြို့ ရှောင်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ရန် ၂၀၁၃ခုနှစ် ဧပြီလ (၁၀)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ နှင့် စိုးရတနာလင်းကုမ္ပဏီလီမိတက်သည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးလျှက် လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ ပါသည်။

ယခင်အစိုးရလက်ထက် ပဲခူးမြို့ရှောင်လမ်း ဆောင်ရွက်ခြင်းလုပ်ငန်းကို စိုးရတနာလင်း ကုမ္ပဏီ လီမိတက်အား (၁၀. ၄. ၂၀၁၃)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စာချုပ်ချုပ်ဆို၍ တာဝန် ပေးအပ်ထားခဲ့ခြင်းဖြစ်ပြီး ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်စာအုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၈. ၁. ၂၀၁၄)ရက်စွဲပါစာအမှတ် - ၃၁/

၂၅၂-ကန်ထရိုက်/အဖရ (၂၀၁၄)ဖြင့် ညွှန်ကြားလာပါသဖြင့် ပဲခူးမြို့ရှောင်လမ်းအား စိုးရတနာလင်း ကုမ္ပဏီသို့ တာဝန်ပေးစဉ်က တင်ဒါခေါ်ယူဆောင်ရွက်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးညွှန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ပဲခူးမြို့၊ ဥဿာမြို့သစ် အမှတ်(၅)ရပ်ကွက်ကြီးအတွင်းရှိ သစ်သားမီးတိုင် (၄၇)တိုင်အား ကွန်ကရစ်တိုင် လဲလှယ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်ကြီးအတွင်း သစ်သားတိုင်ပေါင်း (၇၀)ခန့်ရှိပြီး နှစ်ကာလကြာမြင့်နေပြီဖြစ်သောကြောင့် ဆွေးမြေ့လျှက်ရှိပါသည်။ အဆိုပါ သစ်သားတိုင်များ အနက်(၂၃)တိုင်အား တိုင်းဒေသကြီးရန်ပုံငွေဖြင့် လဲလှယ် ပေးပြီးဖြစ်သော်လည်း သစ်သားတိုင်(၃၂)တိုင်နှင့် သံတိုင်(၁၅)တိုင်၊ စုစုပေါင်း(၄၇)တိုင် ကျန်ရှိနေသေးကြောင်း တွေ့ရှိရပါသည်။ အဆိုပါ လဲလှယ်ရန် ကျန်ရှိသော သစ်သားတိုင်နှင့်သံတိုင်များအား ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် လဲလှယ်ခြင်းလုပ်ငန်းအား (၂၀၁၇-၂၀၁၈)ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေတောင်းခံရာတွင် ထည့်သွင်း လျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိပါက လုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးမောင်မောင်ရွှေ[ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်]**။ ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်၏ (၃၀. ၁၁. ၂၀၁၆)နေ့မှ (၂၈. ၂. ၂၀၁၇) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြပါမယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများကို တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီး(၃)ဦးတို့ဖြင့် အမှုများကြားနာစစ်ဆေး ဆောင်ရွက်လျှက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အစီရင်ခံခဲ့သည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် စစ်ဆေးစီရင်ခဲ့သော ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ (၃၀. ၁၁. ၂၀၁၆)နေ့ စာရင်းဖွင့်လက်ကျန်မှာ (၄၄၀)မှုဖြစ်ပြီး စွဲဆိုတင်ပို့မှု မှာ (၁၅၀) ဖြစ်၍ စစ်ဆေးရန်ကျန်ရှိသည့်အမှုပေါင်းမှာ (၅၉၀)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ

(၁၇၃)မှုဖြစ်သဖြင့် (၂၈. ၂. ၂၀၁၇)ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ(၄၁၇)မှုဖြစ်ပါတယ်။ ဆက်လက်၍ တရားမမှုခင်းများနှင့် ပတ်သက်လို့တင်ပြပါမယ်။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ (၁၀. ၁၁. ၂၀၁၆) နေ့တရားမ မှုခင်းစာရင်းဖွင့်လက်ကျန်မှာ (၂၈၄)မှုဖြစ်ပြီးစွဲဆိုတင်ပို့မှုမှာ (၁၄၀)မှုဖြစ်သဖြင့် စစ်ဆေးရန်ရှိသည့်အမှုပေါင်းမှာ (၄၂၄)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၁၀)မှုဖြစ်သဖြင့် (၂၈. ၂. ၂၀၁၇ )ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ(၃၁၄)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုများနှင့်တရားမမှုများကို စုစုပေါင်းဖော်ပြရလျှင် (၁၀. ၁၁. ၂၀၁၆) နေ့စာရင်းဖွင့် လက်ကျန်မှာ(၇၂၄)မှုဖြစ်ပြီး စွဲဆိုတင်ပို့ သည့်အမှုပေါင်းမှာ(၂၉၀) မှုဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်း (၁၀၁၄)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၂၈၃)မှု ဖြစ်သဖြင့် (၂၈. ၂. ၂၀၁၇) ရက်နေ့စာရင်းပိတ် လက်ကျန်အမှုမှာ (၇၃၁)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ(၉၇%) ရှိကြောင်းတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများရဲ့ တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက် ချက်များကို တင်ပြပါမယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်တရားရုံး၊ တောင်ငူခရိုင် တရားရုံး၊ ပြည်ခရိုင်တရားရုံး၊ သာယာဝတီခရိုင်တရားရုံးများမှ စီရင်ခဲ့သည့် (၁၀. ၁၁. ၂၀၁၆) ရက်နေ့မှ (၂၈. ၂. ၂၀၁၇) ရက်နေ့ အထိကာလအတွင်း စစ်ဆေးစီရင်ခဲ့သော ရာဇဝတ်မှုများနှင့် တရားမမှုများစစ်ဆေး ကြားနာစီရင်နိုင်မှု အခြေအနေကို တင်ပြပါမယ်။

ရာဇဝတ်ဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ ခရိုင်တရားရုံးများ၏ (၁၀. ၁၁. ၂၀၁၆)ရက်နေ့ စာရင်းဖွင့်လက်ကျန်မှာ(၂၈၃)မှုဖြစ်ပြီး စွဲဆိုတင် ပို့သည့်အမှုပေါင်းမှာ (၄၇၈)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၇၆၁) ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု(၃၃၆)မှု ဖြစ်သောကြောင့် (၂၈. ၂. ၂၀၁၇)ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ (၄၂၅)မှု ရှိပါတယ်။

တရားမများနှင့်စပ်လျဉ်း၍ (၁၀. ၁၁. ၂၀၁၆)ရက်နေ့ စာရင်းဖွင့် လက်ကျန်မှာ(၁၀၇၉)မှု ဖြစ်ပြီးစွဲဆို တင်ပို့သည့်အမှုမှာ (၃၈၈)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ(၁၄၆၇)မှုရှိပါတယ်။ စစ်ဆေး ပြီးပြတ်မှုမှာ(၃၂၀)မှု ဖြစ်သောကြောင့် (၂၈. ၂. ၂၀၁၇) ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ (၁၁၄၇)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုနှင့်တရားမမှု စုစုပေါင်းကို ဖော်ပြရလျှင် (၁၀. ၁၁. ၂၀၁၆)ရက်နေ့ စာရင်းဖွင့်လက်ကျန်မှာ (၁၃၆၂)မှု ဖြစ်ပြီးစွဲဆို တင်ပို့သည့်အမှုမှာ (၈၆၆)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်း မှာ(၂၂၂၈)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၆၅၆)မှုဖြစ်သဖြင့် (၂၈. ၂. ၂၀၁၇) ရက်နေ့စာရင်းပိတ်လက်ကျန်မှာ (၁၅၇၂)မှုဖြစ်ပါ တယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ(၇၅% )ရှိကြောင်းတင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံး (၂၈) ရုံးတွင် ရာဇဝတ်ဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ (၁၀. ၁၁. ၂၀၁၆) ရက်နေ့ စာရင်းဖွင့်လက်ကျန် အမှုမှာ(၃၈၆၅)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၁၅၈၅၄)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၁၉၇၁၉)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၅၄၉၀)မှုဖြစ်သောကြောင့်(၂၈. ၂. ၂၀၁၇)ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၄၂၂၉)မှုဖြစ်ပါ တယ်။

တရားမမှုများနှင့် စပ်လျဉ်း၍ (၃၀. ၁၁. ၂၀၁၆) ရက်နေ့ စာရင်းဖွင့်လက်ကျန်အမှုမှာ (၃၀၁၃)မှု ဖြစ်ပြီးစွဲဆိုတင်ပို့သည့်အမှုမှာ(၁၀၂၉)မှုဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်းမှာ(၄၀၄၂)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၁၄၇)မှုဖြစ်သဖြင့် (၂၈. ၂. ၂၀၁၇) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ(၂၈၉၅)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုများနှင့် တရားမမှုများကို စုပေါင်းဖော်ပြရလျှင် (၃၀. ၁၁. ၂၀၁၆) ရက်နေ့ စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၆၈၇၈)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၁၆၈၈၃)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၂၃၇၆၁)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၁၆၆၃၇)မှု ဖြစ်သောကြောင့် (၂၈. ၂. ၂၀၁၇) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၇၁၂၄)မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ (၉၈%)ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၁၉၉၃ခုနှစ်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ စွဲဆိုသော အမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၆၀)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့် အမှုမှာ(၂၀)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ(၈၀)မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၃၂)မှုဖြစ်သောကြောင့် (၂၈. ၂. ၂၀၁၇) ရက်နေ့စာရင်းပိတ်လက်ကျန်မှုမှာ (၄၈)မှု ဖြစ်ပါတယ်။

၁၉၈၆ ခုနှစ် လောင်းကစားဥပဒေအရစွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့် လက်ကျန်အမှုပေါင်းမှာ(၂၃၄)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၉၃)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှု ပေါင်းမှာ (၃၂၇)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၉၆)မှု ဖြစ်သော ကြောင့် (၂၈. ၂. ၂၀၁၇) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၂၃၁)မှု ဖြစ်ပါတယ်။

၂၀၀၅ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ စွဲဆိုသောအမှုမှာ အစီရင်ခံသည့် ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ (၄) မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၃)မှုဖြစ်၍ စစ်ဆေးစီရင်ရန် ရှိသည့်အမှုပေါင်းမှာ(၇)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁)မှုဖြစ်သောကြောင့် (၂၈. ၂. ၂၀၁၇) ရက်နေ့စာရင်းပိတ်လက်ကျန်မှုမှာ (၆)မှု ဖြစ်ပါတယ်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ အရမုဒိမ်းမှုဖြင့်စွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၅၄)မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၈၅)မှုဖြစ်၍ စစ်ဆေးစီရင်ရန် ရှိသည့်အမှု ပေါင်းမှာ(၁၃၉)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၅၇)မှုဖြစ်သော ကြောင့် (၂၈. ၂. ၂၀၁၇) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ(၈၂)မှု ဖြစ်ပါတယ်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ လူသတ်မှုဖြင့်စွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၇၉)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၃၆)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ(၁၁၅)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၃၇)မှုဖြစ်သောကြောင့် (၂၈. ၂. ၂၀၁၇) ရက်နေ့စာရင်းပိတ်လက်ကျန်မှုမှာ (၇၈)မှု ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၈) မြို့နယ်မှာ ဖြစ်ပွားသည့် မော်တော်ယာဉ်ဥပဒေကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှု (၈၉၉၂)မှုနှင့် နေ့ချင်းပြီး အခြားရာဇဝတ်မှု (၃၀၈၀)မှုများ ကိုစစ်ဆေးစီရင်ခဲ့ပါတယ်။အစီရင်ခံသည့်ကာလအတွင်း သက်သေဦးရေ

(၁၈၇၇၀)ဦးစစ်ဆေးခဲ့ပြီး သက်သေစရိတ်ငွေ (၁၃၆၄၇၈၉ဝ/-) ကျပ်ထုတ်ပေးပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တရားစီရင်ရေးလုပ်ငန်းနဲ့ တရားရုံးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်းနဲ့ ပတ်သက်လို့ တင်ပြပါမယ် ။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများသည် တရားရုံးများလက်စွဲအပိုဒ် ၉၉၇အရ ပုံမှန်စစ်ဆေးခြင်းနဲ့ ရှောင်တခင် စစ်ဆေးခြင်းများကို အစီရင်ခံတဲ့ကာလအတွင်းရုံးစစ် ဆေးရေးစီမံချက်နဲ့အညီ တာဝန်ခွဲဝေချထားတဲ့ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါကြောင်းတင်ပြအပ်ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ် (၅/၂၀၁၃) နှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးဦးမြင့်အောင်နှင့်အတူ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေတို့က (၁၆. ၁၂. ၂၀၁၆)နေ့တွင် တောင်ငူအကျဉ်းထောင်အားလည်းကောင်း၊ (၂၀. ၁၂. ၂၀၁၆)နေ့တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဦးမောင်မောင်ရွှေမှ ပဲခူးအကျဉ်းထောင်အားလည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်းနှင့်အတူ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေတို့က (၃၀. ၁၂. ၂၀၁၆)နေ့တွင် ပဲခူးအကျဉ်းထောင်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ဦးမောင်မောင်ရွှေမှ (၇. ၂. ၂၀၁၇) နေ့တွင် လက်ပံတန်းမြို့ ရဲစခန်းအချုပ်အားလည်းကောင်းသွားရောက်စစ်ဆေးခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ် ဦးမောင်မောင်ရွှေမှ (၂၄. ၁၂. ၂၀၁၆) (၂၅. ၁၂. ၂၀၁၆)နေ့များတွင် ပဲခူးခရိုင်တရားရုံးနှင့် ပဲခူး မြို့နယ်တရားရုံးအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးဦးတင်ဟုန်က (၂၄. ၁၂. ၂၀၁၆)နေ့တွင် တောင်ငူခရိုင် တရားရုံးအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးဦးမောင်မောင်အေးက (၂၄. ၁၂. ၂၀၁၆) (၂၅. ၁၂. ၂၀၁၆)နေ့များတွင် သာယာဝတီခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိမြို့နယ်တရားရုံးများအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်လွင်လွင်အေးကျော်က (၂၄. ၁၂. ၂၀၁၆)(၂၅. ၁၂. ၂၀၁၆)နေ့များတွင် ပြည်ခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိမြို့နယ် တရားရုံးများအားစစ်ဆေး ပြီး လာဘ်ပေးလာဘ်ယူကင်းရှင်းစေရန်နှင့် မှုခင်းလက်ကျန်များကျဆင်း စေရန်ဆွေးနွေးခြင်း၊ အမှုများအားဥပဒေနှင့်အညီမှန်မှန်နှင့်မြန်မြန်စစ်ဆေး ရန်လမ်းညွှန်မှာကြားခြင်းများပြုလုပ်ခဲ့ပါတယ်။

၂၀၁၅-၂၀၁၇ ခုနှစ်မဟာဗျူဟာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လာဘ်ပေးလာဘ်ယူကင်းရှင်းစေရန် (၂. ၁. ၂၀၁၇)နေ့တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်ဦးမောင်မောင်ရွှေမှ ပဲခူးမြို့နယ်တရားရုံး၊ (၂. ၂. ၂၀၁၇)နေ့တွင် ဝေါမြို့နယ်တရားရုံး၊ (၂၆. ၂. ၂၀၁၇)နေ့တွင် ဒိုက်ဦးမြို့နယ်တရားရုံးနှင့် ညောင်လေးပင်မြို့နယ်တရားရုံး၊ (၂၇. ၂. ၂၀၁၇)နေ့တွင် ကဝမြို့နယ် တရားရုံး၊ ပဲခူးမြို့နယ်တရားရုံးနှင့် ပဲခူးခရိုင်တရားရုံးတို့အား ရှောင်တခင် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။

ပဲခူးခရိုင်တရားသူကြီးဒေါ်ခင်မာဆွေမှ (၉. ၁. ၂၀၁၇)နေ့တွင် ပဲခူးမြို့နယ်တရားရုံး၊ (၅. ၂. ၂၀၁၇) နေ့တွင် ဒိုက်ဦးမြို့နယ်တရားရုံးနှင့် ညောင်လေးပင်မြို့နယ်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်နုနုဝေမှ (၄. ၂. ၂၀၁၇)နေ့တွင် သနပ်ပင်မြို့နယ်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဦးဌေးဝင်းမှ (၄. ၂. ၂၀၁၇)နေ့ တွင် ကဝမြို့နယ်တရားရုံး၊ ဒုတိယခရိုင် တရားသူကြီးဒေါ်ဥမ္မာဝင်းမှ (၅. ၂. ၂၀၁၇)နေ့ တွင် ကျောက်တံခါးမြို့နယ် တရားရုံးအားလည်းကောင်း ရှောင်တခင်စစ်ဆေးခဲ့ပါတယ်။

တောင်ငူခရိုင်တရားသူကြီး ဦးဝင်းဆောင်မှ (၄. ၂. ၂၀၁၇)နေ့တွင် တောင်ငူမြို့နယ်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီးဦးမိုးဝေမှ (၄. ၂. ၂၀၁၇)နေ့တွင် ထန်းတပင်မြို့နယ်တရားရုံးနှင့်ရေတာရှည်မြို့နယ် တရားရုံး၊ ဒုတိယခရိုင်တရားသူကြီးဒေါ်ဖြူပြာအေးမှ (၄. ၂. ၂၀၁၇)နေ့ တွင် အုတ်တွင်းမြို့နယ်တရားရုံး၊ (၅. ၂. ၂၀၁၇)နေ့တွင်ဖြူးမြို့နယ်တရား ရုံးတို့အား ရှောင်တခင်စစ်ဆေးခဲ့ပါတယ်။

ပြည်ခရိုင်တရားသူကြီးဒေါ်အေးအေးသန့်မှ (၄. ၂. ၂၀၁၇)နေ့တွင် ပြည်ခရိုင်တရားရုံးနှင့် ပေါင်းတည်မြို့နယ်တရားရုံး၊ (၅. ၂. ၂၀၁၇)နေ့ တွင် ပြည်မြို့နယ်တရားရုံး၊ ဒုတိယခရိုင် တရားသူကြီး ဒေါ်ကြူကြူဝင်းမှ (၄. ၂. ၂၀၁၇)နေ့တွင် ရွှေတောင်မြို့နယ်တရားရုံးနှင့် ပန်းတောင်းမြို့နယ် တရားရုံး၊ ဒုတိယခရိုင်တရားသူကြီးဦးမြစံမှ (၅. ၂. ၂၀၁၇)နေ့တွင် ပေါက်ခေါင်းမြို့နယ်တရားရုံးနှင့် သဲကုန်းမြို့နယ် တရားရုံးတို့အား ရှောင်တခင် စစ်ဆေးခဲ့ပါတယ်။

ဆက်လက်ပြီး ဝန်ထမ်းရေးရာကိစ္စများနှင့် ပတ်သက်လို့ တင်ပြပါမယ်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ် တရားရုံးများရဲ့ ဝန်ထမ်းအင်အား အခြေအနေကို တင်ပြရမယ်ဆိုလျှင် တရားရေးအရာရှိ ခွင့်ပြုအင်အားမှာ (၁၄၇) ဦးဖြစ်ပြီး လက်ရှိအင်အားမှာ (၁၀၅) ဦးဖြစ်၍ လစ်လပ်အင်အားမှာ (၄၂) ဦးဖြစ်ပါတယ်။ အခြားအဆင့် ဝန်ထမ်းခွင့်ပြုအင်အားမှာ (၅၈၃) ဦးဖြစ်ပြီး လက်ရှိအင်အားမှာ (၃၈၇) ဦးဖြစ်၍ လစ်လပ်အင်အားမှာ (၁၉၆) ဦးဖြစ်ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ဝန်ထမ်းများအပေါ် အရေးယူ အပြစ်ပေးခြင်းနှင့်ပတ်သက်၍ ပြည်ခရိုင် တရားရုံးမှ ရုံးအုပ်(၁)ဦး၊ အကြီး တန်းစာရေး(၁)ဦး၊ အငယ်တန်းစာရေး(၂)ဦး၊ ရုံးအကူ(၁)ဦးတို့အား သတိ ပေးခြင်းပြစ်ဒဏ်ချမှတ်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်သည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုကိုခံယူ၍ တိုင်း / ခရိုင်/ မြို့နယ်တရားရုံး အဆင့်ဆင့်တို့အား ၂၀၁၅-၂၀၁၇ခုနှစ် မဟာဗျူဟာစီမံကိန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့နှင့်အညီ တရားစီရင်ရေး တရားရုံး စီမံခန့်ခွဲရေးစသည့်လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် ထိရောက်စွာစစ်ဆေးရေးအတွက်လည်းကောင်း၊ အဂတိလိုက်စားမှု မရှိစေရေးအတွက် လည်းကောင်း အနီးကပ်ကြီးကြပ်လမ်းညွှန်ဆောင်ရွက်လျှက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

# ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းမြင့်[ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်]။** ။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၂၂. ၂. ၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၁၂/စ-၂/ဦး ၅ဖြင့် အကြောင်းကြားချက်အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ဥပဒေချုပ်အနေဖြင့် သော်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစိုးရအဖွဲ့ဝင်အနေဖြင့် သော်လည်းကောင်း၊ ဖော်ပြပါကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ တင်ပြခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (င)နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)တို့အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဖြစ်ပြီး၊ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲငယ် (၁) (၂) တို့နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၄ (ခ) (ဂ)ပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား လည်းကောင်း၊ တာဝန်ခံ၍လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျှက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ (Cabinet)အစည်းအဝေးများတွင် တက်ရောက်ပြီး အစည်းအဝေး၌ပါဝင် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့ ဆောင်ရွက်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ အရေးပေါ်ကာလ စီမံခန့်ခွဲရေးကော်မတီတို့၌ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ပါသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခါအားလျော်စွာ ပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (၄)လပတ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး၊ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်မြေကျူးကျော်စာရင်း ကောက်ယူရေး အဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေး၊ ပြည်တွင်းစက်မှုနယ်မြေနှင့် ပုဂ္ဂလိကမြေပိုင်ရှင်များမှ ပဲခူးတိုင်းဒေသကြီး အတွင်း စက်မှုလုပ်ငန်းလုပ်ကိုင်မှုနှင့်ပတ်သက်၍ အခွန်(ဒဏ်ကြေးငွေ)ကောက်ခံနိုင်ရေး တွေ့ဆုံညှိနှိုင်း ဆွေးနွေးခြင်း အစည်းအဝေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး (Town Plan) ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအစည်းအဝေး၊ သုံးဘီးဆိုင်ကယ်များ အစားထိုးပြေးဆွဲရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများအား ပြည်သူအများလိုက်နာရေးအတွက် ဆောင်ရွက်သည့် အစည်းအဝေး စသည့် အစည်းအဝေးတို့တွင်လည်း တက်ရောက်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အကောင်အထည်ဖော် စေခြင်းတို့ ဆောင်ရွက်ပါသည်။

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ဥပဒေရုံးအဆင့်ဆင့်မှ ဥပဒေအကြံဉာဏ်တောင်းခံလာခြင်းအပေါ် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆ (ဂ)အရ တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းတစ်ခုခု၊ တိုင်းဒေသကြီးဝန်ကြီးဌာနတစ်ခုခုတို့က ဥပဒေအကြံဉာဏ်တောင်းခံပါက ဥပဒေအကြံပေးရန် တာဝန်ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်များ ပေးခြင်း ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်-

- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံသည့် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ နိုင်ငံသားထံမှ တိုင်းဒေသကြီးအစိုးရအနေဖြင့် မြေငှားရမ်းခသက်မှတ်ကောက်ခံနိုင်ခွင့် ရှိ ၊ မရှိ နှင့်စပ်လျဉ်း၍ ဥပဒေအကြံပြုရန်ကိစ္စ၊
- Hantharwady Development Public Co.Ltd ၏ ဟံသာဝတီအဆင့်မြင့်စီမံကိန်း လုပ်ငန်းဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနယ်မြေ(၁)၊ ရပ်ကွက် (၉) ရှိ မြေဧရိယာ (၂၆၉. ၄၅)ဧကနှင့် ဟံသာဝတီစက်မှုဥယျာဉ်စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ ကောချဲကျေးရွာ၊ ဘုရားငုတ်တိုကျေးရွာ၊ လသာကုန်းကျေးရွာ၊ သာယာအေးကျေးရွာရှိ၊ မြေဧရိယာ (၂၅၀၀)ဧကနှင့် ပတ်သက်၍ မြေပိုင်ဆိုင်မှု အရှုပ်အရှင်း ရှိ ၊ မရှိ စိစစ်အကြံပြုရန်ကိစ္စ၊
- Bright Polite Star အထည်ချုပ်စက်ရုံပိုင်ရှင်ဖြစ်သူ ဦးမင်းကျော်သူအား အခွန်အမှုဆောင်ရွက်ရာတွင် ရေရာမှုမရှိသဖြင့် အခြားဥပဒေဆိုင်ရာ နည်းလမ်းများဖြင့် မည်ကဲ့သို့ဖြေရှင်းနိုင်မည်ကို အကြံဉာဏ်တောင်းခံခြင်းကိစ္စ၊
- ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာ၊ အခြေခံပညာအထက်ကျောင်းမြေ ဘောလုံးကွင်းအတွင်းသို့ ဒေါ်အေးအေးသန်းက ၎င်းမြေဟုဆိုကာ ထွန်ယက်စိုက်ပျိုး၍ တရားစွဲဆိုခဲ့ရာ၊ တရားရုံးက ရာဇသတ်ကြီးပုဒ်မ ၄၄၇ အရ ဒဏ်ငွေ ၃၀၀၀ဝိ/- ချမှတ်ခဲ့ပြီး ဖြစ်သော်လည်း၊ ဒေါ်အေးအေးသန်းက ထပ်မံကျူးကျော်၍ ကျောင်းအားကစားကွင်းပြုလုပ်ရန်၊ ခြံစည်းရိုးကာရန် အခက်အခဲများရှိသဖြင့် ဥပဒေအရ မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်သင့်သည်ကို အကြံပြုပေးရန်ကိစ္စ၊
- အခွန်ကြွေးပေးသွင်းရန် သတ်မှတ်ပေးထားသည့် ရက်ကျော်လွန်၍ ဆက်လက်ပျက်ကွက်နေသူများအား တရားစွဲဆိုနိုင်ရေးအတွက် ဥပဒေအကြံဉာဏ်တောင်းခံခြင်းကိစ္စ၊

အစီရင်ခံသည့်ကာလအတွင်း ဥပဒေရုံးအဆင့်ဆင့်မှလည်း ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ဥပဒေအကြံပြုချက် တောင်းခံလာခဲ့ခြင်းအပေါ် အောက်ပါအမှုကိစ္စများတွင် လမ်းညွှန်အကြံပြုပေးခဲ့ပါကြောင်း တင်ပြအပ်ပါသည်။

- တောင်ငူမြို့၊ အမှတ် ( ၃/၃၉၈ )၊ (၅) လမ်းနေ ဦးမျိုးလွင်က တောင်ငူမြို့၊ အမှတ် (၂)

ရဲစခန်းမှူးထံလိပ်မူပြီး၊ နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဟောင်း သူရရွှေမန်း၊ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဦးကိုကို၊ ဒုတိယပြည်ထဲရေး ဝန်ကြီးဗိုလ်ချုပ် ကျော်ကျော်ထွန်း ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ညွှန်ကြားရေးမှူး ဦးမျိုးတင်တို့အပေါ် အရေးယူပေးရန် တိုင်စာ (၃)စောင်နှင့် စပ်လျဉ်းသည့်ကိစ္စ၊

- မိုးညှင်းမြို့နယ်၊ ဆင်မနိုင်ရဲစခန်း ( ပ ) ၁၃ / ၂၀၁၆၊ တရားလို မသန္တာဝင်းနှင့် တရားခံ ကျော်လင်း ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရ အရေးယူသည့်အမှုကိစ္စ၊
- ပဲခူးမြို့နယ်၊ တိုက်ကြီးနယ်မြေရဲစခန်း (ပ) ၂၀/၂၀၁၆၊ တရားလို တောအုပ်အောင်လင်းနှင့် တရားခံ ကျော်ညွှန့်ပါ (၄)ဦး၊ သစ်တောဥပဒေပုဒ်မ ၄၃(က)/ကျင့် ၅၁၂ အရ အရေးယူထားသည့် အမှုကိစ္စ၊
- ပြည်မြို့နယ်၊ ဝက်ထီးကန်ရဲစခန်း (ပ) ၇၄/၂၀၁၆၊ တရားလို ဦးကျော်ကျော်ဉာဏ်ဝင်းနှင့် တရားခံ မျိုးချစ်ပါ ( ၂ )၊ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ ( ဃ )အရ အရေးယူမှုနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လမ်းညွှန်ချက်နှင့်အညီ ပြန်ကြားခဲ့ရသည့် အမှုကိစ္စ၊
- ရွှေကျင်မြို့နယ် ကွင်းဆိပ်နယ်မြေရဲစခန်း (ပ) ၂/၂၀၁၇၊ တရားလို သက်မင်းအောင်နှင့် တရားခံ ဇော်မင်း၊ တစ်လင်တစ်မယားကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၃ အရ အရေးယူသည့် အမှုတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ပြန်ကြားချက်အရ စိစစ်ပြန်ကြားခဲ့ရသည့်ကိစ္စ၊
- ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံရသည့် နိုင်ငံခြားသား ပြည်ပသို့ တိမ်းရှောင်နေမှုနှင့်စပ်လျဉ်း၍ အာမခံပေးခဲ့သူနှစ်ဦးအား မည်ကဲ့သို့တရားစွဲဆိုဆောင်ရွက်ရမည်ကို အကြံတောင်းခံလာသည့်ကိစ္စ၊

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)ပါ ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေအား တင်ပြခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂၊ ဥပဒေပြုစာရင်း၌ ပါဝင်သောကိစ္စရပ်များအား တိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းခွင့်ရှိပြီး ဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဈ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂တွင် ဖော်ပြထားသော တိုင်းဒေသကြီးဥပဒေပြုစာရင်းပါ ကိစ္စရပ်များအတွက် သက်ဆိုင်ရာလွှတ်တော်ရှိ ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းထားသောကော်မတီနှင့်အဖွဲ့များက အကြံဉာဏ်များတောင်းခံပါက လိုအပ်သလို အကြံဉာဏ်များပေးရန် တာဝန်ရှိပါသည်။

ထို့ကြောင့် အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဥပဒေ (ဥပဒေအမှတ် ၄/၂၀၁၆)နှင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (ဥပဒေအမှတ် ၁/၂၀၁၇)တို့အား တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်း နိုင်ခဲ့ပြီး၊ အောက်ဖော်ပြပါ ဥပဒေကြမ်း၊ နည်းဥပဒေ (မူကြမ်း)များကိုလည်း ဥပဒေရေးထုံးနှင့် ညီညွတ်စေရန် စိစစ်ပြန်ကြားခဲ့ကြောင်း

တင်ပြပါသည်။

- စုပေါင်းအဆောက်အအုံဆိုင်ရာ နည်းဥပဒေ (မူကြမ်း)၊
- ၂၀၁၇ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (မူကြမ်း)၊
- ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (ပထမ မူကြမ်း)၊
- မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေ (မူကြမ်း)၊

**စာချုပ်စာတမ်းများအား စိစစ်ခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်းကိစ္စများနှင့်စပ်လျဉ်း၍ တင်ပြခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် တိုင်းဒေသကြီးအတွင်းချုပ်ဆိုမည့် စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများ၊ စီးပွားရေးနှင့်သက်ဆိုင်မှုမရှိသော နားလည်မှုစာချွန်လွှာ၊ သဘောတူစာချုပ်၊ အထောက်အပံ့စီမံကိန်းနှင့်ဆိုင်သော စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ)အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ကဖြစ်စေ၊ သက်ဆိုင်ရာအဖွဲ့အစည်းကဖြစ်စေ ဥပဒေအကြံဉာဏ်တောင်းခံလာပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့တင်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ဖြင့် စိစစ်ပြန်ကြားရပါသည်။

အစီရင်ခံသည့်ကာလအတွင်း အောက်ဖော်ပြပါ စာချုပ်(မူကြမ်း)များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားဖြင့် စိစစ်အကြံပြု ပြန်ကြားခဲ့ပါသည်။

- ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် ရွှေအနာဂတ်မြန်မာမှုလုပ်ငန်းတို့အကြား ချုပ်ဆိုသည့် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော် အထွေထွေ မွမ်းမံပြုပြင်ခြင်းလုပ်ငန်း (၃) ရပ် ကတိပြုစာချုပ် (မူကြမ်း)၊
- ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံးနှင့် ဇေယျာနန်းကုမ္ပဏီတို့အကြား ချုပ်ဆိုသော ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းသဘောတူစာချုပ်၊
- ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြန်မာရွှေပင်လုံဆောက်လုပ်ရေးကုမ္ပဏီ၊ နန်းနွယ်အောင်ဆောက်လုပ်ရေးကုမ္ပဏီ၊ ဒိုင်းမွန်းစတီးဆောက်လုပ်ရေးကုမ္ပဏီ၊ စစ်မင်းဇရာဆောက်လုပ်ရေးကုမ္ပဏီ၊ Top Royalကုမ္ပဏီ၊ စိုးမိုးသူကုမ္ပဏီ၊ AMTT ကုမ္ပဏီနှင့် Nanova ကုမ္ပဏီတို့အကြား ချုပ်ဆိုကြမည့် စာချုပ် (မူကြမ်း) (၈)ရပ် သဘောတူစာချုပ်၊

**တိုင်စာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိစစ်ပြန်ကြားပေးခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဃ)အရ ပြည်ထောင်စုရှေ့နေချုပ်ကဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးချုပ်ကဖြစ်စေ၊ ဥပဒေနှင့်အညီပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ရှိပါသည်။ ထို့ကြောင့် အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စိစစ်တင်ပြရန် တာဝန်ပေးအပ်လာသည့် အောက်ဖော်ပြပါ တိုင်စာများကို စိစစ်ပြန်ကြားပေးခဲ့ရပါသည်။

- ရေတာရှည်မြို့မ ရဲစခန်း ( ပ ) ၆၈ / ၂၀၁၆၊ တရားလို ဒေါ်တင်တင်အေးနှင့် တရားခံ

သက်နိုင်ထွန်းပါ (၂) ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ အရေးယူမှုတွင် တရားလိုနှင့် တရားခံတို့ အပြန်အလှန်တိုင်ကြားခဲ့၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ စိစစ်တင်ပြခဲ့ရခြင်း၊

- တောင်ငူမြို့နယ်နေ ဦးကျော်ဝေလင်းက ၎င်းအား မီးရှို့သွားသည်ဟု လုပ်ကြံလီဆယ် တိုင်တန်းထားသည့် အမှုနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ပေးပါရန် တိုင်တန်းစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်တင်ပြခဲ့ရခြင်း၊
- ဗိုလ်တစ်ထောင်မြို့နယ်နေ ဒေါ်တင်တင်အေးက တောင်ငူမြို့နယ်တရားရုံး၊ ရာကြီးမှု အမှတ် ၃၇၈၄/၂၀၁၅ တရားခံ သန်းဇော်ထွန်း ရာဇသတ်ကြီးပုဒ်မ ၃၀၄ - က/၃၃၇ အမှုတွင် အမှုရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အရေးယူပေးရန် တိုင်တန်းမှုတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်တင်ပြခဲ့ရခြင်း၊
- ပဲခူးမြို့၊ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၈)နေ ဒေါ်အေးသိန်းက ဦးခင်မောင်ထွန်း၏ ဆဲဆိုမှုနှင့် ပတ်သက်၍ ရဲအရာရှိနှင့် မြို့နယ်ဥပဒေအရာရှိတို့အား တိုင်ကြားခဲ့မှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ စိစစ်တင်ပြခဲ့ခြင်း၊
- ပြည်မြို့၊ အောင်သုခရပ်၊ ရွာဘဲရပ်ကွက်နေ မောင်ဟိန်းထက်စိုးက ရှေ့နေတစ်ယောက်၏ လုပ်ပိုင်ခွင့်အာဏာကိုသုံးပြီး လုပ်ကြံတရားစွဲဆိုခြင်းနှင့် လိမ်လည်ငွေတောင်းခံခြင်းအပေါ် တိုင်ကြားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးထံသို့ စိစစ်ပြန် ကြားခဲ့ရခြင်း၊
- ရေတာရှည်မြို့နေ ဒေါ်ခင်ပြုံးခင်က ဘဏ်ချေးငွေများ ထုတ်ပေးခြင်း၊ ကောက်ခံခြင်းတာဝန်ကို ဆောင်ရွက်နေစဉ်အတွင်း မြို့နယ်ဘဏ်မန်နေဂျာ ဦးဆန်းညွန့်မှ တရားစွဲဆို၍ ငွေကြေး အလွဲသုံးစားမှု ဖြင့် ချုပ်နှောင်ခံနေရ၍ အသနားခံတင်ပြလာသည့်ကိစ္စတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ စိစစ်တင်ပြခဲ့ရခြင်း၊
- တောင်ငူမြို့၊ ဦးမဲလမ်းနေ ဒေါ်အိမ်ဂျလာက ၎င်း၏သားဖြစ်သူ မောင်ကျော်လွင်(ခ) ဘာဘား(ခ) စက်ကလပ်(စ်) အား ဆီဂါလံ (၄၄၀၇၁) တန်ဖိုးငွေ (၁၅၄၂၄၈၅၀ဝိ/-) အလွဲသုံးစားပြုလုပ် ၍ ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ စွဲဆိုခံထားရစဉ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ဖြင့် ပြောင်းလဲစွဲဆိုရန် စီစဉ်နေမှု အပေါ် ပြစ်ဒဏ်လျော့ပေါ့ပေးရန် အသနားခံတင်ပြလာမှုတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ စိစစ်တင်ပြခဲ့ရခြင်း၊
- ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်နေ ဦးရဲမြင့်က ၎င်းခြံကွက်အတွင်း ကျူးကျော်စိုက်ပျိုးသူအား တရားစွဲဆိုခဲ့သော်လည်း တရားရုံးကတရားခံများအား အပြီးအပြတ်လွှတ်ခဲ့မှုကို ၎င်းအနေဖြင့် အယူခံဝင်ရောက်နိုင်ခဲ့မှု မရှိခြင်းအပေါ် ကျေနပ်မှုမရှိ၍ တိုင်တန်းခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်တင်ပြခဲ့ရခြင်း၊
- ပေါင်းတည်မြို့၊ ဘွဲ့ပင်ကန်ရပ်ကွက်နေ မောင်မြင့်မြင့်ဆွေက ပေါင်းတည်မြို့မရဲစခန်း (ပ) ၂၅/၂၀၁၆၊ တရားလို ရဲအုပ်သောင်းညွန့်နှင့် တရားခံ အေးကျော် (သေဆုံး) ရာဇသတ်ကြီး

ပုဒ်မ ၃၀၄ -က အမှုတွင် ဥပဒေနှင့်အညီဆောင်ရွက်မှုမရှိခြင်းကြောင့် အရေးယူပေးပါရန် တိုင်တန်းသည့်ကိစ္စတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်တင်ပြခဲ့ရခြင်း၊

- ပြည်မြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၃၁၃၆/၂၀၁၆၊ တရားလို ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ရဲရင့်သွေးနှင့် တရားခံ သက်နိုင်ဝင်း ရာဇသတ်ကြီးပုဒ်မ ၄၀၈ အရ စွဲဆိုမှုတွင် တရားရုံးက တရားခံအား အချုပ်လွတ်ထုချေခွင့်ပြုကြောင်း ချမှတ်သည့်အမိန့်ကို တရားလိုက မကျေနပ်၍ တိုင်တန်းသည့်ကိစ္စတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်တင်ပြခဲ့ရခြင်း၊
- ပဲခူးမြို့နယ်၊ ဘုရားကြီးမင်းလမ်း၊ လက်မှတ်အရောင်းဌာနနေ ဦးစိန်မြင့်ထွန်းပါ (၄)ဦးတို့က တရားလွှတ်တော်ရှေ့နေ ဦးစန်းမြင့်ပါ (၆)ဦး၏ တင်ပြစာနှင့်ပတ်သက်၍ အမှုပွဲစား လုပ်နေသူအား အမှန်သိစေရန် တင်ပြကြောင်း တိုင်ကြားသည့်ကိစ္စတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးထံသို့ စိစစ်ပြန်ကြားခဲ့ရခြင်း၊
- ပဲခူးမြို့နယ်၊ ဘဏ္ဍာကုန်းကျေးရွာနေ ဦးသောင်းညွန့် (ဒေါ်အေးမြအောင်၏ အထူးကိုယ်စားလှယ်စာရသူ)က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရ လယ်ယာမြေအတွင်း ကျူးကျော်ဝင်ရောက်၍ နေအိမ်များအခိုင်အမာ ဆောက်လုပ်နေထိုင်နေသူများကို အမြန်ဆုံး အရေးယူဖယ်ရှားပေးပါရန်နှင့် ဥပဒေအရ ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြလာသည့်ကိစ္စတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ စိစစ်တင်ပြခဲ့ရခြင်း၊

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရသည့် ကိစ္စနှင့်စပ်လျဉ်း၍ တင်ပြခြင်း**

လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ထိရောက်စွာအရေးယူအပြစ်ပေးနိုင်ရန် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟို အဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ လူကုန်ကူးမှုဖြင့် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုရာတွင် ယင်းဥပဒေ ပုဒ်မ ၃၇ အရ ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့လွှဲအပ်ပေးထားသော အဖွဲ့တစ်ခုခု၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းပါရှိပါသည်။ တရားစွဲဆိုရာတွင် မလိုအပ်သော နှောင့်နှေးကြန့်ကြာမှုမရှိစေရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အမိန့်အမှတ် ၁/၂၀၁၆ ဖြင့် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရာ၌ဖြစ်စေ၊ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းပယ်ရာ၌ဖြစ်စေ လက်မှတ်ရေးထိုးထုတ်ပေးရန် တာဝန်ယူဆောင်ရွက်ရပါသည်။ အစီရင်ခံသည့် ကာလအတွင်း အောက်ပါအမှုများနှင့်စပ်လျဉ်း၍ တရားခံများအား တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးဆောင်ရွက်ခဲ့ရပါသည်။

- ပြည်မြို့နယ်၊ အမှတ် (၃) နယ်မြေရဲစခန်း (ပ) ၁၇၁၈/၂၀၁၆၊ တရားလို ဒေါ်မြင့်မြင့်နှင့်တရားခံ မမိုးသီတာ(ခ)မြင့်မြင့်အေး၊ မခိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ အရ အရေးယူထားသည့်အမှု၊
- ပြည်မြို့နယ်၊ အမှတ် (၃) နယ်မြေရဲစခန်း (ပ) ၁၄၄၇/၂၀၁၆၊ တရားလို ရဲအုပ် ကျော်နိုင်ဦးနှင့်

တရားခံ မမိုးသီတာ (ခ) မြင့်မြင့်အေး၊ မခိုင်၊ အောင်ရွှေခိုင်၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၄/၃၂ အရ အရေးယူထားသည့်အမှု၊

- ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မရဲစခန်း (ပ) ၁၂၇/၂၀၁၆၊ တရားလို ဒေါ်ချိုချိုဝင်းနှင့် တရားခံ(၁) ဒေါ်ဝင်းရီ၊ (၂) မမော်ကြီး၊ (၃) ကျော်သူလင်း (ခ) နာဂစ်၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အရေးယူထားသည့်အမှု၊

**အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် ခွင့်ပြုမိန့် တောင်းခံရာတွင် အစိုးရအဖွဲ့ကိုယ်စား စိစစ်သဘောထားပေးခြင်း**

အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အရေးယူဆောင်ရွက်သည့် အမှုများတွင် တရားစွဲအဖွဲ့အစည်းက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသဘောထားမှတ်ချက် တောင်းခံလာခြင်းနှင့်စပ်လျဉ်း၍ ဥပဒေချုပ်မှ စိစစ်ဆုံးဖြတ်သွားရန်နှင့် လစဉ် Cabinet အစည်းအဝေး၌ တင်ပြရန် (၂၆. ၁. ၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေး အမှတ်စဉ် ၁/၂၀၁၇ တွင် ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်ကိုလဲ သိရှိဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏(၁၃. ၂. ၂၀၁၇) ရက်စွဲပါစာအမှတ် ၆/၁-၁/ဦး ၁ (၀၁၀၈)ဖြင့် အကြောင်းကြားလာ၍ အဆိုပါကိစ္စအတွက် ဥပဒေချုပ်မှ သဘောထားမှတ်ချက်ပေးခြင်း ဆောင်ရွက်ရပါသည်။ အစီရင်ခံသည့်ကာလအတွင်း အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် အောက်ပါအမှုများအား Cabinet သို့ သဘောထားမှတ်ချက်တင်ပြ ဆောင်ရွက်ခဲ့ရပါသည်။

- ပဲခူးမြို့နယ်၊ တိုက်ကြီးနယ်မြေရဲစခန်း (ပ) ၂၀/၂၀၁၆၊ တရားလို ဦးအောင်လင်း (ပဲခူးမြို့နယ်သစ်တောဦးစီးဌာန) နှင့် တရားခံ ဦးကျော်ညွန့်ပါ (၄)ဦး၊ သစ်တောဥပဒေပုဒ်မ ၄၃ (က) အရ အမှုဖွင့် အရေးယူမှုတွင် ဥပဒေအကြံပေးချက်အရ တရားခံဦးကျော်ညွန့်အား အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃/ကျင့် ၅၁၂အရ စွဲဆိုရန် တင်ပြလာမှု၊
- သာယာဝတီမြို့မရဲစခန်း (ပ) ၄၈၉/၂၀၁၆၊တရားလို ဦးဇမ်ဆွမ်းခိုင် (သစ်တောဦးစီးအရာရှိ) နှင့် တရားခံ လင်းမောင်ပါ (၃)ဦး၊ သစ်တောဥပဒေပုဒ်မ ၄၃ (က) အရ အရေးယူမှုတွင် ဥပဒေအကြံပေးချက်အရ တရားခံ လင်းမောင်ပါ (၃)ဦးအား အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃/ကျင့် ၅၁၂ အရ စွဲဆိုရန်တင်ပြလာမှု၊
- ရေတာရှည်မြို့မရဲစခန်း (ပ) ၅၀၀/၂၀၁၆၊ တရားလို ဦးမျိုးမြင့်ထွန်း (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ) နှင့် တရားခံ ဦးဆန်းညွန့် (ဘဏ်ခွဲမန်နေဂျာဟောင်း)နှင့် ဦးညီညီထွေး (အကြီးတန်းစာရေး) ၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ အရ အရေးယူမှုတွင် ဥပဒေအကြံပေးချက် အရ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ စွဲဆိုရန်တင်ပြလာမှု၊
- ရေတာရှည်မြို့မရဲစခန်း (ပ) ၅၀၁/၂၀၁၆၊ တရားလို ဦးမျိုးမြင့်ထွန်း (မြန်မာ့လယ်ယာ

ဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ) နှင့် တရားခံ ဦးဝင်းခိုင်ပါ (၇)ဦး ရာဇသတ်ကြီး ပုဒ်မ ၄၀၉ အရ အရေးယူမှုတွင် ဥပဒေအကြံပေးချက်အရ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ စွဲဆိုရန်တင်ပြလာမှု၊

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ရမှုနှင့်စပ်လျဉ်း၍ တင်ပြခြင်း**

ညောင်လေးပင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေး-၄၊ ဦးမင်းရွှေသည် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၌ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်စဉ်လယ်ယာမြေပုံစံ (၇)ရရှိရေး၊ လယ်ယာမြေပေါ်တွင် နေထိုင်ခွင့်ရရှိရေးနှင့် ပြေစာရရှိရေး အတွက်ဟုဆိုကာ ၎င်း၏ ရာထူးအာဏာအလွဲသုံးစားပြု၍ ကျေးရွာရှိနေထိုင်သူ၊ လယ်သမားများထံမှ ငွေကို လက်ခံရယူခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၌ တရားစွဲဆိုမှုတွင် အစီရင်ခံသည့်ကာလအတွင်း အောက်ဖော်ပြပါ အမှုများ၌ ပြစ်မှုကျူးလွန်သူ တရားခံအား ဥပဒေနှင့်အညီ ပြစ်ဒဏ်ရရှိရေးအတွက် လိုက်ပါဆောင်ရွက်ရန် ကြီးကြပ်ညွှန်ကြားခဲ့ပါသည်။

- အမှုအမှတ် ၁/၂၀၁၆၊ တရားလို ဦးသန်းထွန်းမြင့် (ဒုတိယညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်) နှင့် တရားခံ မင်းရွှေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ စွဲဆိုမှု၊
- အမှုအမှတ် ၂/၂၀၁၆၊ တရားလို ဦးသန်းထွန်းမြင့် (ဒုတိယညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်) နှင့် တရားခံ မင်းရွှေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ စွဲဆိုမှု၊
- အမှုအမှတ် ၃/၂၀၁၆၊ တရားလို ဦးသန်းထွန်းမြင့် (ဒုတိယညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်) နှင့် တရားခံ မင်းရွှေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ စွဲဆိုမှု၊

မှတ်ချက်။ ။ (၉. ၃. ၂၀၁၇) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်က တရားခံ မင်းရွှေအား စွဲဆိုသည့် အမှုတစ်မှုစီအတွက် အလုပ်နှင့်ထောင်ဒဏ် (၇)နှစ်စီ ချမှတ်ခဲ့ပြီး စုစုပေါင်း ထောင်ဒဏ် (၂၁)နှစ် ကျခံစေရန် ချမှတ်ခဲ့ပါသည်။

**ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအား လမ်းညွှန်ခြင်း ၊ ကြီးကြပ်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဌ)အရ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အား ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိပါသည်။ သို့ဖြစ်၍ (၂၃. ၁၂. ၂၀၁၆)နှင့် (၂၄. ၁၂. ၂၀၁၆)ရက်နေ့များတွင် နေပြည်တော်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများနှင့် ခရိုင်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်ကို (၃. ၁. ၂၀၁၇)နေ့တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအား ထပ်ဆင့်လမ်းညွှန်မှာကြားခြင်း ဥပဒေရုံးများ၏ မူဝါဒလုပ်ငန်းစဉ်များကို ရှင်းလင်းခြင်း၊ ဆုံးမသြဝါဒပေးခြင်း ဆောင်ရွက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဥပဒေချုပ်ကိုယ်တိုင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး လက်အောက်ခံ ခရိုင် (၄)ခရိုင်မှ ခရိုင်ဥပဒေတာဝန်ခံများအား တစ်လလျှင်တစ်ကြိမ်၊ မိမိခရိုင်အတွင်းရှိ မြို့နယ်ဥပဒေ ဝန်ထမ်းများတို့သည် လာဘ်လာဘများ ကင်းရှင်းမှု ရှိ/မရှိ ကို စောင့်ကြည့်လေ့လာလျှက် ရှိပါသည်။

ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ဥပဒေအရာရှိများတို့ကိုလည်း တစ်ပါတ်လျှင်တစ်ကြိမ်တွေ့ဆုံ၍ ဥပဒေအကြံ ပေးရာတွင်လည်းကောင်း၊ အမှုစစ်ဆေးရာတွင်လည်းကောင်း၊ ဥပဒေနှင့်အညီဆောင်ရွက်ရန် နှင့် ပြည်သူလူထုနှင့်ဆက်ဆံရာတွင်လည်း ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံရန်နှင့် ပြည်သူလူထုအကျိုးပြု လုပ်ငန်းများကို ရှေ့ရှုဆောင်ရွက်ရန်ကိုလည်း စဉ်ဆက်မပြတ်စောင့်ကြည့်၍ ကြီးကြပ်ဆောင်ရွက်ပေးလျှက် ရှိနေပါသည်။

**ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအပါအဝင် အခြားအခမ်းအနားများ တက်ရောက်ပါဝင်ဆောင်ရွက်ခြင်း**

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်သည် -

- (၃ . ၁ . ၂၀၁၇) ရက်နေ့တွင် လွတ်လပ်ရေးနေ့အကြို ပဲခူးတိုင်းဒေသကြီး အား/ကာ ဦးစီးဌာနမှ ကျင်းပပြုလုပ်သော ပြေးခုန်ပစ်ပြိုင်ပွဲတွင် ထူးချွန်အားကစားသမားများအား ဆုများပေးအပ်ခြင်း၊
- (၄. ၁. ၂၀၁၇) ရက်နေ့တွင် ရွှေမော်ဓောဘုရားယာဉ်ရပ်နားဝန်းတွင် ကျင်းပပြုလုပ်သော လွတ်လပ်ရေးနေ့ နံနက်(၄)နာရီ အလံတင် အခမ်းအနား၊ နံနက် (၇)နာရီခွဲတွင် ဝန်ကြီးချုပ်မှ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား၊ ညနေ (၆)နာရီတွင် ဗုဒ္ဓအသံဓမ္မဗိမာန်၌ ကျင်းပ ပြုလုပ်သော ညစာစားပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့ခြင်း၊
- (၆. ၁. ၂၀၁၇) ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး တက်ရောက်ခြင်း၊
- (၁၁. ၁. ၂၀၁၇) ရက်နေ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝန်းအတွင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ရုံး ဆိုင်းဘုတ်တင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး၊ ရွှေဝါထွန်း ဟိုတယ်ခန်းမ၌ (MIC)နှင့်ပတ်သက်သော အကြောင်းအရာများ ရှင်းလင်းပွဲအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊
- (၁၂. ၁. ၂၀၁၇) ရက်နေ့ အစိုးရအဖွဲ့ တော်ဝင်ဟံသာခန်းမ၌ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး (Town Plan) ရေးဆွဲရေး အစည်းအဝေးသို့ တက်ရောက်ပြီး ဥပဒေချုပ်မှ ဥပဒေရေးရာများ ပြောကြား ခဲ့ခြင်း၊
- (၁၇. ၁. ၂၀၁၇) ရက်နေ့ အစိုးရအဖွဲ့ တော်ဝင်ဟံသာခန်းမ၌ ကျင်းပပြုလုပ်သော လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲသို့ တက်ရောက်ခြင်း၊
- (၁၈. ၁. ၂၀၁၇) ရက်နေ့ အစိုးရအဖွဲ့ တော်ဝင်ဟံသာခန်းမ၌ ပြုလုပ်သော ပဲခူးမြို့ စည်ပင် ဂေါပက ရွေးချယ်ရေးအစည်းအဝေးသို့ တက်ရောက်ခြင်း၊
- (၂၅. ၁. ၂၀၁၇) ရက်နေ့ ရွှေဝါထွန်းဟိုတယ်၌ ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း၊

- (၂၆/၂၇. ၁. ၂၀၁၇) ရက်နေ့ Cabinet Meeting သို့ တက်ရောက်ခြင်း၊
- (၃၀. ၁. ၂၀၁၇) ရက်နေ့ အစိုးရအဖွဲ့ တော်ဝင်ဟံသာခန်းမ၌ ပြုလုပ်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေး အစည်းအဝေးသို့တက်ရောက်ကာ ယာဉ်စည်းကမ်းနှင့်ပတ်သက်သော ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ပါဝင်ဆွေးနွေးခြင်း၊
- (၆. ၂. ၂၀၁၇) ရက်နေ့ Cabinet Meeting သို့ တက်ရောက်ခြင်း၊
- (၈. ၂. ၂၀၁၇) ရက်နေ့ အစိုးရအဖွဲ့ တော်ဝင်ဟံသာခန်းမ၌ ပြုလုပ်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေး အစည်းအဝေးသို့တက်ရောက်ကာ ယာဉ်စည်းကမ်းနှင့် ပတ်သက်သော ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ပါဝင်ဆွေးနွေးခြင်း၊
- (၉. ၂. ၂၀၁၇) ရက်နေ့ အစိုးရအဖွဲ့ တော်ဝင်ဟံသာခန်းမတွင် ပြုလုပ်သော စက်မှုဇုန်အစည်းအဝေး၌ လုပ်ငန်းရှင် (၈၄)ဦး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကာ စက်မှုဇုန်လုပ်ငန်းစဉ်နှင့်ပတ်သက်သော ဆောင်ရွက်ရမည့်အချက်များအား ပါဝင်ဆွေးနွေးခြင်း၊
- (၁၂. ၂. ၂၀၁၇) ရက်နေ့ ပဲခူးမြို့ ရွှေမော်ဓောဘုရား ယာဉ်ရပ်နားဝန်းတွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ခြင်း၊
- (၂၆/၂၇/၂၈. ၂. ၂၀၁၇) ရက်နေ့တွင် တောင်ငူမြို့ ပညာရေးကောလိပ်၌ ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ခြင်း၊
- (၆. ၃. ၂၀၁၇)ရက်နေ့ အစိုးရအဖွဲ့ တော်ဝင်ဟံသာခန်းမ၌ ပြုလုပ်သော စက်မှုဇုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား ရွှေမော်ဓောဘုရားဂေါပက ရွေးချယ်ရေးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊
- (၉. ၃. ၂၀၁၇) ရက်နေ့ အစိုးရအဖွဲ့ တောင်ဝင်ဟံသာခန်းမ၌ ပြုလုပ်သော နံနက်ပိုင်း Cabinet အစည်းအဝေး၊ နေ့လည်ပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခြင်း၊
- (၁၃. ၃. ၂၀၁၇) ရက်နေ့ ဗုဒ္ဓအသံမေ့မ္မဗိမာန်တွင် ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအတွင်း ဘွဲ့ရဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် ဆပ်ကပ်ပေးအပ်ပွဲ၊ နေ့ဆွမ်းဆပ်ကပ်လှူဒါန်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့တွင် ဥပဒေချုပ်မှ ဘွဲ့တံဆိပ်တော် ဆပ်ကပ်လှူဒါန်းခြင်း၊ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး မိသားစုအနေဖြင့် လှူဖွယ်ပစ္စည်းများလောင်းလှူခြင်း၊ တို့အား တက်ရောက်ဆောင်ရွက်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**အထွေထွေ**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇ ပါလုပ်ပိုင်ခွင့်များ အရ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးအဆင့်ဆင့်က ချမှတ်သည့် အမိန့်သည် ဥပဒေနှင့်ညီညွတ်မှုမရှိ၍လည်းကောင်း၊ သင့်လျော်သည့်အမိန့်မဟုတ်၍လည်းကောင်း၊ ပြစ်မှုပြစ်ဒဏ် မျှတမှုမရှိ၍လည်းကောင်း၊ အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုများ တရားလွှတ်တော်သို့ တင်သွင်းပေးခြင်းများ ဆောင်ရွက်ပေးရပါသည်။ ထို့အပြင် ပြင်ပမှ ရာဇဝတ်ဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ တရားလွှတ်တော်သို့ တင်သွင်းလာလျှင်လည်း နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ရပြီး၊ အစီရင်ခံသည့် ကာလအတွင်း

ရာဇဝတ်ဆိုင်ရာအယူခံတင်သွင်း/လိုက်ပါခဲ့ရမှု (၄၇)မှု၊ ရာဇဝတ်ဆိုင်ရာ ပြင်ဆင်မှု တင်သွင်း/လိုက်ပါခဲ့ရမှု (၇၉)မှု၊ ရာဇဝတ်ဆိုင်ရာအထွေထွေလျှောက်ထားမှု တင်သွင်း/လိုက်ပါခဲ့ရမှု (၄)မှု ရှိပြီး တင်သွင်းလာခဲ့ခြင်း အပေါ်တွင်လည်း ဥပဒေအရာရှိများအား ကိုယ်တိုင်ကြီးကြပ်လျှက် လိုက်ပါစေခြင်း စသည်တို့ ဆောင်ရွက်ခဲ့ပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဇ) အရ တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် သက်ဆိုင်သောအမှုများတွင် အယူခံ (သို့မဟုတ်) ပြင်ဆင်မှုတင်သွင်းရန် လိုအပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းခြင်းနှင့် အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြခဲ့ရသည့် အယူခံမှု (၂)၊ ပြင်ဆင်မှု ( ၃ ) ရှိခဲ့ပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)အရ တရားရုံးတွင်စွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုတွင် အမှုတစ်ရပ်လုံးကိုဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ၊ ရုပ်သိမ်းရန်လိုအပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပြီး အစီရင်ခံသည့်ကာလအတွင်း ဥပဒေနှင့်အညီ ရုပ်သိမ်းပေးခဲ့ရသည့်အမှု (၄)မှု ရှိခဲ့ပါသည်။

**နိဂုံး**

တိုင်းဒေသကြီးဥပဒေချုပ်သည် တိုင်းဒေသကြီးအတွင်း ဥပဒေ၊ နည်းဥပဒေများကို လွှတ်တော်က ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းရေးဆွဲခြင်း သို့မဟုတ် စိစစ်ခြင်း ဆောင်ရွက်ရာတွင် သော်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တစ်ဦးအနေဖြင့် တာဝန်ပေးအပ်လာသည့် အုပ်ချုပ်ရေး ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ တရားစီရင်ရေးကဏ္ဍ၌ တရားစွဲဆိုခြင်း၊ အမှုလိုက်ပါ ဆောင်ရွက်ခြင်း၊ အယူခံပြင်ဆင်မှုတင်သွင်းခြင်း ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင်လည်း လုပ်ငန်းအောင်မြင်ချောမွေ့စေရန် ပေါင်းစပ်ပါဝင်လျှက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ကျောက်ကြီးမြို့နယ်၊ မုန်းတိုက်နယ်ဆေးရုံတွင် ဓါတ်မှန်ဝန်ထမ်း (၁)ဦးနှင့် ကွန်ပေါင်ဒါ(၁)ဦး ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ကျောက်ကြီးမြို့နယ်၊ ငထွေဆုပ်ကျေးရွာအုပ်စု၊ ငထွေဆုပ် တိုက်နယ်ဆေးရုံအား (၂၇. ၁. ၂၀၁၇)ရက်နေ့တွင် တင်ဒါပေးအပ် ခဲ့ပြီးဖြစ်သော်လည်း ယခုအချိန်ထိ လုပ်ငန်းဆောင်ရွက်ခြင်း မရှိသေးဘဲ မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရ သည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီး မြို့နယ်၊ မုန်းတိုက်နယ်ဆေးရုံတွင် ဓါတ်မှန်ဝန်ထမ်း (၁)ဦးနှင့် ကွန်ပေါင်ဒါ(၁)ဦး လိုအပ်လျှက်ရှိနေပါသဖြင့် ခန့်အပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီး မြို့နယ်၊ ငထွေဆုပ်ကျေးရွာအုပ်စု၊ ငထွေဆုပ်ကျေးရွာ တွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ပါရှိခဲ့သော ငထွေဆုပ်တိုက်နယ်ဆေးရုံအား (၂၇-၁-၂၀၁၇)ရက်နေ့တွင် တင်ဒါပေးအပ်ခဲ့ပြီးဖြစ်သော်လည်း ယနေ့အချိန်ထိ လုပ်ငန်းဆောင်ရွက်ခြင်းမရှိသေးဘဲ၊ မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရသည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပြည်မြို့နယ်ရှိ အနောက်လက်ခုပ်ပင်ကျေးရွာအုပ်စု၊ ဇရစ်ချောင်း ကျေးရွာတွင် Royal Bell Solutionက တာဝန်ယူ ဆောက်လုပ်ခဲ့သော ဇရစ်ချောင်း မူလတန်းကျောင်းအား စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ပြည်မြို့နယ်ရှိ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးတွင် လုပ်အားပေး သန့်ရှင်းရေးဝန်ထမ်း (၁၆)ဦးအား အမြဲတမ်းဝန်ထမ်းအဖြစ် မည်သည့်အချိန်တွင် ခန့်ထားမည်ကို သိရှိ လိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ရှိ အနောက်လက်ခုပ်ပင်ကျေးရွာအုပ်စု ဇရစ်ချောင်းကျေးရွာတွင် Royal Bell Solutionက တာဝန်ယူဆောက်လုပ်ခဲ့သော ဇရစ်ချောင်း မူလတန်းကျောင်းအား စာချုပ်ပါစည်းကမ်းချက်များ နှင့်အညီ ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ရှိ ကုတင်(၅၀၀)ဆံ့ ဆေးရုံကြီးတွင် လုပ်အားပေးသန့်ရှင်းရေးဝန်ထမ်း(၁၆)ဦးအား အမြဲတမ်းဝန်ထမ်းအဖြစ် မည်သည့်အချိန်တွင် ခန့်ထားမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၄)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ကျောက်ကြီးမြို့နယ်၊ မုန်းတိုက်နယ်ဆေးရုံတွင် ဓါတ်မှန်ဝန်ထမ်း(၁)ဦးနှင့် ကွန်ပေါင်ဒါ(၁)ဦး ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၁. ၈. ၂၀၁၆) ရက်နေ့တွင်ကျင်းပသော (၇/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် အရပဲခူးတိုင်းသေကြီးကုသရေး ဦးစီးဌာနလက်အောက်ရှိဆေးဘက်ကျွမ်းကျင်(၄) (ဓါတ်မှန်)ရာထူးနေရာအတွက်သင်တန်းသား (၄၈)ဦးအား ရွေးချယ်အတည်ပြုပြီးဖြစ်၍ ရွေးချယ်ထားသောသင်တန်းသား (၄၈)ဦးအား (၅. ၉. ၂၀၁၆)ရက်နေ့မှစ၍ ဆေးဘက် ကျွမ်းကျင်(၄) (ဓါတ်မှန်) (၆)လသင်တန်းတက်ရောက်နေလျှက်ရှိရာ သင်တန်းပြီးဆုံးပါ ကခန့်ထားနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ (၁. ၃. ၂၀၁၇) ရက်စွဲပါ စာအမှတ်-၁၁၁၃/ပခတ-ကုသရေး/ သင်တန်း/၂၀၁၇အရဆေးဘက်ကျွမ်းကျင်(၄)ဆေးစပ်ရွေးချယ်ထားသော သင်တန်းသား (၂၈)ဦးအား အတည်ပြုခန့်ထားနိုင်ရေး ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ကျောက်ကြီးမြို့နယ်၊ ငထွေဆုပ်ကျေးရွာအုပ်စု၊ ငထွေဆုပ် တိုက်နယ်ဆေးရုံ အား (၂၇. ၁. ၂၀၁၇)ရက်နေ့တွင် တင်ဒါပေးအပ်ခဲ့ပြီး ဖြစ်သော်လည်း ယခုအချိန်ထိ လုပ်ငန်းဆောင်ရွက်ခြင်း မရှိသေးဘဲ မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရ သည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်တွင်ရန်ပုံငွေပါရှိသောပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာတွင်တိုက်နယ်ဆေးရုံ စံကိုက်ဆောက်လုပ်ခြင်းလုပ်ငန်းအား(၂၇. ၁. ၂၀၁၇)ရက်နေ့ တွင်လင်းနေဇင်ကုမ္ပဏီအား တင်ဒါအောင်မြင်၍လုပ်ငန်းအပ်နှံခဲ့ပါသည်။

သို့ရာတွင်ငထွေစုတ်တိုက်နယ်ဆေးရုံအတွက်စံကိုက်ဖွဲ့စည်းပုံမရှိသဖြင့်ဆောင်ရွက်ရန် မသင့်ကြောင်း တိုင်းဒေသကြီးကုသရေးဦးစီးမှူးမှတင်ပြလာသဖြင့် စံကိုက်ဖွဲ့စည်းပုံ ရှိပြီးဖြစ်သောအုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းတိုက်နယ်ဆေးရုံစံကိုက်ဆောက်လုပ်ခြင်း လုပ်ငန်းသို့လုပ်ငန်းပြောင်း ဆောင်ရွက်ရန် စီစဉ်ခဲ့ သော်လည်း ယခုအခါတိုင်းဒေသကြီးကုသရေး ဦးစီးဌာန၏ (၁၄-၃-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၃၃၃/

ပခတ-ကုသရေး/ ထွေ /၂၀၁၇ဖြင့် တင်ပြချက်အရ (၁၀-၃-၂၀၁၇)ရက်နေ့တွင် လင်းနေဇင်ကုမ္ပဏီမှ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာတွင် ငထွေစုတ်တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်နေ ပြီဖြစ်ကြောင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးသက်ဝင်းလှိုင် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **'ပြည်မြို့နယ်ရှိ အနောက်လက်ခုပ်ပင်ကျေးရွာအုပ်စု၊ ဇရစ်ချောင်း ကျေးရွာတွင် Royal Bell Solution က တာဝန်ယူဆောက်လုပ်ခဲ့သော ဇရစ်ချောင်း မူလတန်းကျောင်းအား စာချုပ်ပါ စည်းကမ်းချက် များနှင့်အညီ ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပြည်မြို့နယ်ရှိ အနောက်လက်ခုပ်ပင်ကျေးရွာအုပ်စု ဇရစ်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းဆောင်အား တာဝန်ယူဆောက်လုပ်ခဲ့သော **Royal Bell Solution** ကုမ္ပဏီအား တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားရာ ၎င်းကုမ္ပဏီက ပျက်စီးမှုများကို အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးသက်ဝင်းလှိုင် ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့နယ်ရှိ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးတွင် လုပ်အား ပေးသန့်ရှင်းရေး ဝန်ထမ်း(၁၆)ဦးအား အမြဲတမ်းဝန်ထမ်းအဖြစ် မည်သည့်အချိန်တွင် ခန့်ထားမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ဆေးရုံအုပ်ကြီး ၊ အထွေထွေရောဂါကုဆေးရုံကြီး၊ ပြည်မြို့၏ (၂၇. ၁. ၂၀၁၇) ရက်စွဲပါ စာအမှတ်-၂၁၁/ဆရအက/ပခတ/ဝထ(လစ်လပ်) ၂၀၁၇ အရလစ်လပ်လျက်ရှိသော အထွေထွေ လုပ်သား ရာထူးနေရာများသို့ ဖြည့်စွက်ခန့်ထားပေးပါရန် ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့တင်ပြထားပြီးဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးမှ အထွေထွေလုပ်သား ဝန်ထမ်းများအား လစ်လပ်လျှက်ရှိသော ဆေးဘက်ကျွမ်းကျင် (၅)ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားပြီးဖြစ်၍ အငယ်တန်းဝန်ထမ်း ရာထူးနေရာများ ပိုမိုလိုအပ်လာမည်ဖြစ်၍ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောင်းမြေ ပိုင်ဆိုင်မှု၊ ဂရန်ရရှိပြီးသော ကျောင်းပုံစံ(၁၀၅)(၁၀၆)သာ ရရှိသေးသောကျောင်း၊ မြေပိုင်ဆိုင်မှု လုံးဝလုပ်ဆောင်ခြင်းမရှိသေးသော ကျောင်းဟူ၍ အုပ်စုများဖွဲ့ကာ မြို့နယ်အလိုက် စာရင်းချုပ်များနှင့် တာဝန်ရှိသူများက ကျောင်းမြေပိုင်ဆိုင်မှု၊ ခိုင်မာမှုအနေအထားများ တိုးတက်လာအောင် မည်သို့ လုပ်ဆောင်ပေးမည်တို့ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း ဖွင့်လှစ်ထားရှိခဲ့သော ကျောင်းများမှာ-

| | | |
|---|---|---|
| အထက | - | ၁၈၇ ကျောင်း |
| အလက | - | ၂၅၃ ကျောင်း |
| အမက | - | ၄၁၅၇ ကျောင်း |
| အမက(ခွဲ) | - | ၂၂၇ ကျောင်း ဖြစ်ပါသည်။ |

ကျောင်းပညာရေးလုပ်ငန်းများ တိုးတက်လုပ်ဆောင်မှုများ လုပ်ဆောင်နိုင်ရန် ကျောင်းမြေပိုင်ဆိုင်မှု ခိုင်မာမှုက လွန်စွာအရေးပါလှပါသည်။

ကျောင်းမြေပိုင်ဆိုင်မှု ခိုင်မာသော၊ ဂရန်ရရှိပြီးသောကျောင်း၊ ပုံစံ(၁၀၅)(၁၀၆)သာ ရရှိသေးသော ကျောင်း၊ မြေပိုင်ဆိုင်မှု လုံးဝလုပ်ဆောင်ခြင်းမရှိသေးသော ကျောင်းဟူ၍ အုပ်စုများဖွဲ့ကာ မြို့နယ်အလိုက် စာရင်းချုပ်များ သိရှိလိုပါသည်။

စာရင်းချုပ်ရရှိပြီးပါကလည်း တာဝန်ရှိသူများက ကျောင်းမြေပိုင်ဆိုင်မှု၊ ခိုင်မာမှုအနေ အထားများ တိုးတက်လာအောင် မည်သို့လုပ်ဆောင်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ရွှေတောင်မြို့အပိုင် နွားမရံအုပ်စု၊ ဆင်မကြပ် ကျေးရွာရှိ လုပ်ငန်းရှင်များ စိုက်ထူထားသော စီးပွားရေးကြော်ငြာဆိုင်းဘုတ်များအတွက် ရွှေတောင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အခွန်စည်းကြပ် ကောက်ခံနိုင်ရေး ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပြည်-ရန်ကုန်ကားလမ်း၊ မိုင်တိုင်အမှတ် (၁၅၉)မှ (၁၇၅/၂)အထိ ရွှေတောင်မြို့နယ် အပိုင်နယ်မြေများဖြစ်ပါသည်။

ရွှေတောင်မြို့နယ်နှင့် ပြည်မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အစပ်ဖြစ်သော ရွှေတောင်မြို့နယ်ပိုင် နွားမရံအုပ်စု၊ ဆင်မကြပ်ကျေးရွာတွင် စီးပွားရေးလုပ်ငန်းရှင်များ စိုက်ထူထားသော စီးပွားရေး ကြော်ငြာဆိုင်းဘုတ်များအတွက် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ အခွန်များစည်းကြပ်ကောက်ခံ လျှက်ရှိကြောင်း သိရပါသည်။

ယင်းစီးပွားရေးကြော်ငြာဆိုင်းဘုတ်များသည် ရွှေတောင်မြို့နယ်ပိုင်နက်အတွင်း စိုက်ထူ ကြော်ငြာ ထားခြင်းများဖြစ်သည့်အတွက် ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှသာ အခွန်များကို စည်းကြပ် ကောက်ခံသွားသင့်ပါသည်။

သို့ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရွှေတောင်မြို့နယ်အပိုင် နွားမရံအုပ်စု၊ ဆင်မကြပ် ကျေးရွာရှိ လုပ်ငန်းရှင်များစိုက်ထူထားသော စီးပွားရေးကြော်ငြာဆိုင်းဘုတ်များအတွက် ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အခွန်စည်းကြပ်ကောက်ခံနိုင်ရေး ခွင့်ပြုပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီး မြို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျပျက်စီးသွားသော မူလတန်း(လွန်)၊ တောင်ငူတန်းကျောင်းရှိ စာသင်ကျောင်းဆောင်အား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကျောက်ကြီးမြို့၊ တောင်ငူတန်းရပ်ကွက်၊ မူလတန်း(လွန်)တောင်ငူတန်းကျောင်းဆောင်ဟောင်းမှာ နှစ်ပေါင်း(၃၀)ခန့် ကြာမြင့်နေသော ကျောင်းဆောင်ဖြစ်ပြီး (၉. ၈. ၂၀၁၄)ရက်နေ့ နံနက်(၇)နာရီခန့် ကျောင်းမတက်မီအချိန် ကျောင်းဝန်းနံဘေးရှိ ညောင်ပင်ကြီးတစ်ပင် ကျောင်းဆောင်ပေါ် လဲပြိုကျခဲ့ပါသောကြောင့် ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ဆရာမများ၏ အသက်အန္တရာယ် တစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ပါသော်လည်း ပင်မ စာသင်ကျောင်းဆောင်ကြီးမှာ ပြင်ဆင်၍ မရနိုင်အောင်ကြေမွပျက်စီးသည့်အပြင် ကျောင်းအတွင်း စာသင်ခုံများလည်း ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

ယခုအခါ မူတန်း(လွန်)တောင်ငူတန်းကျောင်း၏ ကျောင်းသား/ကျောင်းသူဦးရေမှာ (၁၃၇)ဦးရှိပြီး (၆၀×၃၀)ပေ စာသင်ကျောင်းဆောင်တစ်ခုတည်းသာ ရှိနေပါသည်။ တန်းခွဲအလိုက် စာသင်ဆောင်များ လိုအပ်မှုကြောင့် ကျောင်းအနီး ဘုရားတန်ဆောင်း ဓမ္မာရုံတွင် စာသင်ကြားနေရပါသည်။ အဆိုပါ မူလတန်း ကျောင်းမှာ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးချိန်မှ (၂)နှစ်ကျော်ကာလအတွင်း အစားထိုး တည်ဆောက်ပေးခြင်း မရှိပါသောကြောင့် တိုးတက်လာသော ကျောင်းသားဦးရေနှင့်အညီ (၃၀× ၁၂၀)ပေ ကျောင်းဆောင်သစ်ပြန်လည် တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၃)ဦးမေးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောင်းမြေပိုင်ဆိုင်မှု၊ ဂရန်ရရှိပြီးသော ကျောင်းပုံစံ(၁၀၅) (၁၀၆) သာ ရရှိသေးသောကျောင်း၊ မြေပိုင်ဆိုင်မှု လုံးဝလုပ်ဆောင်ခြင်းမရှိသေးသော ကျောင်းဟူ၍ အုပ်စုများဖွဲ့ကာ မြို့နယ်အလိုက် စာရင်းချုပ်များနှင့် တာဝန်ရှိသူများက ကျောင်းမြေပိုင်ဆိုင်မှု၊ ခိုင်မာမှုအနေအထားများ တိုးတက်လာအောင် မည်သို့လုပ်ဆောင်ပေးမည်တို့ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း ကျောင်းမြေပိုင်ဆိုင်မှုရှိသောကျောင်း၊ ပိုင်ဆိုင်မှုမရှိသေးသော ကျောင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| pOf | AUSIF;T QIfI | T ACCYIN M AUSIF;OD;A& | AJRYBEQ BRI&ND AUSIF | AJRYBEQ BRI R&SD ;ONFAUSIF; |
|---|---|---|---|---|
| 1 | T X U | 187 | 185 | 2 |
| 2 | T V U | 253 | 244 | 9 |
| 3 | T RU | 4157 | 3910 | 247 |
| 4 | T RU (OG) | 227 | 169 | 58 |

ကျောင်းမြေပိုင်ဆိုင်မှု မရရှိသေးသည့် အခြေခံပညာကျောင်း အချို့သည် တပ်မတော်ပိုင်မြေအတွင်းတွင်လည်းကောင်း၊ သာသနာ့မြေအတွင်းတွင်လည်းကောင်းရှိနေပါသည်။ ကျန်ရှိသည့် အခြေခံပညာကျောင်းများ၊ ကျောင်းမြေပိုင်ဆိုင်မှုရရှိစေရန်အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများက မြို့နယ် မြေစာရင်းဌာနသို့ တင်ပြပြီး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီးဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကျောင်းမြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ဂရန်ရှိပြီးသားကျောင်းပုံစံ(၁၀၅)၊ (၁၀၆)မရရှိသေးသောကျောင်း၊ မြေပိုင်ဆိုင်မှုလုံး၀ လုပ်ဆောင်နိုင်ခြင်းမရှိသေးသည့်ကျောင်းများရှိပါကြောင်း၊ အုပ်စု(၃)အုပ်စု အနေဖြင့်မြို့နယ်အလိုက် စာရင်းဇယားများရလိုပါကြောင်း၊ ယင်းစာရင်းဇယားများရရှိမှသာ လွှတ်တော်မှာ သက်ဆိုင်ရာရေးရာကော်မတီက မှတ်တမ်းယူပြီး သိမ်းဆည်းထားမှာဖြစ်ပြီး လစဉ်လတိုင်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းပြီး တိုးတက်မှု ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း၊ ဒါကြောင့် သက်ဆိုင်ရာ၀န်ကြီးအနေဖြင့် လိုအပ်သည့်အချက်(၃)ချက်ကို မြို့နယ်အလိုက် စာရင်းချုပ်ဇယားများကို စာဖြင့် ပြန်လည်ဖြေကြားပေးခြင်း ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေး၀န်ကြီးဌာန၊ ၀န်ကြီးမှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၏ မေးခွန်းနှင့် စပ်လျဉ်း၍ စာဖြင့်ဖြေကြားပေးမည်ဖြစ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ရွှေတောင်မြို့အပိုင် နွားမရံအုပ်စု၊ ဆင်မကြပ်ကျေးရွာရှိ လုပ်ငန်းရှင်များ စိုက်ထူထားသော စီးပွားရေးကြော်ငြာဆိုင်းဘုတ်များအတွက် ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အခွန်စည်းကြပ်ကောက်ခံနိုင်ရေး ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ရွှေတောင်မြို့နယ်အပိုင် နွားမယံအုပ်စု၊ဆင်မကြပ်ကျေးရွာရှိ စီးပွားရေး ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူထားသောမြေနေရာသည် ရွှေတောင်မြို့နယ်အတွင်းရှိ လမ်းဦးစီးဌာနပိုင်မြေဖြစ်သော်လည်း ပြည်မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ပြည်မြို့အဝင်ဆိုင်းဘုတ် စိုက်ထူခဲ့ပြီး ၎င်းလမ်းဆုံသာယာလှပရေးအတွက် တြိဂံပုံသဏ္ဌာန် ပန်းခြံပြုလုပ်ခြင်း၊ ပန်းခြံအားအုတ်ခုံဖြင့် ဘောင်ခတ်ခြင်း၊ စတီးလက်ရန်းများ တပ်ဆင်ခြင်း၊ နှစ်ရှည်/ နှစ်တို ပန်းအလှပင်များစိုက်ပျိုးခြင်း၊ နှစ်စဉ်ပုံသွင်းခြင်း၊ အုတ်ခုံများဆေးသုတ်ခြင်း၊ မြို့အဝင်ဆိုင်းဘုတ်ဆေးသုတ်ခြင်း၊ အမှိုက်သိမ်းဆည်းခြင်း၊ နေ့စဉ်ရေကားတစ်စီးလွှတ်၍ ရေလောင်းခြင်း၊ ပန်းခြံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပုတ်ပြတ်လုပ်သား(၁)ဦးအား ငှားရမ်းအစောင့်ထားခြင်းတို့ကို လွန်ခဲ့သောနှစ်ပေါင်း(၁၅-၁၆)နှစ်ခန့်မှ ယနေ့အထိပြုပြင်ထိန်းသိမ်းလာခဲ့သည့်နေရာဖြစ်ပြီး ၎င်းနေရာသာယာ လှပလာသည့် နောက်ပိုင်း(၉-၁၀)နှစ်ခန့်ကြာမှ ဆိုင်းဘုတ်များအနည်းငယ်စိုက်ထူလာကြခြင်း၊ ၎င်းနေရာအား ယခင်အတိုင်းဆိုင်းဘုတ်များ လာရောက် စိုက်ထူခြင်းမရှိစဉ်ကတည်းက ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြုပြင်ထိန်းသိမ်းသည့် နေရာဖြစ်ခြင်း၊ ရွှေတောင်မြို့နယ်အတွင်းရှိ လမ်းဦးစီးဌာနပိုင်မြေဖြစ်သော်လည်း မြို့အဝင်ဆိုင်းဘုတ်နှင့် ပန်းအလှပင်များ သာယာလှပရေးလုပ်ငန်းများကို ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နှစ်ကာလ ကြာမြင့်စွာငွေကြေးအကုန် အကျခံ၍ ဆောင်ရွက်ခဲ့ပြီးဆိုင်းဘုတ်ခွန်များကို ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စည်းကြပ်မည်ဆိုပါက စာရင်းစစ် ကန့်ကွက်မှုများဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဓိကအချက်မှာ ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ပေးအပ်မည်ဆိုပါက "ပြည်မြို့" ဆိုင်းဘုတ်ဖြုတ်သိမ်းရမည်ဖြစ်ပြီး ဆိုင်းဘုတ်ဖြုတ်သိမ်းလိုက်ပါက ပြည်မြို့နေလူထုမှ မလိုလားအပ်သော ကန့်ကွက်မှုများဖြစ်ပေါ်လာနိုင်ပါသဖြင့် ရှင်လှိုဏ်ဂူသွားလမ်းမှ ရွှေတောင်မြို့ဘက်အပိုင်းရှိ ဆိုင်းဘုတ်များကိုသာ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်မှ စတင်၍ ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်း အခွန်စည်းကြပ်ကောက်ခံခွင့်ပြုသွားနိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားတင်ပြ အပ်ပါသည်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဝန်ကြီးဖြေကြားသွားသည့် "ပြည်မြို့နယ်မှ ကြိုဆိုပါ၏" ဆိုင်းဘုတ်သည် ရွှေတောင်မြို့အဆုံး ပြည်မြို့အစတွင်ရှိပါကြောင်း၊ မိမိတို့ဆိုင်းဘုတ်တပ်ထားသည်က ပြည်မြို့နယ်မှာ တပ်ထားပါတယ်။ စည်ပင်သာယာရေးဥပဒေမှာလည်း အတိအလင်း ဖော်ပြထားပါကြောင်း၊ စည်ပင်သာယာရေးနယ်နိမိတ်ကို ဒေသအခေါ် ရွှေတောင်မြို့နယ်အဆုံးမိုင်တိုင် (၁၇၅/၂)ဖြစ်ပါကြောင်း၊ ဝန်ကြီးပြောသွားသည့် ရွှေတောင်မြို့နယ် ဆိုင်းဘုတ်(၃)ခုကို ဥပဒေထဲတွင် အမည်စာရင်းဖော်ပြထားပြီး ရွှေတောင်မြို့နယ်ထဲရှိ ဆိုင်းဘုတ်များကို ရွှေတောင်မြို့နယ် စည်ပင်သာယာ အခွန်ကောက်ခံခွင့်ရှိပါကြောင်း၊ ယင်းအခွန်ငွေများကို မိမိဒေသကရရှိသည့် အခွန်ငွေဖြစ်သည့်အတွက် မိမိတို့၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်သုံးစွဲဖြစ်ပါကြောင်း၊ ဝန်ကြီးဖြေကြားသွားသည်က ပြည်မြို့နယ်တွင် မလိုလားအပ်သော ပြဿနာတွေဖြစ်ပေါ်နေသည်ဟု ဖော်ပြထားပါကြောင်း၊ ဥပဒေကအတည်ပြုခဲ့ပြီး ဖြစ်ပါ၍ ဥပဒေအတိုင်း ဆက်လက်ပြီးဖော်ဆောင်နိုင်ခြင်း ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီးမှ ပြန်လည် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒီကိစ္စသည် မိမိမြို့မိမိဒေသဖွံ့ဖြိုးအောင် ဆောင်ရွက်ချင်သည့်သဘောဖြစ်သည့်အတွက် ယင်းမြေကြီးသည် လမ်းဦးစီးပိုင် ဖြစ်ပြီး ပြည်မြို့နယ်ရှိ ဆိုင်းဘုတ်ကြီးသည် လက်တွေ့ပြန်လည်သုံးသပ်စိစစ်ပြီး ယင်းဆိုင်းဘုတ်ကြီးသည် အမှန်တစ်ကယ် ရွှေတောင်မြို့နယ်ထဲမှာလားဆိုသည်ကို ပြည်မြို့နယ်ထဲမှာလား သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များနှင့် မြို့နယ်စည်ပင်သာယာ၊ တိုင်းစည်ပင်သာယာတို့ကို စိစစ်ခိုင်းပြီး စာဖြင့်ပြန်လည် ဖြေကြားပေးမည်ဖြစ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျပျက်စီးသွားသော မူလတန်း(လွန်)၊ တောင်ငူတန်းကျောင်းရှိ စာသင်ကျောင်းဆောင်အား အသစ်ပြန်လည် တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း-တောင်ငူတန်းတွင် လယ်ဆင့်ကျောင်းသားဦးရေ (၂၁)ဦး၊ မူဆင့်ကျောင်းသားဦးရေ (၁၁၆)ဦး၊ စုစုပေါင်း (၁၃၇)ဦးရှိပါသည်။ ဆရာအင်အားမှာ မူအုပ်(၁)ဦး၊ လယ်ပြ(၁) (၂)ဦး၊ လယ်ပြ(၂)(၁)ဦး၊ မူပြ (၃)ဦး၊ စုစုပေါင်း (၇)ဦးရှိပါသည်။ ကျောင်းအဆင့်မှာ (A-5) ဖြစ်ပါသည်။ စာသင်ဆောင်အနေဖြင့် (၆၀×၃၀)ပေ (၁)ဆောင်နှင့် (၆၃×၄၅)ပေ (၁)ဆောင်၊ စုစုပေါင်း (၂)ဆောင်ရှိပါသည်။

အဆိုပါကျောင်းတွင် (၆၀×၃၀)ပေ Steel Structure (၁)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝန်ကြီးပြောကြားထားသည့် ၆၀'×၃၀'ဆိုလျှင် အခန်း(၃)ခန်းပဲရှိကြောင်း ဒီနေရာမှာ တောင်းဆို ထားသည်က ၁၂၀'×၃၀'ဖြစ်ပြီး တိုးတက်လာသည့် ကျောင်းသားအင်အား၊ လက်ရှိလိုအပ်နေသည့် စာရင်းဇယား အရ မိမိတို့ အနေဖြင့် အခန်းတောင်းဆိုထားခြင်း ဖြစ်ပါကြောင်း၊ ဒါကြောင့်ဝန်ကြီးက ၆၀'×၃၀' စာသင် ကျောင်းဆောင်ပြောသည့်နေရာတွင် နောက်ထပ်လိုအပ်ချက်များမရှိနေနိုင်အောင် တိုးချဲ့ပြီး ဆောင်ရွက်ပေးနိုင် ခြင်း ရှိ/ မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီးမှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ မိမိတို့ အနေဖြင့် စာသင်ကျောင်းချပေးရာတွင် ကျောင်းသားဦးရေ၊ ကျောင်းကမူလတန်းကျောင်းလား မူလွန်ကျောင်းလား၊ အလယ်တန်းကျောင်းလားအပေါ် မူတည်ပြီး အဆောက်အဦ ပြေစာမချတာဖြစ်ပါကြောင်း၊ သို့သော် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောင်းများလျာထားပေးသည့်နေရာမှာ ကိုယ့်မြို့နယ်မှာရှိသည့်ကျောင်းများကို လွှတ်တော် ကိုယ်စားလှယ်များ သိရှိနိုင်အောင် ပြင်ဆင်စရာရှိလျှင် အချိန်မီဆောင်ရွက်နိုင်အောင် တင်ပြ၍ လွှတ်တော် ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် ဖြန့်ဝေပြီးဖြစ်သော်လည်း ဘာမှပြန်ကြားခြင်း မရှိသည့်အတွက် ၂၀၁၇-၂၀၁၈မှ လျာထားပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား ဥပဒေပြုရေး ကော်မတီအဖွဲ့ဝင် ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား ဥပဒေပြုရေး ကော်မတီအဖွဲ့ဝင် ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥပဒေပြုရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၇)ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက်နေ့မှ (၁၈)ရက်နေ့အထိလည်းကောင်း၊ အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၇)ကို မတ်လ (၁၃)ရက်နေ့မှ (၁၇)ရက်နေ့အထိလည်းကောင်း၊ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၇)ကို ဇန်နဝါရီလ (၁၆)ရက်နေ့မှ(၁၈)ရက်နေ့အထိလည်းကောင်း၊ အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၇)ကို ဇန်နဝါရီလ(၃၀)ရက်နေ့မှ(၃၁)ရက်နေ့အထိလည်းကောင်း၊ အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၇)ကို မတ်လ (၉)ရက်နေ့မှ (၁၀)ရက်နေ့အထိလည်းကောင်း၊ ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၁၇)ကို ဖေဖော်ဝါရီလ(၁၅)ရက်နေ့မှ (၁၇)ရက်နေ့အထိ လည်းကောင်း၊ ကော်မတီ(၂)ရပ် တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇)ကို ဖေဖော်ဝါရီလ (၂၂)ရက်နေ့မှ (၂၃)ရက်နေ့အထိ လည်းကောင်း၊ ကော်မတီ(၂)ရပ်တို့၏ ပူးပေါင်း အစည်းအဝေး အမှတ်စဉ်(၃/၂၀၁၇)ကို မတ်လ(၆)ရက်နေ့မှ (၈)ရက်နေ့အထိလည်းကောင်း ကျင်းပပြုလုပ်နိုင်ခဲ့ပြီး၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီ ဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခြင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးပို့လာသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)များကို ဆွေးနွေးသုံးသပ်ခဲ့ပြီး အစီရင်ခံစာ များ ပြုစုခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ရည်ရွယ်ချက်များ

၂၀၁၆ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၄) ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေအရ စည်ပင်သာယာရေးကော်မတီဝင်များရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း) ပေါ်ပေါက်လာ စေရန်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှပေးပို့လာသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများဥပဒေ (မူကြမ်း)များကို ဥပဒေပြုရေး ကော်မတီ၏ သုံးသပ်ချက် အစီရင်ခံစာများ တင်သွင်းနိုင်ရန်။

## လုပ်ငန်းဆောင်ရွက်ချက်များ

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ(၁၇)ရက်နေ့မှ(၁၈)ရက်နေ့အထိ ဥပဒေပြုရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၇)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် အတည်ပြုခဲ့သည့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့်ပတ်သက်၍ ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် ပုဒ်မတစ်ခုချင်းစီအလိုက် စာလုံးပေါင်းသတ်ပုံနှင့် စာလုံးအထားအသိုများစိစစ်ခြင်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေအမှတ်(၅) ရေချိုငါးလုပ်ငန်းဥပဒေအား သုံးသပ်ဆွေးနွေးခဲ့ကြပြီး အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ပါသည်-

- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့်ပတ်သက်၍ ပုံနှိပ်ထုတ်ဝေ နိုင်ရန်အတွက် ပုဒ်မတစ်ခုချင်းစီအလိုက် စာလုံးပေါင်းသတ်ပုံနှင့် စာလုံးအထား အသို(၁၂)နေရာ ပြင်ဆင်ရန်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၅) ရေချိုငါးလုပ်ငန်းဥပဒေ နှင့်ပတ်သက်၍ ဥပဒေပြုရေးကော်မတီ၏(၂/၂၀၁၇)အစည်းအဝေးတွင် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် အဖွဲ့တို့ကို တွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးကြရန်။

၂၀၁၇ခုနှစ်၊ မတ်လ (၁၃)ရက်နေ့မှ (၁၇)ရက်နေ့အထိ ဥပဒေပြုရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ်(၂/၂၀၁၇)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ အသေးစိတ်ထပ်မံ ညှိနှိုင်းဆွေးနွေးခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများဥပဒေ(မူကြမ်း)များကို ဆွေးနွေးသုံးသပ်ခြင်းနှင့် အစီရင်ခံစာများပြုစုခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး အောက်ပါအတိုင်းဆုံးဖြတ်ခဲ့ကြပါသည်-

- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေ (မူကြမ်း)အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံပေးပို့နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ နည်းဥပဒေ(မူကြမ်း)တင်ပြရန်။
- အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)အား ဥပဒေပြုရေးကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ သီးခြားအစီရင်ခံစာတင်သွင်းရန်။
- ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း) အား ဥပဒေပြုရေးကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ သီးခြားအစီရင်ခံစာ တင်သွင်းရန်။

စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၇)ကို ဇန်နဝါရီလ(၁၆)ရက်နေ့မှ (၁၈)ရက်နေ့ အထိပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ အခန်း(၁)၊ အခန်း(၂)နှင့် အခန်း(၃)တို့အတွက် လိုအပ်သည့်နည်းဥပဒေများကို ကြိုတင်ပြုစုရေးဆွဲထားရန်နှင့် ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချ အလုပ်သမားဥပဒေကို ပြန်လည်ဆန်းစစ် ပြုပြင်ရေးဆွဲရန်အတွက် သုံးသပ်ဆွေးနွေးခဲ့ကြပြီး အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ပါသည်-

- ၂၀၁၆ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ အခန်း(၁)၊ အခန်း(၂)နှင့်

အခန်း(၃)တို့အတွက် လိုအပ်သည့်နည်းဥပဒေများကို ကြိုတင်ပြုစု ရေးဆွဲထားရန်၊

- ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချအလုပ်သမားဥပဒေကို ပြန်လည်ဆန်းစစ် ပြုပြင်ရေးဆွဲရန်၊
- စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နောက်တစ်ကြိမ် အစည်းအဝေးကို ဇန်နဝါရီလ(၃၀)၊(၃၁)နှင့် ဖေဖော်ဝါရီလ (၁)ရက်နေ့တို့တွင် ဆက်လက်ပြုလုပ်ရန်။

စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ်(၂/၂၀၁၇)ကို ဇန်နဝါရီလ(၃၀)ရက်နေ့နှင့် (၃၁)ရက်နေ့များတွင် ပြုလုပ်ခဲ့ကာ ၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ အခန်း(၁)၊ အခန်း(၂) နှင့် (၃)တို့အတွက် လိုအပ်သည့် နည်းဥပဒေများကို ထပ်မံဖြည့်စွက်နိုင်ရေး သုံးသပ်ဆွေးနွေးခဲ့ကြပြီး အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ပါသည်-

- ၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ အခန်း(၁)၊ အခန်း(၂) တို့ကို နည်းဥပဒေရေးဆွဲရာတွင် အထောက်အကူပြုစေရန် လိုအပ်သောအချက် အလက်များကို အတည်ပြုရန်။
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအခန်း(၃)ကို နည်းဥပဒေအကြံပြု ရေးဆွဲနိုင်ရေးအတွက် ဥပဒေပြုရေးကော်မတီသို့ လွှဲပြောင်းပေးရန်။

စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေး အမှတ်စဉ်(၃/၂၀၁၇)ကို မတ်လ(၉)ရက်နေ့နှင့် (၁၀)ရက်နေ့များတွင်ပြုလုပ်ခဲ့ကာ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများဥပဒေ(မူကြမ်း)ကို သုံးသပ်ဆွေးနွေးခဲ့ပြီး ဥပဒေပြုရေး ကော်မတီဥက္ကဋ္ဌထံပေးပို့ရန် ဆုံးဖြတ်ခဲ့ ပါသည်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်နေ့မှ (၁၇)ရက်နေ့အထိ ကော်မတီ(၂)ရပ် ပူးပေါင်း အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၇)ကို ကျင်းပပြုလုပ်ခဲ့ကာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ အခန်း(၃)အတွက် လိုအပ်သည့်နည်းဥပဒေများရေးဆွဲနိုင်ရန် ကြိုတင်ဆွေးနွေးခဲ့ပြီး အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ပါသည်-

- ၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို(၂၇-၁၂-၂၀၁၆) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့်အတွက် ယင်းဥပဒေပါ ပုဒ်မ ၉၈(က)တွင် အစိုးရအဖွဲ့မှ ရက်ပေါင်း(၉၀)အတွင်း ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေထုတ်ပြန်နိုင်ရန် အတွက် အစိုးရအဖွဲ့မှပေးပို့လာမည့် နည်းဥပဒေ (မူကြမ်း)ရောက်ရှိလာပါက ထပ်မံဆွေးနွေးရန်။
- နောက်တစ်ကြိမ် ပူးပေါင်းကော်မတီအစည်းအဝေးကို (၂၂-၂-၂၀၁၇) ရက်နေ့မှ (၂၄-၂-၂၀၁၇)ရက်နေ့အထိ ကျင်းပပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂)ရက်နေ့နှင့် (၂၃)ရက်နေ့များတွင် ကော်မတီ(၂)ရပ် ပူးပေါင်း အစည်းအဝေးအမှတ်စဉ်(၂/၂၀၁၇)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ လိုအပ်သည့်နည်းဥပဒေများရေးဆွဲနိုင်ရန် ကြိုတင်ဆွေးနွေးခဲ့ပြီး အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ပါသည်-

- ၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအရ နည်းဥပဒေ (မူကြမ်း)ကို အစိုးရအဖွဲ့မှ အချိန်မီပေးပို့လာပါက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်

အစည်းအဝေးတွင် ဆွေးနွေးရန်။

- နောက်တစ်ကြိမ် ပူးပေါင်းကော်မတီအစည်းအဝေးကို (၆-၃-၂၀၁၇) ရက်နေ့မှ (၈-၃-၂၀၁၇) ရက်နေ့အထိ ကျင်းပပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၂၀၁၇ ခုနှစ်၊ မတ်လ (၆)ရက်နေ့မှ (၈)ရက်နေ့အထိ ကော်မတီ(၂)ရပ် ပူးပေါင်း အစည်းအဝေး အမှတ်စဉ်(၃/၂၀၁၇)ကို ကျင်းပပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ အခန်း(၃)အတွက် လိုအပ်သည့်နည်းဥပဒေများရေးဆွဲနိုင်ရန် ကြိုတင်ဆွေးနွေးခဲ့ပြီး အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ပါသည်-

- ဥပဒေပြုရေးကော်မတီ၏ နောက်တစ်ကြိမ်အစည်းအဝေးကို (၁၃-၃-၂၀၁၇) ရက်နေ့မှ (၁၇-၃-၂၀၁၇)ရက်နေ့အထိ ကျင်းပပြုလုပ်ရန်။
- နောက်တစ်ကြိမ်အစည်းအဝေးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)နှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေ (မူကြမ်း)တို့အား သုံးသပ်ဆွေးနွေးရန်ဆုံးဖြတ်ခဲ့ကြ ပါသည်။

## ရှေ့လုပ်ငန်းစဉ်များ

- ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကိုအခြေခံ၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်ထည်ဖော်ဆောင်ရွက်သွားရန်။
- ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ (၄/၂၀၁၆)အစီရင်ခံစာပါ ကျန်ရှိသည့် ရှေ့လုပ်ငန်းစဉ်များအား ဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်ရန်။

## နိဂုံး

ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ(၂)ရပ်တို့မှ ၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအရ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာနည်းဥပဒေ (မူကြမ်း)နှင့်ပတ်သက်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)တို့ကို ဆွေးနွေးသုံးသပ်ခြင်းနှင့် ဥပဒေပြုရေးကော်မတီ၏ အစီရင်ခံစာများ ပြုစုဆောင်ရွက် နိုင်ခဲ့ပါသည်။ ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ ပဲခူးတိုင်းဒေသကြီး အကျိုးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအစီရင်ခံ တင်ပြအပ်ပါသည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ ၂၀၁၅-ခုနှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူလူထုက တစ်ခဲနက်ရွေးချယ်တင်မြှောက်လိုက်သော အစိုးသစ်လက်ထက်မှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသား ပြည်သူများ၏ အရေးကို ရှေ့ရှု၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးမှသည် တိုင်းရင်းသားအဖွဲ့အစည်း အားလုံးနှင့် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရေးအတွက်လည်းကောင်း၊ တိုင်းရင်းသား များ၏ အခွင့်အရေးများ တန်းတူရရှိစေရေးအတွက် ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ပတ်သက်သော လူပုဂ္ဂိုလ်များ၊ တိုင်းရင်းသားခေါင်းဆောင်များအား ဖိတ်ကြားဆွေးနွေးခြင်းဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ ဆောင်ရွက်လျှက်ရှိပါသည်။

## ရည်ရွယ်ချက်

- တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး၊ အပြန်အလှန်ရိုင်းပင်း ကူညီရေး။
- တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေယဉ်ကျေးမှု အနုပညာ များ ဖွံ့ဖြိုးတိုးတက်စေရေး။
- တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့်
- ယခင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သော အစီရင်ခံစာပါ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များအား လွှတ်တော်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့အား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေး နိုင်ရန် ရည်ရွယ်ပါသည်။

## ကော်မတီ၏လုပ်ဆောင်ချက်များ

- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် “လစဉ်ပုံမှန် အစည်း အဝေးများအပြင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းရင်းသားစာပေယဉ်ကျေးမှု အဖွဲ့ ခေါင်းဆောင်များအား လွှတ်တော်သို့ ဖိတ်ကြား၍ တိုင်းရင်းသားများ၏ လိုအပ်ချက်များအား တွေ့ဆုံညှိနှိုင်းဆွေးနွေး အကြံဉာဏ်များရယူခဲ့ပါသည်။

- ကော်မတီမှ ရွှေကျင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်တို့တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် လူထုအကျိုးပြု လုပ်ငန်းများ အခြေစိုက်လုပ်ကိုင်နေသော CIDKB အဖွဲ့နှင့် ပူးပေါင်းစီစဉ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့တွင် တိုင်းဒေသကြီးအဆင့် ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲ တတိယအကြိမ် ကျင်းပပြုလုပ်ခဲ့ရာ KNU တပ်မဟာ (၃)မှ တပ်မဟာမှူး၊ KNU ညောင်လေးပင်ခရိုင်မှ ခရိုင်အတွင်းရေးမှူး၊ ရွှေကျင်မြို့နယ်မှ လွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ပါသည်။

- (၂၆. ၁၂. ၂၀၁၆)ရက်နေ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီမှ ဦးဆောင်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအား NCA နှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ သိရှိ နားလည်စေရန်အတွက် ငြိမ်းချမ်းရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအား ငြိမ်း-ဖောင်ဒေးရှင်း၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

- ၂၀၁၆-ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့မှ (၃၀)ရက်နေ့အထိ ကရင်ပြည်နယ်တွင် ကျင်းပပြုလုပ်သော လူမျိုးအလိုက် အမျိုးသားအဆင့်၊ နိုင်ငံရေးဆွေးနွေးပွဲသို့ ကရင်ဦးဆောင်ကော်မတီ၏ ဖိတ်ကြားမှုဖြင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌမှ ကဏ္ဍအလိုက် ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက် ဆွေးနွေး ခဲ့ပါသည်။

- တိုင်းရင်းသားစာပေ သင်ကြားရေးနှင့် ပတ်သက်၍ ယခင်အစိုးရလက်ထက်က တိုင်းရင်းသားစာပေသင် ဆရာ/ဆရာမများ၏ လစဉ် ချီးမြှင့်ငွေ ပုံမှန်မရရှိခဲ့ခြင်း အား အစိုးရအဖွဲ့အား တိုက်တွန်း၍ လစဉ် ချီးမြှင့်ငွေ ပုံမှန်ရရှိအောင် စွမ်းဆောင် ပေးခဲ့ပါသည်။

- လမ်းပန်းဆက်သွယ်ရေး တိုးတက်ဖွံ့ဖြိုးမှု နောက်ကျနေသော တိုင်းရင်းသားရှိရာ မြို့နယ်များသို့ ဖွံ့ဖြိုးရေးအသုံးစရိတ် ထောက်ပံ့ငွေများ ရရှိစေရေးအတွက် လွှတ်တော်တွင် ဖြည့်စွက်ရန်ပုံငွေ ရရှိရန် တောင်းဆိုမှုများ ပြုလုပ်ပေးခဲ့ခြင်း ကြောင့် တိုင်းရင်းသားများအတွက် ထောက်ပံ့ငွေများ ရရှိခဲ့ပါသည်။

- ၂၀၁၇-ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၌ ကျင်းပပြုလုပ်သော ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ကော်မတီအဖွဲ့ဝင်များမှ တက်ရောက်ကူညီ ပူးပေါင်းမှုများအပြင် ဖိတ်ကြား တက်ရောက်လာသော KNU အဖွဲ့ကိုယ်စားလှယ်များအား တွေ့ဆုံဧည့်ခံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

- ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အတွင်း ရှမ်းတိုင်းရင်းသားများ၏ ရိုးရာပွဲအား ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းအမျိုးသားနေ့ ပွဲတော်သို့ ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

- ပဲခူးတိုင်း ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် တိုင်းအဆင့်ပွဲတော်ကို ကျောက်တံခါး မြို့နယ်တွင် ကျင်းပပြုလုပ်ရာ ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ပဲခူးတိုင်း ဒေသကြီးအနောက်ခြမ်း၊ အုတ်ဖိုမြို့နယ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အား ကော်မတီအတွင်းရေးမှူးမှ ဦးဆောင် ပါဝင်တက်ရောက်ခဲ့ပါသည်။

- ပဲခူးတိုင်း မွန်အမျိုးသားနေ့ ပွဲတော်အား ပဲခူးမြို့တွင် ကျင်းပပြုလုပ်ရာ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ လူမျိုးများ ကော်မတီ ဥက္ကဋ္ဌတို့ တက်ရောက်ခဲ့ပြီး ထန်းတပင်မြို့နယ်တွင် ကျင်းပပြုလုပ်သော မွန်အမျိုးသားနေ့ ပွဲတော်အား လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက် ခဲ့ပါသည်။
- ပဲခူးတိုင်း ပအိုဝ်းအမျိုးသားနေ့အခမ်းအနားအား ထန်းတပင်မြို့နယ်တွင် ကျင်းပ ပြုလုပ်ခဲ့ရာ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

## ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ

- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အထိမ်းအမှတ်ပွဲတော်များတွင် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီက လွှတ်တော်တွင် တင်ပြထားသော အစီရင်ခံစာများအား လွှတ်တော်ဥက္ကဋ္ဌ မှတဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများထံ ပေးပို့၍ လက်တွေ့ဆောင်ရွက်နိုင်ရေး တိုက်တွန်းရန်။
- တိုင်းရင်းသားစာပေ သင်ကြားရေးနှင့်ပတ်သက်၍ တိုင်းရင်းသားစာပေယဉ်ကျေးမှု ကော်မတီများမှ တင်ပြလာသော ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအား လွှတ်တော်တွင် ခေါ်ယူတွေ့ဆုံကြားနာမှုများ ပြုလုပ်နိုင်ရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် ပြည်သူအကျိုးရှေးရှုကာ ကော်မတီလုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တစ်ခြားသော လွှတ်တော်ရေးရာကော်မတီများနှင့် လုပ်ငန်းအစည်းအဝေးများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန်။
- တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခွင့်ရရှိစေရေးအတွက် အစိုးရအဖွဲ့အား တိုက်တွန်း ဆောင်ရွက်သွားရန်။

## နိဂုံး

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းရင်းသားတို့၏ လူမှုဘဝမြင့်မား တိုးတက်စေရေးကို ရှေးရှု၍ အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်၏ အင်အားတစ်ခုအဖြစ် ပါဝင်ဆောင်ရွက်နေမည် ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ်ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေစိုးမိုးရေး အတွက် စံပြအဖွဲ့အစည်းတစ်ခုအနေနှင့် ရပ်တည်ရန် ကွပ်ကဲမှုလျော့ရဲနေခြင်း၊ ကျင့်ဝတ် စည်းကမ်းနှင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံမှန်အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းစသည့် ကိစ္စအခြေအနေ အရပ်ရပ်တို့အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ်ထိန်းကျောင်းနိုင်ရေး တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ်ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ် ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် စံပြအဖွဲ့အစည်းတစ်ခုအနေနှင့် ရပ်တည်ရန် ကွပ်ကဲမှုလျော့ရဲနေခြင်း၊ ကျင့်ဝတ်စည်းကမ်းနှင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံမှန် အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းစသည့် ကိစ္စအခြေအနေ အရပ်ရပ်တို့အတွက် ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ်ထိန်းကျောင်း နိုင်ရေး တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ "လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ်ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ် ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် စံပြအဖွဲ့အစည်း တစ်ခုအနေနှင့် ရပ်တည်ရန် ကွပ်ကဲမှုလျော့ရဲနေခြင်း၊ ကျင့်ဝတ်စည်းကမ်းနှင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံမှန် အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းစသည့် ကိစ္စအခြေအနေ အရပ်ရပ်တို့အတွက် ပဲခူးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ်ထိန်းကျောင်း နိုင်ရေးအဆိုကို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးဇော်လင်းထိုက်၏ အဆိုကို တိုင်းဒေသကြီးလွှတ်တော်တွင် လက်ခံဆွေးနွေးရန် ထောက်ခံပါသည်။ မိမိတို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးသည်

လောင်းကစားမှု၊ မူးယစ်ရမ်းကားမှု၊ ယာဉ်ကြောရှုပ်ထွေးမှုစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရပါကြောင်း၊ မိမိတို့ကိုယ်တိုင် ဖြေရှင်းနိုင်သည့် ပြဿနာမဟုတ်သည့်အတွက် မိမိတို့ဂုဏ်သိက္ခာကျဆင်းသလို တိုင်းဒေသကြီးအစိုးရ၊ ပြည်ထောင်စုအစိုးရစသော အဆင့်ဆင့်သောအဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာလည်းကျဆင်းပါကြောင်း၊ သို့ဖြစ်ပါ၍ သဲကုန်း(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၏ **"လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ်ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ် ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် စံပြအဖွဲ့အစည်းတစ်ခုအနေနှင့် ရပ်တည်ရန် ကွပ်ကဲမှုလျော့ရဲနေခြင်း၊ ကျင့်ဝတ်စည်းကမ်းနှင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံမှန်အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းစသည့် ကိစ္စအခြေအနေ အရပ်ရပ်တို့အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ်ထိန်းကျောင်းနိုင်ရေး တိုက်တွန်းကြောင်း"** အဆိုကို တိုင်းဒေသကြီးလွှတ်တော်တွင် လက်ခံဆွေးနွေးရန် ထောက်ခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်၏ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါသေးသလားခင်ဗျား။

**ဦးအုန်းသွင်၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သဲကုန်းမြို့နယ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၏ အဆိုကို ထောက်ခံဆွေးနွေးရန် ရွှေတောင်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းသွင်ဖြစ်ပါကြောင်း၊ မြို့နယ်အသီးသီးတွင် လောင်းကစားဝိုင်းများ တားဆီးမနိုင်ဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ လောင်းကစားဝိုင်း၊ အရက်ဝိုင်းများကို တားမနိုင် ဆီးမနိုင်ဖြစ်နေတာကို မိမိတို့မြို့နယ်မှာရှိသည့် ကိုယ်စားလှယ်အားလုံးအသိဖြစ်ပါကြောင်း၊ အဲဒီလိုလုပ်ဆောင်နေခြင်းသည် လက်ရှိအစိုးရ၏ တရားဥပဒေစိုးမိုးမှုလုပ်ငန်းကို အနှောက်အယှက်ပြုနေတာကို တွေ့ရပါကြောင်း၊ လက်ရှိပဲခူးတိုင်းဒေသကြီးအတွင်း လောင်းကစားမှုများ ကင်းစင်ပပျောက်စေရန်အတွက် လောင်းကစားဥပဒေ၊ ယစ်မျိုးဥပဒေများကို တာဝန်ခံအကောင်အထည်ဖော် ဆောင်ရွက်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် တည်ဆဲဥပဒေများကို တိတိကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပါက မိမိတို့ တိုင်းဒေသကြီးအတွင်း လောင်းကစားကင်းစင်သည့် တိုင်းဒေသကြီး ဖြစ်မှာသေချာမှာဖြစ်ကြောင်း၊ ယခုလောင်းကစားပြုလုပ်နေခြင်းသည် မိမိတို့ သက်ဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်ရာဒေသမှာရှိသည့် နယ်ထိန်းရဲတပ်ဖွဲ့များ ပူးပေါင်းပြီး လုပ်ဆောင်မှုများဖြစ်ပါကြောင်း၊ လောင်းကစားဝိုင်းကို မိမိတို့ ကိုယ်စားလှယ်များကို သတင်းပေးတိုင်ကြားလျှင် မိမိတို့ကိုယ်တိုင် မြို့နယ်ရဲတပ်ဖွဲ့မှူးထံ အချိန်နှင့် တစ်ပြေးညီသတင်းပို့သော်လည်း ဒီလောင်းကစားဝိုင်းများကို ဖမ်းဆီးအရေးယူနိုင်ခြင်း မရှိပါကြောင်း၊ ဒါတွေက ဘာကြောင့်လဲဆိုတော့ လောင်းကစားဝိုင်းကို ပါဝင်ပတ်သက်နေသည့် မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့အဆင့် သက်ဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းလုပ်ဆောင်သည့်အတွက် ဘယ်သူဘဲ တိုင်ကြား၊ တိုင်ကြားဖမ်းဆီးနိုင်ခြင်း မရှိပါကြောင်း တွေ့ရှိရသောကြောင့် အဆိုရှင်ဖြစ်သည့် သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်လင်းထိုက်တင်သွင်းသည့် ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိသည့် ခရိုင်မြို့နယ်

အဆင့်ဆင့်မှာရှိသော ရဲတပ်ဖွဲ့များကို တည့်မတ်ထိန်းကျောင်းနိုင်ရေး တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဇော်လင်းထိုက် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်၏အဆိုကို လွှတ်တော်ကသဘောတူသည့်အတွက် လက်ခံ ဆွေးနွေးရန် သဘောတူကြောင်းကြေညာပါတယ်။

## အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့(၁၆း၀၀)နာရီထက် နောက်မကျဘဲ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၆း၁၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၇ခုနှစ် မတ်လ (၂၂)ရက် (ဗုဒ္ဓဟူးနေ့) (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
# [ ၂၀၁၇ခုနှစ် ၊ မတ်လ ၂၂ ရက် ]
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၄ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၀ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၁. ၀၈ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ နံနက်ပိုင်းအစည်းအဝေး အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မိုးညိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေါ်နော်ပွယ်စေး [တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး]၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဌေးလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]နှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထူးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၂၂-၃-၂၀၁၇)ရက်နေ့

အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၁၄)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၄ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်(၂)က ကွယ်လွန်အနိစ္စရောက်သွားသော ဦးမြင့်ဦး၊ အုတ်တွင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)အတွက် ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်က ဝမ်းနည်းကြောင်းအဆို တင်သွင်းလိုကြောင်း တင်ပြထားတာ ရှိပါတယ်။ ဦးစန်းမြင့် (ခ)ဦးဆန်းမြင့် တင်သွင်းနိုင်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ရိုသေ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်

ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် ယနေ့ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၁ အရ ဝမ်းနည်းကြောင်းအဆို တင်သွင်းမှာ ဖြစ်ပါတယ်။

ကျွန်တော်တင်သွင်းလိုတဲ့ ဝမ်းနည်းကြောင်းအဆိုက ဦးမြင့်ဦး၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အကြောင်း ဖြစ်ပါတယ်။ ဦးမြင့်ဦးဟာ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ထမ်းဆောင်သူဖြစ်ပါတယ်။ သူဟာ တိုင်းဒေသကြီးလွှတ်တော်ကို တက်ရောက်နေဆဲ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ လုပ်ငန်းများကိုလည်း စိတ်ဝင်တစား ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ ၎င်းရဲ့ ရေးရာကော်မတီအစည်းအဝေး နေ့စဉ်ဆောင်ရွက်ချက်၊ အစည်းအဝေးများကိုလည်း နေ့စဉ်မပျက်ဆောင်ရွက်နေသူဖြစ်ပါတယ်။ ၎င်းဟာ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တက်ရောက်ဆဲကာလမှာ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၂-၃-၂၀၁၇ ရက်နေ့ နံနက် ၀၇း၃၀ နာရီအချိန်မှာ သွေးတိုးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါတယ်။ ၎င်းဦးမြင့်ဦး အသက်(၆၁)နှစ်ဟာဆိုရင် တိုင်းဒေသကြီးနဲ့ပြည်သူလူထု အတွက် အသက်ထက်ဆုံးတိုင် ဆောင်ရွက်သွားတဲ့အတွက် နှမြောတသဖြင့် ဦးညွှတ်ဂုဏ်ပြုရင်းနဲ့ ဤဝမ်းနည်းကြောင်းအဆိုကို လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်ရဲ့ ယနေ့နံနက်ပိုင်းမှာ ကွယ်လွန် အနိစ္စရောက်သွားတဲ့ ဦးမြင့်ဦး၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)အတွက် ဝမ်းနည်းကြောင်းအဆိုကို ကျွန်တော်တို့ တောင်ငူခရိုင်အတွင်းက အုတ်တွင်းမြို့နယ်၏ ကိုယ်စားလှယ်တစ်ဦး ဆုံးရှုံးသွားတာဖြစ်တဲ့အတွက် နှမြောတသဝမ်းနည်းစွာဖြင့် ထောက်ခံအပ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနဲ့ပတ်သက်လို့ တိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်ရယူမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်က သဘောတူတဲ့အခါမှာ ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ (၂)မိနစ်မတ်တပ်ရပ်ပြီးတော့ ငြိမ်သက်ကြဖို့ ဖြစ်ပါတယ်။ ဒီအဆိုနဲ့ပတ်သက်လို့ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူသူမရှိတဲ့အတွက် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် တင်သွင်းတဲ့ ဝမ်းနည်းကြောင်းအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ယခုလွှတ်တော်ကိုယ်စားလှယ်များက ဦးမြင့်ဦးအတွက် ဝမ်းနည်းကြောင်းကို နှစ်မိနစ် မတ်တပ်ရပ်ပြီးတော့မှ မေတ္တာပို့သကြဖို့ ဖြစ်ပါတယ်။ အခမ်းအနားမှူးက အချိန်မှတ်ပေးဖို့ ဖြစ်ပါတယ်။ **[ဦးမြင့်ဦးအတွက် ဝမ်းနည်းသည့် အထိမ်းအမှတ်အဖြစ် (၂)မိနစ် မတ်တပ်ရပ်၍ ငြိမ်သက်ပြီး မေတ္တာပို့သကြပါသည်။]**

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ယခု ဆောင်ရွက်ခဲ့တဲ့ ဝမ်းနည်းကြောင်းအဆို တင်သွင်းတဲ့ လုံးကောက်စာသား၊ ထောက်ခံချက်၊ ဥက္ကဋ္ဌရဲ့ ဆုံးဖြတ်ချက်၊ (၂)မိနစ်ငြိမ်သက်တဲ့ ဓါတ်ပုံများနဲ့အတူ သပ်ရပ်တဲ့အဖုံးနဲ့ မှတ်တမ်းတင်ပြီးတော့ သက်ဆိုင်သူရဲ့ အမွေခံဆီ လွှတ်တော်ရုံးက ပေးပို့ဖို့ညွှန်ကြားပါတယ်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ စိစစ်ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးမှ အမည်စာရင်းတင်ပြထားပါတယ်။

**ဥက္ကဋ္ဌ**။ ။သို့ဖြစ်၍ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ဝန်ကြီးများ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ ဥပဒေချုပ်နှင့် တရားလွှတ်တော်တရားသူကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်အကြံပေးပညာရှင်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ ကြွရောက်လာသောဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသန္တရ စီမံကိန်း ဥပဒေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ **အခန်း(၄)** ဥပဒေပြုရေးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် တင်သွင်းခွင့်ရှိသော ဒေသန္တရစီမံကိန်းဥပဒေ ရေးဆွဲပေးပို့ခြင်းအပေါ်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ဦးစွာရေးဆွဲ၍ လွှတ်တော်သို့ ဦးစွာပထမတင်ပြသင့်ပါသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ ရေးဆွဲတင်ပို့ခြင်းသည် ဝန်ကြီးဌာနအပြောင်းအလဲများကြောင့် နောက်ကျသည်ဟုလည်း ထင်မြင်မိပါသည်။ သို့ရာတွင် နောက်နှစ် ၂၀၁၈-၂၀၁၉ ခုနှစ်များအတွက် ဒေသန္တရစီမံကိန်းဥပဒေကို နောက်မကျစေဘဲ လွှတ်တော်သို့ ပေးပို့ရန် ဆွေးနွေးလိုပါတယ်။

ဥပဒေကြမ်း၏ **အခန်း(၁) အပိုဒ်၃ (က)** တွင်ပြင်ဆင်လိုသည်မှာ ဒေသန္တရစီမံကိန်း ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက် ဖြစ်စေ၊ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်၍မည်မျှတိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ ဒေသန္တရ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀နှစ်ရှည်စီမံကိန်း၊ ကာလတို၅နှစ်စီမံကိန်းများနှင့် အဆိုပါ စီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါဝင်ပါသည်။ တိုင်းဒေသကြီး စီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနောက်တွင် **ဥပဒေနှင့် ညီညွတ်သော** စက်မှုဇုန်များနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဟု ပြင်ဆင်လိုပါသည်။ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်ဟု ဖော်ပြ ထားပါသည်။ ပြင်ဆင်လိုသည့်အချက်မှာ စက်မှုဇုန်များနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ ရှေ့တွင် **ဥပဒေနှင့်ညီညွတ်သော** အချက်သာဖြစ်ပါသည်။

ရည်ရွယ်ချက်မှာ- ဥပဒေနှင့် မညီညွတ်သော စက်မှုဇုန်များနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဒေသန္တရစီမံကိန်းဆိုသည့်စကားရပ်တွင် အကျုံးဝင်သည်ဟု မမှတ်ယူရန်အတွက် ပြင်ဆင်လိုခြင်း ဖြစ်ပါသည်။

မေးမြန်းလိုသည်မှာ **အခန်း(၁) ပုဒ်မ ၃(ဃ)** တွင် ပုံမှန်ဈေးနှုန်းဆိုသည်မှာ အခြေခံနှစ် (၂၀၁၀-၂၀၁၁)ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်ဟု ဖော်ပြထားရာတွင် မည်သည့်အတွက်ကြောင့် အခြေခံနှစ်ကို (၂၀၁၀-၂၀၁၁)အဖြစ် သတ်မှတ်ထား သည်ကို သိရှိလိုပါသည်။ ဒီနေရာတွင် မိမိ၏လေ့လာမှုအားနည်း၍ မသိခြင်းကြောင့် မေးမြန်းရခြင်းဖြစ်ပါသည်။

**အခန်း(၂)** စီမံကိန်းရည်မှန်းချက်များတွင် **အပိုဒ် ၄(င)** တွင် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၈၉၈၁၈. ၂၁၀သန်းဖြင့် ရင်းနှီး မြှုပ်နှံရန်ဟု ဖော်ပြပါရှိခဲ့သော်လည်း (၁. ၁၂. ၂၀၁၆)ရက်စွဲဖြင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ အသုံးစရိတ်ပေးပို့သည့် ငွေလုံးငွေရင်းမှာ ကျပ်၈၃၁၃၇. ၂၀၂သန်းဖြစ်ပါသည်။ ထိုငွေလုံးငွေရင်း နှစ်ခုအား ခြားနားရာတွင် ကျပ်၆၆၈၁. ၀၀၈သန်း ပိုမိုလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)တွင် မည်သည်လုပ်ငန်းများအတွက် ထည့်သွင်းလျာထားခြင်းဖြစ်ကြောင်း သိရှိလိုပါသည်။

**အခန်း(၃)** အထွေထွေ **အပိုဒ် ၅**တွင် တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ(၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ရန်ဖြစ်သည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအလိုက်၊ ဒေသ အလိုက် လိုအပ်သောလုပ်ငန်း အစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်ဟု ဖော်ပြထားပါသည်။ ထိုသို့ဖော်ပြချက်သည် မဆောင်ရွက်လျှင်ရသည်ဟု သတ်မှတ်ထားရာရောက်နေပါသည်။ အသေးစိတ်လုပ်ငန်းအစီအစဉ်များ မဆောင်ရွက်လျှင်လည်းရနိုင်သည်ဟု ဖော်ပြထားရာရောက်နေပါသည်။ ထို့ကြောင့် တိကျစွာ ပြောင်းလဲပြင်ဆင်ပေးစေလိုပါသည်။

တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲပါ (၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ရမည်ဟု ပြောင်းလဲသင့်ပါသည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက် ဒေသအလိုက် လိုအပ်သော စီမံကိန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်ရမည်ဟု ပြောင်းလဲသင့်ပါတယ်။

**အခန်း(၃)** အထွေထွေ **အပိုဒ် ၉**တွင် တိုင်းဒေသကြီးအတွင်းရှိဌာနအဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသောအင်္ဂါရပ်များနောက်၌ **အသေးစိတ်တွက်ချက်မှုများ၊** ဆန်းစစ်ချက်များ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်ဟု ပြင်ဆင်သင့်ပါသည်။ အသေးစိတ်တွက်ချက်မှုများဆိုသည့် စကားရပ်ထည့်သွင်း ပြင်ဆင်သင့်ပါသည်။ ထိုစကားရပ်ကိုထည့်သွင်းရခြင်းမှာ အသေးစိတ်တွက်ချက်မှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော် မိမိတို့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကြားမှာ ပြောကြားရသည့်စကားများစွာ ဖြစ်ထွန်းလျက်ရှိပါသည်။ ထိုအရာကို ဥပဒေတွင် အသေးစိတ်တွက်ချက်မှုများဟူသည့် စကားရပ်တစ်လုံးထည့်လိုက်သည်နှင့်တစ်ပြိုင်နက် ဒီဥပဒေသည် ပြည့်စုံမှုအတိုင်းအတာတစ်ခုအထိ ရှိသွားပြီး ယခုကဲ့သို့ ပြောနေရမည့် စကားများပပျောက်သွားမည်ဖြစ်ပါသည်။

ယခုဥပဒေကြမ်းသည် ၂၀၁၆-၂၀၁၇ယခင်အစိုးရလက်ထက်က ပြဋ္ဌာန်းခဲ့သော ဒေသန္တရ ဥပဒေနှင့် ကိန်းဂဏန်းများသာကွဲ၍ အကြောင်းအရာများ၊ စီမံကန်းရည်ရွယ်ချက်များ တူညီနေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ယခင်အစိုးရလက်ထက်မှ ကဏ္ဍအလိုက်မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော်ထားသည့် သဘောသက်ရောက်နေပါသည်။ ကိန်းဂဏန်းအရသာ ပြင်ဆင်ပြောင်းလဲမှုရှိပြီး အနှစ်သာရပိုင်းများ ပြင်ဆင်ပြောင်းလဲမှုမရှိပါဘူး၊ မိမိတို့နိုင်ငံမှာ စီးပွားရေးမူဝါဒ (၁၂) ချက်သည် ပြင်ဆင်ပြောင်းလဲထားသည့် အချက်များ ပါဝင်ပါသည်။ ဒါကြောင့် မိမိတို့ ပဲခူးတိုင်းဒေသကြီးအစိုးရကို ပြောင်းလဲချိန်တန်ပြီဆိုသည့် စကားရပ်ဖြင့် မိမိတို့မေးမြန်းချင်ပါသည်။ ဘာတွေပြောင်းလဲထားတာလဲ၊ ကိန်းဂဏန်းအရဘဲ ပြောင်းလဲတာလား၊ ရည်မှန်းချက်၊ အနှစ်သာရများ၊ ရည်ရွယ်ချက်များ ပြောင်းလဲမှု မရှိဘူးလားဆိုသည့်အပိုင်းကို မိမိတို့မေးမြန်းချင်ပါသည်။

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ရှင်းလင်းရန်ရှိက ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။သို့ဖြစ်၍ ဦးရဲလင်းနိုင်၏ ဆွေးနွေးမှုအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ မေးခွန်းနှင့် ပတ်သက်ပြီး အစချီရမည် ဆိုလျှင် စီမံကိန်းဆိုင်ရာ ဒေသန္တရဥပဒေမှာ မူကြမ်းသာ ဖြစ်ပါတယ်။ အသေးစိတ်ထည့်သွင်းထားတာ မရှိပါကြောင်း၊ မူကြမ်းဖြစ်၍ လွှတ်တော်တွင် ဖွဲ့စည်းထားသည့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ယင်းမူကြမ်းနှင့် ပတ်သက်ပြီး မည်သည့်အရာထည့်သင့်သည်၊ မည်သည့်အရာပြောင်းသင့်သည်ဆိုသည်ကို ရေးဆွဲသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးမှ ပြန်လည်ပြီးဆွေးနွေးဖို့ဖြစ်ပါတယ်။ ထည့်သင့်ထည့်ထိုက်သည့် စာသားများ၊ ထည့်သင့်ထည့်ထိုက်သည့်ကိစ္စအဝဝကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယခုမှာ မေးခွန်းသက်သက်ထည့်ရခြင်းဖြစ်ပြီး၊ ယခင်နေ့ကရသည့် ဦးရဲလင်းနိုင်မေးမြန်းသည့်မေးခွန်းမှာ အခန်း(၁) အပိုဒ် ၃ (က) (ဃ)၊ အခန်း(၃) အပိုဒ် ၅၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃တို့ ဖြစ်ပါတယ်။ ယနေ့နံနက်မှရသည့် မေးခွန်းတွင် အခန်း(၂) စီမံကိန်းရည်မှန်းချက်တွင် အပိုဒ် ၄ (င)ပါသည့် အတွက် ၎င်းနှင့်ပတ်သက်ပြီး ဖြေကြားရန်အဆင်သင့် မပါရှိပါ၍ ဦးရဲလင်းနိုင်ကို မိမိမေတ္တာရပ်ခံပါတယ်။ မိမိနောက်နေ့ဖြေရမည်ဆိုပါက ထပ်မံပြီးဖြေမည် ဖြစ်ပါတယ်။

ဖြေကြားရမည်ဆိုလျှင် ဥပဒေမူကြမ်းဆိုသည်မှာ မိမိတင်ပြခဲ့သည့်အတိုင်း ဥပဒေကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာဌာနများမှ နှစ်စဉ်နှစ်တိုင်း ဥပဒေမူကြမ်းများ တင်ပြရပါတယ်။ ဥပဒေ မူကြမ်း တင်ပြသည့်အခါတွင် မည်သည့်အစိုးရ၏လက်အောက်မှ မည်သည့်အစိုးရ၏မူနှင့် မကိုက်အောင် တင်ပြရမည်မဟုတ်ဘဲ စီမံကိန်းဆိုသည်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရမည်ဖြစ်၍ ခေါင်းစဉ်များတူနေတတ်ပါသဖြင့် လုပ်ငန်းများအပေါ်တွင် မူတည်ပါတယ်။ ဥပဒေကြမ်းပြီးသည့်အခါ ဥပဒေ အဖြစ် အတည်ပြုမည်ဖြစ်ပြီး ဥပဒေအတည်ပြုသည့်အခါ ဥပဒေတွင် နည်းဥပဒေပါမည်ဖြစ်ပြီး နည်းဥပဒေ ပြီးသည့်အခါ ညွှန်ကြားချက်များ၊ အမိန့်များ ပါလာမည်ဖြစ်ပါတယ်။ ၎င်းထဲတွင် အသေးစိတ်ဖွင့်လှစ်ပြီး

ဆောင်ရွက်မည်ဆိုလျှင် ဦးရဲလင်းနိုင်တင်ပြသည့်အချက်များသည် အလိုအလျောက် ပါသွားမည်ဟု မိမိယူဆပါကြောင်း၊ အထူးအားဖြင့် လွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင် ဆွေးနွေးမေးမြန်းသည့် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ပါ ဖော်ပြချက်များသည် ဥပဒေအသုံးအနှုန်းစကားရပ်များဖြစ်ပြီး ဥပဒေအရဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လုပ်ငန်းစဉ်များကို ပုဒ်မများဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။ အခန်း(၁)၊ အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက် ပုဒ်မ၃ (က) ၃(ဃ)တို့သည် ဥပဒေတွင်ပါရှိသော စကားရပ်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်ပြီး အခန်း(၃)၊ အထွေထွေ ပုဒ်မ ၅၊ ၈၊ ၉၊ ၁၂၊ ၁၃ တို့သည် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေတွင် ပါရှိသော ပဲခူးတိုင်းဒေသကြီး၊ စီးပွားရေးကဏ္ဍ(၁၄)ခု၏ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အစီအစဉ်များ၊ ဌာနအဖွဲ့အစည်းများ ပူးပေါင်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသန္တရစီမံကိန်း ရင်းနှီးမြုပ်နှံမှုလျာထားချက် လုပ်ငန်းစီမံကိန်း (Projects)၊ လုပ်ငန်းများ (works)များ၏ သတ်မှတ်ချက်များ၊ ဆန်းစစ်လေ့လာချက်များနှင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းပေးထားသည့် ပုဒ်မများဖြစ်ပါတယ်။

ဒေသန္တရစီမံကိန်းဥပဒေ ပုဒ်မ ၃(က)တွင် ဒေသန္တရစီမံကိန်းသည် သတ်မှတ်ထားသည့်ကာလ ၂၀၁၇ခုနှစ်၊ ဧပြီလမှ ၂၀၁၈ခုနှစ် မတ်လအတွင်း စီးပွားရေးကဏ္ဍ (၁၄)ခု၏ ရည်မှန်းချက်များနှင့် ကဏ္ဍတစ်ခုချင်း မည်၍မည်မျှ တိုးတက်အောင် ဆောင်ရွက်ရမည်တို့ကို ဖော်ပြထားပါသည်။ တိုင်းဒေသကြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျ အကောင်အထည်ဖော်ရန်အတွက် ဥပဒေ၏ နိဒါန်းတွင် ပါဝင်သော **"ပဲခူးတိုင်းဒေသကြီးတွင် လူမှုစီးပွား နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှု ရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်"** နှင့်အညီ ဒေသန္တရစီမံကိန်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ဒေသန္တရဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုင်းနှစ်စီမံကိန်းတို့၏ ရည်မှန်းချက်များနှင့် အဆိုပါ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ၊ အကျုံးဝင်ပါကြောင်း ဖော်ပြထားခြင်း ဖြစ်ပါတယ်။

ထို့အပြင် ပုဒ်မ၃(ဃ)တွင် ဒေသန္တရစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် အခြေခံနှစ် တစ်နှစ်သတ်မှတ်ထားပြီး သတ်မှတ်ထားသောကာလအတွင်း အမှန်တကယ်တိုးတက်မှုရှိ/မရှိ သိရှိနိုင်ရန် အခြေခံနှစ်တွင် ဖြစ်ပေါ်လျက်ရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို အခြေခံထား၊ ပုံသေထား၍ သတ်မှတ်ထားသည့် ပုံမှန်ဈေးနှုန်းဖြင့် တွက်ချက်ဖော်ပြခြင်းအားဖြင့် ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ အသီးသီးတို့၏ အမှန်တကယ်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအခြေအနေကို သိရှိနိုင်ပြီး အမှန်တကယ်တိုးတက်မှု (Real Growth) ကို သိရှိနိုင်မည်ဖြစ်ရာ အခြေခံနှစ်အဖြစ် ဖော်ပြသည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်ခဲ့သော ကုန်စည်နှင့်ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ပုံမှန်ဈေးနှုန်းအဖြစ် အသုံးပြုခြင်းဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးအပ်ပါတယ်။

ဒေသန္တရစီမံကိန်းဥပဒေအခန်း(၃)၊ ပုဒ်မ ၅တွင် ဖော်ပြထားသည့် ပူးတွဲ(၁)၊ (၂)၊ (၃)နှင့် (၄)ပါ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍတို့၏ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာန၊ လုပ်ငန်းအဖွဲ့အစည်း အသီးသီးတို့သည် မိမိတို့ကဏ္ဍတွင်ပါဝင်သော ဝန်ကြီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းအချင်းချင်းသော်လည်းကောင်း၊ ကဏ္ဍအသီးသီးရှိဝန်ကြီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းတို့သည် မိမိကဏ္ဍအချင်းချင်းသော်လည်းကောင်း၊ စီမံကိန်းရည်မှန်းချက် ပြည့်မီအောင် အဆက်အစပ် မိမိပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ကြရမည်ဖြစ်ပြီး ကဏ္ဍအလိုက် တာဝန်ယူရမည့် လုပ်ငန်းအဖွဲ့အစည်းများသည် မိမိတို့ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းစဉ်ဇယား (work Schedule)များ အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်ကြောင်း ဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ စီမံကိန်းရည်မှန်းချက်များကို ဖော်ပြနိုင်ရန်အတွက်-

- စီးပွားရေးကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုရည်မှန်းချက်များ ရေးဆွဲချမှတ်ခြင်း၊
- ထုတ်လုပ်မှုရည်မှန်းချက်များအတွက် သွင်းအားစုများ ရေးဆွဲချမှတ်ခြင်း၊
- စီးပွားရေးကဏ္ဍများ၏ ကုန်ထုတ်စွမ်းအားစုများ ဖော်ထုတ်အသုံးပြုနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များ ရေးဆွဲချမှတ် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။

ဥပဒေပုဒ်မ ၈၊ လူသားအရင်းအနှီးဖွံ့ဖြိုးရေး စီမံကိန်းများဆောင်ရွက်ရန်အတွက် (National Skill Standard Authority - NSSA) ကို အမျိုးသားအဆင့် ကျွမ်းကျင်မှုဆိုင်ရာ စံသတ်မှတ်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေပုဒ်မ ၉၊ ၁၂၊ ၁၃ တို့သည် ပဲခူးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေပါ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များကို လုပ်ငန်းစီမံကိန်းများ (Projects)၊ လုပ်ငန်းများ (works) များဖြင့် လျာထားဆောင်ရွက်ပါတယ်။ လုပ်ငန်းစီမံကိန်းများ (Projects)သည် နိုင်ငံ၏အကျိုးစီးပွားအတွက် စီမံကိန်းချမှတ်ပြီး နှစ်ရှည်တည်ဆောက်ယူရမည့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ငန်းစီမံကိန်း(Projects)ဟု သတ်မှတ်ပြီး၊ တစ်နှစ်အတွင်းပြီးစီးမည့် အဆောက်အဦ၊ စက်ရုံ၊ လမ်း၊ တံတား စသည်တို့ကို လုပ်ငန်းများ (works) ဟု သတ်မှတ်ပါတယ်။

လုပ်ငန်းစီမံကိန်းများ (Projects) တွင် စီမံကိန်းအမျိုးအစား၊ ဆောင်ရွက်မည့်အဖွဲ့အစည်း၊ စီမံကိန်းဒေသ၊ ငွေကြေးရယူမှု၊ စုစုပေါင်းကုန်ကျစရိတ်၊ အကောင်အထည်ဖော်မည့်ကာလ၊ စီးပွားရေး တွက်ခြေကိုက်မှု စတဲ့ သတ်မှတ်အချက်အလက်များ ပြည့်စုံရမှာဖြစ်ပါတယ်။ ထို့အပြင် လူမှုပတ်ဝန်းကျင် ထိခိုက်မှုရှိ/မရှိ ဆန်းစစ်ချက်(SIA)၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ/မရှိ ဆန်းစစ်ချက် (EIA) တို့ဖြင့် စိစစ်ပြီး သဘောတူညီချက်ရှိရမှာ ဖြစ်ပါတယ်။

ထိုသို့ လုပ်ငန်းစီမံကိန်းများ (Projects)၊ လုပ်ငန်းများ (works) တို့အတွက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည့်အပြင် တည်ဆောက်ရေးလုပ်ငန်းများအတွက်

တင်ဒါခေါ်ယူခြင်း၊ စာချုပ်ချုပ်ဆိုခြင်းနှင့် ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ခြင်းတို့အတွက် လိုက်နာရမည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်တို့အတွက် ဥပဒေဖြင့် ဖော်ပြထားခြင်း ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်နှင့်ပတ်သက်၍ အခန်း(၂) မေးခွန်းနှင့်ပတ်သက်ပြီး ပထမမေးခွန်းတွင်မပါလာသည့်အတွက် နောက်နေ့တွင် ပြန်လည်ဖြေကြားရန် စီစဉ်ပါ့မယ်။ စီစဉ်ပြီး ဦးရဲလင်းနိုင်နှင့် သီးသန့်တွေ့ပြီး ဖြေကြားရမည်ဆိုပါက သီးသန့်ဖြေကြားပေးပါမယ်။ ၎င်းဥပဒေမူကြမ်းနှင့် ပတ်သက်ပြီး လိုအပ်သည်များရှိပါက ဆက်လက်ပြီး မေးမြန်းနိုင်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးကမေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည် ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ကြို့ပင်ကောက်မြို့၊ စေတီကုန်းအုပ်စု လယ်ဒီရွာထိပ်မှ ဇီးကုန်း-ကြို့ပင်ကောက် မြို့ချင်းဆက်လမ်းသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကိုယ်ထူကိုယ်ထ မြေသား တာအား ဂဝံလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ကြို့ပင်ကောက်မြို့-ညောင်ပင်မြင်းစီးအုပ်စုနှင့် ဘုရားကြီးကုန်း အုပ်စုသို့ ဆက်သွယ် ဖောက်လုပ်ထားသော ဘုရားကြီးကုန်း လမ်းပိုင်း ကံဝေကုန်းရေကြည်၊ ရေသိုးမြေသား တာအား ဂဝံလမ်းခင်းပေးနိုင်ခြင်း ရှိ/မရှိ ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“ကြို့ပင်ကောက်မြို့နယ်၊ မြို့လယ်ချောင်းမှ မကျီးပင်စုထိ ဖောက်လုပ်ထားသော ရွာချင်းဆက်လမ်းပေါ်ရှိ လိန်ပင်ကွင်း အုပ်စု၊ ချောင်းနားကျေးရွာတွင်ရှိသည့် ချောင်းကူး တံတားအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **“ကြို့ပင်ကောက်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်းနံဘေးရှိ ကြံတောစုကျေးရွာမှ အနောက်ဘုရားကြီးကုန်း(ကြို့ပင်ကောက်-ဇီးကုန်းမြို့ချင်းဆက်လမ်း)သို့ ဖောက်လုပ်**

**ထားသော (၅)မိုင်၊ (၄)ဖာလုံ၊ မြေသားလမ်းအား ဂဝံလမ်းအဖြစ်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **"ကြို့ပင်ကောက်မြို့နယ်၊ စိုင်ဂေါင်းအုပ်စု၊ သာစည်ရွာမှ အရှေ့တောင်ရိုးကွင်းရွာသို့ ဖောက်လုပ်ထားသော အရှည်(၄)မိုင်၊ (၇)ဖာလုံရှိ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဂဝံလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ကြို့ပင်ကောက်မြို့နယ်၊ စေတီကုန်းအုပ်စုတွင်းရှိ လယ်ဒီကျေးရွာသည် ကြို့ပင်ကောက် မြို့နှင့် (၉)မိုင်ခန့်ဝေးကွာပြီး ဒေသတွင်းအချက်အချာကျသောရွာတစ်ရွာဖြစ်ပါသည်။ လယ်ဒီရွာမှ ဇီးကုန်း-ကြို့ပင်ကောက်မြို့ချင်းဆက်လမ်းနှင့် ဆက်သွယ်ထားသော ကိုယ်ထူကိုယ်ထ လမ်းအဖြစ် ၂၀၁၁ခုနှစ်က တည်ဆောက်ထားသော (၃)မိုင်နှင့် ၂၀၀ပေရှည်လျားသော လမ်း ဖြစ်ပါသည်။

ထိုလယ်ဒီလမ်းတာသည် လယ်ဒီ၊ စပယ်ရုံ၊ လယ်ဒီရွာသစ်၊ စိန်တွင်းမြိုင်၊ မကျီးပင်၊ ရေသိုး၊ သရက်တပင်၊ ဖားဝါးကုန်း၊ စေတီကုန်း၊ ရှားစေးဘို၊ ဘန့်ဘွေးကုန်း၊ ကျင်စွယ်၊ ကြည်စု၊ ထန်းကုန်း၊ မင်းအို၊ ညောင်တန်း၊ ဗောဓိကုန်း၊ သဲခုံ၊ ကျောက်ဝ၊ ဖလံပင်၊ ရွာသစ်အစရှိသော ရွာပေါင်း (၂၀)ကျော်မှ ပြည်သူလူထု အသုံးပြုသွားလာနေသောလမ်းဖြစ်ပါသည်။

ထိုလယ်ဒီလမ်းသည် အရှည်(၃)မိုင်နှင့် ပေ(၂၀၀)အကျယ်(၁၀)ပေရှိပြီး၊ ကိုယ်ထူကိုယ်ထကျေးရွာများမှ ပြည်သူလူထုခင်းခဲ့သောလမ်းဖြစ်ပြီး ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်လည်ပြုပြင်ပေးမည်ဆိုပါက ဖြတ်သန်းသွားသော လယ်မြေများ၏ လယ်ယာမြေလုပ်ကိုင်ခွင့် ရရှိသူများမှ လမ်းပြုပြင်တည်ဆောက်မှုအတွက် အဆင်ပြေအောင်ဆောင်ရွက်ပေးရန် သဘောတူကြောင်း တင်ပြလာပါသည်။

အဆိုပါမြေသားတာအား ဂဝံလမ်းအဖြစ် ပြန်လည်ခင်းပေးမည်ဆိုပါက လမ်းပန်း ဆက်သွယ်ရေးနှင့် သွားလာရေးအလွန်အဆင်ပြေချောမွေ့သွားမည်ဖြစ်ပြီး ကြို့ပင်ကောက်မြို့ ၏ အနောက်ဘက်ခြမ်းဒေသ၏ သုံးပုံတစ်ပုံသော ဒေသခံပြည်သူလူထုတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

သို့ပါ၍ ကျေးရွာပေါင်း(၂၀)ကျော် တစ်နေ့လျှင် ပြည်သူလူထု(၂၀၀)ခန့်အသုံးပြု သွားလာနေသော၊ လယ်ဒီရွာနှင့် အနောက်ဘက်မြို့ချင်းဆက်လမ်းသို့ ဖောက်လုပ်ထားသော ကိုယ်ထူကိုယ်ထ မြေသားတာ (၃)မိုင်နှင့်ပေ(၂၀၀)အား ဂဝံလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ကြို့ပင်ကောက်မြို့နယ်၊ ဘုရားကြီးကုန်းလမ်းပိုင်းသည် ဇီးကုန်း၊ ကြို့ပင်ကောက်မြို့ ချင်းဆက်လမ်းပိုင်းဖြစ်ပါသည်။ ၎င်းဘုရားကြီးကုန်းလမ်းပိုင်းနှင့် ကံဝေကုန်းရေကြည်၊ ရေသိုးရွာသို့ မြေသားတာတစ်ခုကို ဒေသခံပြည်သူများက ဖောက်လုပ်ထားပါသည်။

ထိုတာသည် ဘုရားကြီးကုန်းအုပ်စု၊ ကံဝေကုန်းရေကြည်ရွာနှင့် ညောင်ပင်မြင်းစီးအုပ်စု မှ ရေသိုးရွာမှ ပြည်သူလူထု(၁၀၀၀)ခန့်က မှီခိုအားထားနေရသောလမ်းဖြစ်ပြီး လမ်းပိုင်း၏ အရှည်မှာ (၁)မိုင်(၄)ဖာလုံခန့် ရှိသော မြေသားတာဖြစ်ပါသည်။ ထိုမြေသားတာအား ဂဝံလမ်းအဖြစ် ပြုလုပ်ပေးနိုင်မည်ဆိုပါက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများစွာ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

သို့ပါ၍ ဘုရားကြီးကုန်းလမ်းပိုင်း(မြို့ချင်းဆက်လမ်း)နှင့် ကံဝေကုန်း၊ ရေကြည်၊ ရေသိုးရွာများသို့ သွားလာရန် ဖောက်လုပ်ထားသော အရှည်(၁)မိုင်(၄)ဖာလုံနှင့် အကျယ်(၁၅)ပေ ခန့်ရှိသော၊ မြေသား တာအား ဂဝံခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်း ဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်းမကြီးနံဘေးရှိ မြို့လယ်ချောင်းမှ အနောက်တည့်တည့်သို့ ဖောက်လုပ်ထားသော ရွာချင်းဆက်လမ်းမကြီးသည် အုတ်ဖိုမြို့နယ်ထိရောက်သော ရွာချင်းဆက်လမ်းဖြစ်ပါသည်။

ထိုလမ်းမကြီးပေါ်တွင် ကျေးရွာပေါင်း(၁၁)ရွာဖြစ်သော လိန်ပင်ကွင်းအုပ်စုမှ ကျေးတောကြီး၊ ဆီဆုံကုန်း၊ ကျွန်းကုန်း၊ ချောင်းနား၊ ထောက်ကြံ့တောနှင့် ဆင်နင်းပင်အုပ်စုမှ ဆင်နင်းပင်၊ ကထက်ကုန်း၊ ကတုတ်၊ လက်ဆက်၊ မကျီးပင်စု၊ ကျောင်းစုအစရှိသော ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူလူထုများနှင့် အုတ်ဖိုမြို့နယ်အတွင်းရှိ တော်တနီကုန်း၊ တက်ဆွဲ၊ ညောင်ပင်အိုင်အစရှိသော ကျေးရွာမှ ပြည်သူလူထုအပါအဝင် လူ (၄၀၀၀)ခန့် အသုံးပြုသွားလာနေသောလမ်းဖြစ်ပါသည်။

ထိုလမ်းမကြီးပေါ်ရှိ လိန်ပင်ကွင်းအုပ်စု၊ ချောင်းနားကျေးရွာ ချောင်းကူးတံတားမှာ ယခင်ကတည်းက ပြည်သူလူထုမှ ကိုယ်ထူကိုယ်ထတည်ဆောက်ထားသော ထန်းလုံးခင်းတံတား ဖြစ်ပါသည်။ ယခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ ချောင်းရိုးကို ပြန်လည်တူးဖော်ခဲ့သဖြင့် ချောင်းလည်းကျယ်ပြီး တံတားမှာ ကျဉ်းနေပါသည်။ တံတားမှာလည်း ထန်းလုံးခင်းပြီး မြေသား တင်ထားသောတံတားဖြစ်၍ ယခုအခါ ဆိုးဆိုးရွားရွားပျက်စီးနေပြီဖြစ်ပါသည်။ ကျေးလက်နေ ပြည်သူလူထုထောင်ပေါင်းများတို့၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးစက်ပစ္စည်းများနှင့် လယ်ယာထွက်ကုန်သီးနှံများ၊ သယ်ယူပို့ဆောင်နိုင်ရေးကိစ္စများကို ထိုတံတားကိုအဓိကထားပြီး ဒေသ တစ်ခုလုံး အသုံးပြုနေရပါသည်။

ယခုအခါ ထိုချောင်းနားကျေးရွာ ချောင်းကူးတံတားမှာ ထန်းလုံးများ ဆွေးမြေ့နေပြီး၊ အခင်းများ ပျက်စီးနေပြီဖြစ်၍ ဒေသတွင်းရှိ ကျေးရွာပြည်သူလူထု၏ သွားလာရေးခက်ခဲပြီး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ထိခိုက်ပျက်စီးမှုများ ရှိနေပါသည်။

သို့ပါ၍ ကြို့ပင်ကောက်မြို့နယ်၊ ထိန်ပင်ကွင်းအုပ်စု၊ ချောင်းနားကျေးရွာမှ ချောင်းကူး တံတားအား ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ နှင့် မည်သည့်ဘဏ္ဍာရေး နှစ်တွင် တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်းသိလိုပါ၍ မေးမြန်းအပ်ပါသည်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်းမကြီးနံဘေးရှိရွာများမှ ဒေသအတွင်းဖောက်လုပ်ထားသော ရွာချင်းဆက်လမ်းမကြီးများထဲတွင် ကြံတောစု၊ ဘုရားကြီးကုန်းလမ်းလည်း တစ်လမ်းအပါအဝင်ဖြစ်ပါသည်။

ကြံတောစု၊ ဘုရားကြီးကုန်းလမ်းသည် အရှည်(၅)မိုင်၊ (၄)ဖာလုံရှိပြီး ဇီးကုန်းမြို့နှင့် ကြို့ပင်ကောက်မြို့ဆက်သွယ်ထားသော မြို့ချင်းဆက်လမ်းသို့ပေါက်သော မြေသားလမ်း ဖြစ်ပါသည်။ အရှည်(၅)မိုင်(၄)ဖာလုံရှိပြီး ရွာချင်းဆက်လမ်းဖြစ်၍ ကျေးရွာပေါင်း(၁၉)ရွာ၊ အိမ်ထောင်စုပေါင်း(၁၃၄၆)၊ အိမ်ထောင်စု၊ ကျေးရွာနေပြည်သူပေါင်း(၅၃၃၁)ဦး အသုံးပြု သွားလာနေသောလမ်းဖြစ်ပါသည်။

ကြို့ပင်ကောက်မြို့နယ်၏ တတိယအချက်အချာကျသောလမ်းဟု ဆိုနိုင်ပါသည်။ ကြို့ပင်ကောက်မြို့ဖွံ့ဖြိုးတိုးတက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ချင်းဆက်လမ်းနှင့် ဆက်သွယ်နေသော ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ကြံတောစုဘုရားကြီးကုန်း ကျေးရွာချင်းဆက်မြေသားလမ်း(၅)မိုင်(၄)ဖာလုံအားဂဝံလမ်းအဖြစ် ခင်းပေးနိုင်ခြင်းရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခင်းပေးနိုင်မည်ဖြစ်ကြောင်း မေးမြန်းအပ်ပါသည်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်းမကြီးနံဘေးရှိ စိုင်ဂေါင်းအုပ်စု၊ သာစည်ရွာမှ အနောက်တည့်တည့် အရှေ့တောင်ရိုးကွင်းရွာသို့ ဖောက်လုပ်ထားသောလမ်းသည် အရှည်(၄)မိုင် (၇)ဖာလုံရှိပြီး ကျေးရွာချင်းဆက်လမ်းဖြစ်ပါသည်။ ၎င်းလမ်းသည် ကြို့ပင်ကောက်မြို့နယ်ဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးသင့်သော ကျေးရွာချင်းဆက်လမ်းဖြစ်ပါသဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ၎င်းလမ်းအား ဂဝံလမ်းအဖြစ် တည်ဆောက်ပေးနိုင်ပါရန်နှင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ခြင်းမရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိလို၍ မေးမြန်းရသော ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်းမကြီးနံဘေးရှိ စိုင်ဂေါင်းအုပ်စု၊ သာစည်ကျေးရွာမှ အနောက်ဘက် ကြို့ပင်ကောက်မြို့နှင့် ဇီးကုန်းမြို့ ဆက်သွယ်ထားသော မြို့ချင်းဆက်လမ်း အနီးရှိ အရှေ့တောင်ရိုးကွင်း၊ ရွာသို့ပေါက်သော အရှည်(၄)မိုင် (၇)ဖာလုံရှိ လူသွားလမ်း ဖြစ်ပါသည်။ ၎င်းလမ်းသည် ဒေသဆိုင်ရာ ပြည်သူတို့မှ ဆောင်ရွက်ထားသော ကိုယ်ထူကိုယ်ထလမ်း ဖြစ်ပါသည်။ ၎င်းလမ်းသည် ကျေးရွာချင်းဆက် လမ်းဖြစ်ပြီး၊ ၎င်းကိုအမှီပြု၍ ရွာပေါင်း(၁၁)ရွာ၊ ပြည်သူလူထု(၂၀၀၀)ကျော်နှင့် အိမ်ထောင်စုပေါင်း(၅၄၃)အိမ်ထောင် မှီခိုအားထားပြီး သွားလာနေရသောလမ်း ဖြစ်ပါသည်။

မြို့နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တစ်ကြိမ်တစ်ခါဘူးမျှ ပံ့ပိုးတည်ဆောက်ပေးခဲ့ခြင်းမရှိသောလမ်းဖြစ်ပါသည်။ ကြို့ပင်ကောက်မြို့နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်လာရန် သာစည်အရှေ့တောင်ဘက်ကွင်းလမ်းကို မဖြစ်မနေ တည်ဆောက်ပေးသင့်သော လမ်းတစ်လမ်းဖြစ်သည်ဟု ယူဆမိပါသည်။

သို့ပါ၍ သာစည်အရှေ့တောင်ရိုးကွင်း ရွာချင်းဆက်လမ်း (၄)မိုင် (၇)ဖာလုံအား ဂဝံ လမ်းအဖြစ် ခင်းပေးသင့်ပါကြောင်းနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခင်းပေးနိုင်မည်ဖြစ် ကြောင်းသိလို၍ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် မေးမြန်းသည့် မေးခွန်း(၅)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကြို့ပင်ကောက်မြို့၊ စေတီကုန်း အုပ်စု လယ်ဒီရွာထိပ်မှ ဇီးကုန်း-ကြို့ပင်ကောက် မြို့ချင်းဆက်လမ်းသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကိုယ်ထူကိုယ်ထ မြေသားတာအား ဂဝံလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ လယ်တီရွာထိပ်မှ ဇီးကုန်း- ကြို့ပင်ကောက် မြို့နယ်ချင်းဆက်လမ်းသို့ ဆက်သွယ်ထားသော တောင်ရိုးကွင်း-လယ်တီလမ်းသည် ကိုယ်ထူကိုယ်ထ မြေသားလမ်း (၃/၀. ၃မိုင်×၈ပေ×၂ပေ)ဖြစ်ပြီး ကျေးရွာ (၁၆)ရွာ အိမ်ခြေ (၁၂၁၇)အိမ်၊ လူဦးရေ (၅၀၃၀)ဦး နေ့စဉ်အသုံးပြုလျှက်ရှိပါသည်။ အဆိုပါလမ်းမှာ ဂဝံလမ်းအဖြစ် ခင်းပေးရန်အတွက် လမ်းမြေအကျယ်မှာ (၈)ပေသာရှိပြီး လမ်းဘေးဝဲယာရှိ မြေပိုင်ရှင်များမှလည်း လမ်းမြေလှူဒါန်းနိုင်မှုမရှိခြင်းအတွက် ဂဝံလမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းစံနှုန်း သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါကြောင်းနှင့် လမ်းဘေးဝဲယာရှိ မြေပိုင်ရှင်များ လှူဒါန်းပေးမှသာ ဆက်လက် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"ကြို့ပင်ကောက်မြို့- ညောင်ပင်မြင်းစီးအုပ်စုနှင့် ဘုရားကြီးကုန်း အုပ်စုသို့ ဆက်သွယ် ဖောက်လုပ်ထားသော ဘုရားကြီးကုန်း လမ်းပိုင်း ကံဝေကုန်းရေကြည်၊ ရေသိုးမြေသား တာအား ဂဝံလမ်းခင်းပေးနိုင်ခြင်း ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်တွင် မြို့နယ်ချင်း ဆက်စပ်လျှက် ရှိသော ဘုရားကြီးကုန်းလမ်းပိုင်းနှင့် ကဝေကုန်း-ရေကြည်-ရေသိုး ရွာများသို့ ဆက် သွယ်ထေားသော လမ်းသည် (၁/၄မိုင်×၁၅'×၂')ရှိပြီး ကျေးရွာ(၈)ရွာ၊ အိမ်ခြေ(၁၄၆)အိမ်၊ လူဦးရေ (၆၅၂)ဦးတို့ အသုံးပြုသွားလာနေသော ကိုယ်ထူကိုယ်ထ မြေသားလမ်းဖြစ်ပြီး (၁/၄မိုင်×၁၂'×၈") ဂဝံလမ်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၇၇. ၁၄၅)သန်း ကုန်ကျမည်ဖြစ်ကြောင်းကို တွက်ချက် ထားရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထား လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိပါသဖြင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ကြို့ပင်ကောက်မြို့နယ်၊ မြို့လယ်ချောင်းမှ မကျီးပင်စုထိ ဖောက်လုပ်ထားသော ရွာချင်းဆက်လမ်းပေါ်ရှိ လိန်ပင်ကွင်း အုပ်စု၊ ချောင်းနားကျေးရွာတွင်ရှိသည့် ချောင်းကူး တံတားအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ မြို့လည်ချောင်း-မကျီးပင်စု လမ်းပေါ်ရှိ ထန်းပင်လုံးများဖြင့် ယာယီပြုလုပ်ထားသော တံတား (၅၀'×၁၄'×၁၀')သည် ကျေးရွာ (၁၅)ရွာ၊ အိမ်ခြေ (၁၁၅၅)အိမ်၊ လူဦးရေ (၄၃၀၉)ဦး အသုံးပြုသွားလာနေသော တံတားဖြစ်ပါသည်။ အဆိုပါတံတားအား (၆၀'×၁၄'×၁၄') ကွန်ကရစ်တံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၆၀)သန်း ကုန်ကျမည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသော တံတားမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထား လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိပါသဖြင့် လတ်တလောဆောင်ရွက်ပေးရန် မရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ကြို့ပင်ကောက်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်းနံဘေးရှိ ကြံတောစုကျေးရွာမှ အနောက်ဘုရားကြီးကုန်း(ကြို့ပင်ကောက်-ဇီးကုန်းမြို့ချင်း ဆက်လမ်း)သို့ ဖောက်လုပ်ထားသော (၅)မိုင်၊ (၄)ဖာလုံ၊ မြေသားလမ်းအား ဂဝံလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ကြံတောစုကျေးရွာမှ၊ အနောက်ဘုရားကြီးကုန်း (ကြို့ပင်ကောက်-ဇီးကုန်းမြို့ ချင်းဆက်လမ်း)သို့ ဖောက်လုပ်ထားသော (၅/၄မိုင်×၁၀'×၂')ရှိ မြေသားလမ်းသည် ကျေးရွာ (၁၉)ရွာ၊ အိမ်ခြေ (၁၃၀၆)အိမ်၊ လူဦးရေ (၅၃၃၁)ဦး သွားလာ အသုံးပြုနေသော လမ်းဖြစ်ပြီး (၅/၄မိုင်×၁၀'×၈") ဂဝံလမ်း ဆောင်ရွက်ပေးမည် ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၂၃၅. ၆၇၅)သန်း ကုန်ကျမည် ဖြစ်ကြောင်းကို တွက်ချက်ထားရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထား လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိပါသဖြင့် လတ်တလောဆောင်ရွက်ပေးရန် မရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ကြို့ပင်ကောက်မြို့နယ်၊ စိုင်ဂေါင်းအုပ်စု၊ သာစည်ရွာမှ အရှေ့တောင်ရိုးကွင်းရွာသို့ ဖောက်လုပ်ထားသော အရှည်(၄)မိုင်၊ (၇)ဖာလုံရှိ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဂဝံလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ သာစည်ရွာမှ အနောက် တည့်တည့် အရှေ့တောင်ရိုးကွင်းသို့ ဆက်သွယ်သောလမ်းမှာ (၄/၇မိုင်×၈'×၂')ရှိ

ကိုယ်ထူကိုယ်ထ မြေသားလမ်းဖြစ်ပြီး ကျေးရွာ (၁၁)ရွာ၊ အိမ်ခြေ (၅၄၃)အိမ်၊ လူဦးရေ (၂၀၀၀)ဦး နေ့စဉ် အသုံးပြုသွားလာနေသော လမ်းဖြစ်ကြောင်းကို မှတ်တမ်းတင်ထားရှိပါသည်။ အဆိုပါလမ်းမှာ ဂဝံလမ်းအဖြစ် ခင်းပေးရန်အတွက် လမ်းမြေ အကျယ်မှာ (၈')ပေသာ ရှိပြီး လမ်းဘေးဝဲယာရှိ မြေပိုင်ရှင်များမှလည်း လမ်းမြေ လှူဒါန်းနိုင်မှုမရှိခြင်းအတွက် ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လမ်းစံနှုန်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါကြောင်းနှင့် လမ်းဘေးဝဲယာရှိ မြေပိုင်ရှင်များ လှူဒါန်းပေးမှသာ ဆက်လက်ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သနပ်ပင်မြို့နယ် မင်းရွာ-ဝင်းကဒတ်ရိုး တိမ်ကောနေမှုအား တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြန်လည်တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"သနပ်ပင်မြို့နယ်၊ မင်းရွာ တိုက်နယ်ဆေးရုံအတွက် (11KV) ဓါတ်အား လိုင်းနှင့် (200KVA) ဓါတ်အားခွဲရုံ တည်ဆောက် ပေးနိုင်ခြင်း ရှိ/မရှိနှင့် ကျိုက်ပဒိုင်လေး ကျေးရွာအတွက် (11KV) ဓါတ်အား လိုင်းနှင့် (200KVA) ဓါတ်အားခွဲရုံနှင့် ထရန်စဖော်မာ(၁)လုံး တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မင်းရွာ-ဝင်းကဒတ်ရိုးသည် မင်းရွာ၊ မင်းရွာတာဝ၊ အောက်တကဲ၊ ကျူချောင်း၊ ကျွန်းကြီး၊ ညဏ်ကျွန်း၊ ငှက်ပျောတောရွာများရှိ လယ်မြေဧက(၅၀၀၀)ကျော်အား ကောင်းစွာ ထွန်ယက်စိုက်ပျိုး နိုင်ရန်အတွက် ရေစီးရေလာကောင်းမွန်ရေး အမိကရေဆွဲရေထုတ်ပေးလျက်ရှိသော ချောင်းရိုးဖြစ်ပါသည်။

အထက်ပါချောင်းရိုး တိမ်ကောနေပါသဖြင့် လယ်မြေများ၊ ရေဝပ်ခြင်း၊ ရေစီးရေလာ မကောင်းခြင်း၊ ရေလမ်းခရီးကို အားထားသွားလာနေရသော ပြည်သူနှင့် ကျောင်းသူ၊ ကျောင်းသားများအတွက် လမ်းပန်း အခက်အခဲများ ဖြစ်ပေါ်နေပါသဖြင့် အရှည်(၈)မိုင်၊ အကျယ်(၃၀)ပေ၊ အနက်(၈)ပေခန့် ပြန်လည်တူးဖော် ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မင်းရွာကျေးရွာအုပ်စု (၁၆)ကုတင်ဆံ့ တိုက်နယ်ဆေးရုံအဆောက်အဦကို ၂၀၁၅/၁၆တွင် အပြီးသတ် ဆောက်လုပ်ခဲ့ပြီး ဆေးရုံအဆောက်အဦအတွင်း ဝါယာကြိုးများ သွယ်တန်းတပ်ဆင်ပြီး ဖြစ်ပါသည်။ တိုက်နယ်ဆေးရုံနေရာသည် ဌာနပိုင်တပ်ဆင်ထားသည့် ထရန်စဖော်မာများနှင့် အလှမ်း ကွာဝေးပြီး (၄၀၀)ဗို့အားလိုင်း၏ အစွန်အဖျားတွင် တည်ရှိနေပါသည်။ ယခုအခါ တာဝန်ခံဆရာဝန်နှင့် ဆရာမများ၊ ဆေးရုံဝန်ထမ်းများလည်း တာဝန်ထမ်းဆောင်နေကြပြီ ဖြစ်ပါသည်။ သို့သော် လျှပ်စစ်ဓါတ်အား

လုံလောက်စွာမရရှိခြင်းကြောင့် ပြည်သူအတွက် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲရှိပါသဖြင့် လိုအပ်လျက်ရှိသော (၁၁)ကေဗွီ ဓါတ်အားလိုင်းနှင့် (၂၀၀)ကေဗွီအေ ဓါတ်အားခွဲရုံ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျိုက်ပဒိုင်လေးကျေးရွာ လျှပ်စစ်ဓါတ်အား ရရှိရေးအတွက် ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ(၁၉)ရက်နေ့တွင် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံး စာအမှတ်၊ ၂၁/အ-၁(ဂ)/သနပ/၂၀၁၅ဖြင့် ခရိုင်လျှပ်စစ် အင်ဂျင်နီယာရုံး စာအမှတ်၊ ၀၆၃/အ-၁(ဂ)/သနပ/၂၀၁၅ဖြင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှ ထပ်မံထောက်ခံ တင်ပြ ခဲ့ပါသည်။

ကျိုက်ပဒိုင်လေးကျေးရွာသည် အိမ်ထောင်စု(၄၀၀)ခန့်နှင့် လူဦးရေ(၂၀၀၀)ခန့် နေထိုင်လျက်ရှိသော ကျေးရွာဖြစ်ပြီး အဆိုပါ ကျိုက်ပဒိုင်လေးကျေးရွာ မီးလင်းရေးအတွက် တာဝရေတံခါး ကျေးရွာ ဓါတ်အားလိုင်းမှ ဓါတ်အားရယူရန် တာဝရေတံခါးကျေးရွာမီးလင်းရေး ကော်မတီအနေဖြင့် သဘောတူခွင့်ပြုကြောင်း ထောက်ခံတင်ပြပြီးဖြစ်ပါသည်။

ကျေးရွာနေပြည်သူများမှ ရွာအတွင်း မီးတိုင်များစိုက်ထူခြင်း (၄၀၀)ဗို့အားလိုင်း တပ်ဆင်ခြင်းတို့အား ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် လိုအပ်လျက်ရှိသော (၁၁)ကေဗွီ ဓါတ်အား လိုင်း(၁)မိုင်ခန့်နှင့် ဓါတ်အားခွဲ ထရန်စဖော်မာ(၁)လုံး တပ်ဆင်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“သနပ်ပင်မြို့နယ် မင်းရွာ-ဝင်းကဒတ်ရိုး တိမ်ကောနေမှုအား တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြန်လည်တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မင်းရွာ-ဝင်းကဒတ်ရိုးမှာ မင်းရွာရေတံခါးမှ စတင်စီးဆင်းလာပြီး မင်းရွာ၊ တာဝ၊ ညဏ်ကျွန်း၊ အောက်တကဲ၊ ကျူချောင်း၊ ကျွန်းကြီး၊ ငှက်ပျောတော ရွာများကို ဖြတ်သန်းစီးဆင်း၍ ဝင်းကဒတ်ချောင်းမှတစ်ဆင့် စစ်တောင်းမြစ် အတွင်းသို့ စီးဝင်ပါသည်။ ယခုတင်ပြလာသောအပိုင်းမှာ တိမ်ကောလျက်ရှိနေပြီး မိုးရာသီ၌ လယ်မြေများ ရေဝပ်ခြင်း၊ ရေစီးရေလာ ကောင်းမွန်မှုမရှိခြင်းနှင့် ရေလမ်းခရီးကို အားထား သွားလာနေရသော ဒေသခံပြည်သူများနှင့် ကျောင်းသူ/ကျောင်းသားများအတွက် သွားလာရေးအခက်အခဲများနှင့် ကြုံတွေ့နေရသည်ကို မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။

မင်းရွာ-ဝင်းကဒတ်ရိုးအား ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် မင်းရွာ၊ တာဝ၊ ညဏ်ကျွန်း၊ အောက်တကဲ၊ ကျူချောင်း၊ ကျွန်းကြီး၊ ငှက်ပျောတောကျေးရွာအုပ်စုရှိ လယ်မြေ ဧက (၅၀၀၀)ကျော်အား လယ်မြေများအတွင်း ရေဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ရေထုတ်နုတ်မှုပိုမိုကောင်းမွန်လာစေမည်

ဖြစ်ပါသည်။ ထို့အပြင် ဒေသခံပြည်သူများနှင့် ကျောင်းသူ/ကျောင်းသားများအတွက် ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့မှာ ဖြစ်ပါသည်။

မင်းရွာ-ဝင်းကဒတ်ရိုးတိမ်ကောနေခြင်းအား ပြန်လည်တူးဖော်ဆောင်ရွက်ပေးရမည် ဆိုပါက အလျား(၈)မိုင်၊ မြေကြီး(၁၂၈၄၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ (အကြမ်းဖျင်း) ကျပ် (၄၀၉. ၈၅၀)သန်း ကုန်ကျမည်ဖြစ်ကြောင်း အကြမ်းဖျင်း တွက်ချက်ထားပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ (BE) တင်ပြတောင်းခံချိန်တွင် ပါဝင်ခြင်းမရှိခဲ့ပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး လွှတ်တော်မှလည်း (BE) ရန်ပုံငွေစာရင်းများ ရန်ပုံငွေစိစစ်သတ်မှတ်ပြီးဖြစ်ပါ၍ လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“သနပ်ပင်မြို့နယ်၊ မင်းရွာ တိုက်နယ်ဆေးရုံအတွက် (11KV) ဓါတ်အား လိုင်းနှင့် (200KVA) ဓါတ်အားခွဲရုံ တည်ဆောက် ပေးနိုင်ခြင်း ရှိ/မရှိနှင့် ကျိုက်ပဒိုင်လေး ကျေးရွာအတွက် (11KV) ဓါတ်အား လိုင်းနှင့် (200KVA) ဓါတ်အားခွဲရုံနှင့် ထရန်စဖော်မာ(၁)လုံး တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ သနပ်ပင်မြို့နယ်၊ မင်းရွာတိုက်နယ်ဆေးရုံ ဓါတ်အားရရှိ ရေးအတွက် (၁၁)ကေဗွီလိုင်း (၁၀၀၀)ပေ၊ (၁၁/၀. ၄)ကေဗွီ(၂၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် (၄၀၀)ဗို့လိုင်း (၁၀၀၀)ပေ တိုးချဲ့တည်ဆောက်ရန်လိုအပ်ပါသည်။ အဆိုပါ လုပ်ငန်းအား လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ တိုင်းဒေသကြီးဘတ်ဂျက်တွင် ထည့်သွင်းလျာထားခြင်းမရှိပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ အသုံးစရိတ်ရန်ပုံငွေဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ဖြေကြားလိုသည်မှာ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ သနပ်ပင်မြို့နယ်၊ ကျိုက်ပဒိုင်လေး ကျေးရွာတွင် အိမ်ထောင်စု(၃၈၀)၊ လူဦးရေ(၁၉၀၀)ခန့်၊ အမကမူလွန်ကျောင်း(၁)ကျောင်း၊ ဘုန်းကြီးကျောင်း(၃)ကျောင်းရှိပြီး အဆိုပါ ကျေးရွာဓါတ်အားရရှိရေးအတွက် (၁၁)ကေဗွီလိုင်း (၁. ၅)မိုင်၊ (၁၁/၀. ၄)ကေဗွီ(၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် (၄၀၀)ဗို့လိုင်း(၁. ၁)မိုင် တိုးချဲ့ တည်ဆောက်ရန် လိုအပ်ပါသည်။ ကျိုက်ပဒိုင်လေးကျေးရွာ မီးလင်းရေးအား ပဲခူးတိုင်းဒေသကြီး(အရှေ့) NEP အစီအစဉ်၏ (၂)မိုင်အတွင်း ပထမဦးစားပေးအဆင့်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၄)ဦးကမေးမြန်းသည့် မေးခွန်း(၉)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ကြို့ပင်ကောက်မြို့နယ်၊ ဇင်ပြွန်းကုန်းအုပ်စု၊ ဇင်ပြွန်းကုန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း(၂)အုပ်စု စစ်ကုန်းရွာတွင်ရှိသော မူလတန်းကျောင်းအား မူလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ကြို့ပင်ကောက်မြို့နယ်၊ ဇင်ပြွန်ကုန်းအုပ်စု၊ ဇင်ပြွန်းကုန်းကျေးရွာအပါအဝင်၊ ရွာပေါင်း (၈)ရွာရှိပြီး၊ ဇင်ပြွန်ကုန်းရွာသည် အားလုံး၏အချက်အချာကျသောနေရာတွင် တည်ရှိပါသည်။

ဇင်ပြွန်ကုန်းအုပ်စုတွင် ကျေးရွာပေါင်း(၈)ရွာပါဝင်ပြီး အိမ်ထောင်စုပေါင်း(၄၉၀)နှင့် လူဦးရေ (၂၀၀၀)ကျော်ခန့် နေထိုင်ပါသည်။ လက်ရှိကျေးလက်ဆေးပေးခန်းဖွင့်ထားသော တူးမြောင်းရွာနှင့် (၃)မိုင်ခွဲခန့်ကွာဝေးပါသည်။ ဒေသတွင်းရှိ လမ်းများမှာလည်း မကောင်းပါသောကြောင့် ကျေးလက်ဆေးခန်းသို့ သွားရောက်ရန်အခက်အခဲရှိပါသည်။

ဇင်ပြွန်းကုန်းရွာတွင် ကျေးလက်ဆေးပေးခန်းတည်ဆောက်ပေးမည်ဆိုပါက ကျေးရွာမှ မြေနေရာပေးလှူမည်ဖြစ်ပါကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တင်ပြထားပါသည်။

သို့ပါ၍ ဇင်ပြွန်းကုန်းအုပ်စု ဇင်ပြွန်းကုန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတည် ဆောက်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း(၂)အုပ်စု စစ်ကုန်းရွာတွင် မူလတန်းအဆင့် ကျောင်းဆောင်ကို(၄၀ပေ×၂၀ပေ)ကို ပညာရေးဌာနမှ ဆောက်လုပ်ပေးသကဲ့သို့ JICA အကူအညီ ဖြင့် (၆၀ပေ×၃၀ပေ) ကျောင်းဆောင်သစ်တစ်ဆောင်ကိုလည်း ဆောက်လုပ်ပေးလျက်ရှိနေပါသည်။ မူလကရှိခဲ့သော ကိုယ်ထူကိုယ်ထကျောင်းဆောင်မှာလည်း မပျက်စီးပဲ စာသင်ဆောင်အဖြစ် အသုံးပြုနိုင်ပါသည်။

လက်ရှိအနေအထားတွင် မူလတန်းကျောင်းသားစုစုပေါင်း(၇၁)ဦးရှိပါသည်။ အလယ်တန်းအဆင့်ကျောင်းသားများမှာ ရွာသာယာတွဲဖက်အလယ်တန်းကျောင်း(၄)မိုင်ကျော် (၅)မိုင်ခန့်ဝေးကွာသောကျောင်းသို့ မိုးအခါတွင်လှေဖြင့်လည်းကောင်း၊ ဆောင်းအခါတွင် စက်ဘီးများဖြင့်လည်းကောင်း၊ ခက်ခဲစွာ သွားရောက်စာသင်နေရသူဦးရေမှာ(၇၀)ဦးခန့် ရှိပါသည်။

စစ်ကုန်း(၂)ရွာ မူလတန်းကျောင်းတွင် ဆရာ/ဆရာမ(၆)ဦးရှိပြီး၊ စာသင်ဆောင်မှာ (၃)ဆောင်ရှိပါသည်။ လက်ရှိမူလတန်းအဆင့်မှ မူလွန်အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးမည် ဆိုပါက ကျောင်းသားများ

ကျောင်းတက်ရန်သွားလာရေး ဒုက္ခသက်သာစေမည့်အပြင်၊ ကျောင်းတက်သူများပိုမိုများပြားပြီး စာတတ်မြောက်သူများ ပိုမိုများပြားလာကာ ဒေသဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါသည်။

သို့ပါ၍ စစ်ကုန်း(၂)အုပ်စု၊ စစ်ကုန်း(၂)ရွာတွင်ရှိသော မူလတန်းကျောင်းအား မူလွန် ကျောင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ဝေါမြို့နယ်၊ နောင်ပတ္တရာကျေးရွာတွင်ရှိသော ကျေးလက် ကျန်းမာရေး ဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ဝေါမြို့နယ်၊ သဘော့ကန်ကျေးရွာအုပ်စုတွင် ကျေးလက် ကျန်းမာရေး ဌာနခွဲ တစ်ခုချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ နောင်ပတ္တရာကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာ ရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သဘော့ကန်ကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာ ရေးဌာနခွဲတစ်ခုချထားပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးက မေးမြန်းသည့် မေးခွန်း(၄)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"ကြို့ပင်ကောက်မြို့နယ်၊ ဇင်ပွန်းကုန်းအုပ်စု၊ ဇင်ပွန်းကုန်းကျေးရွာတွင် ကျေးလက် ဆေးပေးခန်းတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ကြို့ပင်ကောက်မြို့နယ်၊ ဇင်ပွန်ကုန်းအုပ်စု၊ ဇင်ပွန်းကုန်းကျေးရွာသည် လယ်တီကျေးလက်ကျန်းမာရေးဌာန၊ တူးမြောင်းကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင် ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

ဇင်ပြွန်းကုန်းကျေးရွာတွင် ကျေးရွာပေါင်း(၈)ရွာ၊ အိမ်ခြေပေါင်း (၆၉)၊ အိမ်ထောင်စုပေါင်း(၇၀)၊ လူဦးရေ ပေါင်း(၅၀၅၀)ဦး ရှိပါသည်။ ဇင်ပြွန်းကုန်း ကျေးရွာသည် လယ်တီကျေးလက်ကျန်းမာရေးဌာနနှင့် (၈)မိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ ပြည်သူ့ဆေးရုံနှင့် (၈)မိုင်ခွဲခန့် ကွာဝေးပါသည်။

သို့ဖြစ်ပါ၍ ဇင်ပြွန်းကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးချဲ့ဖွင့်လှစ်ရန်အတွက် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးစန်းမြင့် (ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း(၂)အုပ်စု စစ်ကုန်းရွာတွင်ရှိသော မူလတန်းကျောင်းအား မူလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ အမက-စစ်ကုန်းတွင် မူလတန်းဆင့် ကျောင်းသားဦးရေ (၁၇)ဦးရှိပြီး စတုတ္ထတန်းကျောင်းသား(၁)ဦးသာရှိပါသည်။ ပညာရေး ဝန်ကြီးဌာန၏ ကျောင်းအဆင့်တိုးမြှင့်ရန် သတ်မှတ်ထားသောမူအရ မူလတန်းကျောင်းမှ မူလတန်း (လွန်)ကျောင်းသို့ အဆင့်တိုးမြှင့်ရန် မူလတန်းအဆင့် ကျောင်းသား(၂၅၀)ဦးနှင့် အထက်ရှိရန် လိုအပ်ပါသည်။

သို့ရာတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ခွင့် တင်ပြတောင်းခံစဉ်က အဆိုပါကျောင်းမှ တင်ပြလာခြင်းမရှိပါ။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံ ပညာဦးစီးဌာနသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ်၊ နောင်ပတ္တရာကျေးရွာတွင်ရှိသော ကျေးလက် ကျန်းမာရေး ဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၊ နောင်ပတ္တရာကျေးလက်ကျန်းမာရေးဌာနခွဲသည် ကော့ဝင်း ကျေးလက်ကျန်းမာရေးဌာနအောက်တွင် တည်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖြစ်ပါသည်။ နောင်ပတ္တရာကျေးလက်ကျန်းမာရေးဌာနခွဲတွင် ကျေးရွာပေါင်း (၅)ရွာ၊ လူဦးရေ(၁၆၅၃၀)ဦးနှင့် အိမ်ခြေ (၃၁၂၅)အိမ်ရှိပြီး ကော့ဝင်းကျေးလက်ကျန်းမာရေးဌာနနှင့်(၇)မိုင်၊ ဝေါမြို့နယ်၊ ပြည်သူ့ဆေးရုံနှင့် (၉)မိုင်ခန့် ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ကောင်းမွန်ပါသည်။

သို့ဖြစ်ပါ၍နောင်ပတ္တရာကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေး ဌာနအဖြစ် တိုးမြှင့်ဖွင့်လှစ်မည်ဆိုပါကကျေးရွာနေပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုလွှမ်းခြုံနိုင်မည် ဖြစ်ပါကြောင်းနှင့်ကျေးလက်ကျန်းမာရေးဌာန အဖြစ်တိုးမြှင့်ဖွင့်လှစ်နိုင်ရန် အတွက်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ နေပြည်တော်သို့ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ်၊ သဘောကန်ကျေးရွာအုပ်စုတွင် ကျေးလက် ကျန်းမာရေး ဌာနခွဲ တစ်ခုချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ သဘောကန်ကျေးရွာသည် ကော့ဝင်း ကျေးလက်ကျန်းမာရေးဌာန၊ နောင်ပတ္တရာ ကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ သဘောကန် ကျေးရွာတွင်အိမ်ခြေ (၂၁၁)၊ လူဦးရေ (၉၂၇) ဦးရှိပြီး နောင်ပတ္တရာ ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် (၃)မိုင်သာ ကွာဝေးပါသည်။ သို့ဖြစ်ပါ၍သဘောကန်ကျေးရွာအား ကျေးလက် ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးကြည် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ သဘောကန်ကျေးရွာ အုပ်စုဟု မေးမြန်းသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနအမည်ပေါက်မှာ သဘောကန်ကျေးရွာအုပ်စုဖြစ်ပြီး ကျေးရွာ(၂)ရွာမှာ ဆက်စပ်နေသဖြင့် ဝန်ကြီးပြောကြားသည့် အိမ်ခြေ၊ လူဦးရေမှာ ယခုအချိန်မှာ (၂)ရွာပေါင်း အိမ်ခြေ(၃၀၀)နီးပါးဖြစ်ပြီး၊ လူဦးရေ(၂၀၀၀) ကျော်ဖြစ်နေပါပြီ၊ သို့ပါ၍ မိမိမှ ၎င်းကျေးရွာကို သဘောကန် ကျေးရွာအုပ်စုဟု အမည်ပေးပြီး မေးမြန်းခဲ့သော်လည်း တကယ်တမ်းအကျိုးပြုမည်မှာ တောစွန်းသဘောကန် ကျေးရွာ(၂)ရွာအတွက် အကျိုးရှိမည်ဖြစ်သည့်အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ (၁)ခုကို သဘောကန် ကျေးရွာအုပ်စုဟု မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်၏ မေးခွန်းအမှတ်စဉ်(၂) ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စည်ပင် သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဆက်စပ် မေးခွန်းနှင့်ပတ်သက်၍ လက်တွေ့ပကတိအခြေအနေ တိုးတက်လာသည့် လူဦးရေအခြေအနေကိုကြည့်ပြီး မိမိမှ ပြည့်သူ့ကျန်းမာရေးဦးစီးဌာနကို ခေါ်ယူဆွေးနွေးပြီး စာနှင့်ပြန်ကြားပေးမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ပဲခူးမြို့ ဥဿာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်ကြီး၊ အမှတ်(၂) ရပ်ကွက်ကြီးနှင့် အမှတ်(၆) ရပ်ကွက်ကြီးတို့တွင် ရပ်ကွက်အလိုက် အမှိုက်စွန့်ပစ်မည့်နေရာ သတ်မှတ်ပေးခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“ပဲခူးမြို့နယ်၊ ကျောက်တန်းစံပြကျေးရွာတွင် ကျေးလက် ကျန်းမာရေး ဆေးပေးခန်း အဆင့်အား (၂၅)ကုတင်ဆံ့တိုက်နယ် အဆင့်ဆေးရုံ တိုးမြှင့်ချထားမှုအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်ကြီးအတွင်းရှိ ရပ်ကွက်(၅)ခုတွင် (၄)လက်မ အဝီစိတွင်း၊ ရေစုပ်စက်၊ ရေသိုလှောင်ကန် ဂါလန်(၂၀၀၀)ဆံ့ အုတ်ကန် အပါအဝင် (၁)တွင်းစီတူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **“ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်ကြီး မူလတန်းလွန် ကျောင်းတွင် ကျောင်းခြံစည်းရိုးကာရံပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ အမှတ်(၅) ရပ်ကွက်ကြီး၊ အမှတ်(၂)ရပ်ကွက်ကြီးနှင့် အမှတ် (၆)ရပ်ကွက်ကြီးတို့ရှိ ရပ်ကွက်များတွင် ရုံးများ၊ ကျောင်းများ၊ အဆောက်အဦများ၊ အိမ်ထောင်စုများ နေထိုင်မှုတိုးတက်လာ၍ လူဦးရေများပြားလာသဖြင့် အမှိုက်၊ အညစ်အကြေးများ စွန့်ပစ်ရန်အခက်အခဲများစွာ ဖြစ်ပေါ်လျှက်ရှိပါသဖြင့် ရပ်ကွက်အလိုက် အမှိုက်စွန့်ပစ်မည့်နေရာသတ်မှတ်ပေးခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးမြို့နယ်၊ ကျောက်တန်းစံပြကျေးရွာသည် ပဲခူး-ရန်ကုန်မီးရထားလမ်းနှင့် ပဲခူးမြစ် အကြားတွင် တည်ရှိပြီး ရန်ကုန်-မန္တလေးလမ်းနှင့် (၇)မိုင်ခန့်၊ ပဲခူးမြို့နှင့် (၂၀)မိုင်ခန့်၊ ကဝမြို့နှင့် (၁၅)မိုင်ခန့် ကွာဝေးပြီး သွားလာရေး အခက်အခဲရှိသော ကျေးရွာ ဖြစ်ပါသည်။ ကျောက်တန်းကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း တည်ရှိပြီး အိမ်ခြေ(၁၈၀၀)၊ အိမ်ထောင်စု(၂၀၀၀)ခန့်၊ လူဦးရေ(၁၀၀၀၀)ကျော်ရှိပြီး ကျောက်တန်းကျေးရွာ၏ ပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် ကင်ပိုင်ကျုံကျေးရွာ၊ ထန်းပင်ချောင်ကျေးရွာ၊ ကွမ်ပေါင်ကျေးရွာ၊ နဘဲပင်ကျေးရွာ၊ မိုခိုင်းကြီးကျေးရွာ၊ ကျားတက်ကျေးရွာနှင့် ကမာကလဲကျေးရွာများတည်ရှိ ပြီး အိမ်ထောင်စု(၄၀၀၀)ကျော်ခန့်၊ လူဦးရေ(၁၉၅၀၀)ခန့် နေထိုင်ကြပြီး ကျောက်တန်းကျေးရွာသို့ နေ့စဉ်လာရောက်ရောင်းဝယ်ခြင်း၊ ကျောင်းတက်ခြင်းနှင့် ခရီးသွားလာရေး မှီခိုဆောင်ရွက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ကျေးရွာများ မှီခို နေရသော စံပြကျေးရွာကြီးတစ်ရွာ ဖြစ်နေ၍ ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု

အလျှင်အမြန်ဆောင်ရွက် ပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဆေးပေးခန်း အဆင့်အား (၂၅)ကုတင်ဆံ့ တိုက်နယ်အဆင့် ဆေးရုံတိုးမြှင့်ချထားမှုအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ အမှတ်(၅) ရပ်ကွက်ကြီးတွင် ရပ်ကွက်(၅)ခုရှိပြီး အိမ်ခြေ (၇၂၀)အိမ်၊ အိမ်ထောင်စု (၇၆၀)စု၊ လူဦးရေ(၃၈၆၀)ဦးတို့ နေထိုင်ပြီး တက္ကသိုလ်ကောလိပ် နှင့် အခြေခံပညာကျောင်း တက်ရောက်သူ ကျောင်းသား/ကျောင်းသူများ၊ အစိုးရရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အခြားခေါင်းရွက်ဗျတ်ထိုးစျေးသည်များ မှီတင်းနေထိုင်ကြ၍ ပဲခူးမြို့နယ်စည်ပင်သာယာရေးနယ်နမိတ်အတွင်းရှိ ရပ်ကွက်(၅)ခုတွင် နွေရာသီသောက်ရေ ရှားပါးမှုနှင့် နှစ်စဉ် ကြုံတွေ့နေရပါသဖြင့် (၄)လက်မအဝီစီတွင်း၊ ရေစုပ်စက်၊ ရေသိုလှောင်ကန်ဂါလန်(၂၀၀၀)ဆံ့ အုတ်ကန်အပါအဝင်၊ (၁)တွင်းစီတူးဖော်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုလျှင် မည်သည့် ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိလို၍ မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ အမှတ်(၅) ရပ်ကွက်ကြီး အမှတ်(၁၉)အေ မြေတိုင်းအကွက်ရှိ မူလတန်းလွန်ကျောင်းတွင် မူလတန်း ကျောင်းသား/ ကျောင်းသူ(၁၃၇)ဦး၊ ပဉ္စမတန်း ကျောင်းသား/ကျောင်းသူ(၂၂)ဦး၊ စုစုပေါင်း(၁၅၉)ဦး တက်ရောက် ပညာသင်ကြားလျက်ရှိ ပြီး ကျောင်းဧရိယာအတွင်း ကျူးကျော်များ ဝင်ရောက်နေထိုင်ခြင်းနှင့် ကျောင်းသား/ ကျောင်းသူများ၏ လုံခြုံရေးစိတ်မချရသည့် အခြေအနေတွင်ရှိနေသဖြင့် ကျောင်းဧရိယာအား ခြံစည်းရိုး ကာရံပေးရန် လိုအပ်လျက်ရှိပါ၍ ကျောင်းခြံစည်းရိုးကာရံပေးနိုင်ခြင်းရှိ/မရှိ၊ ခြံစည်းရိုးကာရံပေးမည် ဆိုလျှင်လည်း မည်သည့်ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင် မြို့နယ်ရှိ အစိုးရစာစစ် ဌာနများရှိရာ ကျောင်းများသို့ လိုအပ်သောပံ့ပိုးငွေများ ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ရွှေကျင်မြို့ရှိ အစိုးရစာစစ်ဌာနရှိရာ အ.လ.က၊ အ.ထ.က ကျောင်းများသို့ ပညာရေးဝန်ကြီးဌာနမှ လိုအပ်သော ထောက်ပံ့ငွေ မပံ့ပိုးနိုင်သည့် အတွက်ဆရာများ၊ ကျောင်း ကော်မတီများမှ ကလေးများအပေါ် ငွေကောက်ခံနေခြင်းကြောင့် စာစစ်ဌာန အတွက် လိုအပ်သောပံ့ပိုးငွေများ ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၂)ဦးမေးမြန်းသည့် မေးခွန်း(၅)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့ ဥဿာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်ကြီး၊ အမှတ်(၂) ရပ်ကွက်ကြီးနှင့် အမှတ်(၆)ရပ်ကွက်ကြီးတို့တွင် ရပ်ကွက်အလိုက် အမှိုက်စွန့်ပစ်မည့်နေရာ သတ်မှတ်ပေးခြင်းနှင့် အမှိုက်သိမ်းဆည်းခြင်းများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးမြို့၊ ဥဿာမြို့သစ်(၆)ရပ်ကွက်၊ သမိန်ဗရမ်းလမ်းတွင် လူနေစည်ကားခြင်း၊ ရုံးများတည်ရှိခြင်း၊ အိမ်ထောင်စုများနေထိုင်မှုတိုးတက်များပြားလာသဖြင့် ဗုဒ္ဓဟူးနေ့တိုင်း အဖွဲ့ပိုင်ခေါင်းလောင်းတီးအမှိုက်သိမ်း ယာဉ်ဖြင့်သိမ်းဆည်းပေးလျက်ရှိပါသည်။ ဥဿာမြို့သစ်(၅)ရပ်ကွက်နှင့် (၂)ရပ်ကွက်များတွင် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းပြီး အမှိုက်ပုံးများထားရှိပေးခြင်း၊ ခေါင်းလောင်းထိုးအမှိုက်သိမ်း ယာဉ်များ ဖြင့် လှည့်လည်သိမ်းဆည်းပေးခြင်းကို ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်၊ ကျောက်တန်းစံပြကျေးရွာတွင် ကျေးလက် ကျန်းမာရေး ဆေးပေးခန်း အဆင့်အား (၂၅)ကုတင်ဆံ့တိုက်နယ် အဆင့်ဆေးရုံ တိုးမြှင့်ချထားမှုအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကျောက်တန်းကျေးလက်ကျန်းမာရေးဆေးပေးခန်းအား တိုက်နယ် ဆေးရုံအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေး အတွက် ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံး၏ (၉. ၃. ၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၁၂၄၀/ပခတ- ကုသ/ဆေးရုံအဆင့်မြှင့်/၂၀၁၇အရ ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြ တောင်းခံထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်ကြီးအတွင်းရှိ ရပ်ကွက်(၅)ခုတွင် (၄)လက်မ အဝီစိတွင်း၊ ရေစုပ်စက်၊ ရေသိုလှောင်ကန် ဂါလန်(၂၀၀၀)ဆံ့ အုတ်ကန်အပါအဝင် (၁)တွင်းစီတူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်းဆည်မှ ဥဿာမြို့သစ်၊ ပြည်တွင်း/ပြည်ပစက်မှုဇုန်နှင့် ဟံသာဝတီ လေယာဉ်ကွင်းသို့ မြို့ရေပေးရေး လုပ်ငန်းအား တင်ဒါ ခေါ်ယူ၍ ဆောင်ရွက်သွားရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၇. ၃. ၂၀၁၇) ရက်စွဲပါစာအမှတ်၊၈/၂-၂၀/ဦး ၆ (၁၃၇)ဖြင့် ခွင့်ပြုပြီး ဖြစ်ပါသဖြင့် တင်ဒါခေါ်ယူ၍ မြို့ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ် အမှတ်(၅)ရပ်ကွက်ကြီးအတွင်းရှိ ရပ်ကွက်(၅)ခုတွင် ၄" အဝီစိတွင်း၊ ရေစုပ်စက်၊ ရေသိုလှောင်ကန်(၂၀၀၀)ဆံ့ အုတ်ရေကန် အပါအဝင်(၁)တွင်းစီ တူးဖော်ဆောင်ရွက်သွားရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်ကြီး မူလတန်းလွန်ကျောင်းတွင် ကျောင်းခြံစည်းရိုးကာရံပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မူလွန်-ဥဿာမြို့သစ်(၅)တွင် ကျောင်းခြံစည်းရိုးကာရံရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (၀၄၀၂) သာမန်အသုံးစရိတ် ရန်ပုံငွေ ခွဲဝေရရှိပါက ဦးစားပေး တင်ပြပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရွှေကျင် မြို့နယ်ရှိ အစိုးရစာစစ် ဌာနများရှိရာ ကျောင်းများသို့ လိုအပ်သောပံ့ပိုးငွေများ ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲများ ကျင်းပရာတွင် ကျောင်းသား/သူများထံမှ ငွေကြေးတစ်စုံတစ်ရာကောက်ခံခြင်းမပြုရန် မြို့နယ်ပညာရေးမှူးများမှတစ်ဆင့် အခြေခံပညာကျောင်းများသို့ ညွှန်ကြားထားပြီးဖြစ်ပါသည်။

စာစစ်ဌာနများ ဖွင့်လှစ်သည့် အခြေခံပညာကျောင်းများတွင် ကုန်ကျစရိတ်များအတွက် (၀၃၀၁) လုပ်အားခ ခေါင်းစဉ်၊ (၀၃၀၅)ရုံးအသုံးအဆောင်ခေါင်းစဉ်မှ ရန်ပုံငွေများ ခွဲဝေခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများတွင် အဖြေလွှာသယ်ယူစရိတ်၊ မေးခွန်းများ သယ်ယူစရိတ်၊ အဖြေလွှာများ ပြန်ပို့စရိတ်၊ စာစစ်ဌာနတွင် ကုန်ကျစရိတ်များ အတွက်လည်း ရန်ပုံငွေများခွဲဝေပေးခဲ့ပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးရှင့် ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်လှလှဝင်း ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ရန်ပုံငွေများခွဲဝေ၍ ခွင့်ပြုထားပြီးဖြစ်သည်ဆိုရာ၌ ရန်ပုံငွေ-၅၀၀ဝိ/-(ကျပ်ငါးထောင်တိတိ)မှာ အလွန်နည်းပါးပါသည်။ မြေပြင်အခြေအနေအရ ဖိုင်(၆)ဖိုင်ကို ငွေ-၃၀၀၀ဝိ/-(ကျပ်သုံးသောင်းတိတိ) ကုန်ကျပါ၍ မည်ကဲ့သို့ခွဲဝေသည်ကို သိရှိလိုပါသည်။ ယင်းကဲ့သို့ ပြောဆိုရခြင်းမှာ KG များကိုသင်ထားရန်ဖြစ်ပါသည်။ ၂၀၀ဝိ/- ဆိုသည်ကို

ကြားခဲ့ရပါသည်။ အမှန်တကယ်မှာ ဆရာ/ဆရာမများ လက်ထဲသို့ ယင်းငွေ ၂၀၀၀ိ/- မရောက်ဘဲ ထမင်းချက်ကျွေး၊ သွားရေစာကျွေးရုံမျှဖြင့်သာ ပြီးဆုံးသွားသည့် သာဓကများလည်းရှိပါသည်။ ကျောင်းကော်မတီများဖွဲ့၍ ငွေကြေးကောက်ခံခြင်းကို မြို့နယ်ပညာရေးမှူးများအား အခြေခံကျောင်းများကို ညွှန်ကြားထားပြီးဖြစ်သည်ဟု ဝန်ကြီးဖြေကြားသဖြင့် ကျောင်းကော်မတီမှ ကောက်ခံသည်ကို ခွင့်ပြုနေသည့် ပညာရေးမှူးများအား မည်ကဲ့သို့ ထိထိရောက်ရောက် အရေးယူမည်ဆိုသည့် မေးခွန်းကို မေးမြန်းပါရစေရှင့်။

**ဥက္ကဋ္ဌ**။ ။ဒေါ်လှလှဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။အခြေခံကျောင်းများကို ငွေမကောက်ခံရန်အတွက် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ အကယ်၍ ငွေကောက်ခံသည်ဆိုပါက မည်သည့်ကျောင်း၊ မည်သည့်ကျောင်းအကျိုးဆောင်က မည်သည့်ဆရာက မည်သည့်အကြောင်းကြောင့် ငွေကောက်ခံသည်ဆိုသည်ကို စာဖြင့်တိုင်ကြားပါက အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန်းဝင်း(ခ)ဒေါ်သန်းသန်းဝင်း[တိုင်းဒေသကြီးစာရင်းစစ်ချုပ်]**။ ။(ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်းနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ နံနက်ပိုင်းကို (၁၁း၅၅) နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီး၏ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)အပေါ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၏ သုံးသပ်ချက် အစီရင်ခံစာအား ဖတ်ကြားတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)အပေါ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၏ သုံးသပ်ချက် အစီရင်ခံစာအား ဖတ်ကြားတင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်[ဥက္ကဋ္ဌ၊ ဥပဒေပြုရေးကော်မတီ]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသည့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဥပဒေ(မူကြမ်း)အပေါ် ဥပဒေပြုရေးကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့လာသော အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် အခြေခံ၍ ၂၀၁၇ခုနှစ် မတ်လ (၁၃)ရက်နေ့မှ (၁၇)ရက်နေ့အထိ ပြုလုပ်သော ဥပဒေပြုရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇)တွင် သုံးသပ် ဆွေးနွေးခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ တင်သွင်းမည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)၌ ပါရှိသော အချက်အလက် များသည် ပဲခူးတိုင်းဒေသကြီးအတွက် အကျိုးဖြစ်ထွန်းမှုရှိစေရန်နှင့် ဥပဒေအသုံးအနှုန်းများ မှန်ကန်မှု ရှိစေရန်။

**လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များ**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို (၁၀-၃-၂၀၁၇)ရက်နေ့တွင် ဥပဒေပြုရေးကော်မတီသို့ အရောက်ပေးပို့ရန် လွှတ်တော်ရုံးမှတစ်ဆင့် စာဖြင့် တောင်းခံခဲ့ရာတွင် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းတို့မှ အကြံပြု သုံးသပ်ချက်များ ပေးပို့လာခဲ့ပါသည်။

**ဆွေးနွေးအကြံပြုချက်များ**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့လာသော အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း(၁၁)ခန်း၊ ဥပဒေပုဒ်မ(၂၄)ခုနှင့် ပုဒ်မခွဲ(၇၀)ခု ပါရှိ ကြောင်း စိစစ်တွေ့ရှိရပါသည်။

အခန်း(၁) အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်အခန်းတွင် ပုဒ်မ(၂)ခုနှင့် ပုဒ်မခွဲ(၁၁)ခု ပါရှိပြီး အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက် ဟူသောခေါင်းစဉ်အား **"အမည်နှင့် အဓိပ္ပါယ် ဖော်ပြချက်"** ဟု ပြောင်းလဲပြင်ဆင်သင့်ပါသည်။

ပုဒ်မ ၁ ပုဒ်မခွဲ(က)သည် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂) စက်မှုလက်မှုကဏ္ဍ၊ အပိုဒ် ၅ အပိုဒ်ခွဲ(ခ)နှင့် ညီညွတ်ကြောင်း တွေ့ရှိရပါသဖြင့် ဥပဒေ(မူကြမ်း)ပါ အတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။ ဤဥပဒေအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြီးပါက ပဲခူးတိုင်းဒေသကြီး

တစ်ဝန်းလုံးတွင် အာဏာတည်ရမည်ဖြစ်၍ ပုဒ်မခွဲ(ခ)အား ထည့်သွင်းရန်မလိုကြောင်းနှင့် ပုဒ်မခွဲ(က)ကို ပုဒ်မ ၁ အဖြစ် ပြောင်းလဲရန် အကြံပြုတင်ပြပါသည်။

ပုဒ်မ ၂ တွင် ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)နှင့် (ဈ) တို့ပါရှိကြောင်း စိစစ်တွေ့ရှိရပြီး စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်း ထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

အခန်း (၂) ရည်ရွယ်ချက်များအခန်းတွင် ပုဒ်မ ၁ ခုနှင့် ပုဒ်မခွဲ (၁၁)ခု ပါရှိပြီး ပုဒ်မ ၃ တွင် ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)နှင့် (ဋ)တို့ ပါရှိကြောင်း စိစစ်တွေ့ရှိရပြီး စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်း ထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

အခန်း(၃) မှတ်ပုံတင်ခြင်းအခန်းတွင် ပုဒ်မ ၃ ခုပါရှိပြီး ပုဒ်မ ၄ နှင့် ၆ ပါ စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်း ထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။ ပုဒ်မ ၅ တွင် " တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ပုဒ်မ ၄ အရ လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စစ်ဆေးခြင်းများပြုလုပ်၍ သတ်မှတ်သည့်နည်းလမ်းများနှင့် ကိုက်ညီပါက လုပ်ငန်းမှတ်ပုံတင် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုလုပ်နိုင်သည် ခွင့်ပြုပါလျှောက်ထားသူအား လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးရမည်၊ ငြင်းပယ်ပါက ငြင်းပယ်ရသည့်အကျိုးအကြောင်း ဖော်ပြချက်တို့နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်" ဆိုသည့် စကားရပ်အစား **" တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ပုဒ်မ ၄ အရ လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စစ်ဆေးခြင်းများပြုလုပ်၍ သတ်မှတ်သည့် နည်းလမ်းများနှင့်ကိုက်ညီပါက လျှောက်ထား သူအား လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးရမည်။ သတ်မှတ်ချက်နှင့် မကိုက်ညီပါက ငြင်းပယ်ရမည်ဖြစ်ပြီး ငြင်းပယ်ရသည့် အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြား ရမည်"** ဟု ပြင်ဆင်သင့်ကြောင်း အကြံပြုအပ်ပါသည်။

အခန်း(၄) လုပ်ငန်းရှင်၏ တာဝန်နှင့် ခံစားနိုင်ခွင့်များ အခန်းတွင် ပုဒ်မ ၂ ခုနှင့် ပုဒ်မခွဲ (၁၆)ခု ပါရှိပြီး ပုဒ်မ ၇ တွင် ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့် (စ)တို့ပါရှိကြောင်း စိစစ်တွေ့ရှိရပြီး ပုဒ်မခွဲ (ဃ)တွင် " သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများ အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ထားရမည်" ဆိုသည့် စကားရပ်တွင် **"အနည်းဆုံးဖြစ်အောင်"** ဟူသော စကားရပ်အစား **"မဖြစ်အောင်"** ဟု ပြင်ဆင်သင့်ပါကြောင်းနှင့် ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (င)နှင့် (စ)တို့ပါ စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်း ထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

အခန်း(၄) လုပ်ငန်းရှင်၏ တာဝန်နှင့် ခံစားနိုင်ခွင့်များအခန်း ပုဒ်မ ၈ တွင် ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)နှင့် (ည)တို့ ပါရှိကြောင်း စိစစ်တွေ့ရှိရပြီး၊ ပုဒ်မခွဲ(င)၌ "အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့် လျှောက်ထားခွင့်ရှိခြင်း"ဆိုသည့် စကားရပ်အစား **" အခွန်သက်သာခွင့်နှင့် ကင်းလွတ်ခွင့်များ လျှောက်ထားခွင့်ရှိခြင်း"** ဟု ပြင်ဆင်သင့်ပါကြောင်း၊ ပုဒ်မခွဲ (ဇ)ပါ "ဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရ တို့၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှ ကျွမ်းကျင်သူများ၏ အကူအညီရယူနိုင်ခြင်းနှင့် ပြည်ပနှင့် စီးပွားရေးလုပ်ငန်း စာချုပ်များ ချုပ်ဆိုလုပ်ကိုင်ခြင်း " ဟူသော စကားရပ်အစား **"ဝန်ကြီးဌာနသည် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှ ကျွမ်းကျင်သူများ၏ အကူအညီရယူနိုင်ခြင်း၊ ပြည်ပနှင့် စီးပွားရေး**

**လုပ်ငန်းစာချုပ်များ ချုပ်ဆိုလုပ်ကိုင်ခြင်း”** ဟု ပြင်ဆင်သင့်ပါကြောင်း၊ ပုဒ်မခွဲ(ဈ)ပါ “ဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရတို့၏ သဘောတူညီချက်ဖြင့် ချေးငွေများ၊ အထောက်အပံ့များရယူခြင်း” ဟူသော စကားရပ် အစား **“ဝန်ကြီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်း၊ ပြည်ပမှ ချေးငွေ များနှင့် အထောက်အပံ့များရယူခြင်း”** ဟု ပြင်ဆင်သင့်ပါကြောင်းနှင့် ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (စ)၊ (ဆ)နှင့် (ည)တို့ပါ စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်း ထားရှိရန် ဤကော်မတီမှ သဘော တူပါသည်။

အခန်း(၅) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအခန်းတွင် ပုဒ်မ(၂)ခုနှင့် ပုဒ်မခွဲ(၁၂)ခု ပါရှိပြီး ပုဒ်မ ၉ တွင် ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (ဆ)နှင့် (ဇ)တို့ ပါရှိကြောင်း စိစစ် တွေ့ရှိရပြီး၊ ပုဒ်မခွဲ(စ)၌ “အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ပေးခြင်း” ဟူသည့် စကားရပ်အစား **“အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော နည်းပညာရပ်များဖော်ထုတ်ခြင်း၊ စမ်းသပ်တီထွင်ခြင်း၊ နည်းပညာသင်တန်းအစီအစဉ်နှင့် သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်ပေးခြင်း”** ဟု ပြင်ဆင်သင့်ပါကြောင်း၊ ပုဒ်မခွဲ (ဆ)၌ **“အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တီထွင်စမ်းသပ်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းမှ ရရှိသော ရလဒ်များကို လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြု စေခြင်း”** ဟူသည့်စကားရပ်ကို ထပ်မံဖြည့်စွက်သင့်ပါကြောင်း၊ ဥပဒေ(မူကြမ်း)ပါ ပုဒ်မခွဲ(ဆ)အား ပုဒ်မခွဲ(ဇ)ဟုလည်းကောင်း၊ ပုဒ်မခွဲ(ဇ)ကို ပုဒ်မခွဲ(ဈ)ဟုလည်းကောင်း ပြင်ဆင်သင့်ပါကြောင်းနှင့် ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)နှင့် (င)တို့နှင့် ကျန်စကားရပ် များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်း ထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

အခန်း(၅) တိုင်းဒေသကြီးဦးစီးဌာနမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များအခန်း ပုဒ်မ ၁၀ တွင် ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)နှင့် (ဃ)တို့ပါရှိကြောင်း စိစစ်တွေ့ရှိရပြီး စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါ အတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

အခန်း(၆) ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအခန်းတွင် ပုဒ်မ(၃)ခုနှင့် ပုဒ်မခွဲ(၈)ခု ပါရှိပြီး ပုဒ်မ(၁၁)တွင် ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့် (စ)တို့ပါရှိကြောင်း စိစစ်တွေ့ရှိရပြီး၊ စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။ ၎င်းပုဒ်မ(၁၁)တွင် **“လုပ်ငန်းရှင်မှ အခွန်ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ တိုင်းဒေသကြီး ဦးစီးဌာနမှူးမှတစ်ဆင့် လျှောက်ထားလာလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခွန်ကင်းလွတ်ခွင့် ရရှိစေရန် ဆောင်ရွက်ပေးခြင်း”** ဟူသည့်စကားရပ်အား **ပုဒ်မခွဲ(ဆ)**အဖြစ် ထပ်မံဖြည့်သွင်းသင့်ပါကြောင်း တင်ပြအပ်ပါသည်။

အခန်း(၆) ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအခန်းတွင် ပုဒ်မ ၁၂ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၁၃ တို့ပါ စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။ ၎င်းအပြင် **“ဝန်ကြီးသည် ဤဥပဒေအရ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များကို စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း**

**ပြုရမည်"**ဟူသောစကားရပ်ကို **ပုဒ်မ ၁၄** အဖြစ် ထပ်မံဖြည့်သွင်းသင့်ပါကြောင်း တင်ပြအပ်ပါသည်။

အခန်း(၇) မှတ်ပုံတင်ပျက်ပြယ်ခြင်းအခန်းတွင် ပုဒ်မ(၁)ခုနှင့် ပုဒ်မခွဲ(၄)ခုပါရှိပြီး ပုဒ်မ ၁၄ ကို **ပုဒ်မ ၁၅** အဖြစ် ပြောင်းလဲ၍ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)နှင့် (ဃ)များကို မူလဥပဒေ (မူကြမ်း)ပါ စကားရပ်များ အတိုင်း ထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

အခန်း(၈) အယူခံခြင်းအခန်းတွင် ပုဒ်မ(၂)ခုပါရှိပြီး ပုဒ်မ ၁၅ ကို **ပုဒ်မ ၁၆** အဖြစ် လည်းကောင်း၊ ပုဒ်မ ၁၆ ကို **ပုဒ်မ ၁၇** အဖြစ်လည်းကောင်း ပြောင်းလဲ၍ မူလဥပဒေ(မူကြမ်း)ပါ စကားရပ်များ အတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

အခန်း(၉) စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်းအခန်းတွင် ပုဒ်မ(၄)ခုနှင့် ပုဒ်မခွဲ(၆)ခုပါရှိပြီး ပုဒ်မ ၁၇ ကို **ပုဒ်မ ၁၈** အဖြစ်လည်းကောင်း၊ ပုဒ်မ ၁၇ ပုဒ်မခွဲ(က)နှင့် (ခ)တို့ကို **ပုဒ်မ ၁၈ ပုဒ်မခွဲ(က)နှင့် (ခ)**တို့အဖြစ်လည်းကောင်းပြောင်းလဲ၍ မူလဥပဒေ(မူကြမ်း)ပါ စကားရပ်များအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

ပုဒ်မ ၁၈ ကို **ပုဒ်မ ၁၉** အဖြစ်ပြောင်းလဲ၍ ပုဒ်မခွဲ(က)အားမူလအတိုင်းထားရှိပြီး **ပုဒ်မခွဲ(ခ)အားပယ်ဖျက်ရန်**နှင့် ပုဒ်မခွဲ(ဂ)ကို **(ခ)**အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ(ဃ)ကို **(ဂ)**အဖြစ် လည်းကောင်း၊ မူလဥပဒေ(မူကြမ်း)ပါ စကားရပ်များမှ ပုဒ်မ ၁၇ ကို **ပုဒ်မ ၁၈** အဖြစ် လည်းကောင်း ပြောင်းလဲ၍ ကျန်စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘော တူပါသည်။

ပုဒ်မ ၁၉ ကို **ပုဒ်မ ၂၀** အဖြစ်ပြောင်းလဲ၍ မူလဥပဒေ(မူကြမ်း)ပါစကားရပ်များမှ ပုဒ်မ ၁၇ ကို **ပုဒ်မ ၁၈** အဖြစ်လည်းကောင်း၊ ပုဒ်မ ၁၈ ကို **ပုဒ်မ ၁၉** အဖြစ်လည်းကောင်း ပြောင်းလဲ၍ ကျန်စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

ပုဒ်မ ၂၀ ကို **ပုဒ်မ ၂၁** အဖြစ်ပြောင်းလဲ၍ မူလဥပဒေ(မူကြမ်း)ပါ စကားရပ်များအတိုင်း ထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

အခန်း(၁၀) ပြစ်မှုနှင့်ပြစ်ဒဏ်များအခန်းတွင် ပုဒ်မ(၂)ခုပါရှိပြီး ပုဒ်မ ၂၁ ကို **ပုဒ်မ ၂၂** အဖြစ်ပြောင်းလဲပြီး မူလဥပဒေ(မူကြမ်း)ပါစကားရပ်များအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။ ပုဒ်မ ၂၂ ကို **ပုဒ်မ ၂၃** အဖြစ်ပြောင်းလဲပြီး "မည်သူမဆိုပုဒ်မ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကိုဆက်လက်ဖောက်ဖျက်ကျူးလွန်ပါက ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီးအတွက် ထိုသူကို တစ်နေ့လျှင် ငွေဒဏ်ကျပ် ၂၀၀၀/- ချမှတ်ရမည်"ဟူသောစကားရပ်တွင် "ပုဒ်မ ၂၁"အစား"**ပုဒ်မ ၂၂**"ဟုလည်းကောင်း၊ "ငွေဒဏ်ကျပ် ၂၀၀၀/-" အစား" ငွေဒဏ်ကျပ် **၁၀၀၀၀ (တစ်သောင်း)**"ဟုလည်းကောင်း ပြင်ဆင်သင့်ပါကြောင်းတင်ပြအပ်ပါသည်။

အခန်း(၁၁) အထွေထွေအခန်းတွင် ပုဒ်မ(၂)ခုနှင့် ပုဒ်မခွဲ(၂)ခုပါရှိပြီး ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ်ပြောင်းလဲ၍ မူလဥပဒေ(မူကြမ်း)ပါ စကားရပ်များအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

ပုဒ်မ ၂၄ ကို ၂၅ အဖြစ်လည်းကောင်းပြောင်းလဲ၍ ပုဒ်မခွဲ(က)ပါ "အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်" ဟူသော စကားရပ်အစား**"အစိုးရအဖွဲ့သည်**

**လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ဤဥပဒေအတည်ဖြစ်သည့်နေမှ ရက်ပေါင်း(၉၀)အတွင်း ထုတ်ပြန်ရမည်”**ဟု ပြင်ဆင်သင့်ပါကြောင်း နှင့် ပုဒ်မခွဲ(ခ)ပါ စကားရပ်များကို မူလဥပဒေ(မူကြမ်း)ပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

**နိဂုံး**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့လာသော အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများဥပဒေ(မူကြမ်း)သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က (၁၀-၁၀-၁၉၉၁) ရက်နေ့တွင် ထုတ်ပြန်သည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေး ဥပဒေကို မွမ်းမံပေးပို့ခဲ့ခြင်း ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် အခြေခံ၍ ၂၀၁၇ ခုနှစ် မတ်လ(၁၃)ရက်နေ့မှ (၁၇)ရက်နေ့အထိ ပြုလုပ်သော ဥပဒေပြုရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၇)တွင် သုံးသပ်ဆွေးနွေးခဲ့ပြီး ဥပဒေ(မူကြမ်း)တွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန်လိုအပ်သည့် အချက်များကို ဥပဒေပြုရေးကော်မတီ၏ အကြံပြုသုံးသပ်ချက် အစီရင်ခံစာအား တင်ပြအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီး၏ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးကော်မတီ၏ သုံးသပ်ချက် အစီရင်ခံစာအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၏ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးကော်မတီ၏ သုံးသပ်ချက် အစီရင်ခံစာအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီက အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဥပဒေ(မူကြမ်း)အား အပြုသဘောဆောင်ပြီး ပြင်ဆင်ဖြည့်စွက်ထားသည့်အပေါ် များစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း၊ မိမိအနေဖြင့် အနည်းငယ်တင်ပြလိုသည်မှာ အခန်း(၁) ပုဒ်မ ၂ တွင် ဖော်ပြထားသည့် ဝန်ကြီးဌာနဆိုသည်မှာ ပဲခူတိုင်းဒေသကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအစားကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို တာဝန်ယူရသော ဝန်ကြီးဌာနဆိုလျှင် ပို၍သင့်တော်မည်ဟု ဆွေးနွေးလိုပါကြောင်း၊ နောက်တစ်ခုက ဝန်ကြီးဆိုသည်မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို တာဝန်ယူရသော ဝန်ကြီးကို ဆိုလိုသည်။ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ ပုံသေမရှိဘဲ

အပြောင်းအလဲများ ဖြစ်နိုင်ပါသည်။ တက်လာသည့်အစိုးရ၏ သဘောဆန္ဒအပေါ်မူတည်ပြီး ဝန်ကြီးဌာနများကို ဖွဲ့စည်းသည်ဖြစ်သည့်အတွက် ပုံသေအနေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဆိုပြီး သတ်မှတ်၍မရပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဖြစ်ပေမယ့် ခေါင်းစဉ်အပေါ်မှာ ကျေးလက်ဒေသနှင့် မြို့ရွာဖွံ့ဖြိုးရေးဝန်ကြီးဌာနဆိုပြီး ပေးခွင့်ရှိပါကြောင်း၊ ယင်းကဲ့သို့ အမည်ပေးရမည်ဟု ပုံသေသတ်မှတ်ထားခြင်းမရှိပါကြောင်း၊ သို့ပါ၍ ဝန်ကြီးဌာနကိုအတိအကျဖော်ပြမည့်အစား သည်ဦးစီးဌာနကို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို တာဝန်ယူရသောဝန်ကြီးဌာနဟူ၍ ရေရှည်မှာအမြဲအဆင်ပြေနိုင်မည်ဟု သုံးသပ်မိပါကြောင်း၊ သာဓကအနေဖြင့် တင်ပြချင်သည်မှာ ဥပဒေတစ်ရပ်ထွက်ပြီးလျှင် ဥပဒေ၏ အားနည်း၊ အားသာမှုများအပေါ် ပြဿနာများ နောက်ထပ်ရှိတက်ပါကြောင်း၊ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေထွက်သည့်အခါတွင် နိုင်ငံတော်မှ မသုံးသည့်လယ်များကို မူလပိုင်ရှင်များအား ပြန်ပေးရမည်ဟုပါရှိသည့်အတွက် မြေယာပြဿနာများနှင့် ကျူးကျော်ပြဿနာများကို များစွာဖြေရှင်းနေရပါကြောင်း၊ သို့ပါ၍ ဥပဒေတစ်ရပ်မထွက်ခင် အလုပ်ရုံဆွေးနွေးပွဲနှင့် ပြန်လည်သုံးသပ်၍ သေချာအောင်စီစဉ်ဆောင်ရွက်စေလိုပါသည်။ သို့မှသာ ခိုင်မာသည့် ဥပဒေထွက်သည့်အခါ အားနည်း၊ အားသာမှုများအပေါ်မှာ ပြည်သူထူထုကြား ပြဿနာများ၊ အရှုပ်အရှင်းများ တတ်နိုင်သမျှ နည်းသွားမည်ဟု သုံးသပ်မိပါသည်။ ယခုကဲ့သို့ အပြုသဘောဆောင်ပြီး ပြင်ဆင်ဆွေးနွေးပေးသည့် ဥပဒေပြုရေးကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကို များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၊ ကတိကဝတ် အာမခံချက်များစိစစ်ရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့အား ပြင်ဆင် ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်နိုင်မှုအပေါ်မူတည်၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် ပြောင်းလဲတာဝန်ပေးအပ်ရန် တင်ပြလာမှုအရလည်းကောင်း၊ ရေးရာကော်မတီဥက္ကဋ္ဌ (၁)ဦးသည် အခြားကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေခြင်းကြောင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၊ ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]။** ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၂ အရလည်းကောင်း၊ (၁၇. ၅. ၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၆ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီကိုလည်းကောင်း၊ (၂၀. ၁၂. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၆/၂၀၁၆ ဖြင့် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီကိုလည်းကောင်း၊ (၁၇. ၅. ၂၀၁၆)ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၆ ဖြင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီကိုလည်းကောင်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်နိုင်မှုအပေါ်မူတည်၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် ပြောင်းလဲတာဝန်ပေးအပ်ရန် တင်ပြလာမှုအရလည်းကောင်း၊ ရေးရာကော်မတီဥက္ကဋ္ဌ(၁)ဦးသည် အခြားကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေခြင်းကြောင့်လည်းကောင်း၊ ရေးရာကော်မတီ(၃)ခုကို အောက်ပါအတိုင်း ပြင်ဆင် ဖွဲ့စည်း နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကျွန်တော် ဦးကြည်ဇင်မှ လွှတ်တော်သို့ တင်သွင်းအပ်ပါသည်-

- **စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ**

| | | | |
|---|---|---|---|
| - | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးဇော်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

- **ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ**
    - ဒေါက်တာစောညိုဝင်း သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဥက္ကဋ္ဌ
    - ဦးအောင်နိုင်ဦး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဦးစည်သူလွင် ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဦးထူးခိုင် ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
    - ဦးသက်မင်းဇော် ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဦးမျိုးအောင် လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
    - ဦးခင်မောင်ဝင်း ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဦးဇော်လင်းထိုက် သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
    - ဦးထွန်းထွန်းဦး ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
    - ဗိုလ်မှူးလှမိုးသိန်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
    - ဗိုလ်ကြီးနိုင်အောင်ခင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
    - ဦးသူရဇော် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အတွင်းရေးမှူး
- **စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
    - ဦးသက်စိန် ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဥက္ကဋ္ဌ
    - ဦးမိုးမခ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
    - ဦးမျိုးမြင့်အောင် သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
    - ဦးအေးမင်းဝင်း တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဦးကျော်ဇေယျ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
    - ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဦးအောင်ကိုမင်း ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဦးသန်းထိုက်အောင် ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
    - ဗိုလ်မှူးသိန်းခိုင်မြင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
    - ဗိုလ်မှူးဖြိုးဟိန်းကျော် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
    - ဒေါ်ညွန့်ညွန့်ငွေ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အတွင်းရေးမှူး

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၊ ကတိကဝတ် အာမခံချက်များစိစစ်ရေး ကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ တင်ပြချက်အား တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ် များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဦးတက္ကဌေး**။ ။လွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၊ ကတိကဝတ် အာမခံချက်များ စိစစ်ရေး ကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ တို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဦးတက္ကဌေး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၆)ဦးကမေးမြန်းသည့် မေးခွန်း(၇)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးတက္ကဌေး**။ ။ပထမဦးစွာ ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ငူမြို့၊ စစ်တောင်းမြစ် တစ်လျှောက် ကမ်းပါးပြိုမှုများအား ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသွားသော စစ်တောင်း မြစ်ကြောင်းတစ်လျှောက်တွင် နှစ်စဉ်ကမ်းပါးများပြိုကျ၍ နေအိမ်များ ရွှေ့ပြောင်းနေရပြီး လယ်ယာမြေများလည်း နှစ်စဉ်ဆုံးရှုံးနေရပါသည်။ အထူးသဖြင့် အနောက်ဆင် ကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာ၊ သဖန်းပင်ကျေးရွာအုပ်စုရှိ သဖန်းပင်ကျေးရွာနှင့် မလွှပင်ကျေးရွာ၊ တောင်ငူမြို့ ရပ်ကွက်(၂၀)မြို့ကြီးအောက်ပိုင်း နေရာများတွင် ကမ်းပါးပြိုကျမှုအန္တရာယ်နှင့် ရင်ဆိုင် ကြုံတွေ့နေရပါသည်။

မလွှပင်ကျေးရွာတွင် ယခုလက်ရှိနွေရာသီမှာပင် အလွန်ဆိုးဝါးစွာကမ်းပါးပြိုကျမှုများကြောင့် တစ်လ အတောအတွင်း၌ပင် နေအိမ်များရွှေ့ပြောင်းနေရသည်မှာ နှစ်ကြိမ်တိုင်တိုင် ရှိပါသည်။ ထိုသို့ နွေရာသီ၌ပင် ကမ်းပါးများပြိုကျမှုများကြောင့် ကျေးရွာနေပြည်သူများအနေ ဖြင့် တစ်နှစ်ပတ်လုံး စိုးရိမ်ပူပန်စွာ နေထိုင်ရလျှက်ရှိပါသည်။ ထို့အပြင် စိုက်ပျိုးမြေများနှင့် သီးပင်စားပင်များလည်း ကမ်းပါးပြိုမှုများကြောင့် နှစ်စဉ်ဆုံးရှုံးပျက်စီးလျှက်ရှိသဖြင့် စီးပွားရေးအရ အဆင်မပြေမှုများနှင့်လည်း ကြုံတွေ့နေရ ပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်ပြီး စတုတ္ထပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်း ခဲ့ရာတွင် စစ်တောင်းမြစ်တစ်လျှောက်ကမ်းပါးပြိုနေရာများကို ၂၀၁၇-၂၀၁၈ဖြည့်စွက် ရန်ပုံငွေဖြင့် တိုင်းတာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားထားခဲ့ပါသည်။ သို့သော် ယခုနွေရာသီကာလ၌ပင် ကမ်းပါးပြိုမှု

များမှာ အလွန်ဆိုးဝါးစွာဖြစ်ပေါ်နေပါသဖြင့် တိုင်းဒေသကြီးအစိုးရ၏ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး ရန်ပုံငွေမှ အရေးပေါ်ကိစ္စရပ် တစ်ခုအနေဖြင့် ကမ်းပါးပြိုကာကွယ်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက် ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရန်ကုန်-ပြည်လမ်းကို Bot စနစ်အရ လမ်းကြေးကောက်ခံဆောင်ရွက်ခွင့် ရနေသော Max Myanmar ကုမ္ပဏီ၏ လမ်းပိုင်းအဆင့်မြှင့်တင်ရေး လုပ်ငန်းနှင့်ပတ်သက်၍ မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း "** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရန်ကုန်-ပြည်ကားလမ်းကို BOT စနစ်အရ ဆောင်ရွက်ခွင့်ရနေသော ကုမ္ပဏီမှာ Max Myanmar ဖြစ်သည်ဟု သိရပါသည်။ BOT စနစ်ဆိုသည်မှာ Build, Operate and Transformer (တည်ဆောက်/ စီမံဆောင်ရွက်/ လွှဲပြောင်း စနစ်) ဖြစ်ပါသည်။

Max Myanmar ကုမ္ပဏီအနေနှင့် Operate စီမံဆောင်ရွက်မှုအနေနှင့် လမ်းကြေးကောက်ခံခြင်းလုပ်ငန်းကို လုပ်ကိုင်နေသော်လည်း Build တည်ဆောက်မှုတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တည်ဆောက်ပြီးထားသော ရန်ကုန်-ပြည်ကားလမ်းကို အဆင့်မြှင့်ပြင်ဆင်ခြင်း လုပ်ငန်းသာ ဆောင်ရွက်ရန်ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိအခြေအနေမှန်ကို တင်ပြရမည်ဆိုလျှင် မြန်မာပြည်လမ်းအသီးသီးတွင် ရန်ကုန်-ပြည်ကားလမ်းမှာ အဆင့်မမီ၊ ခပ်ညံ့ညံ့လမ်းဟု သုံးသပ်ရမည့် အနေအထားမျိုးဖြစ်နေပါသည်။ ရန်ကုန်-ပြည်ကားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း လုပ်ကိုင်နေသော Max Myanmar ကုမ္ပဏီ၏ လုပ်ငန်းပိုင်းတွင် ပြည်မြို့နယ်မှစ၍ ကားလမ်းတစ်ဖက်စီ (၃)ပေ ကွန်ကရစ် ခင်းခြင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ သာယာဝတီမြို့နယ်အရောက်တွင် ဂုံမင်းမြောင်ကျေးရွာအထိ၊ လမ်းအနောက်ခြမ်း(၃)ပေသာ ချဲ့ထွင်ကွန်ကရစ်ခင်းပြီး၊ လမ်းအရှေ့ခြမ်းချဲ့ထွင်ခြင်းမရှိပါ။ ဂုံမင်း မြောင်ရွာမှ စတင်၍ သာယာဝတီမြို့၊ သုံးဆယ်မြို့တို့အထိ လမ်းဘေးဝဲယာ(၃)ပေစီချဲ့ထွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သည်ကို မတွေ့ရပါ။ သာယာဝတီမြို့နယ် အဆုံး၊ ရန်ကုန်တိုင်းအတွင်းတွင်လည်း ဆောင်ရွက်သည်မတွေ့ရပါ။

ထို့ကြောင့် BOT စနစ်အရ ရန်ကုန်-ပြည်ကားလမ်းကို စီမံဆောင်ရွက်ခွင့်ရနေသော Max Myanmar ကုမ္ပဏီအနေနှင့် ရန်ကုန်-ပြည်ကားလမ်း၊ လမ်းပိုင်းအဆင့်မြှင့်တင်ရေး လုပ်ငန်းတို့ကို မည်သည့်ကာလတွင် မည်သို့ဆောင်ရွက်မည်ဖြစ်ကြောင်းအစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ထန်းတပင်မြို့နယ်၊ အမှတ်(၃) စစ်တောင်းမြစ်ကူးတံတားမှ မြို့တွင်း (၄၅၀၀) ပေအား အဝင်လမ်း၊ အထွက်လမ်း သတ်မှတ်ပြီး မြို့ရှောင်လမ်း ဖောက်လုပ်ခြင်းမပြုဘဲ**

**မူလလမ်းအား လိုအပ်သလို တိုးချဲ့ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ထန်းတပင်မြို့နယ်၊ မြို့စိုးကျေးရွာ တိုက်နယ်ဆေးရုံ လျှပ်စစ်မီး ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အမှတ်(၃) စစ်တောင်းမြစ်ကူးတံတားမှ ထန်းတပင်မြို့ကိုပတ်၍ မြို့ရှောင်လမ်းဖောက်လုပ်ရန် လမ်းဦးစီးဌာနမှ ကွင်းဆင်းတိုင်းထွာမှုများ ပြုလုပ်နေပါသည်။

မြို့ရှောင်လမ်းဖောက်လုပ်မည်ဆိုပါက လုပ်ကွက်ငယ်တောင်သူများ၏ အလုပ်လက်မဲ့ ပြဿနာများ ဖြစ်ပေါ်လာခြင်း လမ်းဖောက်လုပ်မည့်မြေနေရာများတွင်ပါဝင်သော တောင်သူလယ်သမားများမှ ကန့်ကွက်ခြင်း၊ မြို့ရှောင်လမ်းဖောက်မည်ဆိုပါက မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး၊ လမ်းသစ်ဖောက်လုပ်မည့် ကုန်ကျစရိတ်များဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများစွာ နစ်နာ ပါသည်။

စစ်တောင်းမြစ်ကူးတံတားအမှတ်(၃)မှ ထန်းတပင်မြို့သို့အဝင်လမ်းမှာ မူလရှိပြီးလမ်း ဟောင်း(၂)လမ်း ပေ(၄၅၀၀)အတွင်းရှိ အိမ်ခြံမြေများအား မူလမြို့မြေပုံပေါ်ရှိလမ်းများအား တိုင်းတာပြီး ကျူးကျော်နေသော ခြံမြေများကို ဖယ်ရှားစေခြင်း၊ ထိုက်သင့်သောနစ်နာကြေးများ ပေး၍ မြို့တွင်း(၄၅၀၀)ပေအား အသွားလမ်း၊ အပြန်လမ်းထားပေးပြီး ကျန်လမ်းပိုင်း တောင်ငူ-မုပ္ပလင်လမ်းထိ လိုအပ်သလောက်ချဲ့ယူခြင်းဖြင့် နိုင်ငံတော်ပိုင် ဘဏ္ဍာငွေ ကုန်ကျစရိတ်များစွာ သက်သာပါမည်။

သို့ဖြစ်ပါ၍ မြို့တွင်း(၄၅၀၀)ပေအား အဝင်လမ်း၊ အထွက်လမ်းသတ်မှတ်ပြီး မြို့ရှောင်လမ်း ဖောက်လုပ်ခြင်းမပြုဘဲ မူလလမ်းအား လိုအပ်သလို တိုးချဲ့ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ မြို့စိုးကျေးရွာ၊ တိုက်နယ်ဆေးရုံသို့ လျှပ်စစ် မီးသွယ်တန်းပေးမည်ဆိုပါက မြို့စိုးကျေးရွာ၊ ပတ်ဝန်းကျင်ကျေးရွာအုပ်စု(၆)အုပ်စု၊ ကျေးရွာ ခွဲ(၂၄)ရွာ လူဦးရေနှစ်သောင်းနီးပါးခန့်မှာ ကျန်းမာရေးပြုစုစောင့်ရှောက်မှု အပြည့်အဝခံစား ရမည်ဖြစ်ပြီး ကိုယ်ဝန်ဆောင်မိခင်များ၏ ဘဝလုံခြုံမှုအာမခံချက်ရမည်ဖြစ်ပါသည်။ ယခုအခါ အင်ဂျင်စက်ဖြင့် မီးထွန်းနေရသဖြင့် လောင်စာဆီဝယ်ယူရန် ရန်ပုံငွေအခက်အခဲကြောင့် ည (၉)နာရီခန့်အထိသာ မီးရရှိပါသည်။ အချိန်လွန်မှရောက်ရှိလာသော မီးမဖွားနိုင်သည့် မွေး လူနာများအား မီးမရရှိပါသဖြင့် ခွဲစိတ်ကုသပေးနိုင်ခြင်းမရှိ၍ အခြားဆေးရုံများသို့ လွှဲပြောင်းပေးနေရပြီး လမ်းပန်း ဆက်သွယ်ရေး အခက်အခဲကြောင့် အခြားဆေးရုံသို့ အချိန်မီရောက်ရှိခြင်းမရှိပါက အသက်အန္တရာယ် စိုးရိမ်နေရပါသည်။

ထန်းတပင်မြို့ လျှပ်စစ်ခွဲရုံမှ မြို့စိုးကျေးရွာအထိ သွယ်တန်းထားသော (၁၁)ကေဗွီ လိုင်းပေါ်မှ

မြို့စိုးတိုက်နယ်ဆေးရုံသို့ ပေ(၁၅၀၀)ခန့် (၁၁)ကေဗွီလိုင်းနှင့် (၂၀၀)အား လျှပ်စစ်ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများအား တပ်ဆင်ပေးမည်ဆိုပါက ကျပ်ငွေသိန်း(၂၀၀) ခန့် ကုန်ကျမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြို့စိုးကျေးရွာတိုက်နယ်ဆေးရုံ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများမှ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ တိုက်နယ်ဆေးရုံ လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၃)ဦးမေးမြန်းသည့် မေးခွန်း(၄)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ငူမြို့ စစ်တောင်းမြစ် တစ်လျှောက် ကမ်းပါးပြိုမှုများအား ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အတွင်း စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် နောက်ဆင်ကျေးရွာအုပ်စု၊ ရွာတန်းရှည်ကျေးရွာ၊ သဖန်းပင်ကျေးရွာအုပ်စုရှိ သဖန်းပင်ကျေးရွာနှင့် မလွှပင်ကျေးရွာ၊ တောင်ငူမြို့ ရပ်ကွက်(၂၀)မြို့ကြီးအောက်ပိုင်းနေရာများတွင် ကမ်းပြိုမှုဖြစ်စဉ်များနှင့် ဤဦးစီးဌာန၏ ကွင်းဆင်း စစ်ဆေးချက်များအရ အနောက်ဆင်ကျေးရွာ အုပ်စု၊ ရွာတန်းရှည်ရွာတွင် ကမ်းပြိုမှုအလျားပေ(၁၂၀၀)ခန့်နှင့် သဖန်းပင်ကျေးရွာအုပ်စုရှိ မလွှပင်ကျေးရွာတွင် ကမ်းပြိုမှုအလျား(၂၀၀၀)ပေခန့်ဖြစ်ပေါ်နေပြီး တောင်ငူမြို့ရပ်ကွက်(၂၀)မြို့ကြီး အောက်ပိုင်းနေရာများတွင် ကမ်းပြိုမှုမှာ အနည်းငယ်ကိုသာ တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ ကျေးရွာများအနက် သဖန်းပင်ကျေးရွာအုပ်စုရှိ မလွှပင်ကျေးရွာတွင် ကမ်းပြိုမှု ဖြစ်ပေါ်နေခြင်းမှာ ကမ်းပြိုမှုပမာဏကြီးမားပြီး လတ်တလောဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ အဆိုပါမလွှပင်ကျေးရွာကမ်းပြိုမှုကာကွယ်ရေး ဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကွင်းဆင်း စစ်ဆေးတွက်ချက်ထားမှုအရ (၂၁၅၈၈၀၀၀၀)(ကျပ်နှစ်ထောင်တစ်ရာငါးဆယ့်ရှစ်သိန်းရှစ်သောင်း) ခန့် ဖြစ်ပါသည်။ အဆိုပါကမ်းပြိုမှုကာကွယ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ (RE) တွင်တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားထားပြီး ဖြစ်ပါသည်။ သို့သော်လည်း ၂၀၁၇-၂၀၁၈ (RE) တွင် မီလောက်အောင်မဟုတ်ဘဲ ယခုအရေးပေါ်ကိစ္စ ဖြစ်နေပါက ရန်ပုံငွေရရှိရေးအတွက် အထက်သို့ အဆင့်ဆင့်တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရရှိပါက တိုင်းဒေသကြီးအနေဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး မရရှိပါက လုပ်ဆောင်ပေးနိုင်မည် မဟုတ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရန်ကုန်-ပြည်လမ်းကို Bot စနစ်အရ လမ်းကြေးကောက်ခံဆောင်ရွက်ခွင့် ရနေသော Max Myanmar ကုမ္ပဏီ၏ လမ်းပိုင်းအဆင့်မြှင့်တင်ရေးလုပ်ငန်းနှင့်ပတ်သက်၍ မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း "** နှင့်စပ်လျဉ်း၍ မက်(စ်)ဟိုင်းဝေး ကုမ္ပဏီလီမိတက်သည် ရန်ကုန်-ပြည်လမ်းအား ပဲခူးတိုင်းဒေသကြီးအတွင်းတွင် မိုင်(၇၀/၆-၁၉၃/၇)ထိ (၁၂၃ မိုင် ၁ဖာလုံ) ကို B.O.T စနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်လျှက်ရှိပါသည်။

(၂၂. ၅. ၂၀၁၃)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၃)မှ သဘောတူ ဆုံးဖြတ်ချက်အရ (၁)ရက်ပျမ်းမျှ ယာဉ်စီးရေ (AADT)အရ စီးရေ(၅၀၁မှ ၂၀၀၀)အထိ ဖြတ်သန်းသွားလာလျှင် (၂၄')လမ်းအကျယ် ရရှိရေးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ရန်ကုန်-ပြည်လမ်းတွင် နေ့စဉ် ဖြတ်သန်းသွားလာသော ယာဉ်စီးရေသည် ပျမ်းမျှစီးရေ (၂၀၀၀)အောက်သာ ဖြတ်သန်းသွားလာလျှက် ရှိပါသည်။

သာယာဝတီမြို့နယ်အစ မိုင်(၇၀/၆ )မှ ဂုံမင်းမြောင်းကျေးရွာ မိုင်(၈၀/၀)ထိ (၉မိုင်၂ဖာလုံ)အား (၂၂)ပေအကျယ်ဖြင့် (၂၀. ၁၂. ၂၀၁၂)ရက်နေ့တွင် B.O.Tနှုန်းဖြင့် ကောက်ခံခွင့်ရရှိပြီးဖြစ်ပါသည်။ မိုင်(၁၃၁/၆-၁၉၃/၇)ထိ (၆၂မိုင် ၁ဖာလုံ)အား (၂၄)ပေအကျယ် လမ်းချဲ့ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ပါ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခဲ့ရာ B.O.T နှုန်းဖြင့် ကောက်ခံခွင့်ရရှိပြီးဖြစ်ပါ၍ စုစုပေါင်း (၇၁မိုင်၃ဖာလုံ)အား B.O.T နှုန်းဖြင့် ကောက်ခံခွင့်ရရှိပြီး ဖြစ်ပါသည်။

ရန်ကုန်-ပြည်လမ်းတွင် မိုင်(၈၀/၀-၁၃၁/၆)ထိ (၅၁မိုင် ၆ဖာလုံ)သည် လေလံနှုန်းဖြင့်သာ ကောက်ခံနေသော လမ်းအပိုင်းဖြစ်ပါသည်။ အဆိုပါ လမ်းအပိုင်းတွင် သာယာဝတီ-ဇီးကုန်းလမ်းပိုင်း မိုင်(၁၀၅/၀-၁၃၁/၆)အထိ (၂၆မိုင် ၆ဖာလုံ)အား (၂၄')အကျယ် လမ်းချဲ့ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ပါသည်။မိုင်(၈၀/၀-၁၀၅/၀)အထိ (၂၅မိုင်)အား (၁၈')အကျယ်မှ (၂၄')အကျယ် ကွန်ကရစ်ဖြင့် တိုးချဲ့ခြင်းလုပ်ငန်းအား ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် ဆောင်ရွက်ပြီးဖြစ်ပါသည်။ သာယာဝတီမြို့နယ်အစ မိုင်(၇၀/၆) မှ ဂုံမင်းမြောင်းကျေးရွာ မိုင်(၈၀/၀)အထိ လမ်းတစ်ဖက် (၃)ပေအကျယ် ချဲ့ခြင်း လုပ်ငန်းကို ၂၀၁၇ခုနှစ် နိုဝင်ဘာလကုန်တွင် ပြီးစီးအောင် မက်စ်ဟိုင်းဝေးကုမ္ပဏီမှ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ရန်ကုန်-ပြည်လမ်းတွင် အချို့နေရာများသည် (၁၈)ပေအကျယ် လမ်းဖြစ်ပြီး အချို့နေရာများသည် (၂၂)ပေ အကျယ် လမ်းဖြစ်သဖြင့် လမ်းအကျယ် (၂၄)ပေ ရရှိရန်အတွက် (၁၈)ပေ အကျယ်လမ်းအားကားလမ်းတစ်ဖက်စီ (၃)ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။လမ်းအကျယ် (၂၂)ပေအား လမ်းအကျယ် (၂၄)ပေ ရရှိရေးအတွက် လမ်းတစ်ဖက် (၃)ပေကိုသာ တိုးချဲ့ရန် လိုအပ်လျှက်ရှိပါသဖြင့် လမ်းတစ်ဖက်ကိုသာ (၃)ပေချဲ့ခြင်းဖြစ်ပါသည်။

လမ်းအဆင့် မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်သည်နှင့်တစ်ပြိုင်နက် လမ်းပုခုံးများ ကောင်းမွန်ရေးဆောင်ရွက်ခြင်းနှင့် လမ်းသားချောမွေ့အောင် ဆောင်ရွက်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လမ်းအကျယ်ချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက လမ်း၏အပွန်းခံလွှာအား နိုင်လွန်

ကတ္တရာခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရန်ကုန်-ပြည်လမ်းတွင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး အတွက် Road Safety လုပ်ငန်းများဖြစ်သော Guard Post တိုင်များစိုက်ထူခြင်း၊ Guard Railများထားရှိခြင်း၊ လိုအပ်သော နေရာများတွင် သတိပေး/အသိပေးဆိုင်းဘုတ်များနှင့် လမ်းညွှန်ဆိုင်းဘုတ်များစိုက်ထူခြင်း၊ ရောင်ပြန်များ ထားရှိခြင်း၊ ကျောင်းရှေ့များတွင် လူကူးမျဉ်းကြားများ ရေးဆွဲခြင်းများ ဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ထန်းတပင်မြို့နယ်၊ အမှတ်(၃) စစ်တောင်းမြစ်ကူးတံတားမှ မြို့တွင်း (၄၅၀၀) ပေအား အဝင်လမ်း၊ အထွက်လမ်း သတ်မှတ်ပြီး မြို့ရှောင်လမ်းဖောက်လုပ်ခြင်းမပြုဘဲ မူလလမ်းအား လိုအပ်သလို တိုးချဲ့ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ စစ်တောင်းမြစ်ကူးတံတား အမှတ်(၃)မှ ထန်းတပင်မြို့အတွင်းသို့ ဝင်ရောက်သည့် မြို့အဝင်လမ်း(ထန်းတပင်-တပြေးလမ်း)သည် (၂မိုင် ၆ဖာလုံ + ၃၉၉')ရှိပြီး မိုင်(၀/၀မှ၀/၆)အတွင်း(၆ဖာလုံ)မှာ လမ်းနယ်အကျယ်သည် (၂၆)ပေ မှ (၃၁)ပေ အကျယ်သာရှိပြီး မိုင်(၀/၆ မှ ၂/၆ + ၃၉၉')အထိသည် လမ်းနယ်အကျယ် ပေ(၁၀၀)သာရှိ၍ လမ်း၏ ဝဲ/ယာတွင် အခိုင်အမာရှိသော အဆောက်အဦနှင့် စေတီများလည်း တည်ရှိနေပါသည်။ ယင်းထန်းတပင်တပြေးလမ်းသည် ယခင်က စည်သာယာရေးအဖွဲ့ပိုင်လမ်းဖြစ်ပြီး (၂၇. ၈. ၂၀၁၅) ရက်နေ့တွင် လမ်းဦးစီးဌာနမှ လွှဲပြောင်းယူခဲ့သည့် လမ်းဖြစ်သဖြင့် လမ်းနယ်နိမိတ်အကျယ်များသည် လမ်းဦးစီးဌာန၏ သတ်မှတ်ချက်အတိုင်းမရှိသည့်အပြင် စစ်တောင်းမြစ်ကူးတံတား(ထန်းတပင်) တည်ဆောက်ပြီးဖြစ်သဖြင့် စစ်တောင်းမြစ်၏ အရှေ့ဘက်ခြမ်းနှင့်အနောက်ဘက်ခြမ်းကို ဖြတ်သန်းသွားလာသည့် ယာဉ်စီးရေမှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြား လျှက်ရှိပါသည်။ လက်ရှိမြို့အဝင်လမ်းအား အဝေးပြေးလမ်းအဖြစ် တိုးချဲ့ဆောင်ရွက်ပါကလည်း စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ထွက်ကုန်များအား မြို့တွင်းမှ သယ်ယူပို့ဆောင်ရသဖြင့် ယာဉ်သွားလာမှုကျပ်တည်းခြင်း၊ ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ပိုမိုတွေ့ကြုံ ခံစားရခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် မိုင်(၀/၀)မှ (၀/၆)အတွင်းတွင် အခိုင်အမာ တည်ဆောက်ထားသည့် အဆောက်အဦးများအပါအဝင် အိမ်ခြံမြေ (၁၂၀)ကျော်နှင့် သာသနိက အဆောက်အအုံများလည်း တည်ရှိသဖြင့် လက်ရှိလမ်းအား ယာဉ်သွားလမ်း (၂)လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်ပါက အခိုင်အမာတည်ရှိနေသည့် အဆောက်အဦများကိုလည်း ဖယ်ရှားရမည်ဖြစ်ပါသည်။

စစ်တောင်းမြစ်ကူးတံတား(ထန်းတပင်) တည်ဆောက်စဉ်ကာလကပင် နောင်ကာလတွင် ဆောင်ရွက်မည့် ထန်းတပင်မြို့အကွက်ချပုံစံအတိုင်း မြို့ရွာဖွံ့ဖြိုးရေးနှင့်လူနေအိမ်ခြေများ စနစ်တကျ အကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် မြို့ပတ်လမ်းကို လျာထားလမ်းအူကြောင်းအဖြစ် စစ်တောင်းမြစ်ကူးတံတား(ထန်းတပင်)ဘက်ခြမ်း၏ အပိုင်းမှ တပြေးလမ်းဆုံအထိ စုစုပေါင်း (၂မိုင်၇ဖာလုံ)ကို လျာထားတိုင်းတာထားပါသည်။

သို့ဖြစ်ပါ၍ ထန်းတပင်မြို့အား မြို့အင်္ဂါရပ်နှင့်အညီစနစ်တကျ ဖွံ့ဖြိုးတိုးတက်စွာပေါ်ထွန်းလာစေရန်နှင့် နောင်တွင် ယာဉ်အန္တရာယ် လျော့နည်းကင်းစင်စေရန်အတွက် မူလထန်းတပင်မြို့ အဝင်လမ်းအား တိုးချဲ့ဆောင်ရွက်ခြင်းမပြုဘဲ ထန်းတပင်မြို့ပတ်လမ်းအား မြို့အင်္ဂါရပ်နှင့်အညီ အကျိုးရှိစွာ ဖြစ်ပေါ်လာစေနိုင်ရန်အတွက် ဆောင်ရွက်ရန်အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ထန်းတပင်မြို့နယ်၊ မြို့စိုးကျေးရွာ တိုက်နယ်ဆေးရုံ လျှပ်စစ်မီး ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ထန်းတပင်မြို့နယ်၊ မြို့စိုးကျေးရွာ၊ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ဓါတ်အားပေးနိုင်ရန်အတွက် ထန်းတပင်မြို့၊ (၃၃/၁၁)ကေဗွီ(၅)အမ်ဗွီအေ ဓါတ်အားခွဲရုံမှ တည်ဆောက်ပြီးဖြစ်သောသီးခြား (၁၁)ကေဗွီ ဓါတ်အားလိုင်း(မြို့စိုး)ဖီဒါ (၁၁)မိုင်အဆုံးမှတစ်ဆင့် (၁၁)ကေဗွီလိုင်း(၁၅၀၀)ပေနှင့် (၁၁/၀. ၄)ကေဗွီ(၁၀၀)ကေဗွီအေ ဓါတ်အားခွဲရုံ တည်ဆောက်၍ ဓါတ်အားဖြန့်ဖြူးပေးရမည်ဖြစ်ပါသည်။ အဆိုပါ တိုက်နယ် ပြည်သူ့ဆေးရုံသို့ ဓါတ်အားပေးနိုင်ရန် (၁၁)ကေဗွီလိုင်း(၁၅၀၀)ပေနှင့် (၁၁/၀. ၄)ကေဗွီ (၁၀၀)ကေဗွီအေ ဓါတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်း၏ တိုင်းဒေသကြီးဘတ်ဂျက်တွင် ထည့်သွင်းလျာထားခြင်းမရှိပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ အသုံးစရိတ်ရန်ပုံငွေဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အစီအစဉ်(၁၆)မေးခွန်းနံပါတ်(ခ)နှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဖြေကြားသွားသည်ကို ကြားရသည်မှာ အတိုင်းမသိဝမ်းသာမိပါသည်။ အဘယ်ကြောင့်ဆိုသော် ရန်ကုန်-ပြည်လမ်းကို လမ်းဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးလျှင် လမ်းအဖုံးကို နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုသည့် အကြောင်း သိရသည့်အတွက် အလွန်ကြိုဆိုဝမ်းသာပါကြောင်း၊ သို့သော်လည်း မည်သည့်ကာလတွင် စတင်ပြီး ဆောင်ရွက်ပေးမည်ဆိုသည့်ကာလ အပိုင်းအခြားကို သိချင်ပါကြောင်း၊ လမ်းပခုံးများကို ခင်းပေးမည်ဆိုသည့် နေရာမှာ ဂဝံနုများဖြစ်သည့်အတွက် မိုးတွင်းကာလဗွက်တောများလည်ပြီး အလွန်ဒုက္ခများခဲ့ရပါ၍ BOT စနစ်အရ စီမံဆောင်ရွက်ခွင့်ရနေသည့် Max Myanmar ကုမ္ပဏီ၏လုပ်ငန်းပိုင်းကို မိမိတို့ဝန်ကြီးဌာန လက်အောက်မှာ ရှိသည့် ဦးစီးဌာနမှ စိစစ်ကြီးကြပ်ခွင့်ရှိ/မရှိဆိုသည့် မေးခွန်းကို မေးမြန်းချင်ပါကြောင်း၊ လမ်းဦးစီးဌာနမှ မက်စ်မြန်မာ၏ လမ်းချဲ့ခြင်းလုပ်ငန်းများတွင် စီစဉ်ကြီးကြပ်မှု ရှိ/မရှိဆိုသည့် မေးခွန်းနှင့်

နိုင်လွန်ကတ္တရာခင်းမည့် အစီအစဉ်သည် မည်သည့်ကာလတွင် စတင်ဆောင်ရွက်မည်ဆိုသည့် မေးခွန်းကို သိရှိလို၍ ပြည်သူများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင် မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ပဲခူးတိုင်း ဒေသကြီး အတွင်းမှာရှိသည့် BOT ပေးထားသည့် ကုမ္ပဏီများကို မြေနီလမ်းများအား ကောင်းမွန်စွာ လုပ်/မလုပ် စစ်ဆေးသည့်အဖွဲ့ကို ပြည်ထောင်စုက ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးအတွက် သီးသန့်ဖွဲ့စည်းထားသည့်အဖွဲ့လည်း ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးရှိ လမ်းဦးစီးမှ ညွှန်ကြားရေးမှူးကို ဆောင်ရွက်ပြီးစီးအခြေအနေအား (၁)လလျှင် (၁)ကြိမ်တင်ခိုင်းထားပါကြောင်း၊ နိုင်လွန်ကတ္တရာအား မည်သည့် အချိန်တွင် ခင်းပေးမည်ကို လမ်းဦးစီးသို့စာဖြင့် မေးမြန်းပြီး လွှတ်တော်သို့ ပြန်လည်ဖြေကြားပေးမည် ဖြစ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်း အမှတ်စဉ်(၁)နှင့် (၂) တို့အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မိမိမေးခွန်းတွင် ပါဝင်သည့် အဝင်လမ်း၊ အထွက်လမ်းတစ်လမ်းတည်းမှာ လမ်းဦးစီးဌာန၏ အကျယ်ပြည့်မီချင်မှ ပြည့်မီမည်ဖြစ်ကြောင်း၊ သို့သော် မပြည့်မီသည့်အတွက် မြို့အဝင်လမ်းမကို လမ်း(၂)လမ်းယူ၍ရပါကြောင်း၊ ၎င်းနေရာတွင် အနည်းငယ်ကျဉ်းသည်မှာ ပေ(၅၀၀)ဝန်းကျင်ခန့်ရှိပါကြောင်း၊ ၎င်းနေရာတွင် မြို့နှင့်ညှိနှိုင်းရာ၌ လမ်းကို အမှန်တကယ်ချဲ့မည်ဆိုလျှင် ၎င်းတို့ဘက်မှ အတတ်နိုင်ဆုံးနောက်ဆုတ်ပေးမည်ဟု ညှိနှိုင်းထားပါကြောင်း၊ မိမိတို့မြို့တွင် ကားအစီးရေ(၁၀၀)ဝန်းကျင်သာရှိပါကြောင်း၊ ဖောကားများ တရားမဝင် လိုင်စင်မဲ့ကားများ ရေတွက်ပါမှ ထိုမျှလောက်သာရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဇရပ်ကြီးမှ ကျွဲပွဲသို့သွားမည့် စစ်တောင်းမြစ်ကူးတံတားအမှတ်(၄) (သို့မဟုတ်) အမှတ်(၅)မှာ ကျပ်သန်းပေါင်း (၄၅၀၀)ခန့် ကုန်ကျမည် ဖြစ်ပြီး ယခုနှစ်တွင် ကျပ်သန်းပေါင်း(၁၀၀၀)ကိုစပြီး ခွင့်ပြုထားပါကြောင်း၊ ဇရပ်ကြီးက ကျွဲပွဲနှင့် (၄)မိုင် ကွာဝေးပြီး ဇရပ်ကြီးနှင့် ထန်းတပင် (၁၁)မိုင်ကျော် ကွာဝေးပါကြောင်း၊ အကယ်၍ တံတားပြီးသွားမည် ဆိုပါက ဇရပ်ကြီးဒေသမှကားများသည် ထန်းတပင်ဒေသကို လာစရာအကြောင်းမရှိတော့ပါကြောင်း၊ လိုအပ်ချက်အရသာ အထိုက်အလျောက်ရှိပါကြောင်း၊ အကယ်၍ ရန်ကုန်(သို့မဟုတ်)တောင်ငူသွားမည်

ဆိုပါက နီးသည့်နေရာမှဖြတ်၍ ထွက်မည်ဖြစ်ပါကြောင်း၊ နောက်ထပ်တံတားတစ်စင်းကလည်း ကျပ်သန်းပေါင်း(၁၀၀၀) ခွင့်ပြုထားသည်ဖြစ်ပါ၍ ပြည်သူ့ဘဏ္ဍာများအားမလိုဘဲ မသုံးစွဲရန်၊ လယ်ယာများလည်း ပျက်စီးမည်ဖြစ်သည့်အပြင် အလုပ်လက်မဲ့များလည်း ပေါ်များလာမည်ဖြစ်ကြောင်း၊ မလိုအပ်ဘဲ ဆုံးရှုံးမှုများ မရှိစေရန် မြို့အဝင်လမ်းကို အသွားလမ်း၊ အပြန်လမ်း၊ သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ဝန်ကြီးဖြေကြားသွားသည်မှာ တစ်လမ်းတည်းကိုဘဲ ဦးစားပေးပြီး ဖြေကြားသွားသည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မိမိမေးခွန်းမေးစဉ်ကာလကတည်းက အသွားတစ်လမ်း၊ အပြန်တစ်လမ်းရရန် အလွန်ဆုံး ကျပ်သန်းပေါင်း(၄၅၀၀) ဆိုသည်မှာ ၎င်းထက်လျော့နည်းပါကြောင်း၊ ၎င်းထက်များစရာ အကြောင်းမရှိပါကြောင်း၊ သို့ပါ၍ မြို့တွင်းအဝင်လမ်းကိုဘဲ တောင်သူလယ်သမားများနှင့် မြို့ခံပြည်သူများမှ လွှတ်တော်တွင် မေးမြန်းပေးရန် တောင်းဆိုသည့်အတွက် ပြည်သူ့ဆန္ဒအရ မေးမြန်းရခြင်းဖြစ်ပြီး၊ ဝန်ကြီးအနေဖြင့် အမှန်တကယ်လိုအပ်သည် ဆိုပါက ယခုလမ်းအတိုင်း မဖောက်ပါနှင့် ထောင်ပြီးဖောက်ပါရန်နှင့် မြို့ကြီးကို ဂကွေ့ကွေ့ပြီးဖောက်သည်မျိုး မဖြစ်စေချင်ပါကြောင်း၊ မိုင်တိုင်ကွာဝေးခြင်းလည်း အတူတူပင်ဖြစ်ပါကြောင်း၊ အမှန်တကယ်လိုအပ်ပါက ကွင်းဆင်းပြီးမှ လမ်းကိုဖောက်သင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါသည်။

ဒုတိယမေးခွန်းအနေဖြင့် မေးခွန်းတွင်ပါပြီးသားဖြစ်သည့် မြို့စိုးကျေးရွာ တိုက်နယ်ဆေးရုံ လျှပ်စစ်မီးရရှိနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနဦးစီးဌာနများမှ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး တိုက်နယ်ဆေးရုံလျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းဖြစ်ပြီး၊ ဝန်ကြီးဖြေကြားထားသည်မှာ ၎င်းတို့နှင့်မဆိုင်ဘဲ ကျန်းမာရေးဝန်ကြီးဌာနနှင့်သာသက်ဆိုင်ပါကြောင်း မိမိတို့ကို ခေါင်းလွှဲလိုက်သလို ဖြစ်နေပါ၍ လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် မလုပ်ပေးနိုင်လျှင် မလုပ်ပေးနိုင်ဟု ရှင်းရှင်းလင်းလင်း ဖြေကြားပေးစေချင်ပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မေးမြန်းသော မေးခွန်းအမှတ်စဉ်(၁)၊ မေးခွန်းအမှတ်စဉ်(၂)တို့နှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်းများကို စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။လမ်းဦးစီးဌာနမှ ဖောက်လုပ်သည့်လမ်းများသည် ကျေးရွာလမ်း၊ စည်ပင်လမ်းများနှင့် မတူဘဲ မြို့တွင်းဆက်သည့် လမ်းများကို အဓိကထား ဖောက်လုပ်ရပါသည်။ လမ်းစံချိန်စံညွှန်း၊ လမ်းအကျယ်နှင့် လမ်းနယ်နိမိတ်များကို သတ်မှတ်ထားရှိပါသည်။ လမ်း၏စံချိန်စံညွှန်းများကို မြို့အင်္ဂါရပ်နှင့်အညီ ထားရှိရပါသည်။ မြို့တွင်း၌ ဖောက်လုပ်ရာ၌ အလွန်အခက်အခဲရှိပါကြောင်း၊ မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ကွေ့ပြီးဖောက်လုပ်ရခြင်းသည် မြေပြင်ပကတိဖြစ်လာမည့်အနေအထားနှင့် ကွေ့ဝိုက်ပြီးဖောက်လုပ်ရခြင်းဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်တင်ပြထားသည့်အတိုင်း ကုန်ကျမည့်ငွေကြေးအလွန်များပြားနေပါ၍ လုပ်ဆောင်မည့် လုပ်ငန်းမှာ အမှန်တကယ်တိုင်းပြည်အတွက် ကုန်ကျသည့်ငွေကြေးနှင့် အကျိုးရှိ/မရှိ ပြည်သူလူထု၏

တကယ်တမ်းဆန္ဒရှိ/မရှိ မေးမြန်းစုံစမ်း၍ ကွင်းဆင်းစစ်ဆေးပြီး အမှန်တကယ်များနေပါက၊ ပစ္စည်းလတ်တလော မရှိသေးပါက မဖောက်လုပ်သေးပါကြောင်း၊ အမှန်တကယ်လိုအပ်လျက်ရှိသည်ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူလူထုကလမ်းဦးစီးဌာနနှင့် ညှိနှိုင်းပြီး မြို့ရှောင်လမ်းအဖြစ်ဖောက်လုပ်ရန် သင့်/မသင့်၊ မြို့တွင်းမှာလည်း ဖောက်လုပ်ရန် အခက်အခဲရှိပါကြောင်း၊ အကောင်းဆုံးလုပ်ဆောင်ကြရန် မိမိကိုယ်တိုင်ကွင်းဆင်းစစ်ဆေးပြီး ဖောက်လုပ်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဆက်စပ်မေးခွန်းနောက်တစ်ခုဖြစ်သည့် ထန်းတပင်မြို့နယ် မြို့စိုးကျေးရွာ တိုက်နယ်ဆေးရုံ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍ (11.04)ကေဗွီကို တိုင်းဒေသကြီးက တာဝန်ယူ၍ (33.11) အား ပြည်ထောင်စုက တာဝန်ယူရသည်ဖြစ်ပါကြောင်း၊ ဆေးရုံတစ်ခုတည်းအတွက် လိုအပ်သည့် ထရန်စဖော်မာအား ကျန်းမာရေးဌာန ဘတ်ဂျက်နှင့်ဆွဲလေ့ ရှိပါကြောင်း၊ ၎င်းထရန်စဖော်မာကို ရရှိရန်အတွက် ၎င်းထက်ကြီးသည့် ထရန်စဖော်မာကို ဆွဲမည်ဆိုလျှင် ပြည်ထောင်စုဘတ်ဂျက်နှင့် ဆောင်ရွက်ရပါသည်။ တိုင်းဒေသကြီးဘတ်ဂျက်သည် ဖြန့်ဖြူးရန်အပိုင်းဖြစ်သည့် (11.04)ကေဗွီကို လုပ်ဆောင်ရသည်ဖြစ်ကြောင်းနှင့် အမှန်တကယ် အရေးပေါ်ဆွဲယူရန် လိုအပ်သည်ဆိုလျှင် ပြည်ထောင်စုသို့ လျှပ်စစ်ပိုင်းကတင်ပြသွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ မေးခွန်းကို ၎င်း၏ကိုယ်စား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ မေးမြန်းပေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးလွင်၏ တာဝန်ပေးအပ်ချက်အရ ဦးဌေးလွင်၏ ကြယ်ပွင့်ပြမေးခွန်းကို ကိုယ်စားမေးမြန်းခြင်းဖြစ်ပါသည်။ ဦးဌေးလွင်၏ ကြယ်ပွင့်ပြမေးခွန်းမှာ ပဲခူးတိုင်းဒေသကြီး (အရှေ့) အုတ်တွင်း မြို့နယ်ရှိ (၃၃/၁၁) ကေဗွီ (၃)အမ်ဗွီအေ ထရန်စဖော်မာအား (၃၃/၁၁)ကေဗွီ (၅)အမ်ဗွီအေ ထရန်စဖော်မာနှင့် အင်အားတိုးလဲလှယ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းများ၊ တံတားများ ဆောက်လုပ်ရာတွင် အများပြည်သူထိခိုက်မှု မရှိစေရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းများ၊ တံတားများ ဆောက်လုပ်ရာတွင် ကုမ္ပဏီများ၊ သက်ဆိုင်ရာဌာနများမှလုပ်ငန်းခွင် လုပ်ဆောင်ရာ၌ လမ်းခင်းလျှင် ညနေလုပ်ငန်းခွင်ပြီးချိန် ဒီအတိုင်းထားခဲ့ပြီး အချက်ပြအမှတ်အသား၊ ဆိုင်းဘုတ်စသည်ဖြင့် ပြုလုပ်ခြင်းမရှိ၍ အများ ပြည်သူထိခိုက်မှုရရှိစေခြင်း၊ တံတားများဆောက်လုပ်ရာတွင်လည်း လမ်းလွှဲပြုလုပ်

ထားသည်ကို အချက်ပြဆိုင်းဘုတ် ပြုလုပ်ထားသော်လည်း၊ တံတားဟောင်းဖြိုချထားမှုကို လမ်းပိတ်ထားသည့် ဆိုင်းဘုတ်အမှတ်အသား ပြုလုပ်ခြင်းမရှိသောကြောင့် သွားလာမြဲသွားနေကျသူတို့မှ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်စေပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းများ၊ တံတားများ ဆောက်လုပ်ရာတွင် အများပြည်သူ ထိခိုက်မှု မရှိစေရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ မေးမြန်းရန်ရှိသော မေးခွန်းကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တစ်ဦးမှ တာဝန်ယူမေးမြန်းပေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခွင့်ပြုပါ။ ဦးစည်သူလွင်၏ ကြယ်ပွင့်ပြမေးခွန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါရှိသော လုပ်ငန်းများ၏ BP/BQ များအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သည့်အချိန်တွင် မည်ကဲ့သို့သော ပုံစံဖြင့် ခွင့်ပြုပေးသည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါသည်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ဦးစည်သူလွင်မှ မိမိကိုမှာကြားခဲ့သည်အား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါ။ ကျောက်ကြီးမြို့နယ်အပါအဝင် မြို့နယ်တိုင်းတွင် မိမိတို့ကြုံတွေ့နေရသည့် အခက်အခဲမှာ BP/BQ ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုသည့်အခါ အဆောက်အဦ ကော်မတီကို ဖွဲ့စည်းနေရသည့်အတွက် BP/BQ ကို တောင်း၍ မရသည့်အခြေအနေမျိုး ရှိပါကြောင်း၊ ၎င်းတို့မှ Drawing ကို ထုတ်ပြသော်လည်း Drawing ကို ကြည့်မည်ဆိုလျှင် BP/BQ ကိုသိမှ မည်ကဲ့သို့သော အခြေအနေမျိုး တည်ဆောက်ရမည်ဆိုသည်ကို သိနိုင်ပါမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေး ကော်မတီကို ပြည်သူများမှ BP/BQ တောင်းခံပေးရန် မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၃)ဦးမေးမြန်းသည့် မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ အုတ်တွင်းမြို့နယ် (၃၃/၁၁)ကေဗွီ ထရန်စဖော်မာသည် (၁၁/၀. ၄)ကေဗွီထရန်စဖော်မာ(၄၄)လုံးတပ်ဆင်အင်အား (၇၂၉၀) ကေဗွီအေဖြင့် မြို့ပေါ်ရပ်ကွက်(၆)ခုနှင့် ကျေးရွာပေါင်း (၁၁)ရွာရှိ မီးသုံးသူ(၃၉၀၀)ခန့်အား ဓါတ်အား ဖြန့်ဖြူးလျှက်ရှိပြီး အဆိုပါထရန်စဖော်မာ၏ အမြင့်ဆုံးဝန်အားမှာ (၁. ၃)မဂ္ဂါဝပ် ရှိပါသည်။ ထရန်စဖော်မာ

ခံနိုင်ရည်ဝန်အား၏ (၆၀%)သာရှိပါသည်။ လက်ရှိတွင် လုပ်ငန်းခွင့်ပြုပြီးတည်ဆောက်ဆဲ ကျေးရွာ(၇) ရွာအား ထရန်စဖော်မာ(၈)လုံး (တပ်ဆင်အင်အား-၁၆၀ကေဗွီအေ)ရှိပြီး အဆိုပါ ကျေးရွာမီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက(၃၃/၁၁) ကေဗွီ(၃)အမ်ဗွီအေ ထရန်စဖော်မာ၏ ဝန်အားမှာ(၁. ၉) မဂ္ဂါဝပ်သို့ ရောက်ရှိလာမည်ဖြစ်ပါသည်။ အဆိုပါ (၃)အမ်ဗွီအေ ထရန်စဖော်မာ၏ အမြင့်ဆုံးခံနိုင်ရည် ဝန်အားမှာ (၂. ၄)မဂ္ဂါဝပ် ရှိသဖြင့် ဝန်အားနိုင်နင်းသည့်အခြေအနေတွင်ရှိပါကြောင်းနှင့် အုတ်တွင်းမြို့နယ်ရှိ (၃၃/၁၁)ကေဗွီ(၃)အမ်ဗွီအေ ထရန်စဖော်မာအား (၃၃/၁၁)ကေဗွီ(၅)အမ်ဗွီအေထရန်စဖော်မာနှင့် အင်အားတိုးလဲလှယ်ပေးခြင်းလုပ်ငန်းအား (၂၀၁၈-၂၀၁၉)ခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရန် ငါးနှစ်စီမံကိန်းတွင် တင်ပြထားပြီး ဖြစ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း လမ်းများ၊ တံတားများ ဆောက်လုပ်ရာတွင် အများပြည်သူထိခိုက်မှု မရှိစေရေး စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနအနေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူများ ထိခိုက်မှုမရှိစေရေးအတွက် လုပ်ငန်းခွင်ဆောင်ရွက် နေစဉ်ကာလအတွင်း ယာဉ်အန္တရာယ်/လမ်းအန္တရာယ် ကင်းရှင်းစေရန်အတွက် လမ်းတား Barrier များ၊ လမ်းတားကတော့ coneများထားရှိခြင်း၊ အသိပေးသတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း ၊အချို့နေရာများတွင် ဝါးတိုင် ဝါးတန်းများကာရံ၍ ပိတ်စိမ်းစများဖြင့်ကာရံခြင်း စသည်တို့ကိုစနစ်တကျ တပ်ဆင်ဆောင်ရွက်လျှက်ရှိပါသည်။ ထို့အပြင်လုပ်ငန်း ခွင်သိမ်း၍ ညပိုင်းအချိန်များတွင်လည်း ယာဉ်မောင်းများ လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် Road Safety နှင့် သက်ဆိုင်သည့် လုပ်ငန်းအလိုက် အစီအမံများကိုလည်း ထပ်မံတိုးမြှင့်၍ စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ငွေလုံးငွေရင်း ရန်ပုံငွေ အနေဖြင့် ဌာနဆိုင်ရာအသီးသီးမှ လုပ်ငန်းလိုအပ်ချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ရန်ပုံငွေကို ခန့်မှန်းခြေစာရင်းတွက်ချက်လျက် တိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီ၏ အတည်ပြုချက်ရယူပြီး ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်သို့တင်ပြ၍ အတည်ပြုခွင့်ပြုချက် ရယူရပါသည်။ ရန်ပုံငွေခွင့်ပြုပြီး ဆောင်ရွက်မည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၏ အတည်ပြုသတ်မှတ် ဒီဇိုင်းများနှင့် ကိုက်ညီမှု ရှိ/မရှိ၊ ဆောက် လုပ်ရေးဝန်ကြီးဌာနမှ ပြဌာန်းထားသည့် တည်ဆောက်ရေးလုပ်ငန်းအလိုက် စံနှုန်းသတ်မှတ်ချက်ပါ စံချိန်စံညွှန်း (Analysis of Rate) များနှင့် ကိုက်ညီမှု ရှိ/မရှိနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဘဏ္ဍာရေးနှစ်အလိုက်ပြဌာန်းသော ဒေသပေါက်ဈေးနှုန်းများကို အခြေခံ၍ တွက်ချက်ထားခြင်း ရှိ/မရှိ တို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်း စိစစ်ရေး ကော်မတီမှ စိစစ်ပြီး ပြည့်စုံသည့် ခန့်မှန်းခြေတွက်ချက်မှုပါ လုပ်ငန်းများကို ခွင့်ပြုပေးလျက်ရှိပါသည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ အဖွဲ့ဝင် ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ အဖွဲ့ဝင် ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ အစီရင်ခံစာ

## နိဒါန်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် ကော်မတီ၏တာဝန်များနှင့်အညီ တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးလျက် ရှိပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်ခြင်း၊ ကော်မတီဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ပတ်သက် ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်းများအား ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ချက်များအား လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ကော်မတီ၏ အစီရင်ခံ စာများ ရေးသားတင်သွင်းနိုင်ခဲ့ပါသည်။

## ရည်ရွယ်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ ဆောင်ရွက် လုပ်ကိုင်မှုများ၊ တိုက်တွန်းချက်များအား ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အစီရင်ခံ စာ ရေးသားတင်ပြသွားရန် ရည်ရွယ်ပါသည်။

## အစီရင်ခံတင်ပြခြင်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာ ကော်မတီသည် တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်နေကြသော ပြည်သူများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြေယာပြဿနာများနှင့် ပတ်သက်၍ နစ်နာမှုများအား

ကော်မတီ၏ တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီအနေနှင့် အောက်ပါ လုပ်ငန်းဆောင်ရွက်ချက်များအား တင်ပြပါကာလအတွင်း ဆောင်ရွက်ခဲ့ပါသည်-

- (၉. ၁. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၊ မိုးညိုမြို့နယ်ရှိ တောင်သူများနှင့် ဧရာဝတီတိုင်းဒေသကြီး ကြံခင်း၊ မြန်အောင်မြို့နယ်များရှိ တောင်သူများ၏ မြေနုကျွန်း အငြင်းပွားမှုများကို နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (CPRCG)နှင့် ကော်မတီခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။
- (၁၀. ၁. ၂၀၁၇)ရက်နေ့တွင် ကော်မတီအဖွဲ့သည် မြေယာအငြင်းပွားမှုနှင့် ပတ်သက်သည့် တိုင်ကြားစာများအား ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။
- (၁၁. ၁. ၂၀၁၇)ရက်နေ့တွင် ပဲခူးမြို့ ဥသာမြို့သစ်(၈)ရပ်ကွက်၊ နာရဏီသိမ်တော်နှင့် ပတ်သက်သည့် တိုင်ကြားစာနှင့် ပတ်သက်ပြီး ကြားနာခြင်းအား ဆောင်ရွက်ခဲ့ပါသည်။ ဌာနဆိုင်ရာများအနေဖြင့် လာရောက်ရှင်းလင်းမှုမရှိဘဲ ဆောင်ရွက်ဆဲဖြစ်ကြောင်းသာ ဥက္ကဋ္ဌထံ ပြန်လည်ဖြေကြားခဲ့ပါသဖြင့် ကော်မတီအနေဖြင့် ပျက်ကွက်ကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။
- (၂. ၂. ၂၀၁၇)ရက်နေ့တွင် တိုင်းဒေသကြီး နှစ်ရပ်ပူးပေါင်း၍ မြေနုကျွန်းပြဿနာများအား ဖြေရှင်းရန် လွှတ်တော်ဒုဥက္ကဋ္ဌဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သို့ ကော်မတီအနေဖြင့် သွားရောက်၍ ဆောင်ရွက်နိုင်ခဲ့ပြီး အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်-
    - အငြင်းပွားဒေသတွင်းရှိ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်ရန်။ (ပြည်သူများ၏ ဆန္ဒသဘောထားများကို နားထောင်ပြီး နှစ်ဖက်စလုံး သတင်းအချက်အလက် ဖလှယ်ရေး ဆောင်ရွက်ရန်။)
    - နှစ်ဘက်တိုင်းအဆင့် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီများက ကွင်းဆင်း ဆောင်ရွက်နိုင်ရေး အမြန်ဆုံးတွန်းအားပေးရန်။
    - အရပ်ဖက်အဖွဲ့အစည်းမျး၏ အကြံပြုချက်များကို အလေးထားပြီး အဆင်ပြေမည့် အချိန်မှာ နှစ်ဖက်စိုက်/မွေးကော်မတီ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အမြန်ဆုံး ကွင်းဆင်းဆောင်ရွက်ပြီး တွေ့ရှိချက်များအပေါ် နှစ်ဖက်ပွင့်လင်းမြင်သာစွာ ညှိနှိုင်း ဆောင်ရွက်ရန်။
    - တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအကြောင်းအရာကိစ္စများ၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရကို အကြောင်းကြားရန်။
    - လယ်ယာမြေသိမ်းဆည်းရေးကိစ္စကို လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန်။

- မြန်အောင်တရားရုံးတွင် တရားစွဲခံနေရသည့် အမျိုးသမီးတောင်သူ(၁၇)ဦးကိစ္စကို အတတ်နိုင်ဆုံး မှန်ကန်တိကျစွာ သက်ဆိုင်ရာကော်မတီသို့ ညှိနှိုင်းဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။
- (၉. ၂. ၂၀၁၇)ရက်နေ့တွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် နောင်(၅)နှစ်စီမံချက်တွင် လုပ်ဆောင်မည့် အစီအမံများနှင့် ပတ်သက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် လည်းကောင်း၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသည့် (MJT) မှ ဦးရဲထွန်းအောင်နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။
- (၂၁. ၂. ၂၀၁၇)ရက်နေ့တွင် ကော်မတီများမှ ပဲခူးတိုင်းဒေသကြီးအတွင်း ရေးဆွဲထားရှိသောရေချိုငါးလုပ်ငန်းဥပဒေနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ၎င်းဥပဒေ၏ အားနည်းချက်များအား ပြင်ဆင်ရန် ဆောင်ရွက်ရန် ကော်မတီ၏တာဝန်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

ကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစဉ်တစိုက်အလေးထားဆောင်ရွက်လျက်ရှိသဖြင့် အောက်ပါအချက်အလက်များအား အလေးထားဆောင်ရွက်ရန် ကော်မတီက တိုက်တွန်းပါသည်-

- ပဲခူးတိုင်းဒေသကြီးတွင် လယ်ယာထုတ်လုပ်မှုသည် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ လိုက်လျောညီထွေရှိစေမည့် သီးနှံများကို စိုက်ပျိုးရန်။
- တောင်သူများထံ ခေတ်မီနည်းပညာများ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးနည်းစနစ်များ တိုးတက်မြင့်မားလာစေရန်နှင့် တောင်သူများတွေ့ကြုံရသော အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် တောင်သူပညာပေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်။
- လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် စက်မှုလယ်ယာပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရမည့်အပြင် စက်ပစ္စည်းများအား မြို့နယ်အလိုက် အငှားစနစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရန်။
- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သီးနှံများအတွက် ကြိတ်ခွဲရာတွင် အဆင့်မြင့်ကြိတ်ခွဲစက်များ ထူထောင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရန်။
- ပဲခူးတိုင်းဒေသကြီး လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ လုံလောက်စွာ တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်။
- ဧရာဝတီမြစ်တစ်လျောက် မြစ်ကြောင်းများပြောင်းလဲမှု၊ ကမ်းပါးတိုက်စားမှုများ ဖြစ်ပေါ်လာမှုအဓိကပြဿနာမှာ မြစ်၊ သဲ၊ ကျောက် စုပ်ယူမှုများနှင့် ဆက်စပ်မှုများ ရှိနေသဖြင့် လုပ်ငန်းများကို စိစစ်၍ လုပ်ငန်းလိုင်စင်များ ချမှတ်ဆောင်ရွက်ပေးရန် တိုက်တွန်းပါသည်။

- စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်နေသော တောင်သူများအနေဖြင့် အကုန်အကျ အရင်းအနှီးများစွာဖြင့် စိုက်ပျိုးလုပ်ကိုင်နေရသော်လည်း ခိုင်မာသည့် ဈေးကွက် မရှိသဖြင့် ဈေးနှုန်းအတက်အကျများရှိသည့်အပေါ် တောင်သူများထံ ရိုက်ခက်မှုများရှိလာသဖြင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဈေးကွက်ရှာဖွေနိုင်ရေး ဆောင်ရွက်ပေးရန်။
- တောင်သူများစိုက်ပျိုးနေသောမြေယာများမှာ ဓါတုဆေးဝါးများ သုံးစွဲလာမှုများပြားလာသည့်အတွက် မြေဆီလွှာပျက်စီးမှုများ ရှိလာသည်ကို တွေ့ရှိရပါသည်။ အစိုးရအနေဖြင့် PH level အဆင့် မြေယာပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှသာလျှင် မှန်ကန်သော မြေအမျိုးအစားများဖြစ်လာပြီး စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းမည် ဖြစ်ပါသည်။

**မွေးမြူရေး**

အိမ်နီးချင်းနိုင်ငံများမှ တရားမဝင် ဝင်ရောက်လာသော ကုန်ပစ္စည်းများအပြင် ရောဂါကျရောက်သောနိုင်ငံများမှ အသားနှင့်ဥများကို သက်ဆိုင်ရာတိုင်း၊ ခရိုင်၊ မြို့နယ်များမှ ထိရောက်စွာ တားမြစ်ထိန်းချုပ်ရန်လိုအပ်ပါသည်။

**နိဂုံး**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအနေဖြင့် မိမိတို့ကော်မတီဝင်များ၏ ထိတွေ့ရာ နယ်ပယ်အသီးသီးရှိ ပြည်သူများ၏ လူမှုဘဝများ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး မြေယာကဏ္ဍတွင်အတတ်နိုင်ဆုံးကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ သယ်ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်သွင်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့အား တိုက်တွန်းကြောင်း" အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များက ပြန်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ စသည်ဖြင့် အဂတိ လိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု**

**မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးမှ အမည်စာရင်း တင်ပြထားပါတယ်။

**ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ဇင်မိုးထိုက်၏ လွှတ်တော်သို့ တင်သွင်းခဲ့သည့် အဆိုနှင့်ပတ်သက်၍ ဆွေးနွေးသွားမှာ ဖြစ်ပါသည်။

ဒေါ်ဇင်မိုးထိုက်၏အဆိုသည် အမြင်သဘောနှင့် ကြည့်မည်ဆိုလျှင် အရမ်းကောင်းမွန်သည့်အဆိုတစ်ခု ဖြစ်ပါသည်။ ဘာကြောင့် အမြင်သဘောဟုပြောရမည်ဆိုလျှင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ တရားရေးဝန်ထမ်းများ၊ ဥပဒေရုံးဝန်ထမ်းများ၏ အဂတိလိုက်စားမှုမရှိစေရန် (လွတ်လပ်၍ အနှောင်အဖွဲ့ ကင်းသော စောင့်ကြည့်ရေးအဖွဲ့)ဟု ဆိုထားပါသည်။ ထိုဖွဲ့သည့်အချိန်မှာ ဘယ်လိုလူမျိုးတွေနှင့် ဖွဲ့မည်လဲ၊ ထိုအဖွဲ့ရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအနေနှင့် မည်သို့မည်ပုံ သတ်မှတ်ပေးမည်လဲ ဆိုသည်ကိုလဲ စဉ်းစားရ မည်ဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်သူတွေအတွက် နောက်ထပ်ဝန်ထုပ်ဝန်ပိုး ဖြစ်ရမှာကိုလဲ စိုးလှပါသည်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေသည်လည်း ဥပဒေပြုရေးတွင်သာမက စောင့်ကြည့် ထိန်းညှိရေးအလုပ်ကို လုပ်လို့ရပါသည်။ ယခုလက်ရှိလဲ လုပ်နေရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ကိုယ်စားလှယ်များက ပြည်သူ့အသံသေချာစွာနားထောင်ပြီး အစိုးရအဖွဲ့နှင့် လိုအပ်သလို တင်ပြဆွေးနွေး သွားမည်ဆိုလျှင် အဆိုရှင်တင်ပြသော အဖွဲ့ကဲ့သို့ ထိရောက်မှာဖြစ်ပါသည်။

သို့ပါသောကြောင့် လက်ရှိအနေအထားတွင် အဆိုရှင်တင်သွင်းခဲ့သည့်အဆိုသည် ကောင်းမွန်ပါ သော်လည်း လက်တွေ့ဆောင်ရွက်မည့်နေရာမှာ အခက်အခဲများစွာ ရှိနေနိုင်ပါသောကြောင့် မဲခွဲဆုံးဖြတ်သည့် နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သေသေချာချာ စဉ်းစားနိုင်ပါရန် တင်ပြဆွေးနွေးအပ် ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈)ခုနှစ် အခန်း(၁) နိုင်ငံတော်၏ အခြေခံမူများ ပုဒ်မ ၁၁ (က)တွင် နိုင်ငံတော်၏ အချုပ်အခြာ အာဏာတွင် ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်။ ပုဒ်မ ၂၁ (ဂ) ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု ပြဋ္ဌာန်းပါရှိပါသည်။

ထို့ကြောင့် နိုင်ငံသားများသည် အထက်ပါမဏ္ဍိုင်များ တိမ်းစောင်းနေမှုမဖြစ်ပေါ်စေရန် စောင့်ကြည့် နေရမည်မှာ သဘာဝကျသော ဥပဒေနည်းလမ်းတကျ ဖြစ်စဉ်တစ်ခုပင် ဖြစ်ပါသည်။ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ပြဋ္ဌာန်းချက်တွင် ပုဒ်မ (၃၄၇) နိုင်ငံတော်သည် မည်သူ့ကို မဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။

ပုဒ်မ (၃၅၇) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ အကာအကွယ်ပေးရမည်ဟု အတိအလင်းဖော်ပြပြီး ဖြစ်ပါသည်။ (၁၈. ၁. ၂၀၁၆)တွင် ပြဋ္ဌာန်းခဲ့သော ၂၀၁၆ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၀) ၂၀၁၆ခုနှစ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ၏ရည်ရွယ်ချက် (ဃ) ပြစ်မှုဆိုင်ရာဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ပိုမိုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှု မြင့်မားစေရန်၊ (င) မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလ လျှော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှု ပပျောက်စေရန်၊ (စ) အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်နိုင်ရန်အတွက် အထောက်အကူပြုရန် စသည်ဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်တို့အား အခြေခံတရားဥပဒေနှင့်အညီ ထိန်းကျောင်းနိုင်ပါရန် ဥပဒေပြုရေးမဏ္ဍိုင်လွှတ်တော်မှ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာလည်း ထိန်းကျောင်းမှုများ ပီပြင်မှ တိုင်းပြည်၏ ဒီမိုကရေစီဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အောင်မြင်မှာ ဖြစ်ပါတယ်။

- မြန်မာနိုင်ငံ၏ မူးယစ်နှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးနှင့် အခြားသော ဘိန်းဖြူ ဘိန်းမဲ များ၏ ဖမ်းဆီးရရှိမှု များပြားစွာတွေ့ရှိရသော်လည်း အနည်းအကျဉ်းသာ ပိုင်ရှင်နှင့်တကွ ဖမ်းမိပြီး အများအပြားဖမ်းမိနေခြင်းများကို ပိုင်ရှင်မဲ့အဖြစ်သာ တွေ့ရှိရပါသည်။
- နိုင်ငံရေးဆန်ဆန် လုပ်ကြံသတ်ဖြတ်မှု၊ မိသားစုလိုက်အသတ်ခံရသည့် အမှုကြီးများအား တရားခံနှင့် နောက်ဆက်တွဲတရားခံများ တိကျစွာဖော်ထုတ်ပေးနိုင်ခြင်းအတွက် ပွင့်လင်းမြင်သာမှုမှာ အားနည်းလျှက်ရှိနေကြောင်း ထင်ရှားစွာတွေ့နေရပါသည်။
- အမှုလိုက်များ အမှုဖော်ထုတ်ရမည့် ဥပဒေဘက်တော်သားများမှ တရားခံ(သို့)တရားခံပြေးများဘက်မှ ခုခံကာကွယ်နေသလို မြင်တွေ့ခံစားနေရသည့် ပြည်သူများ၏ စိတ်နှလုံးပူပန်ဝမ်းနည်းမှုမှာ ကျွန်တော်တို့ကိုယ်စားလှယ်များ မျက်မြင်ဒိဋ္ဌပင် ဖြစ်ပါတယ်။
- တရားဥပဒေစိုးမိုးရေး၏ အဓိကအရေးကြီးသည့် ဦးဆောင်အဖွဲ့ဖြစ်နေသော ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့များသည် ပြည်သူအားကိုးအားထားပြုရသော အဖွဲ့များဖြစ်စေရန် မူခင်းကြိုတင်ကာကွယ်ရေးအတွက် တားမြစ်၊ ထိန်းချုပ်၊ သတိပေး၊ အရေးယူခြင်းတို့ ပြုလုပ်ခြင်း တိုးမြှင့်ရမည် ဖြစ်ပါသည်။ အထက်ပါအချက်များသည် မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပျက်လျှက်ရှိသော ပြည်သူများအတွက် ဥပဒေစိုးမိုးမှု လျော့နည်းလျှက်ရှိကြောင်း သက်သေများဖြစ်ပြီး ထိုဖြစ်ရပ်များ တိုးတက်မှုရှိရန် စောင့်ကြည့်ရေးအဖွဲ့များကို လိုအပ်မှာ ဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အတွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား- ပြည်သူများအတွက် အကျိုးပြုဥပဒေများဖြစ်ဖို့နှင့် ပြစ်မှုပြစ်ဒဏ်များမှာလည်း ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်ဖို့ လိုအပ်ပါသည်။

ပြည်သူ့ဝန်ထမ်းများဖြစ်သည့် ရဲဝန်ထမ်း၊ ဥပဒေဝန်ထမ်း၊ တရားရေးဝန်ထမ်းများအတွက်လည်း ထိုက်သင့်သောဘဝလုံခြုံနိုင်သည့် အခြေအနေတစ်ရပ်ကို နိုင်ငံတော်မှ ဖန်တီးပေးနိုင်ရန်လည်း လိုအပ်

ပါတယ်။ ဒါမှ အဂတိတရားများလျော့ပါးသွားပါမည်။ အလွန်အကျွံစီးပွားဖြစ်နိုင်ငံနှင့် လူမျိုးမျက်နှာမှ မထောက်ထားသည့် လုပ်ရပ်များအတွက် ထိရောက်သောအရေးယူမှုများကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းလာမည့် စောင့်ကြည့်ရေးအဖွဲ့များ၏ အစီရင်ခံစာများမှာ လွန်စွာအထောက်အကူပြုမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၁၅ ရွေးကောက်ပွဲ ကြော်ငြာစာတမ်းတွင် ပြည်သူလူထု၏ ဘဝများပြောင်းလဲလာစေရန်။ အချက်(၃)ဖြစ်သည့် ပြည်သူလူထုအား တရားမျှတစွာ အကာအကွယ်ပေးမည့် အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာရေး၊ အချက်(၂)တွင် အဂတိကင်းစင်သော လူ့အသိုင်းအဝိုင်းဖော်ဆောင်ရန် လိုအပ်သလို ထိရောက်စွာ ဆောင်ရွက်မည်။ အချက်(၄) တရားမျှတပြီး ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးစနစ်ကို ထူထောင်မည်၊ အချက်(၅) တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေမည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး စနစ်ပေါ်ပေါက်ရန် ဆောင်ရွက်မည်ဟု ရည်မှန်းထားပါသည်။

အဆိုရှင်၏ လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များမှ အထက်ပါ ရည်မှန်းချက်များကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ ယုံကြည်အားတက်ဖွယ် မြင်နိုင်ပါသည်။ ဒီလိုအဖွဲ့မျိုးကို မြို့နယ်တွင်သာမက ပဲခူးတိုင်းဒေသကြီးနှင့် (၄)ခရိုင်စလုံးတွင်ပါတိုင်းအဆင့် ခရိုင်အဆင့်ဖွဲ့စည်းသင့်ပြီး ထို့အပြင် ဖွဲ့စည်းရာ၌လည်း ပွင့်လင်းမြင်သာကျစ်လစ်စွာ စနစ်တကျပြည်သူကိုယ်စားပြု ဖွဲ့စည်းစေလိုပါသည်။

အထက်ပါအချက်များအပေါ် ထောက်ရှု၍ ပြည်သူဗဟိုပြုသည့် ပွင့်လင်းမြင်သာ တရားမျှတသော ရဲလုပ်ငန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူကို အထောက်အကူပြုသည့် ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ တည့်မတ်မှန်ကန်စွာ အဂတိတရားကင်းရှင်း၊ မိမိဂုဏ်သိက္ခာကို တန်ဖိုးထားသည့် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ စသည်တို့မှာ တိုင်းပြည်ကို တိုးတက်ကြီးပွားရန် တရားစောင့်ရမည့်သူများဖြစ်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယောမင်းကြီး ဦးဘိုးလှိုင်၏ ရာဇဓမ္မသင်္ဂဟကျမ်းတွင် **“ လောက၌ တရားကိုမစောင့်မကျင့်ဘဲ တရားကင်း၍ ချမ်းသာတိုးပွားသော အရပ်သည် အရပ်ဆုတ်ယုတ်ပျက်စီးသည်ဆိုပါလျှင် ထိုအရပ်၌ ဇကန်တရားပျက်သည် အကြင်အရပ် တိုးပွားဖြစ်ထွန်းလျှင် အကြင်အရပ်၌ ဧကန်တရားရှိ၍ ထိုအရပ်သူတို့တရားကို စောင့်၏ဟု”** ဖော်ပြထား သည်ကို ပြန်လည်မျှဝေချင်ပါသည်။ ထို့ကြောင့် ဆုတ်ယုတ်သော ကျွန်တော်တို့အရပ်ကို အကျိုးစီးပွား တိုးပွားသောငှာ တရားစောင့်သူတို့ ပိုမိုထွန်းကားပွားများရန် လိုအပ်ချက်အရ အဆိုရှင် တင်သွင်းသည့် အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ထိန်းညှိရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ရန် လိုအပ်သည်မှာ ထင်ရှားကြောင်း တင်ပြရင်း ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေး အတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုအား လေးနက်စွာ ထောက်ခံအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ကောင်းကျိုးလိုရာနှင့် ပြည့်စုံပါစေ။ ကျွန်တော်ကတော့ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော် ဖြစ်ပါတယ်။ ဒီကနေ့ ဆွေးနွေးမှာကတော့ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါ်ဇင်မိုးထိုက်၏ **“ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေး အတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်၏ မဲဆန္ဒနယ်မြေ ရွှေအင်ဒုံကျေးရွာ အုပ်စုမှ ဦး----------ဆိုသူသည် ဆဲမှုဖြစ်ပွားရာ တရားလိုဖြစ်သူမှ ရဲစခန်းအား တိုင်ကြားရာ ရဲဝန်ထမ်း-------------က တရားရုံးအား ဆက်လက်တင်ပေးပါသည်။ တရားရုံးမှ ရုံးချိန်းမှာ အကြိမ်ကြိမ် ချိန်းဆိုရာတွင် အိုးဖိုစုချင်းစုကျေးရွာမှ ဦး-------------ဆိုသူသည် အလုပ်များဖျက်၍ စိတ်ပျက်နေရင်းနှင့် အမှုတွဲကိုင်ရဲဝန်ထမ်း ------------က ဝန်ခံလိုက်ပါ ဘာမှမဖြစ်ပါဘူးဆိုပြီးပြောရာ အမှုဖြစ်သူ ဦး------ က ဝန်ခံပါသည်။ ဝန်ခံပြီး(၆)လလောက်ကြာမှ အမှုပျက်ပါသည်။ အမိန့်ချမှတ်ရာတွင် (ငွေဒဏ်) ၂၀၀၀ဝိ/- ကျပ် ဒဏ်ရိုက်ခံရပါသည်။ ထို့အပြင် ရဲဝန်ထမ်း--------------ကဘဲ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်း များကို ပေးရန် ၄၀၀၀ဝိ/+၂၀၀၀ဝိ/ကျပ် ထိုသို့ပေးရသည်ကို ကြားသိရသော ရှေ့နေတစ်ဦးမှ ဘာကြောင့် ပေးရတာလဲ ပေးစရာမလိုကြောင်းပြောရာ လက်ကိုဆွဲပြီးလာလိုက်ခဲ့ပြပေးပါ။ ဆိုတော့ အမှုဖြစ်သူက နေပါစေတော့ မြန်မြန်ပြီးရင်ပြီးရောဆိုပြီး ဘာမှမတတ်နိုင်တော့ပါ။ ကာယကံရှင်က ကျေနပ်နေပါတယ်။

ထိုဖြစ်စဉ်မှာ အမိန့်ချမှတ်ရာတွင် အမိန့်ချမှတ်သည့်နေ့၌ သွားရဲလို့၊ အဖော်ခေါ်ရာ အကြီးအကဲ တစ်ယောက်အပြင် ကျွန်တော်၏မိခင်ကိုယ်တိုင် ပါသွားပါသည်။ ထိုမှတစ်ဆင့် ဖြစ်စဉ်ကို ကြားသိရပါသည်။ ပြောင်းလဲမှုမရှိဘဲ ယခင်အတိုင်းပါဘဲဆိုတာကို ပြည်သူများထံမှ ဝေဖန်သံတွေကိုလည်း ကြားရပါသည်။

ထိုမှတဖန် သနပ်ကွင်းရွာတွင်နေထိုင်သူ ဖခင်(သေဆုံး)ပြီး မိဘလက်ငုတ်ပိုင်ဆိုင်သော လယ်ယာမြေ အိုးအိမ် အစရှိသည်တို့ကို ညီအစ်ကိုယ်မောင်နှမ(၇)ဦး ပိုင်ဆိုင်၍ နေထိုင်စားသောက်ကြပါသည်။ အိုးခွဲ၊ အိမ်ခွဲများလည်း ရှိကြပါသည်။ အမွေဆိုတာ မရကြသေးပါ။ အကိုအကြီးဆုံးဖြစ်သူက အကုန်ယူပြီး ကျန်(၆)ဦးအား မခွဲပေးပါ။ ထိုကျန်(၆)ဦးမှ ဒုတိယသားဖြစ်သူက ဦးဆောင်၍ လက်မှတ်(၆)ဦးစလုံးထိုးပြီး တရားရုံး၌ အမွေရလိုပါကြောင်း၊ ခွဲစိတ်ပေးရန် အမှုဖွင့်တိုင်ကြားပါသည်။

မြို့နယ်ရုံး၌လည်း အမွေမှုရှုံးပါသည်။ ထိုမှတစ်ဆင့် အယူခံလိုက်ရာ ခရိုင်၌လည်းရှုံးပါသည်။ ထိုကျန် (၆)ဦးဖြစ်စဉ်ကို ကျွန်တော့အား ဒုတိယသားက လာရောက်ရှင်းပြအသိပေးပါသည်။ အမွေဆိုတာ တော်စပ်သူ အကုန်ရကိုရလိမ့်မည်။ ခွဲခြမ်းစိတ်ဖြာပေးရမည်။ ရှုံးတယ်ဆိုတော့ ဦးလေးတို့က မွေးစားသားနှင့် မွေးစား သမီးဖြစ်လိမ့်မည်ဟု ပြောလိုက်ပါသေးတယ်။ အဲဒီတော့ တရားရေးမဏ္ဍိုင်က စဉ်းစားစရာဖြစ်နေပါသည်။

ဒါကြောင့် ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**“ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေး အတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့်**

**ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို ထောက်ခံဆွေးနွေးရင်းနှင့် အဆိုအား ထောက်ပြဆွေးနွေးသွားမှာ ဖြစ်ပါသည်။ အဆိုနှင့်ပတ်သက်လို့ အင်မတန်မှ ကောင်းပါသည်။ သို့သော် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန်ဆိုသည်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် လုပ်ပိုင်ခွင့်တွေက ရှုပ်ထွေးလာမှာဖြစ်ပါသည်။ စောင့်ကြည့်လေ့လာခွင့်ကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ပြုလုပ်မှုနှင့် လုပ်စားပိုင်ခွင့်ဖြစ်လာမှာကိုလည်း စိုးရိမ်မိပါသည်။ ထို့အပြင် အမှုပွဲစားသဖွယ်မဖြစ်လာဘူးလို့လည်း အတတ်ပြောလို့မရသလို၊ ဖွဲ့ပေးလိုက်သည့် ပုဂ္ဂိုလ်တွေက ဥပဒေကို တတ်ကျွမ်းနားလည်ဖို့နှင့် စိတ်ရင်း စေတနာ မှန်ကန်ဖို့လိုပါသည်။ တကယ်လုပ်နိုင်သည့်သူတွေဖြစ်ရပါမည်။ ဒီလိုပုဂ္ဂိုလ်တွေပါဝင်ဖို့ မည်သူက တာဝန်ယူ၊ တာဝန်ခံမလဲ၊ ဒါ့ကြောင့် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန် ပေးရန်ဆိုသည့် စာပိုဒ်မှာ လိုအပ်ချက်များ၊ အားနည်းချက်များကိုလည်း ထောက်ပြဆွေးနွေး တင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများအပိုင်းကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ရဲဝန်ထမ်းနှင့် သက်ဆိုင်သည့် အမှုဖြစ်လျှင် တရားရုံးသို့ ဒဏ်ငွေသွားဆောင်ရာ ခေါ်သွားသော ရဲဝန်ထမ်း များသည် လာဘ်ပေးခြင်း၊ ကြက်ဝိုင်းများ ပြုလုပ်နေကြောင်း၊ ကျေးရွာသူ/ကျေးရွာသားများမှ အကြောင်း ကြားလျှင် ကြိုတင်သတင်းပေးထားသောကြောင့် လာဖမ်းသောအခါ လူများရှိမနေခြင်း၊ (၂)လုံး (၃)လုံး ဖမ်းသောအခါ ဒိုင်ကြီးများအား မဖမ်းဘဲထိုးသားများ၊ လက်ဖျားဒိုင်ခွဲလေးများသာ ဖမ်းဆီးခြင်း၊ ကျွဲ/နွား မှောင်ခိုများကို ထိရောက်စွာအရေးယူဆောင်ရွက်ခြင်း မရှိခြင်းကြောင့် ရဲဝန်ထမ်းများသည် တရားဥပဒေစိုးမိုးရေးကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း အားနည်းချက်များကို တွေ့ရှိနေရပါသည်။

ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများအကြောင်း ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဝေါမြို့နယ် တရားရုံးတွင် ရှေ့နေများနှင့် ဥပဒေအရာရှိများပေါင်းပြီး ဥပဒေအရာရှိမှ အဂတိလိုက်စားမှုများရှိနေခြင်း၊ ဥပဒေရုံးဝန်ထမ်းများသည် အမှုသည်များထံမှ ငွေကြေးတောင်းခံခြင်းများ၊ ရှေ့နေများနှင့် ဥပဒေရုံးဝန်ထမ်း များပေါင်းပြီး တရားသူကြီးထံသို့ လာဘ်ထိုးမှုများရှိကြောင်းကို အမှုဖြစ်ပွားခဲ့ဖူးသော တရားလို/တရားခံ ဒေသခံပြည်သူများမှ တင်ပြလာပါသည်။ ထို့ကြောင့် ဝေါမြို့နယ် တရားရုံးသည် တရားရေးမဏ္ဍိုင် တိမ်းစောင်းမှုများ ရှိနေသည်ကို တွေ့မြင်နေရပါသည်။ ဥပမာအားဖြင့် တင်ပြလျှင် အဘားကျေးရွာ စားကျက်ပြဿနာဆိုပါစို့ စားကျက်မြေထဲ ကျူးကျော်စိုက်ပျိုးသူများကို ယနေ့အချိန်အထိ တရားရုံးမှ သမ္မန်စာပေးပို့ခြင်းများ မရှိသေးပဲ စားကျက်မြေထဲစိုက်ပျိုးထားသော သီးနှံများကို ကျွဲ/နွားများ စားသုံးသည်ဟု ဆိုကာ (၄၂၇/၄၄၇)ပုဒ်မများတပ်ပြီး အမြန်ဆုံးသမ္မန်စာပို့ပြီး ခေါ်ယူစစ်ဆေးခြင်းများ ပြုလုပ်လျှက် ရှိပါသည်။ ထိုပုဒ်မများကြောင့် ရွာသားအများစု တရားရုံးတွင် အမှုများ ရင်ဆိုင်နေကြရပါသည်။

တရားဥပဒေစိုးမိုးရေးအတွက် အဂတိလိုက်စားမှုများ မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် လိုအပ်လျက်ရှိနေပါသည်။ သို့မှသာ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးဆိုသည့် မဏ္ဍိုင်ကြီး(၃)ခု ဟန်ချက်ညီညီနှင့် ရှေ့ဆက်သွားမှသာ ကျွန်တော်တို့လိုချင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ဖြစ်ပေါ်လာမှာ ဖြစ်ပါသည်။ ဒါကြောင့် အဆိုရှင်တင်ပြသွားသလိုဘဲ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံး ဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း"** အဆိုအား ထောက်ခံအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ယနေ့(၂၂. ၃. ၂၀၁၇)အစည်းအဝေးသို့ တက်ရောက်လာကြသော ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ တာဝန်ရှိသူအပေါင်းတို့ခင်ဗျာ- ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း ဦးစွာဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရွှေကျင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဦးဝင်းမြင့်ဖြစ်ပြီး ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ဇင်မိုးထိုက် တင်ပြထားသည့်အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အဖက်ဖက်က နောက်ကျနေတယ်ဆိုတာ အထူးပြောစရာမလိုတော့ပါဘူး။ နောက်ကျခဲ့ရသည့် အကြောင်းအရင်းတွေကို ပြန်လည်သုံးသပ်မည်ဆိုလျှင် ၁၉၆၂ခုနှစ်မှစပြီး တိုင်းပြည်မှာ အုပ်ချုပ်သူအများစုဟာ အတ္တတွေကြီးမားခဲ့ ခြင်းကြောင့် ဖြစ်ပါတယ်။ လူ့သဘာဝအရ အတ္တရှေ့တန်းတင်နေကြမှာဘဲဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ တည်တည်ငြိမ်ငြိမ်နှင့် တိုးတက်နေသည့် နိုင်ငံတွေကို ကြည့်မည်ဆိုလျှင် လာဘ်ပေးလာဘ်ယူ အနည်းဆုံး ရှိသည့် တိုင်းပြည်များဟာ အောင်မြင်နေပြီး လာဘ်ပေးလာဘ်ယူများသည့် တိုင်းပြည်များဟာ ဆုတ်ယုတ် နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အောင်မြင်မှုတစ်ခုရဖို့ဆိုတာ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်လို့ မရပါ။ ကျွန်တော်တို့ နိုင်ငံဟာလက်ရှိအခြေအနေမှာ မိမိအင်အားနှင့်ဘယ်လိုမှ တိုးတက်မှုရအောင် မလုပ်နိုင်ပါ။ ဒါကြောင့်တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး အတ္တပရမ္ပစွာ ကူညီလုပ်ကိုင်လာကြမည့် နိုင်ငံတကာ စီးပွားရေးကုမ္ပဏီများကို ဖိတ်ခေါ်လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်ဂျာနယ်တစ်ခုမှာ ဖတ်လိုက်ရတာကို တင်ပြပါမယ်။ တစ်ချိန်သောအခါက ကျွန်တော်တို့ထက်အဖက်ဖက်က နိမ့်ကျခဲ့သည့် အီသီယိုးပီးယား နိုင်ငံဟာ ဆိုရင် မကြာခင်ကာလအတွင်း ကျွန်တော်တို့တိုင်းပြည်ထက် များစွာကျော်လွန်ပြီး အာဖရိကတိုက်မှာ အကောင်းဆုံး လေဆိပ်ကျည်ဆန်ရထားကို သုံးစွဲနိုင်တဲ့ တိုင်းပြည်ဖြစ်ရခြင်းဟာ အီသီယိုးပီးယားအစိုးရနှင့် လူ့အဖွဲ့အစည်းတွေပေါ်မှာ နိုင်ငံတကာက ယုံကြည်လက်ခံလာလို့ဘဲ ဖြစ်တယ်လို့ သုံးသပ်သွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကိုလည်း စိတ်စေတနာကောင်းသည့် အဖွဲ့အစည်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ရပါမည်။ ဒါကြောင့်ကျွန်တော်တို့တိုင်းပြည် စာရိတ္တတိုးတက်ဖို့အတွက် ဒေါ်ဇင်မိုးထိုက် တင်သွင်းထားသည့် **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ**

**စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို ထပ်ဆင့်ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် **တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ** နှင့် ပတ်သက်သည့် ကဏ္ဍအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး(၁)ဦးမှ ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ပဲခူးတိုင်း ဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း ခရိုင်(၄)ခရိုင်၊ မြို့နယ်(၂၈)မြို့နယ်နှင့် မြို့မရဲစခန်း (၂၈)ခု၊ နယ်မြေ ရဲစခန်း(၆၆)ခု၊ ရဲကင်းစခန်း(၁၇)ခု ဖွင့်လှစ်ထားရှိပြီး ပြည်သူများ တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာနေထိုင်နိုင်ရေး၊ ဝမ်းစာရေးအတွက် ငြိမ်းချမ်းစွာလုပ်ကိုင်စားသောက်နိုင်ရေးအတွက် မူဝါဒများ၊ ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းတာဝန်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ အဓိက မဏ္ဍိုင်ကြီး(၃)ခုဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုလုပ်ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့နေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များ၊ တည်ဆဲ/ပြဋ္ဌာန်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဥပဒေအရာရှိများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့တို့မှ ဆက်စပ် တရားစွဲအဖွဲ့စည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တာဝန်သိပြည်သူတစ်ဦးကဖြစ်စေ၊ နစ်နာသူကဖြစ်စေ၊ ရာဇဝတ်ပြစ်မှု(ရဲအရေးပိုင်မှု)ဖြစ်ပွားကြောင်း ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ကြေးနန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သတင်းပေးတိုင်ကြားပါက ရဲလက်စွဲဒုတိယတွဲအပိုဒ်-၁၄၁၄၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၅၄ အရ ပထမသတင်းပေးတိုင်ချက်ကို ချက်ချင်းရေးဖွင့်၍ အမှုဖွင့် အရေးယူဆောင်ရွက်ပေးရန်ပါမည်။ ရဲအရေးပိုင်မှုဖြစ်ပါက ရဲစခန်း မှတ်ပုံတင်(၂၅) အရ သတင်းချက်ရေးဖွင့်ပြီး တရားရုံးသို့ တင်ပို့ခြင်း၊ ရဲစခန်း(က)၊ (ခ) ပုံစံဖြင့် တရားရုံးသို့ ဦးတိုက်လျှောက်တင်ပို့ခြင်းတို့ ဆောင်ရွက်ပေးရပါသည်။ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မှုခင်းဖြစ်ပွား

မှုနှင့်ပတ်သက်၍ အကြောင်းကြားမှုများအား ချက်ချင်းဖြေရှင်း အရေးယူဆောင်ရွက်ရာတွင် နေရာ/အကွာအဝေး ကန့်သတ်ချက်များအရ ရုံဖန်ရံခါ နှောင့်နှေးကြန့်ကြာမှုရှိသည်များမှလွဲ၍ အချိန်မှီရောက်ရှိရေးဖွင့်နိုင်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ရဲအရေးပိုင်မှုအား နစ်နာသူက တိုင်တန်းသည်ကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပေါ့လျော့မှု/ပျက်ကွက်မှု/ငြင်းပယ်မှုရှိပါက တာဝန်ရှိသူ ရဲတပ်ဖွဲ့ဝင်များအပေါ် ရဲလက်စွဲဒုတိယတွဲ အပိုဒ်-၁၆၈၂ (ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၇၇၊ ၂၁၈)တို့အရ တရားစွဲဆိုခြင်းခံရမည့်အပြင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၃(က)အရ အရေးယူခံရမည်ဟု ပြဋ္ဌာန်းထားရှိသဖြင့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပါသည်။

မိမိနစ်နာ၍ တိုင်တန်းလိုသော အမှုအကြောင်းအရာများသည် ရဲအရေးပိုင်သော ပြစ်မှုများ ဟုတ်/မဟုတ် သိရှိနိုင်ရန်အတွက် ရဲစခန်းများတွင် ရဲအရေးပိုင်သော အမှုအမျိုးအစား(ရာဇသတ်ကြီးဥပဒေပုဒ်မ)များအား ရေးသား၍ နံရံများတွင် ချိတ်ဆွဲထားရှိပြီး ရဲအရေးပိုင်၍ ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ပေးသောအမှုများအနက် အာမခံပေးနိုင်သော အမှုအမျိုးအစား(ရာဇသတ်ကြီးဥပဒေပုဒ်မ)များကိုလည်း ချိတ်ဆွဲပေးထားရှိပါသည်။ အာမခံပေးရမည့် အမှုဖြစ်ပါက အာမခံပေးခြင်း ဆောင်ရွက်ရာတွင် ပြည်သူများထံမှ လာဘ်ငွေတောင်းခံခြင်းဖြင့် ပြည်သူများအပေါ် ဝန်ထုတ်ဝန်ပိုး မဖြစ်စေရေးအတွက် နိုင်ငံတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့မှ အမှုစစ်များအတွက် အမှုစစ်စရိတ်ထုတ်ပေးခြင်း၊ တရားခံများ သယ်ယူပို့ဆောင်ရေးစရိတ်များထုတ်ပေးခြင်း၊ ရဲစခန်းများသို့ စာရွက်စာတမ်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထုတ်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ လာဘ်ငွေတောင်းခံသော တပ်ဖွဲ့ဝင်များကိုလည်း ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအပြင် တည်ဆဲဥပဒေများနှင့်လည်း အရေးယူဆောင်ရွက်လျက်ရှိပါသည်။

စောင့်ကြည့်ရေးအဖွဲ့များ ထားရှိမည်ဆိုပါက ၂၀၁၇ ခုနှစ် မတ်လ (၈)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရန် လိုအပ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၏ အဆိုနှင့် စပ်လျဉ်း၍ **ဥပဒေအရာရှိများနှင့် ဥပဒေရုံး ဝန်ထမ်းများ** ကဏ္ဍအား တိုင်းဒေသကြီးဥပဒေချုပ်မှ ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းမြင့်[တိုင်းဒေသကြီးဥပဒေချုပ်]**။ ။လွှတ်တော်ကိုယ်စားလှယ်၏အဆိုမှာ တရားဥပဒေစိုးမိုးရေးနှင့် တရားရေးမဏ္ဍိုင် တည့်မတ် စေရေးအတွက် ထိန်းကျောင်းပေးရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းသောအဆိုတစ်ခု ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်၏အဆိုသည် ရဲတပ်ဖွဲ့ဝင်များ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများနှင့် သက်ဆိုင်သည် ကိုတွေ့ရပါသည်။လွှတ်တော်ကိုယ်စားလှယ်၏အဆို၌ ဥပဒေအရာရှိ၊ ရုံးဝန်ထမ်းများက ဥပဒေအကြံပေးရန် တင်ပြလာလျှင် အမှုပေါ့စေရန်လည်းကောင်း၊ အခြားသူအား အပြစ်ဒဏ်ရရှိရန် စသည်ဖြင့် ဥပဒေအရာရှိ၊ ရုံးဝန်ထမ်းများမှတစ်ဆင့် လာဘ်ငွေပေးခြင်း၊

အဂတိတရားမပေါ်ပေါက်ရန် စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းရန်လိုအပ်ကြောင်း တိုက်တွန်းထားသည်ကို တွေ့ရပါသည်။

ဥပဒေရုံးအဆင့်ဆင့်တွင် ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများ၊ နည်းဥပဒေ ၇၉အရ တရားစွဲအဖွဲ့အစည်းက ဥပဒေအကြံဉာဏ်တောင်းခံသည့်အခါ ဥပဒေအကြံပြု ပြန်ကြားရပါသည်။ယင်း အကြံပြုချက်ကို ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေ ၈၁နှင့်အညီ မြို့နယ်ဥပဒေရုံးဖြစ်ပါက ခရိုင်ဥပဒေရုံး သို့မဟုတ် တိုင်းဒေသ ကြီးဥပဒေရုံးသို့ မိတ္တူပေးပို့ရပြီး၊ ခရိုင်ဥပဒေရုံးဖြစ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့သို့ အကြံပြုချက်မိတ္တူများကို ပေးပို့ရပါသည်။ ယင်းသို့ဥပဒေအကြံပြုသည့်ကိစ္စကို အဆင့်မြင့်ဥပဒေရုံးအနေဖြင့် အမြဲစောင့်ကြည့်စိစစ်လျှက်ရှိပြီး မှားယွင်းနေပါက အချိန်မီပြင်ဆင် ဆောင်ရွက်လျှက်ရှိပါသည်။ အဆင့်ဆင့်သောဥပဒေရုံးများရှိ ဥပဒေအရာရှိနှင့် ရုံးဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ မဖြစ်ပေါ်စေရန် အဆင့်မြင့်ဥပဒေရုံးအဆင့်ဆင့်က စောင့်ကြည့်စိစစ်လျှက်ရှိပြီး ဥပဒေနှင့်မညီဘဲ မမှန်ကန်သော ဆောင်ရွက်မှုနှင့် လာဘ်ပေးလာဘ်ယူမှုများ ရှိပါက အရေးယူဆောင်ရွက်လျှက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်ကို သီးခြားစောင့်ကြည့်ရေး အဖွဲ့များဖွဲ့စည်းဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်၏ အဆိုနှင့် စပ်လျဉ်း၍ **တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ** ကဏ္ဍအား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်မှ ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်ရွှေ(တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်)**။ ။တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တရားသူကြီးများသည် လုပ်ငန်းတာဝန်များကို အဂတိတရား ကင်းစင်စွာဖြင့် ဆောင်ရွက်ကြရန်နှင့် တရားရုံးနှင့်တရားရုံး ပတ်ဝန်းကျင်တွင် လာဘ်ပေးလာဘ်ယူကင်းရှင်းပပျောက်စေရန်အတွက် အထူးဂရုပြုဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ အစည်းအဝေးနှင့် တွေ့ဆုံပွဲများ တွင် မှာကြားခြင်း၊ တရားရုံးများတွင် လာဘ်ပေးလာဘ်ယူပပျောက်ရေး စီမံချက်ရေးဆွဲ၍ အဆင့်ဆင့် စောင့်ကြည့်အကဲခတ်ကာ လာဘ်ပေးလာဘ်ယူမှုမရှိစေရန် ဆောင်ရွက်ခြင်းတို့ပြုလုပ်လျက်ရှိပါသည်။ တရားရုံးတိုင်းတွင် ==အမှုများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးမည်၊ တရားရုံးဆိုင်ရာ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်၍ လာဘ်ငွေပေးရန် မလိုပါ။လာဘ်ငွေတောင်းခံလာပါက တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်ထံ တိုင်ကြားပါ ++ ဟူသော တရားသူကြီးချုပ်၏ ဖုန်းနံပါတ်၊ Fax နံပါတ်တို့ပါရှိသည့် ကြော်ငြာစာကပ်ခြင်း ဆောင်ရွက် ထားရှိပြီး " လာဘ်ပေးလာဘ်ယူကင်းရှင်းပါ " ဟူသော တရားစီရင်ရေးဆောင်ပုဒ်၊ "ပြည်သူအများက ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေး

စနစ်ပေါ်ထွန်းရေး ” ဟူသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရည်မှန်းချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ ခရိုင်အဆင့်တရားသူကြီးများသည် တရားရုံးများ လက်စွဲအပိုဒ် ၉၉၇ နှင့်အညီ တိုင်းအတွင်းရှိတရားရုံးများအား ရှောင်တခင်သော်လည်းကောင်း၊ ပုံမှန်သော်လည်းကောင်း စစ်ဆေးလျက်ရှိပါသည်။ ယခုကာလအတွင်းတွင်- ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင်နှင့်အတူ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေတို့က (၁၆. ၁၂. ၂၀၁၆) ရက်နေ့တွင် တောင်ငူအကျဉ်းထောင်အား လည်းကောင်း၊ (၂၀. ၁၂. ၂၀၁၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေမှ ပဲခူးအကျဉ်းထောင်အား လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးအောင်ဇော်သိန်းနှင့်အတူ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေတို့က (၃၀. ၁၂. ၂၀၁၆)ရက်နေ့တွင် ပဲခူးအကျဉ်းထောင်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေမှ (၇. ၂. ၂၀၁၇)ရက်နေ့တွင် လက်ပံတန်းမြို့ ရဲစခန်းအချုပ်အားလည်းကောင်း သွားရောက်စစ်ဆေးခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေမှ (၂၄. ၁၂. ၂၀၁၆) (၂၅. ၁၂. ၂၀၁၆)ရက်နေ့များတွင် ပဲခူးခရိုင်တရားရုံးနှင့် ပဲခူးမြို့နယ်တရားရုံးအား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးဦးတင်ဟုန်က (၂၄. ၁၂. ၂၀၁၆) ရက်နေ့တွင် တောင်ငူခရိုင်တရားရုံး အားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဦးမောင်မောင်အေးက (၂၄. ၁၂. ၂၀၁၆)(၂၅. ၁၂. ၂၀၁၆)ရက်နေ့များတွင် သာယာဝတီခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်လွင်လွင်အေးကျော်က (၂၄. ၁၂. ၂၀၁၆)(၂၅. ၁၂. ၂၀၁၆)ရက်နေ့များတွင် ပြည်ခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိမြို့နယ်တရားရုံးများအားစစ်ဆေးပြီး လာဘ်ပေးလာဘ်ယူ ကင်းရှင်းစေရန်နှင့် မှုခင်းလက်ကျန်များကျဆင်းစေရန် ဆွေးနွေးခြင်း၊ အမှုများအား ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်စစ်ဆေးရန် လမ်းညွှန်မှာကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီးတရားရေးဦးစီးမှူးဦးမြင့်ဆန်းသည် (၄. ၃. ၂၀၁၇)ရက်နေ့တွင် အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်မြို့နယ် တရားရုံးများအားလည်းကောင်း၊ (၅. ၃. ၂၀၁၇)ရက်နေ့တွင် ပြည်၊ ပန်းတောင်း၊ ရွှေတောင်မြို့နယ် တရားရုံးများအားလည်းကောင်း ရှောင်တခင်စစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။

၂၀၁၅-၂၀၁၇ ခုနှစ် မဟာဗျူဟာစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လာဘ်ပေးလာဘ်ယူကင်းရှင်းစေရန် (၂. ၁. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေမှ ပဲခူးမြို့နယ်တရားရုံး၊ (၂. ၂. ၂၀၁၇)ရက် နေ့တွင် ဝေါမြို့နယ်တရားရုံး၊ (၂၆. ၂. ၂၀၁၇)ရက်နေ့တွင် ဒိုက်ဦးမြို့နယ်တရားရုံးနှင့် ညောင်လေးပင် မြို့နယ်တရားရုံး၊ (၂၇. ၂. ၂၀၁၇)ရက်နေ့တွင် ကဝမြို့နယ်တရားရုံး၊ ပဲခူးမြို့နယ်တရားရုံးနှင့် ပဲခူးခရိုင် တရားရုံးတို့အား ရှောင်တခင် စစ်ဆေးခြင်းများပြုလုပ်ခဲ့ပါသည်။

ပဲခူးခရိုင်တရားသူကြီး ဒေါ်ခင်မာဆွေမှ (၉. ၁. ၂၀၁၇)ရက်နေ့တွင် ပဲခူးမြို့နယ် တရားရုံး၊ (၅. ၂. ၂၀၁၇)ရက်နေ့တွင် ဒိုက်ဦးမြို့နယ်တရားရုံးနှင့် ညောင်လေးပင်မြို့နယ်တရားရုံး၊ ဒုတိယခရိုင် တရားသူကြီး ဒေါ်နုနုဝေမှ (၄. ၂. ၂၀၁၇)ရက်နေ့တွင် သနပ်ပင်မြို့နယ်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဦးဌေးဝင်းမှ (၄. ၂. ၂၀၁၇)ရက်နေ့တွင် ကဝမြို့နယ်တရားရုံး၊ ဒုတိယခရိုင် တရားသူကြီး ဒေါ်ဥမ္မာဝင်းမှ (၅. ၂. ၂၀၁၇)ရက်နေ့တွင် ကျောက်တံခါးမြို့နယ်တရားရုံးအား လည်းကောင်း စစ်ဆေးခဲ့ပါသည်။ တောင်ငူခရိုင်တရားသူကြီး ဦးဝင်းဆောင်မှ (၄. ၂. ၂၀၁၇)ရက်နေ့တွင် တောင်ငူမြို့နယ်တရားရုံး၊ ဒုတိယခရိုင် တရားသူကြီး ဦးမိုးဝေမှ (၄. ၂. ၂၀၁၇)ရက်နေ့တွင် ထန်းတပင်မြို့နယ်တရားရုံးနှင့် ရေတာရှည်မြို့နယ် တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်ဖြူပြာအေးမှ (၄. ၂. ၂၀၁၇)ရက်နေ့တွင် အုတ်တွင်းမြို့နယ်တရားရုံး၊ (၅. ၂. ၂၀၁၇)ရက်နေ့တွင် ဖြူးမြို့နယ်တရားရုံးတို့အား စစ်ဆေးခဲ့ပါသည်။ ပြည်ခရိုင်တရားသူကြီး ဒေါ်အေးအေးသန့်မှ (၄. ၂. ၂၀၁၇)ရက်နေ့တွင် ပြည်ခရိုင်တရားရုံးနှင့် ပေါင်းတည်မြို့နယ်တရားရုံး၊ (၅. ၂. ၂၀၁၇)ရက်နေ့တွင် ပြည်မြို့နယ်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်ကြူကြူဝင်းမှ (၄. ၂. ၂၀၁၇)ရက်နေ့တွင် ရွှေတောင်မြို့နယ်တရားရုံး နှင့် ပန်းတောင်းမြို့နယ်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဦးမြတ်စံမှ (၅. ၂. ၂၀၁၇)ရက်နေ့တွင် ပေါက်ခေါင်းမြို့နယ်တရားရုံးနှင့် သဲကုန်းမြို့နယ်တရားရုံးတို့အား စစ်ဆေးခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် ခရိုင်တရားသူကြီးများသည် တရားရုံးအဆင့်ဆင့် အား စဉ်ဆက်မပြတ် စစ်ဆေးကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း တရားစီရင်ရေးလုပ်ငန်းနှင့် ပတ်သက်၍ တိုင်ကြားသည့် တိုင်ကြား စာများအား ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့မှ စိစစ်ပြန်ကြားလျက်ရှိရာ၊ ၂၀၁၇ခုနှစ်အတွင်း အမျိုးသားလွှတ်တော်သို့ တိုင်ကြားစာနှင့်ပတ်သက်သည့် ပြန်ကြားစာ(၁)စောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုင်ကြားစာနှင့်ပတ်သက်သည့် ပြန်ကြားစာ (၃)စောင်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုင်ကြားစာ နှင့်ပတ်သက်သည့် ပြန်ကြားစာ (၁၂)စောင် ပြန်ကြားဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါသည်။

== ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ(၂၀၁၆) ++ အား == အမှုများကို မှန်မှန်နှင့် မြန်မြန်စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန် ++ ဟူသော ရည်ရွယ်ချက်အပါအဝင် ရည်ရွယ်ချက်(၈)ရပ်ဖြင့် ပြဋ္ဌာန်းထားပါသည်။ ယင်းဥပဒေ၏ပုဒ်မ ၂ အရ တရားစွဲဆိုခံရသူများသာမက ပြစ်မှုကျူးလွန်ခံရသောကြောင့် နစ်နာသူများ၊ သက်သေများသည် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံ ရယူခွင့်ရှိကြပါသည်။ ယင်းဥပဒေပုဒ်မ ၈ အရ တိုင်းဒေသကြီး/ပြည်နယ်တရားသူကြီးချုပ် သည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်ပါသည်။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းတစ်ခုခုသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် ဥပဒေဆိုင်ရာ

အထောက်အကူပေးရေးအဖွဲ့သို့ လျှောက်ထားနိုင်ပါသည်။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရှေ့နေအဖြစ် ရှေ့နေများကလျှောက်ထားနိုင်သလို ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူအဖြစ် ပုဒ်မ ၂၁ ပါ ပုဂ္ဂိုလ်များကလည်း လျှောက်ထားနိုင်ပါသည်။ ပုဒ်မ ၃၈ တွင် တရားရုံး၊ ဥပဒေရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနနှင့် တရားစွဲအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာအထောက် အကူတောင်းခံခွင့်ရှိသူများအတွက် ဥပဒေဆိုင်ရာအထောက်အကူရစေရန် သက်ဆိုင်ရာဥပဒေ ဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဟု ပါဝင်ပါသည်။

ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းအဖွဲ့အစည်း အသီးသီးကို ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ကြောင်း၊ အဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်း မဟုတ်သူကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေအထောက်အကူပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ထံ (၆)လတစ်ကြိမ် တင်ပြရမည်ဖြစ်ကြောင်း တို့ကို ဥပဒေ၏ပုဒ်မ ၄၀၊ ၄၁၊ ၄၅ တို့၌ ပြဋ္ဌာန်းပါရှိပါသည်။

အဆိုရှင်၏အဆိုတွင် တရားစီရင်ရေးမဏ္ဍိုင်တိမ်းစောင်းမှုမဖြစ်ပေါ်စေရေးအတွက် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း ဖော်ပြထားသည်ဖြစ်၍- မှုခင်းများစစ်ဆေးစီရင်ခြင်းနှင့်စပ်လျဉ်းပြီး အနီးကပ်ကြီးကြပ်သောအဖွဲ့ ဖွဲ့စည်းခြင်းပင်ဖြစ်သည်ဟု နားလည်မိပါသည်။

တရားစီရင်ခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီး ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က) တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုသည်ဟု လည်းကောင်း၊ ပုဒ်မ၁၈(က) တွင် နိုင်ငံတော်၏တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တရားရုံးများ အပါအဝင် အဆင့်ဆင့်သောတရားရုံးများအား ခွဲဝေအပ်နှင်းကြောင်း ဖော်ပြထားပါသည်။

တရားစီရင်ရေးလုပ်ငန်းများအပေါ် ကြီးကြပ်ကွပ်ကဲခြင်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၃(က)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ပြင်ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၄၂ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုနှင့်အညီ မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တည်ရှိနေသော တရားရုံးများအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ဤပြဋ္ဌာန်းချက်များအရ တရားစီရင်ရေးလုပ်ငန်းအား ကြီးကြပ်ကွပ်ကဲရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့တွင်သာ အာဏာအပ်နှင်းထားကြောင်းတွေ့ရှိရပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တရားစီရင်ရေးလုပ်ငန်းများကို စောင့်ကြည့်သည့် အဖွဲ့ သို့မဟုတ်

ကြီးကြပ်သည့်အဖွဲ့ ဖွဲ့စည်းနိုင်ခွင့်နှင့်ပတ်သက်၍ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် ပြဋ္ဌာန်းထားသည်ကို မတွေ့ရှိမိပါ။

သို့ပါ၍ အထက်တွင်ဖော်ပြခဲ့သော အကြောင်းအချက်များနှင့် ပြဋ္ဌာန်းဥပဒေတို့အရ အထက်တရားရုံးများသည် တရားရုံးအဆင့်ဆင့်အား စဉ်ဆက်မပြတ် စစ်ဆေးကြီးကြပ်လျက်ရှိခြင်း၊ အဓိကမဏ္ဍိုင်ကြီး (၃)ခု တစ်ခုနှင့်တစ်ခု အပြန်အလှန်ထိန်းကျောင်းမှု ဆောင်ရွက်ထားရှိပြီးဖြစ်ခြင်းတို့ကြောင့် လွှတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ သီးခြားဖွဲ့စည်းတာဝန် ပေးရန်လိုအပ်မည်မဟုတ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဒေါ်ဇင်မိုးထိုက်က မိမိ၏အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/ မရှိ တင်ပြပါ။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။အဆိုကို ရုပ်သိမ်းလိုခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ရဲဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့် ဥပဒေရုံးဝန်ထမ်းများ၊ တရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ စသည်ဖြင့် အဂတိလိုက်စားမှု မရှိစေရေးနှင့် တရားရေး မဏ္ဍိုင် တိမ်းစောင်းနေမှု မဖြစ်ပေါ်စေရန် လွတ်လပ်၍ အနှောင်အဖွဲ့ကင်းသော စောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ဒီလို ဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို လျှို့ဝှက်ဆန္ဒမဲ ပေးခြင်းစနစ်အရ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒကိုရယူခဲ့ရာ ယနေ့အစည်းအဝေး တက်ရောက်သူ (၅၇)ဦးရှိပြီး ထောက်ခံမဲ(၁၆)မဲ၊ ကန့်ကွက်မဲ(၃၈)မဲ၊ ကြားနေမဲ(၂)မဲအရ ထောက်ခံသူ ဦးရေ(၂၈)ဦး မပြည့်သည့်အတွက် ယင်းအဆိုကို အတည်မပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၆း၀၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ခုနှစ်၊ မတ်လ (၂၃)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်
# [ ၂၀၁၇ ခုနှစ် ၊ မတ်လ ၂၃ ရက် ]
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၄ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၀ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၁. ၀၈ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]။** ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစည်သူလွင်၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထူးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၂၃-၃-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့

မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၁၄)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်းကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၄ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်ကမေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်က သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“သာယာဝတီမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ သရက်ကုန်း စာဖြူစုကျေးရွာအနီး၊ စက်ရေတင်တူးမြောင်း ပြန်လည်တူးဖော်ခြင်းအား ရပ်ဆိုင်းပေးနိုင်ခြင်း ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“သာယာဝတီမြို့နယ်၊ သုံးထောင့်ကန်အုပ်စုအတွင်းရှိ သုံးထောင့်ကန်၊ ပဲခူးစုလမ်းကို ဂဝံခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“သာယာဝတီမြို့နယ်၊ အိုင်ဂဒုံကျေးရွာအုပ်စု သက်ကယ်ကုန်း-ကညင်တစ်ပင် မြေသားလမ်း ပျက်စီးနေမှုကို ပြန်လည်ပြုပြင်ပေး၍ ဂဝံလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **“သာယာဝတီမြို့နယ်၊ အိပ်လဟာကျေးရွာအုပ်စု၊ ကြို့ကုန်းလမ်းဆုံ (အင်းပုညာအောက်စု)မှ ဇီးပွဲကျေးရွာအုပ်စု၊ ဇီးပွဲကျေးရွာအထိ (၇. ၃၆)မိုင်နှင့် ဇီးပွဲကျေးရွာမှ အင်းပုညာအောက်စု ကြို့ကုန်း လမ်းဆုံအထိ (၂. ၃၆)မိုင်၊ စုစုပေါင်း (၉)မိုင်၊ (၆)ဖာလုံရှိသော မြေသားလမ်းကို ဂဝံလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **“သာယာဝတီမြို့နယ်၊ ငဖြူကလေးကျေးရွာနှင့် ကုန်းမီးနင်း ကျေးရွာ ဆက်သွယ်ရေး မြေသားလမ်းကို ဂဝံလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ သရက်ကုန်းစာဖြူစု ကျေးရွာအနီး၊ စက်ရေတင်တူးမြောင်းတစ်ခုကို ၂၀၀၈ခုနှစ်တွင် တူးဖော်ခဲ့ပါသည်။

၎င်းစက်ရေတင်တူးမြောင်းကို ၂၀၀၈ခုနှစ်က အသုံးပြုခဲ့သော်လည်း လယ်ယာမြေများ အတွက် အကျိုးဖြစ်ထွန်းမှုမရှိခဲ့ပါ။ တူးမြောင်းမှ ရေလုံလောက်စွာမရသည့်အတွက် အကျိုးဖြစ်ထွန်းမှုမရှိခဲ့ပါ။ တူးမြောင်းမှ ရေလုံလောက်စွာမရသည့်အတွက် သီးနှံများပျက်စီးဆုံးရှုံးခဲ့ရပါသည်။ နောက်နှစ်များတွင် ၎င်းစက်ရေတင် တူးမြောင်းမှ ရေမလာတော့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ဒေသခံတောင်သူများမှာလည်း အဆင်ပြေသလို မိုးစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးနေခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

သို့သော်လည်း(၂၁-၁၂-၁၆)နေ့တွင် သာယာဝတီမြို့နယ်ဆည်မြောင်းဦးစီးဌာန(ပြင်/ ထိန်း)မှ တာဝန်ရှိသူများက ၎င်းစက်ရေတင်တူးမြောင်းကို ပြန်လည်တူးဖော်တော့မည်ဖြစ်ပြီး၊ ဒေသခံတောင်သူများမှာလည်း နွေစပါးကို မစိုက်မနေရ စိုက်ရတော့မည်ဖြစ်ကြောင်း လာရောက်အသိပေး ပြောကြားသွားပါသည်။

သို့ပါ၍ ၂၀၀၈ခုနှစ်ကတည်းက တူးမြောင်းတူးဖော်ပြီး နွေစပါးစမ်းသပ်စိုက်ပျိုးခဲ့ကြရသော်လည်း အောင်မြင်မှုများမရှိခဲ့သည့်အတွက် ယခုအခါ နောက်တစ်ကြိမ် နွေစပါးစိုက်ပျိုးရမည်ကို ဆည်မြောင်းဦးစီးဌာနမှ

ပြောကြားလာသော်လည်း ဒေသခံတောင်သူများမှာ နွေစပါး စိုက်ပျိုးလိုသော ဆန္ဒမရှိဖြစ်နေကြပါသည်။

တောင်သူလယ်သမားများသည် မိမိတို့လုပ်ကိုင်ခွင့်ရ လယ်မြေများပေါ်တွင် လွတ်လပ်စွာ စိုက်ပျိုးလုပ်ကိုင်ခွင့်ရထားပြီးဖြစ်သည့်အလျောက် နွေစပါးအစား ဆောင်းသီးနှံ(ပဲမျိုးစုံ)ကိုသာ စိုက်ပျိုးလုပ်ကိုင်လိုကြပါသည်။ စက်ရေတင်တူးမြောင်းကို ပြန်လည်တူးဖော်မည်ဆိုလျှင် ဒေသခံတောင်သူများ၏ ပဲခင်းများ ပျက်စီးဆုံးရှုံးမှုနှင့်သာ ထပ်မံကြုံတွေ့ရမည်ဖြစ်ပါသည်။

သာယာဝတီမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ သရက်ကုန်းစာဖြူစုကျေးရွာအနီး စက်ရေတင်တူးမြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းသည် ဒေသခံတောင်သူများအား အကျိုးမပြုနိုင်သည့်အပြင် အကျိုးပျက်စီးနစ်နာမှုများဖြစ်ပေါ်နိုင်ပါ၍ စက်ရေတင်တူးဖော်ခြင်းအား ရပ်ဆိုင်းပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။သာယာဝတီမြို့နယ် သုံးထောင့်ကန်ကျေးရွာအုပ်စု၊ ပဲခူးစုသုံးထောင့်ကန်လမ်းကို (၁၀)ပေ အကျယ် မြေသားလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ပြီးဖြစ်ပါသည်။ ၎င်းမြေသားလမ်းမှာ ၁ မိုင် ၄ ဖာလုံ အရှည်ရှိပြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတ်ပုံတင်စာရင်းဝင်လမ်းလည်းဖြစ်ပါသည်။ ၎င်းလမ်းသည် လမ်းအခြေအနေညံ့သောလမ်းဖြစ်ပြီး နွေရာသီတွင် ဆိုင်ကယ်မျှသာ သွားလာနိုင်သောလမ်းဖြစ်ပါသည်။ မိုးရာသီတွင် ဖုန်တောများမှာ ဗွက်လယ်၍ အလွန်ဒုက္ခရောက်သောလမ်းဖြစ်ပါသည်။ ပဲခူးစုရွာနှင့် သုံးထောင့်ကန်ကျေးရွာ(၂)ရွာမှ အိမ်ခြေပေါင်း(၂၃၀)ရှိပြီး၊ လူဦးရေ(၈၆၁)ဦး မှီခိုသွားလာနေရသောလမ်းလည်း ဖြစ်ပါသည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစစအားထားနေရသော ကျေးလက်လမ်းကို၊ မြေသားလမ်းမှ ဂဝံလမ်းအဖြစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။သာယာဝတီမြို့နယ်၊ အနောက်ဘက်၊ မြစ်မခမြစ်၏အနောက်ဘက်ကမ်းတွင်၊ မုဆိုး ကုန်း၊ ကွမ်းခြံလေးတူးတာသည် ကမ်းပတ်ရေကာတာလည်းဖြစ်၊ ရာသီမရွေး အသုံးပြုနိုင်သည့် ကျေးလက်ဆက်သွယ်ရေးလမ်းအဖြစ်၊ ပြည်သူများအားထားရသောတာဖြစ်ပါသည်။ ၎င်းကွမ်းခြံလေးတူးတာဘေး သက်ကယ်ကုန်းရွာမှ ကညင်တစ်ပင်ရွာသို့ ဆက်သွယ်သောမြေသားလမ်းကို ၂၀၁၅ခုနှစ်တွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖောက်လုပ်ပေးခဲ့ပါသည်။ ၎င်းလမ်းအရှည်မှာ ၁ မိုင် ၁. ၈ဖာလုံဖြစ်ပြီး အကျယ်မှာ ၁၂ပေရှိ မြေသားလမ်းဖြစ်ပါသည်။ လမ်းအခြေအနေမှာပြီးခဲ့သောမိုးရာသီ၊ သဘာဝဘေးအန္တရာယ်ရေကြီးနစ်မြုပ်မှုကြောင့် ရေတိုက်စားပြီး ဆိုင်ကယ်စီး၍ ပင်မရနိုင်သော အခြေအနေပင်ဖြစ်ပါသည်။ ကညင်တစ်ပင်၊ သက်ကယ်ကုန်းကျေးရွာတို့မှာ အိမ်ခြေ (၂၃၂)လုံးရှိ၍ လူဦးရေ (၁၃၁၁)ယောက်မှာ ၎င်းရွာချင်းဆက်လမ်းကို အမှီပြုအားထားနေရပါသည်။ ကျန်းမာရေး၊ ပညာရေးတို့အတွက်လည်း ထိုလမ်းကိုပင် အမှီပြုနေကြရပါသည်။ သို့ပါ၍ ထိုသက်ကယ်ကုန်း၊ ကညင်တစ်ပင် ဆက်သွယ်ရေးမြေသားလမ်းကို ဂဝံခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။သာယာဝတီမြို့နယ်၊ မြစ်မခမြစ်အနောက်ဘက်ကမ်း၊ ကမ်းပတ်တာသို့ ဆက်သွယ်ထားသော အိပ်လဟာကျေးရွာအုပ်စု၊ အင်းပုညာအောက်စု(ကြို့ကုန်းရွာ)မှ ရွာကြီး၊ ဝါးနက်ကုန်း၊ မင်းကြီးကုန်း၊ ဇလုပ်၊ ညောင်ကုန်း၊ ဇီးပွဲကျေးရွာအုပ်စု-သူဌေးကုန်း၊ ကတိုင်စိန်၊ လိန်ကုန်း၊ ဇီးပွဲရွာတို့ကို ရွာချင်းဆက်သွယ်ထားသော ကိုယ်ထူကိုယ်ထမြေသားလမ်းကို ဒေသခံကျေးလက် ပြည်သူတို့၏ ထည့်ဝင်ငွေဖြင့် ဖောက်လုပ်ပြီးဖြစ်ပါသည်။

၎င်းရွာချင်းဆက်လမ်းအရှည်မှာ အရှည် ၉မိုင်၊ ၆ဖာလုံရှိပြီး ၁၂ပေအကျယ် မြေသားလမ်းဖြစ်ပါသည်။ ထိုလမ်းဖြစ်ပေါ်ရေးကို စိတ်ဆန္ဒညီစွာဖြင့် လမ်းမြေ၊ ကျသင့်ငွေတို့ကို စိတ် ဝင်တစားထည့်ဝင်လှူဒါန်းပြီးဆောင်ရွက်ခဲ့ကြပါသည်။ ၎င်းလမ်းသည် အထက်ဖော်ပြပါ ကျေးရွာအုပ်စု(၂)စုမှ ရွာပေါင်း (၁၃)ရွာရှိ ပြည်သူလူထုဦးရေ (၆၈၀၀)ခန့် အမှီပြုအားထားရသော လမ်းဖြစ်ပါသည်။

အင်းပုညာ၊ ရွာကြီး၊ ဝါးနက်ကုန်း၊ မင်းကြီးကုန်း၊ ဇလုပ်၊ ညောင်ကုန်းကျေးရွာတို့မှ မူလတန်းအောင်၍ အလယ်တန်းပညာသင်ကြားကြရမည့် ကျောင်းသားများသည် မင်းကြီးကုန်း ရွာအလယ်တန်းကျောင်း(ခွဲ)၊ ကျောင်းကုန်းရွာမူလတန်း(လွန်)၊ ဇီးပွဲရွာမူလတန်း(လွန်)ကျောင်း များသို့ သွားရောက်ပညာသင်ကြားရာတွင် အသုံးပြုရသောလမ်းလည်းဖြစ်ပါသည်။ အုပ်စုနှစ်ခုမှ ကျောင်းသားပေါင်း(၁၁၀၀)ဝန်းကျင်ရှိရာ ထိုလမ်းသည် ပညာရေးတွင်လည်း အဓိကကျသော လမ်းဖြစ်ပါသည်။

ကျန်းမာရေးအနေနှင့်လည်း အသရော်ကျန်းမာရေးဌာန (RHC) အောက်ရှိ၊ ဝါးနက်ကုန်း ကျန်းမာရေးဌာနခွဲ၊ အိပ်လဟာကျန်းမာရေးဌာနခွဲ ဇီးပွဲကျန်းမာရေးဌာနခွဲတို့သို့ ဒေသခံ ကျေးလက် ပြည်သူများစောင့်ရှောက်မှုခံယူရန် အားထားရသောလမ်းပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စံကိုက် ကိုယ့်ထူကိုယ်ထမြေသားလမ်းပေါ်ပေါက်ရေးအတွက် ငွေအားလူအား၊ စေတနာအားဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြသော ဒေသခံပြည်သူများ၏ ပြင်းပြသောဆန္ဒမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထိုမြေသားလမ်းကို ဂဝံလမ်းခင်းပေးရန် ဖြစ်ပါသည်။

ထို့ကြောင့် ကိုယ်စားလှယ်တစ်ဦးအနေဖြင့် မဲဆန္ဒရှင်ပြည်သူတို့၏ ပြင်းပြသောဆန္ဒကို သိရှိနားလည်ရသဖြင့် ကျေးရွာ(၁၃)ရွာချင်းဆက်လမ်းကို ဂဝံလမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ သာယာဝတီမြို့နယ် တောင်ဘက်ခြမ်း၊ ရန်ကုန်-ပြည်ကားလမ်းပေါ်ရှိ ငဖြူကလေး ကျေးရွာကြီးနှင့် ကုန်းမီးနင်းကျေးရွာဆက်သွယ်သော မြေသားလမ်းမှာ (၁၀)ပေအကျယ်ရှိ၍ (၂)မိုင်ရှည်လျားသောလမ်းဖြစ်ပါသည်။

၎င်းငဖြူကလေး၊ ကုန်းမီးနင်းလမ်းသည် ကုန်းမီးနင်းကျေးရွာအုပ်စု၊ ကုန်းမီးနင်းရွာ၊ သာခွေးစု၊ သိမ်ကုန်း၊ အုန်းပင်စု၊ မကျီးတန်အလယ်စု၊ ကြံတော၊ ဒိုင်ခေါင်း၊ ရွာသစ်တန်းနှင့် လက်ပံခုံအုပ်စုမှ လက်ပံခုံကျေးရွာ၊ ကုန်းတန်းကြီးရွာ၊ စုစုပေါင်း ကျေးရွာအုပ်စု(၂)အုပ်စုမှ ရွာပေါင်း(၁၁)ရွာ မှီခိုအားထားအသုံးပြုရသော လမ်းဖြစ်ပါသည်။ ၎င်းကျေးရွာများမှ ကျေးလက်ပြည်သူလူဦးရေ(၁၉၀၀)ဦးခန့်၏အဓိကကျရာ လမ်းပန်းဆက်သွယ်ရေးပင်ဖြစ်ပါသည်။

သာခွေးစု၊ သိမ်ကုန်း၊ အုန်းပင်စု၊ မကျီးတန်း၊ အလယ်စု၊ ကြံတော၊ ဒိုင်ခေါင်း၊ ရွာသစ် တန်း၊ လက်ပံခုံနှင့် ကုန်းတန်းကြီးရွာများမှ မူလတန်း၊ အလယ်တန်းအောင်ပြီးသော ကျောင်းသား များသည် ကုန်းမီးနှင်းကျေးရွာ အထက်တန်းကျောင်းခွဲသို့ လာရောက်ကျောင်းတက်ကြရသဖြင့် ပညာရေးတွင်လည်း ၎င်းလမ်းသည် အရေးပါသောလမ်းဖြစ်ပါသည်။

ကျန်းမာရေးအနေနှင့် ငဖြူကလေးကျေးရွာကျန်းမာရေးဌာန RHC၊ သုံးဆယ်မြို့ ဆေးခန်း၊ သာယာဝတီဆေးရုံတို့သို့ သွားရောက်ဆေးကုသမှုခံယူရန်အတွက် ဖော်ပြပါရွာများမှ ကျေးလက်ပြည်သူ များမှာ၊ ထိုငဖြူကလေး၊ ကုန်းမီးနင်းလမ်းကိုသာ အသုံးပြုရပါသည်။

၎င်းမြေသားလမ်းသည် နွေရာသီဖုန်တောထူ၏ မိုးရာသီရောက်သည်နှင့်တစ်ပြိုင်နက် ၎င်းဖုန်တောမှာ ဗွက်လယ်၍ အလွန်သွားလာရေးခက်ခဲနေပါသည်။ ကုန်းမီးနင်းအထက်တန်း ကျောင်းခွဲတွင် တာဝန်ကျ နေသော မြို့မှ ဆရာ/ဆရာမများသည် ၎င်းလမ်းဆိုးဝါးမှု အခက်အခဲကို အစဉ်ငြီးငြူတင်ပြကြပါသည်။ အချို့ကျောင်းသားများမှာ ထိုလမ်းခက်ခဲမှုကြောင့် ကျောင်းပညာမသင်ချင်တော့ပါဟု မိဘများကို တောင်းဆိုသည်ဟုကြားသိရပါသည်။ နွေရာသီ၍ပင် ဖုန်တောထူ၍ ဖုန်နစ်နေသောလမ်းအခြေအနေကို မျက်မြင်သိရှိရပြီးဖြစ်ပါ၍ ထိုသို့ ခက်ခဲနေသောလမ်းကို ဂဝံလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်း(၅)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သာယာဝတီမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ သရက်ကုန်း စာဖြူစုကျေးရွာအနီး၊ စက်ရေတင် တူးမြောင်း ပြန်လည်တူးဖော် ခြင်းအား ရပ်ဆိုင်းပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန၊ (ယခုဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန) တည်ဆောက်ရေး(၉)မှ ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းပါ ကုန်းမြင့် လယ်ယာမြေ စက်ရေတင်စီမံကိန်းကို (၂၀၀၈-၂၀၀၉)ဘဏ္ဍာရေးနှစ်တွင် စတင်တူးဖော်ခဲ့ပြီး (၂၀၀၉-၂၀၁၀)နွေစပါး ရေပေးရာသီတွင် စိစစ်ဧက(၁၉၈. ၉၄)ဧကကို ရေပေးဝေရန် မြင်း ကောင်ရေ(၂၅)အင်ဂျင်(၂)လုံး၊ (၆)လက်မ Pump ဖြင့် စိုက်ပျိုးရေပေးဝေခဲ့သော်လည်း ထိုစဉ်က တောင်သူများမှ နွေစပါးဧက(၃၀)ခန့်ကိုသာ စိုက်ပျိုးခဲ့ပါသည်။ ပင်မတူးမြောင်းမကြီးမှ ရေကိုအင်ဂျင်စက်ဖြင့် မောင်းတင်ရသဖြင့် လိုအပ်ချိန်တွင် စက်မောင်းထားပါက အချိန်မရွေးရေရယူနိုင်မည်ဖြစ်ပါသည်။

အဆိုပါတောင်သူများမှ နွေစပါးစိုက်ပျိုးရန် စိတ်အားထက်သန်မှုမရှိကြ၍သာ နွေစပါး စိုက်ပျိုးရေ ပေးဝေမှုကို နောင်နှစ်များတွင် ဆက်လက်မလုပ်ဆောင်တော့ဘဲ (၂၀၁၂)ခုနှစ် လယ်ယာမြေဥပဒေအရ တောင်သူများ စိတ်ကြိုက်သီးနှံကို စိုက်ပျိုးခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ တောင်သူများမှ နွေစပါးစိုက်ပျိုးလိုပါက

စိုက်ပျိုးရေကို အောင်မြင်စွာပေးဝေနိုင်မည်ဖြစ်ကြောင်းလည်း တိုင်းတာမှုရလဒ်များအရ တောင်သူများကို (၁၆. ၁. ၂၀၁၇)ရက်နေ့တွင် လက်တွေ့ရှင်းပြခဲ့ပြီးဖြစ်ပါသည်။ (၂၁. ၁၂. ၂၀၁၆)ရက်နေ့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ (ပြင်/ထိန်း)တာဝန်ရှိသူမှ ပြောကြားမှုကိုစိစစ်ရာတွင် သာယာဝတီမြို့နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ (ထိန်းသိမ်းရေး)အနေဖြင့် လည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၉) အနေဖြင့်လည်းကောင်း၊ တောင်သူများအား နွေစပါးမဖြစ်မနေစိုက်ပျိုးရတော့မည်ဖြစ်ကြောင်း ပြောကြားခြင်း၊ တွေ့ဆုံခဲ့ခြင်းမရှိခဲ့ပါ။ ယခုအခါ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနသို့ ပေါင်းစည်းထားပြီးဖြစ်သည့်အတွက် ရေအရင်းအမြစ်ဌာနခွဲသိုလှောင်ရုံတွင် လက်ဝယ်ရှိနေသည့် အသုံးပြုပြီး ရေတင်စက်များ၊ ဓါတ်အား လိုင်းကြိုးများ ကွန်ကရစ်ဓါတ်တိုင် များကိုအသုံးပြု၍ စက်ရေတင်နေရာတွင် လျှပ်စစ်ရေတင်စနစ်ကို အစားထိုးတပ်ဆင်ကာ စက်ရေတင်မြောင်းကို လျှပ်စစ်စနစ်ဖြင့်ရေယူလိုပါက စိုက်ပျိုးရေပေးဝေနိုင်ရန် အသင့်အနေအထားဖြစ်အောင် ဆောင်ရွက်မည့်အစီအစဉ်အား (၈. ၁၁. ၂၀၁၆)ရက်နေ့တွင် လက်ထောက် ညွှန်ကြားရေးမှူး(ရေအရင်းအမြစ်)နှင့် ဦးစီးအရာရှိ၊ တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တောင်သူများသို့ ရှင်းလင်းတင်ပြခဲ့သည့် ဖြစ်စဉ်သာရှိခဲ့ပါသည်။ ထိုရှင်းလင်း ပွဲတွင်လည်း တောင်သူများအား စိုက်ပျိုးရေလိုအပ်ပါက အချိန်မရွေးအဆင်ပြေစွာ ရေပေးဝေနိုင်ရန်အတွက် လျှပ်စစ်စနစ်ဖြင့် အစားထိုးတပ်ဆင် သွားမည်ဖြစ်ကြောင်း၊ ဓါတ်အားလိုင်းသွယ်တန်းရာတစ်လျှောက် ကျေးရွာ(၅)ရွာခန့်မှလည်း လျှပ်စစ်ဓါတ်အားသက်သာစွာ သွယ်ယူရရှိနိုင်မည့် အခွင့်အလမ်းလည်း ရနိုင်ကြောင်း ရှင်းပြ မှုသာရှိခဲ့ပြီး နွေစပါးမဖြစ်မနေစိုက်ရတော့မည်ဆိုသည့်သဘောသက်ရောက်စေသည့် ပြောကြား မှုမျိုးမရှိခဲ့ပါ။ တောင်သူများမှာ ၎င်းလျှပ်စစ်ရေတင်စနစ်တပ်ဆင်ခြင်းကို မလိုလားသဖြင့် ယခုအခါ ၎င်းလျှပ်စစ်စနစ်ဖြင့် အစားထိုးခြင်းကို မဆောင်ရွက်တော့ဘဲ၊ မူလအတိုင်း လောင်စာသုံး အင်ဂျင်စက် များဖြင့်သာ စိုက်ပျိုးရေလိုအပ်ပါက ပေးဝေနိုင်ရန် စီမံထားရှိပါသည်။ တောင်သူအချို့မှာ တူးမြောင်းဥပဒေကို ချိုးဖောက်ပြီး မိမိသဘောဆန္ဒဖြင့် တူးမြောင်းဘောင် ဖြတ်ခြင်းများရှိခဲ့၍ ယခုဆောင်းသီးနှံရိတ်သိမ်းပြီး ချိန်မှသာ ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤစက်ရေတင်တူးမြောင်းကိစ္စနှင့် ပတ်သက်၍ သီးခြားစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ကာ စစ်ဆေးဆောင်ရွက်ပြီး(၅. ၂. ၂၀၁၇)ရက်နေ့တွင် တောင်သူများနှင့်တွေ့ဆုံ သဘောတူညီမှု ရယူဖြေရှင်းဆောင်ရွက်ထားပြီးလည်း ဖြစ်ပါသည်။

၎င်းစက်ရေတင်တူးမြောင်းသည် အသစ်တူးဖော်ခြင်းမဟုတ်ဘဲ လယ်ယာမြေဥပဒေ မထွက်ရှိခင် (၂၀၀၈)ခုနှစ်ကတည်းက တူးဖော်ထားရှိသော နိုင်ငံတော်ပိုင် ပြန်တမ်းဝင် တူးမြောင်းဖြစ်ခြင်း၊ ခေတ်မီဂြိုလ်တု အထောက်အကူပြု မြေအနိမ့်/အမြင့်တိုင်းစက်အသုံးပြု၍ အမှန်တကယ်ရေရောက်နိုင်မှုရှိ/မရှိကို တောင်သူများရှေ့၌ (၁၆. ၁. ၂၀၁၇)ရက်နေ့တွင် တိုင်းတာအတည်ပြုခဲ့ပြီးဖြစ်ခြင်း၊ လက်ရှိတွင် တူးမြောင်းအသစ်တူးဖော်ရန်မှာ အလွန်ခက်ခဲသည်ဖြစ်ခြင်းတို့ကြောင့် နိုင်ငံပိုင်တူးမြောင်းကို ထိန်းသိမ်းကာ တောင်သူများ၊ တတိယ သီးနှံစိုက်ပျိုးလိုလျှင်သော်လည်းကောင်း၊ ရာသီဥတုဖောက်ပြန်၍ မိုးစပါးများ ပျက်စီးသဖြင့် နိုင်ငံတော်အနေဖြင့် နွေစပါးမဖြစ်မနေစိုက်ပျိုးရမည့် အခြေအနေရောက်ရှိခဲ့လျှင်သော်လည်း ကောင်း၊ ဆောင်းသီးနှံထက် ပိုမိုသေချာသည့် နွေစပါးသီးနှံစိုက်ပျိုးမှုက တောင်သူများ တွက်ခြေကိုက်သည့်

အချိန်အခါရောက်လာခဲ့လျှင်သော်လည်းကောင်း၊ အသင့်စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်ခဲ့သည့်စီမံကိန်းကို ရေလိုအပ်ပါက ရေပေးဝေနိုင်ရန်အတွက် အဆင်သင့်ထားရှိသွားမည် ဖြစ်ပါကြောင်း ပြန်လည်တင်ပြအပ်ပါသည်။

ဖြည့်စွက်ပြီးတင်ပြလိုသည်မှာ လက်ရှိပဲခူးတိုင်းဒေသကြီးအတွင်း ဆည်မြောင်းသုံးစွဲလျက်ရှိပြီး ဖော်ဆောင်ပြီး တည်ဆောက်ထားတာရှိပါသည်။ (၃၁)ခုထဲတွင် (၁၆)ခုမှာ တိုင်းဒေသကြီးအစိုးရ၏ စီမံခန့်ခွဲမှုအောက်မှာရှိသော ဧက(၅၀၀၀)အောက်ဆည်များ ဖြစ်ပါသည်။ အချို့ဆည်များမှာ ပြည်ထောင်စုမှ ကိုင်တွယ်သည့် ဆည်အားလုံး(၃၉)ခုရှိပါသည်။ ပရောဂျက်များမပြီးပြတ်ဘဲ ရှိနေသောဆည်များလည်း ရှိပါသည်။ မြောင်းများဖောက်ပြီး ရေမရောက်ရှိသော ဆည်အချို့က မြောင်းဖောက်လုပ်ဆဲဖြစ်ပြီး ယခု ဘဏ္ဍာနှစ်မှာ ကျန်ရှိနေသည်များလည်း ရှိပါသည်။ ၂၀၁၂ ဘဏ္ဍာနှစ်မတိုင်မီက ပြီးပြည့်စုံအောင် မလုပ်နိုင်သည့်အတွက် ယနေ့မြောင်းဖောက်လုပ်ရန် ပြည်သူလူထု၏ဆန္ဒကို ခံယူပြီး မြေယာလျော်ကြေးများ ပေးပြီး ဆောင်ရွက်နေသည်များလည်းရှိပါသည်။ သို့ပါသော်လည်း သူ၏ Function ပြည့်စုံအောင် ဆောင်ရွက်ပြီးသည့်ဆည်များ၊ မြောင်းများကန့်သတ်မည်ဆိုပါက ပြန်တမ်းဝင်ပြီး နိုင်ငံတော်မှ အသိအမှတ်ပြု ထားသည့် စီမံကိန်းများဖြစ်၍ မြောင်းလက်တံများကို ဖျက်ဆီးခြင်း၊ တောင်သူများမှ ပြန်ပြီးမှီခိုခြင်း လုပ်ငန်းများကို ထဲထဲဝင်ဝင်ပြန်လည်ပြီး စိစစ်နေပါသည်။ နိုင်ငံတော်ပိုင်ပစ္စည်းကို ကျူးလွန်သည့် အနေအထားမျိုး ရောက်နေပါသည်။ သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ၎င်းမြောင်းများကို ရှင်းလင်းဖို့ နောက်တစ်ခုက စိုက်ပျိုးသီးနှံကို ဥပဒေအရ ကန့်သတ်ပြီး စိုက်ပျိုးရန် ဥပဒေတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။ မြောင်းလက်တံကို တစ်ဦးချင်းနွေစပါးစိုက်ပျိုးရန် ရည်ရွယ်ချက်ကို မြောင်းလက်တံထဲတွင် ရေရှိသည်ဆိုပါက မိမိစိုက်ပျိုးမြေကို မြေလှုပ်ထားစရာမလိုဘဲ စိုက်ပျိုးရန် ရေအဆင်သင့် ဆောင်ရွက်ထား ပေးခြင်း ဖြစ်ပါသည်။ ယခင်က Must do ဆောင်ရွက်ရမည့် စိုက်ပျိုးမှုမျိုးကို မိမိတို့အစိုးရအဖွဲ့က တွန်းအားပေးဆောင်ရွက်သည်များ မရှိပါကြောင်း၊ မိမိကြိုက်နှစ်သက်ရာ သီးနှံစိုက်ပျိုးနိုင်သည်ဆိုသည်ကို ဥပဒေတွင် အတိအလင်းဖော်ပြထားသည်ဖြစ်၍ မိမိအစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက် ထားသည်သာရှိပါသည်။ သို့ပါ၍ တောင်သူများပိုင်သည့် လယ်ယာမြေကို ဆက်ပြီး အချည်းအနှီးမဖြစ်ဘဲ ရှိပြီးသားရေတင်စနစ်ကို ပြန်လည်ရုပ်သိမ်းမည့် သဘောသာရှိပါကြောင်း တစ်ပါတည်း ဆက်စပ်ပြီး ဖြေကြား လိုပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သာယာဝတီမြို့နယ်၊ သုံးထောင့်ကန်အုပ်စုအတွင်းရှိ သုံးထောင့်ကန်၊ ပဲခူးစုလမ်းကို ဂဝံခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးထောင့်ကန်အုပ်စုအတွင်းရှိ သုံးထောင့်ကန်ကျေးရွာမှ ပဲခူးစုကျေးရွာသို့ ဆက်သွယ်သော မြေသားလမ်းမှာ (၁/၀မိုင်×၇'×၃')ရှိသော လမ်းဖြစ်ပါသည်။ အဆိုပါလမ်းအား မြေပြင်ကွင်းဆင်း စစ်ဆေးချက်အရ လမ်းတစ်ဖက်တစ်ချက်စီတွင် စိုက်ခင်းများရှိပြီး (၁၀)ပေအကျယ်ရှိ ဂဝံလမ်း ဆောင်ရွက်နိုင်ရန် ပထမဦးစွာ (၁၈)ပေအကျယ်ရှိ မြေသားလမ်း ဆောင်ရွက်ရန်

လိုအပ်ပါသည်။ လက်ရှိလမ်းအကျယ် မှာ (၇)ပေသာရှိ၍ (၁၈)ပေအကျယ်ရှိ မြေသားလမ်း ဆောင်ရွက်ရန် လိုအပ်သော မြေနေရာအား လမ်းဘေးဝဲယာရှိ မြေပိုင်ရှင်များမှ မလှူဒါန်းနိုင်ပါကြောင်းနှင့် အဆိုပါလမ်းအား ကျေးရွာ (၂)ရွာ၊ အိမ်ခြေ (၂၃၀)အိမ်၊ လူဦးရေ (၈၆၁)ဦး အသုံးပြုနေသော လမ်းဖြစ်ပါသည်။ ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းစံနှုန်း သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိပါကြောင်းနှင့် လမ်းဘေးတစ်ဖက်တစ်ချက်ရှိ မြေပိုင်ရှင်များ၏ လှူဒါန်းပေးမှု ရရှိမှသာ ဆက်လက်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

ဆက်လက်ဖြည့်စွက်ပြီး ဖြေကြားလိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသော အတိုင်းအတာအတိအကျရှိပါသည်။ (၁၈)ပေအကျယ်ရှိမှ ဂဝံလမ်းခင်းပေး၍ ရပါသည်။ ၎င်းထက်နိမ့်သော မြေသားလမ်းများကို ပြည်ထောင်စုလွှတ်တော်မှ ချပေးသော လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် တိုင်းရင်းသားဝန်ကြီးဌာနမှ ခွင့်ပြုသော ရန်ပုံငွေများဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ၎င်းလမ်းများကို ဆောင်ရွက်ရန် ဘတ်ဂျက်အနေဖြင့်ကြိုပြီး ခွင့်ပြုထားသည်များ မရှိသည့် အပြင် ဌာနများမှ ဆောင်ရွက်ရမည့် အချက်အလက် မကိုက်ညီသည့်လမ်းဖြစ်၍ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ထဲမှ ဆောင်ရွက်မည်ဆိုပါက ယခုတင်ပြတောင်းဆိုမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ရမည်ဆိုလျှင် (၁၈)ပေအကျယ်ရှိမှ ဆောင်ရွက်၍ရမည်ဖြစ်ပါသည်။ လမ်းဘေးဝဲယာရှိသူများနှင့်ညှိပြီး ၎င်းတို့မှလယ်များလှူမည်၊ မြေပေးမည်ဆိုပါက လမ်းကိုဦးစွာဖို့ရမည် ဖြစ်ပါသည်။ မြေဖို့ပြီးပါက ကျေးလက်လမ်းဖြစ်သည့်အတွက် သိပ်သည်းမှုရအောင် (၁)နှစ် (၂)နှစ်ခန့် ပစ်ထားပြီး မိုးရွာ၍ ကျစ်လစ်သိပ်သည်းမှုရှိမှ မြေနီလမ်းခင်းမည်၊ လက်ရှိမှာ (၇)ပေသာရှိ၍ ပြည်ထောင်စုမှ ချပေးသည့် တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေနှင့် တိုင်းရင်းသားရန်ပုံငွေတို့မှ တင်ပြတောင်းဆိုပါမှ ခွင်းချက်အနေဖြင့် ရသွားမည်ဖြစ်ကြောင်း တင်ပြလိုပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"သာယာဝတီမြို့နယ်၊ အိုင်ဂဒုံကျေးရွာအုပ်စု သက်ကယ်ကုန်း-ကညင်တစ်ပင် မြေသားလမ်း ပျက်စီးနေမှုကို ပြန်လည်ပြုပြင် ပေး၍ ဂဝံလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ အင်ကဒုံအုပ်စု၊ သက္ကယ်ကုန်း ကျေးရွာရှိ ကွမ်းခြံလေးတူးတာနှင့် ကညင်တပင်ကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းမှာ (၁/၃. ၈၆မိုင်×၁၂'×၄')ရှိပြီး ကျေးလက်နေပြည်သူများ ကိုယ်ထူကိုယ်ထ ဆောင်ရွက် ခဲ့သော မြေသားလမ်း ဖြစ်ပါသည်။ အဆိုပါလမ်းအား ဂဝံလမ်း (၁/၃. ၈၆မိုင်×၁၀'×၈") ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျ ငွေကျပ် (၆၃. ၅၁)သန်း ကုန်ကျမည်ဖြစ်ပြီး အကျိုးပြုကျေးရွာ (၂)ရွာ၊ အိမ်ခြေ (၂၃၂)အိမ်၊ လူဦးရေ (၁၃၁၁)ဦး အကျိုးပြုသွားလာနေသော လမ်း ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသော လမ်းမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထား လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“သာယာဝတီမြို့နယ်၊ အိပ်လဟာကျေးရွာအုပ်စု၊ ကြို့ကုန်းလမ်းဆုံ (အင်းပုညာ အောက်စု)မှ ဇီးပွဲကျေးရွာအုပ်စု၊ ဇီးပွဲကျေးရွာအထိ (၇. ၃၆)မိုင်နှင့် ဇီးပွဲကျေးရွာမှ အင်းပုညာအောက်စု ကြို့ကုန်း လမ်းဆုံအထိ (၂. ၃၆)မိုင်၊ စုစုပေါင်း (၉)မိုင်၊ (၆)ဖာလုံရှိသော မြေသားလမ်းကို ဂဝံလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ အိပ်လဟာကျေးရွာ အုပ်စု၊ ကြို့ကုန်းလမ်းဆုံ (အင်းပုညာ အောက်စု)၊ ဇီးပွဲကျေးရွာသို့ ဆက်သွယ်သော လမ်းမှာ (၇/၃မိုင် ×၁၂'×၂')၊ ဇီးပွဲကျေးရွာမှ ကြို့ကုန်းလမ်းဆုံ (အင်းပုညာ အောက်စု)သို့ ဆက်သွယ်သောလမ်းမှာ (၂/၃မိုင်×၁၂'×၂')၊ စုစုပေါင်း (၉/၆မိုင်×၁၂'×၂')ရှိပြီး ကျေးလက်နေပြည်သူများ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့သော မြေသားလမ်း ဖြစ်ပါသည်။ အဆိုပါလမ်းအား(၉/၆မိုင်×၁၀'×၈")ရှိ ဂဝံလမ်း အဖြစ် ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၄၁၇. ၈၈၅)သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ (၁၃)ရွာ၊ အိမ်ခြေ(၁၁၀၀)၊ လူဦးရေ (၆၈၀၀)ခန့် အသုံးပြုသွားလာနေသော လမ်းဖြစ်ကြောင်းကိုလည်း လေ့လာမှတ်တမ်းတင် ထားရှိပြီးဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထား လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်း မရှိသေးပါသဖြင့် လတ်တလောအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ဆက်လက်ပြီး ဖြည့်စွက်တင်ပြလိုသည်မှာ တိုင်းရင်းသားရေရာ ဘတ်ဂျက်မှာ လျာထားရုံသာရှိပါသည်။ ရန်ပုံငွေရရှိခဲ့ပါက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ရန်ပုံငွေမရရှိပါက ဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်းကို တစ်ပါတည်း ဖြည့်စွက်၍ တင်ပြလိုပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“သာယာဝတီမြို့နယ်၊ ငဖြူကလေးကျေးရွာနှင့် ကုန်းမီးနင်းကျေးရွာ ဆက်သွယ်ရေး မြေသားလမ်းကို ဂဝံလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ ငဖြူလေးကျေးရွာမှ ကုန်းမီးနင်း ကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းမှာ (၂/၀မိုင်×၁၂'×၆')ရှိပြီး ကျေးလက်နေ ပြည်သူများ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့သော လမ်းဖြစ်ပါသည်။ အဆိုပါလမ်းအား ဂဝံလမ်း (၂/၀မိုင်×၁၀'×၈") ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၈၅. ၇၂)သန်း ဖြစ်ပြီး အကျိုးပြု ကျေးရွာ (၉)ရွာ၊ အိမ်ခြေ (၃၉၀)အိမ်၊ လူဦးရေ (၁၈၆၄)ဦး အသုံးပြုနေသော လမ်းဖြစ်ကြောင်းကိုလည်း လေ့လာမှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလလျာထား လုပ်ငန်းစာရင်းတွင် ပါဝင်ခြင်းမရှိပါသဖြင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အခြေခံသည့် အချက်များနှင့် ပတ်သက်ပြီး ဖြည့်စွက်ပြီးဖြေကြားလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ လွှတ်တော်

အကြိမ်တိုင်းမှာ တင်ပြတောင်းဆိုသည့် လမ်းများနှင့်ပတ်သက်ပြီး အိမ်ခြေ(၁၁၀၀)၊ ကျေးရွာ(၁၃)ရွာကို အကျိုးပြုသည့်လမ်းများဖြစ်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ပေးချင်ပါသည်။ သို့ပါသော်လည်း မိမိတို့ ဘတ်ဂျက်မှာ ပြည်ထောင်စုဘတ်ဂျက်ဖြစ်သည့်အပြင် လိုအပ်ချက်နှင့် ဖြည့်စွမ်းနိုင်သည့် ပမာဏကွာဟနေ ပါ၍ တင်ပြသမျှကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကိုလည်း စိတ်မကောင်းဖြစ်မိပါသည်။ ဖြည့်စွက်ပြီး တင်ပြလိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနမှ မူဝါဒ ချမှတ်ထားပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဟာဗျူဟာဆိုပြီး ဖြေလျှော့ရမည့် ဗျူဟာရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကိုပါ ဖိတ်ကြားပြီး ရွှေဝါထွန်းခန်းမမှာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပါသည်။ လုပ်သင့်လုပ်ထိုက်သည်နှင့် ပတ်သက်၍ တင်ပြလိုသည်မှာ အမြဲတမ်းတောင်းဆိုနေသည့်လမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဘတ်ဂျက်ရေးဆွဲအသုံးပြုနိုင်ရေးအတွက် အစိုးရအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဦးစွာတွေ့မည်၊ လုပ်ဖြစ်မည်ဆိုပါက အစိုးရအဖွဲ့ကို ဦးစွာတင်ပြရမည်။ အစိုးရအဖွဲ့က ခွင့်ပြုပါမှ မဟာဗျူဟာတွင်ပါသည့် အဆိုပါလမ်းသည် မြေသားလမ်းသတ်မှတ်သည့် (၁၈)ပေ အကျယ်ရှိပါမှ မြေနီလမ်းအဖြစ်လည်းကောင်း၊ ကျောက်ချောလမ်းဖြစ်သည့်လမ်းဖြစ်ပါက ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ မြေသားလမ်းမဖြစ်သည့်လမ်းဖြစ်ပါက မြေသားလမ်းသတ်မှတ်ချက်နှင့် ကိုက်ညီအောင်ပြုလုပ်ပြီး မဟာဗျူဟာမှာ ဖော်ပြရပါမည်။ နည်းဗျူဟာအနေနှင့် အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ စိတ်ပါဝင်စားသူများပါဝင်၍ မဟာဗျူဟာတွင် ပါဝင်သည့် အချက်များနှင့် ကိုက်ညီသည့်လမ်းများကို ရွေးချယ်ပြီးကျန်ရှိသည့် (၄)နှစ်စာအတွက် ဘတ်ဂျက်ရသည့်အခါ ဦးစားပေးချပေးလိုက်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၏ သဘောဆန္ဒလည်း ပါသွားမည်၊ ပြည်သူလူထု၏ ဆန္ဒလည်းပါဝင်သွားမည်၊ ဌာန၏ဆန္ဒလည်းပါဝင်သွားမည်။ သို့ပါ၍ ၎င်းလုပ်ငန်းစဉ်အရ လမ်းများကို နှစ်အလိုက်ချပေးခြင်းဖြစ်ပြီး ရသည့် အခွန်နှုန်းအပေါ် မူတည်ပြီး ဦးစားပေးအလိုက် ခွင့်ပြုမည် ဆိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လမ်းများကို နှစ်အလိုက် ပြုပြင်သွားမည်ဟု ယူဆရပါသည်။ ၎င်းလမ်းများ၏ လိုတာကို တောင်းနေမည်ဆိုလျှင် မဟာဗျူဟာအရ မြေသားလမ်းကို ဂဝံလမ်း၊ ဂဝံလမ်းဆိုလျှင် ကျောက်ချောလမ်းပြုလုပ်နိုင်မည်ဖြစ်ပြီး၊ အကယ်၍ လိုအပ်သည်ကို တောင်းနေမည်ဆိုပါက မဟာဗျူဟာကိုလည်း အကောင်အထည်ဖော်နိုင်မည်မဟုတ်ပါ။ မဟာဗျူဟာကို အကောင်အထည်ဖော်ရန် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနတို့ ပါဝင်၍ အားလုံးအကောင်အထည်ဖော်ပါက အကောင်းဆုံးဖြစ်မည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ် (၅)ဦးကမေးမြန်းသည့် မေးခွန်း(၅)ခုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ထန်းတပင်မြို့နယ်၊ ချောင်းဝ ကျေးရွာအုပ်စု ကွင်းအမှတ်(၄၇၂) နဂါး မောက်ကွင်းအတွင်း တရားမဝင်ကျောက်ထုတ်လုပ်ကိုင်နေသော လုပ်ငန်းရှင်များအား သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများ အနေဖြင့် ကြပ်မတ်ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိနှင့် လိုက်နာမှုမရှိပါက ထိရောက်စွာအရေးယူနိုင်ခြင်း ရှိ/မရှိ"** တို့နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ချောင်းဝကျေးရွာအုပ်စုအတွင်းရှိ ကျောက်ပုထိုး၊ သဖန်းချောင်း၊ သရေဘာကျေးရွာများသည် သောက်ရေခပ်ချောင်းကမ်းပါးပေါ်တွင် တည်ရှိပါသည်။ အေးရှားဝေါကုမ္ပဏီမှ သောက်ရေခပ်ဆည်တည်ဆောက်ပြီး ရေအားလျှပ်စစ်ထုတ်ယူရန် သောက်ရေခပ်ချောင်းရေများကို တားဆီးထားပြီး ပိုလျှံရေများသာ ချောင်းအတွင်း စီးဆင်းရပါသည်။

သောက်ရေခပ်ချောင်းဘေးရှိ ကျောက်ပုထိုး၊ သရေဘာ၊ သဖန်းချောင်းကျေးရွာမှ ရွာသူရွာသားများသည် သောက်ရေခပ်ချောင်းကို မှီခို၍ ဥယျာဉ်ခြံများ လုပ်ကိုင်စားသောက်ရပါသည်။ ယခုအခါ သောက်ရေခပ်ဆည်တည်ဆောက်ပြီးသည့်နောက် ချောင်းအတွင်းရေစီးမှု နည်းပါးခြင်းကြောင့် ဥယျာဉ်ခြံမြေအတွင်း စိုက်ပျိုးထားသောသီးနှံများ အသီးကင်းများကြွေကျခြင်း၊ အသီးများမအောင်ခြင်း၊ အထွက်နှုန်းများ များစွာလျော့ကျနေမှုကြောင့် စီးပွားရေးအခက်အခဲ ကြုံတွေ့လာရပါသည်။

ကျောက်ပုထိုး၊ သဖန်းချောင်း၊ သရေဘာကျေးရွာများနည်းတူ တောင်ငူမြို့နယ် နဂါးမောက်ကျေးရွာသည်လည်း သောက်ရေခပ်ချောင်းဘေးတွင် တည်ရှိပြီး ဆည်တည်ဆောက်မှုကြောင့် နစ်နာသော နဂါးမောက်ကျေးရွာသူ၊ ကျေးရွာသားများအား အေးရှားဝေါကုမ္ပဏီမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျောက်ချောလမ်းခင်းပေးခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေးခြင်း၊ စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ အထိုက်အလျောက် ကျေနပ်မှုရရှိပါသည်။

သို့ဖြစ်ပါ၍ ထန်းတပင်မြို့နယ်အတွင်းရှိ သောက်ရေခပ်ဆည်တည်ဆောက်မှုကြောင့် နစ်နာနေသော ကျေးရွာမှပြည်သူများ အထိုက်အလျောက် ကျေနပ်မှုရရှိနိုင်ရန် နဂါးမောက် ကျေးရွာကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အေးရှားဝေါကုမ္ပဏီဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့၊ မင်းကွက်(၃) ရပ်ကွက်ရှိ အမှတ်(၉၃) သစ်စက်ဖျက်သိမ်း လိုက်သဖြင့် အဆိုပါ မြေနေရာ မြေဧက(၄၀) ကျော်အား မည်ကဲ့သို့ အသုံးချ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း "** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ မင်းကွက်(၃)ရပ်ကွက်၊ ရန်ကုန်-ပြည် ကားလမ်းဘေးတွင် ယခင်က မြန်မာသစ်ထုတ်လုပ်ရေး လုပ်ငန်း အမှတ်(၉၃)သစ်စက်တည်ရှိပါသည်။ ၂၀၁၄ခုနှစ်က အမှတ်(၉၃) သစ်စက်ဖျက်သိမ်းလိုက်သဖြင့် ထိုမြေနေရာရှိ မြေဧက (၄၀)ကျော်မှာ အသုံးမပြုဘဲ တည်ရှိနေပါသည်။ အဆိုပါ အသုံးမပြုတော့သည့် သစ်စက်မြေနေရာအား ဒေသခံပြည်သူများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် အဆိုပါမြေနေရာအား မည်ကဲ့သို့အသုံးချ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ONGA Viedsh (LTD) နှင့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်းတို့၏ Block. PSC. EPS လုပ်ကွက် ဧရိယာအတွင်း ရေနံနှင့် သဘာဝဓါတ်ငွေ့ ရှာဖွေရေး၊ စီမံကိန်းနှင့် လုပ်ကွက်သတ်မှတ်စဉ် အကြိုလေ့လာ စိစစ်မှု အားနည်းခြင်း၊ အဆိုပါလုပ်ကွက်မှာ လူနေကျေးရွာများနှင့် ရပ်ကွက်များပေါ်တွင် ကျရောက်နေခြင်း၊ ဒေသခံကန့်ကွက်ခြင်းနှင့် လုံခြုံရေးအစီအမံ (Safety Plan) တင်ပြမှုမရှိခြင်း တို့ကြောင့် တိုင်းဒေသကြီးအစိုးရမှ ပြန်လည်စဉ်းစား သုံးသပ်၍ စီမံကိန်းရပ်ဆိုင်းပေးရန်"** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ONGC Viedsh (LTD)နှင့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ရှာဖွေရေး စီမံကိန်းမှာ လုပ်ကွက်သတ်မှတ်စဉ် အကြိုလေ့လာစိစစ်မှု အားနည်းခြင်း၊ အဆိုပါလုပ်ကွက်မှာ လူနေကျေးရွာများနှင့် ရပ်ကွက်များပေါ်တွင် ကျရောက်နေခြင်း၊ ဒေသခံများ ကန့်ကွက်ခြင်းနှင့် လုံခြုံရေးအစီအမံ (Safety Plan) တင်ပြမှုမရှိခြင်းတို့ကြောင့် တိုင်းဒေသကြီးအစိုးရမှ ပြန်လည်စဉ်းစားသုံးသပ်၍ စီမံကိန်းရပ်ဆိုင်းရန် ဆောင်ရွက်သင့်ကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးငွေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်တွင်းမြို့နယ်၊ နတ်ရေတွင်းချောင်းတွင် သဲထုတ်ယူခွင့်လိုင်စင်မပေးရန် တောင်သူများ၏ တောင်းဆိုမှု"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးငွေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဘုရားနှစ်ဆူကျေးရွာအုပ်စုနှင့် ဂုံမင်းဒါကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင်အမှတ် (၁၅၃/၃)မှ အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၂၄/၄)ကြား ကွင်းအမှတ် (၂၇၄-က)၊ ဦးပိုင်အမှတ်(၂)တို့ကို ဖြတ်စီးဆင်းလျှက် ရှိသော နတ်ရေတွင်းချောင်းတွင် နှစ်စဉ်သဲထုတ်ယူရန် လိုင်စင်ထုတ်ပေးခဲ့သည်မှာ (၁၀)နှစ် ခန့်ရှိပါသည်။ ထိုသို့ သဲထုတ်ယူရာတွင် လုပ်ပိုင်ခွင့်ရရှိသောသူများမှ သတ်မှတ်သောနေရာများတွင်

ထုတ်ယူခြင်းမပြုဘဲ မိမိတို့နှစ်သက်ရာနေရာများတွင် ထုတ်ယူခြင်း၊ သတ်မှတ်ထားသော ကုဗပေထက် လွန်မင်းစွာ ထုတ်ယူနေမှုတို့ကြောင့် မြစ်ကြမ်းပြင်အနိမ့်အမြင့်ဖြစ်ကာ ရေစီးရေလာပြောင်းလည်းမှုကြောင့် ချောင်းကမ်းပါးများ ပြိုကျပျက်စီးလာပြီး လယ်မြေဧရိယာ များ စုစုပေါင်း (၁၇. ၅)ဧကခန့် ကမ်းပြိုမှုကြောင့် ပါသွားပါသည်။

သို့ဖြစ်ပါ၍ တောင်သူ(၂၂)ဦး၏ တင်ပြတောင်းဆိုမှုကြောင့် နောင်နှစ်များတွင် သဲထုတ်ယူခွင့်လိုင်စင် မပေးတော့ရန် ချောင်းဘေးဝဲယာမှ တောင်သူများ၏ တောင်းဆိုမှုကြောင့် ၎င်းတို့ကိုယ်စား လေးစားစွာ မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ဓါတ်သတ္တုခွန် မပေးဆောင်ဘဲ (သို့မဟုတ်) အပြည့်အဝမပေးဆောင်ဘဲ လုပ်ကိုင်လျက်ရှိသည့် အုတ်လုပ်ငန်းများ၊ မြစ်သဲ/ကျောက်လုပ်ငန်းများ၊ ခွဲကျောက်လုပ်ငန်းများကို မည်ကဲ့သို့စိစစ်အရေးယူရန် စီစဉ် ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း ”** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဓါတ်သတ္တုခွန်မပေးဆောင်ပဲ (သို့မဟုတ်) အပြည့်အဝမပေးဆောင်ပဲ လုပ်ကိုင်လျက်ရှိသည့် အုတ်လုပ်ငန်းများ၊ မြစ်သဲ/ကျောက်လုပ်ငန်းများ၊ ခွဲကျောက် လုပ်ငန်းများကို မည်ကဲ့သို့ စိစစ်အရေးယူရန် စီစဉ်ဆောင်ရွက်နေသည်ကို သိလိုပါကြောင်း မေးမြန်း အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ကိုယ်စားလှယ်(၅)ဦးမေးမြန်းသည့် မေးခွန်း(၅)ခုအား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ထန်းတပင်မြို့နယ်၊ ချောင်းဝ ကျေးရွာအုပ်စု ကွင်းအမှတ်(၄၇၂) နဂါးမောက်ကွင်းအတွင်း တရားမဝင် ကျောက်ထုတ် လုပ်ကိုင် နေသော လုပ်ငန်းရှင်များအား သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများ အနေဖြင့် ကြပ်မတ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် လိုက်နာမှုမရှိပါက ထိရောက်စွာအရေးယူနိုင်ခြင်း ရှိ/မရှိ”** တို့နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၇၂)၊ နဂါးမောက် ကွင်းတွင် စီးပွားရေးလုပ်ငန်းရှင်များမှ ကျောက်ထုတ်လုပ်ငန်း၊ ကျောက်ခွဲစက် လုပ်ငန်းနှင့်ပတ်သက်၍ ကုန်ထုတ်လမ်းကြောင်းအဖြစ် ကိုယ်ထူကိုယ်ထခင်းထားသောလမ်းအား အသုံးပြုခြင်းမရှိပါကြောင်း၊ ကွင်းအမှတ် (၄၇၄) မွဲကုန်းကွင်းအတွင်း တရားမဝင်လမ်းခင်းကျောက်များ ထုတ်လုပ်နေမှုနှင့်ပတ်သက်၍ (၁၀. ၁၁. ၂၀၁၆)ရက်နေ့တွင် ချောင်းဝကျေးရွာအုပ်စု၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ကျေးရွာအုပ်စု

အုပ်ချုပ်ရေးမှူးရုံး၌ လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံ၍ တရားမဝင်ထုတ်လုပ်ခြင်းအား ဆက်လက်လုပ်ကိုင်မှုမပြုလုပ်ရန် တားမြစ်ဆောင်ရွက်မှုများပြုလုပ်ခဲ့ပါသည်။

အဆိုပါနေရာအား မြို့နယ်အုပ်ချုပ်ရေးမှူးမှ (၅. ၁. ၂၀၁၇)ရက်နေ့တွင်လည်း ကွင်းဆင်း စိစစ်ပြီး ၎င်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မိမိတို့လုပ်ကိုင်နေသည့် လုပ်ငန်းများအား တရားဝင်လုပ်ငန်း လိုင်စင်များ လျှောက်ထားရယူပြီး ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ခွင့်ပြုချက်မရရှိသေးမီကာလ အတွင်း ဆက်လက်လုပ်ကိုင်ခြင်းမပြုလုပ်ကြရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းအသိပေးထားပြီးဖြစ်ပါကြောင်း၊ ကွင်းအမှတ်(၄၇၄)၊ မွဲကုန်းကွင်း အတွင်း ကျောက်ထုတ်လုပ်ငန်းလုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များမှလည်း ၎င်းတို့လုပ်ကိုင်နေသော ယာမြေများကို အသုံးပြုမည့်ဧကအလိုက် အခြားနည်းအသုံးပြုခွင့်နှင့် မြေပုံရေးကူးခွင့်အား ပဲခူးတိုင်းဒေသကြီး အစိုးရ အဖွဲ့သို့ လျှောက်ထားဆောင်ရွက်လျက်ရှိပါသည်။

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ကွင်းအမှတ်(၄၇၄)၊ မွဲကုန်းကွင်း အတွင်း တရားမဝင်ကျောက်ထုတ်လုပ်ငန်း လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များအား တရားမဝင် ကျောက်ထုတ်လုပ်ခြင်း ဆက်လက်လုပ်ကိုင်မှုမပြုလုပ်ရန်နှင့် အခြားနည်းအသုံးပြုခွင့် တင်ပြလျှောက်ထားစေပြီး ခွင့်ပြုမိန့်ရရှိပြီးမှသာ တရားဝင်ကျောက်ထုတ်လုပ်ငန်းလုပ်ကိုင်စေရန် ခေါ်ယူသတိပေးရှင်းလင်းပြောကြား၍ တရားမဝင် ကျောက်ထုတ်လုပ်ခြင်း လုပ်ကိုင်နေသူများအား ပိတ်ပင်တားဆီးဆောင်ရွက်သွားရန် ထန်းတပင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃. ၃. ၂၀၁၇)ရက်စွဲပါစာဖြင့် သက်ဆိုင်ရာချောင်းဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ အသိပေးဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဖြည့်စွက်ပြီးတင်ပြလိုသည်မှာ ပြီးခဲ့သည့် (၁၅)ရက်နေ့က တောင်ငူတွင် အစည်းအဝေးလုပ်ပါသည်။ ထန်းတပင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ တောင်ငူမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်နှင့် လုပ်ငန်းရှင် (၁၆၅)ဦး တက်ရောက်ပါသည်။ ကျောက်ထုတ်လုပ်ငန်းများသည် ယခင်ခေတ်အဆက်ဆက်တွင် လိုင်စင်များ ပေးခဲ့ခြင်းမရှိပါ။ (၁၆၅)ဦးလုံးတွင် (၁)ဦးမျှ လိုင်စင်မရှိပါ၍ ၎င်းတို့ကို သေချာစွာစိစစ်ပြီး လိုင်စင်ထုတ်ပေး ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စည်ပင်၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ၎င်းမှာ တရားဝင်လိုင်စင်ပြုလုပ်ရန် ဆောင်ရွက်ချက်ဖြစ်ပါသည်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့၊ မင်းကွက်(၃) ရပ်ကွက်ရှိ အမှတ်(၉၃) သစ်စက်ဖျက်သိမ်း လိုက်သဖြင့် အဆိုပါ မြေနေရာ မြေဧက(၄၀) ကျော်အား မည်ကဲ့သို့ အသုံးချ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း "** နှင့်စပ်လျဉ်း၍ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ဒေသရှိ ပေါင်းတည်မြို့ အမှတ်(၉၃)စက်အား (၃၁. ၃. ၂၀၁၃)ရက်နေ့တွင် သစ်စက်လုပ်ငန်းများ ဖျက်သိမ်းခဲ့ပြီး သစ်စက်ရှိ ဝန်ထမ်းများ၊ စက်ကိရိယာများအား နီးစပ်ရာ နတ်တလင်းမြို့ အမှတ်(၃၀)စက်သို့ ပြောင်းရွှေ့ ခဲ့ပါသည်။

ထို့အတူ အမှတ်(၉၃)သစ်စက်ရှိ စက်ရုံ၊ ဂိုဒေါင်၊ ဝန်ထမ်းအိမ်ရာ(၁၃)လုံးကို (၂၇. ၅. ၂၀၁၆) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး(အနောက်)၏ အဆောက်အဉီပြောင်းများ လေလံရောင်းချရေးကော်မတီမှ ဈေးပြိုင်လေလံရောင်းချခဲ့ပြီး ကျန်ရှိဝန်ထမ်းအိမ်ရာ အဆောက်အဉီများအား ဆက်လက်လေလံရောင်းချရေး စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

အမှတ်(၉၃)သစ်စက်၏ မြေနေရာ(၄၀. ၀၁)ဧကနှင့် ပတ်သက်၍ ဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- ဝန်ကြီးဌာနအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတိုးချဲ့ခြင်းများအတွက် ခရိုင်နှင့် မြို့နယ်အဆင့်ရုံးများဖွင့်လှစ်ရန်အတွက် မြေနေရာလိုအပ်ခြင်း၊
- စိုက်ခင်းလုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ရေဝေ/ရေလဲထိန်းသိမ်းခြင်းဌာန တိုးချဲ့ဖွဲ့စည်းရာ၌ ခရိုင်/မြို့နယ်အဆင့်ဆင့်မြေနေရာများကို လိုအပ်ခြင်းနှင့် ဌာန၏ အခြား လုပ်ငန်းဆိုင်ရာများဆောင်ရွက်နိုင်ရန်အတွက် မြေနေရာလိုအပ်ခြင်း၊

ထို့အပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မှလည်း စွန့်လွှတ်မြေများနှင့်ပတ်သက်၍ **" နောင်တွင် မည်သည့် MTE မြေများကို ပြန်အပ်ရန် မဆောင်ရွက်ပါနှင့် "** ဟု မိန့်မှတ်ချက်ပြုထားပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ONGA Viedsh (LTD) နှင့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ လုပ်ငန်းတို့၏ Block. PSC. EPS လုပ်ကွက် ဧရိယာအတွင်း ရေနံနှင့် သဘာဝဓါတ်ငွေ့ ရှာဖွေရေး၊ စီမံကိန်းနှင့် လုပ်ကွက်သတ်မှတ်စဉ် အကြိုလေ့လာ စိစစ်မှု အားနည်းခြင်း၊ အဆိုပါလုပ်ကွက်မှာ လူနေကျေးရွာများနှင့် ရပ်ကွက်များပေါ်တွင် ကျရောက်နေခြင်း၊ ဒေသခံကန့်ကွက်ခြင်းနှင့် လုံခြုံရေးအစီအမံ (Safety Plan) တင်ပြမှုမရှိခြင်းတို့ကြောင့် တိုင်းဒေသကြီးအစိုးရမှ ပြန်လည်စဉ်းစားသုံးသပ်၍ စီမံကိန်းရပ်ဆိုင်းပေးရန်"** နှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဌမပုံမှန်အစည်းအဝေးတွင် ဦးဇော်လင်းထိုက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ သဲကုန်းမဲဆန္ဒနယ်မြေ(၂)က မေးမြန်းလာသော ကြယ်ပွင့်ပြမေးခွန်းသည် ရေနံတူးဖော်ခြင်းလုပ်ငန်းဆိုင်ရာ ကိစ္စများဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သည့်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ တင်ပြထားပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းသို့ ၂၈. ၂. ၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၇/၃-၄/ဦး ၆(၀၅၁)ဖြင့် ရေနံလုပ်ကွက်အမှတ် Block-PSC-EP-3 ဧရိယာသည် လူဦးရေထူထပ်သောဒေသများပေါ်တွင်ကျရောက်၍ မြို့ပေါ်ရပ်ကွက်အချို့ ပါဝင်နေခြင်း၊ ဆည်တမံများနှင့် နီးခြင်း၊ မှော်ဇာရှေးဟောင်း နယ်မြေပါဝင်နေခြင်း၊ ယမ်းခွဲ၍ ရေနံတူးဖော်ရမည်ဖြစ်သဖြင့် မြေအောက် ရေသယံဇာတနှင့် သဘာဝဝန်းကျင် ဂေဟစနစ် ပျက်စီးနိုင်ခြင်းတို့ကြောင့် ရေနံလုပ်ကွက်အမှတ် Block-PSC-EP-3 ဧရိယာအတွင်း ရေနံရှာဖွေရေး 2D ရှေ့ပြေးဆိုက်စမစ် တိုင်းတာရေးလုပ်ငန်းအား

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းတာဝန်ခံမှ သက်ဆိုင်ရာ မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဖြင့် တွေ့ဆုံရှင်းလင်း၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားရန် တင်ပြ ထားပါကြောင်းနှင့် ပြန်ကြားလာပါက ပြည်ထောင်စုဝန်ကြီးဌာနသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

အဆိုပါ မေးခွန်းနှင့်ပတ်သက်၍ မိမိကိုယ်တိုင်လည်း ၎င်းဧရိယာအတွင်း လူနေအိမ်များရှိ၍ သဘာဝ ဂေဟစနစ်များ ပျက်စီးနိုင်သည့် ဆည်တမံများနှင့် နီးသည်ဆိုသည်ကို မှတ်ချက်ပြု၍ ပြည်ထောင်စုသို့ ဆက်လက်တင်ပြသွားမည်ဆိုသည့်အကြောင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးအား လေးစားစွာဖြင့် ဖြေကြား အပ်ပါသည်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အုတ်တွင်း မြို့နယ်၊ နတ်ရေတွင်း ချောင်းတွင် သဲထုတ်ယူခွင့်လိုင်စင်မပေးရန် တောင်သူများ၏ တောင်းဆိုမှု"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဘုရားနှစ်ဆူ ကျေးရွာအုပ်စုရှိ နတ်ရေတွင်း ချောင်းတွင် သဲထုတ်လုပ်ခွင့်လိုင်စင်အား (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းလုပ်ကိုင်လိုသူ တစ်ဦးတည်းသာ တင်ပြလျှောက်ထားလာပါ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲ စတင်ဖွင့်လှစ် ဆောင်ရွက်နိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းဒေသကြီး ရေအရင်းအမြစ် နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တို့၏ ကွင်းဆင်း စစ်ဆေးထောက်ခံချက်များရယူ၍ ကွင်းဆင်းစိစစ်မှုအရ လုပ်ကိုင်ခွင့် ခွင့်ပြုချထား ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

နတ်ရေတွင်းချောင်းတွင် သဲထုတ်ယူခွင့်ကိစ္စအား တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေး၍ မြစ်ချောင်းများ စစ်ဆေးမှုအား ထိခိုက်မှုမရှိမှသာ ခွင့်ပြု ဧရိယာနှင့် သတ်မှတ်ကျင်း အရေအတွက်အတိုင်း လုပ်ကိုင်စေခြင်းဖြစ်ပြီး ၎င်းနတ်ရေတွင်းချောင်းအတွင်း ဦးတင်မောင်အေး တစ်ဦးတည်းသာ (၂၀၁၆-၂၀၁၇)ခုနှစ်တွင် လိုင်စင်လျှောက်ထားလာ၍ ကွင်းအမှတ်(၂၇၄-က) ဧရိယာ(၀. ၇၀)ဧက၊ ကျင်းအရေအတွက်(၃၀၀)ထုတ်ရန်ခွင့်ပြုခဲ့ပါသည်။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမှာလည်း သတ်မှတ်နေရာနှင့် သတ်မှတ်ကျင်းအရေအတွက်သာ ထုတ်ယူခွင့်ရှိပြီး နေရာလွဲမှားလုပ်ကိုင်ခြင်းနှင့် သတ်မှတ်ကျင်း အရေအတွက်ထက် ပိုမိုထုတ်လုပ်ခြင်းမရှိစေရန် အုတ်တွင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် (၃၀. ၁၂. ၂၀၁၆)ရက်နေ့၌ လိုင်စင်စည်းကမ်းပါ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုလက်မှတ်ရေးထိုးထားပါသည်။ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ (၃၀. ၁၂. ၂၀၁၆) ရက်စွဲပါ ညွှန်ကြားစာအရ မြို့နယ်အတွင်းရှိ ဓါတ်သတ္တုလိုင်စင်အား သတ်မှတ် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရန် ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်ခဲ့သည့်အပြင် ယခုနှစ်အတွင်း ဓါတ်သတ္တုလုပ်ငန်းလိုင်စင်များဖြစ်သော သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ လုပ်ငန်းများအား သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရပ်ဆိုင်းခြင်း၊ ရပ်သိမ်းခြင်းများ ဆောင်ရွက်သည့်

အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ကိုယ်တိုင် ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် သတ်မှတ်စည်းကမ်း များနှင့်မညီညွတ်ပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နောင်လာမည့် ဘဏ္ဍာနှစ်များအတွင်း လုပ်ငန်းလုပ်ကိုင်ရန် တင်ပြလျှောက်ထားမှုများရှိပါက ပတ်ဝန်းကျင်သို့ မထိခိုက်စေဘဲ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ သဘောထားခွင့်ပြုချက်နှင့်အတူ တိုင်းဒေသကြီးဓါတ်သတ္တုခွန်ရရှိရေးဦးတည်၍ ဓါတ်သတ္တုလုပ်ငန်း လိုင်စင်များအား စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဓါတ်သတ္တုခွန် မပေးဆောင်ဘဲ (သို့မဟုတ်) အပြည့်အဝမပေးဆောင်ဘဲ လုပ်ကိုင်လျက်ရှိသည့် အုတ်လုပ်ငန်းများ၊ မြစ်သဲ/ကျောက် လုပ်ငန်းများ၊ ခွဲကျောက်လုပ်ငန်းများကို မည်ကဲ့သို့စိစစ်အရေးယူရန် စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ အုတ်လုပ်ငန်းများ၊ မြစ်သဲကျောက်လုပ်ငန်းများ၊ ကျောက်ခွဲသည့် လုပ်ငန်းများ သည် မိမိရှင်းပြသွားသည့် တောင်ငူခရိုင်တွင် တင်ပြသကဲ့သို့ ပြီးခဲ့သည့်အပတ်တွင် ကျောက်လုပ်ငန်းရှင် (၁၆၅)ဦးနှင့် တွေ့ဆုံရာ တစ်ဦးမျှ လိုင်စင်မရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးများကို မိမိတို့တိုင်းဒေသကြီးအတွင်း တွေ့ရှိရမည်ဟု မထင်ခဲ့ပါကြောင်း၊ နိုင်ငံတော်မှလည်း အခွန်ငွေ ဆုံးရှုံးသည့်အပြင် ပတ်ဝန်းကျင်တွင်လည်း ပျက်စီးသည်များရှိပါကြောင်း၊ ၎င်းအခြေအနေကို တရားဝင်လုပ်ကွက်များ လျှောက်ထားရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လိုင်စင်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပေးခြင်းဖြစ်ပြီး မိမိဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့် အစီအစဉ်၊ Social Management အစီအစဉ် ယင်းအစီအစဉ်များကို စနစ်တကျ ဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက်နေပါသည်။ တရားဝင်လိုင်စင်များကို အမှန်တကယ်စိစစ်ပြီး ဆောင်ရွက်သည့်အခါတွင် မြေစာရင်းပုံစံများမရ၍ အခက်အခဲရှိသည်ဟုဆိုခဲ့ပြီး ယခုအခါ မြေစာရင်းပုံစံများကို ခရိုင်အုပ်ချုပ်ရေးမှူးမှ စိစစ်ပြီး ဆောင်ရွက်ပေးနေပါသည်။ တရားဝင်လိုင်စင်ရရှိရေး၊ တစ်ချိန်တည်းမှာဘဲ အခွန်ငွေမှန်ကန်စွာရရှိရေးနှင့် သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်စီမံပြီး ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးအား လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။မြန်မာ့သစ်လုပ်ငန်းနှင့် ပတ်သက်ပြီး ဝန်ကြီးက မိမိမေးသည့် မေးခွန်းအမှတ်စဉ်(၃)ကို ဖြေကြားသွားသည်မှာ ပေါင်းတည်မြို့၏ ဧက (၄၀)ကျော် လစ်လပ်နေသည့်နေရာတွင် အမှတ်(၉၃) သစ်စက်၏ မြေနေရာ ဧက(၄၀. ၀၁)ဧကနှင့် ပတ်သက်၍ ဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- ဝန်ကြီးဌာနအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုးချဲ့ခြင်းများအတွက် ခရိုင်နှင့် မြို့နယ်အဆင့်ရုံးများ ဖွင့်လှစ်ရန်အတွက် မြေနေရာလိုအပ်ခြင်း ဆိုသည်မှာ ခရိုင်ရုံးကို ပေါင်းတည်မြို့နယ် ဧက(၄၀)မှာ လာရောက်ဖွင့်ရန် မြေနေရာလိုအပ်သလားဟု မေးမြန်းချင်ပါသည်။
- စိုက်ခင်းလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ရေဝေ၊ ရေလဲ၊ ထိန်းသိမ်းခြင်း တိုးချဲ့ဖွဲ့စည်းရာ၌ ခရိုင်၊ မြို့နယ်အဆင့်ဆင့် မြေနေရာများကို လိုအပ်ခြင်းနှင့် ဌာန၏ အခြားလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်နိုင်ရန်အတွက် မြေနေရာလိုအပ်ခြင်းတွင် ခရိုင်က ပေါင်းတည်မြို့နယ်တွင် ထပ်ပြီးဆောင်ရွက်မည့် အနေအထားဖော်ပြခြင်း ဖြစ်ပါကြောင်း၊ မြေဧက(၄၀)သည် ပေါင်းတည်မြို့တွင်သာ ရှိပါသလား၊ ပေါင်းတည်မြို့နယ်သည် ပြည်ခရိုင် အတွင်းမှာ ရှိပါကြောင်း၊ ခရိုင်ရုံးများ တည်ရှိရာနေရာသည် ပြည်မြို့နယ်တွင်သာ ရှိပါကြောင်း၊ ဝန်ကြီးဖြေကြားသွားသည့် ဖြေကြားချက်အရ ၎င်း ဧက(၄၀)မှာ ခရိုင်ရုံးလာဆောက်မည်ဆိုပါက မည်သည့်နေ့၊ မည်သည့်ရက်၊ မည်သည့် အချိန်တွင် လာရောက်ဆောက်လုပ်မည်ကိုလည်း မေးမြန်းချင်ပါသည်။ တိတိကျကျ ဖြေကြားပေးစေလိုပါသည်။ ၎င်းအပြင် ဝန်ကြီးမှလည်း စွန့်လွှတ်မြေများနှင့် ပတ်သက်၍ နောင်တွင် မည်သည့်MTE မြေများကို ပြန်အပ်ရန် မဆောင်ရွက်ပါနှင့်ဆိုပြီး မိန့်မှတ်ချက်ပြုထားသည် ဆိုသည်မှာ မည်သည့်အရာကိုခေါ်ပါသလဲ၊ အမိန့်ထုတ်သည်လား၊ မှတ်ချက်ပြုသည်လား၊ မည်သည့်နည်းနှင့် အမိန့်ထုတ်ပြီး မည်သည့် နည်းနှင့် မှတ်ချက်ပေးထားသလဲ၊ Really gazetted ဖြစ်မှာကိုသိချင်ပါကြောင်း၊ ၎င်းအကြောင်း(၃)ချက်နှင့် ပတ်သက်ပြီး တိကျစွာဖြေကြားပေးပါရန်နှင့် ခရိုင်ရုံးကို ပေါင်းတည် မြို့တွင် ဖွင့်မည်လား၊ ခရိုင်ကိစ္စကို ပေါင်းတည်တွင်ဆောင်ရွက်မည်လား၊ ပေါင်းတည် မြို့နယ်တွင် ခရိုင်ရုံးဆောက်မည်မှာ လုံးဝအဓိပ္ပာယ်မရှိပါကြောင်း၊ သို့ပါ၍ မေးခွန်းများနှင့် ပတ်သက်ပြီး မိမိတို့မှ ပြည်သူကို ပြန်လည်တင်ပြရမည်ဖြစ်၍ ဝန်ကြီးများမှ မိမိတို့မေးမြန်းသည့် မေးခွန်းများနှင့် ပတ်သက်ပြီး အကျိုးအကြောင်း ခိုင်လုံစွာ၊ အထောက်အထား ပြည်စုံစွာဖြင့် ဖြေကြားပေးရန် မေတ္တာရပ်ခံပါသည်။

**ဥက္ကဋ္ဌ**။ ။ပေါင်းတည်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရဲလင်းနိုင်မေးမြန်းသည့် ဆက်စပ် မေးခွန်းနှင့် ပတ်သက်၍ သယံဇာတ၊သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးမှ ရှင်းလင်းဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]။** ။ခရိုင်နှင့် မြို့နယ်အဆင့်ရုံးများ ဆောက်လုပ်ရန်မှာ မြေဧက(၄၀)မလိုအပ်သော်လည်း စိုက်ခင်းလုပ်ငန်း လုပ်မည်ဆိုပါက ရေဝေ၊ ရေလဲ လုပ်ရန်အတွက် ဧက(၄၀)လိုအပ်ပါကြောင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ရုံးများ ဌာနဆိုင်ရာအဆင့် သက်သက်ဆောက်လုပ်ရန်အတွက် ဤမြေနေရာ မလိုအပ်ပါ သော်လည်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန မြို့နယ်အဆင့်အထိ ဘတ်ဂျက် တင်ပြတောင်းခံထားသည်များရှိပါ၍ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ခွင့်ပြုပါက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် ရင်ဆိုင်နေရသည့် အခြေအနေမှာ ပြည်ထောင်စု ကိုယ်စားလှယ်ဖြစ်ပြီး မှတ်ချက်ပြုသူမှ ၎င်းမြေကို စွန့်လွှတ်ရန်အတွက် ပြည်ထောင်စု အဆင့်တွင် Cabinet ထိုင်ပြီး ပြည်ထောင်စုဝန်ကြီးမှ စီစဉ်ဆောင်ရွက်ရာတွင် အစည်းအဝေးပြုလုပ် ပြီးမှ ပေးရသည်ဖြစ်ပါသည်။ မိမိတို့၏ စီမံခန့်ခွဲမှုအောက်တွင် မရှိပါကြောင်း၊ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်ထောင်စု ကိုသာ အခြေခံထားပါကြောင်း၊ ပြည်ထောင်စုမှ မြေများကို မြေပေးမိန့် မပေးရန် အမိန့်ထုတ်ထားသည်များ ရှိပါကြောင်း၊ မြေများကို လွှဲပြောင်းရာတွင် ပြည်ထောင်စုအစိုးရက Cabinet ထိုင်ပြီးမှ ဆုံးဖြတ်ရသည့်ကိစ္စ ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆုံးဖြတ်ရသည့်ကိစ္စ မဟုတ်ကြောင်း လွှတ်တော် ကိုယ်စားလှယ်များကို ရှင်းလင်းဖြေကြားလိုပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။အနည်းငယ် လွဲနေပါကြောင်း၊ ခရိုင်ရုံးကို ပေါင်းတည်တွင် ဖွင့်မည်လား၊ ပြည်ခရိုင်ရုံးကို ပေါင်းတည်မြေဧက(၄၀)မှာ လာဖွင့်မည် လားဟု မေးထားတာရှိပါ၍ ၎င်းကိုဆက်စပ်ပြီး ဖြေကြားပေးစေလိုပါသည်။ အမှတ်(၉၃) သစ်စက်၏ မြေနေရာ (၄၀)ဧကနှင့် ပတ်သက်၍ ဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်း ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ဝန်ကြီးဌာနအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုးချဲ့ခြင်းများအတွက် ခရိုင်နှင့် မြို့နယ် အဆင့်ရုံးများ ဖွင့်လှစ်ရန်အတွက် မြေနေရာလိုအပ်ခြင်း၊ ၎င်းဧက(၄၀)မှာ ခရိုင်နှင့် မြို့နယ်ရုံးများကို ဖွင့်မည်လား၊ ၎င်းအချက်ကို တိတိကျကျ ဖြေစေချင်ပါကြောင်း၊ ခရိုင်ရုံးကို ဧက(၄၀)မှာ လာဖွင့်မည်လား၊ ကောက်နုတ်ချက်တွင် ယင်းကဲ့သို့ဖြေဆိုထားပါ၍ ခရိုင်မှကိစ္စကို မြို့နယ်ဧက(၄၀)မှာ လာရောက် ဆောင်ရွက်မည်လား၊ အမှတ်တကယ်လားဟု ထပ်ဆင့်မေးမြန်းပါသည်။

**ဥက္ကဋ္ဌ။** ။ဦးရဲလင်းနိုင်မှ မရှင်းလင်းသည့်အချက်များအား ဆက်စပ်မေးခွန်းမေးမြန်းသည်ကို သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးမှ ထပ်မံရှင်းလင်း ပေးဖို့ဖြစ်ပါသည်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]။** ။ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ပြည်မြို့နယ်တွင် ဖွင့်လှစ်နိုင်ရန် မြေနေရာ

ရှာသော်လည်း မြေနေရာမရှိသည့်အတွက် ပေါင်းတည်မြို့နယ်တွင် မြေနေရာလွတ်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ရုံးကို ပေါင်းတည်မြို့တွင် ဖွင့်လှစ်ဖြစ်ရန်များပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ပထမဦးဆုံး အနေဖြင့် စာဖြင့်ပေးပို့ဖြေကြားထားသည့်အတိုင်း ဝန်ကြီးဖြေကြားသွားသည့်အဖြေကို ကတိကဝတ်အဖြစ် မှတ်တမ်းတင်ပေးပါရန် ပြောကြားလိုပါသည်။ ဆက်စပ်မေးခွန်းအနေဖြင့် သက်ဆိုင်ရာ မိမိမေးခွန်းမှာ ဓါတ်သတ္တုခွန် အပြည့်အဝ ရရှိရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာအချင်းချင်း စာရင်းဇယားများကို တိုက်ရိုက် စစ်ဆေးပါမှ ရမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ပြီး စာရင်းဇယားများ တိုက်ရိုက်စစ်ဆေး၍ စိစစ်ဖော် ထုတ်သွားရန် အစီအစဉ် ရှိ/မရှိကို ထပ်ဆင့် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၏ ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ သယံဇာတ၊ သစ်တောနှင့် သဘာဝပန်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန ဝန်ကြီးမှ ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]။** ။ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်၏ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်း ဆောင်ရွက်ပြီး ဓါတ်သတ္တုခွန် ရရှိရေးအတွက် စာရင်းဇယားများ တိုက်ဆိုင်စစ်ဆေးပြီး စိစစ်ဖော်ထုတ် သွားရန် အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး မိမိရှေ့တွင် တင်ပြသွားသကဲ့သို့ လိုင်စင် မရှိသူက များပါကြောင်း၊ သို့ပါ၍ ပြန်လည်စိစစ်ပြီး ဌာနဆိုင်ရာများ ပူးပေါင်း၍ ဓါတ်သတ္တုခွန် ရရှိရေး တွန်းအားပေးဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ပဲခူးတိုင်းဒေသကြီးအတွင်း မကြာမီပူပြင်းသော ရာသီဥတုအခြေအနေကြောင့် ရေရှားပါး ပြတ်လပ်ခြင်း၊ ရေခမ်းခြောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အစိုးရအဖွဲ့မှ အစီအစဉ်ချမှတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်မှစ၍ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“နွေရာသီလူငယ်သင်တန်းများ၊ ကျောင်းအလိုက်/မြို့နယ်အလိုက် မဖြစ်မနေ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မရှိလျှင် ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက် အကောင်အထည်ဖော်ပေးရန်ကိစ္စ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အတွက် ကျေးရွာအလိုက်၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ တိုင်းဒေသကြီးအလိုက် ဆောင်ရွက်ခဲ့သော အခြေအနေများနှင့် ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ရှိပါက ဆောင်ရွက်မည့် အစီအစဉ်များကို သိရှိလိုပါကြောင်း ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း ပန်းတောင်းမြို့နယ်အပါအဝင် မြို့နယ်တော်တော်များများတွင် မကြာမီပူပြင်းသော ရာသီနွေဥတု ရောက်ရှိလာချိန်တွင် ရေရှားပါးပြတ်လပ်ခြင်း၊ ရေခမ်းခြောက်ခြင်း၊ သောက်သုံးရေမရှိသည်အထိ ဖြစ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့ရပါသည်။

သို့ပါ၍ အစိုးရအဖွဲ့မှ ထိုကဲ့သို့သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အစီအစဉ် ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်မှစ၍ မည်သို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ယခုအခါ အခြေခံပညာကျောင်းများမှ အတန်းအားလုံး ၂၀၁၇ ခုနှစ်၊ မတ်လ(၃၁)ရက်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကုန်ဆုံးတော့မှာ ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်၊ ဧပြီလ(၁၈)ရက်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ သူငယ်တန်းမှ န၀မတန်းအထိ အတန်းများ၏ အောင်စာရင်းများကို ထုတ်ပြန်ကြေညာတော့မည်ဖြစ်ပါသည်။ အခြေခံပညာအထက်တန်းစာမေးပွဲအောင်စာရင်းတွင် ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်ကြေညာမှာ ဖြစ်ပါသည်။

နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား/သူများ လွတ်လပ်ပျော်ရွှင်စွာဖြင့် သင်ယူနိုင်သော လူငယ်အကျိုးပြုသင်တန်းများ ဖွင့်လှစ်ပေးကြရမည်ဖြစ်ပါသည်။ ပညာရေး လုပ်ငန်းပြက္ခဒိန်တွင်လည်း ပါဝင်ပြီးဖြစ်ပါသည်။ လူငယ်များကို အကျိုးပြုနိုင်သည့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း၊ ယဉ်ကျေးလိမ္မာသင်တန်း၊ ကျောင်းကြက်ခြေနီသင်တန်း၊ ဘင်ခရာသင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ English Speaking သင်တန်း၊ English Grammar သင်တန်း၊ ကွန်ပျူတာသင်တန်း၊ ကင်းထောက်သင်တန်း၊ အားကစားနည်းသင်တန်း၊ အလိုက်သင်တန်းများစသဖြင့် သင်တန်းများစွာ ဖွင့်လှစ် သင်ကြားပေးရပါမည်။ အခြေခံပညာကျောင်းတိုင်းက ဖွင့်လှစ်ရပါမည်။ တက္ကသိုလ်/ကောလိပ် ကျောင်းသား /သူများကိုလည်း ဖွင့်လှစ်သင်ကြားပေးရပါမည်။

နွေရာသီလူငယ်သင်တန်းများ၊ ကျောင်းအလိုက်/မြို့နယ်အလိုက် မဖြစ်မနေဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိလျှင် ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်နိုင်ရေး စီမံချက် ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် မေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မှာ တစ်ပြည်လုံး အတိုင်းအတာအဖြစ် တိုင်း/ပြည်နယ်အဆင့်တွင် အဆင့်(၅) ရရှိခဲ့ပါသည်။ မွန် ၃၉. ၃၇%(ပထမ)၊ မန္တလေး တိုင်း ၃၅. ၅%(ဒုတိယ)၊ ရန်ကုန် ၃၃. ၂၁(တတိယ)၊ စစ်ကိုင်း ၃၃. ၀၇%(စတုတ္ထ)၊ ပဲခူး ၃၁. ၁၈%(ပဉ္စမ)၊

တိုင်းဒေသကြီး/ပြည်နယ်ပညာရေးအခြေအနေကို တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားမှုအပေါ် အခြေခံ၍ ပညာရေးကောင်း/မကောင်းကို သုံးသပ်နေဆဲဖြစ်ပါသည်။

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာန စာဖြေသူအခြေအနေ၊ စာမေးပွဲကျင်းပ ပြီးစီးမှုအခြေအနေကို သိရှိလိုပါသည်။ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ကျေးရွာအလိုက်၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ တိုင်းဒေသကြီးအလိုက် ဆောင်ရွက်ခဲ့သော အခြေအနေများကိုလည်း သိရှိလိုပါသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မည်သို့စီစဉ် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက ဆောင်ရွက်မည့်အစီအစဉ်များကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးတိုင်းဒေသကြီးအတွင်း မကြာမီပူပြင်းသော ရာသီဥတု အခြေအနေကြောင့် ရေရှားပါးပြတ်လပ်ခြင်း၊ ရေခမ်းခြောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ အစိုးရအဖွဲ့မှ အစီအစဉ်ချမှတ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်မှစ၍ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်း ပန်းတောင်းမြို့နယ်အပါအဝင် မြို့နယ်တော်တော်များများတွင် မကြာမီ ပူပြင်းသော ရာသီနွေဥတု ရောက်ရှိလာချိန်တွင် ရေရှားပါးပြတ်လပ်ခြင်း၊ ခမ်းခြောက်ခြင်း၊ သောက်သုံးရေ မရှိသည်အထိဖြစ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ကြုံတွေ့ရမှုအပေါ် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ နွေရာသီ ရေရှားပါးပြတ်လပ်ခြင်း၊ ခမ်းခြောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည့်အစီအမံများအား စီမံချက်ရေးဆွဲ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“နွေရာသီလူငယ်သင်တန်းများ၊ ကျောင်းအလိုက်/မြို့နယ်အလိုက် မဖြစ်မနေ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မရှိလျှင် ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက် အကောင်အထည် ဖော်ပေးရန်ကိစ္စ”** နှင့် စပ်လျဉ်း၍ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား/သူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ အင်္ဂလိပ် စကားပြောသင်တန်းများ၊ အားကစားသင်တန်းများ၊ ဘာသာရပ်အထောက်အကူပြုသင်တန်းများ အစရှိသဖြင့် သင်တန်းများဖွင့်လှစ်ပေးရန် စီမံချက်များ ရေးဆွဲစေ၍ ဆောင်ရွက်လျှက်ရှိပါကြောင်းနှင့် အချို့မြို့နယ်များတွင်လည်း စီမံချက်အတိုင်း စတင်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ကျေးရွာအလိုက်၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ တိုင်းဒေသကြီးအလိုက် ဆောင်ရွက်ခဲ့သောအခြေအနေ များနှင့် ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ရှိပါက ဆောင်ရွက်မည့် အစီအစဉ်များကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆရာ/ဆရာမများ စုပေါင်းတွေ့ဆုံပြီး ဘာသာရပ်ဆိုင်ရာများ တိုးတက်ရေးအတွက် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ တက္ကသိုလ်မှဆရာ/ဆရာမများ ပူးပေါင်းပါဝင်ပြီး သင်ကြားသူ ဆရာ/ဆရာမများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် သင်တန်းများဖြင့် ဆွေးနွေးသင်ကြားပေးခြင်း၊ ခရိုင်၊ မြို့နယ်ကျောင်းအလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စီမံချက်များ ရေးဆွဲစေလျက် စီမံချက်ပါအတိုင်း ဆောင်ရွက်စေခြင်း ကျောင်းသား/သူများ၏ ပညာရေးတိုးတက်မှုများကို လစဉ်စစ်ဆေးခြင်းများ၊ အချိန်ပိုဖြည့်ဆည်းသင်ကြားပေးခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါ သည်။

၂၀၁၈ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက်လည်း စဉ်ဆက်မပြတ် ဆွေးနွေးပွဲများ၊ သင်တန်းများပြုလုပ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဥက္ကဋ္ဌကြီးရှင့်။ မေးခွန်း(၃) ခုလုံးကိုဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ပထမမေးခွန်းတွင် သက်ဆိုင်ရာဝန်ကြီးမှ ပြန်လည်ဖြေကြားသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးအဖွဲ့၏ ကွပ်ကဲမှုအောက်တွင်ရှိသည့် မြို့နယ်(၂၈)မြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့မှ လုပ်ဆောင်ရမည့်နယ်ပယ်မှာ မြို့ပေါ်ရပ်ကွက်နှင့် မြို့ပေါ်နှင့်ဆက်စပ်သည့်ဒေသများ၊ မြို့ပေါ်ဖွံ့ဖြိုးတိုးတက်သည့် ဒေသများနှင့် သက်ဆိုင်ပါသည်။ စည်ပင်သာယာရေးအဖွဲ့မှကွပ်ကဲပြီး ဆောင်ရွက်မည်ဆိုလျှင် စည်ပင်သာယာရေးနယ်နိမိတ်၏ အပြင်ဘက်မှာရှိသည့် ကျေးရွာအုပ်စုများကို လုပ်ဆောင်ပေးမည်လား၊ စည်ပင်မှ မလုပ်ဆောင်ပေးပါက မည်သည့်ဌာနနှင့် ဆက်စပ်ပြီး အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းအပ်ပါသည်။

ဒုတိယမေးခွန်းအနေဖြင့် မိမိမေးထားသည့် မေးခွန်းထဲတွင် သင်တန်းများစွာရှိပါသည်။ ဝန်ကြီးဖြေကြားရာတွင် မပါဝင်သည့် ကျောင်းကြက်ခြေနီသင်တန်း၊ ဘင်ခရာသင်တန်း၊ ဆိုကရေးတီးသင်တန်း၊ အိမ်တွင်းမှုသင်တန်းများကို သင်တန်းပေးမည့် သင်တန်းများထဲတွင် မရှိပါကြောင်း၊ ၎င်းသင်တန်းများအား သင်တန်းပေးရန် အစီအစဉ် ရှိပါသလား၊ ရှိသည်ဆိုပါက မြို့နယ်များတွင် မည်သည့်အချိန်တွင် မည်သည့်အစီအစဉ်ဖြင့် စီမံချက်ရေးဆွဲပြီး စတင်ဆောင်ရွက်နေသည်ဟု ဖြေကြားသည့်အတွက် စီမံချက်လုပ်ဆောင်ထားသည့် အချက်များကို လွှတ်တော်ကိုယ်စားလှယ်အားလုံးအား ဖြန့်ဝေပေးနိုင်ပါသလား၊ လွှတ်တော်ကိုယ်စားလှယ်များက နယ်မြေဒေသများသို့ ကွင်းဆင်းသည့်အခါ ကျောင်းသားမိဘများကို ၎င်းသင်တန်းများသို့ တက်ရန်တိုက်တွန်းဖို့ လွှတ်တော်ကိုယ်စားလှယ် အားလုံးအား ရေးဆွဲထားသည့် စီမံချက်ကို ပေးနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းအပ်ပါသည်။

တတိယမေးခွန်းနေဖြင့် ၂၀၁၇ခုနှစ် နှစ်စမှနေ၍ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုပြီးသည်အထိ စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ခဲ့သည်ဟု ဖြေဆိုထားပါသည်။ ၎င်းကဲ့သို့ ဖြေဆိုထားပါ၍ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်မှုများသည် ယခင်နှစ်က ၃၁.၁၈%နှင့် ပဉ္စမရရှိခဲ့ပြီး အဆင့်မှနေ၍ တိုးတက်လာနိုင်ဖွယ်ရှိ/မရှိကို ဆက်စပ်မေးခွန်းနေဖြင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့နှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းများအား တစ်ခုချင်းစီကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။မိမိတင်ပြခဲ့သည်မှာ စည်ပင်သာယာ၏ ကွပ်ကဲမှုအောက်တွင်ရှိသည့် မြို့နယ်များတွင် မြို့နယ်အတွင်းကို ဆိုလိုသလားနှင့် ပတ်သက်၍ ကျေးရွာများတွင် စည်ပင်သာယာရေးနှင့် မသက်ဆိုင်သော်လည်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပေါင်းစပ်ပြီး ရေရှားပါးသည့် ပြဿနာကို ဖြေရှင်းဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ဆက်စပ်မေးခွန်း(၂)နှင့် ပတ်သက်၍ နွေရာသီတွင် အခြားသင်တန်းများဖြစ်သည့် ဘင်ခရာ၊ ကြက်ခြေနီ သင်တန်းတို့သည် ဖြေကြားသည့်အထဲတွင် မပါဝင်ခဲ့သော်လည်း ဘင်ခရာနှင့် ကြက်ခြေနီသင်တန်းများကို ပို့ချရန်ညွှန်ကြားထားပါသည်။ ဘင်ခရာသင်တန်းပို့ချရန်အတွက် ငွေကုန်ကြေးကျရှိပါသည်။ ခရိုင်မြို့များတွင် ဘင်ခရာတပ်ဖွဲ့များရှိစေချင်၍ သာယာဝတီခရိုင်နှင့် တွေ့ဆုံပြီး ဆွေးနွေးရာတွင် ဘင်ခရာသင်တန်း ဖွင့်လှစ်ရန်အတွက် ပလွေနှင့် ဘင်တို့ကို ဝယ်မည်ဆိုပါက အနည်းဆုံး (၂၅)သိန်းခန့် ကုန်မည်ဖြစ်ပါသည်။ ကျောင်းသား/ကျောင်းသူ (၅၀)ဦးခန့်ကို ဝတ်စုံဆင်ရန်အတွက် သာယာဝတီမြို့တွင် စီစဉ်နေပါသည်။ အခြားခရိုင်များတွင်လည်း ငွေကြေးအကုန်အကျခံပြီး လုပ်ဆောင်ပေးနိုင်ခြင်း ရှိ/မရှိကို မေးမြန်းပြီး ဆက်လက်တင်ပြပေးမည် ဖြစ်ပါသည်။ ကြက်ခြေနီသင်တန်းကိုလည်း ကျန်းမာရေးဌာနနှင့် ပူးပေါင်းပြီး ဘင်ခရာသင်တန်းနည်းကိုယူပြီး ကြက်ခြေနီသင်တန်းကို အချိန်ပိုင်းပို့ချရန် ဆောင်ရွက်ထားရှိပါသည်။

ဆက်စပ်မေးခွန်း(၃)နှင့် ပတ်သက်၍ ၂၀၁၆ခုနှစ်တွင် ၃၁. ၁၈%ရှိပြီး ၂၀၁၇ခုနှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်သည် ပြီးခဲ့သည့်နှစ်ထက် အောင်ချက်ကောင်းရန်အလားအလာများစွာ ရှိပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲစစ်ချိန်တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၄)ခရိုင်ရှိ ကျောင်းများသို့ လှည့်လည်သွားရောက်လေ့လာကြည့်ရှုရာတွင် မြန်မာစာ စဖြေသည့်နေ့မှစ၍ နောက်ဆုံးနေ့အထိ ကျောင်းသားများမှာ ပျက်ကွက်ခြင်းမရှိ ဆက်တိုက်ဖြေနိုင်သည့် အနေအထားရှိပါ၍ ပဲခူးတိုင်းဒေသကြီးတွင် လာမည့်နှစ်၌ မိမိတို့ဆောင်ရွက်ခဲ့သည့် အောင်ချက်မြင့်မားရေးမှာ အောင်မြင်မည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီ ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။(ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ်၊ ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းသော အစီရင်ခံစာ

**နိဒါန်း**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီအနေဖြင့်

- တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသော ဥပဒေကြမ်း၊ အဆို ( သို့မဟုတ် ) အစီရင်ခံစာ၊ ဖြေကြားသောအဖြေများ၊ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စနစ်တကျ စိစစ်ရန်၊
- ပြည်သူလူထု၏ အကျိုးအတွက် အစိုးရအဖွဲ့မှ သတ်မှတ်ကာလအတွင်း ဆောင်ရွက် ပြီးစီးခြင်း ရှိ၊ မရှိမူလသတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ၊ မရှိနှင့် မည်သည့် အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း ထိရောက်မှန်ကန်စွာ စစ်ဆေးနိုင်ပါရန်၊
- အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲ တိုးတက်မှုများအား ကော်မတီမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် စိစစ်ပြီး အပြုသဘောဆောင်သော စောင့်ကြည့် ထိန်းညှိမှုဖြင့် ပြည်သူ့အတွက် အရေးကြီးလုပ်ငန်းစဉ်များ ကျန်ရှိမှုမရှိစေရေး၊ ထပ်မံဆောင်ရွက်ရန် ကျန်ရှိသော ဆောင်ရွက် သင့်သော လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော် စီမံဆောင်ရွက်ရေး စိစစ်သွားရန်၊

စသည့် အရေးကြီးသော တာဝန်ဝတ္တရားများ ဖော်ဆောင်ရန်အတွက် အောက်ပါအစီရင်ခံစာကို ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ဒုတိယအကြိမ်၊ ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်ပြအစီရင်ခံအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည့် ကတိကဝတ် အာမခံ ချက်များ စိစစ်ရေးကော်မတီကို ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၆၇ အပုဒ်(က) (ခ) (ဂ) အရ လည်းကောင်း၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) အရ လည်းကောင်း၊ ၂၀၁၆ ခုနှစ် မတ်လ(၃၀) ရက်နေ့တွင် လွှတ်တော်အဆို တင်သွင်းပြီး (၁. ၄. ၂၀၁၆) ရက်စွဲပါ အမိန့်ကြေငြာစာအမှတ် (၅/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းခဲ့သဖြင့် ၂၀၁၇ခုနှစ် မတ်လ (၃၀)ရက်နေ့တွင် (၁) နှစ်တိတိပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ သို့ပါ၍ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာအား တင်သွင်းအပ်ပါသည်။ ကော်မတီအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၁)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၂)ဦး၊ စုစုပေါင်း (၁၃)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ကော်မတီတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးတင်မျိုးနောင်အစား ဗိုလ်မှူးလှမိုးသိန်းအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကြေငြာချက်အမှတ်(၂၈/၂၀၁၆) အရ အစားထိုး ပြင်ဆင်ဖွဲ့စည်းခဲ့သဖြင့် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီအား (၂၁. ၁၂. ၂၀၁၆)ရက်စွဲပါ အမိန့်ကြေငြာစာအမှတ်(၁၆/၂၀၁၆)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ကော်မတီဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| - | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| - | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဇော်မင်းဦး(ခ) | | |
| | ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်ကြီးနိုင်အောင်ခင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အတွင်းရေးမှူး |

တို့ ဖြစ်ကြပါသည်။

**ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် တာဝန်ယူခြင်း**

(၁၁)ကြိမ်မြောက် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ပထမနေ့ကို ၁၀. ၁၀. ၂၀၁၇ နေ့လည် (၁) နာရီ

ဒုတိယနေ့ကို ၁၁. ၁၀. ၂၀၁၇ နံနက် (၁၀) နာရီ

တတိယနေ့ကို၁၆. ၁. ၂၀၁၇ နေ့လည်(၁) နာရီ

စတုတ္ထနေ့ကို ၁၇. ၁. ၂၀၁၇ နံနက် (၁၀) နာရီ

(၁၂)ကြိမ်မြောက် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ကို ၂၁. ၂. ၂၀၁၇ နံနက် (၁၀) နာရီ

အစည်းအဝေး (၁၂)ကြိမ် ရက်ပေါင်း (၂၃) ရက် ဆွေးနွေးပွဲ(၂)ရက်တို့ဖြင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရေးရာ ကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်

အာမခံချက်များ စိစစ်ရေးကော်မတီနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီတို့ ပူးပေါင်းပြုလုပ်သည့် လုပ်ငန်းညှိနှိုင်း ပူးပေါင်းအစည်းအဝေး အမှတ်စဉ် (၁)/၂၀၁၆

ပထမနေ့ကို ၂၇. ၁၀. ၂၀၁၆ နံနက် ၁၀ နာရီ

ဒုတိယနေ့ကို ၂၈. ၁၀. ၂၀၁၆ နံနက် ၁၀ နာရီ တို့တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီခန်းမ၌ ကျင်းပခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေး ကော်မတီသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၁၅

ပဲခူးတိုင်းဒေသကြီး လွှတ်တော် အမိန့်ကြော်ငြာစာ အမှတ် ၇/၂၀၁၅

ပဲခူးတိုင်းဒေသကြီး လွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက် ၇/၂၀၁၅ နှင့် ၈/၂၀၁၆ တို့အရ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုပ်ငန်းများကို ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ပြီးစီးကြောင်း အကြောင်းပြန်ကြားမှုသာ ကတိကဝတ်ကော်မတီမှ ပယ်ဖျက်နိုင်မည် ဖြစ်သဖြင့် အစိုးရအဖွဲ့မှ အချိန်နှင့်တစ်ပြေးညီ အထောက်အထား ခိုင်လုံစွာဖြင့် လစဉ်အကြောင်းပြန်ကြားပေးပါရန် လိုအပ်သည့် ကြားနာခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သည့် မေးမြန်းဆွေးနွေးမှုအား

- နိုဝင်ဘာ (၈) ရက်နေ့ နံနက် (၁၀) နာရီတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့် စီမံခန့်ခွဲမှုဌာန အကြီးအကဲများ၊
- နိုဝင်ဘာ (၉) ရက်နေ့ နံနက် (၁၀) နာရီတွင် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီး အဆင့် စီမံခန့်ခွဲမှုဌာန အကြီးအကဲများ၊
- နိုဝင်ဘာ (၁၀) ရက်နေ့ နံနက် (၁၀) နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တိုင်းဒေသကြီး အဆင့် စီမံခန့်ခွဲမှုဌာန အကြီးအကဲများ၊
- နိုဝင်ဘာ (၁၁) ရက်နေ့ နံနက် (၁၀) နာရီတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး အဆင့် စီမံခန့်ခွဲမှုဌာန အကြီးအကဲများ၊
- နိုဝင်ဘာ (၁၁) ရက်နေ့ နေ့လည် (၁) နာရီတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးနှင့် တိုင်းဒေသကြီးအဆင့် စီမံခန့်ခွဲမှုဌာန အကြီးအကဲများတို့နှင့် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ရေးရာကော်မတီ ခန်းမတွင် ပြုလုပ်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယနှင့် တတိယပုံမှန် အစည်းအဝေးများတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် ကတိကဝတ်ပြုထားသည့် လုပ်ငန်းများ၏ ဆောင်ရွက်ဆဲနှင့် ကတိကဝတ် ပယ်ဖျက် ပေးပါရန် လွှတ်တော်သို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၁. ၁၂. ၂၀၁၆) ရက်စွဲပါ စာအမှတ် (၅/၃-၃/ဦး၇ ဖြင့် ပြန်လည်ပေးပို့ခဲ့ပါသည်။

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် ဖြစ်ပေါ်ခဲ့သော ကတိကဝတ်လုပ်ငန်းများနှင့် ပတ်သတ်၍ ဆောင်ရွက်ဆဲ ကြယ်ပွင့်ပြ (၁၀)ခု၊ ကြယ်ပွင့်မပြ (၁၈)ခု၊ ပေါင်း (၂၈)ခု၊

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် ဖြစ်ပေါ်ခဲ့သော ကတိကဝတ်လုပ်ငန်းများနှင့် ပတ်သတ်၍ ဆောင်ရွက်ဆဲ ကြယ်ပွင့်ပြ (၄၆)ခု၊ ကြယ်ပွင့်မပြ (၃၀)ခု၊ ပေါင်း (၇၆)ခု၊
- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် ဖြစ်ပေါ်ခဲ့သော ကတိကဝတ်လုပ်ငန်းများနှင့် ပတ်သတ်၍ ပယ်ဖျက်ပေးရန် ကြယ်ပွင့်ပြ (၃၀)ခု၊ ကြယ်ပွင့်မပြ (၄၁)ခု၊ ပေါင်း (၇၁)ခု၊
- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် ဖြစ်ပေါ်ခဲ့သော ကတိကဝတ်လုပ်ငန်းများနှင့် ပတ်သတ်၍ ပယ်ဖျက်ပေးရန် ကြယ်ပွင့်ပြ (၆၉)ခု၊ ကြယ်ပွင့်မပြ (၆၂)ခု၊ ပေါင်း (၁၃၁)ခု ကိုပေးပို့ခဲ့သော်လည်း ကော်မတီမှ ဒေသခံ တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထား ရယူလိုပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကတိကဝတ်ပြုထားသော လုပ်ငန်းများ၏ ဆောင်ရွက်ဆဲနှင့် ကတိကဝတ်မှ ပယ်ဖျက်ပေးပါရန် အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို (၁. ၂. ၂၀၁၇)နေ့ နံနက်(၁၀)နာရီတွင် လည်းကောင်း၊ ညှိနှိုင်းအစည်းအဝေး ပထမနေ့ကို (၂၀. ၂. ၂၀၁၇) နံနက်(၁၀)နာရီ နှင့် ဒုတိယနေ့ကို (၂၁. ၂. ၂၀၁၇) နံနက်(၁၀)နာရီ တွင်ကျင်းပ ပြုလုပ်ခဲ့ပါသည်။

**ကော်မတီမှ လုပ်ငန်းအဖွဲ့ (၃)ဖွဲ့ ဖွဲ့စည်းခဲ့ပြီး**

- မေးခွန်း၊ အဆိုများနှင့် ၎င်းတို့နှင့် ပတ်သက်သော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းများမှ ပေးအပ်သော ကတိကဝတ်များ လေ့လာစောင့်ကြည့်ရေး လုပ်ငန်း အဖွဲ့ဖွဲ့စည်းခဲ့ပြီး အဖွဲ့တွင် ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များအားလုံး တာဝန်ယူ ဆောင်ရွက်ကြပါသည်။
- ကတိကဝတ် ပြုခဲ့သော မေးခွန်းများ၊ အဆို အချေများနှင့် ကတိကဝတ်နှင့် သက်ဆိုင်သော လက်ကျန်လုပ်ငန်းများ စိစစ်ရေးလုပ်ငန်း အဖွဲ့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ကိုယ်စားလှယ် များနှင့် ထိတွေ့ဆွေးနွေးခြင်း၊ လိုအပ်သည့် အကြံဉာဏ်များ ရယူခြင်းနှင့် တွန်းအားပေး ဆောင်ရွက်ခြင်းတို့အတွက် ပဲခူးတိုင်းဒေသကြီး(၄) ခရိုင်အလိုက် ဇုန်နယ်များသတ်မှတ်၍ အဖွဲ့ (၄) ဖွဲ့ခွဲ တာဝန်ယူကြပါသည်။
- လုပ်ငန်းများ ကွင်းဆင်းစိစစ်ရေးအဖွဲ့အတွက် ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီ အဖွဲ့ဝင်အားလုံး တာဝန်ယူ ဆောင်ရွက်ကြပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပခဲ့ ပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို (၁၂. ၅. ၂၀၁၆) မှ (၁၇. ၅. ၂၀၁၆) အထိ စုစုပေါင်း (၄)ရက် ကျင်းပခဲ့ပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို (၁၁. ၇. ၂၀၁၆) မှ (၁၃. ၇. ၂၀၁၆) အထိ စုစုပေါင်း (၅)ရက် ကျင်းပခဲ့ပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို (၃. ၁၀. ၂၀၁၆) မှ (၆. ၁၀. ၂၀၁၆) အထိ စုစုပေါင်း (၄)ရက် ကျင်းပခဲ့ပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကို (၁၂. ၁၂. ၂၀၁၆) မှ (၆. ၁. ၂၀၁၇) အထိ စုစုပေါင်း (၉)ရက် ကျင်းပခဲ့ပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် အဆိုများနှင့် ကြယ်ပွင့် ပြ/မပြ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှု အခြေအနေများကို တင်ပြအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တင်သွင်းအောင်မြင်ခဲ့သည့် အဆိုများ

ဒုတိယပုံမှန်အစည်းအဝေးတွင် အဆို (၄)ခု

တတိယပုံမှန်အစည်းအဝေးတွင် အဆို (၁)ခု

စတုတ္ထပုံမှန်အစည်းအဝေးတွင် အဆို (၁)ခု

ပဉ္စမပုံမှန်အစည်းအဝေးတွင် အဆို (၃)ခု တို့အား တင်သွင်းခဲ့ပြီး

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ကတိကဝတ်ပြုခဲ့သော ကြယ်ပွင့်ပြ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှုများ

- ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန (၁၀)ခု
- ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (၁၁၆)ခု
- ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (၁)ခု
- ပဲခူးတိုင်းဒေသကြီးစက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန (၃၇)ခု
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန (၁၁၅)ခု
- ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (၄)ခု
- ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ (၁)ခု
- ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (၂)ခု

စုစုပေါင်းကြယ်ပွင့်ပြမေးခွန်း (၂၉၄)ခု

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ကတိကဝတ်ပြုခဲ့သော ကြယ်ပွင့်မပြ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှုများ-

- ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန (၂၁)ခု
- ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (၈၆)ခု
- ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (၃)ခု
- ပဲခူးတိုင်းဒေသကြီးစက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန(၂၃)ခု
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန (၉၉)ခု

- ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (၁)ခု
- ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် (၁)ခု
- ပဲခူးတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (၂)ခု

စုစုပေါင်းကြယ်ပွင့်မပြမေးခွန်း (၂၃၆)ခု

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ကတိကဝတ်ပြုခဲ့သော ကြယ်ပွင့်ပြ/ မပြ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှု ရာခိုင်နှုန်း

ဒုတိယပုံမှန်အစည်းအဝေးကြယ်ပွင့်ပြမေးခွန်းပေါင်း (၅၅)ခု

ကတိကဝတ်ပြု (၄၀)ခု (၇၂. ၇၃%) ကတိကဝတ်မပြု (၁၅)ခု (၂၇. ၂၇%)

ဒုတိယပုံမှန်အစည်းအဝေး ကြယ်ပွင့်မပြ မေးခွန်းပေါင်း (၇၉)ခု

ကတိကဝတ်ပြု (၅၉)ခု (၇၄. ၆၈%) ကတိကဝတ်မပြု (၂၀)ခု (၂၅. ၃၂%)

တတိယပုံမှန်အစည်းအဝေးကြယ်ပွင့်ပြမေးခွန်းပေါင်း (၁၃၀)ခု

ကတိကဝတ်ပြု (၁၁၅)ခု (၈၈. ၄၆%)ကတိကဝတ်မပြု(၁၅)ခု (၁၁. ၅၄%)

တတိယပုံမှန်အစည်းအဝေး ကြယ်ပွင့်မပြ မေးခွန်းပေါင်း (၁၀၉)ခု

ကတိကဝတ်ပြု (၉၂)ခု (၈၄. ၄၀%) ကတိကဝတ်မပြု (၁၇)ခု (၁၅. ၆၀%)

စတုတ္ထပုံမှန်အစည်းအဝေး ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၁၂၄)ခု

ကတိကဝတ်ပြု (၉၃)ခု (၇၅%) ကတိကဝတ်မပြု (၃၁)ခု (၂၅%)

စတုတ္ထပုံမှန်အစည်းအဝေး ကြယ်ပွင့်မပြ မေးခွန်းပေါင်း (၁၁၇)ခု

ကတိကဝတ်ပြု(၆၈)ခု (၅၈. ၁၂%) ကတိကဝတ်မပြု (၄၉)ခု (၄၁. ၈၈%)

ပဉ္စမပုံမှန်အစည်းအဝေး ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၈၀)ခု

ကတိကဝတ်ပြု (၄၆)ခု (၅၇. ၅%) ကတိကဝတ်မပြု (၃၄)ခု (၄၂. ၅%)

ပဉ္စမပုံမှန်အစည်းအဝေး ကြယ်ပွင့်မပြ မေးခွန်းပေါင်း (၄၃)ခု

ကတိကဝတ်ပြု (၁၇)ခု (၃၉. ၅၃%) ကတိကဝတ်မပြု (၂၆)ခု (၆၀. ၄၆%)

ကော်မတီ၏ သုံးသပ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ပထမသက်တမ်း တစ်နှစ်တွင် လွှတ်တော်ကော်မတီ အသီးသီးသည် အတွေ့အကြုံနှင့် သက်တမ်းနုနယ်သေးသော်လည်း လုပ်ငန်းဆောင်ရွက်မှုများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာန အသီးသီးကို ပီပြင်စွာ ထိန်းကြောင်းနိုင်စွမ်းရှိကြောင်းကို ဝမ်းသာဂုဏ်ယူဖွယ် တွေ့ရှိရပါသည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သော ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ ပြည်သူအမှန်တကယ် လိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးဌာနအလိုက် ဖြေကြားရာတွင် ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန် အစည်းအဝေးများတွင် အားရဖွယ် ရာခိုင်နှုန်းများ တွေ့ရှိရသော်လည်း (ဥပမာ-တတိယပုံမှန် အစည်းအဝေး၏ ကြယ်ပွင့်ပြမေးခွန်း (၈၈. ၄၆ ရာခိုင်နှုန်းအား

ကတိကဝတ်ပြုနိုင်ခဲ့သော်လည်း) ပဉ္စမပုံမှန် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သော မေးခွန်းများ ဖြေကြားရာတွင် ကတိကဝတ်ပြုနိုင်မှု ရာခိုင်နှုန်း လွန်စွာကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ (ဥပမာ-ပဉ္စမပုံမှန် အစည်းအဝေး၏ ကြယ်ပွင့်ပြမေးခွန်း (၃၉. ၅၃ ရာခိုင်နှုန်းသာ ကတိကဝတ် ပြုနိုင်ခဲ့ခြင်း)

- လွှတ်တော်တွင် ကတိကဝတ်ပြုပြီးသော လုပ်ငန်းများအား လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကတိကဝတ်ပြုထားသော လုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုနှင့် ညှိနှိုင်း၍ နှစ်အလိုက် ဦးစားပေးဆောင်ရွက်ရမည် ဖြစ်သော်လည်း သတ်မှတ်ဘတ်ဂျက်နှစ် (ဥပမာ-၂၀၁၆-၂၀၁၇ ဘတ်ဂျတ်တွင် မပါနိုင်ရုံမျှဖြင့် ကတိကဝတ် စာရင်းမှ ပယ်ဖျက်ပေးပါရန် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတစ်ခု၏ ဝန်ကြီးဌာနမှ ပြန်ကြားလာသည်ကို တွေ့ရှိရပါသည်။) သို့ပါ၍ အဆိုပါ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအား လွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီမှ တိုင်းဒေသကြီး လွှတ်တော်၏ ကိုယ်စား တွေ့ဆုံ၊ ကြားနာ၊ ညှိနှိုင်း ဆောင်ရွက်သွားပါမည်။
- တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကတိကဝတ်ပြုခဲ့သော အချို့သော အဆို၊ မေးခွန်းများသည် ပြည်သူ့အကျိုးအတွက် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်နေပါ၍ ကတိကဝတ်မှ မပယ်ဖျက်နိုင်ကြောင်း ကော်မတီမှ လွှတ်တော်သို့ တင်ပြရပါသည်။ ဥပမာ- ၂၀၁၆ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အမှုပေါင်း အဘယ်မျှ ဖမ်းဆီး အရေးယူပြီးဖြစ်သဖြင့် ကတိကဝတ်စာရင်းမှ ပယ်ဖျက်ပေးနိုင်ပါရန်ဟု တင်ပြအကြောင်းပြန်ကြားခဲ့ခြင်းအပေါ် ကော်မတီမှ ပယ်ဖျက်ခြင်း မပြုနိုင်ခဲ့ပါ။
- တိုင်းဒေသကြီးလွှတ်တော်သို့ ကတိကဝတ်ပြုခဲ့သော အဆိုများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အချိန်နှင့် တစ်ပြေးညီ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်း အကောင်အထည်ဖော်မှုအခြေအနေအား အစိုးရအဖွဲ့မှ အကြောင်းပြန်ကြားနိုင်ပါမှ ကော်မတီမှ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဆောင်ရွက်သွားပါမည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထနှင့် ပဉ္စမပုံမှန်အစည်းအဝေးတွင် ကတိကဝတ်ပြုခဲ့သော အဆို၊ မေးခွန်းများ လုပ်ငန်းအကောင်အထည်ဖော်မှုအား ပြည်သူများသိရှိနိုင်ပါရန်၊ ကြားနာခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သည့် မေးမြန်းဆွေးနွေးမှု ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဒုတိယပုံမှန်နှင့် တတိယပုံမှန် အစည်းအဝေးများ၏ ဆောင်ရွက်ဆဲနှင့်ကတိကဝတ်မှ ပယ်ဖျက်နိုင်သည့် လုပ်ငန်းများအားလည်း တစ်ပါတည်း မေးမြန်းဆွေးနွေးမည် ဖြစ်ပါသည်။

**နိဂုံး**

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲ တိုးတက်မှုများအား ပြသနိုင်ရန်နှင့် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ တိုင်းဒေသကြီးအစိုးရ ကတိကဝတ် အာမခံချက်များ စိစစ်ရေးကော်မတီမှ စနစ်တကျ ကဏ္ဍအလိုက် စိစစ်ဆောင်ရွက်လျှက်ရှိပါသည်။

ပြည်သူ့ကိုယ်စားလှယ်များမှ ပြည်သူ့လိုလားချက်များနှင့်အညီ တင်ပြခဲ့သော အဆို၊ မေးခွန်းများကို တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများမှ ပြန်လည်ရှင်းလင်းဖြေကြား ပေးခြင်း၊ ကတိကဝတ် အကောင်အထည် ဖော်ခြင်းနှင့် ကျန်ရှိ လုပ်ငန်းများကို ကော်မတီ၏ စိစစ်ညှိနှိုင်းမှု များအရ စနစ်တကျ အကောင်အထည်ဖော်ခြင်းဖြင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်အောင် များစွာဆောင်ရွက် နိုင်မည်ဟု ကော်မတီမှ ရှုမြင်သုံးသပ်ပါသည်။

သို့ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီသည် ပြည်သူ့ဘဝကို ပြောင်းလဲပေးနိုင်မည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် အင်အားတစ်ခုအဖြစ် ပါဝင်နေမည် ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအား (၁၃း၃၀)နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နံနက်ပိုင်းကို (၁၂း၁၅)နာရီတွင် ခေတ္တ ရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်နိုင်မှု အပေါ်မူတည်၍ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် ပြောင်းလဲတာဝန်ပေးအပ်ရန် တင်ပြလာမှုအရလည်းကောင်း၊ ရေးရာကော်မတီဥက္ကဋ္ဌ (၁)ဦး ကော်မတီမှ နှုတ်ထွက်ခြင်းကြောင့်လည်းကောင်း၊ ရေးရာကော်မတီဥက္ကဋ္ဌ (၁)ဦးသည် အခြားကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းကြောင့် လည်းကောင်း၊ ကော်မတီ(၁)ခုတွင် မြို့နယ်တစ်ခုတည်းမှ ကိုယ်စားလှယ်(၂)ဦး ပါဝင်နေခြင်းကြောင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်]**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၂ အရလည်းကောင်း၊ (၂၁. ၁၂. ၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၇/၂၀၁၆ ဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ

ကော်မတီကိုလည်းကောင်း၊ (၆. ၄. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈/၂၀၁၆ ဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကိုလည်းကောင်း၊ (၂၁. ၁၂. ၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉/၂၀၁၆ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီကို လည်းကောင်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ထမ်းဆောင်နိုင်မှုအပေါ်မူတည်၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် ပြောင်းလဲတာဝန်ပေးအပ်ရန် တင်ပြလာမှုအရလည်းကောင်း၊ ရေးရာကော်မတီဥက္ကဋ္ဌ(၁)ဦး ကော်မတီမှ နုတ်ထွက်ခြင်းကြောင့် လည်းကောင်း၊ ရေးရာကော်မတီဥက္ကဋ္ဌ(၁)ဦးသည် အခြားကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းကြောင့် လည်းကောင်း၊ ကော်မတီ(၁)ခုတွင် မြို့နယ်တစ်ခုတည်းမှ ကိုယ်စားလှယ် (၂)ဦး ပါဝင်နေခြင်းကြောင့် လည်းကောင်း၊ ရေးရာကော်မတီ(၃)ခုကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကျွန်တော် ဦးကြည်ဇင်မှ လွှတ်တော်သို့ တင်သွင်းအပ်ပါသည်-

- **ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ**

| | | | |
|---|---|---|---|
| - | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးငွေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးသိန်းထူး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

- **လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| - | ဦးမောင်မောင်ဦး | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးငွေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |

- ဦးညီညီထွေး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
- ဦးဇော်နိုင်ဦး သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
- ဗိုလ်မှူးနိုင်ဝင်းဌေး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
- ဒုတိယဗိုလ်မှူးကြီးမြတ်လှိုင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
- ဦးအေးမင်းဝင်း တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အတွင်းရေးမှူး

- **ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ**
  - ဒေါ်လှလှဝင်း ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဥက္ကဋ္ဌ
  - ဒေါ်နွယ်နီဝင်း ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဦးညွှန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
  - ဦးထူးခိုင် ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဦးဌေးလွင် အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဦးကျော်ကျော်နိုင် နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဦးခင်မောင်ဝင်း ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
  - ဦးအောင်နိုင်ဦး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အဖွဲ့ဝင်
  - ဦးအုန်းသွင် ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဦးညီညီထွေး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
  - ဗိုလ်မှူးသိန်းလွင်ဦး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
  - ဦးဇော်နိုင်ဦး သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အတွင်းရေးမှူး

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ တင်ပြချက်အား တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီး လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာ စိစစ်ရေးနှင့် စီမံရေးရာ ကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီက တင်သွင်းသည့်အစီရင်ခံစာ

### နိဒါန်း

မိမိတို့အစိုးရသစ်လက်ထက်တွင် မြို့ပြ/ကျေးလက်နေပြည်သူများ၏ ဒေသဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန်၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အရည်အသွေးပြည့်မီ ကောင်းမွန်စေရေးကြပ်မတ်ရန်၊ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု နည်းပါးအောင် စောင့်ကြည့်ထိန်းကျောင်းရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ကြသော ကုမ္ပဏီများ၊ ဌာနဆိုင်ရာများမှ ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် ဒေသနေ ပြည်သူများနှင့် ခွေးထွေးပျူငှာစွာ ရင်းရင်းနှီးနှီးပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ရေး တင်ပြအပ်ပါသည်။

### ရည်ရွယ်ချက်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီဆိုသည့် ကော်မတီ၏ အမည်ပါအတိုင်း မိမိတို့ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့ပြနှင့် ကျေးလက်နေပြည်သူများ၏ ဘဝနှင့် လူနေမှုမြင့်မားလာစေရေး အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်အားပေးမည့် ဒေသတွင်း သယံဇာတ ထုတ်ယူ နေသော လုပ်ငန်းများမှ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များပေးသွင်းနိုင်ရေး တိုက်တွန်းမည်။ တစ်ချိန်တည်းတွင်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော လုပ်ငန်းများနှင့် ပတ်သက်၍ အတတ်နိုင်ဆုံး ထိခိုက်မှု လျော့ချနိုင်စေရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေး

လုပ်ငန်းများကို နိုင်ငံတော် ဘဏ္ဍာငွေ လေလွင့်မှု အနည်းဆုံးဖြစ်စေရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခကောက်ခံနိုင်ရေး၊ လူမှု သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် ကော်မတီ၏ လုပ်ငန်းတာဝန် (၁၂)ချက်အတိုင်း ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

**ကော်မတီ၏တာဝန်များ**

- ကော်မတီသည်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီ အောင်မြင်စွာပြီးမြောက်နိုင်ရေးနှင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကူညီ ဆောင်ရွက်ပေးရမည်။
- ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်မှုရှိ/မရှိအား လေ့လာစိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြစ်ကျောက်စရစ် ထုတ်လုပ်ခြင်း၊ ရွှေနှင့်အခြားသတ္တုများအား တရားမဝင်တူးဖော်ခြင်းမရှိစေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- တရားမဝင်သစ်များ ထုတ်လုပ်မှုမရှိစေရေး၊ သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် ကာကွယ်ဆောင်ရွက်ရမည်။
- တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ ပပျောက်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား လေ့လာစိစစ်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက် ရမည်။
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြား ချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် တိုင်ကြား စာများ၊ အသနားခံစာများ၊ တင်ပြချက်များကိုကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရမည်။
- ကော်မတီသည် လုပ်ငန်းနှင့် ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပတ်သက်သော သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေးကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်ရမည်။
- ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှု ဆိုင်ရာကိစ္စရပ်များ၊ ဥပဒေအရ ခံစားခွင့်ရှိသည့် ရပိုင်ခွင့်များနှင့် ပတ်သက်၍ လိုအပ်သလိုညှိနှိုင်း ပေါင်းစပ်ဆောင်ရွက် ရမည်။
- ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးက ပြောဆိုသောသို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေး ချက်များကိုသော် လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင်

ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်း တင်၍ ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း သိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ပေးပို့ရမည်။

## ဆောင်ရွက်ချက်

ကော်မတီသည် (၁. ၂. ၂၀၁၇)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အ. မ. က (ပန်းတင်-၂)၏ တိုင်ကြားစာနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာစိစစ်တွေ့ရှိချက်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာ စိစစ်ရေးနှင့် စီမံရေးရာကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ ကော်မတီအဖွဲ့ဝင်များ၊ အုတ်ဖိုမြို့နယ်ပညာရေးမှူး၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၊ တည်ဆောက်ရေး တာဝန်ယူထားသော ရွှေနဒီစံကုမ္ပဏီမှ တာဝန်ရှိသူများ၊ Grow ကုမ္ပဏီမှ တာဝန်ရှိသူ အင်ဂျင်နီယာ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဒေသခံလွှတ်တော် ကိုယ်စားလှယ် များနှင့် တာဝန်ရှိသူများ၊ တိုင်ကြားစာပါ အုတ်ဖိုမြို့နယ် အ. မ. က (ပန်းတင်-၂) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ခဲ့ပါသည်။
- စာချုပ်ပါသတ်မှတ်စံနှုန်းဖြစ်သော တစ်ထပ်ကျောင်းဆောင် Steel Structure အတွက် သွပ်အထူ၊ 4 Angle 0.4 ဖြစ်ရမည့်အစား 4 Angle 0.2 သာသုံးထားကြောင်း အမှန်တကယ်တွေ့ရှိရပါသည်။
- အဆိုပါစာသင်ကျောင်းအား တာဝန်ယူဆောက်လုပ်သော ရွှေနဒီစံကုမ္ပဏီ တာဝန်ရှိသူ MD ဦးအေးစံမှလည်း ဟုတ်မှန်ကြောင်းနှင့် သတ်မှတ်စံနှုန်းအတိုင်း သွပ်ပြန်မိုးပေးပါမည်ဟု တာဝန်ခံခဲ့ပါသည်။
- ကုမ္ပဏီမှ Skill Lavours မသုံးခြင်း သက်ဆိုင်ရာပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးအပါအဝင် ကျောင်းအကျိုးတော်ဆောင်များ ကြီးကြပ်မှုအားနည်းခြင်းကြောင့် အဆောက်အဦ သေသပ်ခန့်ညားမှုမရှိခြင်း(ဥပမာ-သံဝရိန်တို့ရာတွင် အဆက်နေရာများလွဲနေခြင်း၊ သွပ်မိုးရာတွင် မညီမညာဖြစ်နေခြင်း)စသည်ဖြင့် တွေ့ရှိရသည်။
- ထိုခရီးစဉ်၌ တစ်ဆက်တည်းတွင် အုတ်ဖိုမြို့နယ်ကျေးလက်ဦးစီးဌာနမှ ခွင့်ပြုပြီး လက်ာဒီပ ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသော အုတ်ဖိုအိုးသည်ကုန်း ဖြတ်လမ်းပေါ်ရှိ (၃၀'×၁၄'×၈') ရှိသော ကွေ့ချောင်းတံတား ၂၀၁၆-၂၀၁၇ တည်ဆောက်နေမှု လုပ်ငန်းများအပေါ် အားနည်းချက်များအား ထောက်ပြပြီး ယခုပြန်လည် တည်ဆောက်မည်ဆိုပါက စာချုပ်ပါအတိုင်း ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူနှင့် ကျေးလက်ဦးစီးဌာန တာဝန်ရှိသူတို့ကို မှာကြားခဲ့ပါသည်။

**နိဂုံး**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီသည် ကော်မတီ၏ လုပ်ငန်းတာဝန်များအပေါ် တာဝန်ကျေပွန်အောင် ဦးလည်မသုန် ကြိုးစားဆောင်ရွက်မည်ဖြစ်ပြီး ကော်မတီနှင့် သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်ချက်များ တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များအား လွှတ်တော်သို့ အစီရင်ခံတင်ပြသွားမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လောင်းကစားမှု များကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ် ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ် ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေစိုးမိုးရေး အတွက် စံပြအဖွဲ့အစည်းတစ်ခုအနေနှင့် ရပ်တည်ရန် ကွပ်ကဲမှု လျော့ရဲနေခြင်း၊ ကျင့်ဝတ် စည်းကမ်းနှင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံမှန်အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း စသည့်ကိစ္စအခြေအနေ အရပ်ရပ်တို့အတွက် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ် ထိန်းကျောင်းနိုင်ရေး တိုက်တွန်းကြောင်း" အဆိုအား လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ် ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ် ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် စံပြအဖွဲ့အစည်းတစ်ခုအနေနှင့် ရပ်တည်ရန် ကွပ်ကဲမှု လျော့ရဲနေခြင်း၊ ကျင့်ဝတ်စည်းကမ်းနှင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံမှန်အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း စသည့်ကိစ္စအခြေအနေ အရပ်ရပ်တို့အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ် ထိန်းကျောင်းနိုင်ရေး တိုက်တွန်းကြောင်း"** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမှ အမည်စာရင်း တင်ပြထားပါတယ်။

**ဥက္ကဋ္ဌ**။ ။သို့ဖြစ်၍ ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ်တွင် တင်သွင်းခဲ့သည့် သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်လင်းထိုက်၏ **"လောင်းကစားမှုများ၊ မူးယစ်သေစာရောင်းဝယ် ဖောက်ကားမှုများကို ဥပဒေနှင့်အညီ ကြပ်မတ်ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေစိုးမိုးရေးကို စံပြအဖွဲ့အစည်းတစ်ခုအနေနှင့် ရပ်တည်နိုင်ရန် ကွပ်ကဲမှုလျော့နည်းနေခြင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပုံမှန်အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းကိစ္စအရပ်ရပ်များအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ နယ်မြေခံရဲတပ်ဖွဲ့များကို တည့်မတ်ထိန်းကျောင်း နိုင်ရေး"** အဆိုကို ထောက်ခံဆွေးနွေးသွားရန် ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ကျွန်မဒေါ်နွယ်နီဝင်း ဖြစ်ပါသည်။ မိမိထောက်ပြသွားမည့် သက်သေသာဓကများမှာ ၂၀၁၆ခုနှစ် မတ်လဆန်းတွင် ဖြူးမြို့နယ်၊ သာယာကုန်းရွာနေအဘ ဦးခင်ညွန့်၏သမီး ဝဲကြီးအထကတွင် ဒသမတန်း၌ ပညာသင်ကြားနေသည့် (၁၆)နှစ်ကျောင်းသူလေးကို ခိုးယူပေါင်းသင်းသည့်အမှုအား ၂၀၁၇ခုနှစ် လဆန်းပိုင်းတွင် အမှုတွဲဖွင့်လှစ်ခဲ့ပါသည်။ (၅. ၃. ၂၀၁၇)ရက် ညနေ(၈)နာရီခန့်တွင် ကညွတ်ကွင်းမြို့၊ ရွှေတောင်(၄)လမ်းနေ အဘ ဦးတင်ဝင်း၏သမီးဖြစ်သူ အသက်(၁၃)နှစ်နှင့် (၄)လရှိသော (၈)တန်းကျောင်းသူလေးအား ရွှေတောင်(၅)လမ်းနေ အသက်(၂၁)နှစ်ရှိ အာကာကျော်ဆိုသူက မိန်းကလေးကို ဆိုင်ကယ်ပေါ်တွင် (၂)ယောက်ညှပ်ပြီး တင်ခေါ်သွားကြောင်းကို မိဘများထံသတင်းပို့သည့်အခါ မိဘများက ရဲစခန်းသို့သွားရောက်တိုင်တန်းရာ၌ တာဝန်ကျ တာဝန်မှူးသည် အရက်မူးနေသည့်အတွက်ကြောင့် အမှုတွဲမတည်ဆောက်နိုင်ခဲ့ပါကြောင်း၊ အမှုတွဲမတည်ဆောက်နိုင်သည့်နောက်တွင် အမှုတွဲတွင် ပါဝင်သည့် ကလေး(၂)ယောက်၏ အသက်များကို ရွှေ့ခဲ့ပါကြောင်း၊ ဖြူးမြို့နယ်မှကျော်ပြီး ကျောက်တံခါးမြို့နယ်ထဲသို့ ရောက်သွား၍ မိမိမှ ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်ထံတွင် အကူအညီတောင်းခံခဲ့ပါကြောင်း၊ သူ၏အစ်ကိုဖြစ်သူ အကြီးကောင်ရှိနေသည့် တောကျွဲအင်းအုပ်ချုပ်ရေးမှူးရုံးသို့ ရဲများက မိမိကိုခေါ်ပါသည်။ ကညွတ်ကွင်း ရဲစခန်းသို့ ခေါ်လာသည့်အခါ ၎င်းကဖုန်းဖြင့်လှမ်းပြီး စီစဉ်ညွှန်ကြားနေပါသည် ဖုန်းကိုယူမသွားဘဲ လူကိုသာခေါ်သွားသည့်အတွက် ဖုန်းကျန်နေခဲ့ပါ၍ ဖုန်းအား ပြန်ယူသည့်အခါ ဖုန်းထဲရှိ Contacts အားလုံးကို ဖျက်ဆီးခဲ့ပြီးဖြစ်ပါသည်။ သို့အတွက်ကြောင့် မိမိတို့အရေးတကြီး တာဝန်ယူရမည်မှာ သက်ငယ် (၁၃)နှစ် (၄)လသမီးကို ခိုးယူပေါင်းသင်းသည့်နေရာတွင် ရဲများ၏ပေါ့ဆမှုကြောင့် ကလေးကို (၁)ပတ်ကြာပြီးမှ ပြန်ပြီးတွေ့ရပါသည်။ ကလေးပြန်ရရန်အတွက် ကလေး၏ မိဘများမှ သမီးပြန်လာလျှင် မိမိတို့မှ အပြစ်မယူပါဟု ခံဝန်ကတိထိုးပေးပါမှ လာပို့ပါမည်ဆို သော်လည်း (၇)ရက် (၈)ရက်မြောက်မှ ကလေးကို ရဲစခန်းသို့ လာအပ်သွားပါသည်။

လောင်းကစားနှင့်ပတ်သက်ပြီး ကြက်ဝိုင်းများပါကြောင်း၊ သွားရောက်ဖမ်းဆီးသည့်အခါတွင် အမြဲ တရားခံပြေးဖြစ်နေသည်က များပါကြောင်း၊ (၂. ၄. ၂၀၁၇)ရက်နေ့တွင် ညောင်ပင်သာဒေသ ကျောက်တိုင် အနောက်ရွာ၏ အနောက်ဘက်ကိုက် (၇၀၀)ခန့်ဝေးသည့် ကြက်လောင်းကစားဝိုင်းရှိရာ နေရာသို့ ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ညောင်ပင်သာစခန်းမှူးနှင့် နယ်ထိန်းများလာရောက်ဖမ်းဆီးသည့်အခါတွင် လူ(၈)ယောက်၊ ကြက်(၂)ကောင်နှင့် ငွေအနည်းငယ်ကို သိမ်းဆည်းမိပါသည်။ ကိုက်(၇၀၀)ခန့်ဝေးသည့် ရွာအဝင်လက်ပံပင်

အောက်တွင်ရှိသည့် ဆိုင်ကယ်(၃၁)စီးကို ကားပေါ်တင်ပြီး သိမ်းဆည်းသွားသည်ကို သိရပါသည်။ မိမိလည်း တိုက်ဆိုင်စွာဖြင့် ၎င်းဘက်သို့ ကွင်းဆင်းသည့်အခါတွင် ဆိုင်ကယ်(၃၁)စီးသိမ်းသွားသည့်နေရာသည် အခင်းဖြစ်ပွားသည့်နေရာနှင့် ကိုက်(၇၀၀)ဝေးနေပါသည်။ ကျန်သူများသည် ကြက်တိုက်ရန် လာသူများမဟုတ်ဘဲ၊ အရောင်းအဝယ်ဖြင့် လာခြင်းဖြစ်ပြီး၊ ၎င်းတို့ ဘာမှုမလုပ်ဘဲ ၎င်းတို့၏ဆိုင်ကယ်များကို ဖမ်းဆီးသွားသည့် အကြောင်းကို မိမိအားတင်ပြပါသည်။ အထက်ပါအကြောင်းအရာအားလုံးကို ကြည့်ခြင်းအားဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များသည် စည်းကမ်းတကျမရှိဘဲ အရက်သေစာမူးရူးနေသဖြင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရန်မှာ ရဲများ၏တာဝန်ဖြစ်ပါသည်။ သို့သော်လည်း ရဲများကိုယ်တိုင်တာဝန်ချိန်တွင် မူးနေသည့်အတွက်ကြောင့် အမှုမဖွင့်နိုင်သည့် ကိစ္စများဖြစ်နေပါသဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိသည့် ရဲတပ်ဖွဲ့ဝင်များကို တည့်မတ်ထိန်းကျောင်းနိုင်ရန် အထူးလိုအပ်နေပါကြောင်း တင်ပြဆွေးနွေးအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်၍ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။**"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ်ထိန်းကျောင်းနိုင်ရေး တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမည်ဖြစ်ပါသည်။ ယခုအဆိုက လွှတ်တော်၏ အဓိကတာဝန် (၁)ခုဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်ကို အထိန်းအကွပ်ပြုလုပ်နိုင်ရန် ရည်ရွယ်တင်သွင်းသည့်အဆိုလည်း ဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းပေါ့လျော့မှု၊ အဂတိလိုက်စားမှုများကို ယခုလွှတ်တော် အစည်းအဝေးခန်းမထဲတွင် ရှိသည့် ဂုဏ်သရေရှိလူကြီးမင်းများအားလုံးလည်း သိရှိနေပြီးသားဖြစ်ပါသည်။ ရဲတပ်ဖွဲ့၏ မြို့နယ် အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ကျူးလွန်နေသည့် အဂတိလိုက်စားမှုများ၊ တာဝန်ပျက်ကွက်မှုများကို စီကာပတ်ကုံးပြောနေမည်ဆိုလျှင် တစ်ထောင့်တစ်ညပုံပြင်ကဲ့သို့ ဖြစ်နေပါလိမ့်မည်။ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးနိုင်ရန်၊ လွတ်လပ်လုံခြုံမှုရှိအောင် ဆောင်ရွက်နိုင်မှုများသည် မရှိသလောက် ဖြစ်နေသည့်အတွက် ပြည်သူများ၏ ဝေဖန်အခံရဆုံး ဝန်ထမ်းအဖွဲ့အစည်းအဖြစ် လက်ရှိအခြေအနေမှာ ဖြစ်နေပါသည်။ ပြည်သူမှ ရွေးချယ်သော ပြည်သူ့အစိုးရလက်ထက်မှာ ပြည်သူလူထုမှ ပြောင်းလဲမှုကို လိုချင်မျှော်လင့်နေပြီ ဖြစ်ပါသည်။ ပြည်သူ့အတွက် အကောင်းဆုံး စီမံခန့်ခွဲနိုင်မည်ဟုလည်း ယုံကြည်နေကြပါသည်။ ယခုအချိန်တွင် ပြည်သူ့အစိုးရအနေဖြင့် ပြည်သူများဘဝ လုံခြုံစွာဖြင့် ဖွံ့ဖြိုးတိုးတက်အောင် အပြည့်အဝတာဝန်ယူ၊ တရာဝန်ခံရမည်ဖြစ်ပါသည်။ အကြောင်းပြချက်များပေးနေ၍ မရတော့ပါ။

အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ဌာနဆိုင်ရာအသီးသီးဆိုရာတွင် ယခုအချိန်မှာ ခန္ဓာကိုယ်တစ်ခုတည်း၏ အစိတ်အပိုင်းများဖြစ်ပါသည်။ အစိုးရအဖွဲ့က ဦးခေါင်းဆိုလျှင် ဌာနဆိုင်ရာများက လက်နှင့် ခြေများဖြစ်ပါသည်။ လက်နှင့်ခြေများ လှုပ်ရှားမှုအားကောင်းရန်အတွက် ဦးခေါင်း၏ ထိန်းချုပ်ကွပ်ကဲမှုအားဖြင့်လည်း များစွာသက်ဆိုင်နေပါသည်။ ထို့အတွက်ကြောင့် ယခုအချိန်မှာ မြို့နယ်တိုင်းတွင်

ပြည်သူလူထု နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည့် ဥပဒေအရ အကာအကွယ်မဲ့နေမှုများအတွက် ထိရောက်သည့် အစီအမံများရေးဆွဲချမှတ်ပြီး ထိန်းကျောင်းနိုင်ရန် အလျင်အမြန်လိုအပ်နေပြီဖြစ်ပါသည်။ ယခုအချိန်မှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း ကြုံတွေ့နေရသည့် တရားဥပဒေစိုးမိုးမှု ကင်းမဲ့နေမှုများ အမှန်တကယ်ဖြစ်ပွား၍ ပြဿနာရှိနေသည်ကို ဘာမျှမဖြစ်သလို၊ စီမံခန့်ခွဲနေသလို၊ ဆင်သေကို ဆိတ်သားရေနှင့် ဖုံးသည့်အဖြစ်မျိုးများနှင့် အားလုံးကောင်းပါ၏ဆိုပြီး လုပ်နေရသည့်အချိန်မဟုတ်ပါကြောင်း၊ ပြဿနာအခက်အခဲများကို ပြည်သူ့ဘဝလိုအပ်ချက်များအတွက် ထိထိရောက်ရောက်ဖြေရှင်းဆောင်ရွက် နိုင်ရန် ပူးပေါင်းအဖြေရှာရမည့်အချိန် ဖြစ်ပါသည်။ အစိုးရအဖွဲ့အနေဖြင့် ရဲတပ်ဖွဲ့များ စွမ်းဆောင်ရည် မြင့်တက်လာစေရန် မည်ကဲ့သို့ စီမံခန့်ခွဲမည်၊ ဝန်ထမ်းသိက္ခာလုံးဝမရှိအောင် ကျူးလွန်နေသည့် အဂတိ လိုက်စားမှုများကို မည်ကဲ့သို့ ထိန်းချုပ်မည်၊ ရဲတပ်ဖွဲ့ဝင်များ၏ လိုအပ်ချက်များကို ပြည့်စုံအောင်၊ ယုံကြည်မှုများတိုးတက်မြင့်မားလာအောင် မည်ကဲ့သို့ ဖြည့်ဆည်းမည်၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ အပြန်အလှန်ယုံကြည်မှု ပိုမိုအားကောင်းလာအောင် မည်ကဲ့သို့ လှုပ်ရှားမှုများအား ဆောင်ရွက်မည်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးအဖြေရှာပြီး၊ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်သင့်နေပြီ ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ဦးဇော်လင်းထိုက် တင်သွင်းသော **“ တရားဥပဒေစိုးမိုးရေး တိုးတက် ဖြစ်ထွန်းစေရန် ခရိုင်နှင့် မြို့နယ်အသီးသီးရှိ ရဲတပ်ဖွဲ့ဝင် အဆင့်အဆင့်ကို ထိန်းကျောင်း တည့်မတ်နိုင်ရေး”** အဆိုကို အစိုးရအဖွဲ့အနေဖြင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အဆိုအား လွှတ်တော်တွင် အတည်ပြုသင့်ပါကြောင်း လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ် ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ် ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် စံပြအဖွဲ့အစည်းတစ်ခုအနေနှင့် ရပ်တည်ရန် ကွပ်ကဲမှု လျော့ရဲနေခြင်း၊ ကျင့်ဝတ်စည်းကမ်းနှင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံမှန်အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း စသည့်ကိစ္စအခြေအနေ အရပ်ရပ်တို့အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ် ထိန်းကျောင်းနိုင်ရေး တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လောင်းကစားမှုများကို ထိရောက်စွာတားဆီးနှိမ်နင်းရန် လိုအပ်နေသည့် အဆိုနှင့်ပတ်သက်၍ ပဲခူးတိုင်း ဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း လောင်းကစားမှုများ လျော့နည်းကျဆင်းရေးနှင့် ကင်းစင်ပပျောက် သည်အထိ ဖော်ထုတ်ဖမ်းဆီးအရေးယူရေး၊ လစဉ် လောင်းကစားဖမ်းဆီးမှုများအပေါ် စိစစ်သုံးသပ်၍ တိုးမြှင့်ဖမ်းဆီး အရေးယူဆောင်ရွက်ရန် ညွှန်ကြားကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း ၂၀၁၆ ခုနှစ်အတွင်း လောင်းကစားမှုပေါင်း (၄၁၀)မှု၊ တရားခံ ကျား (၆၂၇)ဦး၊ မ (၃၂၈)ဦး၊ ပေါင်း (၉၅၅)ဦး၊ လောင်းကြေးငွေ (၂၄၂၀၇၈၂၈)ကျပ် ဖမ်းဆီးရမိခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် လောင်းကစားမှုပေါင်း (၄၂)မှု၊ တရားခံ ကျား (၈၁)ဦး၊ မ (၂၆)ဦး၊ ပေါင်း (၁၀၇)ဦး၊ လောင်းကြေးငွေ (၁၃၇၄၂၅၀)ကျပ် ဖမ်းဆီးနိုင်ခဲ့၍ တစ်နိုင်ငံလုံးအနေဖြင့် ဒုတိယအများဆုံး ဖမ်းဆီး အရေးယူနိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လောင်းကစားမှုပေါင်း (၄၁)မှု၊ တရားခံ ကျား(၆၂)ဦး၊ မ (၄၀)ဦး၊ ပေါင်း (၁၀၂)ဦး၊ လောင်းကြေးငွေ (၂၅၀၅၅၅၀)ကျပ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။

လောင်းကစားမှုပြုလုပ်ကြောင်း အထက်ဌာနများသို့ တိုင်ကြားစာအရဖြစ်စေ၊ ဖုန်းတိုင်ကြားစာအရ ဖြစ်စေ၊ သတင်းရရှိပါက တိုင်းရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်၍ ခရိုင်ကျော်၊ မြို့နယ်ကျော်၊ ဖမ်းဆီးအရေးယူစေလျက်ရှိပါသည်။ ခရိုင်ကျော်၊ မြို့နယ်ကျော် ဖမ်းဆီးရမိပါက သက်ဆိုင်ရာတာဝန်ရှိသူ အပိုင်နယ်ထိန်း၊ နယ်ထိန်းခေါင်းဆောင်၊ စခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့အား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဖုန်းအမှတ် ၀၆၇- ၄၁၂၂၂၂၊ ၀၆၇-၄၁၂၄၄၄၄၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ဖုန်းအမှတ် ၀၅၂-၂၂၂၃၉၉၉၊ ပဲခူးခရိုင်ရဲတပ် ဖွဲ့မှူးရုံး ဖုန်းအမှတ် ၀၅၂-၂၂၂၂၄၆၈၊ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဖုန်းအမှတ် ၀၅၄-၂၃၀၃၀၊ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး ဖုန်းအမှတ် ၀၅၃-၂၄၆၆၃၊ သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဖုန်းအမှတ် ၀၅၅-၃၀၀၀၇ တို့သို့ လောင်းကစားပြုလုပ်ကြောင်း သတင်းပေးတိုင်ကြားလာပါက ချက်ချင်း စောင့်ကြည့်ပြီး လောင်းကစားပြုလုပ်ကြောင်း သတင်းအတည်ဖြစ်ပါက ချက်ချင်းဖမ်းဆီး အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ်ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ်ထိန်း ကွပ်ရန် လိုအပ်နေခြင်း အဆိုနှင့်ပတ်သက်၍ ယစ်မျိုးလိုင်စင်များအား သက်ဆိုင်ရာ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနများမှသာ ထုတ်ပေးခြင်းဖြစ်သော်လည်း တရားမဝင်အရက်ဆိုင်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်း ထားသည့် ယစ်မျိုးဥပဒေနှင့်အညီ ထုတ်ပေးထားသည့် လိုင်စင်ပါ စည်းကမ်းချက်များအား မလိုက်နာသည့် အရက်အရောင်းဆိုင်၊ စတိုးဆိုင်များအား စိစစ်အရေးယူခြင်း ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ သတင်းရယူခြင်း၊ ရှာဖွေဖမ်းဆီးခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ယစ်မျိုးဖမ်းဆီးအရေးယူမှုမှာ ၂၀၁၁ ခုနှစ်တွင် (၂၁၃၉)မှု၊ ၂၀၁၂ ခုနှစ်တွင်(၂၀၂၈)မှု၊ ၂၀၁၃ ခုနှစ်တွင်(၂၄၇၀)မှု၊ ၂၀၁၄ ခုနှစ်တွင်(၂၆၇၆)မှု၊ ၂၀၁၅ ခုနှစ်တွင် (၂၅၃၁)မှုနှင့် ၂၀၁၆ ခုနှစ်တွင် (၁၇၀၅)မှုတို့အား နှစ်အလိုက်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ မတ်လ (၁၀) ရက်နေ့အထိ ယစ်မျိုးအမှုပေါင်း (၅၂၂)မှု ဖမ်းဆီးအရေးယူထားရှိပြီး ဖြစ်ပါသည်။ ဖမ်းဆီးမှုများနှင့်ပတ်သက်၍ ယခင်နှစ်များမှ ဖမ်းဆီးရမိမှုများနှင့် နှိုင်းယှဉ်ပြီး ယစ်မျိုးဖမ်းဆီးမှုအား အရှိန် အဟုန်မြှင့် ဆောင်ရွက်သွားရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှာ တည်ဆဲ/ပြဋ္ဌာန်းဥပဒေများကို လိုက်နာရသည့် အပြင် ရဲကျင့်ဝတ်(၇၀)နှင့် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေများကိုပါ လိုက်နာဆောင်ရွက်ရပါသည်။ တပ်ဖွဲ့ဝင်တစ်ဦးသည် ရာဇဝတ်ပြစ်မှုတစ်ခုအား ကျူးလွန်ပါက ကျူးလွန်သည့် ရာဇဝတ်ပြစ်မှု၏ ပြစ်ဒဏ်အပြင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရပါ အရေးယူဆောင်ရွက်ခြင်းခံရပါသည်။ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် တိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများမှတစ်ဆင့် မြို့မရဲစခန်းများ၊ နယ်မြေရဲစခန်းများနှင့် ရဲကင်းရဲစခန်းများ စသည်ဖြင့် စနစ်တကျ ဖွဲ့စည်းထားရှိပြီး တပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့်များအား စနစ်တကျလေ့ကျင့်ကာ ဆင့်ကဲဆင့်ကဲကွပ်ကဲ၍ တာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါသည်။ တပ်ဖွဲ့ဝင်များ ပုံမှန်ဆောင်ရွက်နေကြဖြစ်သော ရဲစခန်းများရှိ အချုပ်သားများ လုံခြုံရေး၊ အချုပ်တရားခံတရားရုံးထုတ်လုံခြုံရေးလုပ်ငန်းများ၊ မှုခင်းကျဆင်းရေးအတွက် လှည့်ကင်း/ ရပ်ကင်း/ဝပ်ကင်းများဆောင်ရွက်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်ခြင်းများကို တိုင်း/ ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၏ အဆင့်ဆင့် ကြီးကြပ် ကွပ်ကဲမှုဖြင့် နေ့စဉ်မပျက်မကွက် တည့်မတ်ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါသည်။

ရဲအရေးပိုင်၍တိုင်တန်းလာသောအမှုများကို အမှုရေးဖွင့်ပေးပြီး ပြစ်မှုကျူးလွန်သူများကို တရားရုံးသို့ ဥပဒေနှင့်အညီတရားစွဲတင်ပို့ခြင်း၊ ရဲအရေးမပိုင်သည့်မှုခင်းများကို(က၊ခ)ပုံစံဖြင့်တရားရုံးသို့ ဦးတိုက်လျှောက်ထားပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိပါသည်။ရဲတပ်ဖွဲ့သည် လူအများဖြင့် ဖွဲ့စည်းထားသည့် တပ်ဖွဲ့ဖြစ်၍ အများစုထဲမှ တပ်ဖွဲ့ဝင်(၁)ဦး(၂)ဦးစည်းကမ်းပျက်ရုံနှင့် ရဲတပ်ဖွဲ့တစ်ခုလုံးရှိတပ်ဖွဲ့ဝင်များ စည်းကမ်းပျက်ပြီး ကွပ်ကဲမှုလျော့နည်းနေခြင်း မဟုတ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးဇော်လင်းထိုက်က မိမိ၏အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/ မရှိ တင်ပြပါ။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အဆိုကို ရုပ်သိမ်းလိုခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရန် လိုအပ်နေခြင်း၊ ယစ်မျိုးနှင့် အခြားသော မူးယစ်သေစာ ရောင်းဝယ် ဖောက်ကားမှုကို ဥပဒေနှင့်အညီ ကြပ်မတ် ထိန်းကွပ်ရန် လိုအပ်နေခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် စံပြအဖွဲ့အစည်းတစ်ခုအနေနှင့် ရပ်တည်ရန် ကွပ်ကဲမှု လျော့ရဲနေခြင်း၊ ကျင့်ဝတ်စည်းကမ်းနှင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံမှန်အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း စသည့်ကိစ္စအခြေအနေ အရပ်ရပ်တို့အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးရှိ အဆင့်ဆင့်သော ရဲတပ်ဖွဲ့များကို တည့်မတ်ထိန်းကျောင်းနိုင်ရေး တိုက်တွန်းကြောင်း”အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ်

ရယူပါမယ်။ ဒီလို ဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို လျှို့ဝှက်ဆန္ဒမဲ ပေးခြင်းစနစ်အရ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒကိုရယူခဲ့ရာ ယနေ့အစည်းအဝေး တက်ရောက်သူ (၅၄)ဦးရှိပြီး ထောက်ခံမဲ(၄၄)မဲ၊ ကန့်ကွက်မဲ(၈)မဲ၊ ကြားနေမဲ(၂)မဲအရ ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဉ္စမနေ့)ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ထပ်မံအသိပေး အကြောင်းကြားပေးမည်ဖြစ်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၄း၄၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ထပ်မံအသိပေး အကြောင်းကြားပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# ပဥ္စမနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
# [ ၂၀၁၆ခုနှစ် ၊ ဧပြီလ ၂၅ ရက် ]
# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၄ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၇ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၀. ၅၄ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ပဉ္စမနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ နတ်တလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တောင်ငူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစောစိန်ကျော် တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများ ရှိပါသဖြင့် (၂၅-၄-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၇)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၄ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ရန်အချက်များအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် တိုင်းဒေသကြီးလွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇ခုနှစ် မတ်လ ၂၂ ရက်နေ့က ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့)မှာ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်းပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဘောထားများကို ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဘောထားအပေါ် ဆွေးနွေးသုံးသပ်ပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူသွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏ **အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ် ဖော်ပြချက်**အခန်းရှိ ပုဒ်မ ၃ ပုဒ်မခွဲ(က) စက်မှုဇုန်များနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ရှေ့တွင် ဥပဒေနှင့် ညီညွတ်သော စကားရပ် ထပ်မံထည့်သွင်းရန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအဆိုကို သဘောတူ/ မတူ လွှတ်တော်၏ ဆန္ဒရယူပါ့မယ်။ ယခုအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့ အတွက် ဥပဒေကြမ်း၏ အခန်း(၁) ပုဒ်မ ၃ ပုဒ်မခွဲ(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏ **အခန်း(၃) အထွေထွေ** အခန်းပါ ပုဒ်မ ၅ တိုင်းဒေသကြီး အတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ(၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် ဖော်ပြထားသော စီမံကိန်း ရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်ဟူသော စကားရပ်အစား တိုင်းဒေသကြီး အတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ(၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော် ရမည်ဟု ပြောင်းလဲပြင်ဆင်ရန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအဆိုကို သဘောတူ/မတူ လွှတ်တော်၏ ဆန္ဒရယူ ပါ့မယ်။ ယခုအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့ အတွက် ဥပဒေကြမ်း၏ အခန်း(၃) ပုဒ်မ ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာ ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်း၏ **အခန်း(၃) အထွေထွေ** အခန်းပါ ပုဒ်မ ၉ တိုင်းဒေသကြီး အတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက် ရမည် ဟူသောစကားရပ်အစား တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်း များသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ အသေးစိတ် တွက်ချက်မှုများ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည် ဟူသောစကားရပ်အဖြစ် ပြင်ဆင်ရန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအဆိုကို သဘောတူ/မတူ လွှတ်တော်၏ ဆန္ဒရယူပါ့မယ်။ ယခုအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့ အတွက် ဥပဒေကြမ်း၏ အခန်း(၃) ပုဒ်မ ၉ သည် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း) တစ်ရပ်လုံးအား အတည်ပြုရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း) တစ်ရပ်လုံးအား အတည်ပြုရန် တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

" ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀(ခ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့က တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို သတ်မှတ် ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်"ဟူသော ပြဋ္ဌာန်းချက်အရ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို မတ်လ(၂၀) ရက်နေ့တွင် ကျင်းပသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ကျွန်တော် ဦးညွန့်ရွှေမှ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များ အနေဖြင့် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများ အရ (၆. ၀)ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်မှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍ တစ်ခုချင်းအလိုက် ရည်မှန်းချက်များအနေဖြင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ -

- လယ်ယာကဏ္ဍတွင် (၂. ၂)ရာခိုင်နှုန်းတိုးတက်ရန်၊
- သားငါးကဏ္ဍတွင် (၄. ၅)ရာခိုင်နှုန်းတိုးတက်ရန်၊
- သစ်တောကဏ္ဍတွင် (၀. ၄)ရာခိုင်နှုန်း လျော့နည်းဆောင်ရွက်ရန်၊
- စွမ်းအင်ကဏ္ဍတွင် (၆. ၃)ရာခိုင်နှုန်းလျော့နည်း ဆောင်ရွက်ရန်၊
- သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် (၂. ၈)ရာခိုင်နှုန်း လျော့နည်း ဆောင်ရွက်ရန်၊
- စက်မှုလက်မှုကဏ္ဍတွင် (၁၀. ၃)ရာခိုင်နှုန်း တိုးတက်ရန်၊
- လျှပ်စစ်ဓာတ်အား ကဏ္ဍတွင် (၃. ၈)ရာခိုင်နှုန်း တိုးတက်ရန်၊
- ဆောက်လုပ်ရေးကဏ္ဍတွင် (၄. ၂)ရာခိုင်နှုန်း တိုးတက်ရန်၊

- ပို့ဆောင်ရေးကဏ္ဍတွင် (၇. ၆)ရာခိုင်နှုန်း တိုးတက်ရန်၊
- ဆက်သွယ်ရေးကဏ္ဍတွင် (၄. ၂)ရာခိုင်နှုန်း တိုးတက်ရန်၊
- ငွေရေးကြေးရေးကဏ္ဍတွင် (၁၁. ၈)ရာခိုင်နှုန်း တိုးတက်ရန်၊
- လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် (၃. ၈)ရာခိုင်နှုန်း တိုးတက်ရန်၊
- ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် (၆. ၃)ရာခိုင်နှုန်း တိုးတက်ရန်၊
- ကုန်သွယ်မှုကဏ္ဍတွင် (၇. ၀)ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါတယ်။

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၂. ၅)ရာခိုင်နှုန်းမှ (၃၀. ၅)ရင့်၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၂၈. ၃)ရာခိုင်နှုန်းမှ (၂၉. ၆)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၉. ၂)ရာခိုင်နှုန်းမှ (၃၉. ၉)ရာခိုင်နှုန်း အသီးသီး ပြောင်းလဲဖြစ်ပေါ်စေရန် ရည်မှန်းထားပါတယ်။

ဖော်ပြပါ ကဏ္ဍတစ်ခုချင်းအလိုက် ရည်မှန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြင့် ပဲခူးတိုင်းဒေသကြီး၏ လူတစ်ဦးချင်းစီ၏ ပျှမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)ကို နှစ်အလိုက်ဈေးနှုန်းအရ (ကျပ် ၁၅ သိန်းကျော်) ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် ရည်မှန်းချက်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအပြင် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်းအသုံးစရိတ် ရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၈၉၈၁၈. ၂၁၀(ကျပ်ဘီလီယံ ၈၉. ၈၁၈)လျာထားပါတယ်။

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေသည် လူမှုစီးပွားနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အတွက် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း) တစ်ရပ်လုံးအားအတည်ပြုရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၏ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လွှတ်တော်အကြံပေး ပညာရှင်များ၊ လွှတ်တော်ရုံးဝန်ထမ်းများအားလုံး မင်္ဂလာပါလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေကြမ်းအား လွှတ်တော်တွင် အတည်ပြုနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရမှ ပဲခူးတိုင်းဒေသကြီးအတွင်း လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ချမှတ်သည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ရန် အလို့ငှာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ဒေသန္တရစီမံကိန်းဥပဒေကို ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း၊ ယင်းဥပဒေကြမ်းနှင့် ပတ်သက်ပြီး လွှတ်တော်ကဆွေးနွေးခဲ့သည့် အကြောင်းအရာများရှိပါကြောင်း၊ လွှတ်တော်မှာ ဆွေးနွေးခဲ့သည့် တစ်ပိုဒ်ချင်းအလိုက် ဆွေးနွေးခဲ့သည်များကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ထောက်ခံအတည်ပြုပေးပြီးလည်းဖြစ်သည့်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၇-၂၀၁၈ဒေသန္တရစီမံကိန်းဥပဒေကြမ်းအား ထောက်ခံပါကြောင်း အလေးအနက် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ (ဃ) အရ ဥပဒေကြမ်းတစ်ရပ်၏ အစိတ်အပိုင်းကို လွှတ်တော်သို့ တစ်ပိုဒ်ချင်းစီ တင်ပြရန် မလိုဟုသဘောရ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း) တစ်ရပ်လုံးအား လွှတ်တော်၏ သဘောထားရယူပါမယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း) တစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်က သဘောတူလျှင် သဘောတူတယ်လို့ပြောပါ။ သဘောမတူလျှင် သဘောမတူကြောင်းပြောပါ။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့ အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း) တစ်ရပ်လုံးကို အတည်ပြုကြောင်း ကြေညာပါတယ်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နံနက်ပိုင်းကို (၁၀း၃၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ် ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက တင်သွင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ပဲခူးတိုင်းဒေသကြီး ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါဝရပြုနှုတ်ခွန်းဆက်သအပ် ပါတယ်။

ဒီနေ့ ပဲခူးတိုင်းဒေသကြီး ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဝန်ကြီးအနေဖြင့် ၂၀၁၇ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)ကို ရှင်းလင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေစာရင်းအပေါ် ၂၀၁၇ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်းပေးနိုင်ရေးအတွက် ဥပဒေ(မူကြမ်း)ရေးဆွဲခဲ့ပြီးနောက် စိစစ်ပေးရန် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးကို ပေးပို့ခဲ့ပါတယ်။ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှလည်းဥပဒေ(မူကြမ်း)ကို ပြင်ဆင် ဖြည့်စွက်ရန်မရှိပါကြောင်း ပြန်လည်ပေးပို့ခဲ့ပြီးနောက် တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးရုံးသို့ ၂၀. ၃. ၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ရသ(၇)/ဘ-၁(၁)/၂၇(၂၄၀)/၂၀၁၇ဖြင့် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေစာရင်းများကို ယခင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးအနေဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်၏ အရအသုံးခန့်မှန်းခြေစာရင်း နောက်ဆုံးအခြေအနေမှာ စုစုပေါင်းရငွေ ကျပ် ၃၀. ၃၆၅ဘီလီယံဖြစ်ပြီး စုစုပေါင်းအသုံးစရိတ်အနေဖြင့် ကျပ်၁၅၈. ၀၅၆ ဘီလီယံဖြစ်သဖြင့် စုစုပေါင်းလိုငွေမှာ ကျပ် ၁၂၇. ၆၉၁ဘီလီယံ ဖြစ်ပါတယ်။ အဆိုပါလိုငွေ များကိုလည်း ၁၇. ၃. ၂၀၁၇ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက ထောက်ပံ့ငွေကျပ် ၁၂၇. ၆၉၁ ဘီလီယံ အဖြစ်ပေးအပ်ရန် အတည်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)အား ကြိုတင်စိစစ်အတည်ပြုပေးနိုင်ရေးအတွက် ၂၃, ၃, ၂၀၁၇ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအဖွဲ့ Cabinet အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၇ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)ကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ လေ့လာနိုင်ရေးအတွက် ကြိုတင်ဖြန့်ဝေပေးထားပြီးလည်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား ဆက်လက်ပြီး ၂၀၁၇ခုနှစ်၊ တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)ကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥပဒေ(မူကြမ်း)ပါ စာမျက်နှာ(၁)မှ စာမျက်နှာ(၈)အထိ ဥပဒေအသုံးအနှုန်းများ၊ စကားရပ်များကို တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ စိစစ်ပေးပြီးဖြစ်၍ ဥပဒေကြမ်းတွင် ပါဝင်သည့်အပိုင်းသုံးပိုင်း၊ အခန်း(၆)ခန်းကိုသာ ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

- အပိုင်း ၁မှာ အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်ဖြစ်ပြီး ယင်းအပိုင်းတွင် ဤဥပဒေကို ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွက် သက်ဆိုင်စေပြီး ၂၀၁၇ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်ဟု ပါရှိပါတယ်။
- အပိုင်း ၂မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များအတွက်ဖြစ်ပြီး အခန်း(၃)ခန်းပါဝင် ပါတယ်။ အဲဒါတွေကတော့ -

  အခန်း(၁) ရငွေများနှင့် သုံးငွေများ

  အခန်း(၂) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များနှင့်

  အခန်း(၃) ပြည်ပအကူအညီရယူခြင်းတို့ ဖြစ်ပါတယ်။
- အပိုင်း ၃ မှာ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် ဖြစ်ပြီး အခန်းသုံးခန်းပါဝင်ပါတယ်။ အဲဒါကတော့

  အခန်း(၁) ရငွေများနှင့် သုံးငွေများ

  အခန်း(၂) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များနှင့်

  အခန်း(၃) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ ဖြစ်ပါတယ်။

ဆက်လက်ပြီး နောက်ဆက်တွဲဇယားများဖြစ်တဲ့ ဇယား(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)နှင့် (၆)တို့ကို ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဇယား(၁)မှာ ဗဟိုအဖွဲ့အစည်းများဖြစ်တဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတို့၏ ရငွေများကို ဖော်ပြထားပြီး အခြားသာမန်ရငွေကျပ် ၁၀၇၆၈. ၈၃၀သန်း၊ ပြည်ပအကူအညီရငွေကျပ် ၂၃၀. ၇၁၉သန်းနှင့် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေကျပ် ၂၈၀၀. ၀၀၀သန်းဖြစ်၍ ဗဟိုအဖွဲ့အစည်းများ၏ စုစုပေါင်းရငွေမှာ ကျပ် ၁၃၇၉၉. ၅၄၉သန်း ဖြစ်ပါတယ်။

ဇယား(၂)မှာ ဗဟိုအဖွဲ့အစည်းများဖြစ်တဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတို့၏ သုံးငွေများကို ဖော်ထားပြီး သာမန်သုံးငွေကျပ် ၂၄၂၆၅. ၆၆၁သန်း၊ ထောက်ပံ့ငွေသုံးငွေ ကျပ် ၃၁၈၀. ၇၁၉သန်းနှင့် ငွေလုံးငွေရင်းငွေကျပ် ၇၅၉၅. ၇၇၆သန်းဖြစ်၍ ဗဟိုအဖွဲ့အစည်းများ၏ စုစုပေါင်းသုံးငွေမှာ ကျပ် ၃၅၀၄၂. ၁၅၆သန်း ဖြစ်ပါတယ်။

ဇယား(၃)မှာ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများကို ဖော်ပြထားပြီး ဇယား(၃)အား ဇယား(၃)၊ ဇယား(၃)အဆက်နှင့် ဇယား(၃)အဆုံးဟူ၍ စာမျက်နှာ(၃)မျက်နှာခွဲ၍ ဖော်ပြထားပါတယ်။ ဇယား(၃)စာမျက်နှာမှာ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်အကောက်ရငွေကျပ် ၅၀၅၈. ၄၅၂သန်းနှင့် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေကျပ် ၀. ၉၀၁သန်း ဖြစ်ပါတယ်။ ဇယား(၃)အဆက်နှင့် ဇယား(၃)အဆုံးစာမျက်နှာများမှာ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ အခြားသာမန်ရငွေကျပ် ၁၁၅၀၄. ၅၈၀သန်းနှင့် ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ ကျပ် ၁၂၇၆၉၁. ၄၇၅သန်းဖြစ်ပါတယ်။ သို့ဖြစ်၍ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ စုစုပေါင်းရငွေမှာ ကျပ် ၁၄၄၂၅၅. ၄၀၈သန်း ဖြစ်ပါတယ်။

ဇယား(၄)မှာ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ သုံးငွေများကို ဖော်ပြထားပြီး ဇယား(၄)အား ဇယား(၄)နှင့် ဇယား(၄)အဆုံးဟူ၍ စာမျက်နှာနှစ်မျက်နှာခွဲပြီး ဖော်ပြထားပါတယ်။ ဇယား(၄)နှင့် ဇယား(၄)အဆုံးစာမျက်နှာများမှာ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်သုံးငွေကျပ် ၄၀၇၇၃. ၃၁၆သန်း၊ ထောက်ပံ့ငွေသုံးငွေကျပ်၁၅. ၀၀၀သန်းနှင့် ငွေလုံးငွေရင်းသုံးငွေကျပ် ၇၂၂၉၁. ၇၈၄သန်း ဖြစ်ပါတယ်။ သို့ဖြစ်၍ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ စုစုပေါင်းသုံးငွေမှာ ကျပ် ၁၁၃၀၈၀. ၁၀၀သန်းဖြစ်ပါတယ်။

ဇယား(၅)မှာ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း တစ်ခုဖြစ်တဲ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ရငွေကိုဖော်ပြထားပြီး ၎င်း၏အခြားသာမန်ရငွေမှာ ကျပ် ၁. ၇၀၀သန်းဖြစ်ပါတယ်။

ဇယား(၆)မှာ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ လျှပ်စစ်ဓာတ်အား

ဖြန့်ဖြူးရေးလုပ်ငန်း၏ သုံးငွေကိုဖော်ပြထားပြီး သာမန်သုံးငွေကျပ် ၃. ၇၅၁သန်းနှင့် ငွေလုံးငွေရင်းသုံးငွေကျပ် ၉၉၃၀. ၆၅၀သန်းဖြစ်၍ စုစုပေါင်းသုံးငွေကျပ် ၉၉၃၄. ၄၀၁သန်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား အထက်ဖော်ပြပါ ရှင်းလင်းဆွေးနွေးချက်များမှာ ၂၀၁၇ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)ဖြစ်ပြီး လွှတ်တော်မှ ဆွေးနွေးဝေဖန်သုံးသပ်ရာတွင် အထောက်အကူဖြစ်စေဖို့အတွက် တက်နိုင်သမျှအရေးကြီးတဲ့အချက်တွေကို ခြုံငုံရှင်းလင်း တင်ပြခဲ့ခြင်းဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ အချိန်တိုအတွင်း ဆွေးနွေးအတည်ပြုပေးနိုင်စေရန် အတွက်လည်း ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ကြိုတင် တင်ပြခဲ့ပြီးဖြစ်ရာ ၂၀၁၇ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)အား အတည်ပြုပေးနိုင်ရေး လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ယနေ့(၁၆း၀၀)နာရီထက်နောက်မကျဘဲ လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပဉ္စမနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဆဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို (၁၃း၃၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၇ခုနှစ်၊ ဧပြီလ (၂၆)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
# [ ၂၀၁၇ ခုနှစ် ၊ ဧပြီလ ၂၆ ရက် ]
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၄ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၉.၁၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]နှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးစောစိန်ကျော်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၂၆-၄-၂၀၁၇) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၈)ဦး၏ ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်းကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၄ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ စိစစ်ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးမှ အမည်စာရင်းတင်ပြထားပါတယ်။ သို့ဖြစ်၍ ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးအရှေ့မြို့ရှောင်လမ်းနှင့်ပတ်သက်၍ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးညွန့်ရွှေမှ အစီရင်ခံ တင်ပြအပ်ပါသည်။ ယခု တိုင်းဒေသကြီးအစိုးရ လမ်းဦးစီးဌာနမှ တင်ပြထားသော အရှေ့မြို့ရှောင်လမ်းသည် အလျားမိုင်( ၈မိုင် ၃ဖာလုံခန့်) ရှည်လျားပါသည်။ ပဲခူး-ရန်ကုန်-လမ်းမကြီး-လာဂမို့ကျေးရွာအနီးမှစတင်၍

ပဲခူးမြို့အရှေ့ဘက်က ကမာနတ် ကျေးရွာအနီး သနပ်ပင်နယ်စပ်တွင် (ပဲခူး-ခရမ်းသုံးခွ-သံလျင်) သီလဝါဆိပ်ကမ်းသို့ သွားသောလမ်းမကြီး ဆုံရာအထိ ဖြစ်ပါသည်။ ၎င်းလမ်းဖြတ်သန်းရာတစ်လျှောက် ဒေသများသည် ရေနက်ကွင်းများဖြစ်ခြင်း၊ မြေသားပျော့ညံ့သော နုံးတင်မြေနုများရှိရာ ဒေသဖြစ်ပါသည်။ ပဲခူးမြစ်ကူးတံတားတစ်စင်းကို ဈေးညောင်ပင်ရွာအနီးတွင် တည်ဆောက်ရမည် ဖြစ်ပါသည်။ ၎င်းအပြင် လျှိုမြောင်များ များစွာတိုင် တံတားငယ်များလည်း တည်ဆောက်ရမည် ဖြစ်ပါသည်။ ပဲခူး-ရန်ကုန် ရထားလမ်းကိုလည်း ဒေါင်လိုက် ဖြတ်သန်းရမည် ဖြစ်ပါသည်။ ၎င်းအပြင် ကမာနတ်ကျေးရွာမှ မုက္ကလကျေးရွာမှတစ်ဆင့် သနပ်ပင်မြို့နယ် ပြွန်ပေါက်ကျေးရွာမှတစ်ဆင့် ပဲခူးစစ်တောင်းတူးမြောင်းသို့ စီးဆင်းနေသည့် ကမာနတ်ချောင်းကူး တံတားတစ်စင်းလည်း တည်ဆောက်ရမည်ဖြစ်ပါသည်။ ၎င်းလမ်းပိုင်းအစမှ အဆုံးထိ ကျပ်ငွေသန်းပေါင်း တစ်သောင်းငါးထောင်ကျော် ကုန်ကျမည်ဟု သိရပါသည်။ ၎င်းလမ်းပိုင်းအတွက် ကနဦးလမ်းအူကြောင်း ရှာဖွေရေးအတွက် (၅၄၃)သန်းခန့် ကုန်ကျမည်ဟုလည်း သိရပါသည်။ ၎င်းလမ်းပိုင်း ဖောက်လုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အထက်မြန်မာပြည်မှလာသော ကုန်တင်ယာဉ်များ ပဲခူးမြို့ကို ဖြတ်သန်းခြင်း မရှိစေဘဲ ပဲခူးမြို့ကို ရှောင်ပတ်၍ သံလျင်သီလဝါဆိပ်ကမ်းသို့သွားလာရန်၊ သံလျင်သီလဝါဆိပ်ကမ်းမှလာသော ကုန်တင်ယာဉ်များ ပဲခူးမြို့တွင်းသို့ ဝင်ရောက်ခြင်းမပြုစေဘဲ အထက်မြန်မာပြည်သို့ ပို့ဆောင်သွားလာရန် ရည်ရွယ်ကြောင်းလည်း သိရပါသည်။ ငွေကြေးအကုန်အကျလွန်စွာများပြားပြီး၊ မြေယာလျော်ကြေးများ များစွာကုန်ကျမှုများ ရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုလမ်းကြောင်း ရွေးချယ်ခြင်းအား ကန့်ကွက်ပါကြောင်း တင်ပြအပ်ပါသည်။ ငွေကြေးအကုန်အကျသက်သာပြီး ပိုမိုကောင်းမွန်သော လမ်းကြောင်းကိုသာ ရွေးချယ်ပါသည်။

ဒုတိယလမ်းကြောင်းတစ်ခုဖြစ်သော သနပ်ပင်မြို့ရှောင်လမ်း ခရမ်းသုံးခွသံလျင် လမ်းမကြီးနှင့် တစ်ဆက်တည်းရှိသော ယခင်ဂျပန်ခေတ်က ဖောက်လုပ်ခဲ့သော ရထားလမ်းဟောင်းတစ်ခု ရှိပါသည်။ လမ်းနယ်တစ်ဘက်တစ်ချက်တွင် ပေ(၁၅၀)ခန့်လည်း အသင့်ရှိပြီး၊ သနပ်ပင်မြို့မှ ပဲခူးမြို့ ကလိကျေးရွာ တောင်ဘက် ရန်ကုန်-မန္တလေး လမ်းမကြီးနှင့် တစ်ဆက်တစ်စပ်တည်း သွယ်တန်းလျက်ရှိပါသည်။ ထိုလမ်းကြောင်းကို ပြောင်းလဲအသုံးပြုမည်ဆိုလျှင်-

- ခရီးအကွာအဝေးမှာ (၆)မိုင်ခန့်သာရှိခြင်း၊
- ရထားလမ်းဟောင်း ကျောက်ခင်းပြီး လမ်းအကျယ် ပေ(၂၀) ပတ်ဝန်းကျင်ရှိခြင်း၊
- လမ်းနယ်နိမိတ်သတ်မှတ်ပြီးသားဖြစ်ခြင်း၊
- မြေသားအမာခံရရှိထားပြီးဖြစ်ခြင်း၊
- မြေယာလျော်ကြေးပေးရန်မလိုခြင်း၊
- မြစ်ကူးတံတားတစ်စင်း တပ်မံဆောက်လုပ်ရန်မလိုခြင်း၊
- လမ်းကိုကျူးဆောက်လုပ်ထားသော ကျူးကျော်အိမ် သနပ်ပင်ပိုင်း(၃၀)ခန့် ပဲခူးလမ်းပိုင်း(၂၀)ခန့်သာ ရှိသဖြင့် ကျူးကျော်အနည်းငယ်သာ ဖယ်ရှားရန်လိုခြင်း၊

စသည်တို့အတွက် ကုန်ကျငွေသည် ပထမလမ်း၏ သုံးပုံတစ်ပုံလောက်သာ သုံးစွဲမည်ဆိုပါက ပြီးမြောက်နိုင်မည်ဖြစ်ပါသည်။ ရန်ကုန်-မန္တလေးလမ်း ပဲခူးအနောက်မြို့ရှောင်လမ်းတို့နှင့် တစ်ဆက်တည်း ဖြစ်သဖြင့် သံလျင်သီလဝါဆိပ်ကမ်းမှလာသော ကုန်တင်ယာဉ်များ၊ အထက်မြန်မာပြည် သံလျင်သီလဝါဆိပ်ကမ်းသို့ လာသော ကုန်တင်ယာဉ်များ၊ ပဲခူးမြို့သို့ ဝင်ရောက်ခြင်း မရှိတော့ဘဲ အလွယ်တကူ ပဲခူး-ခရမ်းသုံးခွ-သံလျင်လမ်းမကြီးအတိုင်း သွားလာနိုင်ပါသည်။ သို့ဖြစ်ပါ၍ ဆင်းရဲ၍ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော ကျွန်တော်တို့နိုင်ငံအနေဖြင့် ငွေကြေး အကုန်အကျသက်သာ၍ ကောင်းမွန်သောလမ်းပိုင်းကိုသာ ရွေးချယ်ရန်လိုပါသည်ဟု ထင်မြင်ယူဆပါသည်။

အကယ်၍ လမ်းဦးစီးဌာနမှ ရွေးချယ်တင်ပြလာသော ပထမလမ်းပိုင်းအား ဖောက်လုပ်ခွင့်ပြုမည်ဆိုပါက B.O.T လုပ်ငန်း ဆောင်ရွက်မည့် ကုမ္ပဏီများ၊ ပြည်ထောင်စုရန်ပုံငွေတို့ဖြင့်သာ ဆောက်လုပ်သင့်ပါသည်။ ဥပမာအနေဖြင့် အနောက်မြို့ရှောင်လမ်းကို နမူနာယူသင့်ပါသည်။ အနောက်မြို့ရှောင်လမ်းသည် သန်းပေါင်း တစ်သောင်းလေးထောင်ခန့် တိုင်းဒေသကြီး၏ ရန်ပုံငွေမှ အကုန်အကျခံ တည်ဆောက်ခဲ့ပြီးပြီးလျှင်ပြီးခြင်းဆိုသလို ကုမ္ပဏီများသို့ B.O.T စနစ်ဖြင့် လွှဲပြောင်းပေးလိုက်ကြောင်း သိရပါသည်။ တိုင်းဒေသကြီးရန်ပုံငွေ ပြည်သူ့ဘဏ္ဍာငွေများကို B.O.T ကုမ္ပဏီများသို့ အညွန့်ခူးစားရန် ပေးလိုက်ခြင်းကို တွေ့ရပါသည်။ ဤကဲ့သို့ အဖြစ်မျိုးမကြုံတွေ့စေရန်အတွက် ယခုတင်ပြသော ဒုတိယလမ်းကြောင်းသည် တိုင်းဒေသကြီးရန်ပုံငွေဖြင့် သုံးစွဲဖောက်လုပ်မည်ဆိုလျှင် ငွေကြေးအကုန်အကျလည်း သက်သာ၊ အထူးပြုပြင်ရန်လည်း အနည်းငယ်သာဖြစ်ခြင်းကြောင့် သင့်လျော်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

ပဲခူးမြစ်ကူးတံတားတစ်စင်း ထပ်မံဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ အစီရင်ခံတင်ပြခြင်း၊ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးညွန့်ရွှေ အစီရင်ခံတင်ပြအပ်ပါသည်။ ယခုတိုင်းဒေသကြီးအစိုးရ လမ်းဦးစီးဌာနမှ တင်ပြသော ပဲခူးမြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းသည် ပဲခူးမြို့ မြို့သစ်-သဗိန်ဗရမ်းလမ်း ပြင်စည်ရပ်ကွက်မှ တာဘောင်များ မြေဖို့ပြီး ပဲခူး-ရန်ကုန် ရထားလမ်းအထိလည်းကောင်း၊ ရထားလမ်းမှ ပဲခူးမြစ်ကမ်းနားဘေးထိ မြေသားတာဘောင်ဖို့ခြင်းများ၊ ပဲခူးမြစ်ကူးတံတား ပေ(၃၉၀) တစ်စင်းတည်ဆောက်မည်ဖြစ်ပါသည်။ ၎င်းလမ်းပိုင်းတစ်လျှောက် မြေသားတာဘောင်များ တည်ဆောက်ထားခြင်းကြောင့် မိုးအခါပဲခူးမြို့၏ ဖောင်တော်ဦးရပ်ကွက်၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ဘူတာပိုင်းရပ်ကွက်တို့မှ ရေကြီးနစ်မြုပ်နေမည်ဖြစ်ပါသည်။ မည်သို့ပင် တစ်ဖာလုံလျှင် Box Calvert တစ်ခု လုပ်ပေးမည်ဆိုသော်လည်း ရေစီးရေလာ ကောင်းမည်မဟုတ် ရေကြီးနစ်မြုပ်ခြင်းကို ရှောင်ရှားနိုင်မည်မဟုတ်ပါ။ ပဲခူးမြို့သည် ပဲခူးမြစ်ရေသည် နှစ်စဉ်လိုလို ရေးကြီးနေပြီး ရေကြီးနစ်မြုပ်သောအခါ ပဲခူး-ရန်ကုန်လမ်းမကြီးပေါ်တွင် (၄)ပေခန့်အထိ ရေတက်နေသော အနေအထားမှာ ရှိနေပါသည်။ တစ်ဖန် ထိုမြစ်ကူးတံတားထိပ်မှ မုန်တိုင်းရွာနှင့် မြို့လေးရွာကြား ယခုလက်ရှိ တာဘောင်သို့ တံတားချဉ်းကပ်လမ်း တာဘောင်အဖြစ် (၃)ဖာလုံခန့် မြေအမြင့်

(၈)ပေခန့် ဖို့ရမည်ဖြစ်ပါသည်။ ၎င်းတာဘောင်ကြောင့် မုန်တိုင်းရွာအနောက်ခြမ်း၊ ပုဏ္ဏားစု၊ ပန်းလှိုင်ရပ်ကွက်တို့သည် မြစ်ရေကြီးချိန် ရေလျှံနစ်မြုပ်နေမှာ သေချာပါသည်။ ထို့ကြောင့် မြို့နေလူထုအတွက် အန္တရာယ်ကျရောက်နိုင်ပါသည်။ ၎င်းအပြင် မုန်တိုင်းရွာကိုကျော်၍ ပဲခူးမြို့ မက္ကာတစ်လမ်းအဆုံး ဆိုရှယ်လစ်ရပ်ကွက် ကျုံးရိုးပေါ်သို့ ပေ(၁၅၀)ခန့်ရှည်သော မုန်တိုင်းကျုံးကူးတံတား ထပ်မံတည်ဆောက်ရအုံးမည်ဖြစ်ပါသည်။ မုန်တိုင်းကျုံးသည် ပဲခူးမြို့၏ ရေထွက်ပေါက်တစ်ခုဖြစ်သောကြောင့် အထူးသတိထားဆောင်ရွက်ရမည် ဖြစ်ပါသည်။ ငွေကုန်ကြေးကျ ပထမအကြိမ် (၂၈၄၇. ၄၁၉)ပေါင်း (၃၇၈၁. ၄၁၉)သန်းကုန်ကျမည်ဟု သိရပါသည်။ လမ်းအရှည် (၂)မိုင် (၂)ဖာလုံခန့်ဟု သိရပါသည်။ သို့ဖြစ်ပါ၍ ပဲခူးမြို့လူထုအတွက် အန္တရာယ်ကြီးက ပဲခူးမြစ်ကူးတံတား တည်ဆောက်မှု မပြုလုပ်ရန် တောင်းဆိုပါသည်။ ၎င်းမြစ်ကူးတံတား ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ပဲခူးမြို့တွင် ဈေးကြီးအနီး မြစ်ကူးတံတားတစ်ခုသာရှိ၍ လမ်းကြပ်ခြင်း၊ ယာဉ်သွားယာဉ်လာများခြင်းမှ ကာကွယ်ရန် လမ်းလွှဲပေးခြင်းဟု သိရပါသည်။

အကယ်၍ ဤရည်ရွယ်ချက်အတိုင်း ဆောင်ရွက်လိုပါလျှင်လက်ရှိ ပဲခူးမြို့ အနောက်ဘက်ကမ်း ဇိုင်းဂနိုင်းမြောက်ပိုင်း ဘူတာလမ်းနှင့် ပဲခူးဈေးကြီးမြောက်ဘက်ခြမ်းတွင် ဘီလီတံတားတစ်ခုရှိပါသည်။ ၎င်းတံတားကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလိုက်လျှင် ပဲခူးမြစ်ကူးတံတား(၂)စင်း ဖြစ်သွားပြီး၊ ဘယ်ညာခွဲ၍ သွားလာနိုင်သဖြင့် လမ်းကြပ်တည်းမှုမှ ရှောင်ရှားနိုင်ပါသည်။ ၎င်းမြစ်ကူးတံတားသည် ဘူတာလမ်းပေါ်တွင် တည်ရှိသော်လည်း ၎င်းဘူတာလမ်းသို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်သော ဇိုင်း/မြောက်(၄)လမ်းနှင့် (၅)လမ်းတို့မှာ လမ်းကျယ်များဖြစ်သဖြင့် အလွယ်တကူသွားလာနိုင်ပါသည်။ ချောင်း၏အရှေ့ဘက်ကမ်းခြေထိပ်တွင်လည်း လမ်းပေါ်ကျူးကျော်ဈေးသည်များ ဖယ်ရှားပေးရုံမျှဖြင့် သွန်းဘုရားလမ်းမှတစ်ဆင့် ပဲခူးမြို့တွင်းသို့ သွားလာရန် လွယ်ကူပါသည်။ ပဲခူးမြို့အနေဖြင့် လက်ရှိချောင်းကူးတံတားမကြီးထိပ်တွင် ပဲခူးဈေးကြီးတည်ရှိခြင်း၊ ပဲခူးဈေးအနောက်တွင် အမှတ်(၂) အ. ထ. က၊ ရှေ့ဘက်တွင် အမှတ်(၃) အ. ထ. က၊ အမှတ်(၁) အ. ထ. က၊ ပန်းလှိုင်ပွဲရုံတန်း၊ ပြည်သူ့ဆေးရုံကြီးတို့ ရှိနေကြသဖြင့် ၎င်းဒေသတစ်ဝိုက်သည် မူလကတည်းက လူသွားလူလာအများဆုံးနေရာ ဖြစ်ပါသည်။ မည်သူပင်ဆိုစေ ၎င်းနေရာတစ်ဝိုက်သည် ပြည်သူအများ စုရုံးလာရောက်ရာဖြစ်သဖြင့် အခြားမြို့ပြင်မှ မြစ်ကူးတံတားဆောက်ပေးထားသော်လည်း ၎င်းနေရာများသို့ပင် ပြည်သူအများ လာရောက်ကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် ၎င်းဒေသ လက်ရှိမြစ်ကူးတံတားနှင့် မလှမ်းမကမ်းတွင် ရှိပြီးသော ဘီလီတံတားကို အဆင့်မြင့် ဆောက်လုပ်ပေးခြင်း၊ ယာဉ်ငယ်များသွားလာခွင့်ပေးခြင်းဖြင့် မြစ်ကူးပင်မတံတား လမ်းကြပ်တည်းမှုကို မျှဝေပေးရာ ရောက်နိုင်သဖြင့် အန္တရာယ်များ မုန်တိုင်းမြစ်ကူးတံတားအစား ဘီလီတံတားနေရာမှ အဆင့်မြင့်တံတား တည်ဆောက်ပေးခြင်းက ငွေကြေးအကုန်အကျလည်း သက်သာ၊ မြို့လူထုအတွက် လတ်တစ်လော အကျိုးပြုရာ ရောက်နိုင်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မင်္ဂလာပါ ကျွန်တော်ကတော့ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ လွှတ်တော်သို့ တင်သွင်းသည့် ပဲခူးအရှေ့မြို့ရှောင်လမ်း၊ ပဲခူးမြစ်ကူးတံတားအသစ်တစ်စင်းနှင့်ပတ်သက်သော သဘောထားများကို ပြည်သူ့ကိုယ်စားတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေဆိုသည်မှာ ပြည်သူ့ဘဏ္ဍာများသာ ဖြစ်ပါသည်။ အစိုးရက ပြည်သူ့ကိုယ်စား ကိုင်တွယ်၍ စီမံခန့်ခွဲဆောင်ရွက်ရခြင်းသာ ဖြစ်ပါသည်။ လွှတ်တော်၏ တာဝန်မှာ ပြည်သူ့ဘဏ္ဍာများ အလေအလွင့် ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ပြည်သူ့ကိုယ်စားလှယ်များအား ပြည်သူ့ကိုယ်စား စောင့်ကြည့်ထိန်းညှိပေးရခြင်း ဖြစ်ပါသည်။ ပြည်သူ့ဘဏ္ဍာများကို သုံးစွဲရာတွင် အမှန်တစ်ကယ် အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံး (အကျိုးဖြစ်ထွန်းသည်ဆိုရာမှာလည်း နိုင်ငံသူ၊ နိုင်ငံသား ပြည်သူအများအကျိုးဖြစ်ထွန်းရန် ဆိုလိုရင်းဖြစ်ပြီး တစ်ခုတစ်ဖွဲ့ အကျိုးဖြစ်ထွန်းမှုကို ဆိုလိုရင်းမဟုတ်ပါ)၊ နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒ၊ အသုံးစရိတ်မူဝါဒ ပြဋ္ဌာန်းရာမှာ

- ပြည်သူလူထုကို ချက်ချင်းလက်ငင်းအကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊
- စီမံကိန်းများအား ဦးစားပေးအဆင့် ခွဲခြား၍ အကောင်အထည်ဖော်ရန် အကောင်အထည်ဖော်ရာမှာလည်း ကုန်ကျစရိတ်အသက်သာဆုံးနှင့် အထိရောက်ဆုံးအကောင်အထည်ဖော်ရန်၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးတို့အတွက် ဦးစားပေးသုံးစွဲရန်၊

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၂၅. ၁၁. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၁၂၄၈/၂၄၂ ငွေစာရင်း ၃-၁/အဖရ (၂၀၁၆)ပါ ဘတ်ဂျက်လိုငွေ ထိန်းချုပ်ရန်အတွက် ရငွေများကို ရှာဖွေရန် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုသည့်အသုံးစရိတ်များကိုသာ လျာထား၍ ခြိုးခြံချွေတာသုံးရန် လိုက်နာရမည့် အချက်(၁၀)ချက် ပြဋ္ဌာန်းထားပါသည်။

၂၀၁၆မှာ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီမှ လွှတ်တော်ကို တင်သွင်းခဲ့သည့် အသုံးစရိတ်များ တောင်းခံမှုအား စိစစ်မှုအခြေအနေကို တင်ပြရာမှာ

လည်းကောင်း၊ ကော်မတီ၏ (၄/၂၀၁၆) အစီရင်ခံစာမှာလည်းကောင်း ဖော်ပြခဲ့ရာမှာ တောင်းခံမှု များပြားသည့် အသုံးစရိတ်များနှင့် အသေးစိတ်တွက်ချက်မှုများ တင်ပြမှုမရှိဘဲ ငွေလုံးငွေရင်း ဘဏ္ဍာ ရန်ပုံငွေဖြင့် တိုးချဲ့ရင်းနှီးမြုပ်နှံမှုလုပ်ငန်းများကို ပမာဏမြောက်မြားစွာဖြင့် ဆောင်ရွက်ရန် တင်ပြတောင်းခံလာမှု (ဥပမာ-ပဲခူးမြို့ အရှေ့မြို့ရှောင်လမ်းစီမံကိန်းသစ် ဖောက်လုပ်ခြင်းလို့ ဖော်ပြပါရှိပါတယ်။)

ပဲခူးမြို့အရှေ့မြို့ရှောင်လမ်းကိစ္စမှာ-

- အနောက်မြို့ရှောင်လမ်းရှိပြီး ပြည်ထောင်စုမှ B.O.T ပေး၍ မကြာမီ(၄)လမ်းသွား လမ်းမကြီး ဖြစ်ပြီး၊ ယာဉ်အစီးရေ(၃)ဆမျှ ထပ်တိုးသွားလာနိုင်ခြင်း၊
- အရှေ့မြို့ရှောင်လမ်း ဖောက်လုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သော ရန်ကုန်သီလဝါ ဆိပ်ကမ်းမှ ခရမ်းသံလျင် ပဲခူးလမ်းအတိုင်း အထက်မြန်မာပြည်သို့ ကုန်စည်ပို့ဆောင်ရန် လမ်းကြောင်းသစ်တစ်ခုဆိုရာတွင် ကုန်ကျစရိတ်(၁၀)ဆက သက်သာသည့် လမ်းတိုတစ်ခုဖြင့် ဖြေရှင်းနိုင်ခြင်း၊
- အရှေ့မြို့ရှောင်လမ်းအတွက် ရွေးချယ်ရသည့်နေရာသည် ပြည်သူအများ၏ ရွာမြေနှင့် နီးကပ်စွာ တည်ရှိပြီး တစ်ချို့ဖျက်သိမ်းခံရမည်ဖြစ်ပြီး လယ်မြေများစွာ နိုင်ငံတော်အတွက် ဆုံးရှုံးမည်ဖြစ်ခြင်း၊
- ရေနက်ကွင်း ချောင်းငယ်မြောင်းငယ် ပဲခူးမြစ် စသည်တို့ကို ဖြတ်သန်းရန် သာမာန် လမ်းများထက် လွန်စွာများပြားသော ငွေကြေးပမာဏ သုံးစွဲရမည်ဖြစ်ပါသည်။

မြစ်ကူးတံတားနှင့် မြို့တွင်းသို့ဝင်သည့်လမ်း ရွေးချယ်ရာတွင်လည်း ပဲခူးမြို့၏ ဒေသန္တရအခြေအနေ ပဲခူးမြစ်ရေကြီးမှု

- ပြည်သူအများ စိုးရိမ်ပူပန်မှု (ဥပမာ-တံတားဖြတ်သန်းမည့် ချဉ်းကပ်လမ်းတမံ) ဆောက်လုပ်မည့် ဒေသရှိပြည်သူအများ စိုးရိမ်ပူပန်မှု၊ ထည့်သွင်းစဉ်းစားခြင်း ရှိ/မရှိ၊
- သက်ဆိုင်ရာနယ်မြေဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ(ပြည်ထောင်စုအဆင့် တိုင်းဒေသကြီးအဆင့်)၏ ပြည်သူအများ၏ သဘောထားရယူခြင်း မရှိခြင်း၊
- အရေးကြီးဆုံးဖြစ်သည့် မြစ်ကူးတံတားမှ ပဲခူးမြို့တွင်းသို့ ဝင်မည့်လမ်းကြောင်းသည် လုံးဝ သင့်တော်မှန်ကန်မှုမရှိခြင်း၊

(ဒီလမ်းကြောင်းကို ဆွေးနွေးပွဲမှာ ဆွေးနွေးခဲ့သလို ပဲခူးမြို့ရဲ့ လူဦးရေသိပ်သည်းထူထပ်မှု အများဆုံးဖြစ်သည့် မှော်ကန်၊ ပုဏ္ဏားစု၊ ဆိုရှယ်လစ်၊ အလင်းရောင်၊ နန်းတော်ရာတို့၏ လမ်းပွင့်ဖြစ်သည့် မက္ကတစ်လမ်းသို့ လမ်းကြောင်းဝင်မည့်အစား ပဲခူးမြို့အနောက်မှ အရှေ့သို့ မြို့နယ်အပြိုင်လမ်းမကြီး ဖောက်လုပ်ပြီး လမ်းသွယ်များမှ ထိုလမ်းမကြီးသို့ ဝင်ရောက်မည် ဆိုပါက ပဲခူးမြို့၏ လမ်းမကြီး(၃)သွယ်ဖြစ်သည့် တောင်ငူလမ်း၊ ဘုရားလမ်း၊ သနပ်ပင်လမ်း

တို့နှင့်အပြိုင် အမှန်တစ်ကယ် အကျိုးရှိမည့် နောက်ထပ်လမ်းမကြီးတစ်ခု ဖြစ်နိုင်ခြင်း)

ထိုသို့မြစ်ကူးတံတားရော လမ်းမကြီးပါ တစ်ပြိုင်နက်လုပ်နိုင်သည့် ဘတ်ဂျက်နှစ်မှ ဆောက်လုပ်ပါက ပြည်သူအကျိုးရှိ ဝမ်းသာမည်ဖြစ်ပြီး၊ ယခုပုံစံမြို့ဝင်လမ်းအတိုင်း ဆောက်လုပ်ပါက စီမံကိန်း လုပ်လိုက်မှ ပြည်သူ့အတွက် အခက်အခဲများစွာ ဖြစ်ပွားနိုင်ပါသည်။

တိုင်းဒေသကြီး၏ ဆောက်လုပ်ရေးဘတ်ဂျက်နှင့် ပြည်ထောင်စုဘတ်ဂျက် နှိုင်းယှဉ်တင်ပြပါမည်။ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်တွင် ပြည်ထောင်စုအဆင့်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အသုံးစရိတ်မှာ နိုင်ငံတော်ဘတ်ဂျက်၏ (၂. ၄၈)% ရှိပါသည်။ ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီးဘတ်ဂျက်တွင်မူ တိုင်းဆောက်လုပ်ရေးလမ်းဦးစီး၏ ဘတ်ဂျက်သည် တစ်တိုင်းလုံးဘတ်ဂျက်၏ (၄၂. ၇)% တင်ပြထားပါသည်။ လမ်းဦးစီးဌာနအသုံးများလွန်းလို့ပြောနေခြင်း မဟုတ်ဘဲ ပြည်သူ့ဘဏ္ဍာများသုံးသမျှ အကျိုးရှိစေလို၍ တင်ပြရခြင်း ဖြစ်ပါသည်။ ယခုအရှေ့မြို့ရှောင်လမ်း လမ်းအူကြောင်း ရှာဖွေရံ့ တင်ပြထားသည့် ငွေကြေးနှင့် ပဲခူးမြစ်ကူးတံတားနှင့် မက္ကတစ်လမ်းသို့ အဝင်လမ်းသည် ခန့်မှန်း ၃. ၃ bill များ တွက်ချက်ပြရမည်ဆိုလျှင် (၁၂၅)သိန်းတန် - Type C စာသင်ကျောင်း (၂၆၄)ကျောင်းသို့ (၁၅)သိန်း ခန့်ကုန်ကျသော ကျေးလက်မြေသားကန်ပေါင်း (၂၀၀၀)ခန့် (သို့) သိန်း (၁၅၀၀)ဘတ်ဟိုး (၂၂)စီး (သို့) သိန်း(၃၀၀)တန် မြေသယ်ကား (၁၁၀)စီး ဝယ်ယူ၍ရနိုင်သော ငွေကြေးဖြစ်ပါသည်။ အသုံးစရိတ်မူဝါဒ (၂) (၄) (၆) တွင် ဖော်ပြပြီးသည့် အတိုင်း လိုက်နာအကောင်အထည်ဖော်စေချင်ကြောင်း ဥပမာ (၂) ကသစ်ခုံရွာဟောင်း၊ တောင်မီး-သူဌေး ကုန်းလမ်း ပြည်သူတရားစွဲခံနေရ၊ (၄) အရှည်မကြည့်ခြင်းလား အဓိကနှင့်သာမန် ခွဲခြားဆင်ခြင်နိုင်ခြင်းလား စဉ်းစားကြစို့၊ နှစ်ကူးသင်္ကြန် Bonus လေးရ ဗဟုသုတရရှိရန် ရုပ်သံလိုင်းတစ်ခု ဝယ်မလား၊ အိမ်မှာ အသက်ငင်အမောဖောက်နေသည့် အမေအိုကို ဆေးရုံပို့မှာလား စဉ်းစားကြဖို့ တိုက်တွန်းရင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ရေးပါဝင်သော ထန်းတပင်မြို့ရှောင်လမ်းကို ဖောက်လုပ်မည်ကို ကန့်ကွက်ခြင်း။

ယခင်အစိုးရလက်ထက် ၂၀၁၄/၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ထန်းတပင်မြို့ရှောင်လမ်းပိုင်း ဖောက်လုပ်မည်ကို မြို့ခံပြည်သူများနှင့် လမ်းအူကြောင်းတွင် ပါဝင်သော တောင်သူများ၏ ကန့်ကွက်မှုကြောင့် မြို့ရှောင်လမ်းပိုင်း ဖောက်လုပ်မှုကို ယခင်တိုင်းဒေသကြီးအစိုးရ ရပ်ဆိုင်းခဲ့ရပါသည်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြို့ရှောင်လမ်းပိုင်းအား လမ်းဦးစီးဌာနမှ လမ်းအူကြောင်းတိုင်းတာ၍ အလံတိုင်များ

စိုက်ထူချိန်တွင် အောင်မင်္ဂလာရပ်ကွက်၊ သီရိ ဟေမာရပ်ကွက်၊ အောင်သုခရပ်ကွက်မှ ပြည်သူများနှင့် တောင်သူများမှ ကန့်ကွက်စာများ နိုင်ငံတော်သမ္မတထံအထိ အဆင့်ဆင့် တာဝန်ရှိသူများထံ ပေးပို့ပြီး ဖြစ်ပါသည်။ ယခုလိုကျွန်တော့်အနေဖြင့် ကန့်ကွက်နေရခြင်းသည် ပြည်သူ့ဆန္ဒအရ၊ ပြည်သူများ၏ တင်ပြမှုကြောင့် ကန့်ကွက်နေရခြင်း ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော့်အနေဖြင့် ပြည်သူများ တင်ပြလာတိုင်း အမှတ်တရားဟုယူဆ၍ မဟုတ်ဘဲ အကျိုးအကြောင်းကို ခိုင်လုံစွာစဉ်းစားပြီးမှ ကန့်ကွက်နေခြင်းဖြစ်ပါတယ်။ ထန်းတပင်တပြေးမြို့ရှောင်လမ်းပိုင်းသည် (၃. ၃)မိုင်ရှည်လျှင် အကျယ်အားဖြင့် မြေပြင်တွင် ပေ(၂၀၀) အကျယ်တိုင်းထွာခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် အနာဂါတ်အမြင်မရှိ၍မဟုတ်ပါ။ မြို့ရှောင်လမ်း ဖောက်လုပ်ခြင်းသည် မည်သည့်အတွက်ကြောင့် ဖောက်လုပ်မည်ကို သက်ဆိုင်ရာ မြို့ခံပြည်သူများနှင့် လမ်းအူကြောင်းတွင် ပါဝင်မည့် တောင်သူများအား မကျိုးအကြောင်းခိုင်လုံစွာ ရှင်းပြရန်လိုပါသည်။ ပြည်သူကို အသိအမှတ်ပြုရန် လိုပါသည်။

ယခုလိုဆောင်ရွက်ခြင်းသည် ပြည်သူ့ဆန္ဒ (Botton-Up) မဟုတ်ဘဲ (Top-down) သဘောမျိုး ဆောင်ရွက်နေသလိုဖြစ်နေ၍ ပြည်သူများ၏ ကန့်ကွက်ဆန္ဒပြမှုများပေါ်ပေါက်နေ၍ ပြည်သူ့ အစိုးရအနေဖြင့် သတိကြီးစွာ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ယခုလိုမြို့ရှောင်လမ်းဖောက်လုပ်ခြင်းသည် မြို့တွင်းလမ်းများ ကျန်နေ၍ အနာဂတ်အမြင်အရ နောင်တိုးတက်လာမည့် လူဦးရေနှင့် မြို့တွင်းယာဉ်အန္တရယ် ကင်းရှင်းစေရန် ရည်ရွယ်ဖောက်လုပ်ခြင်း ဖြစ်သည်ဟု မြင်ပါတယ်။ ထန်းတပင်မြို့အနေဖြင့် ယခုအချိန်မှာ နောင်(၁၀)နှစ်တာ ကာလအထိ မြို့ရှောင်လမ်းဖောက်လုပ်ရန် အမှန်တကယ် မလိုအပ်သေးပါ။ လက်ရှိ မြို့တွင်းအဝင် လမ်းပိုင်း(၂)ခုအား လမ်း ဝဲ/ယာ (၃)ပေခန့်စီချဲ့၍ အသွား/အပြန်လမ်းအဖြစ် ပေ(၃၅၀၀)ခန့်အား သတ်မှတ်ပေးပြီး ကျန်လမ်းပိုင်းအား ပေ(၄၀)အထိ တိုးချဲ့ခြင်းဖြင့် ယခုမြို့ရှောင်လမ်း ဖောက်လုပ်မည့် ကုန်ကျစရိတ်ထက်ဝက်နီးပါး သက်သာမည်ဖြစ်ပါသည်။ မြို့ရှောင်လမ်းအား မလိုအပ်သေးဘဲ ဖောက်လုပ်မည် ဆိုပါက လမ်းအူကြောင်းတွင် ပါဝင်မည့် လုပ်ကွက်ငယ်တောင်သူများနှင့် လယ်ယာလုပ်သားများ၊ အလုပ်လက်မဲ့ ပြဿနာများပေါ်ပေါက်လာမည် ဖြစ်ပါသည်။ ကျွန်တော်တို့ ထန်းတပင်မြို့ အိမ်ထောင်စု အားလုံးပေါင်း (၈၅)% ကျော်သာ လယ်ယာလုပ်ငန်း လုပ်ကိုင်သူများဖြစ်ပြီး၊ လယ်/ယာလုပ်ငန်းမှလွဲ၍ အခြားလုပ်ငန်း လုပ်ကိုင်တက်ခြင်းမရှိပါ။ လမ်းဦးစီးဌာနအနေဖြင့် မြို့ရှောင်လမ်း ဖောက်လုပ်ရန် အမှန်တစ်ကယ်လိုအပ်သည့်အကြောင်းရင်းက ဘာကြောင့်လဲ

- အာဆီယံပတ်လမ်းအတွက်လား၊
- အာရှပတ်လမ်းအတွက်လား၊
- ဒေသဖွံ့ဖြိုးရေးအတွက်လား၊
- နိုင်ငံတော်ပိုင် စီးပွားရေးအတွက် စက်ရုံ၊ အလုပ်ရုံ တည်ဆောက်ဖို့အတွက် နိုင်ငံတကာနှင့်
- ပြည်တွင်းကုမ္ပဏီပိုင်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှာလား။

ဒီလိုခိုင်မာသည့် အထောက်အထားပြနိုင်မည်ဆိုလျှင် အလုပ်လက်မဲ့ပြည်သူများ၊ မြေယာသိမ်းဆည်းခံရမည့် ပြည်သူများနှင့် လယ်ယာလုပ်သားများအတွက် အလုပ်အကိုင်ရရှိမည်၊ အလုပ်အကိုင်ဖန်တီးပေးမည်ဆိုလျှင် ကန့်ကွက်စရာအကြောင်းမရှိပါ။ ဒီလိုဆိုရင် ရင်းနှီးမြှုပ်နှံတာရောက်ရှိလာမည်ဆိုရင်တော့ မြို့ရှောင်လမ်းပိုင်းကလိုအပ်ပါတယ်။ ကြိုလည်းကြိုဆိုရမှာ ဖြစ်ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုအတွက်ဘဲဆိုရင်တော့ ကျွန်တော်တို့မြို့အနေဖြင့် မြို့ရှောင်လမ်းဖောက်လုပ်ရန် မလိုအပ်ပါ။ ကျွန်တော့်မြို့နယ်အနေထားဖြင့် ယာဉ်ကြောပိတ်ဆို့စရာလည်းမရှိပါ။ ပြည်သူ့ကိုအသိမပေးဘဲ မြေယာသိမ်းပြီး စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်မည်ဆိုလျှင် အကျိုးနှင့်အပြစ်ကို ဒွန်တွဲစဉ်းစားဖို့လိုပါတယ်။ စီမံကိန်းအတွက်လိုအပ်ချက်အရ မြေယာတွေသိမ်းမည်။ မြေယာအသိမ်းခံရသည့် တောင်သူတွေရဲ့ မိသားစုဘဝကိုလည်းထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ သူတို့၏ ဘဝလုံခြုံမှုရှိအောင် အလုပ်အကိုင်တွေ ဖန်တီးပေးမလား၊ မြေယာလျော်ကြေးအနေနှင့် ဆိုရင်တော့ ဘဝပျက်ဖို့ဘဲရှိတော့တယ်။ ဒါကိုလည်း အနာဂတ်အမြင်နှင့်ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ အတိတ်ကဖြစ်ရပ်ကိုလည်း သင်ခန်းစာကိုလည်း ယူသင့်ပါတယ်။ တကယ်တော့ မြို့ရှောင်လမ်းဖောက်လုပ်ခြင်းဟာ ကြိုဆိုရမှာပါ။

သို့သော်လည်း ယခုအချိန်မှာ မလိုအပ်သေးဘဲ အချိန်စောလွန်းနေသေး၍ မလိုလားအပ်သေးဘဲ နိုင်ငံတော်ဘဏ္ဍာ ရင်းနှီးမြှုပ်နှံထားရခြင်း၊ လယ်ယာမြေတွေ ဆုံးရှုံးရခြင်း၊ သီးနှံအထွက် နှုန်းလျော့ကျခြင်း၊ တောင်သူနှင့် လယ်ယာလုပ်သားများ အလုပ်လက်မဲ့ ပြဿနာမဖြစ်ပေါ်စေရေးအတွက် တင်ပြနေခြင်းဖြစ်ပါသည်။ ယခုလို ကျွန်တော်ကန့်ကွက်ခြင်းသည် မြို့ရှောင်လမ်းပိုင်းကိုသာ ကန့်ကွက်ခြင်းဖြစ်ပြီး ငွေလုံးကိုကန့်ကွက်ခြင်းမဟုတ်ပါ။ အမှန်တစ်ကယ် ထန်းတပင်မြို့အဝင်လမ်းမှာ ကျဉ်းမြောင်းနေ၍ မြို့ခံပြည်သူလူထု၏ဆန္ဒမှာ မူလလမ်းဟောင်း (၂)လမ်းအား ဝဲ/ယာ (၃)ပေခန့် ပေ(၃၅၀၀)ခန့်တိုးချဲ့၍ အသွား/အပြန်လမ်းသတ်မှတ်ပြီး ကျန်လမ်းပိုင်းအား ပေ(၄၀)အထိ တိုးချဲ့စေလိုကြောင်း ပြည်သူများ၏ကိုယ်စား လေးစားစွာတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေး ပေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးဘဲ မင်္ဂလာပါခင်ဗျား- ယခု ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ဥပဒေကြမ်းဖြင့် တင်သွင်းလာသော တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေကြမ်း၏ အစိတ်ပိုင်းအဖြစ်ပါဝင်သော စီမံကိန်းတစ်ခုဖြစ်သည့် ပဲခူးမြို့အရှေ့ဘက်မြို့ရှောင်လမ်း

(အရှည် ၁၂ မိုင် ၄ ဖာလုံ) လမ်းနှင့်ပတ်သက်၍ လွှတ်တော်သို့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား- ယခုလမ်းကိစ္စနှင့် ပတ်သက်၍ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၅ ပါ ဥပဒေကြမ်းပေးပို့ရန်ကာလ နည်းဥပဒေ ၁၃၄ အရ ဥပဒေကြမ်းပေးပို့ရာတွင် လွှတ်တော်အစည်းအဝေးမစတင်မီ တစ်လအလို တင်ပြရမည်လို့ ဥပဒေအရ အတိအလင်း ပြဋ္ဌာန်းထားပါသည်။ သို့ပါသော်လည်း အစိုးရအဖွဲ့မှ လုပ်ငန်းများ တင်ပြလုပ်ဆောင်ရာတွင် ဥပဒေနှင့်မညီဘဲ လွန်ခဲ့သောရက်ပိုင်းကမှ လွှတ်တော်သို့ ဥပဒေကြမ်း တင်ပြလာပြီး လုပ်ငန်းများရှင်းလင်း တင်ပြတာကို တွေ့ရပါတယ်။ ဥပဒေကြောင်းအရ အစိုးရ၏တင်ပြမှုကို လွှတ်တော်သို့ တင်ပြခွင့်ရယူရမည် ဖြစ်သည့်အကြောင်း အစိုးရ၏မူဝါဒများမှ တစ်ချက်ဖြစ်သော State Holder (ပူးပေါင်းပါဝင် ပတ်သက်သူများ) ဆိုသည့်အချက်ကို မျက်ကွယ်ပြုခြင်းဖြစ်ပါတယ်။

ယခု ပဲခူးမြို့အရှေ့မြို့ရှောင်လမ်းနှင့်ပတ်သက်၍ တင်ပြဆွေးနွေးချင်သည့်အချက်ကတော့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလ(၃)ခုနှင့် ပိုင်းခြားခွဲခြား၍ အချက်(၃)ချက်ဖြင့် ဆွေးနွေးမှာ ဖြစ်ပါတယ်။

**အတိတ်**

- အတိတ်ကာလမှာ ပဲခူးမြို့မှာ လက်ရှိ အနောက်မြို့ရှောင်လမ်းကိစ္စ၊ လမ်းဟောင်းရှိနေသည့် အတွက် B.O.T စနစ်ဖြင့် လမ်းများတိုးချဲ့ရန် (သို့မဟုတ်) (၄)လမ်းသွား (၆)လမ်းသွား တိုးချဲ့စေလိုပါတယ်။ သို့မှသာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ယခုလမ်းရှိ နေပါလျှက် ဒေသဆိုင်ရာ မြို့နယ်ကိုယ်စားလှယ်များမှ လမ်းအရည်အသွေး၊ ငွေကြေးဆိုင်ရာ မေးခွန်းများနှင့် ပြဿနာများ၊ လမ်းဘေးဝဲယာရှိ လယ်မြေခြံမြေအကွက်ရိုက် သိမ်းဆည်းမှု ပြဿနာများဖြင့် အနောက်ဘက်မြို့ရှောင်လမ်းကို ဖြေရှင်းစေလိုပါတယ်။

**ပစ္စုပ္ပန်**

- လက်ရှိလမ်းသစ်ဖောက်လုပ်ရန် ငွေသုံးစွဲမည်ဆိုပါက နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံး နိုင်ကြောင်း ယူဆမိပါတယ်။ ကျေးလက်ပြည်သူလိုအပ်ချက်အရ လွှတ်တော်ကိုယ်စားလှယ် များ၏ ဆန္ဒနှင့်အညီ စီမံကိန်းလုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းတိုင်ပင်ပြီးမှသာ လုပ်ကိုင် သင့်ပါတယ်။ ယခု ပဲခူးမြို့ အရှေ့မြို့ရှောင်လမ်း လျာထားသတ်မှတ်သုံးစွဲငွေ သန်း ၅၀၀၀ (သိန်းငါးထောင်)ကျော်အား တစ်ကြောင်းထိုး မြေတာဘောင်ဖို့ခြင်းနှင့် မြေယာလျော်ကြေး အဖြစ် တစ်ဧက (၁၀)သိန်း နှုန်းဖြင့် လျော်ကြေးပေးမည်ဖြစ်တယ်လို့ လေ့လာစိစစ် သိရှိ ရပါတယ်။ ယခုငွေအပြင် တံတား (၁၂)စင်းနှင့် လမ်းတိုးချဲ့မည့် ကုန်ကျငွေများစွာရှိနေပါသဖြင့် လက်ရှိပစ္စုပ္ပန်တည့်တည့်တွင် လုပ်ချင်တာထက် လုပ်သင့်တာကို လုပ်ကိုင်သင့်ကြောင်း

တိုင်းဒေသကြီးဘဏ္ဍာငွေ အခက်အခဲကြောင့် ပူးပေါင်းညှိနှိုင်းလုပ်ကိုင်သင့်ကြောင်း အကြံပြု လိုပါတယ်။

**အနာဂတ်**

- ပဲခူးမြို့ အရှေ့မြို့ရှောင်လမ်းကိစ္စနှင့်ပတ်သက်၍ ကောင်းကျိုးဆိုးကျိုးများကို ဆွေးနွေးချင်ပါတယ်။ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက်များ ကောင်းပါတယ်။ ဒါပေမဲ့ ယခုလမ်းကို ဆက်လက်လုပ်ကိုင်မည်ဆိုပါက ဒေသခံကိုယ်စားလှယ်များ တင်ပြဆွေးနွေးသလို ရေလွှမ်းရေဝပ်ဧရိယာဖြစ်နေခြင်းကြောင့် မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သလို မလိုလားအပ်သော ပြည်သူများ၏ ကန့်ကွက်မှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။

ယခုတင်ပြပါ ပဲခူးမြို့အရှေ့ရှောင်လမ်းသည် မိုင်တိုင်အမှတ် ၄၄/၂ မှ မိုင်တိုင်အမှတ်၅၄/၄ တွင်ဆုံးပြီး (အရှည် ၁၂ မိုင် ၄ဖာလုံ အကျယ် ၂၃၀ ပေ) အတွက် လမ်းမြေဧရိယာ (၃၄၈. ၅)ဧက ဆုံးရှုံးမည်ဖြစ်ပြီး အဆိုပါလယ်မြေဧကများရှိ လယ်ပိုင်ရှင်များ၏ သဘောထားဆန္ဒ ဖြေရှင်းရမည့် အခက်အခဲများစွာရှိပါတယ်။ ယခုပြည်ထောင်စုအဆင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများမှ ပြည်ထောင်စုမှ တိုင်းဒေသကြီးမြို့နယ်များအထိ တိကျစွာဖြေရှင်းဆောင်ရွက်နိုင်မှု မရှိသေးသောအချိန်တွင် နောက်ထပ်စိန်ခေါ်မှုများ ပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသဖြင့် လမ်းသစ်ဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အပိုင်း(၃)ပိုင်းဖြင့် ခွဲခြား သုံးသပ်နိုင်ရန်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဥပဒေကြမ်းအဖြစ် တင်သွင်းလာသော ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရသုံးခန့်မှန်းခြေငွေစာရင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကိန်းတစ်ခုဖြစ်သော ပဲခူးမြို့အရှေ့ဘက်မြို့ရှောင်လမ်းအပိုင်းအား ဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်း လမ်းသည် အရှည်အားဖြင့် မိုင်(၇၀. ၅)ဖာလုံရှိသော လမ်းဖြစ်ပါသည်။ အဆိုပါလမ်းအတွက် လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ အတွက် ဘဏ္ဍာငွေလျာထားမှုမှာ ကျပ်သန်းပေါင်း(၂၈၀၉. ၇၁၃)သန်းဖြစ်ပါသည်။ မြို့ချောင်းနှင့် ကျွန်းကုန်းလမ်းပိုင်းသည် မြေပြန့်ပိုင်းဖြစ်ပြီး အများပြည်သူကို ဝန်ဆောင်မှုပေးနိုင်မည် ဖြစ်သော်လည်း မြို့ချောင်းမှ စိန်ကန့်လန့်အထိသည် မြင့်မားမတ်စောက်သော တောင်ကုန်းတောင်ဆင်းများ၊ လျှိုမြောင်အလိမ်အကောက်များနှင့် ထူထပ်သော လမ်းဖြစ်သည်။

လမ်းဘေးဝဲယာတစ်လျှောက်တွင်လည်း ရွာစဉ်ရွာတန်းများကို မတွေ့ရဘဲ ယာယီတဲအိမ်ကလေးများကိုသာ ဟိုတစ်လုံးသည်တစ်လုံး ရှားရှားပါးပါးတွေ့ရမည် ဖြစ်ပါသည်။ **“လူပျောက်နေသောအရပ်မှာ**

**လမ်းဖောက်ပြီး လမ်းပျောက်နေသော ပြည်သူများအတွက် ဆောင်ရွက်ပေးမှုအားနည်းနေသည်မှာလည်း ဝမ်းနည်းစရာဖြစ်ပါသည်။”**

မင်းလှမြို့သည် စက်မှုဇုန်များနှင့် ကြီးကျယ်ခမ်းနားနေသော စီးပွားရေးမြို့ကြီးလား။ ဒါလည်းမတွေ့ရ။ လမ်း၏အရှေ့တည့်တည့် ကျောက်တံခါးနှင့် ညောင်လေးပင်မြို့များသည်လည်း စက်မှုယန္တရား များနှင့် စီးပွားရေးတွင် ကြီးကျယ်နေသော မြို့ကြီးများမဟုတ်ပါ။ ရိုးမလမ်းကြောင်းတစ်လျှောက်တွင် မြန်မာပြည်သားများ၊ ကမ္ဘာသူကမ္ဘာသားများကို ဆွဲဆောင်မှုအရှိဆုံးဖြစ်သော ကနေဒါနိုင်ငံ ရော့ကီး တောင်တန်းပေါ်ရှိ **“နိုင်ရာဂရာ”** ရေတံခွန်ကဲ့သို့ အပန်းဖြေနားချင်စရာနေရာလည်း မတွေ့ရ။ ပြည်-ပေါက်ခေါင်း-အုတ်တွင်း ရိုးမဖြတ်လမ်းကို ပြန်ကြည့်ကြစို့ ၎င်းလမ်းတွင် နဝဒေးမြစ်ကူးတံတားကြီးရှိထားပြီး ပန်းတောင်း-တောင်ကုတ်ကားလမ်း ရခိုင်ပြည်နယ်သို့၊ ပုသိမ်-မုံရွာကားလမ်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်း အနောက်ခြမ်း၊ စစ်ကိုင်းတိုင်းတို့နှင့် ကွန်ယက်သဖွယ် ချိတ်ဆက်ထားသော်လည်း ဒေသခံကိုယ်စားလှယ်များ၏ ပြောပြချက်အရ ကုန်စည်စီးဆင်းမှု တွင်တွင်ကျယ်ကျယ် သွက်သွက်လက်လက်မရှိလှ။ Express ကားကြီးများနှင့် ခရီးသွားပြည်သူများ သွားလာနေသည်ကိုလည်းမတွေ့ရပါ။

မင်းလှ-စိန်ကန့်လန့်-မြို့ချောင်းလမ်း၏ အနောက်ဘက် သင့်တော်သောနေရာမှာလည်း ဧရာဝတီမြစ်ကူးတံတားကြီးကို ဆောက်ဖို့လည်း အရိပ်အယောင်မတွေ့ရသေးပါကြောင်း၊ ဧရာဝတီတိုင်းတို့ ရခိုင်တို့နှင့် ချိတ်ဆက်ဆောင်ရွက်ဖို့လည်း အခြေအနေမကောင်းသေးဖြစ်နေပါတယ်။ ယခုအချိန်သည် တိုင်းပြည်မှာ အဘက်ဘက်မှ နိမ့်ကျပြီး သုညမှစနေရသော အခြေအနေ ဖြစ်နေပါသည်။ ပြည်သူများမှာ လိုအပ်ချက်များပြီး တောင်းဆိုမှုများ များနေသည့်အချိန်မှာ ပြည်သူများအတွက် အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို မှန်ကန်ထိရောက်စွာ ဆောင်ရွက်ပေးစေချင်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရ လမ်းဦးစီးဌာနတွင် ပါဝင်နေသော ဘဏ္ဍာငွေလျာထားမှုများကို ကန့်ကွက်နေခြင်းမဟုတ်ပါ။ ယခုဆွေးနွေးနေသောလမ်းသည် ယခုအချိန်မှာ မသင့်တော်သေးသဖြင့်သာ ဖြောင်းဖျတည့်မတ်နေရခြင်း ဖြစ်ပါသည်။ နိုင်ငံအတွက် ရေတို-ရေရှည် စဉ်းစားပြီး ဉာဏ်ပညာပါသော စဉ်းစားတွေးခေါ်သော ဆောင်ရွက်မှုမျိုး ဖြစ်စေချင်ပါတယ်။ တကယ်ကောမလိုအပ်ဘူးလား၊ လိုအပ်ပါသည်။ တိုင်းပြည်အရှိန်ရလာသည့်အချိန် ထိုအင်အား တောင့်တင်းလာသည့်အချိန် (၁၀)နှစ်ကြာသည် (၁၅)နှစ်ကြာသည်ဖြင့် ဥမင်လှိုင်ခေါင်းလမ်းမကြီးတွေဖောက်၊ မြစ်ကူးတံတားကြီးတွေဆောက် ကွန်ယက်သဖွယ်လမ်းများ၊ မိုးပျံလမ်းကြီးများနှင့် ဖွံ့ဖြိုးတိုးတက်မည့်အချိန် တစ်ချိန်ကို စောင့်ဆိုင်းပြီး အခြားသင့်တော်မည့်အရာများကို ဆောင်ရွက်သင့်ပါကြောင်း၊ တိုင်းဒေသကြီး လွှတ်တော် ဖွဲ့စည်းပုံဥပဒေပုဒ်မ ၁၉၃ (က) (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လွှတ်တော်သို့ တင်ပြလာသော စီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ငြင်းပယ်ခြင်း၊ ပြတ်တောက်ခြင်း၊ လျှော့ချခြင်းကို ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားချက်အရ အများပြည်သူတို့၏ အကျိုးကို ရှေ့ရှုပြီး တင်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေး ပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ရွှေကျင်မြို့နယ်လမ်းဦးစီးမှုပြုလုပ်မည့် မိုင်(၉၄/၂)-၉၄/၄ ကြား၊ မိုင်(၉၄/၄-၉၄-၆)ကြား (၀. ၃၉ ကီလိုမီတာအား (၃. ၆)မီတာမှ (၅. ၅)မီတာ) ကတ္တရာအဆင့်သို့ တိုးချဲ့ခင်းခြင်း၊ ဘေးရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းအား ကန့်ကွက်ပါသည်။ ကန့်ကွက်ရသည့် အကြောင်းမှာ မူလကတ္တရာလမ်းသည် သင့်တင့်သောအနေအထားတွင်ရှိပြီး အဆင့်မြှင့်တိုးချဲ့ခြင်း မလိုအပ်သေးသောကြောင့် ဖြစ်ပါသည်။ (၁၁၀/၀-၁၁၃/၁ ကြား လိုအပ်နေသောနေရာများတွင် (၁၀)ပေ သံကူကွန်ကရစ်တံတား (၅)ပေ သံကူကွန်ကရစ်တံတား၊ ပေ(၃၀)အကျယ် (၄)ပေအမြင့် ၅ ကီလိုမီတာ (၃မိုင် ၁ ဖာလုံ) အရှည်ခန့် မြေဖို့ခြင်း၊ ဂဝံအမာခံခင်းခြင်းလုပ်ငန်းများသည် ပြည်သူနှင့် ညှိနှိုင်းဆောင်ရွက်ရမည့်လမ်းဖြစ်၍ ပြည်သူ့ ဆန္ဒနှင့်အညီ လမ်းကြောင်းရွေးချယ်ရမည်ဖြစ်ပါ၍ ကန့်ကွက်နေရခြင်း ဖြစ်ပါသည်။ မိုင် (၁၀/၇- ၁၂/၄ကြား (၀. ၇)ကီလိုမီတာအား အနိမ့်အမြင့်ညှိ၍ ရေပိတ်လွှာလောင်းခြင်း လမ်းတာဘောင်ချဲ့ခြင်းကို မလိုအပ်သေးပါ၍ ကန့်ကွက်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ နံနက်ပိုင်းကို (၁၁း၁၀)နာရီတွင် ခေတ္တ ရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ သို့ဖြစ်၍ ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)တွင် လွှတ်တော်အစည်းအဝေးတက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးလွှတ်တော် အရပ်ဘက်၊ စစ်ဘက်ဆိုင်ရာကိုယ်စားလှယ်များ၊ လွှတ်တော်အကြံပေးအဖွဲ့ဝင် များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။

ကျွန်မကတော့ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးမှ တင်သွင်းလာသော ပဲခူးတိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

၂၀၁၇ ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းမှ အပိုင်း(၂) အခန်း(၁) အပိုဒ်၃(က)အရ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁) (၂) (၃)နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်ဟု ဖော်ပြထားပါသည်။

အပိုင်း(၂) အခန်း(၁) အပိုဒ်၃(ဂ)အရ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။ သို့ပါ၍ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၇ ခုနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းဇယား(၄)တွင် ပါဝင်သော စည်ပင်သာယာရေးအဖွဲ့များ၏ ငွေလုံးငွေရင်းသုံးငွေ(၁၃၈၉၄. ၆၉၂)သန်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ရသုံးမှန်းခြေငွေစာရင်းဇယား(၄)ပါ ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံမှုတွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ မြို့နယ်အသီးသီးမှ မြို့ပြ၊ လမ်း၊ တံတား တည်ဆောက်မှုလုပ်ငန်း အသုံးစရိတ်များကို စိစစ်ရာတွင် လုပ်ငန်းသုံးပစ္စည်းဈေးနှုန်းများနှင့် သယ်ယူပို့ဆောင်စရိတ်သည် မြေပြင်ဒေသရောင်းဝယ်နေသော ဈေးနှုန်းထက်ပိုမိုနေသည့်အပြင် တိုင်းဒေသကြီးအစိုးရမှ ထုတ်ပြန်ထားသော ၂၀၁၆-၂၀၁၇ ခရိုင်အလိုက် ဒေသပစ္စည်းဈေးနှုန်းများထက် အချို့မှာ ပိုမိုတွက်ချက်တောင်းခံနေကြောင်း တွေ့ရှိရပါသည်။

သာဓကအားဖြင့် သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂" - ၄" ကျောက်ကို၊ ပေါင်းတည်မြို့နယ် ပေါက်တောဒေသမှ (၁)ကျင်းလျှင် အထိုင်ဈေးနှုန်း၊ (၃၁၅၀၀)ဖြင့် တောင်းခံထားသည်။ သာယာဝတီမှ ပေါင်းတည်သို့(လမ်းဦးစီးမြေပုံအရ) (၇၇)မိုင် ရှိသော်လည်း၊ (၇၉)မိုင် ဖော်ပြ၍ (၂)မိုင် ပိုမို သယ်ယူစရိတ် တောင်းခံကြောင်း တွေ့ရပါသည်။ ၂" - ၄"ကျောက် (၁)ကျင်းသည် အထိုင်ကျောက်ဖိုး (၃၁၅၀ဝိ/-)နှင့် သယ်ယူစရိတ် (၇၉)မိုင်အား (၁၂၀၀၀ိ/-) တင်ချခ (၆၀၀၀ိ/-) စုစုပေါင်း(၁၅၈၅၀ိ/-) ကျောက်(၁)ကျင်းဖိုး တောင်းခံထားကြောင်း တွေ့ရပါသည်။ အမှန်လက်ရှိ သာယာဝတီမြို့နယ်ပေါက်ဈေး

အရောင်းအဝယ်ပြုနေသော နှုန်းမှာ ၂" - ၄" ကျောက် (၁)ကျင်းကို (အရောက်) (၈၀၀၀ဝိ/-) ဖြစ်သည့်အတွက် ၂" - ၄" ကျောက် (၁)ကျင်း၏တန်ဖိုးမှာ မြေပြင်ရောင်းဝယ်ဈေးနှုန်းသည် ကျောက်(၁)ကျင်းလျှင် (၇၈၅၀ဝိ/-)ကွာခြားနေသည်ကို တွေ့ရပါသည်။ ဥပမာ-သာယာဝတီမြို့ ဆေးရုံလမ်း ကတ္တရာလမ်းချဲ့ခြင်း၊ လုပ်ငန်းတန်ဖိုး (၂၀၂၀၀၀၀ဝိ/-)တွင် ကျောက်မျိုးစုံ(၈၉. ၃၇)ကျင်းအတွက် ပစ္စည်းတန်ဖိုး ပိုမိုတောင်းခံငွေ (၃၁၂၉၄ဝိ/-)နှင့် သယ်ယူစရိတ်ပိုမိုတောင်းခံငွေ (၆၁၄၇၆ဝိ/-) စုစုပေါင်း(၉၂၇၇၀ဝိ/-) ပိုမိုတောင်းခံထားကြောင်း တွေ့ရပါသည်။

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြို့ပြလမ်းတံတား ငွေလုံးငွေရင်း တောင်းခံမှု (၅၅၉. ၅၆၀)ကျပ်သန်းတွင် ပစ္စည်းဖိုးနှင့် သယ်ယူစရိတ်များ (၁၂. ၁၂၈)ကျပ်သန်းကို ပိုမိုတောင်းခံထားကြောင်း တွေ့ရပါသည်။

ကြို့ပင်ကောက်မြို့နယ်တွင်လည်း သယ်ယူစရိတ်များတွက်ချက်ရာတွင် ပြည်မှ ကြို့ပင်ကောက်မြို့သို့ လမ်းဦးစီးဌာန မြေပုံအရ (၅၇. ၄)မိုင်အကွာအဝေး ရှိသည်ကို (၈၃)မိုင်ဖြင့် တွက်ချက်ထားကြောင်း တွေ့ရပါသည်။ (၂၅. ၆)မိုင် ကွာဟမှုအရ သယ်ယူစရိတ်များ တွက်ချက်ရာတွင် ပိုမိုနေကြောင်း တွေ့ရပါသည်။

ပစ္စည်းဈေးနှုန်းအရလည်း၊ တိုင်းဒေသကြီးမှ သတ်မှတ်သည့် ခရိုင်ပေါက်ဈေးနှင့် မကိုက်ညီဘဲ ပစ္စည်းဈေးနှုန်း ပိုမိုတောင်းခံထားကြောင်း တွေ့ရှိရပါသည်။ ဥပမာ- ကျောက်သေး သာယာဝတီခရိုင်ဈေးနှုန်း (၁)ကျင်း (၆၀၀၀ဝိ/-) သတ်မှတ်ထားသော်လည်း၊ (၆၅၀၀ဝိ/-) နှုန်း တင်ပြတွက်ချက်ထားပါသည်။ ဥပမာ- ကြို့ပင်ကောက်မြို့နယ် လုပ်ငန်းတန်ဘိုး (၂၉၅၆၅၀၀ဝိ/-) ကုန်ကျစရိတ်တင်ပြထားသော သဲကုန်လမ်း ကတ္တရာ ခင်းခြင်းလုပ်ငန်းတွင် ကျောက်ဆိုဒ်စုံ (၁၃၂. ၃၃)ကျင်းအတွက် ပစ္စည်းဖိုး ပိုမိုတောင်းခံငွေ (၅၁၇၇၆၀)ကျပ်၊ သယ်ယူစရိတ် (၂၅. ၆၀ ကွာဟတွက်ချက်မှုအရ) (နှစ်ဆယ့်ရှစ်သိန်း) (၂၈၅၁၉၂၄. ၄)ကျပ် စုစုပေါင်း (သုံးဆယ့်သုံးသိန်း) (၃၃၆၉၆၈၄. ၄)ကျပ် ပိုမိုတောင်းခံထားသည်ကို တွေ့ရပါသည်။

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြို့ပြလမ်းတံတား ငွေလုံးငွေရင်း အသုံးစရိတ်တောင်းခံမှု (၅၁၁. ၃၀)သန်းတွင် ပစ္စည်းတန်ဘိုးနှင့် သယ်ယူစရိတ်များ (၄၄. ၄၁၂)သန်း ပိုမိုတောင်းခံထားကြောင်း တွေ့ရပါသည်။ ထိုနည်းစွာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ (၂၈)မြို့နယ်မှ စည်ပင်သာယာလုပ်ငန်းများ လုပ်ဆောင်ရန် ငွေလုံးငွေရင်း တောင်းခံမှုများတွင်လည်း ပိုမိုတွက်ချက်တောင်းခံထားကြောင်း တွေ့ရပါသည်။ သို့ပါ၍ (၂၈)မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းတံတားလုပ်ငန်းများမှ ငွေလုံးအသုံးစရိတ်စုစုပေါင်းတန်ဖိုး (၁၃၈၉၄. ၆၉၂)ကျပ်သန်းမှ ပစ္စည်းဖိုး ပိုမိုတောင်းခံငွေ (၈၆. ၂၂၇)သန်းနှင့် သယ်ယူစရိတ်တန်ဖိုး(၁၃၁. ၈၂၆)ကျပ်သန်း စုစုပေါင်း (၂၁၈. ၀၅၃၈)သန်းကို ပိုမိုတောင်းခံထားကြောင်း တွေ့ရပါသည်။ ၎င်းပိုမိုတောင်းခံမှု (၂၁၈. ၀၅၃)ကျပ်သန်းကို သက်ဆိုင်ရာမြို့နယ် စည်ပင် သာယာရေးအဖွဲ့ စည်ပင်သာယာရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ ငွေလုံးငွေရင်း တောင်းခံမှုများကို စိစစ်ရာတွင် ပစ္စည်းသယ်ယူသောခရီးအကွာအဝေးမိုင်များ ပို၍တွက်ချက်ထားခြင်း၊ မိမိတို့မြို့နယ်မှ ကုန်ကြမ်းများဝယ်ယူ ရနိုင်သော်လည်း မိုင်များစွာဝေးကွာသော မြို့မှဝယ်ယူကြောင်း တင်ပြတောင်းခံထားခြင်း၊ ဥပမာ-ပေါင်းတည် မြို့နယ်မှ လမ်းခင်းကျောက်များ ဝယ်ယူကြောင်း တင်ပြေတောင်းခံထားသော်လည်း၊ ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးလုပ်ငန်းတွင် အသုံးပြုမည့် လမ်းခင်းကျောက်များကို ပန်းတောင်းမြို့နယ်မှ ဝယ်ယူသည်ဟု တင်ပြတောင်းခံခြင်း)။

လုပ်ငန်းသုံးကတ္တရာတန်ဖိုးများကို တွက်ချက်တောင်းခံရာတွင် မြို့နယ်အချို့တွင် လုပ်ငန်းအားလုံး၌ အသုံးပြုမည့် ကတ္တရာတန်ဖိုးများကို တွက်ချက်၍ တောင်းခံထားသည့်အပြင်၊ အရန်ကတ္တရာဝယ်ယူခြင်း ခေါင်းစဉ်ဖြင့် ကတ္တရာဖိုး ထပ်မံတောင်းခံထားခြင်းကို တွေ့ရသည်။

သို့ပါ၍ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ ငွေလုံးငွေရင်း အသုံးစရိတ်များ ပိုမိုတောင်းခံမှုဖြစ်ပေါ်နေရခြင်းမှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတည်ပြုပေးထားသော ၂၀၁၆-၂၀၁၇ ခရိုင်အလိုက် ဒေသပေါက်ဈေးနှုန်းစာအုပ်တွင် ပါဝင်သော ပစ္စည်းဈေးနှုန်းများမှာ မြင့်မားနေခြင်း၊ ကျောက်၊ သဲ၊ အုတ်များကို သက်ဆိုင်ရာမြို့နယ်များတွင် နေရာအရောက်ဝယ်ယူရနေပါသော်လည်း၊ အခြားရပ်ဝေး ဒေသမှ ကျောက်များကို အဝယ်ပြပြီး သယ်ယူစရိတ်အဆင့်ဆင့် ထပ်မံပေါင်းထည့် တွက်ချက်သောကြောင့် ပစ္စည်းဈေးနှုန်းများသည် သက်ဆိုင်ရာမြို့နယ်များတွင် အမှန်တစ်ကယ် ဝယ်ယူရရှိနိုင်သော ဈေးထက် (၂)ဆခန့် မြင့်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံး ကျောက်၊ ကျောက်စရစ်၊ သဲ၊ အုတ်၊ မြေကြီးဈေးနှုန်း (၁)ကျင်းတိုင်းတွင် သယ်ယူစရိတ်တစ်ကြိမ် ထည့်သွင်းတွက်ချက်ထားခြင်းအပြင် တင်ချခများ ထပ်ပေါင်း ထားခြင်း စသော အကြောင်းများကြောင့် ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့များ၏ ငွေလုံးငွေရင်းအသုံးစရိတ် တောင်းခံမှုများသည် အမှန်တစ်ကယ် ကုန်ကျမည့်တန်ဘိုးထက် များစွာပိုမိုနေကြောင်း တွေ့ရပါသည်။ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေများလည်း လေလွင့်ဆုံးရှုံးနေရပါသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၄) တာဝန်နှင့် အခွင့်အရေးများတွင်  တာဝန်များကဏ္ဍ၊ ပုဒ်မ(၁၀) (ဃ)တွင် နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှု မပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းဟူ၍ ဖော်ပြထားသည်။ ပုဒ်မ (၃၈)တွင်လည်း ဝန်ထမ်း ကျင့်ဝတ်ပျက်ကွက်မှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်မျဉ်းစည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာ နည်းလမ်းများအရ အရေးယူနိုင်သည်ဟု ဖော်ပြထားပါသည်။

သို့ပါ၍ တိုင်းဒေသကြီးနှင့် နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ထိရောက်မှန်ကန်စွာ သုံးစွဲရန်နှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေများ ပိုမိုတိုးပွားလာစေရန်နှင့် တာဝန်ရှိဝန်ထမ်းများမှ နိုင်ငံ့ဝန်ထမ်း

ဥပဒေကို လေးစားလိုက်နာရန် လိုအပ်ပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသပေါက်ဈေးနှုန်း စာအုပ်ဈေးနှုန်းများ သတ်မှတ်မည့်အစား၊ မြို့နယ်ချင်းစီအလိုက် ဒေသပေါက်ဈေးနှုန်းများကို သတ်မှတ်ပေး နိုင်မည်ဆိုပါက တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေတိုးပွားလာမည့်အပြင် တိုင်းဒေသကြီးနှင့် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများအားလုံး မင်္ဂလာနှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သ အပ်ပါတယ်။ ကျွန်မကတော့ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ပပဟန်ဖြစ်ပါတယ်။

ကျွန်မကတော့ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းအား စိုက်ပျိုးရေးဦးစီးဌာန၏ သုံးငွေများအပေါ်တွင် သုံးသပ်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အခန်း(၂) ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ အပိုင်း ၂ အခန်း(၁) အပိုဒ် (၃) (က)အရ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁) (၂) (၃)နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေ တို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်ဆိုပြီး ဖော်ပြထားပါတယ်။၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေသုံးစွဲခြင်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။အရအသုံး ဆိုင်ရာ ဥပဒေကြမ်းဇယား(၄)ပါ စိုက်ပျိုးရေးဦးစီးဌာန၏ သာမန်အသုံးစရိတ်မှာ ကျပ်သန်း (၄၉၀၂. ၃၆၂) သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း(၉၇၅. ၂၅၀)၊ ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်စုစုပေါင်းမှာ ကျပ်သန်း(၅၈၇၇. ၆၁၂)ဖြစ်ပါတယ်။ ၎င်းအား စိစစ် ရာတွင် ယခင်(၂)နှစ်ထက်များပြားစွာ ပိုမိုတောင်းခံထားသော အသုံးစရိတ်အချို့အား စိစစ်တွေ့ရှိရပါတယ်။

- **၀၂. ၀၁** ပြည်တွင်းခရီးစရိတ် ၂၀၁၅-၂၀၁၆တွင် (၁၃၃. ၈၀၇)သန်း၊ ၂၀၁၆-၂၀၁၇တွင် (၂၁၅. ၉၈၉)သန်းနှင့် ယခု ၂၀၁၇-၂၀၁၈တွင် (၂၄၅. ၅၆၈)သန်း တောင်းခံ ထားပါတယ်။ ဝန်ထမ်း (၁၂၉၂)ဦးရှိသည့်အနက် အခြားဝန်ထမ်း (၈၀)ဦးမှအပ ကျန်ဝန်ထမ်း (၁၂၁၂)ဦးအတွက် တိုင်းပြင်ပ၊ တိုင်းတွင်း၊ မြို့နယ်ပြင်ပ၊ မြို့နယ်တွင်း (၅)မိုင်အထက်၊

မြို့နယ်တွင်း (၅)မိုင်အောက်ဖြင့် ခွဲခြားတောင်းခံထားပါတယ်။ ယခင်နှစ်ထက် (၂၉. ၅၈)သန်း ပိုမိုတောင်းခံခြင်းအတွက် ရှင်းလင်းစွာ ဖော်ပြထားမှု မရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။

- **၀၃. ၀၁** လုပ်အားအတွက် ကုန်ကျစရိတ် ၂၀၁၅-၂၀၁၆တွင် (၅၄၄. ၃၉၅)သန်း၊ ၂၀၁၆-၂၀၁၇တွင် (၅၁၉. ၇၆၀)သန်း၊ ၂၀၁၇-၂၀၁၈တွင် (၈၆၉. ၄၀၁)သန်း တောင်းခံထား၍ ယခင်နှစ်ထက် (၃၄၉. ၆၄၂)ကျပ်သန်း ပိုမိုတောင်းခံထားကြောင်း တွေ့ရပါသည်။ အလုပ်သင်နေ့စားနှင့် ယာယီနေ့စားများ ခန့်အပ်အသုံးပြုခြင်းနှင့် ငှားရမ်းအသုံးပြုခြင်းများတွင် ပိတ်ရက်မရှိ အလုပ်ဆင်းခိုင်းမည်ဆိုသည်မှာ အကျိုးအကြောင်းဆီလျော်မှုမရှိဘဲ ဘဏ္ဍာငွေများ လိုသည်ထက် ပိုမိုတောင်းခံနေသည်ဟု သုံးသပ်မိပါသည်။
- **၀၃. ၀၁** (လုပ်အားအတွက်ကုန်ကျစရိတ်)နှင့် **၀၃. ၁၃**(လုပ်ငန်းသုံးပစ္စည်းများ)တို့သည် လုပ်ငန်းချင်းဆက်စပ် လုပ်ဆောင်ရမည့်လုပ်ငန်းများ ဖြစ်ပါသည်။

သို့ပါသော်လည်း စိုက်ပျိုးရေးဦးစီးဌာနမှ ၀၃. ၀၁ ခေါင်းစဉ်ဖြင့် စံပြကွက်များ စိုက်ပျိုးပြသခြင်းအတွက် (၁၇၁. ၇၆၀)သန်း၊ တစ်နိုင်တစ်ပိုင် မျိုးစေ့ထုတ်ခြင်းအတွက် (၄၉. ၅၆၀)သန်း၊ မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်အတွက် (၃၃. ၆၀၀)သန်း၊ စိုက်စနစ်စမ်းသပ်ကွက်အတွက် (၈၄. ၀၀၀)သန်း၊ အမယ်သစ်သီးနှံစမ်းသပ်ကွက် (၂၈. ၀၀၀)သန်း၊ မျိုးသန့်စံပြကွက်ထူထောင်ခြင်း (၈၄. ၆၈၀)သန်း၊ စုစုပေါင်း (၈၆၉. ၄၀၂)သန်းနှင့် ၀၃. ၁၃ ခေါင်းစဉ်ဖြင့် စမ်းသပ်ကွက်၊ စံပြကွက်များစိုက်ပျိုးပြသခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ အရန်မျိုးစုဆောင်းထားရှိခြင်းနှင့် ဓါတ်ခွဲခန်းသုံးပစ္စည်းများ ဝယ်ယူအသုံးပြုခြင်းအတွက် (၄၆၀. ၃၆၀)သန်း သုံးစွဲရန်တင်ပြထားရာ စုစုပေါင်း ၀၃. ၀၁ ခေါင်းစဉ်နှင့် ၀၃. ၁၃ ခေါင်းစဉ်(၂)ခုပေါင်း သုံးစွဲမည့်ငွေမှာ ကျပ်သန်းပေါင်း (၁၃၂၉. ၇၆၂) ဖြစ်ပါသည်။

၀၃. ၀၁ နှင့် ၀၃. ၁၃ တို့၏ မြေပြင်ခြင်းနှင့် သွင်းအားစုများ၏ တစ်မြို့နယ်ချင်းအလိုက် အသုံးစရိတ်များမှာ

**စံပြကွက်**

| | | |
|---|---|---|
| - | မိုးစပါးစံပြကွက် တစ်မြို့နယ် (၁၀)ကေနှုန်းဖြင့် (၁)ကေလျှင် (၃)သိန်းနှုန်း | = ၃. ၀၀၀ |
| - | နွေစပါးစံပြကွက် တစ်မြို့နယ် (၁၀)ကေနှုန်းဖြင့် (၁)ကေလျှင် (၃)သိန်းနှုန်း | = ၃. ၀၀၀ |
| - | ဆီထွက်သီးနှံစံပြကွက်တစ်မြို့နယ်(၅)ကေနှုန်းဖြင့် (၁)ကေလျှင်(၂)သိန်း (၅)သောင်းနှုန်း | = ၁. ၂၅၀ |
| - | ပဲမျိုးစုံစံပြကွက်တစ်မြို့နယ်(၅)ကေနှုန်းဖြင့် (၁)ကေလျှင် (၃)သိန်း (၅)သောင်းနှုန်း | = ၁. ၇၅၀ |

**တစ်ပိုင်တစ်နိုင်**

| | | | |
|---|---|---|---|
| - | မိုးစပါးတွင် မျိုးသန့်ထုတ်လုပ် ၂၀ ဧက × ၄၀၀၀၀ နှုန်း | = | ၀. ၈၀၀ |
| - | နွေစပါးတွင် မျိုးသန့်ထုတ်လုပ် ၁၀ ဧက × ၄၀၀၀၀ နှုန်း | = | ၀. ၄၀၀ |

- ဆီထွက်သီးနှံမျိုးသန့်ထုတ် ၅ ဧက × ၅၀၀၀၀ နှုန်း = ၀. ၂၅၀
- ပဲမျိုးစုံမျိုးသန့်ထုတ် ၅ ဧက × ၅၀၀၀၀ နှုန်း = ၀. ၂၀၀

**မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်**

- မိုးစပါးတွင် ၂ ဧက × ၅၀၀၀၀၀ နှုန်း = ၁. ၀၀၀
- ပဲမျိုးစုံတွင် ၂ ဧက × ၃၀၀၀၀၀ နှုန်း = ၀. ၆၀၀
- ဆီထွက်သီးနှံတွင် ၁ ဧက × ၃၀၀၀၀၀ နှုန်း = ၀. ၃၀၀

**စိုက်စနစ်စမ်းသပ်ကွက်**

- မိုးစပါး SRI တွင် ၂ ဧက × ၃၀၀၀၀၀ နှုန်း = ၀. ၆၀၀
- မိုးစပါး Drum seeder တွင် ၅ ဧက × ၃၀၀၀၀၀ နှုန်း = ၁. ၅၀၀

**မျိုးသန့်စံပြကွက်ထူထောင်ခြင်း**

- မိုးစပါးတွင် မျိုးသန့်ထုတ် ၁၀ ဧက × ၃၀၀၀၀၀ နှုန်း = ၃. ၀၀၀
- နွေစပါးတွင် မျိုးသန့်ထုတ် ၅ ဧက × ၃၀၀၀၀၀ နှုန်း = ၁. ၅၀၀
- ပဲမျိုးစုံတွင် မျိုးသန့်ထုတ် ၂ ဧက × ၂၀၀၀၀၀ နှုန်း = ၀. ၄၀၀
- ဆီထွက်သီးနှံတွင် မျိုးသန့်ထုတ် ၁ ဧက × ၂၀၀၀၀၀ နှုန်း = ၀. ၂၀၀

တစ်မြို့နယ်လျှင် ၁၉. ၇၅ သန်း ရရှိမည်ဖြစ်ပါသည်။

၀၃. ၀၅(ရုံးအသုံးအဆောင်ပစ္စည်းများ) အတွက် ကျပ်သန်း(၁၂၅. ၆၀၀)တောင်းခံထားပါသည်။ စာရေးကိရိယာဝယ်ယူခြင်းတွင် တိုင်းဦးစီးရုံးအတွက် တစ်လ (၂)သိန်းနှုန်း၊ ဒုတိယ တိုင်းဦးစီးမှူးရုံး (၂)ရုံးအတွက် တစ်လ တစ်သိန်းခွဲ၊ ခရိုင်ဦးစီး(၄)ရုံးအတွက် တစ်လ (၁)သိန်းနှုန်း၊ တိုင်းမြေမျိုးပိုင်ဌေစာရင်း တာဝန်ခံရုံး(၄)ရုံး တစ်လလျှင် (၈)သောင်းနှုန်း၊ ခရိုင်မြေမျိုးပိုင်ဌေစာရင်းတာဝန်ခံရုံး (၁၂)ရုံး တစ်လလျှင် ခုနှစ်သောင်း၊ မြို့နယ်ဦးစီးရုံးများတွင် (၂၈)မြို့နယ်အတွက် တစ်လလျှင် (၁)သိန်းနှုန်းများနှင့် (၁၂)လအတွက် တောင်းခံထားပါတယ်။ ရုံးအသုံးအဆောင်ပစ္စည်း ဝယ်ယူခြင်းတွင် စားပွဲခင်း၊ ခန်းဆီးလိုက်ကာ၊ ဓါတ်ဘူး၊ Tea-set၊ ပန်းအိုး၊ သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်း(အမှိုက်ခြင်း၊ တံမြက်စည်း စသည်များ)နှင့် ရုံးခန်း အလှဆင်ပစ္စည်းများ ဝယ်ယူခြင်းသည် လိုအပ်နေသော အသုံးစရိတ်ထက် ပိုမိုတောင်းခံထားကြောင်း တွေ့ရှိရပါသည်။ တိုင်းဦးစီးရုံးအတွက် သိန်း(၂၀) တစ်နှစ်လျှင်၊ ဒုတိုင်း(၂)ရုံးစာ (၂၄)သိန်း၊ ခရိုင်ဦးစီးရုံး (၄)ရုံး (၄၈)သိန်း၊ မြို့နယ်(၂၈)အတွက် နှစ်ရာခြောက်ဆယ့်ရှစ်သိန်းရှစ်သောင်း တောင်းခံထားပါသည်။ Community Learing Center ဖွင့်လှစ်ဆောင်ရွက်မည့် ပညာပေးရှေ့တန်းစခန်းတစ်နှစ်လျှင် (၃၆၀၀၀၀)နှင့် တစ်ရာရှစ်ဆယ့်ခုနှစ်သိန်းနှစ်သောင်း တောင်းခံထားသော်လည်း မြို့နယ်(၂၈)မြို့နယ်တွင် မည့်သည့်နေရာ၌ ဖွင့်လှစ်ဆောင်ရွက်မည်ကို မသိရှိပါ။ တိုင်းမြေမျိုးပိုင်ဌေစာရင်းတာဝန်ခံ(၄)ရုံးအတွက် တစ်နှစ်လျှင် (သုံးဆယ့် ရှစ်သိန်းလေးသောင်း) ခရိုင်မြေမျိုးပိုတာဝန်ခံ (၁၂)ရုံးအတွက် တစ်နှစ်လျှင် (ရှစ်ဆယ့်ခြောက်သိန်း လေးသောင်း) နှုန်းများဖြင့် တောင်းခံထားသည်ကိုလည်း တွေ့ရှိရပါသည်။

၀၃. ၀၆ ဓါတ်ဆီ၊ စက်ဆီ၊ ချောစီအတွက် ရေစက်မီးစက်များ ဆီသုံးစွဲမှုတွင် တိုင်းဦးစီးမှူးရုံး(၄)လုံး၊ ဒီဇယ်(၁၀)ဂါလံ (၁၂)လစာ ဆယ့်နှစ်သိန်းနှစ်သောင်းလေးထောင်၊ ဒုတိုင်း(၂)ရုံး (၄)လုံး ဒီဇယ်(၁၀)ဂါလံ (၁၂)လစာ ဆယ့်နှစ်သိန်းနှစ်သောင်းလေးထောင်၊ ခရိုင်ဦးစီး(၄)ရုံး (၈)လုံး ဒီဇယ်(၇. ၅)ဂါလံ (၁၂)လစာ ဆယ့်ရှစ်သိန်း သုံးသောင်းခြောက်ထောင်၊ မြို့နယ်ဦးစီးရုံး (၂၈)ရုံး (၅၆)လုံး ဒီဇယ်(၅)ဂါလံ (၁၂)လစာ ငါးသိန်း ခြောက်သောင်းရှစ်ထောင်၊ ကွင်းဆင်းပညာပေးလုပ်ငန်း (သင်တန်း၊ ဆွေးနွေး(၂၈)မြို့နယ်အတွက် ပံ့ပိုး ဒီဇယ် (၃၀)ဂါလံ (၁၂)လစာ နှစ်ရာငါးဆယ့်ခုနှစ်သိန်းလေးထောင်၊ တိုင်းတွင်းလေ့လာရေးခရီးကွင်းပြပွဲ၊ ပညာပေးဆွေးနွေးပွဲ တောင်သူ၊ ဝန်ထမ်းသယ်ပို့ (၂၈)မြို့နယ်(၄)ခေါက် ဒီဇယ်(၃၀)ဂါလံ ရှစ်ဆယ့်ငါးသိန်း ခြောက်သောင်းရှစ်ထောင်၊ အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်ရှိလျှင် ပြင်ပမှ မော်တော်ယာဉ်ငှားရမ်းအသုံးပြုခြင်း အတွက် ငှားရမ်းခကာမိစေရန် စက်သုံးဆီပံ့ပိုးခြင်း (၂၄)ခေါက် ဒီဇယ် (၃၀)ဂါလံ ဆယ့်ရှစ်သိန်းသုံးသောင်း ခြောက်ထောင် ဆိုပြီး ရေစက်၊ မီးစက်များအားလည်း (၁၂. ၈၅၂)သန်း တောင်းခံထားပါတယ်။ (၂၈)မြို့နယ် ကိုယ်စားလှယ်များအနေဖြင့် မိမိမြို့များတွင် ရေစက်၊ မီးစက်ရှိ/မရှိ သိရန်လည်း လိုအပ်ပါသည်။

၀၃. ၂၅ ပြပွဲနှင့် ဘွဲ့နှင်းသဘင်ကုန်ကျစရိတ် ရိတ်သိမ်းချိန်ပြပွဲများအတွက် (၂၈)မြို့နယ်တွင် အသုံးပြုမည့်ပြပွဲစရိတ်မှာ (၇၂. ၀၀၀)သန်း ဖြစ်ပါသည်။ ၀၄. ၀၂ အဆောက်အဦ ခါင်းစဉ်ဖြင့် တောင်းခံငွေ (၂၈၇. ၀၀၀)သန်း ဖြစ်ပါသည်။ ၀၄. ၀၃ လမ်းများ ခေါင်းစဉ်ဖြင့် တောင်းခံငွေ (၄၅. ၀၀၀)သန်းဖြစ်ပါသည်။ ၀၄. ၀၉ အခြား ခေါင်းစဉ်ဖြင့်တောင်းခံငွေ (၈၃. ၁၀၀)သန်းဖြစ်ပါသည်။ ၀၅. ၀၆ ပညာပေးသင်တန်း ခေါင်းစဉ်ဖြင့်တောင်းခံငွေ (၅၇. ၆၀၀) သန်းဖြစ်ပါသည်။ ၀၆. ၀၁ ဧည့်ခံစရိတ် ခေါင်းစဉ်ဖြင့် တောင်းခံငွေ (၅. ၀၀၀)သန်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန၏ တောင်းခံငွေ ၅၈၇၇. ၆၁၂ သန်းအား ခြုံငုံသုံးသပ်ပြရလျှင် အမှန်တစ်ကယ်လိုအပ်မည့် ကုန်ကျစရိတ်အတိုင်းသာလျှင် တောင်းခံသင့်ကြောင်းနှင့် ယခုကဲ့သို့ ရုံးအဆင့် အလိုက် နှုန်းထားသတ်မှတ်၍ တောင်းခံခြင်းသည် မဖြစ်သင့်ပါ။ တစ်နှစ်ထက်တစ်နှစ်တောင်းခံမှု အသုံးစရိတ်နှုန်းများသည် ပိုမိုများပြားလာသည့်အတွက် မည်သည့်အကြောင်းအရာကြောင့် ပိုမိုသုံးစွဲ လိုပါကြောင်း ပေါ်လွင်စွာ ရှင်းလင်းထားမှုမရှိသည့်အတွက် ၎င်းအသုံးစရိတ်တောင်းခံငွေအား ခွင့်ပြုရန် သင့်/မသင့် စိစစ်ရန်ခက်ခဲမှုဖြစ်ပေါ်စေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများသည် ပဲခူးတိုင်းဒေသကြီးအတွင်း တောင်သူ အကျိုးပြုမှုလွန်စွာ အားနည်း၍ လယ်သမားများ အကျိုးအမြတ်မရရှိကြပါ။ စံပြကွက်များအား တစ်ဦး တစ်ယောက်တည်းပုံသေ စိုက်ပျိုးစေမည့်အစား အခြားလယ်သမားများ၏ မြေများအားလည်း စမ်းသပ်၍ စိုက်ပျိုးပေးသင့်ပါသည်။ သို့မှသာ လယ်သမားများတန်းတူအခွင့်အရေးရရှိမည်ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် စိုက်ပျိုးစရိတ် မလုံလောက်ခြင်း၊ လေ့လာမှုအားနည်းခြင်း၊ စိုက်ပျိုးရေး၏ နည်းစနစ်များအား တောင်သူများကြားတွင် စနစ်တကျ ဖြန့်ဝေမပေးနိုင်ခြင်းများသည် စိုက်ပျိုးရေး၏ တောင်းခံသည့်ငွေထက် လုပ်ဆောင်မှုများ အားနည်းနေပါသေးသည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်တင်ပြရမည်ဆိုလျှင် ၀၂. ၀၁ တောင်းခံ (၂၄၅. ၅၆၈) စိစစ်လျှော့ (၄၁. ၀၀၀)၊ ၀၃. ၀၁ (၈၆၉. ၄၀၂)တောင်းခံ (၁၂၉. ၁၆၀) စိစစ်လျှော့၊ ၀၃. ၀၅ တောင်းခံ (၁၂၅. ၆၀၀)စိစစ်လျှော့ ယခုတင်ပြသုံးသပ်ချက်များအား လွှတ်တော်သို့တင်ပြအစီရင်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ကျွန်တော် ယနေ့ဆွေးနွေးမည့် အကြောင်းအရာမှာ ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းပါ အပိုင်း(၂)၊ အခန်း(၁) ရငွေများနှင့် သုံးငွေများ ခေါင်းစဉ်အောက်ရှိ အပိုဒ် ၃ (က)ပါ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီး စာရင်းစစ်ရုံး၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ထောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်ဟု ပါရှိပါသည်။

နောက်အပိုဒ် ၃(ဂ)တွင်လည်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ပါရှိပါသည်။

သို့ပါ၍ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၏ ဇယား(၄)ပါ ဆောက်လုပ်ရေးခေါင်းစဉ်အောက် ရှိ လမ်းဦးစီးဌာန အသုံးစရိတ်များအား စိစစ်ရာတွင် သာမာန်သုံးငွေတွင် ၁၁၂၅၅. ၉၈၇သန်း သုံးစွဲထားပြီး ငွေလုံးငွေရင်းစရိတ်တွင် ၄၆၈၄၁. ၁၂၇သန်းသုံးစွဲထားသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်း ၅၈၀၉၇. ၁၁၄ ရှိပါသည်။ ပဲခူးတိုင်းတစ်တိုင်းလုံးအသုံးစရိတ်မှာ ၁၅၈ဘီလီယံရှိပြီး လမ်းဦးစီးအသုံးစရိတ်မှာ ၅၈ဘီလီယံရှိ၍ တစ်တိုင်းလုံး ၏ ၃၆. ၇၆%ရှိသည်။ ငွေလုံးငွေရင်း အသုံးစရိတ်ချည်းတွက်ချက်မည်ဆိုလျှင် တစ်တိုင်းလုံး ငွေလုံးအသုံးစရိတ်သည် ၈၉၈၁၆. ၂၁၀ရှိပြီး လမ်းဦးစီးအသုံးစရိတ်မှာ ၄၆၈၄၁. ၁၂၇သန်းရှိပြီး တစ်တိုင်းလုံး ငွေလုံးငွေရင်း အသုံးစရိတ်နှင့် နှိုင်းယှဉ်လျှင် ၅၂. ၁၅၁%ရှိပါသည်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လမ်းတံတားများ တိုးချဲ့ဆောက်ရန်နှင့် ကောင်းမွန်ချောမွေ့ရန်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်သည် အဓိကကျပါသည်။ သို့သော်လည်းပဲ လမ်းဦးစီးဌာန၏ အသုံးစရိတ်များအား စိစစ်တွေ့ရှိရပါသည်။

**တောင်ငူမြို့နယ် လယ်မြို့နယ် လမ်းဦးစီးဌာနမှ တင်ပြထားသည့် လုပ်ငန်းအပေါ် ဒေသန္တရမြေပြင်ဈေးနှုန်းဖြင့်စိစစ်ခြင်း**

ပြီးလမ်း (၂၃၆၈. ၅၂၄ ကျပ်သန်းပေါင်း)

| မည် | ပစ္စည်းအမျိုးအစား | စဉ် | အရေအတွက် | တင်ပြဈေးနှုန်း | တင်ပြငွေ | ကွာခြားဈေးနှုန်း | ဒေသန္တရမြေပြင်ဈေးနှုန်း | ကွာခြားငွေ | စိစ |
|---|---|---|---|---|---|---|---|---|---|
| /၄ ထိ | ၂' × ၄' ကျောက် | ကျင်း | ၁၂၁. ၄၁ | ၆၇၀၀၀ိ/ | ၈၁၃၄၄၇ိ/ | ၃၂၀၀ိ/ | ၄၅၀၀၀ိ/ | ၃၈၀၅၁၂ိ/ | ၁၂၄ |
| ၁၂' | ၁' × ၂' ။ | ။ | ၉၄. ၃၅ | ၇၉၅၀ိ/ | ၇၅၀၀၈၂ိ/ | ၃၄၅၀ိ/ | ၄၅၀၀၀ိ/ | ၃၂၁၅၀၇ိ/ | ၁၂၇ |
| ရှဲ့ခြင်း | ၁/၂ × ၃/၄" ။ | ။ | ၂၂. ၆၉ | ၈၄၅၀ိ/ | ၁၉၁၇၃၀ိ/ | ၂၄၅၀ိ/ | ၆၀၀၀ိ/ | ၅၅၅၉၇ိ/ | ၁၃၆ |
| န်း) | ၁/၈ × ၃/၈" ။ | ။ | ၁၄. ၅၀ | ၈၅၅၀ိ/ | ၁၂၃၉၇၅ိ/ | ၂၂၅၀ိ/ | ၆၃၀၀ိ/ | ၃၀၆၂၅ိ/ | ၅၁၃ |
|  | ၂" × ၃" ။ | ။ | ၄၇. ၄၇ | ၇၂၀၀ိ/ | ၃၄၁၇၈၄ိ/ | ၃၂၀၀ိ/ | ၄၀၀၀ိ/ | ၁၅၂၉၀ိ/ | ၃၂၆ |
|  | ၃/၆"× ၃/၄" ။ | ။ | ၆. ၂၉ | ၈၅၅၀ိ/ | ၅၃၇၇၉ိ/ | ၂၂၅၀ိ/ | ၆၃၀၀ိ/ | ၁၀၁၅၂ိ/ | ၃၉၆ |
|  | သဲကြမ်း | ။ | ၅. ၀၈ | ၃၀၇၇ိ/ | ၁၅၆၃၃ိ/ | ၁၀၇၇ိ/ | ၂၀၀၀ိ/ | ၅၄၇၃ိ/ | ၁၀၁ |
|  |  |  |  |  | **၂၂၃၀၄၃၂၂ိ/** |  |  | **၉၇၃၇၆၅၂ိ/** | **၁၂၅၆** |
| ကံတား | ၁/၂' × ၃/၄'ကျောက် | ကျင်း | ၂၆ | ၈၄၃၀ိ/ | ၂၁၉၁၈၀ိ/ | ၂၄၃၀ိ/ | ၆၀၀၀ိ/ | ၆၃၁၈၀ိ/ | ၁၅၆ |
| ရမြောင်း | သဲကြမ်း | ။ | ၄၀ | ၃၁၂၂ိ/ | ၁၂၄၉၀၀ိ/ | ၁၁၂၂ိ/ | ၂၀၀၀ိ/ | ၄၄၉၀၀ိ/ | ၈၀၀ |
| သန်း) |  |  |  |  | **၃၄၄၀၈၀ိ/** |  |  | **၁၀၈၀၈၀ိ/** | **၂၃၆** |
| ကြား | ၂" × ၄"ကျောက် | ကျင်း | ၃. ၃၂ | ၅၄၂၀ိ/ | ၁၇၉၉၄ိ/ | ၁၉၂၀ိ/ | ၃၅၀၀ိ/ | ၆၃၇၄ိ/ | ၁၁၂ |
| ၀') | ၁/၂"×၃/၄" ။ | ။ | ၁၃. ၁၄ | ၇၁၇၀ိ/ | ၉၄၂၁၃ိ/ | ၁၁၇၀ိ/ | ၆၀၀၀ိ/ | ၁၅၃၇၃၈ | ၇၈ |
| ert၂ခု | ၆' × ၉' ။ | ။ | ၃၅. ၉၂ | ၄၆၇၀ိ/ | ၁၆၇၇၄၆ိ/ | ၁၂၇၀ိ/ | ၃၄၀၀ိ/ | ၄၅၆၁၈ိ/ | ၂၂ |
| န်း | သဲကြမ်း | ။ | ၁၅. ၉၆ | ၁၆၇၀ိ/ | ၂၆၆၅၃ိ/ | ၁၇၀ိ/ | ၁၅၀၀ိ/ | ၂၇၁၃ိ/ | ၂၃ |
|  |  |  |  |  | **၃၀၆၈၀၇၉ိ/** |  |  | **၇၀၀၇၉ိ/** | **၂၃၆** |
| × ၄၀' | မြေကြီးသယ်ခြင်း | ကျင်း | ၈၈၃၇၇. ၇၉ | ၁၀၂၀ိ/ | ၁၀၁၄၅၃၄၅ိ/ | ၅၈၀ိ/ | ၆၂၀ိ/ | ၄၄၁၈၈၉၅ိ/ | ၄၅၉ |
| ဘောင် | ကုပ်တင်ခ | ။ | ။ | ၁၀၀ိ/ | ၈၈၃၇၇၇၉ိ/ | ၇၀ိ/ | ၆၀ိ/ | ၃၅၃၂၁၀ိ/ | ၅၃၁ |
| သန်း) | သိပ်ခြင်း | ။ | ၈၈၃၂၂ | ၁၅၄ိ/ | ၁၃၆၄၅၇၄၉ိ/ | ၇၀ိ/ | ၁၄ိ/ | ၆၁၈၂၅၀ိ/ | ၇၆၆ |
|  |  |  |  |  | **၁၁၂၆၂၈၈၇၃ိ/** |  |  | **၅၃၉၀၆၅၄၆ိ/** | **၅၈၇** |

- ကုန်ကျစရိတ်များတွက်ချက်ထားရာတွင် ဒေသန္တရဈေးနှုန်းနှင့် တင်ပြတောင်းခံထားသည့် ဈေးနှုန်းများပြားနေခြင်း၊ ဥပမာ- ထန်းတပင်-တပြေးလမ်း၊
- တိုင်းပြည်၏ စီးပွားရေးအခြေအနေအရသော်လည်းကောင်း၊ ဒေသန္တရတည်ဆောက်ပြုပြင်ရန် လိုအပ်သေးသည့် လုပ်ငန်းများအား ထည့်သွင်းရေးဆွဲထားခြင်း၊
- လုပ်ငန်းတစ်ခုချင်းစီ၏ အထွေထွေစရိတ်များတောင်းခံထားရာတွင် များပြားနေခြင်း၊
- သယ်ယူစရိတ်တောင်းခံရာတွင် ကျောက်(၁)ကျင်းလျှင် (၁)ကြိမ်နှုန်းဖြင့် ကျင်းအရေအတွက် အလိုက်တောင်းခံထားသည့်အတွက် ကျောက်သဲ(၁)ကျင်းစီ၏ တန်ဖိုးများမှာ အမှန်ကုန်သင့်သည့်တန်ဖိုးထက် ပိုမိုများပြားနေခြင်း၊
- လမ်းဦးစီးဌာနမှ သုံးစွဲထားသည့် အသုံးစရိတ်များသည် ကျန်သည့်ဌာနဆိုင်ရာ (၂၀)ကျော် သုံးစွဲထားသည့် အသုံးစရိတ်များထက် ပိုမိုသုံးစွဲထားခြင်းများရှိနေပြီး စသည့်အချက်များအား စိစစ်တွေ့ရှိခဲ့ရပါသည်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ စိစစ်တွေ့ရှိချက်များအရ လမ်းဦးစီးဌာနမှ တောင်းထားသော ဒေသခံပြည်သူများအတွက် အမှန်တစ်ကယ်လိုအပ်သောလမ်းများမဟုတ်ခြင်း၊ မင်းလှ စိန်ကန့်လန့်လမ်း သန်း၂၈၀၀ကျော်သည် ၎င်းထန်းတပင်-တပြေးလမ်း၊ ကျပ်သန်း ၂၃၆၈. ၀၂၄သည် အရှေ့မြို့ရှောင်လမ်းအူကြောင်း ဖော်ဆောင်ရေးနှင့် မြေယာလျော်ကြေးများအတွက် ၅၄၃. ၅သန်း၊ ပဲခူးမြစ်ကူး တံတားတည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းတည်ဆောက်ခြင်းအတွက် ၂၈၄၇. ၄၁၉ ကျပ်သန်းသုံးစွဲမှုအား လွှတ်တော်မှ ပြန်လည်စိစစ်ပါကြောင်း၊ အထွေထွေစရိတ်(၅%)တောင်းခံမှုအား တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ အခြေအနေအရ (၂%)သာ သတ်မှတ်သင့်ပါကြောင်း ကန့်ကွက်တင်ပြအပ်ပါသည်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒုတိယပိုင်း ဌာန(၁၄)ခုနှင့် ၉. ၁. ၂၀၁၇ရက်နေ့မှ ၂၀. ၁. ၂၀၁၇ရက်နေ့အထိ ညှိနှိုင်းစိစစ်ခဲ့သည့် လုပ်ငန်းများအား တင်ပြသွားပါမည်။ ၎င်းညှိနှိုင်းဆွေးနွေးမှုမပြုခင် ၂၆. ၁၂. ၂၀၁၇ရက်နေ့ လွှတ်တော်အစည်းအဝေးခန်းတွင် ဝန်ကြီးချုပ် ဦးဆောင်သော အစိုးရအဖွဲ့နှင့် လွှတ်တော်ဥက္ကဋ္ဌကြီး ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၇/ ၂၀၁၈ ဘဏ္ဍာငွေအရအသုံးလျာထားချက်နှင့် စပ်လျဉ်း၍ တွေ့ဆုံညှိနှိုင်းခဲ့ကြရာတွင် ပြည်သူ့ငွေစာရင်းကော်မတီမှ စိစစ်လျှော့ချငွေ ၇၉၁၁. ၄၄၄သန်းအား စိစစ်လျှော့ချခဲ့ကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ ၎င်းစိစစ်လျှော့ငွေများထဲမှ ၁. ၃ဘီလီယံအား အစိုးရအဖွဲ့ဌာန(၁၄)ခုအား ပြန်လည်ပေးအပ်ခဲ့သည်ဟု ကြားသိရသည့်အတွက်၉. ၁. ၂၀၁၇ရက်နေ့မှ ၂၀. ၁. ၂၀၁၇ရက်နေ့အထိ ၎င်းဌာန(၁၄)ခုအား တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၉၁ အရ ခေါ်ယူတွေ့ဆုံညှိနှိုင်းခဲ့ပါသည်။ ၎င်းညှိနှိုင်းချက်အရ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အောက်ပါအတိုင်းစိစစ်လျှော့ချခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ BE အစိုးရအဖွဲ့ပြန်ပေးငွေ ၁.၃ ဘီလီယံပေါ် ဌာနနှင့် ညှိနှိုင်းလျှော့ချမှုစာရင်းချုပ်

(ကျပ်သန်း)

| စဉ် | ရုံးအမည်နှင့် ငွေစာရင်းခေါင်းစဉ် ဦးရေ | တောင်းခံငွေ | မူလလျှော့ချငွေ | အစိုးရအဖွဲ့ ပြန်ပေးငွေ | ညှိနှိုင်းလျှော့ ချငွေ | ညှိနှိုင်းလျှော့ ချပြီး ခွင့်ပြုငွေ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | စာရင်းစစ်ရုံးများ (၇)ခု | ၅၃. ၃၄၁ | ၁၅. ၁၀၀ | ၁၅. ၁၀၀ | ၁၁. ၆၄၈ | ၄၁. ၆၉၃ |
| ၂ | ထွေအုပ် (၂)ခု | ၁၅၁. ၈၉၈ | ၅၁. ၇၄၉ | ၅၁. ၇၄၉ | ၄၁. ၄၁၀ | ၁၁၀. ၄၈၈ |
| ၃ | ထူး/စုံ (၆)ခု | ၃၁. ၄၈၈ | ၁၀. ၄၇၃ | ၈. ၆၀၀ | ၄. ၆၀၂ | ၂၆. ၈၈၆ |
| ၄ | မီးသတ် (၁)ခု | ၂၃. ၇၀၀ | ၁၁. ၈၅၀ | ၁၁. ၈၅၀ | × | ၂၃. ၇၀၀ |
| ၅ | စိုက်ပျိုးရေး (၉)ခု | ၂၀၁၂. ၉၃၇ | ၆၅၄. ၇၇၇ | ၃၉၁. ၀၆၀ | ၃၀၂. ၄၂၀ | ၁၇၁၀. ၅၁၇ |
| ၆ | သမဝါယမ (၄)ခု | ၂၂. ၇၄၀ | ၅. ၄၇၀ | ၅. ၄၇၀ | ၄. ၀၆၀ | ၁၈. ၆၈၀ |
| ၇ | အသေးစားစက်မှု (၂)ခု | ၁၈. ၉၅၃ | ၅. ၈၇၆ | ၅. ၈၇၆ | ၁. ၀၅၃ | ၁၇. ၉၀၀ |
| ၈ | သစ်တောဦးစီး (၅)ခု | ၁၀၈၂. ၈၉၂ | ၃၆၂. ၉၈၈ | ၁၈၆. ၈၉၇ | ၄၆. ၃၈၄ | ၁၀၃၆. ၅၀၈ |
| ၉ | သဘာဝပတ်ဝန်းကျင် သာမာန် (၂)ခု<br>ငွေလုံး(၁)ခု | ၉. ၉၁၂<br>၁. ၅၇၇ | ၃. ၃၀၃<br>၀. ၉၇၇ | ၀. ၆၉၃<br>၀. ၉၇၇ | ၀. ၅၂၀<br>၀. ၉၇၇ | ၉. ၃၉၂<br>၀. ၆၀၀ |
| ၁၀ | အား/ကာ (၁)ခု | ၄၇၃. ၀၀၀ | ၁၅၇. ၆၆၆ | ၈၄. ၀၀၀ | ၇၃. ၆၆၆ | ၃၉၉. ၃၃၄ |
| ၁၁ | စီမံကိန်း (၈)ခု | ၇၆. ၁၀၇ | ၃၀. ၈၉၅ | ၃၀. ၈၉၃ | ၆. ၂၆၉ | ၆၉. ၈၃၈ |
| ၁၂ | ရသုံးမှန်းခြေ သာမန်(၂)<br>ငွေလုံး (၁) | ၁၂. ၄၀၄<br>၂. ၀၄၆ | ၄. ၀၈၈<br>၁. ၀၂၃ | ၃. ၃၆၈<br>၁. ၀၂၃ | ၂. ၀၉၂<br>၁. ၀၂၃ | ၁၀. ၃၁၂<br>၁. ၀၂၃ |
| ၁၃ | မြို့ပြအိမ်ရာ(၁)ခု | ၇၅. ၇၈၆ | ၄. ၄၂၅ | ၄. ၄၂၅ | ၀. ၉၅၇ | ၇၄. ၈၂၉ |
| ၁၄ | လမ်းဦးစီး | ၅၀၄၃. ၅၀၀ | ၅၀၄၃. ၅၀၀ | ၅၄၃. ၅၀၀ | ၁၆. ၃၈၀ | ၅၀၂၇. ၁၂၀ |
| | **စုစုပေါင်း** | **၉၀၉၂. ၂၈၁** | **၆၃၆၄. ၀၈၀** | **၁၃၄၅. ၄၈၁** | **၅၁၃. ၄၆၀** | **၈၅၇၈. ၈၂၀** |

စုစုပေါင်း မူလလျာ့ချငွေမှာ ၆၃၆၄. ၁၈၀သန်းဖြစ်ပြီး အစိုးရအဖွဲ့မှ ပြန်ပေးသည်မှာ ၁၃၄၅. ၄၈၁ သန်းဖြစ်ပြီး ဌာနများနှင့် ညှိနှိုင်းလျော့ချငွေမှာ ၅၁၃. ၄၆၁ သန်းအား ညှိနှိုင်းလျှော့ချခဲ့ပါသည်။ ထိုကဲ့သို့ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းလျှော့ချခဲ့ရာတွင် အောက်ပါအချက်များအား ပြည်သူ့ငွေစာရင်းကော်မတီမှ စိစစ်တွေ့ရှိခဲ့ပါသည်-

- ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၁. ၁၁. ၂၀၁၆ရက်စွဲပါ စာအမှတ်၊ ၁၂၄၈/၂၄၂-ငွေစာရင်း ၃-၁/အဖရ ၂၀၁၆ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မှုရှိခြင်း တွေ့ရှိရပါသည်။
- ၂၀၁၅-၂၀၁၆ငွေစာရင်းအမှန်၊ ၂၀၁၆-၂၀၁၇ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများနှင့် နှိုင်းယှဉ်၍ ချိန်ထိုးစိစစ်ရာတွင် ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တောင်းခံထားသည့် တောင်းခံငွေများသည် တွေ့ရှိရပါသည်။ ၎င်းတွေ့ရှိချက်များပြားနေသည့်အတွက် ညှိနှိုင်းလျှော့ချငွေများနှင့် ဌာနဆိုင်ရာများ၏ ညှိနှိုင်းလျော့ချငွေများအား လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်၍ မိမိအနေဖြင့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း၊ ကျွန်းကုန်းလမ်း အရှည်(၇၀. ၅)မိုင်နှင့် ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဒီလမ်းသည် (၂၈၀၉. ၇၁၃)သန်း၊ ယင်းလမ်းသည် အဓိက ပဲခူးနှင့် ဟိုဘက်ခြမ်းဒီဘက်ခြမ်း ဆက်သွယ်ပေးထားသော လမ်းတစ်လမ်းအဖြစ် ပြောလို့ရသည့် လမ်းဖြစ်ပါကြောင်း၊ ဒါပေမဲ့ ပဲခူးနှင့် ဆက်သွယ်ထားသည်က ပြည်-ပေါက်ခေါင်-အုတ်တွင်းလမ်း-တိုက်ကြီး-ပဲခူးလမ်းရှိပြီးသားဖြစ်ကြောင်း၊ ယင်းရှိပြီးသား(၂)လမ်းကို တကယ့်လက်တွေ့ ကူးသန်းရောင်းဝယ်မှု၊ ကုန်ထုတ်လုပ်မှုအပိုင်းများတွင် ဒီလမ်းကို အသုံးပြုတာ မတွေ့ရကြောင်း၊ ပြည်-ပေါက်ခေါင်း-အုတ်တွင်းလမ်းနှင့် တိုက်ကြီး-ပဲခူး လမ်းတို့သည် လုံခြုံရေးအရ အလွန်အားနည်းသည့်အတွက် ယင်းလမ်းတွေကို အသုံးပြုသည့်အခါ အင်မတန်စဉ်းစားချင့်ချိန်ပြီးမှ အသုံးပြုရပါကြောင်း၊ ဒီလိုဘဲ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းသည် အဲဒီ(၂)လမ်းထက်တောကျပြီး၊ တောတောင်ထူထပ်၍ တောင်ဆင်းတောင်တက် အင်မတန်ပေါ်များကြောင်းနှင့် လူသူအရောက်အပေါက်နည်းသည့်အတွက် ပို၍လုံခြုံရေးအားနည်းကြောင်း တွေ့ရှိရပါသည်။ ယခုရှိသည့်လမ်းပိုင်းသည် ငွေကြေးမြောက်များစွာသာ ကုန်ကျ၍ လမ်းဖောက်ထားပြီး ယင်းလမ်းကို လက်တွေ့အသုံးပြုတာမတွေ့ရပါကြောင်း၊ လုံခြုံရေးအပိုင်းကို အထူးပြုပြောချင်သည်က ယင်းလမ်းသည် မင်းလှ-အုတ်ဖို-လက်ပံတန်းနှင့် ကျောက်တံခါးမြို့နယ်သို့ ချိတ်ဆက်ပြီး ဖောက်လုပ်ထားသောလမ်းဖြစ်ပါကြောင်း၊ အဲဒီအရပ်ဒေသများတွင် လူသတ်မှုတော်တော်များများ ဖြစ်ပွားနေသည့်အတွက် ဒီလမ်းပြီးသွားမည်ဆိုပါက မည်သူမှ သွားလာသူရှိမှာမဟုတ်ကြောင်း၊ ယခုလောလောဆယ်တောင် တစ်နေ့ကို ယင်းလမ်းတစ်လမ်းကို ကား(၂)စီး သွားသည့်

အနေအထား မရှိပါဘူး။ အဲဒီလမ်းမျိုးကို သိန်းပေါင်း(၂၈၀၀၀ိ/-)သုံးမည်ဆိုသည်ကို မိမိအနေဖြင့် လုံးဝ သဘောမတူပါကြောင်း၊ မိမိအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ (ခ)အရ ယင်းလမ်းကို ငြင်းပယ် ကန့်ကွက်ပါကြောင်း၊ မိမိကန့်ကွက်သလို လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ပြည်သူ့အကျိုးကို ရှေ့ရှုပြီး ယင်းလမ်းအမှန်တစ်ကယ်ဖောက်လျှင် ပြည်သူအတွက် တစ်ကယ်လက်တွေ့အသုံးဝင်သည့်လမ်း ဖြစ်မလာနိုင်သေးသည့်အတွက် ဒီလမ်းကို ရင်းနှီးမြှုပ်နှံတာ ယခုအနေအထားမှာ မသင့်တော်ပါဟု မိမိအနေဖြင့် ယူဆသည့်အတွက် တင်ပြရခြင်းဖြစ်ပါကြောင်း၊ နောက်တစ်ခုက ပဲခူးမြို့ရှောင်လမ်းနှင့် ပဲခူး မြစ်ကူးတံတားကိစ္စနှင့် ပတ်သက်၍ မိမိတို့ ပထမအကြိမ်အတည်ပြုထားသည့်ထဲတွင် မြို့ရှောင်လမ်း သန်း(၅၀၀)ပါဝင်ပြီး နောက်ထပ်မိမိတို့ဘဏ္ဍာရေး ပြဿနာတွေကို ပြည်ထောင်စုက ၄.၉ ဘီလီယံချ ပေးသည့်ထဲတွင် ၁.၃ ဘီလီယံကို ကျေးလက်ဒေသကို ပြန်ပေးလိုက်သည့်အခါ ၃.၉ ဘီလီယံပိုနေပြီး၊ ယင်းပိုနေသည့် ၃.၉ ဘီလီယံကို တိတိကျကျ ဝန်ကြီးချုပ်နှင့်တွေ့သည့်ပွဲမှာ ဒီ(၂)ခုကို လုပ်မည်ကို သိရှိရကြောင်း၊ ဒါနှင့်ပတ်သက်ပြီး မိမိတို့ထံ ကြိုတင်တင်ပြထားခြင်းလုံးဝမရှိပါဘူး၊ ပိုလျှံငွေကိစ္စနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်အားလုံးကို တင်ပြရန် အစိုးရအဖွဲ့အနေဖြင့် တာဝန်ရှိကြောင်း၊ ပိုသည့် ငွေအကုန်လုံးကို ပဲခူးကပြည်သူတွေအတွက် အသုံးပြုလို့မရပါဘူး၊ တိုင်းတစ်တိုင်းလုံးမှာရှိသည့် ပြည်သူများ၏ မျက်နှာကိုထောက်ပြီး တစ်တိုင်းလုံးမှာရှိသည့် ပြည်သူတွေအတွက် မျှမျှတတသုံးစွဲပေးရန်လိုအပ်ပါကြောင်း၊ ပဲခူးမြို့ကရှောင်လမ်းကိစ္စနှင့် ပဲခူးမြစ်ကူးတံတားကိစ္စ ကန့်ကွက်မှုများကိုလည်း မိမိအနေဖြင့် ထောက်ခံ ဆွေးနွေးပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ (ခ)အရ လွှတ်တော်က ငြင်းပယ်ပေးရန် မိမိအနေဖြင့် တိုက်တွန်းအပ်ပါသည်။

နောက်တစ်ခုက မိမိအနေဖြင့် ဆွေးနွေးလိုသည်က ဧည့်ရိပ်သာဆောက်လုပ်မည့်ကိစ္စ သန်း(၆၀၀) မိမိတို့ဘတ်ဂျက်ကို ပြန်လေ့လာသည့်အခါ (၂၀၁၅-၂၀၁၆)၊ (၂၀၁၆-၂၀၁၇)၊ (၂၀၁၇-၂၀၁၈)သုံးစွဲငွေကို ကြည့်လိုပါ ၂၀၁၅-၂၀၁၆ မှာ သန်းပေါင်း(၁၅၄၈၂၀)၊ ၂၀၁၆-၂၀၁၇မှာ သန်းပေါင်း(၁၅၂၂၀၄.၇၄၄)သန်း၊ ဒီနှစ်မှာ (၁၅၀၈၅၆.၆၅၆)သန်းသုံးတာ တွေ့ရပါကြောင်း၊ အဲဒီဟာတွေပြန်ကြည့်လိုက်လျှင် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ မိမိတို့တိုင်းဒီလောက်ကြီးတိုးတက်လာစရာ အကြောင်းမရှိပါဘူး၊ ၂၀၁၅-၂၀၁၆မှာ သုံးထားသည့်ငွေ၊ ၂၀၁၆-၂၀၁၇မှာ သုံးထားသည့်ငွေ၊ ၂၀၁၇-၂၀၁၈မှာ သုံးထားသည့်ငွေကို ကြည့်လိုက်ခြင်း အားဖြင့် မိမိတို့တိုင်းသည် လာမည့်နှစ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ပြီးသွားချိန်တွင် ဖွံ့ဖြိုးတိုးတက်ရေးမှုဟာ ဒီအတိုင်းဘဲရှိနေမည်ကို သုံးသပ်၍ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအသိဘဲ ဖြစ်ပါကြောင်း၊ နောက်တစ်ခုက အဲဒီလိုသုံးသည့်ငွေလည်းမပြောဘူး၊ ဝင်ငွေလည်းတိုးလာတာ မတွေ့ရဘူး၊ အဲဒီလို အနေအထားမှာ မိမိတို့တိုင်းဒေသကြီးမှာ ဧည့်ရိပ်သာအတွက် သန်း(၆၀၀) အကုန်အကျခံဆောက်လုပ်ပြီး ပြည်သူတွေ ဆင်းရဲဒုက္ခရောက်နေချိန် (၁၅၈)ဘီလီယံသုံးထားသည့်အချိန်တွင် ပြည်သူတွေအတွက် တစ်ကယ် ထဲထဲဝင်ဝင် ဘယ်လောက်သုံးထားသလဲဆိုသည်ကို ပြန်ဆန်းစစ်သည့်အခါ ၁.၆ ဘီလီယံသာ သုံးထားကြောင်း၊ ရာခိုင်နှုန်းဖြင့်ကြည့်လျှင် ၁%မကဘူး၊ စီတီဇင်ဘတ်ဂျက်ကို ပြည်သူများအကုန်လုံး သိရှိပါက မိမိတို့လွှတ်တော်နှင့် အစိုးရဝေဖန်လာနိုင်သည့် အနေအထားတစ်ရပ်ရှိသည့်အတွက် မိမိအနေဖြင့် တင်ပြ ရခြင်းဖြစ်ကြောင်း၊ အဲဒီလိုအချိန်အခါမျိုးမှာ သန်း(၆၀၀)သုံးစွဲမှုကို မိမိအနေဖြင့် ကန့်ကွက်ပါကြောင်း၊

ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၃ (ခ)အရ ငြင်းပယ်ပါကြောင်း၊ နောက်တစ်ခုက မိမိတို့ဘတ်ဂျက်၏ အရေးကြီးဆုံး အလုပ်က ကျောက်ကြီးမြို့နယ် ဦးစည်သူလွင်တင်ပြသွားသည့်ထဲတွင် ပါပြီးဖြစ်ပါတယ်။ မိမိတို့အသုံးစရိတ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ကို ကြည့်လိုက်သည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဘတ်ဂျက်အကုန်လုံးသည် အစိုးရဗဟိုအဖွဲ့အစည်းထဲတွင် (၃၅၀၀ဝိ/-)သုံးထားပြီး၊ ပြည်ထဲရေးဝန်ကြီးဌာနက (၁၅၀၀ဝိ/-)သုံးထားပြီး၊ ဆည်မြောင်း(၁၀၀၀ဝိ/-)၊ လျှပ်စစ်မှာ (၁၀၀၀ဝိ/-)နီးပါးသုံးထားကြောင်း၊ အများဆုံး (၆၂၄၂၀. ၂၈၆)သန်း သုံးထားသည့် ဆောက်လုပ်ရေးဦးစီးဌာနသည် ဦးစည်သူလွင်တင်ပြထားသလို မိမိတို့ငွေလုံးငွေရင်း (၅၁. ၁၅၁%)၊ ဘတ်ဂျက် ၁၅၈ ဘီလီယံ၏ သုံးပုံတစ်ပုံ (၃၆. ၇၆%) သုံးထားသည်ကို တွေ့ရကြောင်း၊ ယင်းသုံးထားသည့်အပေါ် မိမိစိစစ်လိုက်သည့်အခါ အနည်းအကျဉ်းလောက် အချိန်ကို တိုင်းတာပြီး တင်ပြသွားမှာဖြစ်ပါကြောင်း၊ တောင်ငူခရိုင်လမ်းဦးစီးဌာနမှ တင်ပြသည့်လုပ်ငန်းများအပေါ် ဒေသန္တရမြေပြင် ဈေးနှုန်းစိစစ်ခြင်းဆိုသည့် ဗိုလ်မှူးတင်ပြထားသည်ကို ကောက်နုတ်ပြီး အနည်းအကျဉ်းတင်ပြသွားမည် ဖြစ်ကြောင်း၊ ချဉ်းကပ်လမ်း (၃. ၃)မိုင်၊ သန်း(၁၀၃၀. ၈)သန်းသုံးရန်၊ ကျောက်၊ သဲဝယ်ရာတွင် ၂' ၄' တစ်ကျင်းလျှင် တင်ပြဈေး(၆၂၀၀ဝိ/-)၊ အရေအတွက်က (၂၄၄. ၄)ကျင်း ကွာခြားနှုန်းက (၃၂၀၀ဝိ/-)၊ ဒေသန္တရဈေးနှုန်းက (၃၅၀၀ဝိ/-)ဖြစ်နေတယ်။ အဲဒီလိုဘဲ သူတို့တင်တာ (၇၉၅၀ဝိ/-)၊ လက်တွေ့ဘောက်ချာ မှာက (၃၄၅၀ဝိ/-) အဲဒီလိုစိစစ်လိုက်သည့်အခါ တွေ့ရှိရ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးလက်ထဲကို အကုန်ဖြန့်ဝေပြီးသားဖြစ်ကြောင်း၊ (၆၁၄. ၂၃၈၃၂၄)ကျပ် တင်ပြတောင်းခံထားပါတယ်။ စိစစ်လိုက်သည့် အခါ စိစစ်ရငွေက သူအမှန်တစ်ကယ်သုံးမှာက (၃၃၁)သန်း၊ (၂၆၇၄၈၀)ကျပ် သုံးပြီး ကွဲခြားငွေက (၂၈၂. ၉၇၈၄၃)ကျပ်၊ အမှန်သုံးမှာက (၃၃၁)သန်းဖြစ်ပြီး ကွာခြားငွေက မသုံးဘဲ ပိုလျှံငွေ (၂၈၂)သန်းရှိပြီး မိမိအနေဖြင့် ငဲ့ညှာပြီးတင်ပြခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် တင်ပြချင်သည်က ဒီဆောက်လုပ်ရေးဝန်ကြီးဌာနမှ သုံးမည့် (၆၂၄၂၀. ၁၈၆)သန်းထဲက မိမိက (၁၀%)ဖြတ်ဖို့ လွှတ်တော်ကို အဆိုပြုကြောင်း၊ ဒါကို အနည်းအကျဉ်းလျှော့ပြီး စိစစ်ထားပါကြောင်း၊ ဒီတစ်ခုတည်းမှာတင် တစ်ကယ်သုံးတာက (၃၃၁)သန်းသုံးပြီး၊ တစ်ကယ်ပိုငွေတင်ပြနေသည်က (၂၈၂)သန်းဖြစ်နေကြောင်းစိစစ်တွေ့ရှိရကြောင်း၊ အဲဒီထဲမှာ (၆၂၄၂၀. ၁၈၆)သန်းကို (၁၀%)လျှော့ချဖို့ မိမိအနေဖြင့် အဆိုပြုပါကြောင်း၊ ဖွဲ့စည်းပုံပုဒ်မ ၁၉၃ (ခ)အရ လျှော့ချငြင်းပယ်သဘောတူရင်း လွှတ်တော်ကို အစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာ စိစစ်ရေးနှင့် စီမံရေးရာ ကော်မတီအား အမည်ပြောင်းလဲ၍ ကော်မတီ၏ တာဝန်များကို ပြင်ဆင်သတ်မှတ်ခြင်းအား လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၃၁-၃-၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ (၆/၂၀၁၇)ဖြင့် **ဝန်ထမ်း စီမံခန့်ခွဲရေးကော်မတီ**အား ဖွဲ့စည်းပြီး ဖြစ်ပါသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝ

ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီအား **“ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာလေ့လာစိစစ်ရေး ကော်မတီ”**ဟု အမည်ပြောင်းလဲ၍ ကော်မတီ၏တာဝန်များကို ပြင်ဆင်နိုင်ရေး အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]**။ ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က)၊ (ခ)၊ (ဂ)အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၂ နည်းဥပဒေခွဲ(က)နှင့် (ခ)အရလည်းကောင်း၊ (၂၈. ၃. ၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉/၂၀၁၇ အရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၃၁. ၃. ၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၆/၂၀၁၇)ဖြင့် **ဝန်ထမ်းစီမံခန့်ခွဲရေးကော်မတီ**အား ဖွဲ့စည်းပြီးဖြစ်ပါသဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီအား **“ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီ”** ဟု အမည်ပြောင်းလဲ၍ ကော်မတီ၏တာဝန်များကို ပြင်ဆင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ကျွန်တော် ဦးကြည်ဇင်မှ လွှတ်တော်သို့ တင်သွင်းအပ်ပါသည်-

- **ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| - | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးငွေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်၂) | အဖွဲ့ဝင် |
| - | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |

- ဦးညီညီထွေး ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) အဖွဲ့ဝင်
- ဗိုလ်မှူးသိန်းလွင်ဦး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်
- ဦးဇော်နိုင်ဦး သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) အတွင်းရေးမှူး

- **ကော်မတီ၏တာဝန်များ**

- ကော်မတီသည်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအချိန်မီ အောင်မြင်စွာပြီးမြောက်နိုင်ရေးနှင့် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။
- ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်မှုရှိ/မရှိအား လေ့လာစိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြစ်ကျောက်စရစ် ထုတ်လုပ်ခြင်း၊ ရွှေနှင့်အခြားသတ္တုများအား တရားမဝင်တူးဖော်ခြင်းမရှိစေရန် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- တရားမဝင်သစ်များ ထုတ်လုပ်မှုမရှိစေရေး၊ သစ်တောများပြုန်းတီးမှုမရှိစေရေးအတွက် ကာကွယ်ဆောင်ရွက်ရမည်။
- တရားမဝင် စက်သုံးဆီအရောင်းဆိုင်များ ပပျောက်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား လေ့လာစိစစ်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအားလိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိ ကူညီရမည်။
- သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိ သည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။
- ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။
- ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးဦးက ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍

ဖြန့်ဝေခြင်း မပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း သိမ်းဆည်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လေ့လာ စိစစ်ရေးနှင့် စီမံရေးရာကော်မတီအား **"ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာလေ့လာစိစစ်ရေး ကော်မတီ"**ဟု အမည်ပြောင်းလဲ၍ ကော်မတီ၏ တာဝန် များကို ပြင်ဆင်သတ်မှတ်ခြင်းကို တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ တင်ပြချက်အား တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီအား **"ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလေ့လာစိစစ်ရေး ကော်မတီ"**ဟု အမည်ပြောင်းလဲ၍ ကော်မတီ၏ တာဝန်များကို ပြင်ဆင်သတ်မှတ်ခြင်းကို တိုင်းဒေသကြီး လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီက ၂၀၁၇-၂၀၁၈ခုနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာအား တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခုနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာအား ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက် [ဥက္ကဋ္ဌ၊ ဥပဒေပြုရေးကော်မတီ]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ဥပဒေပြုရေးကော်မတီမှ တင်သွင်းသည့် ၂၀၁၇ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာ

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီကို ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ

ဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က) (ခ) (ဂ) နှင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ (က)နှင့် (ခ)တို့အရ၊ ၂၀၁၇ခုနှစ် မတ်လ (၂၀)ရက်နေ့တွင် အဖွဲ့ဝင်(၁၀)ဦးဖြင့် လွှတ်တော်မှ အတည်ပြု ဖွဲ့စည်းခဲ့ပါသည်။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ တွင် အောက်ပါအတိုင်း ဖော်ပြပါရှိပါသည်-

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။
- ပုဒ်မခွဲ(က)ပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ သို့မဟုတ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို သက်ဆိုင်ရာ ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင်-
    - ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ် နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊
    - ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊
    - တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ချေးယူငွေများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များ၊
    - တရားရုံးသို့မဟုတ်ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊
    - တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေ တစ်ရပ်ရပ်အရ ကျခံရမည့် အခြားအသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ ပါ နည်းဥပဒေ ၆၂ အရဖွဲ့စည်းသော လွှတ်တော်ကော်မတီနှင့် အဖွဲ့များသည် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်း တို့နှင့်

တိုက်ရိုက်ဆက်သွယ်ပြီးဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကိုသိရှိနားလည်သည်ဟုယူဆရသူများအား လည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

နည်းဥပဒေ ၁၃၄ အရ လွှတ်တော်သို့ဥပဒေကြမ်းများ ပေးပို့ခြင်းနှင့် စပ်လျဉ်း၍-

- တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့ခွင့်ရှိသည်။
- တိုင်းဒေသကြီးအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော အောက်ပါဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့၍ တင်သွင်းဆွေးနွေးဆုံးဖြတ်ရမည်-
    - တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၊
    - တိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေကြမ်း၊
    - တိုင်းဒေသကြီး အခွန်အကောက်ဆိုင်ရာဥပဒေကြမ်း။
- လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များအနက် နည်းဥပဒေခွဲ(ခ)ပါ ဥပဒေကြမ်းများနှင့်သက်ဆိုင်သော ဥပဒေကြမ်းများမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။
- ဥပဒေကြမ်းတင်သွင်းခွင့်ရှိသူများသည် နည်းဥပဒေခွဲ(ခ)တွင် ဖော်ပြထားသော ဥပဒေကြမ်းများမှအပ အခြားဥပဒေကြမ်းများကိုပေးပို့ရာတွင် ဥပဒေကြမ်း၏ ရည်ရွယ်ချက်နှင့် အကျိုးအကြောင်း ဖော်ပြချက်တို့နှင့်အတူ မိတ္တူ(၃)စုံပြုစု၍ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ပေးပို့ရမည်။

နည်းဥပဒေ ၁၃၅ ပါ ဥပဒေကြမ်းပေးပို့ရန်ကာလသတ်မှတ်ခြင်းတွင် နည်းဥပဒေ ၁၃၄ အရ ဥပဒေကြမ်းတစ်ရပ်ပေးပို့ရာတွင်-

- သာမန်အားဖြင့် လွှတ်တော်အစည်းအဝေးမကျင်းပမီ အနည်းဆုံးရက်ပေါင်း(၃၀) ကြိုတင်၍ ပေးပို့ရမည်။
- သတ်မှတ်ရက်အတွင်း ကြိုတင်ပေးပို့ခြင်းမရှိသော်လည်း လုံလောက်သောအကြောင်းရှိသည်ဟု ဥက္ကဋ္ဌက ထင်မြင်ယူဆလျှင် လက်ခံခွင့်ပြုနိုင်သည်။

၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၅ အရ တိုင်းဒေသကြီးအစိုးရက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင် အတွင်းမှရေးဆွဲပြုစုပြီးပေးပို့သော တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာလျာထားချက်ကို လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ဥက္ကဋ္ဌသည် လွှတ်တော်ခေါ်ယူရမည်။

နည်းဥပဒေ ၁၄၆ အရ ဥက္ကဋ္ဌသည် နည်းဥပဒေ ၁၄၅ အရ ပေးပို့သောသက်ဆိုင်ရာ ဘဏ္ဍာရေး

နှစ်အတွက် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်နှင့် စပ်လျဉ်း၍ လွှတ်တော်အစည်းဝေးတွင်ဆွေးနွေးပြီး လွှတ်တော်၏အကြံပြုချက်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပြန်လည်ပေးပို့ရမည်။

နည်းဥပဒေ ၁၄၇ အရ တိုင်းဒေသကြီးအစိုးရက တိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာလျာထားချက်ကို ပြည်ထောင်စု၏ဘဏ္ဍာရေးကော်မရှင်သို့တင်ပြညှိနှိုင်းပြီးနောက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ တိုင်းဒေသကြီးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့်ဘဏ္ဍာငွေအပါအဝင် တိုင်းဒေသကြီး၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ထောက်ခံတင်ပြချက်နှင့်အတူ တင်သွင်းလာပါက လွှတ်တော်တွင်လိုအပ်သလိုဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများ၏ဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

နည်းဥပဒေ ၁၄၈ တွင် လွှတ်တော်သည် နည်းဥပဒေ ၁၄၇ အရတင်သွင်းသော ဥပဒေ မူကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် အောက်ပါစရိတ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပိုင်ခွင့် ရှိသော်လည်း ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းမပြုရ-

- တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏အသုံးစရိတ်များ၊
- တိုင်းဒေသကြီးက ပေးဆပ်ရန်တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့် ဆက်နွှယ်သော ကုန်ကျစရိတ်များ၊ တိုင်းဒေသကြီးကချေးယူငွေများနှင့် ဆက်နွှယ်သော ကုန်ကျစရိတ်များ၊
- တရားရုံး သို့မဟုတ် ခုံရုံးတစ်ခုခု၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊
- လွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရ ကျခံရမည့်အခြားအသုံးစရိတ်များ။

နည်းဥပဒေ ၁၄၉ တွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ကအတည်မပြုနိုင်သေးသဖြင့် နောင်လာမည့်ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က လက်ရှိဘဏ္ဍာရေးနှစ် မကုန်မီအချိန်မီပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် တိုင်းဒေသကြီးအစိုးရသည် နောင်လာမည့်ဘဏ္ဍာရေးနှစ်၏ အသုံးစရိတ်များအနက် သာမန်အသုံးစရိတ်များကို လွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သာမန်အသုံးစရိတ်ခွင့်ပြုချက် ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်။

နည်းဥပဒေ ၁၅၀ တွင် လွှတ်တော်သည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီရေးဆွဲထားသည့် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ သာမန်အသုံးစရိတ်များကို လိုအပ်သလိုခေါင်းစဉ်လွှဲပြောင်းအတည်ပြုနိုင်သော်လည်း ငွေလုံးငွေရင်း အသုံးစရိတ်များကိုမူ ခေါင်းစဉ်လွှဲပြောင်းအတည်ပြုခွင့်မရှိစေရ။

၂၀၁၇ ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အပိုင်း(၁)၊ အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေရက် အပိုင်းတွင် ဥပဒေပုဒ်မ(၁)ခုနှင့် ပုဒ်မခွဲ(၂)ခု ပါရှိပြီး ပုဒ်မ(၁) ပုဒ်မခွဲ(က)နှင့်(ခ)ပါရှိကြောင်းတွေ့ရှိရပါသည်။

အပိုင်း(၂)၊ အခန်း(၁) ရငွေများနှင့်သုံးငွေများအခန်းတွင် ပုဒ်မ(၂)ခုနှင့်ပုဒ်မခွဲ(၄)ခုပါရှိပြီး ပုဒ်မ(၂) နှင့်ပုဒ်မ(၃) ပုဒ်မခွဲ(က)(ခ)(ဂ)(ဃ)ပါစကားရပ်များအား ဥပဒေမူကြမ်းပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

အခန်း(၂)၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ရုံး၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့် များအခန်းတွင် ပုဒ်မ(၂)ခုနှင့်ပုဒ်မခွဲ(၃)ခုပါရှိပြီး ပုဒ်မ(၄) ပုဒ်မခွဲ(က)(ခ)(ဂ)နှင့်ပုဒ်မ(၅)ပါစကားရပ် များအား ဥပဒေမူကြမ်းပါအတိုင်းထားရှိရန် ဤကော်မတီမှသဘောတူပါသည်။

အခန်း(၃)၊ ပြည်ပအကူအညီရယူခြင်းအခန်းတွင် ပုဒ်မ(၂)ခုနှင့် ပုဒ်မခွဲ(၂)ခုပါရှိကြောင်း တွေ့ရှိရပြီး ပုဒ်မ(၆)ပါ စကားရပ်များအား ဥပဒေမူကြမ်းပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။ ထို့အပြင် ပုဒ်မ(၆)ပါ စကားရပ်များ၏နောက်တွင် " ထိုသို့ ပြည်ပအကူအညီ ရယူခွင့်ပြုခြင်းကို အနီးစပ်ဆုံး ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တင်ပြရမည်" ဟုဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ပုဒ်မ(၇)၊ပုဒ်မခွဲ(က)နှင့်(ခ)ပါ စကားရပ်များအား ဥပဒေမူကြမ်းပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။

အပိုင်း(၃) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ အခန်း(၁) ရငွေများနှင့် သုံးငွေများအခန်းတွင် ပုဒ်မ(၃)ခုနှင့်ပုဒ်မခွဲ(၅)ခုပါရှိကြောင်းတွေ့ရှိရပြီး ပုဒ်မ(၈) ပုဒ်မခွဲ(က)(ခ)၊ ပုဒ်မ(၉)နှင့်ပုဒ်မ(၁၀) ပုဒ်မခွဲ(က)(ခ)(ဂ)ပါစကားရပ်များအား ဥပဒေမူကြမ်းပါ အတိုင်းထားရှိရန် ဤကော်မတီမှသဘောတူပါသည်။

အပိုင်း(၃) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ အခန်း(၂) တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့် များ အခန်းတွင် ပုဒ်မ(၁)ခုနှင့် ပုဒ်မခွဲ(၃)ခုပါရှိကြောင်း တွေ့ရှိရပြီး ပုဒ်မ(၁၁) ပုဒ်မခွဲ(က)(ခ)(ဂ)ပါ စာသား များအား ဥပဒေမူကြမ်းပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။ ထို့အပြင် ပုဒ်မခွဲ(ဃ)အဖြစ် "သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများ ပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံး ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။" ဟု ထပ်မံဖြည့်သွင်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

အပိုင်း(၃) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ အခန်း(၃) တိုင်းဒေသကြီး

အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များအခန်းတွင် ပုဒ်မ(၁)ခုနှင့်ပုဒ်မခွဲ(၂)ခုပါရှိကြောင်း တွေ့ရှိရပြီး ပုဒ်မ(၁၂) ပုဒ်မခွဲ(က)နှင့်(ခ)ပါစကားရပ်များအား ဥပဒေမူကြမ်းပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်။ ထို့အပြင် ပုဒ်မခွဲ(ဂ)အဖြစ် "သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်" ဟုထပ်မံ ဖြည့်သွင်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၊ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပက်သတ်၍ အထက်ဖော်ပြပါ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၄ ခုနှစ် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင်ရှိပါသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်းအစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆန္ဒပြုချက်အရ လည်းကောင်း၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦးကွယ်လွန်ခြင်းကြောင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေး ကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးကြည်ဇင်[ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်]**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၆၇ အရလည်းကောင်း၊ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၂ အရလည်းကောင်း၊ (၂၈. ၃. ၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၇ ဖြင့် ဥပဒေပြုရေးကော်မတီကိုလည်းကောင်း၊ (၂၈. ၃. ၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ်၊ ၃/၂၀၁၆ ဖြင့် ကတိကဝတ်အာမခံချက်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီကိုလည်းကောင်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆန္ဒပြုချက်အရ လည်းကောင်း၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦးကွယ်လွန်ခြင်းကြောင့်

လည်းကောင်း၊ ရေးရာကော်မတီ(၂)ခုကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကျွန်တော်ဦးကြည်ဇင်မှ လွှတ်တော်သို့ တင်သွင်းအပ်ပါသည်-

- **ဥပဒေပြုရေးကော်မတီ**

| | | | |
|---|---|---|---|
| - | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| - | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

- **လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ**

| | | | |
|---|---|---|---|
| - | ဦးဆန်းမြင့်(ခ)<br>ဦးစန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| - | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဝင်းနိုင် | ပေါင်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| - | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| - | ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| - | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) | အတွင်းရေးမှူး |

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့အား ပြင်ဆင် ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ တင်ပြချက်အား တိုင်းဒေသကြီး

လွှတ်တော်၏ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ တင်ပြချက်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (သတ္တမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို (၁၄း၄၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) ၂၀၁၇ခုနှစ်၊ ဧပြီလ (၂၇)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# သတ္တမနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
# [ ၂၀၁၇ခုနှစ် ၊ ဧပြီလ ၂၇ ရက် ]
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၄ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၅ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၇.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ ရွှေကျင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစောစိန်ကျော်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် (၂၇-၄-၂၀၁၇) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၉)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၄ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၆)ဦး၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၆)ဦး၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

သို့ဖြစ်၍ ဦးညွန့်ရွှေ၏ လမ်းဦးစီးဌာနမှ ပဲခူးမြို့ရှောင်လမ်းနှင့် မြစ်ကူးတံတားသစ် ဆောက်လုပ်ခြင်း ကိစ္စနှင့်ပတ်သက်သည့် ဆွေးနွေးချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအနေဖြင့် (၂၆. ၄. ၂၀၁၇) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသွားသည်များကို ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ လမ်းဦးစီးဌာနမှ တစ်ဆင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဘတ်ဂျက်ကို ဖြေထားသည့်လမ်းများနှင့် ပတ်သက်၍ ရေရှည်ကိုမျှော်ကိုးပြီး လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားကို မျှော်ကိုးပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှုပြီး ကန့်ကွက်ခဲ့သကဲ့သို့ အစိုးရအဖွဲ့ကလည်း ပြည်သူလူထုအကျိုးစီးပွားကို ရှေ့ရှုပြီး တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု အကျိုးစီးပွားကို အဓိကထားပြီး ကန့်ကွက်ခဲ့ခြင်းဖြစ်ပြီး၊ မိမိအနေဖြင့် ပြောကြားလိုသည်မှာ အများဆန္ဒက အဓိကအရေးကြီးပါကြောင်း ကန့်ကွက်လွှာကို အထွေအထူးပြောကြားလိုခြင်း မရှိပါကြောင်း၊ လွှတ်တော်၏ အဆုံးအဖြတ်နှင့် အများဆန္ဒ သဘောထားကိုဘဲ အဓိကရှေ့ရှုပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေ၏ ပဲခူးမြို့ရှောင်လမ်းနှင့် ပဲခူးမြစ်ကူးတံတားကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးက လွှတ်တော်၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ပါမည်ဟု တင်ပြဆွေးနွေးသွားခြင်း ဖြစ်ပါကြောင်း၊ ဦးညွန့်ရွှေတင်ပြထားသည့် ပဲခူးမြို့ရှောင်လမ်းနှင့် ပဲခူးမြစ်ကူးတံတားသစ် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲထားသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ငွေအပေါ်မှာကန့်ကွက်ခြင်းမဟုတ်ဘဲ မြို့ရှောင်လမ်းနှင့် ပဲခူးမြစ်ကူးတံတားသစ် ဆောက်လုပ်မည့် နေရာအပေါ်မှာသာ ကန့်ကွက်ခြင်းဖြစ်ပါကြောင်း၊ ဒါ့ကြောင့်မိမိတို့က လွှတ်တော်၏အဆုံးအဖြတ်ကို ဆက်လက်ရယူသွားမှာ ဖြစ်ပါကြောင်း၊ လွှတ်တော်က မြို့ရှောင်လမ်းနှင့် မြစ်ကူးတံတားသစ် ဖောက်လုပ်ခြင်း ဆောင်ရွက်ရေးအတွက် မြို့ရှောင်လမ်းနေရာသစ်ရရှိရေးအတွက် သဘောတူ/မတူ သဘောထား ရယူသွားမှာဖြစ်ပါကြောင်း၊ သဘောတူလျှင် မည်သည့်အဖွဲ့အစည်းနှင့် နေရာသစ်တစ်ခုရွေးချယ်မည်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသန္တရ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကော်မတီအဖွဲ့ဝင်၊ ဒေသခံတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ကျွမ်းကျင်ပညာရှင်များနှင့် နေရာကိုရွေးချယ်ပြီးလျှင် ပြည်သူနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်နေရာမှန် ရရှိသွားနိုင်မည်ဖြစ်ကြောင်း၊ ဒါတွေကို နောက်နေ့တွင် ဆက်လက်ပြီး လွှတ်တော်၏ သဘောထားရယူသွားမည် ဖြစ်ကြောင်း ပြောကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်း၏ လမ်းဦးစီးဌာနမှ ပဲခူးအရှေ့ မြို့ရှောင်လမ်း ဖောက်လုပ်ခြင်းနှင့် ပဲခူးမြစ်ကူးတံတားသစ်ဆောက်လုပ်ခြင်း ကိစ္စတို့နှင့် ပတ်သက်သည့် ဆွေးနွေးချက်အပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ မိမိအနေဖြင့် ရှင်းလင်းပြောကြားရန်မှာ ပြည်သူလူထု အကျိုးစီးပွားကို ရှေ့ရှုပြီး လုပ်ဆောင်ကြပါရန်နှင့် ပြည်သူလူထုကို ကိုယ်စားပြုထားသည့် လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားပါသည်။

**ဥက္ကဋ္ဌ။** ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၏ လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောက်လုပ်မည့် ပဲခူး အရှေ့မြို့ရှောင်လမ်း ဖောက်လုပ်ခြင်းကိစ္စနှင့် ပတ်သက်သည့် ဆွေးနွေးချက်အပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ကျောက်ကြီး မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး ဆွေးနွေး ထားသည့် ပဲခူးအရှေ့မြို့ရှောင်လမ်းအား လွှတ်တော်နှင့် ဒေသခံများမှ လေ့လာပြီးတင်ပြသည်ဟု ယူဆပါ၍ လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားပါသည်။

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ဝင်း၏ ထန်းတပင်မြို့ရှောင်လမ်း ဖောက်လုပ်ခြင်း ကိစ္စနှင့် ပတ်သက်သည့် ဆွေးနွေးချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ထန်းတပင် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း ဆွေးနွေးသွားသည့် ထန်းတပင်မြို့ရှောင်လမ်းကိစ္စနှင့် ပတ်သက်၍ ပြီးခဲ့သည့် လွှတ်တော်တွင်လည်း ဖြေကြားထားခဲ့ပြီးဖြစ်ပါကြောင်း၊ လောလောဆယ်မှာ ပြည်သူလူထုအကျိုးစီးပွားအတွက် တိုက်ရိုက်အကျိုးကျေးဇူးနည်းနေသေးလျှင် ပြည်သူ့ဘဏ္ဍာမဆုံးရှုံးရလေအောင် လွှတ်တော်က တင်ပြသကဲ့သို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားပါသည်။

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ဝင်း၏ ထန်းတပင်မြို့ရှောင်လမ်းဖောက်လုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ကို လိုက်နာပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးမှ ဖြေကြားသွားပါ၍ ဒါကိုလည်း လွှတ်တော်ကို တင်ပြပြီး အဆုံးအဖြတ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးဝင်းကို၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည် ဖြစ်သော စိန်ကန့်လန့်- မြို့ချောင်း-ဖဒို-ကျွန်းကုန်းလမ်း ဖောက်လုပ်မည့် ကိစ္စနှင့် ပတ်သက်သည့် ဆွေးနွေးချက်အပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို ဆွေးနွေးခဲ့သည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်းလမ်းသည် ယခုနှစ်ဘတ်ဂျက်တွင် အရေးမကြီးပါက လောလောဆယ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒအရ ထည့်သွင်းဆောင်ရွက်မည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားပါသည်။ တစ်ဆက်တည်း ပြောကြားလိုသည်က ယခင်လုပ်လက်စ တန်းလန်းဖြစ်နေသည့် ကိစ္စဖြစ်ပါကြောင်း ထည့်သွင်းဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကို စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းလမ်း ဖောက်လုပ်မည့် ကိစ္စနှင့် ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါ်လှလှဝင်း၏ လမ်းဦးစီးဌာနမှ အခြေခံလွှာခင်းခြင်း လုပ်ငန်း၊ ကတ္တရာ ရေပိတ်လွှာခင်းခြင်းလုပ်ငန်းများနှင့် ပတ်သက်သည့် ဆွေးနွေးချက် အပေါ် သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။(၂၆. ၄. ၂၀၁၇) ရက်နေ့တွင် ဆွေးနွေးသွားသည့် ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း ဆွေးနွေးသွားသည့် လမ်းနှင့်ပတ်သက်၍ အချို့နေရာများတွင် လိုအပ်သည့်နေရာတွင် အသုံးမပြုကြောင်း၊ မလိုအပ်ဘဲ ပြည်သူလူထုရန်ပုံငွေကို အလကားမဖြစ်စေချင်ပါကြောင်း၊ လောလောဆယ် မလိုအပ်သည့် လုပ်ငန်းဟု မိမိယူဆပါကြောင်း၊ မည်မျှလောက်မလိုအပ်သလဲဆိုလျှင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းဆွေးနွေးသွားသကဲ့သို့ အခြေအနေရှိနေပါ၍ လွှတ်တော်၏ အဆုံးအဖြတ် ခံယူသွားမည် ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း၏ တင်ပြဆွေးနွေးချက်နှင့် ပတ်သက်ပြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး၏ ဖြေကြားချက်မှာ အဆိုပါလုပ်ငန်းများသည် လိုအပ်ခြင်းမရှိဘဲ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပြီး လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားထားခြင်းဖြစ်ပါတယ်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ နံနက်ပိုင်းကို (၁၀း၃၀)နာရီတွင် ခေတ္တ ရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (သတ္တမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

# ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၄)ဦး၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၄)ဦး၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

သို့ဖြစ်၍ ဒေါ်မူမူခင်၏ ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ (မူကြမ်း) အပိုင်း(၂) အခန်း(၁) အပိုဒ် ၃(က) ပဲခူးတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် သယ်ယူ ပို့ဆောင်စရိတ်တို့နှင့် ပတ်သက်သည့် ဆွေးနွေးချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။မနေ့က တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ စည်ပင်သာယာရေးနှင့် ပတ်သက်သည့် တင်ပြချက်မှာ တစ်မြို့နယ်၊ တစ်စိတ်တစ်ဒေသကို သုံးသပ်ပြီး တင်ပြသွားသည့်အနေအထားဖြစ်ပါကြောင်း၊ မိမိတို့က (၂၈)မြို့နယ်ဖြစ်သည့်အတွက် တစ်မြို့နယ်နှင့် တစ်မြို့နယ် သယ်ယူစရိတ်နှင့် ပစ္စည်း၏တန်ဖိုးတို့မှာ ကွာခြား လိမ့်မည်ဖြစ်ကြောင်း၊ သို့အတွက်ကြောင့် (၂၈)မြို့နယ်ကို တစ်မြို့နယ်ချင်း လက်တွေ့ကျသည့် သယ်ယူစရိတ်နှင့် ပစ္စည်းတန်ဖိုးကို ပြန်လည်သုံးသပ်ပြီး ပိုလျှံသည့်ငွေများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအပြည့် ပေါ်ပေါက်လာမည့် စည်ပင်ကော်မတီနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ပပဟန်၏ ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) အပိုင်း(၂) အခန်း(၁) အပိုဒ် ၃(က) ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ သုံးငွေများအပေါ်တွင် သုံးသပ်ဆွေးနွေးခြင်းနှင့် ပတ်သက်သည့် ဆွေးနွေးချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။စိုက်ပျိုးရေး ဦးစီးဌာန၏ အသုံးစရိတ်များနှင့်ပတ်သက်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာငွေရေးဆွဲရေးဥပဒေကြမ်း တင်သွင်းသည့် အချိန်မှာ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပြေပြေလည်လည်ခေါ်ယူမေးမြန်း ဆွေးနွေးပြီး ဖြစ်သည်ဟု မှတ်ယူပါကြောင်း၊ သို့သော်လည်း လုပ်ငန်းသဘောနှင့်ပတ်သက်ပြီး မိမိရှင်းလင်းတင်ပြပေးမည်ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ် (၄၉၀၂. ၃၆၂)သန်း ရေးဆွဲဆောင်ရွက်ခဲ့မှုအပေါ် လစာအနေနှင့် ဝန်ထမ်း (၁၂၉၂)ဦးအတွက် စုစုပေါင်း (၂၆၇၈. ၀၁၆)သန်းဖြစ်၍ (၂. ၆)ဘီလီယံခန့်မှာ လစာဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးရေးနှင့် Field Demonstration တို့ ပြုလုပ်၍ တောင်သူများကို နည်းပညာများပေးပါကြောင်း၊ သက်ဆိုင်ရာဒေသအလိုက် စိုက်နည်း၊ စိုက်ကွက်နှင့် မျိုးများစမ်းသပ်မှု Adaptable ဖြစ်မည့် Graft များ စမ်းသပ်မှုများသည် စိုက်ပျိုးရေးဦးစီးဌာန၏ မူလအလုပ်များ ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်မှုအတွက် (၂၂၂၄. ၃၄၆)သန်း (၂. ၂)ဘီလီယံခန့် တင်ပြတောင်းခံထားခြင်းဖြစ်ပါကြောင်း၊ ခေါင်းစဉ်အလိုက် တင်ပြရမည်ဆိုလျှင် (၁၁၀၂) ပြည်တွင်းခရီးစရိတ် ဟူ၍ တင်ပြတောင်းခံထားပါကြောင်း၊ စိုက်ပျိုးရေးသမားများသည် Demonstration,clock,Result များကို တောင်သူများအား Extension နည်းပညာအရ တောင်သူကို အသိပညာပေးပါကြောင်း၊ Centre များတွင် ပေးတာရှိသကဲ့သို့ ကျေးရွာများသို့ ကွင်းဆင်းပြီး ဆောင်ရွက်တာမျိုးလည်း ရှိပါကြောင်း၊ ၎င်းကိစ္စအတွက် ဝန်ထမ်းများကို ခရီးစရိတ်ပေးရပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်က (၂၁၅. ၉၈၉) သန်းကို ဝန်ထမ်းဦးရေ (၁၀၈၃)ဦးအား ပျှမ်းမျှ(၁)ယောက်ကို (၁၆၆၂၀)နှုန်းဖြင့် ခရီးသွားသည့် ခရီးစဉ်အပေါ် ကာမိစေရန် ပံ့ပိုးပေးခဲ့ပါကြောင်း၊ ယခုနှစ်တွင် ဝန်ထမ်းဦးရေမှာ ယခင်နှစ်က (၁၀၈၃)ဦး ယခုနှစ် (၁၂၉၂)ဦး ဖြစ်လာသည်ဖြစ်သည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (၂၀၄. ၇၁၂)သန်းအပေါ်မှာ ဝန်ထမ်းဦးရေ (၁၂၉၂)ဦးနှင့် ပျမ်းမျှ(၁)ယောက်ကို (၁၄၀၇၅)ကျပ်နှုန်းဖြင့် ရေးဆွဲပြီး ဆောင်ရွက်တင်ပြထားခြင်း ဖြစ်ပါကြောင်း၊ (၀၃၀၁)လုပ်အားခနှင့် (၀၃၁၃)လုပ်ငန်းသုံးနှင့် ပတ်သက်ပြီး ယာယီနေ့စားမှစပြီး ပညာရှင်နေ့စား၊ ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသည့် ဒုလက်ထောက်ဦးစီးမှူးရာထူးနေရာသို့ ကျောထောက်နောက်ခံပြု၍ ခန့်ထားသော နေ့စားနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာအတွက် ယာယီနေ့စားများအား လုပ်ခများပေးချေရာတွင် နေရာစဉ်အနေအထားများမှာ အမြဲတမ်းဝန်ထမ်းများကဲ့သို့ တာဝန်ထမ်းဆောင်မှုကို (၃၆၅)ရက်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး ၎င်းမှာနေ့စားခဖြစ်ပါကြောင်း၊ တစ်နေ့ချင်းအလိုက် ပေးရသည်ဖြစ်ပါကြောင်း၊ အခြားယာယီနေ့စားများကို (၁)နှစ်လျှင် (၃၁၇)ရက်အတွက်သာ ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ စမ်းသပ်ကွက်၊ မျိုးစေ့ထုတ်စိုက်ကွက်များ စိုက်ပျိုးပြသခြင်းနှင့် သက်ဆိုင်သည့် (၁)မြို့နယ်ချင်းအလိုက် ဆောင်ရွက်ပြီးစီးသည့် ဧကလုပ်အားခ လုပ်ငန်းသုံးငွေများကို အကြမ်းဖျင်းတင်ပြရလျှင် စံပြကွက်များအနေနှင့် မိုးစပါး၊ နွေစပါး (၂၈)မြို့နယ်တွင် (၁)မြို့နယ်ဧက(၂၀) ဆောင်ရွက်မည်ဖြစ်ပြီး၊ လုပ်အားခအနေနှင့် (၁၇၀၀၀၀)၊ လုပ်ငန်းသုံးစွဲရန် (၁၃၀၀၀၀)ဆိုပြီး၊ ကုန်ကျစရိတ်(၃၀၀၀၀၀) တင်ပြခဲ့ပါကြောင်း၊ အပြင်မှာ အမှန်တကယ်စိုက်ပျိုးမည်ဆိုလျှင် (၁)ဧကအတွက် ကုန်ကျစရိတ်မှာ (၂၄၀၀၀၀)ဝန်းကျင်ခန့် ကုန်ကျမည် ဖြစ်ပါကြောင်း၊ Demonstration Clock ဖြစ်၍ ကိုယ်လုပ်ရမည့်လုပ်ငန်းအတွက် လုံလုံလောက်လောက်

သုံးစွဲ၍ရအောင် တင်ပြတောင်းခံထားခြင်း ဖြစ်ပါကြောင်း၊ ပိုပါက ပြန်အပ်ရသည်လည်း ရှိပါကြောင်း။ ဆီထွက်သီးနှံ (၂၈)မြို့နယ်အတွက် (၁)မြို့နယ် (၃)ကေနူန်းဖြင့် (၁၅၀၀၀၀)လုပ်ငန်းသုံးအတွက် (၁)သိန်း၊ စုစုပေါင်း(၂)သိန်းခွဲ၊ ပဲမျိုးစုံ (၂၈)မြို့နယ်အတွက် (၁)မြို့နယ် ကေ(၃)ကေနူန်းဖြင့် လုပ်အားခ (၂)သိန်း လုပ်ငန်းသုံး(၁)သိန်းခွဲ စုစုပေါင်း(၃)သိန်းခွဲ၊ အစေ့ထုတ်ပြောင်း (၂၈)မြို့နယ်အတွက် (၁)မြို့နယ် (၁၅)ကေနူန်းဖြင့် လုပ်အားခ(၁)သိန်းခွဲ၊ လုပ်ငန်းသုံး(၁)သိန်း၊ စုစုပေါင်း(၂)သိန်းခွဲ၊ ဟင်းသီး ဟင်းရွက် (၂၈)မြို့နယ် အတွက် (၁)မြို့နယ် (၁၈)ကေနူန်းဖြင့် လုပ်အားခ (၁၇၀၀၀၀)၊ လုပ်ငန်းသုံး (၁၃၀၀၀၀) စုစုပေါင်း (၃)သိန်း၊ ကြံ (၂၈)မြို့နယ်အတွက် (၁)မြို့နယ် (၃၈)ကေနူန်းဖြင့် လုပ်အားခ (၂)သိန်း၊ လုပ်ငန်းသုံး (၂)သိန်း စုစုပေါင်း (၄)သိန်း၊ ဝါအတွက် လုပ်အားခ(၂)သိန်း လုပ်ငန်းသုံး(၂)သိန်း စုစုပေါင်း (၄)သိန်း၊ လျှော်အတွက် (၄၅)ကေ အတွက် လုပ်အားခ (၁၅၀၀၀၀) လုပ်ငန်းသုံး(၁၅၀၀၀၀) စုစုပေါင်း (၃)သိန်း၊ တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ် စိုက်ခင်းအတွက် မိမိတို့အစိုးရလက်ထက်မှစပြီး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး၊ အစိုးရစပြီးဖြစ်သည့်အချိန်တွင် တောင်သူများ၏ မျိုးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံတကာမှ တင်သွင်းနေသည့် မျိုးများသည် အမှန်မှာ Legally မဖြစ်ပါကြောင်း၊ တရားမဝင်မှုသည် တောင်သူများ၏ ဆုတ်ယုတ်မှု များတွင် တကယ်ခံစားနေရသည့် ပြဿနာဖြစ်ပါကြောင်း၊ မြန်မာပြည်မှ စပါးထွက်နှုန်းများ မည်မျှ ကောင်းသော်လည်း နိုင်ငံခြားသို့တင်ပို့သည့်အခါ တရားဝင်မဖြစ်ပါက တရားစွဲခံရပါကြောင်း၊ ၎င်းအချက် များသည် မိမိတို့၏ မြန်မာပြည်သို့ တံခါးမရှိ၊ ဓါးမရှိ ဥပဒေမဲ့စွာ တင်သွင်းနေသည့် မျိုးစေ့များ၊ ပိုးသတ်ဆေးများ၊ ဓါတ်မြေဩဇာများ စသည်ဖြင့် များစွာရှိပါကြောင်း၊ အရေးယူဆောင်ရွက်ခြင်း ရှိသကဲ့သို့ တောင်သူအတွက် မျိုးကောင်းမျိုးသန့်ရရှိရန် တောင်သူများသည် မိမိ၏ သွင်းအားစုမလုံလောက် သည် ဖြစ်သည့်အတွက် စိုက်ဘဏ်များမှ ငွေချေးသကဲ့သို့ ပုဂ္ဂလိကမှလည်း ချေးပါကြောင်း၊ ချေးပြီးတန်ဖိုးရှိစွာ သုံးစွဲရမည့်နေရာမှာ မသုံးစွဲနိုင်ဘဲ အလွယ်တကူဖြစ်သည့် မျိုးများ ဝယ်စိုက်သည်၊ လိုအပ်သည့်ပစ္စည်း ဥပမာ- နှီးကအစဝယ်ပြီးသုံးသည့်အနေအထားမျိုးဖြစ်ပါကြောင်း၊ ယခင်ကတောင်သူများသည် တချို့သောပစ္စည်း များကို မိမိတို့၏လက်မှုပညာဖြင့် အိမ်မှာလုပ်ရုံဖြင့်ရသောပစ္စည်းများကို အားလုံးဝယ်သုံးပါကြောင်း၊ မျိုးကိုဝယ်သုံးသည့် အနေအထားမျိုးဖြစ်လာခဲ့၍ တတ်နိုင်သမျှ သွင်းအားစုကိုလျော့စေရန် တစ်ပိုင်တစ်နိုင် ဆောင်ရွက်ခိုင်းပါကြောင်း၊ လယ်(၁၀)ကေရှိသည့် လယ်သမားသည်(၁၀)ကေအတွက်ကေဝက်ကို မျိုးစိုက်ခင်း ပြုလုပ်ရုံမျှဖြင့် ၎င်း၏(၁၀)ကေအတွက် မျိုးကိုဝယ်ပြီးသုံးစရာမလိုသည့်အပြင် ကိုယ်ထုတ်လုပ်သည့် မျိုးသည် ဝယ်သုံးသည့်မျိုးထက် ပိုပြီးအာမခံချက် ရှိသည့်အပြင် မျိုးကောင်းမျိုးသန့်လည်းရနိုင်ပါကြောင်း၊ နောင်တွင် ကိုယ်ကြိုက်သည့်မျိုးကို ရွေးချယ်ပြီး အကောင်းဆုံးကိုယ့်စိတ်တိုင်းကျ ဆောင်ရွက်နိုင်ပါကြောင်း၊ မိမိတို့ကနည်းပညာမျှပေးပြီး၊ တောင်သူတို့က သွင်းအားစုလျော့သွားစေရန်ဝယ်လျှင် စပါး(၁)အိတ်ကို (၁)သောင်းကျော်ခန့်ပေးရပါကြောင်း၊ ကိုယ်တိုင်စိုက်မည်ဆိုလျှင် သွင်းအားစုများလျော့သွားပြီး တောင်သူ များအတွက် အကျိုးအမြတ်ပိုလာနိုင်သည်ဖြစ်၍ တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်စိုက်ခင်းလေးများအား ဆောင်ရွက်ပါကြောင်း၊ မိုးစပါး(၂၈)ကေအတွက် လုပ်အားခ(၄)သောင်းနှုန်းဖြင့် ထည့်တွက်ပြီး တင်ပြထား ပါကြောင်း၊ ဆီထွက်သီးနှံပဲမျိုးစုံ၊ သုတေသနစိုက်ကွက်၊ မျိုးရှင်သန်ကွက်များကို စိုက်ပျိုးရေးသမားများအတွက် မျိုးများသည် ၎င်းတို့သက်ဆိုင်ရာ စိုက်ပျိုးသည့်ဒေသနှင့် သဟဇာတဖြစ်သည့် မျိုးဖြစ်စေရန် မျိုးရှင်သန်

ကွက်များကို ပြုလုပ်ရပါကြောင်း၊ ၎င်းမျိုးများသည် ဆက်ပြီးစိုက်ပျိုး၍ ရသည့်မျိုး ဟုတ်/မဟုတ်ကို အမြဲ result လုပ်ရပါကြောင်း၊ ယင်းကဲ့သို့ ပြုလုပ်သည့်အခါ တောင်သူများအတွက် မိုးစပါး၊ ပဲမျိုးစုံ ဆီထွက်ဆိုပြီး သီးနှံများဖြစ်သည့် ဆီဖူလုံရေး၊ ဆန်ဖူလုံရေးအတွက် စမ်းသပ်ကွက်များပြုလုပ်ရပါကြောင်း၊ လုပ်အားခမှာ မိုးစပါးအတွက်ဆိုလျှင် (၃)သိန်း၊ လုပ်ငန်းသုံး(၂)သိန်း၊ စုစုပေါင်း(၅)သိန်းဖြစ်ပါကြောင်း၊ သာမန်စိုက်သည့် နေရာတွင် (၃)သိန်းနှုန်းတင်သော်လည်း မိမိတို့က (၅)သိန်းနှုန်းတင်ထားသည်ကို တွေ့ရပါကြောင်း၊ result farm အတွက် ဆောင်ရွက်ရန် မျိုးရှင်သန်ကွက် တင်ပြထားသည်ဖြစ်ပါကြောင်း၊ ပဲမျိုးစုံအတွက် (၂)သိန်း၊ လုပ်ငန်းသုံး(၁)သိန်း၊ စုစုပေါင်း(၃)သိန်း ဖြစ်၍ ဆီထွက်သီးနှံအတွက် (၂)သိန်း+(၁)သိန်း စုစုပေါင်း (၃)သိန်းဖြစ်ပါကြောင်း၊ စိုက်စနစ်စမ်းသပ်ကွက်ဆိုပြီး စိုက်စနစ်များနှင့်ပတ်သက်ပြီး SRI ကို ပြည်ထောင်စု ဝန်ကြီးက Drive လုပ်သည့် နည်းပညာဖြစ်ပါ၍ SRI စိုက်ခြင်း၊ မစိုက်ခြင်းကို မိမိတို့က ကြိုက်သည့်နည်းနှင့် စိုက်ရန်နှင့် စပါးကို နည်းအားလုံးနှင့်စိုက်၍ရပါကြောင်း၊ SRI နှင့် စိုက်မှအထွက်တိုးသည်မဟုတ်ဘဲ အထွက်တိုးသည့်နည်းများစွာရှိပါ၍ နည်းစနစ်များအပေါ် တောင်သူကို စမ်းသပ်ပြပါကြောင်း၊ ငွေလုံးငွေရင်း ၂၀၁၆-၂၀၁၇ မှာ (၄၃၀. ၉၃၆)သန်း၊ ၂၀၁၇-၂၀၁၈မှာ (၉၇၅. ၂၅၀)သန်း၊ သာမန်မှာ ၂၀၁၆-၂၀၁၇ (၄၁၀၆. ၀၉၈)သန်းနှင့် ၂၀၁၇-၂၀၁၈ မှာ (၄၉၀၂. ၃၆၂)သန်း ဟူ၍ ကွာခြားမှုများစွာမရှိပါကြောင်း၊ မျိုးရှင်သန်အကွက်ကလေးများအတွက် စိုက်ရုံသာမဟုတ်ဘဲ မျိုးစေ့များထွက်လာလျှင် မျိုးအဖြစ် အသုံးချနိုင်ရန် ချက်ချင်း Processing plant များနှင့် သန့်စင်ပေးမှ မျိုးစေ့ထွက်လာပါကြောင်း၊ အစိုးရစိုက်ခြံများတွင် Processing plant များရှိပြီး၊ စိုက်ပျိုးရေးဌာနများတွင် မရှိသည့်အတွက် စိုက်ကွက်များဆောင်ရွက်နိုင်ပြီး၊ ၎င်းတို့ကို သန့်စင်မပေးနိုင်လျှင် မျိုးစေ့အဖြစ် ပြောင်း၍မရပါကြောင်း၊ မိမိတို့အစိုးရတက်သည့်အချိန်တွင် တောင်သူအတွက် အကျိုးရှိစေရန်(၁)မြို့နယ်လျှင် Processing plant (၁)ခုနှုန်းဖြင့် (၂၈)ခုဝယ်ပြီး ထောက်ပံ့ပေးရန်အတွက် ဖြစ်ပါ၍ ငွေပိုသွားရခြင်းဖြစ်ပါကြောင်း၊ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနကို ခေါ်ယူပြီး ဆွေးနွေးမည်ဆိုလျှင် ဆွေးနွေးနိုင်ပါကြောင်းတင်ပြ၍ နိဂုံးချုပ်အပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးစည်သူလွင်၏ ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) အပိုင်း(၂) အခန်း(၁) အပိုဒ် ၃(က) ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ဌာန(၁၄)ခုအား ပြည်သူ့ငွေစာရင်းကော်မတီမှ ညှိနှိုင်းဆွေးနွေးချက်များအား သုံးသပ် ဆွေးနွေးခြင်းနှင့် ပတ်သက်သည့် ဆွေးနွေးချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ မနေ့က ဦးစည်သူလွင်၏ ဆွေးနွေးချက်ကို ပြန်လည်ဆွေးနွေးပေးစေ ချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။အသံဖိုင်နှင့်စာရွက်စာတမ်းများအား ပေးပို့ထားပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။အကြမ်းဖျင်းအားဖြင့် မိမိဆွေးနွေးကြည့်လို့ရပါတယ်။ မနေ့က ဆွေးနွေးခဲ့သည့်အကြောင်းအရာမှာ လမ်းဦးစီးဌာန၏ လမ်းလုပ်ငန်း(၄)ခုနှင့် ပတ်သက်ပြီး ဆွေးနွေးထားတာဖြစ်ပါတယ်။ မင်းလှ-စိန်ကန့်လန့်လမ်း သိန်း(၂၈၀၀)ကျော်၊ ထန်းတပင်-တပြေးလမ်း သန်း(၂၃၀၀)ကျော်၊ အရှေ့မြို့ရှောင်လမ်း သန်း(၅၃၄)သန်း၊ ပဲခူးမြစ်ကူးတံတားအတွက် သန်း(၂၈၀၀)ကျော်ဟူ၍ ခေါင်းစဉ်(၄)ခုနှင့် ဆွေးနွေးထားပါကြောင်း၊ နောက်တစ်ချက်က မမျှော်မှန်းနိုင်သည့် ကုန်ကျစရိတ်များနှင့်ပတ်သက်ပြီး (၅%) သတ်မှတ်ထားသည်ကို (၂%)အထိ လျှော့ချသင့်ပါကြောင်းကို လမ်းဦးစီးဌာနနှင့် ဆွေးနွေးထားပါကြောင်း၊ ဌာန(၁၄)ခုနှင့်ပတ်သက်ပြီး ၉-၁-၂၀၁၇ ရက်မှ ၁၀-၁-၂၀၁၇ ရက်ထိ ဌာနဆိုင်ရာ(၁၄)ခုကို ပြည်သူ့ငွေစာရင်းကော်မတီမှ ခေါ်ယူတွေ့ဆုံညှိနှိုင်းလျှော့ချထားသည့် ဇယားအား ဖတ်ကြားတင်ပြထားတာဖြစ်ပါတယ်။ ၎င်းဇယားအပေါ်မှာ လွှတ်တော်၏ အဆုံးအဖြတ်ရယူနိုင်ရန် လွှတ်တော်သို့ တင်ပြဆွေးနွေးခဲ့ခြင်း ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ဦးစည်သူလွင် ဆွေးနွေးသွားသည့် လမ်း(၄)လမ်းက လွှတ်တော်၏ အဆုံးအဖြတ်အတိုင်းဖြစ်ပါတယ်။ (၅%)မှ (၂%) ဖြစ်သည့်ကိစ္စတွင် တချို့ကိစ္စရပ်များ၌ မမျှော်မှန်းနိုင်သည့် အခက်အခဲများမှာ ဆောက်လုပ်ရေးလုပ်ငန်းများတွင် များစွာရှိပါတယ်။ အချို့ကိစ္စများသည် သဘာဝဘေးအန္တရာယ် ခေါင်းစဉ်အောက်တွင် မဟုတ်ပေမယ့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပွားမည့်ကိစ္စများကို ကြိုတင်ပြင်ဆင်ပြီး တင်ပြထားခြင်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်တွင်လည်း သဘာဝဘေးအန္တရာယ် ခေါင်းစဉ်အောက်တွင် သန်း(၉၀၀)ကို လျာထားပြီးတင်ပြထားခဲ့ပါတယ်။ မမျှော်မှန်းနိုင်သည့်ကုန်ကျစရိတ် (၅%) သတ်မှတ်ထားသည်ကို (၂%)အထိ လျှော့ချသင့်သည်မှာ လောက်ငှ၍ပိုလျှံသည်ဆိုလျှင် ၎င်းဘဏ္ဍာရေးနှစ်မှာပင် ပြန်လည်အပ်နှံရန်ဖြစ်သော်လည်း အစဉ်အလာအရ ပိုသည်ဟူ၍ မရှိခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် မမျှော်မှန်းနိုင်သည့်အခက်အခဲများကြောင့် ဖြစ်ပါကြောင်းနှင့် ဆောက်လုပ်ရေး၏ လုပ်ထုံးလုပ်နည်းလည်း ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမျိုးအောင်၏ လမ်းဦးစီးဌာန ဌာနအားလုံး၏ ငွေကြေး ဖောင်းပွမှု၊ ဘတ်ဂျက်ငွေ သုံးစွဲမှုတို့နှင့် ပတ်သက်သည့် ဆွေးနွေးချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ငွေကြေးဖောင်းပွမှုနှင့် ပတ်သက်ပြီး ဈေးနှုန်းများ မတည်မငြိမ်ဖြစ်မှုသည် ဒေသပေါက်ဈေးနှုန်းများစာအုပ်ကို တည်းဖြတ်ပြီး ငွေကြေးဖောင်းပွမှုကြောင့် ဖြစ်ပေါ်လာသည့် ကုန်ဈေးနှုန်းတက်မှုကို ဒေသပေါက်ဈေးနှုန်းကော်မတီမှ (၃)လတစ်ကြိမ် ပြန်၍ တည်းဖြတ်ပါသည်။ (၃)လတစ်ကြိမ်

ကော်မတီမှ အတည်ပြုပြီးမှ ၎င်းဈေးနှုန်းကို ပြန်လည်တည်းဖြတ်အတည်ပြုပြီး ဆောင်ရွက်ပါတယ်။ တစ်ခါတစ်ရံ တစ်ချို့ကိစ္စများမှာ ဆီဈေး၊ သံချောင်းဈေးတို့သည် မတည်မငြိမ်ဖြစ်၍ (၃)လတစ်ကြိမ် ပြန်လည်တည်းဖြတ်ပြီးမှ ကော်မတီနှင့် အတည်ပြုပြီး Cabinet တွင် ပြန်လည်အတည်ပြုချက်ရယူပြီးသည့် ဈေးနှုန်းနှင့် ဆောင်ရွက်ကြခြင်း ဖြစ်ပါကြောင်း၊ ဒေသပေါက်ဈေးနှုန်းစာအုပ်သည် ကျောရိုးသဖွယ်ဖြစ်သော်လည်း တစ်နှစ်လုံးအတွက် မဟုတ်ဘဲ (၃)လတစ်ကြိမ် ဆုံးဖြတ်ပြီးမှ ငွေကြေးဖောင်းပွမှုကို ဖြေရှင်းသည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၏ ၂၀၁၇-၂၀၁၈ခုနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၏ ၂၀၁၇-၂၀၁၈ခုနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ဥပဒေပြုရေးကော်မတီမှ ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ သုံးသပ်သည့်အစီရင်ခံစာနှင့်ပတ်သက်ပြီး ဥပဒေနှင့်ပတ်သက်သည့် ဥပဒေချုပ်အနေနှင့် ရှင်းလင်းလျှင် ပိုပြီးကောင်းမွန်ပါကြောင်း၊ သို့သော်လည်း တာဝန်ရှိသည့် အားလျော်စွာ ဒီနေရာမှာတင်ပြထားသည့် ပဲခူးတိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များအပိုင်းနှင့် ပတ်သက်ပြီး သုံးသပ်ထားသည့်အချက်ကို တင်ပြပါမယ်။ ပဲခူးတိုင်းဒေသကြီးဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ပတ်သက်ပြီး သုံးသပ်သည့်အစီရင်ခံစာမှာ ပုဒ်မ ၁၁ ပုဒ်မခွဲ(က) (ခ) (ဂ) ပါ စာသားများအား ဥပဒေမူကြမ်းပါအတိုင်းထားရှိရန် ဤကော်မတီမှ သဘောတူပါသည်ဟု ပြောထားသည့်အပြင် ပုဒ်မခွဲ(ဃ)အဖြစ် တိုးပြီးသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့သည် ပြောင်းလဲပေးနိုင်သည်ဆိုသည့် စာသားကို သုံးစွဲဖို့ဖြစ်ပါတယ်။ သုံးငွေများကို ပြောင်းလဲသုံးစွဲသည် ဆိုရာ၌ ပြောင်းလဲသုံးစွဲရခြင်း၏အကြောင်းမှာ ပိုငွေကြောင့် သုံးစွဲသည်များရှိပါတယ်။ ပိုလာသည့်အခါ ပိုငွေများကို သုံးစွဲခြင်းဖြစ်သည့်အတွက် ပိုငွေဆိုသည့်ဝေါဟာရကို မြန်မာနိုင်ငံ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း ၂၀၁၇ခုနှစ် ဧပြီလ (၁)ရက်နေ့က ထုတ်ပြန်ထားသည့် စည်းမျဉ်းပါအတိုင်း တင်ပြရမည်ဆိုလျှင် ပိုလျှံရန်ပုံငွေ ဆိုသည်မှာ နှစ်စဉ်ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ခွင့်ပြုထားသော မူလခွင့်ပြုငွေမှဖြစ်စေ၊ ဖြည့်စွက်ခွင့်ပြုငွေမှ ဖြစ်စေ၊ အထွေထွေပိုလျှံရန်ပုံငွေမှ ခွင့်ပြုထားငွေမှဖြစ်စေ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုထားသည့်ငွေမှဖြစ်စေ

မသုံးစွဲဖြစ်၍ ပိုလျှံသည့်ငွေမှ ပြန်လည်အပ်နှံသည့်ရန်ပုံငွေကိုဆိုလိုသည်။ အထွေထွေပိုလျှံငွေဆိုသည်မှာ ဝန်ကြီးဌာနအလိုက် ပိုလျှံရန်ပုံငွေအသီးသီးမှ ကျန်ရှိမည့် အသားတင်ရန်ပုံငွေများ အပ်နှံရေးကို ပြောင်းရွှေ့ထည့်သွင်းနိုင်ရန် ထားရှိသည့် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများအတွက် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် အဖွဲ့အစည်းများအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့မှလည်းကောင်း စီမံအုပ်ချုပ်သည့် ရန်ပုံငွေကိုဆိုလိုသည်ဟု ပိုလျှံငွေနှင့်ပတ်သက်ပြီး အဓိပ္ပါယ်သတ်မှတ်ထားတာရှိပါတယ်။ ယင်းကဲ့သို့ အဓိပ္ပါယ်သတ်မှတ်ထားတာရှိတဲ့အတွက် စည်းမျဉ်းအရ တင်ပြရမည်ဆိုလျှင် လက်ရှိစည်းမျဉ်း၏ ပိုလျှံငွေကို သုံးစွဲသည့်နေရာတွင် ပိုလျှံရန်ပုံငွေများကို ပုဒ်မ ၆၀ (ဃ)တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနက လက်ခံရရှိသည့် ပိုလျှံရန်ပုံငွေများကို ဌာနအဖွဲ့အစည်းအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အထွေထွေ ပိုလျှံရန်ပုံငွေတွင် စာရင်းသွင်းထားသည့်ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့က လိုအပ်လျှင် လိုအပ်သလို ဘဏ္ဍာရေးနှစ် စည်းမျဉ်းလုပ်ထုံး လုပ်နည်းများနှင့်အညီ ထိုရန်ပုံငွေ ပြောင်းရွှေ့သတ်မှတ်ခွင့်ပြုနိုင်သည်။ မြန်မာနိုင်ငံဘဏ္ဍာစီမံခန့်ခွဲရေးဆိုင်ရာ စည်းမျဉ်း ၂၀၁၇ခုနှစ် ဧပြီလ (၁)ရက်နေ့က ထုတ်ပြန်ထားသည့်စာအုပ်ကိုလည်း တင်ပြပါ့မယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၁၇၊ ၁၃၇၈ခုနှစ် တန်ခူးလဆန်း (၅)ရက် ၂၀၁၇ခုနှစ် ဧပြီလ (၁)ရက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်အစိုးရနှင့် စီးပွားရေးအဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ စည်ပင်သာယာရေးကော်မတီများနှင့် ၎င်းအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ရာတွင်လည်းကောင်း တစ်ညီတစ်ညွတ်တည်း လိုက်နာနိုင်ရေးနှင့် ထိရောက်စွာ ကြီးကြပ်ကွပ်ကဲနိုင်ရေးအတွက် ဤဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းကို ထုတ်ပြန်နိုင်ရေး ကြေညာလိုက်သည်ဟုဆိုသည့်အတွက် လောလောဆယ် အခြေအနေမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်းမျဉ်းကို ရထားသည့်အတွက် စည်းမျဉ်းအတိုင်း ဘဏ္ဍာရေးစည်းမျဉ်းဥပဒေကို ထုတ်ပြန်ထားခြင်းဖြစ်ပါတယ်။ သို့သော်လည်း ခြွင်းချက်အနေဖြင့် ဥပဒေကို လိုက်လံရှာဖွေတဲ့အခါ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဥပဒေကြမ်းတင်သွင်းခြင်းတွင် ပုဒ်မ ၁၃၇ (ခ)တွင် နည်းဥပဒေ စည်းမျဉ်း (သို့မဟုတ်)စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိကြောင်း တွေ့ရှိပါက ဆိုလိုသည့်သဘောက မြန်မာနိုင်ငံဘဏ္ဍာရေး စီမံခန့်ခွဲမှု စည်းမျဉ်းဆိုသည်မှာ ဧပြီလ (၁)ရက်နေ့က ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ထားခြင်းဖြစ်ပြီး လွှတ်တော်မှာ အတည်မပြုရသေးသည့် သဘောကို တင်ပြခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၃၇ (ခ)တွင် နည်းဥပဒေ စည်းမျဉ်း (သို့မဟုတ်) စည်းကမ်းတစ်ရပ်ရပ် သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ စည်းမျဉ်း (သို့မဟုတ်) စည်းကမ်းကို ပယ်ဖျက်ရန်၊ ပြင်ဆင်ရန် နည်းဥပဒေစည်းမျဉ်း (သို့မဟုတ်) စည်းကမ်း ဖြန့်ဝေတင်ပြသောနေ့မှရက်ပေါင်း (၉၀)အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်း နိုင်သည်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါပြီးသားဖြစ်ပါတယ်။ ယင်းစည်းမျဉ်းနှင့်ပတ်သက်ပြီး တိုင်းဒေသကြီး လွှတ်တော်၏

ဥပဒေရေးရာကော်မတီက တင်သွင်းသည့် ဥပဒေက မှန်ကန်ပြီး သင့်တော်သော်လည်း လောလောဆယ် အခြေအနေမှာ စည်းမျဉ်းနှင့် လုပ်ဆောင်ရသည်ဖြစ်သည့်အတွက် ယင်းစည်းမျဉ်းကို ဧပြီလ (၁)ရက်နေ့မှစ၍ ထုတ်ပြန်သည့်အတွက် ရပ်ပေါင်း(၉၀)အတွင်း လွှတ်တော်သို့တင်ပြရမည့် စည်းမျဉ်းလည်း ဖြစ်ပါတယ်။ ယင်းစည်းမျဉ်းကို လွှတ်တော်သို့ တင်ပြလာသည့်အခါမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စည်းမျဉ်း အပေါ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့်ပတ်သက်ပြီး သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲနိုင်သည်ဆိုသည့်စာသားကို ထပ်မံထည့်သွင်းမည်ဆိုလျှင် လောလောဆယ် စည်းမျဉ်းနှင့် ကိုက်ညီမှုမရှိသော်လည်း ရေရှည်မှာ ပြည်ထောင်စုလွှတ်တော်မှ ဆုံးဖြတ်မည် ဆိုလျှင် လက်ရှိစည်းမျဉ်းကိုဘဲ အတည်ပြုမည်(သို့မဟုတ်)တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရေးစည်းမျဉ်းကို တခြားလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းပြီး ဒီအတိုင်း ဖြစ်လာမယ်ဆိုလျှင် မိမိတို့ ညှိနှိုင်းပြီး ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ယခုလက်ရှိအခြေအနေမှာ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို တင်သွင်းတဲ့အခါမှာ ပဲခူးတိုင်း ဒေသကြီး၏ ဘဏ္ဍာငွေဥပဒေပြုရေးကော်မတီ၏ ဘဏ္ဍာငွေဆိုင်ရာဥပဒေနှင့် ပတ်သက်ပြီး မည်သို့ဆောင်ရွက် မည်ဆိုသည်ကို မိမိအနေဖြင့် ဆုံးဖြတ်ဖို့မရှိပါဘူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်က ယင်းစာပိုဒ် ထည့်သင့်/မသင့်ကို ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ထိုသို့ ဆုံးဖြတ်သည့်အခါမှာ ထည့်မည်ဆိုလျှင် သည်အတိုင်းသွားပြီး ပြည်ထောင်စုလွှတ်တော်မှ သည်စည်းမျဉ်းအတိုင်း အတည်ပြုလိုက်သည်ဆိုလျှင် တစ်ချို့ကျလျှင် ဒီအဆို ဒီဥပဒေကို ပြန်လည်ပြီး ရုပ်သိမ်းရမည်ဖြစ်ကြောင်း ကြိုတင်ပြီး တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က အခန်း(၃) ပြည်ပအကူအညီများရယူခြင်းအခန်းမှာ ပုဒ်မ(၂)ခုနှင့် ပုဒ်မခွဲ(၂)ခု ပါရှိကြောင်း တွေ့ရှိရပြီး ပုဒ်မ ၆ စကားရပ်မှာ ဥပဒေမူကြမ်းပါအတိုင်း ထားရှိရန် ဤကော်မတီမှသဘောတူပါတယ်။ ထို့အပြင် ပုဒ်မ ၆ ပါ စကားရပ်မှာ ပြည်ပအကူအညီရယူခွင့်ပြုခြင်းကို အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် တင်ပြရမည်ဟု ဖြည့်စွက်သင့်ပါကြောင်း အကြံပြုချက်မှာ ကောင်းပါတယ်။ ပဲခူးတိုင်းတွင် ယခုဆိုလျှင် ပြည်ပအကူအညီမှာ (၂)မျိုးရှိပါကြောင်း၊ သက်ဆိုင်ရာပြည်ပအဖွဲ့အစည်းများမှ ကူညီသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ဝင်ရောက်ကူညီသည်ရှိသလို သီးသန့်ကူညီသည့် အဖွဲ့လည်းရှိပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘတ်ဂျက်ထဲကို ထည့်သွင်းပြီး ဆောင်ရွက်သည့်ကိစ္စမှာ UNDP မှ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပဲခူးတိုင်းမှာစတင်ပြီး လုပ်သည့်ကိစ္စကို ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်သည့်အတိုင်း ထည့်သွင်းရေးဆွဲထားသည့် ကိစ္စမှန်သမျှကို လွှတ်တော်သို့ တင်ပြရမည်ဆိုသည်မှာ သက်ဆိုင်ရာ ညွှန်ကြား စည်းမျဉ်းတွင် ပါရှိပြီးဖြစ်သည့်အတွက် လက်မခံစရာအကြောင်း မရှိပါ၍ ထောက်ခံပါတယ်။ ပုဒ်မခွဲ(က) (ခ) (ဂ) ပုဒ်မ ၁၁ အပုဒ်ခွဲ (က) (ခ) (ဂ) အပြင် အပိုဒ် (ဃ)အဖြစ် သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြား အဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့သည် ပြောင်းလဲသုံးစွဲနိုင်သည်ဆိုသည့်အပိုဒ်ကို တိုင်းဒေသကြီးလွှတ်တော်က အများဆုံးဖြတ်ချက်ဖြင့် ထည့်သွင်းဖို့ဖြစ်ပြီး အကယ်၍ ပြည်ထောင်စုအစိုးရမှ တင်ပြသည့် မြန်မာနိုင်ငံ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ စည်းမျဉ်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်စည်းမျဉ်းအတိုင်း ပြည်ထောင်စုမှ ဆက်လက်ပြီး လွှတ်တော်က အတည်ပြုမည်ဆိုလျှင် ပြန်လည် ရုပ်သိမ်းရမှာဖြစ်ပြီး အတည်မပြုဘဲ

တင်ပြသည့်အတိုင်း ဆက်လက်ပြီး ပြည်ထောင်စုအစိုးရမှ ပြုပြင်ပြောင်းလဲမည်ဆိုလျှင် အလွန်တရာမှ အတည်ပြုသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(သတ္တမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(အဋ္ဌမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို (၁၃း၅၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၇ခုနှစ် ဧပြီလ (၂၈)ရက် (သောကြာနေ့) (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဆဋ္ဌမပုံမှန်အစည်းအဝေး
# အဌမနေ့ မှတ်တမ်း
# ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
# [ ၂၀၁၇ ခုနှစ် ၊ ဧပြီလ ၂၈ ရက် ]
# (သောကြာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဌမနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၄ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၅. ၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ [ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင် [ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစောစိန်ကျော် တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများမရှိပါသဖြင့် (၂၈-၄-၂၀၁၇)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၁၁)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်းကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း လေ ၂၈၅၅ ဗိုလ်မှူးကျော်သူရ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ (၂-၂-၂၀၁၇)ရက်စွဲပါ ကြေညာချက်အမှတ် (၄/၂၀၁၇)အရ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း အစားထိုး ပြောင်းလဲခံရသူ လေ ၂၈၅၅ ဗိုလ်မှူးကျော်သူရအား ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၅(ဂ)နှင့် ၁၅(က)အရ လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးရမည် ဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်အား ယူဆောင်လျက် ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးဖို့ ဖြစ်ပါတယ်။ ကတိသစ္စာပြုချက်ကို ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌမှ ဖတ်ကြားပေးပါမယ်။ ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေစာအုပ်ကို လက်နှစ်ဖက်ဖြင့် စနစ်တကျ ကိုင်တွယ်၍ ကတိသစ္စာပြုရမည် ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူး

ဖိတ်ကြား၍ တက်ရောက် ကြသူများအားလုံး မတ်တပ်ရပ်ပေးကြရန်ဖြစ်ပါတယ်။

(ကတိသစ္စာပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို လက်နှစ်ဖက်ဖြင့် စနစ်တကျကိုင်တွယ်၍ ကတိသစ္စာပြုရမည်ဖြစ်ပါတယ်။ )

## [နည်းဥပဒေ ၅ (ဂ)နှင့် ၁၅ (က)]

"ကျွန်ုပ်-------------------သည် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

(ကတိသစ္စာပြုလွှာပေါ်တွင် တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း လေ ၂၈၅၅ ဗိုလ်မှူးကျော်သူရက လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်သည်။ )

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာအား တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာအား ပဲခူးတိုင်း ဒေသကြီး လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ]**။ ။(၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါမည်။)

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုပေးပါရန် တင်ပြခြင်းနှင့် တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ (၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးက အတည်ပြုပေးရန် တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းအား ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ ကြွရောက်လာကြသည့် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ရှိကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဂါရဝပြုနှုတ်ဆက် အပ်ပါတယ်။ ပြီးခဲ့သည့် လွှတ်တော်ကျင်းပသည့်နေ့ ၂၅. ၄. ၂၀၁၇ရက်နေ့မှာ ပဲခူးတိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေ ဥပဒေမူကြမ်းကို တင်သွင်းပြီး ဖြစ်ပါတယ်။ တင်သွင်းထားသည့် ဥပဒေမူကြမ်းနှင့် ပတ်သက်ပြီး အတည်ပြုပေးရန်လည်း တင်ပြပြီးဖြစ်ပါတယ်။ ထိုကဲ့သို့တင်ပြခဲ့သည့်အပေါ် ယနေ့ငွေစာရင်း ကော်မတီမှ အသေးစိတ်တင်ပြပြီးဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်အားလုံးမှ သိရှိပြီးဖြစ်သည်ဟု ယူဆပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးကိုလည်း ဝေငှပြီး ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၃ အရ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တင်သွင်းကြောင်း လေးစားစွာဖြင့် အစီရင်ခံ အပ်ပါသည်။ ယနေ့တင်သွင်းသည့် ဥပဒေကြမ်းအပေါ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီမှ တင်ပြထားသည့်အတိုင်း ပဲခူးတိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်း တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၃ ပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ(သို့မဟုတ်)နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေရေးဥပဒေအရ တိုင်းဒေသကြီး (သို့) ပြည်နယ်အလိုက် ပြည်ထောင်စုဘဏ္ဍာငွေများအပါအဝင် တိုင်းဒေသကြီး (သို့) ပြည်နယ်ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ငွေစာရင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်လက်မှတ်ရေးထိုး၍ တင်ပြလာသည့်အပေါ် သက်ဆိုင်ရာ

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်က လိုအပ်သလို သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများကို အများဆန္ဒနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ (က)(ခ) (ဂ)တို့အရ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ၏ ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)အား အပိုင်းအလိုက်၊ အခန်းအလိုက်၊ အပိုဒ်တစ်ခုချင်းအလိုက် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)တွင် အပိုင်း(၃)ပိုင်း၊ အခန်း(၆)ခန်းနှင့် အပိုဒ် (၁၂)ခု ပါရှိပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အပိုင်း ၁ အမည်နှင့် စတင် အကျိုးသက်ရောက်သည့်နေ့ရက်ခေါင်းစဉ်တွင် အပိုဒ် ၁ အပိုဒ်ခွဲ (က) (ခ) တို့ပါရှိပါတယ်။ အပိုဒ် ၁ အပိုဒ်ခွဲ(က) ဤဥပဒေကို ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင် စေရမည်။ အပိုဒ်ခွဲ(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် သက်ဆိုင်စေပြီး ၂၀၁၇ခုနှစ် ဧပြီလ (၁)ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည် ဟူသည့် အချက်များ ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုကျွန်တော်ဖတ်ပြသည့် အဆိုပါ အပိုင်း ၁ အပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်များအား လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် အပိုင်း ၁ အပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုင်း ၂ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ ခေါင်းစဉ်ကြီးအောက်တွင် အခန်း (၁) ရငွေများနှင့် သုံးငွေများခေါင်းစဉ်ငယ် အောက်၌ အပိုဒ် ၂၊ အပိုဒ် ၃ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ)ကို လည်းကောင်း၊ အခန်း (၂) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေး အဖွဲ့များနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ ခေါင်းစဉ်ငယ်အောက်၌ အပိုဒ် ၄

အပိုဒ်ခွဲ (က) (ခ) (ဂ)နှင့် အပိုဒ် ၅ ကိုလည်းကောင်း၊ အခန်း (၃) ပြည်ပအကူအညီရယူခြင်း ခေါင်းစဉ်ငယ်အောက်၌ အပိုဒ် ၆၊ အပိုဒ် ၇ အပိုဒ်ခွဲ (က) (ခ)ကိုလည်းကောင်း ဖော်ပြပါရှိပါတယ်။ အဆိုပါ အခန်း(၁) အပိုဒ် ၃ အပိုဒ်ခွဲ (က) အရ စီမံခန့်ခွဲမှုဟုဖော်ပြပါရှိသည့် အောက်ပါ လုပ်ငန်းများသည် ပြည်သူ့အကျိုးသက်ရောက်မှု မရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးမှ ကန့်ကွက်ကြောင်းအဆို တင်သွင်းထားပါတယ်။

သို့ပါ၍ ပထမဦးစွာ **"ပဲခူးအရှေ့ မြို့ရှောင်လမ်းဖောက်လုပ်မည့်ကိစ္စ လျာထားငွေကျပ် (၅၄၃. ၅၀)သန်း"**နှင့် ပတ်သက်ပြီး အများပြည်သူ အကျိုး သက်ရောက်မှု မရှိသည့်အတွက် ကန့်ကွက်ကြောင်း အဆိုကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေ ဒေါက်တာစောညိုဝင်းနှင့် ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး (၃)ဦးတို့မှ တင်သွင်းထားပါ၍ လွှတ်တော်၏ သဘောထားရယူပါမယ်။ ၎င်းတို့(၃)ဦး၏ ကန့်ကွက်ကြောင်း အဆိုကို တိုင်းဒေသကြီးလွှတ်တော်က သဘောတူ/မတူကို မေးမြန်းမှာ ဖြစ်ပါတယ်။ ကန့်ကွက်ထားတဲ့အဆိုဖြစ်ပါတယ်။ ပဲခူးမြို့ အရှေ့မြို့ရှောင်လမ်းလျာထားချက်ငွေကျပ် (၅၄၃. ၅၀)သန်းကို ကန့်ကွက်ထားခြင်းဖြစ်ပါတယ်။ ဒီကန့်ကွက်သည့် အဆိုကို သဘောတူလျှင် ဒီလျာထားသည့် ပဲခူးမြို့ အရှေ့မြို့ရှောင်လမ်းကိစ္စကို ငြင်းပယ်ခြင်း ဖြစ်ပါတယ်။ လျှော့ချပစ်ခြင်းလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် သဘောတူ/မတူ မေးမြန်းခြင်း ဖြစ်ပါတယ်။

ပဲခူးမြို့အရှေ့မြို့ရှောင်လမ်းဖောက်လုပ်မည့်ကိစ္စ လျာထားချက်ငွေကျပ်(၅၄၃. ၅၀)သန်းငွေနှင့် ပတ်သက်၍ အများပြည်သူအကျိုးသက်ရောက်မှုမရှိသည့်အတွက် ကန့်ကွက်ကြောင်းအဆိုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ ဒေါက်တာစောညိုဝင်းနှင့် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး (၃)ဦးတို့မှ တင်သွင်းထားပါ၍ လွှတ်တော်၏ သဘောထားကိုရယူပါမယ်။ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ ကန့်ကွက်ကြောင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

သဘောမတူတဲ့သူရှိလျှင် မဲခွဲပြီးလျှို့ဝှက်မဲပေးစနစ်ဖြင့် အဆုံးအဖြတ်ပေးမည်ဖြစ်၍ သေသေချာချာ ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**ဥက္ကဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့ အတွက် **"ပဲခူးအရှေ့ မြို့ရှောင်လမ်းဖောက်လုပ်မည့်ကိစ္စ လျာထားငွေကျပ် (၅၄၃. ၅၀)သန်း"**နှင့် ပတ်သက်ပြီး အများပြည်သူ အကျိုးသက်ရောက်မှု မရှိသည့်အတွက် ကန့်ကွက်ကြောင်း အဆိုကို တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဌ**။ ။ဆက်လက်ပြီး**"ပဲခူးမြစ်ကူးတံတားတစ်စင်း ထပ်မံဆောက်လုပ်မည့်ကိစ္စ လျာထားငွေကျပ်(၂၈၄၇. ၄၁၉)သန်း"** နှင့် ပတ်သက်၍ အများပြည်သူ အကျိုးသက်ရောက်မှု မရှိသည့်အတွက် ကန့်ကွက်ကြောင်း အဆိုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးညွန့်ရွှေနှင့် ဒေါက်တာစောညိုဝင်းတို့မှ တင်သွင်းထားပါ၍ လွှတ်တော်၏ သဘောထားရယူပါမယ်။ လွှတ်တော်က သဘောတူတယ်ဆိုလျှင် ပဲခူးမြစ်ကူးတံတားတစ်စင်း ထပ်မံဆောက်လုပ်မည့် လုပ်ငန်းကို ငြင်းပယ်သည်ဖြစ်သည်။ သဘောမတူသည့်

ပုဂ္ဂိုလ်ရှိလျှင် မဲခွဲပြီး ဆုံးဖြတ်ပေးဖို့ ဖြစ်ပါတယ်။ ဒ့ါကြောင့် ယခုလွှတ်တော်၏ သဘောထားကို ရယူပါမယ်။ ပဲခူးမြစ်ကူးတံတားတစ်စင်း ထပ်မံဆောက်လုပ်မည့်ကိစ္စ လျာထားငွေကျပ်(၂၈၄၇. ၄၁၉)သန်းနှင့် ပတ်သက်၍ အများပြည်သူအကျိုးသက်ရောက်မှု မရှိသည့်အတွက် ကန့်ကွက်ကြောင်းအဆိုကို တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေနှင့် ဒေါက်တာစောညိုဝင်းတို့မှ တင်သွင်းထားပါ၍ လွှတ်တော်၏ သဘောထားကို ရယူပါမယ်။ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ကန့်ကွက်ကြောင်းအဆိုကို တိုင်းဒေသကြီး လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကိုယ်စားလှယ်အချို့က သဘောမတူပါ။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

[သဘောမတူသူ/သဘောတူသူများရှိကြောင်းဖြေကြားပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့လွှတ်တော်ကိုယ်စားလှယ်များ ရှိသည့်အတွက် ပဲခူးမြစ်ကူးတံတား တစ်စင်း ထပ်မံဆောက်လုပ်မည့် ကိစ္စနှင့်ပတ်သက်၍ လျာထားငွေကျပ်(၂၈၄၇. ၄၁၉)သန်းကို လျှို့ဝှက်မဲ ပေးသည့် စနစ်ဖြင့် မဲခွဲဆုံးဖြတ်သွားမည် ဖြစ်ပါတယ်။

ယနေ့ ၂၈. ၄. ၂၀၁၇ ရက်နေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (အဋ္ဌမနေ့)တွင် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်ရှိရင်း (၇၅)ဦး၊ တက်ရောက်သူ (၆၄)ဦး ဖြစ်ပါတယ်။ လက်ရှိဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ် (၆၄)ဦးမှ မဲခွဲဆုံးဖြတ်မည် ဖြစ်ပါတယ်။ (၆၄)ဦး၏တစ်ဝက် (၃၂)ဦး၏ အထက်ဖြစ်ပါက အဆိုကို သဘောတူကြောင်း၊ (၃၂)ဦး၏ အထက်နှင့်ထောက်ခံပါက ငြင်းပယ်ရန်ဖြစ်ပါတယ်။ သဘောမတူကြောင်း ကန့်ကွက်သူ(၃၂)ဦး၏ အထက် ဖြစ်ပါက ငြင်းပယ်ကြောင်းအဆိုကို မှတ်တမ်းတင်မည်ဖြစ်ပါတယ်။ ယခုအချိန်မှစပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက Sign in ဝင်ကြရမည်ဖြစ်ပါတယ်။ မိမိတို့၏ရှေ့မှာရှိသည့် စကားပြောစက် မိုက်အနီးအနားမှာ Please use IC card စသည်တို့ပေါ်လာလျှင် မိမိတို့ကိုယ်ပိုင် Cardကို ခွက်၏ ညာဘက်အောက်ခြေတွင် Sign in လုပ်ပြီး ခေတ္တစောင့်ဆိုင်းပါ။ ဥက္ကဋ္ဌက vote ပေးလို့ရပါပြီဟု ကြေညာမှသာ vote ပေးရမည်ဖြစ်ပါတယ်။

voting ပေးနည်းစနစ်ကို ပြောကြားပါမယ်။ Please vote စာတမ်းပေါ်လာလျှင် စကား ပြောစက်မှာ နံပါတ် 2,3,4 များမှာ မီးစိမ်းလာပါမယ်။ အဆိုကိုထောက်ခံပါက Yes, No. 2 ခလုတ်ကို နှိပ်ပါ။ ကန့်ကွက်ပါက No.3 ခလုတ်ကိုနှိပ်ပါ။ ကြားနေဆိုလျှင် Absent, No.4 ခလုတ်ကိုနှိပ်ပါ။ Voting မဲပေးသည့်အချိန်မှာ မိုက်များကို အသုံးပြု၍ မရတော့ပါ။ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးသည် (၁)ကြိမ်သာ မဲပေးခွင့်ရှိပါတယ်။ အားလုံးအဆင်သင့်ဖြစ် ပါပြီလားခင်ဗျား။ အားလုံးအဆင်သင့်ဖြစ်ပြီဆိုလျှင် ယခုအချိန်မှစ၍ Vote ပေးလို့ ရပါပြီခင်ဗျား။

လျှို့ဝှက်မဲပေးသည့်စနစ်ဖြင့် မဲခွဲဆုံးဖြတ်ရာတွင် အစည်းအဝေးတက်ရောက်သည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၆၄)ဦးအနက် ထောက်ခံမဲ (၄၆)မဲ၊ ကန့်ကွက်မဲ(၁၆)မဲနှင့် ကြားနေ(၁)မဲ၊ ပျက်ကွက် (၁)မဲ ဖြစ်သည့်အတွက် ကိုယ်စားလှယ် (၃၂)ဦး၏အထက်ဖြစ်သဖြင့် ပဲခူးမြစ်ကူးတံတားတစ်စင်း ထပ်မံ

ဆောက်လုပ်မည့်ကိစ္စ လျာထားငွေကျပ်(၂၈၄၇. ၄၁၉)သန်းနှင့် ပတ်သက်၍ အများပြည်သူ အကျိုးသက်ရောက်မှုမရှိသည့်အတွက် ကန့်ကွက်ကြောင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ထန်းတပင်တပြေးမြို့ရှောင်လမ်း ဖောက်လုပ်မည့်ကိစ္စ လျာထား ငွေကျပ် (၂၃၆၈. ၀၂၄)သန်းနှင့် ပတ်သက်၍ အများပြည်သူ အကျိုးသက်ရောက်မှု မရှိသည့်အတွက် ကန့်ကွက်ကြောင်း အဆိုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းမှ တင်သွင်းထားပါ၍ လွှတ်တော်၏ သဘောထားရယူပါမယ်။ ဦးခင်မောင်ဝင်း၏ ကန့်ကွက်ကြောင်းအဆိုအား တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ထန်းတပင်တပြေးမြို့ရှောင်လမ်း ဖောက်လုပ်မည့် ကိစ္စ လျာထားငွေကျပ် (၂၃၆၈. ၀၂၄)သန်းနှင့် ပတ်သက်၍ ကန့်ကွက်ကြောင်း အဆိုကို တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရွှေကျင်မြို့ လမ်းဦးစီးမှုပြုလုပ်မည့် လမ်းအဆင့်မြှင့် တိုးချဲ့ခြင်း လုပ်ငန်းလျာထားငွေကျပ်(၂၁၈. ၂၃၀)သန်းအား အများပြည်သူ အကျိုးသက်ရောက်မှု မရှိသည့်အတွက် ကန့်ကွက်ကြောင်း အဆိုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းမှ တင်သွင်းထားပါ၍ လွှတ်တော်၏ သဘောထားရယူပါမယ်။ ဒေါ်လှလှဝင်း၏ အဆိုအား တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ရွှေကျင်မြို့ လမ်းဦးစီးမှုပြုလုပ်မည့် လမ်းအဆင့်မြှင့် တိုးချဲ့ခြင်းလုပ်ငန်း လျာထားငွေကျပ်(၂၁၈. ၂၃၀) သန်းအား ကန့်ကွက်ကြောင်း အဆိုကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်း လမ်းအပိုင်း၏ အသုံးစရိတ်ကျပ်သန်း (၂၈၀၉. ၉၁၃)အနက် သာမန်အသုံးစရိတ် ကျပ်သန်း (၄၆၃. ၈၅၁)နှင့် ကျောက်တံခါးမြို့နယ်မှ ဆောင်ရွက်မည့် လုပ်ငန်းတန်ဖိုး ကျပ်သန်း (၄၈၃. ၅၇၃)မှအပ ကျန်တောင်းခံငွေ ကျပ်သန်း(၁၈၆၂. ၄၈၉)သန်းနှင့် စပ်လျဉ်း သည့် လုပ်ငန်းအပိုင်းမှာ အများပြည်သူ အကျိုးသက်ရောက်မှု မရှိသည့်အတွက် ဆောင်ရွက်မှုမပြုရေး လွှတ်တော်၏ သဘောထားရယူရန် အဆိုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုနှင့် ဦးမျိုးအောင်တို့မှ တင်သွင်းထားပါ၍ လွှတ်တော်၏ သဘောထား

ရယူပါမယ်။ ၎င်းတို့(၂)ဦး၏ ကန့်ကွက်ကြောင်း အဆိုအား တိုင်းဒေသကြီးလွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်း လမ်းအပိုင်း၏ အသုံးစရိတ်ကျပ်သန်း (၂၈၀၉. ၉၁၃)အနက် သာမန်အသုံးစရိတ် ကျပ်သန်း (၄၆၃. ၈၅၁)နှင့် ကျောက်တံခါးမြို့နယ်မှ ဆောင်ရွက်မည့် လုပ်ငန်းတန်ဖိုး ကျပ်သန်း (၄၈၃. ၅၇၃)မှအပ ကျန်တောင်းခံငွေ ကျပ်သန်း(၁၈၆၂. ၄၈၉)သန်းနှင့် စပ်လျဉ်း သည့် လုပ်ငန်းအပိုင်းအား ဆောင်ရွက်မှုမပြုရေး အဆိုကို တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ပြည်သူ့ငွေစာရင်းကော်မတီက ဌာနဆိုင်ရာ(၁၄)ခုအား ညှိနှိုင်း လျှော့ချငွေ(၄၉၇. ၀၈၁)သန်းအား အတည်ပြုပေးနိုင်ရေး လွှတ်တော်၏ သဘောထားရယူရန် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးစည်သူလွင်မှ အဆို တင်သွင်းထားပါ၍ လွှတ်တော်၏ သဘောထားရယူပါမယ်။ ဦးစည်သူလွင်၏ အဆိုအား တိုင်းဒေသကြီးလွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီက ဌာနဆိုင်ရာ(၁၄)ခုအား ညှိနှိုင်းလျှော့ချငွေ (၄၉၇. ၀၈၁)သန်းအား အတည်ပြု ပေးနိုင်ရေး လွှတ်တော်၏ သဘောထားရယူရန်အဆိုကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းမှ သုံးစွဲမည့် နေပြည်တော် တွင် ဧည့်ရိပ်သာဆောက်လုပ်ရန် လျာထားငွေ(၆၀၀)သန်းနှင့် ပတ်သက်၍ ကန့်ကွက်သည့်အဆိုကို လွှတ်တော်၏ သဘောထားရယူရန် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးအောင်မှ အဆို တင်သွင်း ထားပါ၍ လွှတ်တော်၏ သဘောထားရယူပါမယ်။ ဦးမျိုးအောင်၏ အဆိုအား တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကိုယ်စားလှယ်အချို့က သဘောမတူပါ။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

[သဘောမတူသူ/သဘောတူသူများရှိကြောင်းဖြေကြားပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူရှိတဲ့အတွက် ဧည့်ရိပ်သာဆောက်လုပ်ခြင်း ကျပ်သန်း(၆၀၀) အဆိုနှင့်ပတ်သက်ပြီး ကန့်ကွက်ကြောင်းအဆိုကို လျှို့ဝှက်ဆန္ဒမဲပေးသည့်စနစ်ဖြင့် မဲပေးကြရမည်ဖြစ်ပါတယ်။ Sign in ဝင်ကြရမည်ဖြစ်ပါတယ်။ စကားပြောစက်မိုက်မှာ Please use IC card ပေါ်လာလျှင် မိမိ၏ IC Cardကို ဆွဲယူပြီး ညာဘက်အောက်ခြေတွင် Sign in ဝင်ပါ။ ခေတ္တစောင့်ဆိုင်းပါ။ ဥက္ကဋ္ဌမှ vote ပေးလို့ရပါပြီဟု ကြေညာမှသာ vote ပေးပါ။ Please vote ပေါ်လာလျှင် စကားပြောစက်တွင် နံပါတ် 2,3,4 များ မီးစိမ်းလာပါမယ်။ အဆိုကိုထောက်ခံလျှင် Yes, No2 ခလုတ်ကို နှိပ်ပါ။ ကန့်ကွက်လျှင် No.3 ခလုတ်ကိုနှိပ်ပါ။ ကြားနေဆိုလျှင် Absent, No.4 ခလုတ်ကိုနှိပ်ပါ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား Sign in ဝင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေပြည်တော်တွင် ဧည့်ရိပ်သာဆောက်ရန် ကျပ်သန်း(၆၀၀)နှင့်ပတ်သက်၍ ကန့်ကွက်သည့်အဆိုကို ထောက်ခံမဲ(၃၈)မဲ၊ ကန့်ကွက်မဲ(၂၄)မဲ၊ ကြားနေ(၁)မဲ၊ ပျက်ကွက်မဲ(၁)မဲ စုစုပေါင်း (၆၄)မဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် တက်ရောက်တဲ့ဦးရေ၏ ထက်ဝက်အဆင့်ရှိတဲ့ ဦးရေထက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းမှ သုံးစွဲမည့် နေပြည်တော်တွင် ဧည့်ရိပ်သာဆောက်လုပ်ရန် လျာထားငွေ(၆၀၀)သန်းနှင့် ပတ်သက်၍ ကန့်ကွက်သည့် အဆိုကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေ(မူကြမ်း)အား အပိုင်းအလိုက် အခန်းအလိုက် အပိုဒ်တစ်ခုချင်းအလိုက် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာတွင် အပိုင်း ၂ အခန်း(၁) အပိုဒ် ၃ အပိုဒ်ခွဲ(က) စီမံခန့်ခွဲမှုအပိုင်းတွင်ကျန်ရှိသော ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံ စာတွင် ထည့်သွင်းဖော်ပြခဲ့သည့် ဌာန(၁၇)ခု၏ ငွေလုံးငွေရင်း တောင်းခံ ငွေများမှ ပိုမိုတွက်ချက်တောင်းခံငွေ (၁၁၅၈. ၅၀၇)သန်းအား လျှော့ချရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ကို ရယူပါမယ်။ ဌာန (၁၇)ခု၏ ငွေလုံး ငွေရင်းတောင်းခံငွေများမှ ပိုမိုတွက်ချက်တောင်းခံငွေ (၁၁၅၈. ၅၀၇) သန်းအား လျှော့ချရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြခဲ့သည့် ဌာန(၁၇)ခု၏ ငွေလုံးငွေရင်း တောင်းခံငွေများမှ ပိုမိုတွက်ချက်တောင်းခံငွေ (၁၁၅၈. ၅၀၇)သန်းအား လျှော့ချရေးအဆိုကို တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီး ဌာန၏ တိုင်းဒေသကြီး ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း(၄၆၈၄၁. ၁၂၇)သန်းမှာ ပဲခူးတိုင်း ဒေသကြီး တစ်ခုလုံးသုံးစွဲမည့် ငွေလုံးငွေရင်း (၈၉၈၁၈. ၂၁၀)သန်း၏ (၅၂. ၁၅%)ရှိ၍ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးမှ လမ်းဦးစီးဌာန၏ တောင်းခံမှုများပြားခြင်းအပေါ် (၁၀%) လျှော့ချသင့်ပါကြောင်း ဆွေးနွေးချက်အား တိုင်းဒေသကြီးလွှတ်တော်၏ သဘောထား ရယူပါမယ်။ လမ်းဦးစီးဌာန၏ (၄၆၈၄၁. ၁၂၇)သန်းမှ (၁၀%) လျှော့ချသည့်အပေါ် လွှတ်တော်ကိုယ်စားလှယ်များကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် လမ်းဦးစီးဌာန၏ (၄၆၈၄၁. ၁၂၇)သန်းမှ (၁၀%) လျှော့ချခြင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အပိုင်း ၂ အခန်း(၃) ပုဒ်မ ၆ ပါ စကားရပ်များ၏ နောက်တွင် **"ထိုသို့ပြည်ပအကူအညီ ရယူခွင့်ပြုခြင်းကို အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် တင်ပြရမည်"** ဟု ဖြည့်စွက်သင့်ပါကြောင်း တိုင်းဒေသကြီး လွှတ်တော် ဥပဒေပြုရေးကော်မတီ၏ အကြံပြုတင်ပြချက်အား လွှတ်တော်၏ သဘောထားရယူပါမယ်။ ဥပဒေပြုရေးကော်မတီ၏ အကြံပြုတင်ပြချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် အပိုင်း ၂ အခန်း (၁)၊ (၂)၊ (၃) အပိုဒ် ၂ မှ အပိုဒ် ၇ ပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုင်း ၃ တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ခေါင်းစဉ်ကြီးအောက်တွင် အခန်း(၁) ရငွေများနှင့် သုံးငွေများခေါင်းစဉ်ငယ်အောက်၌ အပိုဒ် ၈ အပိုဒ်ခွဲ (က) (ခ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀ အပိုဒ်ခွဲ (က) (ခ) (ဂ)ကို လည်းကောင်း၊ အခန်း(၂) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ ခေါင်းစဉ်ငယ်အောက်၌ အပိုဒ် ၁၁ အပိုဒ်ခွဲ (က) (ခ) (ဂ)ကိုလည်းကောင်း၊ အခန်း(၃) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များခေါင်းစဉ်ငယ်အောက်၌ အပိုဒ် ၁၂ အပိုဒ်ခွဲ (က) (ခ)တို့ကို လည်းကောင်း

ဖော်ပြပါရှိပါတယ်။ အဆိုပါအပိုင်း ၃ အခန်း(၂) ပုဒ်မ ၁၁ တွင် ပုဒ်မခွဲ (ဃ)အဖြစ် **" သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများ ပြောင်းလဲခြင်းကို ကိစ္စ တစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည် "** ဟု လည်းကောင်း၊ အခန်း(၃) ပုဒ်မ ၁၂ တွင် ပုဒ်မခွဲ (ဂ) အဖြစ် **" သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည် "** ဟုလည်းကောင်းထပ်မံဖြည့်စွက်သင့်ပါကြောင်း တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီ၏ အကြံပြုတင်ပြချက်အား တိုင်းဒေသကြီးလွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူထောက်ခံတဲ့အတွက် အပိုင်း ၃ အခန်း (၁)၊ (၂)၊ (၃) အပိုဒ် ၈ မှ အပိုဒ် ၁၂ ပါ ပြဋ္ဌာန်းချက် များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ အရ အပိုင်းအလိုက်၊ အခန်းအလိုက်နှင့် အပိုဒ် ၁ မှ အပိုဒ် ၁၂ ပါ ပြဋ္ဌာန်းချက်များအား လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) အစိတ်အပိုင်းအားလုံးပါ လွှတ်တော်မှ အတည်ပြုချက် ရယူပြီးဖြစ်သော ပဲခူးအရှေ့ မြို့ရှောင်လမ်းဖောက်လုပ်မည့်ကိစ္စ လျာထားငွေကျပ်(၅၄၃. ၅၀)သန်း၊ ပဲခူးမြစ်ကူး တံတားတစ်စင်းထပ်မံဆောက်လုပ်မည့်ကိစ္စ လျာထားငွေကျပ်(၂၈၄၇. ၄၁၉)သန်း၊ ထန်းတပင်တပြေး မြို့ရှောင်လမ်း ဖောက်လုပ်မည့်ကိစ္စလျာထားငွေကျပ်(၂၃၆၈. ၀၂၄) သန်း၊ ရွှေကျင်မြို့ လမ်းဦးစီးမှုပြုလုပ်မည့် လမ်းအဆင့်မြှင့်တိုးချဲ့ခြင်းလုပ်ငန်း လျာထားငွေကျပ် (၂၁၈. ၂၃၀)သန်း၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်း လမ်းအပိုင်း၏အသုံးစရိတ်ကျပ်သန်း(၂၈၀၉. ၉၁၃)အနက် သာမန်အသုံးစရိတ်ကျပ်သန်း (၄၆၃. ၈၅၁)နှင့် ကျောက်တံခါးမြို့နယ်မှ ဆောင်ရွက်မည့် လုပ်ငန်းတန်ဖိုးကျပ်သန်း(၄၈၃. ၅၇၃)မှအပ ကျန်တောင်းခံငွေ ကျပ်သန်း(၁၈၆၂. ၄၈၉)သန်း၊ ပြည်သူ့ငွေစာရင်းကော်မတီက ဌာန(၁၄)ခုအား ညှိနှိုင်း လျှော့ချငွေ (၄၉၇. ၀၈၁)သန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းမှသုံးစွဲမည့် နေပြည်တော်တွင်

ဧည့်ရိပ်သာဆောက်လုပ်ရန် လျာထားငွေကျပ်(၆၀၀) သန်း၊ ဌာန(၁၇)ခု၏ ငွေလုံးငွေရင်းတောင်းခံငွေများမှ ပိုမိုတွက်ချက်တောင်းခံငွေ (၁၁၅၈. ၅၀၇)သန်းနှင့် လမ်းဦးစီးဌာန၏ (၄၆၈၄၁. ၁၂၇)သန်းမှ (၁၀%) လျှော့ချခြင်းတို့ကို ကန့်ကွက်ကြောင်း၊ အတည်ပြုကြေညာပြီးဖြစ်သည့်အတွက် ကျန်အစိတ်အပိုင်းများအားလုံးကို လွှတ်တော်၏ သဘောထားရယူပါမယ်။ ယင်းဥပဒေ (မူကြမ်း) ကျန်အစိတ်အပိုင်းအားလုံးကို အတည်ပြုရန် တိုင်းဒေသကြီး လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူထောက်ခံတဲ့အတွက် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေ(မူကြမ်း) အပိုဒ် ၁ မှ အပိုဒ် ၁၂ အထိ အစိတ်အပိုင်းအားလုံးတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များမှ မဲခွဲဆုံးဖြတ် အတည်ပြု ထားသည့် ရလဒ်များအတိုင်း ကျန်ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုကြောင်း ကြေညာပါတယ်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဌမပုံမှန်အစည်းအဝေး အဌမနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်းနှင့် ဆဌမပုံမှန်အစည်းအဝေး အဌမနေ့ နံနက်ပိုင်းကို (၁၁း၄၅)နာရီတွင် ခေတ္တ ရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဌမပုံမှန်အစည်းအဝေး (အဌမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (အဋ္ဌမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံတင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်-

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏ မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ အစီရင်ခံ စာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၉)ခု၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ယနေ့တင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း၊
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့် ကြားနာခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်မှုတို့အား မှတ်တမ်းတင်နိုင်ရန်အတွက် ထောက်ခံဆွေးနွေးတင်ပြဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အောက်ပါဆောင်ရွက်ချက်များအား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်-

(၂၀-၃-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)တွင် တင်ပြခဲ့သည့်-

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏မိန့်ခွန်း။
- ပဲခူးတိုင်းဒေသကြီး၏လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာ။

(၂၁-၃-၂၀၁၇) ရက်ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင် သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်း အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာ။

(၂၂-၃-၂၀၁၇)ရက်ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (တတိယနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာ။

(၂၃-၃-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လေ့လာ စိစစ်ရေးကော်မတီ အစီရင်ခံစာ။

(၂၈-၄-၂၀၁၇)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

(အဌမနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီက ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပဲခူးတိုင်း ဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်သည့် သုံးသပ်ချက်အစီရင်ခံစာ။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့်-

- (၂၆-၁၂-၂၀၁၆)ရက်နေ့တွင် စီမံကိန်းမန်နေဂျာ ဒေါ်လွမ်ရာ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။
- (၁၆-၁-၂၀၁၇)ရက်မှ (၂၀-၁-၂၀၁၇)ရက်ထိ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ကျေးရွာမီးလင်းရေးကိစ္စနှင့် ပတ်သက်၍ ကြားနာခြင်း။
- (၁၇-၁-၂၀၁၇)ရက်တွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီမှ ပဲခူးမြို့နယ်ရှိ စက်ရုံအလုပ်သမားများ၊ စက်ရုံပိုင်ရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလုပ်သမားရေးရာကိစ္စနှင့် ပတ်သက်၍ ကြားနာခြင်း။
- (၁၈-၁-၂၀၁၄)ရက်တွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီမှ အုတ်ဖိုမြို့နယ် အထက်တန်းကျောင်း သံလွင်ဆောင်ဆောက်လုပ်ရေးကိစ္စ နှင့် ပတ်သက်၍ ကြားနာခြင်း။
- (၂၄-၁-၂၀၁၇)ရက်မှ (၂၆-၁-၂၀၁၇)ရက်ထိ UNDP မှ အစီအစဉ်ကျွမ်းကျင် ပညာရှင် ဖိလစ်အန်နာဝစ် ဦးဆောင်သည့်အဖွဲ့မှ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များက စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲ။
- (၃၁-၁-၂၀၁၇)ရက်တွင် Landesa အဖွဲ့ခေါင်းဆောင် ဦးသန်းဋ္ဌေး ဦးဆောင်သည့် အဖွဲ့မှ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများရရှိအောင် ဆောင်ရွက်နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ။
- (၁-၂-၂၀၁၇)ရက်တွင် Triangle အမျိုးသမီးအဖွဲ့ ဒါရိုက်တာဒေါ်ခင်လေး ဦးဆောင်သည့် အဖွဲ့မှ ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ အလုပ်ရုံ ဆွေးနွေးပွဲ။
- (၁၅-၂-၂၀၁၇)ရက်မှ (၁၇-၂-၂၀၁၇)ရက်ထိ ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ပါဝင်သည့် ပူးပေါင်းကော်မတီမှ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ အခန်း(၃)အတွက် လိုအပ်သည့် နည်းဥပဒေနှင့် ပတ်သက်၍ ကြိုတင်ဆွေးနွေးမှုပြုလုပ်ခြင်း။
- (၁၆-၂-၂၀၁၇)ရက်တွင် ညွှန်ကြားရေးမှူး ဦးစောဝင်းမြင့် ဦးဆောင်သည့်အဖွဲ့မှ Forest Law Entorcement Governance and Trade, Voluntary Partnership Agreement (FIEGTVPA) ဆိုင်ရာ လုပ်ငန်းစဉ်များ အလုပ်ရုံဆွေးနွေးပွဲ။

- (၂၀-၂-၂၀၁၇)ရက်တွင် အကြီးတန်းသုတေသနအရာရှိ ဦးဇော်မင်းဦး ဦးဆောင်သည့် အဖွဲ့မှ ပညာအလင်းပွင့်မြန်မာသုတေသန ဖောင်ဒေးရှင်းတွေ့ဆုံပွဲ ကျင်းပပြုလုပ်ခြင်း။
- (၂၁-၂-၂၀၁၇)ရက်တွင် Program Liaison office ဦးကျော်ကျော်ဦး ဦးဆောင်သည့် နော်ဝေ ပြည်သူများထောက်ပံ့ရေးအဖွဲ့နှင့် တွေ့ဆုံကျင်းပပြုလုပ်ခြင်း။
- (၂၁-၂-၂၀၁၇)ရက်တွင် အကြီးတန်းသုနေသနအရာရှိ ဦးဇော်မင်းဦး ဦးဆောင်သည့် အဖွဲ့မှ ရေးရာကော်မတီဥက္ကဋ္ဌ အကြံပေးအဖွဲ့များနှင့် တွေ့ဆုံပွဲကျင်းပပြုလုပ်ခြင်း။
- (၂၂-၂-၂၀၁၇)ရက်မှ (၂၃-၂-၂၀၁၇)ရက်ထိ ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ပါဝင်သည့် ပူးပေါင်းကော်မတီမှ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ အခန်း(၃)အတွက် လိုအပ်သည့် နည်းဥပဒေအတွက် ကြိုတင်ဆွေးနွေးခြင်း။
- (၂၄-၂-၂၀၁၇)ရက်တွင် Programme Manager Mrs, Melissan Anderssan ဦးဆောင်သည့်အဖွဲ့မှ လူသားချင်းစာနာထောက်ထားသော မိုင်းရှင်းလင်းရေးလုပ်ငန်း အစီအစဉ်များအကြောင်းနှင့် ၂၀၁၇ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ ဆွေးနွေးခြင်း၊ သရုပ်ပြခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။
- (၆-၃-၂၀၁၇)ရက်တွင် အကြီးတန်းသုတေသနအရာရှိ ဦးဇော်မင်းဦး ဦးဆောင်သည့် အဖွဲ့မှ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံပွဲပြုလုပ်ခြင်း။
- (၁၃-၃-၂၀၁၇)ရက်တွင် The World Bank မှ Senior Public Sector Specialist Mr Zubair K-Bhatti ဦးဆောင်သောအဖွဲ့မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား Data များ စုဆောင်းရာတွင် လွယ်ကူစေရန်အတွက် သင်တန်းပို့ချရန် တွေ့ဆုံပွဲကျင်းပခြင်း။
- (၁၇-၃-၂၀၁၇)ရက်တွင် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် မပါရှိသဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အတွက် လွှတ်တော်တွင် ဖြေဆိုထားသော ကတိကဝတ်များ ပယ်ဖျက်ပေးရန် ကိစ္စနှင့် ပတ်သက်၍ ကြားနာခြင်းတို့အား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၏ တင်ပြချက်အပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါသည်။

## တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး၊ ဒုတိယအကြိမ်ပုံမှန်အစည်းအဝေး၊ တတိယအကြိမ်ပုံမှန် အစည်းအဝေး၊ စတုတ္ထအကြိမ်ပုံမှန်အစည်းအဝေး၊ ပဉ္စမအကြိမ်ပုံမှန်အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးများအပြင် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)နှင့် (၂/၂၀၁၆)တို့ကို နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ဦးထိပ်ထားလျက် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မြို့နယ်များကို ကိုယ်စားပြုပြီးသော် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးကို ကိုယ်စားပြုပြီးသော်လည်းကောင်း၊ ပြည်သူများ၏လူမှု ဘဝဖွံ့ဖြိုး တိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေပြုရေး စသည့် ကဏ္ဍပေါင်းစုံအတွက် ဥပဒေပြုရေးမဏ္ဍိုင်မှ အုပ်ချုပ်ရေးတရားစီရင်ရေးမဏ္ဍိုင် များကို ဥပဒေပြုရေးတာဝန်၊ အပြန်အလှန်ထိန်းကျောင်းရေးတာဝန်၊ ပြည်သူများအား ကိုယ်စားပြုရေး တာဝန်များအရ မေးခွန်းများ အဆိုများတင်သွင်းနိုင်ခဲ့ကြသည့်အပြင် လိုအပ်သော ဥပဒေများကိုလည်း ပြုစုပြဋ္ဌာန်းပေးနိုင်ခဲ့ပါသည်။ ဒါဟာလွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကကျသည့်တာဝန်များကို ထမ်းဆောင်လျက်ရှိခြင်း ဖြစ်ပါသည်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးများတွင် ပဉ္စမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြမေးခွန်း(၃၈၅)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၃၄၃)ခု၊ အဆို(၉)ခု၊ အားလုံး စုစုပေါင်း(၇၃၇) မေးမြန်း တင်သွင်းနိုင်ခဲ့ပြီး ယခုဆဋ္ဌမအကြိမ်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်း(၈၄)ခု၊ ကြယ်ပွင့်မပြ မေးခွန်း(၈၇)နှင့် အဆို(၂)ခု စုစုပေါင်း(၁၇၃)ခု ဖြစ်သည့်အတွက် ယခုအစည်းအဝေး ကျင်းပပြီးဆုံးသည့် အချိန်အထိ ကြယ်ပွင့်ပြမေးခွန်း(၄၆၉)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၄၃၀)ခုနှင့် အဆို(၁၁)ခု၊ အားလုံးစုစုပေါင်း (၉၁၀)ခုဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ၊ ၂၅၁အရ **"တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့်မူဝါဒများနှင့် သော်လည်းကောင်း ၊ ပြည်ထောင်စု ဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်"**ဟု အတိအလင်းပြဋ္ဌာန်းထားသဖြင့် မည်သည့်စီမံကိန်းမဆို တိုင်းဒေသကြီး လွှတ်တော်သို့ကြိုတင် တင်ပြသဘောတူညီချက်ယူဆောင်ရွက်ရန် ဖြစ်ပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၊ ၂၅၂အရလည်း **“တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် အစိုးရသည် ဖွဲ့စည်းပုံပါအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းအပေါ် အခြေပြုလျက် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ ပြဋ္ဌာန်းပေးနိုင်ရေးအတွက်၊ သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟုပြဋ္ဌာန်းထားသဖြင့် တိုင်းဒေသကြီးလွှတ်တော်အနေဖြင့် တိုင်းဒေသကြီးစီမံကိန်းများ ဘဏ္ဍာငွေအရအသုံးဆိုင်ရာငွေစာရင်းများကို စနစ်တကျစိစစ်အတည်ပြု ပြဋ္ဌာန်းပေးရန်”** တာဝန်မှာလည်း အဓိကအရေးကြီးသည့်တာဝန်ဖြစ်ပါကြောင်း အသိပေး ပြောကြား အပ်ပါတယ်။

အထူးတင်ပြလိုသည်မှာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၈(က)အရ **“သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်က အခါအားလျော်စွာချမှတ်သည့် အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့် မိမိ၏အရေးယူဆောင်ရွက်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်”**ဟု လည်းကောင်း ၊ ပုဒ်မ ၂၅၈(ခ)အရ **“မိမိနယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့်အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်”**ဟုလည်းကောင်း၊ ပြဋ္ဌာန်းထားပါသဖြင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် လွှတ်တော်မှအတည်ပြုချမှတ်ပြီးဖြစ်သော အဆိုများ၊ ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး အဆိုပါအရေးယူဆောင်ရွက်ချက် တိုးတက်မှုများကို တိုင်းဒေသကြီးလွှတ်တော်သို့ ပြန်လည်အစီရင်ခံခြင်း၊ မိမိတိုင်းဒေသကြီး နယ်မြေဒေသ အခြေအနေ အရပ်ရပ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကိုလည်း ပြည်ထောင်စု အစိုးရနှင့်အတူ တိုင်းဒေသကြီးလွှတ်တော် သို့လည်း တင်ပြရမည်ဖြစ်ကြောင်း အသိပေးပြောကြားအပ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သက်တမ်း(၁)နှစ်တာအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်သူများမျှော်လင့်တောင်းတသည့် အပြောင်းအလဲများအတွက် သိသာ ထင်ရှားသည့် အပြောင်းအလဲများ ဖြစ်ထွန်းပေါ်ပေါက်လာသကဲ့သို့ မသိသာထင်ရှားသည့် အခြေအနေ ကောင်းများလည်းရှိနေပြီး စိန်ခေါ်မှုများလည်းရှိနေခြင်းသည် ပကတိအခြေအနေပင် ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတာဝန်များကို အပြန်အလှန် ထိန်းကျောင်းရင်း ပြည်သူများအပေါ် မေတ္တာစေတနာထားပြီး ဟန်ချက်ညီညီကြိုးပမ်း ဆောင်ရွက်ရန် အထူးလိုအပ်သဖြင့် တိုင်းဒေသကြီးကိုယ်စားလှယ်များအနေဖြင့် မိမိတို့မြို့နယ်ဒေသ အသီးသီးရှိ မဲဆန္ဒရှင် မိဘပြည်သူများနှင့် အမြဲမပြတ်သွားရောက်တွေ့ဆုံကြပါ။ ဒေသဖွံ့ဖြိုးရေး အတွက်ပြည်သူများ၏ အသံများကို နားထောင်ပါ။ ပြည်သူများ၏ဆန္ဒမျှော်လင့်ချက်များကို အကောင်အထည်ဖော်နိုင်အောင် စွမ်းအားရှိသမျှ အားထုတ်ပါ။ နိုင်ငံရေးအမျှော်အမြင်နှင့် တရားဥပဒေစိုးမိုးရေး ၊ လုံခြုံရေးသတိရှိစွာဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် ဆက်လက်ကြိုးစားကြပါလို့မှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို (၁၃း၃၅)နာရီတွင် အောင်မြင်စွာပြီးစီးကြောင်း ကြေညာအပ်ပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။